ဗုဒ္ဓသာသနာပြု

ဂမ္ဘဝေပုလ္လ အသျှင်ဥက္ကံသ

ရေးသားပြုစုသည့်

# ဗုဒ္ဓဝါဒ

## အာဂါရလမ်းစဉ်

ပညာစခမ်း ဝိပဿနာကျမ်း



ရန်ကုန်မြို့
ကြည့်မြင်တိုင်- သာဓုကျောင်းတိုက်မှ
ဗုဒ္ဓသာသနာပြု ဓမ္မကထိက
ဓမ္မဝေပုလ္လ အသျှင်-ဥက္ကံသ
ရေးသားပြုစုသည်

# ဗုဒ္ဓဝါဒ
# အာဂါရ လမ်းစဉ်
## ပညာစခမ်း ဝိပဿနာကျမ်း

၁၃၆၀
(ဇန်နဝါရီလ)

စာဝန်ခံထုတ်ဝေသူ— အသျှင်ဥက္ကံသ၊
တိုက်ခံကျောင်း - သာစုကျောင်းတိုက်
ကြည့်မြင်တိုင်— နတ်စဉ်လမ်း
ရန်ကုန်မြို့။

ကင်းလွတ်ခွင့် အမှတ် (၀၆၂၅)
ဘာသာရေးဆိုင်ရာ စာမူပုံနှိပ်
ထုတ်ဝေခွင့်ပြုလက်မှတ် (၂၀၀၀)

ပုံနှိပ်ရာဌာန— ဒေါ်ညိုညို (၀၉၇၄)မြ
ထွန်းအေးရောင်စုံတိုက်
အမှတ်(၂၁)၁၀၉ လမ်း မင်္ဂလာတောင်ညွန့်၊
ရန်ကုန်မြို့။ (ဖုံး- ၁၀၈၁၀)

---

တတိယကဏ္ဍ- စာမျက်နှာကို
နောက်ပိုင်းများ သီးခြား ဖွင့်ထားပါသည်။
အကြောင်း အမျိုးမျိုးကြောင့် အနည်းငယ်သော
သတ်ပုံအလွဲအမှားတို့ကို ပြင်ဆင် ဖတ်ရှုပါရန်
မေတ္တာရပ်ခံပါသည်။

အတ္တာဟိအတ္တနော နာထော၊ ကောဟိနာထော ပရောသိယာ
အို ..... လူသား........
သင့်မှာ ..............
မပြုလျှင် မပြီး တာဝန်ကြီး နှစ်ရပ် ရှိပေသည်၊
ထိုတာဝန်ကြီး များကား....
(၁) ဗုဒ္ဓဝါဒ၏ လမ်းဆုံးသို့ ရောက်အောင် ယထာဘူတဉာဏ်နှင့် အမှန်သိထားမှု ပင်တည်း။
(၂) ၎င်းအမှန်တရားကို မမေ့လျော့သော သတိနှင့်အရှိထားကာ ပဋိပတ္တိဉာဏ် ဆိုက်အောင်ပွားများ ဆင်ခြင်ဝတ္တာဝန်မှု ပင်တည်း။
အထက်ပါ တာဝန်ကြီးနှစ်ရပ် ပြီးမြောက်အောင် ထမ်းဆောင်နိုင်ရန် အထူးသတိပြု ကြည့်ရှု ရှောင်ကြဉ်ရမည့် အချက်များကား
(က) ပြောတိုင်းယုံ- ခိုင်းတိုင်းလုပ်မှုနှင့် အဘပြော သားကြားတဆင့်စကား တဆင့်ကြား ပရိဘာသာများကို ဒိဋ္ဌိကေန် မှန်လှပြီဟု ယုံကြည် လက်ခံခြင်းပြုမှု။
(ခ) အမိ အဘ· အဘိုး အဘွား အစဉ်အဆက်က ကိုးကွယ်အားသား လာကြသည့် ဆရာ သမားတို့၏ ဟောပြောညွှန်ကြားမှုဖြစ်၍ မုချကေန် မှန်လှပြီဟု ယုံကြည် လက်ခံခြင်း ပြုမှု။
(ဂ) သက်ကြီးစကား သက်ငယ်ကြား· ပရိဘာသာစကား· မိရိုးဖလာ အစဉ်အလာ- အယူသီးမှု့တာ တရားများကို ဟုတ်လှပြီဟု ယုံကြည် လက်ခံခြင်း ပြုမှု။
(ဃ) ကျမ်းစာပေထုတ်-ဘိုးအုပ်ကြီးတွေ ထည်းမှာ ပါသည်ဟု ညွှန်ကာမျှနှင့်(ဝါ)ဂုဏ်သရေရှိနာမည်ကြီး ပုပ္ပဂ္ဂိုလ်ကြီးများက ဟောပြောတာဘဲဟု တထစ်ချ ယုံကြည်လက်ခံခြင်း ပြုမှု။
အထက်ပါ အချက်ကြီးလေးချက်ကို ပယ်ဖျက်၍ ဗုဒ္ဓဝါဒ၏ ဝိဘဇ္ဇလမ်းစဉ် အတိုင်း ဝီမံ ကိုယ်ပိုင် ဉာဏ် ယှဉ်ကာ- ကိုယ့်အားကိုယ်ကိုးမှ ကိုကျိုးရှိ၍ ကိုယ့်ကိစ္စပြီးမည်ကို သတိပြု သင့်သည်။

## မာတိကာ ပထမကဏ္ဍ


| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | နိဒါန်း | ၁ |
| ၂။ | အမှာစာ | ၄ |
| ၃။ | ကျမ်းဦး ပဏာမ သတိပေး တိုက်တွန်းချက် | ၈ |
| ၄။ | သံသရာအကြောင်း သိကောင်းစရာ | ၁၄ |
| ၅။ | လောကီ လောကုတ် ကွဲအောင်လုပ် | ၁၇ |
| ၆။ | ဝိပဿနာအလုပ် ဥာဏ်အချုပ် | ၂၅ |
| ၇။ | ပညတ်-ပရမတ် တပ်အပ်သေချာသိကြပါ | ၂၇ |
| ၈။ | ဓါတ်မှာ အဆုံးထား ထိုသူအား ဘုရားမကြိုက်ပါ | ၂၉ |
| ၉။ | တဆယ့်ရှစ်ပါး ဓါတ်တရား ပိုင်းခြားသိကြပါ | ၄၁ |
| ၁၀။ | ဝိပါက်ရုပ်နှင့် ပရမတ်ရုပ်နာမ် ခွဲခြား၍ကြံ | ၄၄ |
| ၁၁။ | ဝိပဿနာအလုပ် ဉာဏ်အချုပ် သိပြီးမှလုပ် | ၅၆ |
| ၁၂။ | တလုံးကြံ အမှန်သိ အားလုံးပြီးစီး၏ | ၆၇ |
| ၁၃။ | လက္ခဏာအကြောင်း ဉာဏ်နှင့်ပေါင်း ကောင်းကောင်းသိကြပါ | ၇၃ |
| ၁၄။ | သဘောကြီးလေးချက် ဌာန်လေးပါး ကိုယ်ပိုင်သိ၍ လက်ကိုင်ထား | ၈၄ |
| ၁၅။ | ပညာသိမြင် လက္ခဏာယှဉ် ပုပင်ငြိမ်းကြမှာ | ၁၀၃ |
| ၁၆။ | ပထမကဏ္ဍ "နိဂုံးစကား" | ၁၁၇ |

## မာတိကာ ဒုတိယကဏ္ဍ


| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၇။ | နိဒါန်းစကား | ၁၂၂ |
| ၁၈။ | ဗုဒ္ဓဥယျောဇဉ် ကျမ်းဦးပဏာမ | ၁၂၆ |
| ၁၉။ | တရားသိမှ ဘုရားရှိ ဒိဋ္ဌသရဏဂုဏ် တည်မြဲ၏ | ၁၃၁ |
| ၂၀။ | ဝိပဿနာရှုပုံ နည်းမျိုးစုံ | ၁၄၆ |
| ၂၁။ | သဿတဒိဋ္ဌိ ဥစ္ဆေဒဒိဋ္ဌိ ဖြတ်ခဏ်း | ၁၈၁ |
| ၂၂။ | သစ္စာလေးပါး သဘောသွား ယူဆခဏ်း | ၁၉၉ |
| ၂၃။ | အဓိပညာစခမ်း ဉာဏ်ကုန်လှမ်း | ၂၆၆ |
| ၂၄။ | ဗုဒ္ဓပွင့်ရာ သာသနာတွင်းတရားနှင့် သရဏဂုမ်သုံးပါး သဘောသွား | ၂၅၀ |
| ၂၅။ | ဒုတိယကဏ္ဍ "နိဂုံးစကား" | |


## မာတိကာ တတိယကဏ္ဍ


| | | |
|---|---|---|
| ၁။ | နိဒါန်းကထာ | ၁ |
| ၂။ | သပ္ပုရိသစက် အင်္ဂါလေးချက် ကိုယ်ပိုင်ဉာဏ်နှင့်တွက် | ၇ |
| ၃။ | နိယာမတရား သိသူများဘုံ့စွဲ 'ဘဝစွဲ' မထား | ၃၇ |
| ၄။ | ဘာသာနှင့်သာသနာ ကွဲအောင်လုပ်ကြပါ | ၆၆ |
| ၅။ | သာသနာတရားသိသူများအယူဘာသာမထား | ၇၅ |
| ၆။ | သစ္စကထာကိုယ်ကျင့်အဘိဓမ္မာကိုယ်မှာရှိကြရာ | ၁၀၇ |
| ၇။ | လက္ခဏာဉာဏ် အမြင်သန့်အမှန်ပြီးပါ၏ | ၁၂၁ |
| ၈။ | သစ္စာဉာဏ် အမှန်သိ ပြုဘွယ်ကိစ္စမရှိ | ၁၅၄ |
| ၉။ | နိဗ္ဗာန်ဆိုတာ ခန္ဓာမှာ အမှန်တွေ့အောင်ရှာ | ၂၇၅ |
| ၁၀။ | နိဂမကထာ | |

# ကျမ်းဦးစကား

ဗုဒ္ဓဝါဒ အနတ္တ။ ပုဂ္ဂလရိပ်နှင့် ပြောပါကဗုဒ္ဓ။ ဓမ္မသဘော နှင့်ပြောပါက သဘာဝဓမ္မ (ဓမ္မနိယာမ)ဖြစ်ပါသည်။ ဤသည် ပုဂ္ဂလ ဓမ္မ နှစ်ရပ်စပ်လိုက်ပါကဗုဒ္ဓ ဓမ္မဖြစ်ပါသည်။ဗုဒ္ဓဆိုသည်မှာ ဘုရားဖြစ်၍ ဓမ္မဆိုသည်မှာ တရားဖြစ်ပါသည်။ ထိုဘုရား တရား တို့၏ အတ္ထုဒ္ဓါရ အနှစ်သာရတို့ကား ဘာလဲဆိုတာ ဗုဒ္ဓ ဝါဒီ ဖြစ်လိုသူ ဓမ္မသုတေသီတိုင်း သိအပ်လှပေသည်။

ဘုရားစဝ်=ဘုရားမှန်၊ တရားစစ်=တရားမှန်တို့ကို အမှန်အ ပါကအတိတ်ကိုပြန်ပြောင်းကြောင့်ကျမှု၊အနာဂါတ်ကိုမျှော်မှန်း တောင့်တမှုမရှိ ပစ္စုပ္ပန်ကာလ၊ ပစ္စုပ္ပန်ဘဝမှာ သန္တုဋ္ဌိ ပရမနှင့် ပြည့်ဝ၍ နိဗ္ဗာန် ပရမံ သုခံ အမှန်ဖြစ်ရပါတော့သည်။ဘုရားရှာမှု ဒုက္ခ၊တရားရှာမှုဒုက္ခ ဆရာအမျိုးမျိုးတို့ကို ကိုးကွယ်မှုဒုက္ခစသည့် နာနာသတ္တာဝရ ဥလ္လောကနဘေးမှ လွန်မြောက်သည့် ဝိမုတ္တိ နှယ်သားဖြစ်ရပါတော့သည်။

နာနာသတ္တာဝရဥလ္လောကနဘေးမှ လွတ်မြောက်၍(တနည်း) လူမှုဒုက္ခအဝဝမှ လွန်မြောက်၍ စေတောဝိမုတ္တိဖလ ရှုပနိဿရ ဏဂုဏ်နှင့်ပြည့်စုံစေမှု၊ စေတနာဇောပြုလျက် ဗုဒ္ဓဝါဒီဖြစ်လိုသူ ဓမ္မသုတေသီများ၏ ဘဝပေး အခြေအနေ အဇ္ဈာသယနှင့်ကိုက် ညီစေနိုင်သည့် လင်သားမကွာ သား-သမီးရတနာမပြစ်၊ စီးပွား ရှာမလစ်၊ အိမ်ယာထောင်တို့နှင့် သင့်သော ဗုဒ္ဓဝါဒ၊ အာဂါရ လမ်းစဉ် ပညာစခန်း ဝိပဿနာကျမ်း--ပထမတွဲ၊ ဒုတိယတွဲ၊ တတိယတွဲတို့ကို ပါဠိဘာသာမများ ပရိယာယ မနည်းမဘာက်

သန္နိဋ္ဌိကစေ့မှုနည်းသက်သက်ဖြင့် သာဓကယုတ္တိ၊ သဘာဝယုတ္တိ၊ ဒေသနာယုတ္တိ ထုတ်ညှိ၍ ရေးသားခဲ့ပေပြီ။

ဤသို့ဗုဒ္ဓဝါဒ-အာဂါရိယလမ်းစဉ်ပညာစခန်း ဝိပဿနာကျမ်း ပထမတွဲ၊ ဒုတိယတွဲ၊ တတိယတွဲတို့ကို တတွဲစီခွဲ၍ရေးရသည်မှာ ဘဝပေးအခြေအနေအရ ရေးရခြင်းဖြစ်ပါသည်။ ထိုသို့ရေးသားသည့်အခါမှာလည်း အသက်အရွယ်၊ အတွေ့အကြုံ၊ ပရိစယအားလျော်စွာ ဘဝသိ၊ ခံယူချက် ခြားနားမှုရှိပါသည်။ ဘဝသိ၊ ခံယူမှုခြားနားသည့်အခြေခံကြောင့်၊ ပထမတွဲကိုရေးသားရာ ကာလနှင့်ဒုတိယတွဲ၊ တတိယတွဲတို့ကို ရေးသားရာ ကာလတို့သည် မတူခြားနား၍ အယူအဆရေးရာသဘောတရားတို့လည်းအနည်းငယ်ခြားနားလျက်ရှိပါသည်။

ခြားနားချက်ကို သာဓကပြရသော်၊ ပထမတွဲမှာ အချို့နေရာ၌ ဘုံဘဝနှင့် ပတ်သက်သည့် အကိုးသာဓက တမလွန်နှင့်တိုင်းတာပြသည့် ပါဠိ-ပါဠိ အဟောအပြော အနည်းငယ်ပါရှိပါသည်။ ၎င်းဘုံဘဝဆိုင်ရာ တမလွန်ဝါဒ အယူအဆတို့သည် လက်တွေ့၊ မျက်တွေ့မကျ၊ လောကဓမ္မ ဘာမျှ အကျိုးမရှိသည့် မိရိုးဘလာ ဓမ္မတာတရားများသာ ဖြစ်ပါသည်။

ဤသည့် မိရိုးဘလာ ဓမ္မတာတရားတို့သည်၊ နာမ်ဝိညာဉ်ကူးပြောင်းရေးဝါဒ အခြေခံသည့်ကမ္မသကတဒိဋ္ဌိ၊ ပုဗ္ဗေကတဟေတုဒိဋ္ဌိ၊ သဿတဒိဋ္ဌိ အယူညှိ၍ ကမ္မဝါဒမှ မလွတ်နိုင်။ ကုသလံ--အကုသလံ ဇဟံဆိုသည့် ကုသိုလ်စွဲ ဥပါဒါန် = အကုသိုလ်စွဲ ဥပါဒါန်တို့မှလွတ်ရာ ဝိမုတ္တိဉာဏ ဒဿန နယ်သို့ ဘယ်တော့မှ

မရောက်နိုင်ပါ။ လောကုတ္တရာ မဂ္ဂဖလသမ္မာဒိဋ္ဌိနယ်သို့ရောက်ရန် ကြီးမားသည့်အဟန့်အတားပင်ဖြစ်ပါသည်။

ထို့ကြောင့် ယခုဗုဒ္ဓအာဂမရှုလမ်းစဉ်၊ပညာစခန်း၊ဝိပဿနာ ကျမ်း၊ပထမတွဲ၊ဒုတိယတွဲ၊တတိယတွဲတို့ကို ပေါင်း၍ပထမကဏ္ဍ၊ ဒုတိယကဏ္ဍ၊ တတိယကဏ္ဍအနေနှင့် အပိုင်းကြီးသုံးပိုင်း တအုပ် ထည်းရိုက်သည့် အခါမှာ ပထမတွဲ(ပထမကဏ္ဍ)မှာ ဘာဝနာမ် ဝိညာဉ်ကူးပြောင်းရေးဆိုင်ရာအယူအဆတို့ကိုပလပ်ပြီး လက္ခဏာ ဉာဏ်=သစ္စာဉာဏ်နှင့် အံဝင်ခွင်ကျဖြစ်သည့် သဘောတရားတို့ကို အလေးအနက်ထား လေ့လာပါရန် သတိပေးပါသည်။ တနည်း အားဖြင့်ဆိုသော် အားလုံးကုန်သော သဘာဝဓမ္မသဘောတရား တို့သည်။ ခယဓမ္မ၊ ဝယဓမ္မ၊ ဝိရာဂဓမ္မ၊ နိရောဓ ဓမ္မ သာလျှင် ဖြစ်ကြောင်းကိုပြသည့် ဒုတိယကဏ္ဍ၊ တတိယကဏ္ဍမှ အဓိပညာ ဓမ္မဝိပဿနာဉာဏ်(ကနည်း)ဝဋ္ဋာနု ဂါမိကဝိပဿနာဉာဏ်ဆိုက် အောင် ကြည့်မှု၊ သိမှု၊ ဉာဏ်ကုန်ပြုပါရန် သတိပေးပါသည်။

အချုပ်အားဖြင့်ဆိုသော်—ကုသလာဓမ္မာ အနတ္တာ၊ ကုသိုလ် တရားကလည်း အနတ္တ။ အကုသလာဓမ္မာ အနတ္တာ၊ အကုသိုလ် တရားကလည်း အနတ္တ၊ အဗျာကတာဓမ္မာ အနတ္တာ၊ ရုပ်၊နာမ်၊ ခန္ဓာ၊ အာယတနဓါတ်နှင့် မဂ်-ဖိုလ်-နိဗ္ဗာန်ဆို ထိုထို တရားတို့ ကလည်း အနတ္တ။ သဗ္ဗေ ဓမ္မာ အနတ္တာ၊ အား လုံး ကုန် သော သဘာဝဓမ္မသဘောတရားတို့သည် အနတ္တသာလျှင်ဖြစ်ကြောင်း ဉာဏ်ကုန်သိမှု သတိပြုကြပါရန် သတိပေးရင်း ကျမ်းဦးစကား ရေးသားရပါသတည်း။

အသျှင်ဥက္ကံသ (၂၀-၉-၆၇)

# နိဒါန်း

ဓမ္မမေဃေန ဝဿန္တေ သဗ္ဗတော ဟောန္တု အနာသဝါ။

ထေ ပစ္ဆိမကာ သတ္တာ သောတာပန္နာ ဘဝန္တု တေ။

(ဓမ္မပဒ)

ဓမ္မမေဃေန၊ ဒုက္ခပ်သိမ်း အကုန်ငြိမ်းစေနိုင်တဲ့ ဝိဇ္ဇာ အလင်းရောင်ခေါ်ဆို ဝိပဿနာတရား တည်းဟူသော မိုဃ်းတော်ကြီးကို။ ဝဿန္တေ၊ သွင်ဖြိုးရွာချ ဟောကြား ပြသလိုက်သည်ရှိသော်။ သဗ္ဗတော၊ တယောက်မကြွင်း ခပင်းဥဿုံ အလုံးစုံလည်း ဖြစ်ကြပေ ကုန်သော။ သတ္တာ၊ ကြီးငယ်ရွယ်လတ် အမြွတ်ဓမ္မ ရှာကြံကြငြား ရဟန်း,ရှင်,လူများတို့သည်။ အနာသဝါ၊ အာသဝေါလေးဖြာ ကင်းစင်ကွာ၍ အရိယာ ဝိဇ္ဇာခေါ်ဆို ရဟန္တာ ပုဂ္ဂိုလ်ကြီးတို့သည်။ ဟောန္တု၊ တရားရှာရင်း, တရားနာရင်း ဉာဏ်မြင် လင်း၍ ချက်ခြင်းမသွေ လက်ငင်းပုံသေ မျက်မှောက်ပြု နိုင်ကြပါစေကုန် သတည်း။ ထွေ၊ ဤတရားနာလာ များဝေဏေယျာတို့သည်။ ပစ္ဆိမကာ၊ သောတာပန္နာ အစဖြာတဲ့ ဂုဏ်ပါဝါ တို့မှ အယုတ်ဆုံး အောက်ဆုံး, နောက်ဆုံး ဖြစ်ကြပါပေ ကုန်၏။ တေ၊ ထိုသောတာပန္နာ အစဖြာတဲ့ ဂုဏ်အင်္ဂါတို့မှ ကင်းကြကုန်သော အရိဟာလောင်းတို့သည်။ သောတာပန္နာ၊ ဒိဋ္ဌိစိစိ ကင်းစင်ကြသည့် သောတာပန်ပြီး အရိယာ ဝိဇ္ဇာ ပုဂ္ဂိုလ်ကြီး

တို့သည်။ ဟောတ္တု၊ တရားချာရင်း တရားနာရင်း ဉာဏ်မြင်လင်း၍ ချက်ခြင်းမသေ့ လက်ငင်းပုံသေ မျက်မှောက်ပြုနိုင် ကြပါစေကုန်သတည်း။

ဤကျမ်းကို မရေးသားမီ ရှေ့ဦးမဆွ ဗုဒ္ဓဘာသာဝင် သူတော်စဉ် ဖြစ်ကြတဲ့ အရိယာလောင်းတို့ ဗုဒ္ဓအလိုတော်ကြ အမြတ်ဓမ္မကို နာခံ မှတ်သား ဆင်ခြင် ပွားများရပါသဖြင့် ဗုဒ္ဓဘာသာ၏ လမ်းဆုံးဖြစ်တဲ့ တမဂ်, တဖိုလ်ကို ရက်တိုတိုနှင့် ရကြစေကြောင်း ဆုမွန်ကောင်း သွင်းလောင်းကာ ပတ္တနာပြုအပ်ပါကြောင်း။

ဤစာအုပ်ကို ရေးသားရခြင်း အကြောင်းကတော့- **ဓမ္မဝေပုလ္လ ခေါ် အရှင်ဥက္ကံသ** သည် အထက် ဗမာပြည် အောက် ဗမာပြည် လှည့်လည်ကာ တရားဟောခြင်း တရားပြခြင်း ပြုသည့် အခါ မြို့ရော တောပါ အနယ်နယ်, အရပ်ရပ်မှ များသိသာ ဝေနေယျတို့က ဦးပဉ္စင်း ဟောကြားပြသ,သည့် တရားဓမ္မ၏ သဘောတရား,အယူအဆ,ဟောလုံး ပြောကွက်များကို ကျမ်းစာအုပ်အဖြစ် စက်တင်ပုံနှိပ် ထုတ်ဝေ ပါရန် လျှောက်ထား တောင်းပန်ကြပါသဖြင့် ဝေနေယျ အရိယာလောင်း ဖြစ်ကြသော အမျိုးကောင်းသား, အမျိုးကောင်းသမီးတို့အား ကျင်နာထောက်ထားစေတနာပွားသည်က တကြောင်း-။

ဤယုဂ်နေ့ ဗုဒ္ဓဘာသာ ထွန်းကားပါတယ်၊ ဗုဒ္ဓဘာသာ အထွန်းကားဆုံး ဆိုတဲ့ မြန်မာပြည်မှာ နှုတ်က ဟတော့- ဗုဒ္ဓဘာသာပါ ဆိုတဲ့ ရဟန်း,ရှင်,လူ အပေါင်းတို့ဟာ သာသနာမှ အပ, ဖြစ်တဲ့ ( **နတ်, ဗေဒင်, ဆံခွက်ကို ယုံစားကာ နတ်, နဂါး,**

**ပြဿဒါးမှာ, အမှတ်မှားပြီး သကဝ်ဘုရား ဒြဝ်ဘုရားမှာ ရဝ်နားကာ**)ဘာသာရေး လမ်းဆုံး ထားမှုများ ပပျောက်စေလိုဘဲ့ စေတနာထားမှုက တသွယ်။

ဘာသာရေးကို ဘန်းပြပြီး ဂိုဏ်းဂဏအမျိုးမျိုးတည်ထောင်ကာ ခေတ်ပေါ်လစီ အမျိုးမျိုး တည်ထွင်လျက် ကိုယ်ကျိုးရှာစီးပွားရေး ဖက်နေကြတဲ့ ကိုယ်ကျိုးရှာ ဘာသာရေး အရေခြုံသီလကြောင်များ ပပျောက်၍(တနည်း၊ဘာသာရေးအသိဉာဏ်နုသေးတဲ့ ယောဂီများကို အမှောင်ဓာတ် သွင်းနေ ကြတဲ့ အမှောင် ဓာတ်သွင်း ဆရာများ ပပျောက်၍ တရားစစ် တရားမှန် ထွန်းလင်း ပြန့်ပွားစေခြင်း စေတနာ အရင်းခံ ထား၍ အာဂါရမှ အိမ်ယာ တည်ထောင်ပြု၍ နေကြကုန်သော ယောဂီ မောင်မယ်အပေါင်းတို့၏ အဇ္ဈာသယနှင့် ကိုက်ညီသော **ဗုဒ္ဓဝါဒ အာဂါရ လုဝ်ထုံး ပညာစခမ်းဝိပဿနာ**ကျမ်းကို ပါဠိဘာသာမများစေဘဲ မြန်မာစာသွား အသုံးစကားဖြင့် စီစဉ်ကာရေးသားအပ်ပါသတည်း။

........း၀း........

# အမှာစာ

ဤကျမ်းကို ရေးသားပြုစုသူ "**အသျှင်ဥက္ကံသ**" သည် မိမိရေး သားသော ကျမ်းစာအတွင်း၌ သူတပါးကို ထိပါးပုတ်ခတ်ရှုံ့ ချပြစ်တင် စော်ကားလိုသော စိတ်ဆန္ဒ လုံးဝမရှိပါ၊ မိမိ ကိုယ်ကို မော်ကြွား မောက်မာ ထောင်လွှား လိုသော စိတ်အား နည်းပါး နိုင်သမျှ နည်းပါးအောင် မိမိ ဘဝကို ဝေဘန် ရှုကြည့်တိုင်း ဆုံးမပြုပြင်လျက် ရှိပါကြောင်း.... ရိုသားစွာ ဝန်ခံပါသည်။

အို—မြတ်ယောဂီ-သတိကို ရင်ဝယ်ပိုက်ပြီးထောင်နား စိုက်ပါ လော့၊ ဗုဒ္ဓအဘိဓမ္မာမှာ (ဝါ) ဘုရား တရားတော်မှာ ရှုးတူးတူး၊ နှမ်းတမ်းတမ်း၊ ပေါတောတော၊ ကြောင်တောင်တောင် လူ့ ဂွစာ ဖြစ်စရာ လမ်းမရှိ၊ လုပ်နည်းမမှန်၊ ကျင့်စဉ်လွဲ၊ ဆရာစွဲ ပြင်း ထန် သဥပါဒါန် အလုပ် နေ့ညအားထုတ်မှုကြောင့်သာ လူ့ လောက အပြင်ရောက် သာသနာပ ကာလသို့ ဆိုက်ရောက်ကြ ရသည်။

ဗုဒ္ဓအဘိဓမ္မာ၊ ဗုဒ္ဓအလိုတော်ကျ ဝိပဿနာမှ သေဖွဲ၍ ကျင့် စဉ်များ၊ အထင်များ၊ အမြင်များ၊ အစွဲများတွေကို ကိုယ်ပိုင်ဉာဏ် ကင်းပြီး ပြောတိုင်းယုံ၊ ခိုင်းတိုင်း လုပ်ကြပြီလား ဆိုမှဖြင့် လုပ် လေ- မြုတ်လေ- သံသရာခရီး ရှည်ကြမည်။

# အမှာစာ

အဘယ့်ကြောင့် သံသရာခရီး ရှည်ကြမည်နည်း.......ဟု ဆိုသော် သံသရာကို ငြီးငွေ့မှုစိတ် လက္ခဏာရိပ်မပေါ် မဂ်ဆိုက်ဘို့ရာ ဝေလာဝေး စိုက်မိစိုက်ရာ အလိုက်သာ စိတ်အစဉ်ကိုမှတ် မြင်လိုရာမြင် ထင်လိုရာထင် ပေါ်လိုရာပေါ် တော်သလို လျှော်သလို ဆရာစွဲ ဂိုဏ်းစွဲ ဝါဒစွဲ ဆိုင်းဘုတ်စွဲနှင့် ဝိုင်းအုံ့ဖွဲ့နေတဲ့ အဖွဲ့ဖွဲ့ ရှိနေသောကြောင့် မကျွတ်နိုင် မလွတ်နိုင်ဟု မှတ်။

မိမိတို့ လမ်းစဉ်မမှန် အယူလွဲလို့ ငြိမ်းအေးနိုင်တဲ့ တရားကို မရ၍ မလွတ်နိုင် မကျွတ်နိုင် ဖြစ်ကြရသည်ကို အတိတ်ကံကို ရိုးမယ်ဖွဲ့ ပါရမီကို လက်သယ်ချ ဒွိဟိတ်ဖြစ်တယ် ပြောလို့ပြော တိဟိတ် မဟုတ်လို့ ဆိုလိုဆို သူ့အလို မကျတိုင်း ကိုယ့်ကိုယ်ကို ဗျာဒိတ်ပေးကာ အားလျော့ တွန့်ဆုတ်ကြလေကုန်၏။

ထိုသို့ ရက်, လ, နှစ် ကြာညောင်းစွာ တရားအားထုတ်ပါလည်း စိတ်သက်သာမှု ငြိမ်းအေးမှု ကိလေသာဖြစ်မှု မနည်းပါးခြင်းသည် တရားအရာမှာ နည်းမမှန် လမ်းမကျလို့ သာလျှင် ဖြစ်ရာ၏။

နည်းမှန်လမ်းကျ ဝိပဿနာ ဓမ္မကိုသာ စံနစ်တကျ ကိုယ်ပိုင်ဉာဏ် ယှဉ်၍ ပညာ ဉာဏ် ရင့်ကာ အမြင် ပေါက်ပလား ဆိုမှ ဖြင့်သောတာပန် အစ ရဟန္တာ အထိ မုချ ဖြစ်ကြရမည်သာ။

ဒါ့ကြောင့်- ဘ, ဘုရားက ဗုဒ္ဓသာသနေ၊ ငါဘုရား၏ သာသနာတော်၌။ သမ္မာ၊ ကောင်းမွန် မှန်ကန်စွာ။ ဝိပဿနာသ၊

ဝိပဿနာဉာဏ် အမြင်မှန်ဖြင့်။ ဝိဟာရေယျုံ၊ နေကုန်ငြားအံ့။ လောကေ၊ လောကဥ္စ၊အရဟန္တေဟိ၊ ရဟန္တာတို့မှ။ အသုညော၊ မဆိတ်သုဉ်းသည်။ အဿ၊ ဖြစ်ရာ၏။

ဤကဲ့သို့ ဘ,ဘုရား၏ ဟောကြားဒေသနာ ထောက်ဆပါလျှင် မှောက်မှားမှု ဝင်၍သာ ကိစ္စမပြီး အချိန်ကုန် လူပမ်း ဗရမ်းဗတာ ဖြစ်ကြရ၏။

အမှားမြင်- အမှန် ထင်တဲ့ ကျင့်စဉ် ပဋိပါတ်ကိုသာ သင်ယူ မှတ်သား နာကြားမေးမြန်းကာ ပွားများ ဆင်ခြင် ကြမည်ဆိုလျှင် ကြည်ရွှင်သော စိတ်ထားဖြင့် တိုက်ခတ်လာသမျှ အာရုံ လောကဓံ အဖုံဖုံတို့ကို အကုန်ကျော်လွှားနိုင်တဲ့ ဖုဋ္ဌဿ လောက ဓမ္မေဟိ စိတ္တံ ယဿ နကမ္ပတိ အပိုင်ရှိတဲ့ ရဟန္တာကြီးတွေလဲ ဖြစ်နိုင်ပါတယ်။

ဒါကြောင့် သံသရာကို ငြီးငွေ့၍ အမြတ်တရားကို ရှာကြံပါတယ်ဆိုတဲ့ ဝေနေယျအပေါင်း အရိယာလောင်းတို့ သူ့ဝါဒက မှားတယ်၊ ငါ့ဝါဒက မှန်တယ်၊ သူ့ဆရာက ဘယ်လို့ ငါ့ဆရာက ဘယ်သင်းလို့ အငြင်းပိုနေမှုနှင့် တကွ အဘိဓမ္မာအရာမှာ စိတ်ယှဉ်, စေတသိတ်ယှဉ် ဘုံစဉ် စိတ်ရတွေကို အာဘောင်, အာရင်းသန်သန် နှင့် တသွင်သွင် ပြောနေရမည့် ကာလမိုင်း မဟုတ်တော့ကြောင်း စေတနာကောင်းနှင့် သတိပေး မှာကြား လိုက်ရပါကြောင်း။

ဤကျမ်းစာအုပ် အတွင်း၌ မလွဲမရှောင်သာ၍ အများနှင့် ဆန့်ကျင်ဘက် စကား, သဘောတရားများပါရှိပါက ပုဂ္ဂလဒိဋ္ဌာန် မဘက် ဓမ္မဒိဋ္ဌာန် သက်သက်ဖြင့် ရေးသားကာ ဘ, ဘုရား၏ သာသနာမှာ ဘ, ဘုရား၏ တရားစကား အမှန်တရား ပြန့်ပွားစေလိုတဲ့ ဆန္ဒနှင့် မိမိ တတ်စွမ်းသည့်ဘက်မှ တာဝန်တရပ် အနေနှင့် ထမ်းဆောင်ခြင်း ဖြစ်ပါကြောင်း—။

**ဓမ္မဝေပုလ္လ- အသျှင်ဥက္ကံသ**
သာဓုကျောင်းတိုက်တိုက်ခံကျောင်း
ကြည့်မြင်တိုင်
နတ်စဉ်လမ်း ရန်ကုန်မြို့။

ပဋ္ဌဂုဏံ အနန္တံ အဟံဝန္ဒာမိ သဗ္ဗဒါ။

# ဗုဒ္ဓဝါဒ

## အာဂါရလုပ်စဉ်

## ပညာစခန်း ဝိပဿနာကျမ်း

**နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ**

မာဝေါခဏံ ဝိရာဓေထ၊ ခဏာတီတာဟိ သောစရေ။
သဒတ္ထေ ဝါယမေယျာထ၊ ခဏောဝေါပဋိပါဒိတော။

ဘောန္တော၊ သံသရာဘေး လာမည့်ရေးကို မျှော်တွေး ကြောက်ကြား အို-ယောဂီများတို့။ ဝေါ၊ ကာမရူပ-အရူပ-ဟု လောကသုံးပြင် ခန္ဓာစဉ်ကို ဘေးထင် ရှုကြား သင်ယောဂီများ တို့သည်။ ခဏံ၊ မြတ်စွာဗုဒ္ဓ ထုတ်ဘော်ပြသည့် အရိယသစ္စာ သာသနာကာလ မြတ်ခဏကို။ မာဝိရာဓေထ၊သတိ မယှဉ် ဉာဏ် မမြင်ဘဲ ကျော်လွန်၍များ ရှောင်ခွာဖယ်ရှား မသွားကြလေ ကုန်လင့်။ ဟိ၊ စင်စစ်ကေန် အမှန်အားဖြင့်။ ခဏာတီတာ၊ သာသနာကာလ မြတ်ခဏကို ကျော်လွန်ကြကုန်သော သူတို့သည်။

သောစရေ၊ နှောင်တ တဘန် စိုးရိမ်ပူပန် ရကုန်၏။ သဒ္ဒတွေ၊ ကိုယ့်အကျိုး ကိုယ့်စီးပွား၌။ ဝါယမေယျာထ၊ ရင်ဝလုံစူး ထိပ်ဦးမီး ဝါး ထိုသူယားသို့ လုလ္လမယုဘ် နှောက်မဆုဘ် ဘဲအားထုတ်ကြကုန်ရာ၏။ ဝေါ၊ ကာမရူပ- အ ပဟု လောကသုံးပြင် ခန္ဓာစဉ်ကို ဖေါ်ထင်ရှုပြွား သင်- ယောဂီများတို့သည်။ (ဝါ) သင်ယောဂီများတို့အား။ ခဏော၊ မြဘ်စွာဗုဒ္ဓ ထုတ်ဘော် ပြသည့် သာသနာကာလ မြတ်ခဏသည်။ ပဋိပါဒိကော၊ ယခုဘဝ ပစ္စုပ္ပန်ကာလ၌ သဘောတွေ့ မနောတွေ့ မျက်မှောက် ခံစားရရှိပါပေ၏ တကား။

ဤသည့်ပါဠိ လာရှိသဘော စိတ်မှာစောပြီး ဩော်...ငါတို့ဟာ အဘိုးတန် ရနာတွေပေါ်များသည့် တောမြိုင်ကြီးရဲ့ အလည်မှာ ရောက်နေသည့်ပမာအလား အို နာ သေ ခါခါနေရတဲ့ ဒုက္ခအဝဝမှ ငြိမ်းအေးနိုင်တဲ့ အမှန်တရား ပြန့်ပွားပေါ်များရာ အဘိုးတန် အခါကောင်းတဲ့ သာသနာတော်ကြီး-နှင့် တွေ့ကြုံ နေရပါကလားလို့ သတိ သမ္ပဇဉ် ဉာဏ်သက်ဝင်ပြီး နာ့နာသတ္တာရ ဥလ္လောကန ဘေးကြီးမှ လွန်မြောက်ရာ သဥပါဒါနိ အလုပ်မှ အမြစ်ပြုတ်ရာ နိဗ္ဗုတာကို ယခုဘဝ သန္ဒိဋ္ဌိက တွေ့ကြုံရအောင် မလျော့သောလုလ္လ ကြီးစွာသော သတိ ပညာဦးစီးပြီး မရလျှင်မနေ မသိလျှင် မပြီးဆိုတဲ့ အသိ အစရှိလျက် ပွားများ အားထုတ်ရာ၏။

……း၀း……

No.2

## သာသနာ ငါးထောင်၊ ခေတ်ငါးခေတ် ပိုင်းခြား၍စစ်

အို ယောဂီ- သံသရာမှာ သည်တခါ နောက်ဆုံး ဘဝထား၍ ယခုဘဝမှ နောက်ကာလ၌ အမြတ်တရားကို ရှာကြံ ကျင့်သုံးဘို့ ရာ အလုပ်မရှိ ကျင့်စဉ်အဆုံးသို့ ရောက်နေသည့် အမြတ်ခေါင် ဖြား ယောကျ်ားအာဇာနည်ကြီးတွေ ဖြစ်နိုင်ကဲ့ အချိန်ကာလကြီး ပါတကား—။

ယောဂီ- ရောက်နေတဲ့ ဘို့ကာလ ခေတ်အဖြစ်ကို စံနစ်တကျ သိ၍ အားရှိစေရန် စီစစ်ဝေဘန်ကာ အကျဉ်းအားဖြင့် ပြပေအံ့။

ယနေ့ သင်ကျရောက်နေတဲ့ အချိန်မှ နောက်ကြောင်းကို ပြန် ပြောင်းကြည့်လျှင် ကုန်လွန်ခဲ့တဲ့ နှစ်ပေါင်း ( ၂၅၀၀ ) ကျော် လောကက ရဟန်းရှင်လူ အပေါင်းတို့ကို ဦးဆောင် နည်းပေး လမ်းပြ အမှန်တရားကို ဟောကြား ပြသသည့် ဗုဒ္ဓတဆူ ဖြစ်ထွန်း ပေါ်တော်မူခဲ့ ပါတယ်၊ ၎င်းဗုဒ္ဓဟာ (၄၅) နှစ်ကာလပတ်လုံး သုံးလောက ဝေဏေကို မိမိရင်နှစ်မခြား စေတနာထား၍ နည်း ပေးလမ်းပြ ဆုံးမ ဩဝါဒပေးကာ အမှန်တရားတို့ ဟောကြား ပြီး ပရိနိဗ္ဗာန်ပြုသွားပါတယ်။

ပရိနိဗ္ဗာန် ပြုပြီးနောက်ပိုင်း မိမိရဲ့ဝါဒ လမ်းစဉ်၊ ကျင့်စဉ်၊ အဆုံးအမဟာ နှစ်ပေါင်း(၅၀၀၀)ကာလ တည်နေလိမ့်မည်ဟု ဟောခဲ့ပါတယ်။

အို ယောဂီ.... ဘုရားရဲ့ အဆုံးအမ ကျင့်စဉ်ဟာ(၅၀၀၀) ကြာမျှတည်နေမယ်၊ ၎င်း(၅၀၀၀)သာသနာကို နှစ်ပိုင်း ခွဲခြား က ရှေ့ပိုင်း သာသနာ (၂၅၀၀) နောက်ပိုင်း သာသာနာ

(၂၅၀၀) ဖြစ်ပါတယ်၊ မြတ်ယောဂီ— ကြီးစွာသော သတိနှင့် ကိုယ်ပိုင်ဉာဏ်ယှဉ်ကာ သင်္ဘာဝ ကျရောက်နေသည့် ကာလကို။ မဏ်အာဒါသ၊ ကြေးမုံပြင်ဝယ်။မခနိမိတ်၊ မျက်နှာရိပ်ကို မမှိတ်မသုဉ် ကြည့်သည့်ပုံသို့ အာရုံပြုခါ ရဲရဲကြီးသာ ကြည့်လိုက်စမ်းပါလော့။

ရှေ့ပိုင်း သာသနာ (၂၅၀၀) သည်ကား ဆိုလျှင် မြန်မာသက္ကရာဇ် (၁၃၁၈) ခုနှစ်က ကုန်ဆုံးခဲ့ ပါပြီ၊ (၁၃၁၈) ခုနှစ်ရဲ့ ဤမှာဘက်မှာ (တနည်း) ၁၃၁၉-ခုနှစ်က စ၍ နောက်ပိုင်း သာသနာ (၂၅၀၀) ထဲသို့ ကျရောက်လာပါပြီ၊ ၎င်း နောက်ပိုင်း သာသနာ (၂၅၀၀) ကို ငါးပုံ ပိုင်းခြားက တပုံ၏ သက်တန်းဟာ (၅၀၀) ကာလ ကြာညောင်းပါတယ်။

(၁) ပထမ အနှစ် (၅၀၀) ကိုတော့-ဝိမုတ္တိယုဂ ခေတ်လို့ ခေါ်ပါတယ်၊ ဝိမုတ္တိယုဂခေတ် ဆိုတာ သူရားပွင့်စ ကာလမျိုး အမှန်တရားတွေ ပြန့်ပွားကာ အာဂါရိလုပ်စဉ် ကျင့်စဉ်တွေ ပေါ်ထွန်းပါသဖြင့် အိမ်ယာ ထောင် အရိယာတွေ ပေါများတဲ့ ခေတ်ကို ဆိုပါတယ်။

(၂) ဒုတိယ အနှစ် (၅၀၀) ကာလကိုတော့-သမာဓိယုဂ ခေတ်လို့ ခေါ်ပါတယ်၊ သမာဓိ ယုဂ ခေတ် ဆိုတာ ကမ္မဋ္ဌာန်း အာရုံ တခုခုကို ရွေးချယ်ပြီး ထိုအာရုံမှ စိတ်တခြား မကျက်စား မပြန့်ပွား ရအောင် နှစ်ရှည်လများ ကြီးမားသော ဝိရိယ၊ စေတနာ သဒ္ဓါတရား နှင့် ကြိုးစားအားထုတ် ကြပါ သဖြင့် စိတ်တည်ငြိမ်မှု ရကာ- သမာဓိ အားကောင်းပြီး ဘာဘာညာညာ ထွေထွေထူးထူး စိတ်တွေ မဖြစ်ဘဲ ငြိမ်းအေးစွာ နေရခြင်း

တည်းဟူသော စုံ့ခြာနသုခ ရရှိခံစား နေတဲ့ ပုဂ္ဂိုလ်တွေ ပေါများ တဲ့ ခေတ်ကို ခေါ်ပါတယ်။

(၃) တတိယ အနှစ် (၅၀၀) ကိုတော့ - သီလယုဂ ခေတ် လို့ ခေါ်ပါတယ်၊ သီလယုဂ ခေတ်ဆိုတာ ငါးပါးသီလ ရှစ်ပါး ဆယ်ပါး အစရှိတဲ့ သံဝရသီလများကို လုံခြုံအောင် ကျင့်သုံး ဆောက်တည်ကြတဲ့ သီလလုံခြုံတဲ့ ပုဂ္ဂိုလ်တွေ ပေါများတဲ့ ခေတ်ကို ဆိုပါတယ်။

(၄) စတုတ္ထ အနှစ်(၅၀၀)ကိုတော့- သုတယုဂ ခေတ်လို့ ခေါ်ပါတယ်၊ သုတယုဂခေတ် ဆိုတာ လူ ရှင် ရဟန်း အပေါင်း တို့ ဓမ္မသင်္ဂဏီ ဝိဘင်း ဓါတုကထာ အစဖြာတဲ့ အဘိဓမ္မာ ခုနှစ်ကျမ်းနှင့် တကွ သုတ်သုံးကျမ်း ဝိနည်းငါးကျမ်းဟု ဆိုအပ်သော ပိဋကတ်သုံးပုံ အာဂုံဆောင် ပုဂ္ဂိုလ်တွေ ပေါများတဲ့ ခေတ် (တနည်း)ကျမ်းဂန်စာပေ တတ်မြောက်တဲ့ ပုဂ္ဂိုလ်တွေ ပေါများသော ခေတ်မျိုးကို ခေါ်တယ်။

(၅) ပဥ္စမ အနှစ်(၅၀၀)ကာလကိုတော့- ဒါနယုဂခေတ် လို့ ခေါ်ပါတယ်၊ ဒါနယုဂ ခေတ်ဆိုတာ အလှူရေစက် လက်နှင့်မကွာ ပေးကမ်းစွန့်ကြဲ လှူဒါန်းကာ မျှနှင့် အားရ တင်းတိမ် နေတဲ့ ပုဂ္ဂိုလ်တွေ ပေါများတဲ့ ခေတ်ကို ခေါ်ပါတယ်၊(တနည်း) ကာမာဝစရ ကုသိုလ်ကို ပြုလုပ်ခါမျှဖြင့် အားရ တင်းတိမ်ကာ ဘာသာရေး လမ်းဆုံးထားသော ပုဂ္ဂိုလ်တွေ ပေါများတဲ့ ခေတ်ကို ခေါ်ပါတယ်။

အို.... ယောဂီ အထက်ပါ သာသနာ(၅၀၀၀)ကို ခေတ်ငါးခေတ်နှင့် ဝေဘန်တဲ့ အခါမှာ ယနေ့ သင်ကျရောက် နေတဲ့ ခေတ်ကာလသည် အမှန်တရား ပြန့်ပွား ထွန်းလင်း၍ အိမ်ယာထောင် အရိယာ ပုဂ္ဂိုလ်တွေ ပေါများတဲ့ ဝိမုတ္တိယုဂခေတ်နှင့် မျက်နှာချင်းဆိုင်၊ ရင်ဆိုင် တွေ့ထိ နေရပါကလား။

မဂ် စခမ်း၊ ဖိုလ်စခမ်း၊ နိဗ္ဗာန် စခမ်းကို ရက်တိုတိုနှင့် လှမ်းနိုင်တဲ့ ဖြောင့်တန်းသော ပဋိပတ္တိ သာသနာ တည်းဟူသော လမ်းမတော်ကြီး ဗုဒ္ဓဟောချက် ဓမ္မစက် အကွက်ကျ၊ အချက်ကျနှင့် ရင်ဆိုင် တွေ့ရတဲ့အခါမှာ မျက်စိလယ် လမ်းမှားနေတဲ့ သံသရာတော ခရီးမှ အပြီးသုတ် ထွက်လိုက်စမ်းပါ မြတ်ယောဂီ—။

မျက်စိ လယ်ပျောက် လမ်းဖြောင့်ကို ရောက်ပါလျက် ဘေးအန္တရာယ် ထူပြောတဲ့ သံသရာတောထဲက မထွက်လျှင် သင်လောက် ညံ့ဖျင်းတဲ့ လူသားဟာ ဤကမ္ဘာ၊ ထိုကမ္ဘာမှာ ရှာမှ ရှား ဖြစ်ခြိမ့်မည် တကား—။

ကြုံခဲ၊ ဆုံခဲတဲ့ မနုဿတ္တ ဒုလ္လဘ- သဒ္ဓမ္မသဝန အတိ ဒုလ္လနှင့် ကြုံဆုံနေရတဲ့ ဝိမုတ္တိ ခေတ်ကြီးထဲမှာ မြတ်စွာ ဗုဒ္ဓရဲ့ ဆိုဆုံးမချက်ကို သိကွက်ပိုင်အောင် လုပ်ပါ- ယောဂီ။

မြတ်ဗုဒ္ဓရဲ့ သွန်သင်- ဆုံးမချက်ကို သိကွက်မပိုင်က သင်ရနေတဲ့ ဒုလ္လဘ၊ သင်တွေ့ရတဲ့ သာသနာဟာ သင့်အတွက် လောင်းကင်ဆေးချယ် ပုံပမာနှယ်သို့ အချိးနှိုး အလဟဿဖြစ်မည်သာ။

အို.... ယောဂီ သင့်ဘဝ အကျိုးများ၍ တိုးပွားစေဖို့ ရှေ့ဆက်ငြိး အာရုံပြုကာ ဘတ်ရပါလော့—။

........း၀း........

## သံသရာအကြောင်း ဥာဏ်နှင့်ပေါင်း ကောင်းကောင်း သိကြပါ၊

သံသရာမှ ထွက်လိုတဲ့ မြတ်ယောဂီ သံသရာ၊ သံသရာနှင့် ဘယ်ဟာကို သံသရာခေါ်သလဲဆိုတာ သတိပြု၍ ကြည့်ရှုလိုက်စမ်းပါ၊ သံသရာရဲ့ သဘောကို ဟုတ်တိုင်းမှန်စွာ သိမှ သံသရာမှ လွတ်ရာ၊ ကျွတ်ရာ အရပ်သို့ မျှော်မှန်းနိုင် ရောက်နိုင်မည်။

အို.... ယောဂီ သံသရာရဲ့ အကြောင်း အပြောတွေ သိပ်မစွက်ဘဲ သဘောသက်သက် သိကွက်ကလေးတွေကို ပြောလိုက်မယ်၊ သံသရာဆိုတာ ရှေးရှေး ဝေးဝေး မမြင်နိုင်တဲ့ ထိုထို့ ဤဤ၊ အံသိလိသော သဝတွေကို သွားတွေးမနေနှင့်။

ယခု ပစ္စက္ခ သင်ရဲ့ ဘဝမှာ မြင်၊ ဖြစ်၊ ပျက်၊ မျက်စေ့ သံသရာ၊ ကြား၊ ဖြစ်၊ ပျက်၊ နားသံသရာ၊ နံ၊ ဖြစ်၊ ပျက်၊ နှာခေါင်း သံသရာ၊ စား၊ ဖြစ်၊ ပျက်၊ လျှာ- သံသရာ၊ ထိ၊ ဖြစ်၊ ပျက်၊ ကိုယ်- သံသရာ၊ သိ၊ ဖြစ်၊ ပျက်၊ စိတ်- သံသရာ ၄င်း ဝဲသြဃ ခြောက်စင်းပါ အမြဲတလစပ် အစဉ်ဆက်စပ်ကာ မပြတ် ဖြစ်၊ ပျက် နေတယ်၊ ဤကဲ့သို့ ဓါတ် ပရမတ်များ မပြတ် ဖြစ်၊ ပျက်နေတာ သံသရာဘဲ ယောဂီ—။

ဒါကြောင့်— ဘ,ဘုရားက ဓမ္မသင်္ဂဏီ ပါဠိတော်မှာ....

ခန္ဓာနဉ္စ ပဋိပါဋိ ဓာတုအာယတနာနဉ္စ အဗ္ဗောစ္ဆိန္နံ ဝတ္တမာနာ သံသာရောတိ ပဝုစ္စတိ။ ။လို့ ဟောတော်မူခဲ့ပါတယ်။

ခန္ဓာနဉ္စ၊ ရူပက္ခန္ဓာ အစဖြာတဲ့ ခန္ဓာငါးပါးတို့၏ ၎င်း။ ဓာတုအာယတနာနဉ္စ၊ စက္ခု ရူပ အစဖြာတဲ့ ဓာတ်ရုပ်, ဓာတ်နာမ် ပရမတ် အတန်တန်တို့၏ ၎င်း။ အဗ္ဗောစ္ဆိန္နံ၊ အစဉ်မပြတ်။ ဝတ္တမာနာ၊ အစဖြာ၍ နေသော။ ပဋိပါဋိ၊ အစဉ်ကို။ သံသာရောတိ၊ သံသရာဟူ၍ (ဝါ) အို, နာ, သေရေး ဒုက္ခဘေးတို့ ရှုပ်ထွေးပွေရာ သံသရာ ဟူ၍။ ပဝုစ္စတိ၊ ရဟန်းမြတ်စွာ ဒို့ဆရာက အပြားအားဖြင့် ဟောကြားခဲ့ပါပေ၏။

ဤကဲ့သို့ အကြောင်းတရား, အကျိုးတရားများ ဆက်စပ်ပြီး မပြတ်ဖြစ်နေတာ သံသရာတဲ့၊ တနည်းအားဖြင့် ဆိုသော်- ရုပ်ဓာတ်, နာမ်ဓာတ်, ပရမတ်အမှန်ဖြစ်တဲ့ ခန္ဓာအာယတန ဓာတ်တို့ အစဉ်မပြတ် တလစပ် ဖြစ်နေတာ သံသရာလို့ ဟောခဲ့ပါတယ်။

ထို သံသရာက မှန်မကွာ မကျွတ်နိုင်, မလွတ်နိုင်ကြတာ ဘာကြောင့်လဲ ဆိုတာ စစ်တမ်းထုတ်တော့....

ဒီဃော ဗာလာန သံသာရော သဒ္ဓမ္မံ အဝိဇာနတံ။ လို့ တွေ့ရတယ်။

ဗာလာနံ၊မိမိကြုံရ ဒုက္ခဘကို ဘယ်အခါ ကာလကမှ မခင်ကြဘဲ အာလကား အချိန် ဖြုန်း၍ နေကြကုန်သော လူတိုးတို့အား။ သဒ္ဓမ္မ။ ဘုရား၊ ရဟန္တာ၊ သာ၀က အပေါင်း-သူတော်ကောင်းတို့ ကျိုးကြောင်းညွှန်ပြ ဆိုဆုံးမတဲ့ အမြတ်ဓမ္မကို၊ အဝိဇ္ဇာနတံ၊မသိကြ၊မတတ်ကြ၊မမှတ်ကြ၊လေသောကြောင့်။သံသါရော၊ သံသရာသည် (၀ါ) အို၊နာ၊သေရေး၊ဒုက္ခဘေးတို့ ရှုပ်ထွေးပွေရာသံသရာသည်။ ဒီဃော၊ အစမထင် ဆုံးမမြင်ဘဲ ဝဋ်အမြင်ကြီး ရှေကြလေသတည်း။

အို.... ယောဂီ-သင် ထွက်ချင်တဲ့ သံသရာမှ မထွက်ရတာဟာ ဘုရား၊ ရဟန္တာ၊ သာဝကတို့ ဟောဘော် ညွှန်ပြ ဆိုဆုံးမတဲ့ အမှန်တရားကို မသိကြ၊ မတတ်ကြ၊မမှတ်ကြ လိုက်စားကျင့်ကြံလေ့မရှိကြလို့သာ သံသရာမှ မထွက်ရ၊ မလွတ်ရတာဘဲ။

သံသရာ ထွက်လမ်း အကျင့်စခမ်းကို လိုက်နေတဲ့ မြတ်ယောဂီ ကံအလုပ်၊ နာမ် အလုပ်တွေနှင့် အချိန်ဖြုန်းမနေဘဲ ရုပ်၊ နာမ် သဘာ၀ မြတ်ဓမ္မကို ဒိဋ္ဌမြင်သိ ဝိဘင်္ဂဉာဏ်ဖြင့် လေ့လာကြည့်သော ဝိပဿနာ အလုပ်သည်ကား ဆိုလျှင်-သံသရာ ထွက်ကြောင်း၊ နိဗ္ဗာန် ရောက်ကြောင်း တရားတွင် မဂ်တံခါးအဖွင့်၊ အကျင့်တွင် အချုပ်၊ အလုပ်တွင် အသာ ပါ၊မီတွင် အမြတ်ဆုံး၊ ဤကဲ့သို့ နှလုံးသွင်းကာ ယုံမှားခြင်း ကင်းရှင်းစွာနှင့် စိတ်ရော-ကိုယ်ပါ ရွှင်လန်း ဝမ်းမြောက်စွာ အားထုတ်ရာ၏။

ယောဂီ- ရှေ့ကိုဆက် တခဏ်းတက်မယ်၊ သတိလက်နက် ဝယ်ပိုက်ပြီး စိတ်နှလုံး ရွှင်ပြုံးစွာနှင့် လေ့လာပါလော့။

........း၀း........

## "လောကီ လောကုတ် ခွဲခြားထုတ် အဟုတ်သိမှသာ"

ဝိပဿနာဆိုတဲ့ ကျင့်စဉ်စခမ်းကို မလုပ်မီ ယောဂီ- သိမှတ်စရာ အရေးကြီးဆုံး, အလိုလားအပ်ဆုံး သိထားရမည့် အချက်ကို လေးလေးနက်နက် သတိပေးပါရစေဦး။

ယောဂီ သိမှတ်ဖွယ်ရာ အချက်ကို ကွင်းကွင်း ကွက်ကွက် ပေါ်လွင်အောင် လိုရင်း ထုတ်၍ အကျဉ်းချုပ် အားဖြင့် ဖော်ပြပါမည်၊ ၎င်းအချက်ကား— ယောဂီအတွက် မမေ့အပ်တဲ့ အချက်ပင် ဖြစ်ပါသည်။

ယောဂီ မောင်,မယ် အစားစားတို့ မသိလျှင် မပြီး ကိုယ်စီ, ကိုယ်ငှ သိထားရမည့် အချက်ကတော့ လောကီ တရားနှင့် လောကုတ္တရာတရားခွဲခြားတတ်ဘို့ပါဘဲ၊ (တနည်းအားဖြင့် ပြောရလျှင်) လောကီတရားနှင့်၊ လောကုတ္တရာ တရား(ဝါ)သာသနာတွင်း တရားနှင့် သာသနာပ တရား ခွဲခြားပြီး သိထားဘို့ ပါဘဲ။

ဘာကြောင့်- လောကီနှင့် လောကုတ် ခွဲခြားပြီး သိထားရမှာလဲ ဆိုလျှင် ယခု ပစ္စက္ခမှာ ကျရောက်နေကြတဲ့ ယောဂီ အစားစား မောင်,မယ်များတို့ဟာ ဒါန,သီလ,သမထနှင့်(တနည်း) ကာမ,ရူပ,အရူပဆို ထို ကုသိုလ်များနှင့် (ဝါ) ဘုရားသွား, ကျောင်းသွား လောက်နှင့် နိဗ္ဗာန်ကို ရမည့်,ရောက်မည်လို့ ထင်မြင်ယူဆပြီး ကြီးစွာသော လုံ့လနှင့် စိတ်ရော- ကိုယ်ပါ အားထုတ်ကြ,ဘာသာရေး—လမ်းဆုံးသွားကြတာကိုဦးပဥ္စင်းတို့မျက်မြင် ကိုယ်တွေ့ ဖြစ်ပါတယ်။

ထိုထို ဆိုအပ်ခဲ့ပြီးသော ဒါန, သီလ,သမထ(ဝါ)ကာမ,ရူပ, အရူပဆို ထိုထိုတရားများကား- ဘုရားမပွင့်မီက ကမ္ဘာ့ ဓမ္မဘာ တရားများ ဖြစ်ပါတယ်၊(တနည်းအားဖြင့် ဆိုလျှင်)သာသနာပ မှာလဲ ရှိတဲ့ တရား(ဝါ)လောက တရားများ ဖြစ်ပါတယ်။

## ယောဂီ လောကဆိုတာ ဘာလဲ?-

လုဇ္ဇတိ ပလုဇ္ဇတီတိ လောကော၊ ဖြစ်တတ်, ပျက်တတ်လို့, လောကလို့ ခေါ်တယ်။

### ဘာတွေ ဖြစ်၍ ဘာတွေ ပျက်သလဲ?-

ဘယ်လောက ဖြစ်၍ ဘယ်လောက ပျက်သလဲ ဆိုလျှင် ဝိပဿနာအလို ပြောမည်ဆိုက မျက်စိ လောက၊ နား-လောက, နှာ လောက၊ လျှာ လောက၊ ကိုယ် လောက၊ စိတ် လောကများ ဖြစ်၍ ပျက်ကြပါသည်။

ထိုဆိုအပ်ခဲ့ပြီးသော လောကခြောက်စုံ သံသရာ ခြောက်စင်း အရင်းခံ ထား၍ အဝိဇ္ဇာ ဦးစီးပြီး ပြုလုပ်သမျှ သင်္ခါရ လောက ကြီးဘဲ၊(ဝါ)အပါယ်နှင့်စာချုပ် မပြုတ်သေးတဲ့ တရား(တနည်း) အို, နာ, သေ, ပဋိသန္ဓေ ခါခါနေမှုနှင့် မကင်းသေးတဲ့ တရား (ဝါ)ဘဂဝါမပြမေမဲ့ ထာဝရ ရှိတဲ့တရားများ ဖြစ်တယ်ဆိုတာ။

အဝိဇ္ဇာ ပစ္စယာ သင်္ခါရာ စသည် ပါဠိကို ထောက်ပြီး မကြောက် မရှိ နောက်မတွန့်ဘဲ ယုံမှားခြင်း ကင်းစွာနှင့် ရဲရဲကြီး သာ သိပါ၊ ကြည့်ပါ.... မြတ်ယောဂီ။

ကောင်းပြီ.... ဆိုအပ်ခဲ့ပြီးသော လုပ်ငန်းစဉ် ဖြစ်ရပ်များကား လောကတရားတည်း။

ရင်း တရားများကို ကြိုးစား အားထုတ်၍ ပြုလုပ်က ဘယ်လို အကျိုးကို ရ၍ မည်သည့် ဘုံဌာနကို ရောက်ဟယ် ဆိုတာ ဒေသနာအရှိ ကျမ်းဂန်နှင့် ညှိပြရမည်ဆိုလျှင် ဓမ္မသင်္ဂဟ ပါဠိတော် သစ္စာဝိဘင်းမှာ....။

ကုသလာ ကုသလကမ္မံ ဝိသေသေန သမုဒယသစ္စန္တိ
သစ္စဝိဘင်္ဂေ ဝုတ္တံ။ ။လို့ မိန့်တော်မူထုတ်ခဲ့တယ်။

ပါဠိအလို မြန်မာဆိုက အဝိဇ္ဇာ ဦးစီးတဲ့ ကာမကုသိုလ် ရူပကုသိုလ်၊ အရူပကုသိုလ်နှင့် တကွ ဒုစရိုက် ဘယ်ပါး အကုသိုလ် အစားစားတို့ဟာ အထူးသဖြင့် သမုဒယသစ္စာလို့ ဟောခဲ့ဘယ်။

သမုဒယသစ္စာကို တွယ်မလား-၊ ပါယ်မလား-၊ ဆိုတာ ကိုယ်ပိုင်ဉာဏ်နှင့် တွေး၊ ကိုယ့်ကိုယ်ကို မေးပါတော့။

တနည်းအားဖြင့် ဆိုသော်- ကာမဝစရ ကုသလာ ဒိဘေဒေါ ဒုက္ခသစ္စဿ ပစ္စယော ဟောတိ-အစရှိသည်ဖြင့် ဟောအပ်သော ဘ,ဘုရား၏ တရားစကား ကြားယောင်ပြီး အမှား,အမှန် ဝေဖန် ဆန်းစစ်သင့်ကြောင်းစေတနာကောင်းနှင့်သတိပေးကာဤတရား အားထုတ်က ဤအကျိုးကို ပေးကြောင်း ကျမ်းဂန်နှင့် အညီ ရေးသားသမှု ပြုရပါသည်။

ဘယ်လို အကျိုးရကြောင်း သိရပြီး၍ မည်သည့် ဘုံကိုရောက် နိုင်သလဲ ဆိုလျှင် သင်္ဂြိုဟ်ကျမ်းကို ကိုးကားသမှု သက်သေပြုကာ ရေးသားရလျှင်—

ကာမာဝစရ ကုသလမ္ပိ ကာမသုဂတိ
ယမေဝ ပဋိသန္ဓိံ ဇနေတိ။

အစရှိတဲ့ သင်္ဂြိုဟ်ဝိထိ မုဋ္ဌပိုင်းကို ကြည့်ခြင်းအားဖြင့် ကာမ ကုသိုလ်သည် ကာမဘုံ ရူပကုသိုလ်သည် ရူပဘုံ အရူပ ကုသိုလ် သည် အရူပဘုံ ရောက်ကြောင်း ထပ်လောင်း ရေးနေက ကျမ်း လေးမည်၊ ဤမျှသော အကိုးသာခကနှင့် ပြည့်စုံလုံလောက်ပြီးဟု ယုံကြည်ပါသည်။

အထက်တွင် ပြဆိုပြီးခဲ့သော စကားရပ်သည် မှန်လှပြီ၊ ဒါန, သီလ, သမထ အရှိန် နှင့် ဘုံစဉ် အထပ်ထပ်, ပြည် အရပ်ရပ် သို့ ရောက်ပါပြီ၊ အပါယ်ဘေးမှ စိတ်အေးရပါ၏ လော....။

ဥက္ခိတ္တာ ပုညတေဇေန၊ ကာမရူပဂတိံ ဂတာ။
ဘဝဂ္ဂတမ္ပိသမ္ပတ္တာ၊ ပုနာဂစ္ဆန္တိဒုဂ္ဂတိံ။

ဝိဘင်းပါဠိတော်မှာ ဘ- ဘုရားကိုယ်တော်တိုင် ဟောတော်မူခဲ့ပါတယ်။

ဘိက္ခဝေ၊ သစ္စာလေးပါး အမှန်တရားကို ပိုင်းခြားထင်ထင် မသိမမြင်ကြငြား ယောဂီ အစားစား ရှင်ရဟန်း များတို့။ ပုညတေဇေန- ဝဋ္ဋနိဿိတ၊ ဒါန, သီလ, သမထမျိုး ကုသိုလ်တန်ခိုးသည်။ ဥက္ခိတ္တာ၊ ဘုံအထပ်ထပ် မြှင့်တင် အပ်ကုန်သည်ဖြစ်၍။ကာမရူပဂတိံ၊ကာမသုဂတိ ခုနစ်ဘုံ-ရူပတဆယ့်တဘုံသို့။ ဂတာပိ၊ ရောက်ကြ, လားကြကုန်သော ပုထုဇဉ် ရူပဗြဟ္မာ, လူ, နတ်, အဖြာဖြာ တို့သည် ၎င်း။ ဘဝဂ္ဂတံ၊ ဘုံအဆင့်ဆင့် အမြင့်မှာတော့ အစွမ်းကုန် အရူပလေးဘုံသို့၊ သမ္ပတ္တာပိ၊ ရောက်ကြ, လားကြကုန်သောအရူပဗြဟ္မာကြီးတို့သည်၎င်း။ပုန၊ကာမသုဂတိ ခုနစ်ဘုံ၊ ရူပတဆယ့်တဘုံ၊ အရူပလေးဘုံမှ တဖန်။ ဒုဂ္ဂတိံ၊ မကောင်းသူများ အမြဲ သွားတဲ့ အပါယ်လေးဘုံသို့။ ဂစ္ဆန္တိ၊ ရောက်ကြ၊ လားကြ လေကုန်သတည်း။

အို- ယောဂီ, အစားစား မောင်, မယ် များတို့ အပြောတွေ ရှေ့နေက လိုရင်းမဆိုက်ဘဲ နေဦးမည်။ လောကတရား နှင့် ၎င်း တရားကို လက်ကိုင် ထားကာ ကြိုးစား အားထုတ် ပြုလုပ်က ဘယ်လိုအကျိုးတရားကို ရ၍ မည်သည့် ဘုံဌာနကိုရောက်ကြောင်း

ပြုရာ ဖြစ်သည့် စကားရပ်ကို ဤမျှနှင့် ရပ်နားပြီး လောကုတ္တရာ တရား သာသနာတွင်း တရားကို ရှင်းကြ၊ လင်းကြဦးစို့ရဲ့။

လောကုတ္တရာ တရားဆိုတာ ဘာလဲ-?

သာသနာတွင်းတရား ဆိုတာ ဘာလဲ....လို့ အမေးရှိက လောကော ဥတ္တရော လောကုတ္တရော-တဲ့ ဖြစ်တတ်၊ ပျက်တတ်သော လောကမှ ထွက်မြောက်တတ် လို့ လောကုတ္တရာ လို့ ခေါ်ပါတယ်။

ဘယ်လောကမှ ထွက်မြောက်ပါသလဲ ဆိုလျှင် မျက်စိ၊ နား၊ နှာ အစပြုတဲ့ လောက ခြောက်ပါး၊ မြင်၊ ကြား၊ နံ၊ စား' ထိ၊ သိ ဆိုတဲ့ သံသရာခြောက်စုံမှ ထွက်မြောက် တတ်ပါတယ်။

(တနည်း)အဝိဇ္ဇာ ဦးစီးတဲ့ သင်္ခါရလောကမှ ထွက်တတ်၊ လွန်မြောက် တတ်လို့ လောကုတ္တရာ တရားဖြစ်တယ်ဆိုတဲ့ အကြောင်း နိဒါနဝဂ္ဂ သံယုတ်ပါဠိတော် ပဋိစ္စသမုပ္ပါဒ် ဖြတ်ခဏ်းမှာ....

အဝိဇ္ဇာယတွေဝ အသေသဝိရာဂ နိရောဓာ
သင်္ခါရနိရောဓော-

လို့ ဘ- ဘုရား ဟောကြားခဲ့တဲ့ ဒေသနာကို ထောက်ထား ပြီး မှောက်မှားမှုတွေ ပပျောက်ကြရာ၏။

(တနည်း)အဝိဇ္ဇာ ကင်းကွာ ပညာပါမှ သာသနာစစ်ကြောင်း
(ဝါ)သာသနာတွင်း တရားဖြစ်ကြောင်း။

အနတ္တလက္ခဏံ ဝိနာ ဗုဒ္ဓုပ္ပါဒါ နုပယာတိ
ဗုဒ္ဓုပ္ပါဒေဧယဝ ပညာယတိ။

ဓမ္မာထားဒေသနာ သေအချာ ရှိသားမို့ ကဝိတဆူ ဖြစ်လို ကြသူ(ဝါ)တမင်, တဖိုလ် ရလိုကြသူ မျှားဖိုလ်လူတို့ ပညာသီ အနတ္တဆိုက်မှ သာသနာတွေ့ကျိုး နုပ်လို့ မြတ်မှာမို့ ယောဂီ-ကြီ-စွာသော သတိ,မနည်းသော လုံ့လ, လက်ကိုင်ထားပြီး အဓိ ပညာ ဓမ္မသို့ ဆိုက်ခါ နေရစ်တော့ လောကရေလို့ ရဲရဲတောက် ကြေးကြော်နိုင်တဲ့ ယောကျ်ား အာဇာနီကြီးတွေ ဖြစ်နိုင်ရေး အတွက် ဗုဒ္ဓအလိုတော်ကျ ပညာသိ ဝိပဿနာ စခမ်းသို့ လှမ်း ကြစို့။

(**အထူးမှတ်ချက်၊**) လောက- လောကုတ် ခွဲခြားထုတ်တဲ့ နေရာမှာ ဤကား-လောကီတရား၊ ဤကား လောကုတ္တရာ တရား ဖြစ်တယ်ဆိုတာ ကျမ်းဂန်အရ လမ်းမှန်ပြတဲ့ နေရာမှာ ဒါန,သီလ,သမထဆို- ထိုထိုတရား များ ကို မပြုလုပ်ရလို့ အထင်ပိုစေသာ ဖြစ်နေသည်၊ ဤကဲ့သို့ အထင်ရောက်က မှောက်ကြမည်သာ၊မလုပ်ရလို့ မညွှန်းပါ မပိတ်

အကျွန်ုပ် ကိုယ်တိုင်လဲ မခံယူပါ၊ ဒါပေမဲ့ သို့သော်လဲ အဘပြော- သား, ကြား ဆိုစကားနှင့် (ဝါ) လူပြော, သူပြော ထင်ယောင် ထင်မှား ကိုယ်ပိုင် ဉာဏ် နည်းပါးပြီး ရမ်းတုပ် မှန်းလုပ် ထာမျိုး ကိုတော့- အာကာ ပြင်မှာ စာတင်ရေး သလို အရာမထင် အချိုးနှိုး ဖြစ်ခါပမ်း ကြမည်သာ။

တည့်တည့်ကြီး ပြောရလျှင် အပါယ် မျိုးစေ့ (ဝါ) အို, နာ, သေ မျိုးစေ့ ချတာ နှင့် ဘာမျှ မထူးခြားပါ၊ ထို့ကြောင့်- ဒါန, သီလ, သမထဆို ထိုထိုတရား တို့ကို ပြုလုပ်ကြပါက ကိုယ်ပိုင်ဉာဏ် အသုံးချ ကာ အနတ္တဉာဏ် ပေါက်အောင်လုပ်ပါ၊ (ဝါ) အနတ္တဉာဏ်နှင့် ယှဉ်ကာပြုလုပ်ကြ ပါရန် ကျမ်းဂန် အစောင်စောင်-ဒေသ နာ အသီးသီးကို မှီငြမ်းပြုပြီး ရေးသား ကာ သတိပေးရပါသတည်း။ ။

………း ၀ း………

## "ဝိပဿနာဆိုတာ ဥာဏ်မျက်စိရှ"

ယောဂီ- လောကမှာ....
အကြံကောင်းလျှင် တချက်-
ဆေးကောင်းလျှင် တခွက်- ဆိုသလို
လောကုတ္တရာမှာလဲ....

မူလပျက်ကို သိလျှင် သံသရာမှ ထွက်နိုင်ပါတယ်။
အထက်ပါ စကားရပ်များကို ရှင်းလင်းချက် ထုတ်မည်ဆိုလျှင်....

လောက လူနေမှုစံနစ် စား, ဝတ်, နေရေး, သားကျေးမှု, မယားကျွေးမှု, အစုစုအတွက် ရွှေ,ငွေ,ရတနာ ပစ္စည်း,ဥစ္စာရှာကြံတဲ့ နေရာမှာ အကြံ ကောင်းလျှင် မခဲယဉ်းဘဲ တချက်ထဲ, တကွက်ထဲနှင့် ရနိုင်ပါတယ်။

လူသားတွေမှာ စွဲကပ်နေကဲ့ တီဘီ-တိုက်ဖွိုက်- ကင်ဆာ-နမိုးနီးယား, ကိုယ်ရေပြားရောဂါ အစဖြာတဲ့ မြောက်မြားလှစွာရောဂါ ဝေဒနာ အဖြာဖြာတို့ကိုလဲ ဆေးကောင်းလျှင် (တနည်း)ရောဂါနှင့်ဆေး ကိုက်ညီအောင်,တိုက်ဆိုင်အောင်ပေးနိုင်လျှင်ဆေးတခွက်ထဲနှင့် ပျောက်ကင်းနိုင်ပါတယ်။

ထိုနည်းတူစွာ လောကီ ဥပမာအလားကဲ့သို့ လောကုတ္တရာအရာမှာလဲ ရုပ်,နာမ် ဓမ္မတို့ရဲ့ မူလသဘာဝကို သိလျှင်(ဝါ)ရုပ်, နာမ် ဓမ္မတို့ဟာ မူလက ပျက်နေတဲ့ မူလပျက်ကို ဟုတ်တိုင်းမှန်စွာ ကိုယ်တိုင်,ကိုယ်ပိုင် သိကွက် ပိုင်လျှင် သံသရာမှ ထွက်နိုင်ပါတယ်။

No.4

ဤနေရာမှာ သတိကြီးကြီးနှင့် ပညာဦးစီးပြီး ကြည့်သင့်တာ ကတော့- ဝိပဿနာဆိုတာ ကံအရာ, နာမ်အရာမဟုတ် ဉာဏ်အရာ ဖြစ်တယ်ဆိုကာ ကောင်းကောင်းကြီး သဘောပေါက်သင့်သည်။

ရုပ်,နာမ်,ခန္ဓာ ဓာတ်သဘောကို ကိုယ်တိုင်, ကိုယ်ပိုင်သိသော ဉာဏ်ရှိလျှင် အဓိပညာ ဓမ္မဝိပဿနာ စခန်းသို့ ရောက်ခါ သံသရာ ပြေးပွဲ ရပ်နိုင်ပါတယ်၊ ( ၀၁ ) သံသရာမှ လွတ်မြောက်ပြီး လွှ သ်လပ်ရေးအစစ် ရမည်ဆိုတာကတော့ မြေကြီး လက်ခတ် မလွဲပါ။

ဒါကြောင့်— ပညာသိနယ်မှ မူလပျက်ကို သိနိုင်ရေး အတွက် (တနည်း) ကျင့်စဉ်, လုပ်ငန်းစဉ်ရဲ့ အဆုံးဖြစ်တဲ့ အဓိပညာ ဓမ္မ ဝိပဿနာ စခန်းသို့ ရောက်နိုင်ရေး အတွက် ဝိပဿနာအရာမှာ မသိလျှင် မပြီး အခြေခံကြတဲ့ ပညတ် ပရမတ် ရှင်းတမ်း ရုပ်,နာမ် ခွဲခဏ်းကို တိုတို ကျဉ်းကျဉ်းနှင့် အပို အလို မရှိစေဘဲ အမိဘာသာ ဖြင့် ရေးသားပေဦးအံ့။

ယောဂီ- ပညာသိ ဝိပဿနာ ဆိုက်ရန် အခြေခံကြတဲ့ ပညတ်, ပရမတ် ရုပ်,နာမ်တို့ရဲ့ သဘောကို ကိုယ်ပိုင်ဉာဏ် နှောပြီး သတိ ရှေ့ထား ဖန်ဖန်စဉ်းစား ဉာဏ်အားကောင်းကောင်းနှင့် ကြည့်ရှု ပါလော့။

……ះ၀း……

## ပညတ် ပရမတ် နှစ်ရပ်သိအောင်
## "ဥာဏ်ရှေ့ဆောင်"

ပညတ်၊ ပရမတ်သဘော ယောဂီ သိကွက် ပိုင်အောင် လောကီ ဥပမာဖြင့် ပြောရလျှင် နေနှင့်နေရောင်၊ လနှင့် လရောင်၊ မီးနှင့် မီးရောင် ပမာဆောင်ရာ၏၊ နေ့၊မီး၊လ တို့ရဲ့သဘောသည် အမှန် ရှိ၏၊ ၎င်း အမှန်ရှိတဲ့ သဘောသည် ပရမတ် မည်၏၊ နေ-မီး၊လ တို့ရဲ့ သဘော အမှန်ရှိကြောင်း ပရမတ် ဖြစ်ကြောင်းကို ရုပ်လုံး ဖေါ်မည် ဆိုလျှင် နေနှင့် မီးသည် ပူတဲ့သဘော အမှန်ရှိ၏၊ ၎င်း ပူတဲ့၊ အေးတဲ့ သဘောကို ပရမတ်လို့ ခေါ်ပါတယ်၊ မာဂဓ ဘာ သာ အလိုကတော့ တေဇောဓာတ် လို့ ခေါ်ပါတယ်၊ အဘိဓာ သာနှင့် ပြောရမည်ဆိုလျှင် ပူဓာတ် အေးဓာတ်လို့ ခေါ်ပါတယ်၊ ၎င်းပူဓာတ်အေးဓာတ် အမှန် ရှိတဲ့ သဘောကလေးကို ပရမတ်လို့ သတိကပ်ခါ မှတ်ခဲ့ပါဦး၊

နေရောင်၊ မီးရောင်၊ လရောင်များသည်ကား- အမှန်မရှိ၊ဉာဏ် အားဖြင့် စမ်းသပ် ကိုင်တွယ်လို့ မရ၊ ခေါ်ဝေါ် သုံးစွဲကာမျှ မတ္တ- သင်္ကေတ- ဝေါဟာရ စကားများသာ ဖြစ်ခြင်းကြောင့် ပညတ်လို့ ခေါ်ပါတယ်၊လက်တွေ့ မျက်တွေ့၊ဉာဏ်တွေ့၊သဘော တွေ့ စမ်းသပ် ကိုင်တွယ်လို့ မရ ခေါ်ဝေါ် သုံးစွဲကာမျှ မတ္တ- အမည် အမျိုးမျိုးကို ပညတ်လို့ မှတ်ခဲ့ပေဦး။

တနည်းအလို ဥပမာ ဆိုသော်-၄ မာက်ပတ္တမြားရဲ့ကျောက် သားနှင့် ကျောက်ရောင်လိုပါဘဲ၊ ကျောက်သားကို ကိုင်တွယ်

စမ်းသပ် ကြည့်တဲ့အခါမှာ ပူလျှင် ပူတဲ့သဘော၊ အေးလျှင် အေးတဲ့သဘော၊ တေဇောဓာတ်၊ မာလျှင် မာတဲ့သဘော၊ ပြော့လျှင် ပြော့တဲ့သဘော၊ ပထဝီဓာတ်၊ ကို တွေ့ရပါတယ်၊ ဖွဲ့လျှင် ဖွဲ့တဲ့သဘော၊ ယိုစီးလျှင် ယိုစီးတဲ့သဘော၊ အာပေါဓာတ်ကို တွေ့ရပါတယ်၊ ငြိမ်သက်လျှင် ငြိမ်သက်တဲ့သဘော၊ ဝါယောဓာတ်ကို တွေ့ရပါတယ်၊ ဤကဲ့သို့ ဉာဏ်အားဖြင့် တွေ့ထိလို့ ရတဲ့သဘော အမှန်ရှိတဲ့ သဘောကို ပရမတ်လို့ ခေါ်ပါတယ်။

ကျောက်ရောင်သည်ကား- ဆိုလျှင် ဉာဏ်အားဖြင့် စမ်းသပ်ကိုင်တွယ်လို့ မရ၊ ဤကဲ့သို့ စမ်းသပ် ကိုင်တွယ်လို့ မရခြင်းသည် အမှန်မရှိလို့ပါဘဲ၊ ၎င်းအမှန်မရှိတဲ့ သဘော၊ ကမ္ဘာသူ ကမ္ဘာသားများ မိမိတို့ဘာသာ လူမျိုးအလျောက် ခေါ်ဝေါ် သုံးစွဲကာမျှမတ္တ- အမည် မှန်သမျှကို ပညတ်လို့သာ မှတ်ခဲ့ပေတော့။

အို- ယောဂီ ပညတ် ပရမတ်အကြောင်း ကောင်းကောင်း သိရန် မှတ်ချက် ချသော်- ပရမတ် ဆိုတာ အမှန်ရှိတဲ့ သဘော ဉာဏ်အားဖြင့် အမှန်တွေ့ရ သိရတဲ့ သဘော ဖြစ်ပါတယ်။

ပညတ်ဆိုတာ အမှန်မရှိတဲ့ တရား ကမ္ဘာသူ ကမ္ဘာသား လူအများတို့ မိမိဘာသာ အားဖြင့် အမျိုးမျိုး ခေါ်ဝေါ် သုံးစွဲတဲ့ အသုံးတရားများ ဖြစ်ပါတယ်၊

တိုတိုကျဉ်းကျဉ်းနှင့် လိုရင်းချုပ်ပြီး မှတ်ခဲ့ ပါတော့- ယောဂီ၊ ပရမတ်ဆိုတာအမှန်ရှိတဲ့တရား ပညတ်ဆိုတာအမှန်မရှိတဲ့ တရားလို့ သိခဲ့ပေတော့။

ထိုဆိုအပ်ခဲ့ပြီးသော ပညတ် ပရမတ်ကို သိခြင်းအားဖြင့် ဘယ်လို အကျိုးရှိပါသလဲ ဆိုလျှင် လူသားတွေ နေတဲ့ ကမ္ဘာလောကဓာတ်ကြီးမှာအမည်နာမအသွေး အရောင်ပုံပန်းသဏ္ဍာန် ကောင်း မကောင်း အကြောင်းကြောင်းတွေ ဘယ်လောက်ပင် ပေါများသော်လဲ ပရမတ်ဆိုတဲ့ ဓာတ်နှင့် (ဝါ)ပရမတ်ဆိုတဲ့ မှတ်ကျောက်နှင့် တိုက်ကြည့်တဲ့ အခါမှာ။

တသားထဲ တမျိုးထဲ ဖြစ်နေပုံ(ဝါ)ပူမှု၊ အေးမှု၊ မာမှု၊ ပြေမှု၊ ဖွဲ့ပတ် ယိုစီးမှု ထောက်ကန် လှုပ်ရှားမှု ဆိုတဲ့ ဓာတ်ကြီးလေးပါးမှာ ဆုံးခမ်းတိုင် နေပုံ၊ ဓာတ်ကြီးလေးပါးဖြစ်မှုမှာ၊ တူညီနေတာ တွေ့ရပါတယ်။

ဤကဲ့သို့ ဓာတ်ကြီးလေးပါး သာလျှင် ရှိပါကလားလို့ ကိုယ်တိုင် ကိုယ်ပိုင် သိကွက်ပိုင်ပါက ကောင်း မကောင်း အဆင့် အတန်း ခွဲမှုနှင့်တကွ အသက်ဘဲ လိပ်ပြာဘဲ လောက်လန်း သဘွယ်ဝိညာဉ်တွယ် ဆိုတဲ့ အယူ ရှေ့ဘဝကို အမှီရမှ ယခု ပစ္စုပ္ပန်ဘဝကို လက်လွှတ်သည် ဆိုတဲ့ အယူမှား အစွဲမှား အလွန်ကြမ်းတမ်းတဲ့ မိစ္ဆာသညာများကို ပယ်ရှားနိုင်တဲ့ အကျိုးရှိပါတယ်။

**"ဓာတ်ပျောက်မှ အနတ္တ ပေါက်မည်"**

အထက်တွင် ပြဆိုခဲ့သော ဓာတ်ပရမတ်ကို ဓာတ် ပရမတ် အတိုင်း သိကာမျှနှင့်တော့- မဂ်ဇော ဖိုလ်ဇော မကျနိုင်သေးပါ၊ ဝိပဿနာ အလုပ် လမ်းမဆုံးသေးပါ။

ယောဂီ- ဤနေရာမှာ လေးလေးနက်နက် ဝေဘန်စေလိုပါသည်၊ ဝရဇိန်မိုးကြိုးစက်နှင့် ကျောက်တောင်ကြီးကိုဖြိုခွဲသည့် အလား ဓာတ်ပရမတ်တွေ ပြန်းပြန်း ကွဲအောင် ချေပြင်မ်းပြီး

ဆိတ်သုဉ်းတဲ့ အခြေအထိ သိအောင် ဉာဏ်ကုန်ထုတ်၍ ကြည့်ရှုပါလော့။

ဘာကြောင့် ဤကဲ့သို့ လေးနက်စွာ သတိပေးရပါသလဲ ဆိုလျှင် အချို့ အချို့သော ယောဂီ, လူ, ရှင်, ရဟန်းတို့သည် ခေတ်ကိုခေတ်အတိုင်းတိုင်းသိလျှင် ပြီးရော့-ဟု ခေတ်ပရမတ်မှာ တရားဦးခေါင်းချကာ ဟောကြ, ပြောကြ, ပွားများအားထုတ်ကျမ်းစာအုပ်ထုတ်မှု ပြုလုပ်ကြသည်ကို ဦးပဥ္စင်းတို့ မျက်မြင်ကိုယ်တွေ့ ဖြစ်ပါတယ်။

ခေတ်ပရမတ်မှာတရားဦးခေါင်းချကာ ဟောကြားပြသ ပွားများအားထုတ်ကြ, ကျမ်းစာအုပ် ရေးထုတ်ကြ ရုံနှင့် ဝိပဿနာအလုပ် ပြီးဆုံးမှု ရှိ,မရှိ၊ လမ်းဆုံး, မဆုံး- စဉ်းစား ဆင်ခြင်တော်မူကြစေလို သည်မှာ ယနေ့ မျက်မှောက် ကမ္ဘာသူ, ကမ္ဘာသားလူအများတို့ စွဲလန်းနေကြတဲ့ ပုံပန်းသဏ္ဌာန် အမျိုးမျိုးသဏ္ဌာန်ပညတ်နှင့် အမည် အမျိုးမျိုး နာမ ပညတ်တွေဟာ ဘာကြောင့်ဖြစ်လာကြသလဲ- သူတို့ရဲ့ ရေသောက်မြစ်က မည်သူလဲလို့အကြောင်းရင်းကို ဆန်းစစ်တဲ့ အခါမှာ ပရမတ်ဆိုတဲ့ ပင်မကိုတွေ့ရပါတယ်၊ ပရမတ်ဆိုတဲ့ အကြောင်းခံ တရားရှိလို့ ပညတ်ဆိုတဲ့ အကျိုးတရားတွေ ဖြစ်တယ်လို့ သိရပါတယ်။

ကောင်းပြီ... ပညတ်ဆိုတဲ့ အကျိုးတရားတွေ မလိုချင် မဖြစ်စေခြင်လျှင် သူတို့ကိုဘဲ ဦးတည် သတ်၍ ပယ်ဖျက်နေ မလား၊ ဒါမှ မဟုတ်လျှင် အရင်းခံကြတဲ့ အကြောင်းတရား, ခေတ်ပရမတ်

များကို ဆိတ်သုဉ်း ကုန်ခမ်း၍ ချုပ်ငြိမ်းတဲ့ အခြေအထိ သိအောင် လုပ်မလား၊ ဤနေရာမှာ အထူး စဉ်းစားစရာဘဲ။

ယောဂီ—တရားဟောင်းတွေ နောက်ကြောင်းပြန် တွေးမနေပါနှင့် ရှင်းရှင်းလေးပါ လောက ဥပမာ ဆောင်က မီးနှင့်မီးရောင် ဆိုကြပါစို့၊ သင့်ရဲ့ အိမ်မှာ လင်းနေတဲ့ မီးရောင်တွေကို မလိုချင်လျှင် ၎င်းမီးရောင်တွေကို လိုက်ပြီး ငြိမ်းသတ်နေက ကုန်နိုင်မည်လား၊ ဘယ်တော့မှ ကုန်မည် မဟုတ်ပါ၊ မီးရောင်ရဲ့ အကြောင်းခံဖြစ်တဲ့ မီးကို ငြိမ်းသတ်လိုက်မှ မီးရောင်တွေဟာ အလိုလို ချုပ်ငြိမ်း ဆိတ်သုဉ်း ကုန်ခမ်းသွားပါတယ်။

ထိုနည်းတူစွာ ဥပမာလိုပါဘဲ၊ လူသားတွေဟာ ဘာဘာ,ညာညာ အထင်မှားကာ စွဲစရာအနေနှင့် အကြောင်း တိုက်ဆိုင်က အခါမလင့် ပေါ်လာကြတဲ့ ပညတ်တွေကို မလိုချင်, မဖြစ်စေချင်လျှင် အကြောင်းဖြစ်တဲ့ ဓာတ်,ပရမတ် ဃနခဲကို ကြေကွဲအောင် ချေခွဲရမည်၊ ပရမတ်ကို သုညတ ဖြစ်တဲ့ အခြေအထိ သိအောင် ဉာဏ်ကို စေစားရမည်။

ယောဂီ— အခါကောင်းလို့ အခွင့်သင့်ခိုက်မှာ သိမှတ်စရာ ဓမ္မအကွက်ကို အချက်ကျ အသိပိုင်အောင် ဓာတ်,ပရမတ်ဆိုတဲ့ အကြောင်းရင်းကို ကုန်စင်အောင်,ဆိတ်သုဉ်းအောင် ဉာဏ်လက်နက်နှင့် သတ်ကြပေတော့။

ဤကဲ့သို့ ပရမတ်ခဲ့ မောဘ်ခဲကို ကုန်ခမ်း ဆိတ်သုဥ်းတဲ့ အခြေ အထိ ဉာဏ်မျက်စေ့နှင့် မကြည့်ဘဲ ဘုရားက မော်ကို ဟောခဲ့ တာဘဲ၊ မောတ်ကို မောတ်အတိုင်းတိုင်း သိထားလျှင် ပြီးတာဘဲလို့ မောတ်ပရမတ်မှာ တင်ကာ တရားဦးဖေါင်း ချထားပါက ဝိပဿ နာလုပ်စဉ် လမ်းဆုံးမဆုံး၊ မဂ်ဇော ဖိုလ်ဇော ကျမကျ အကိုး သာဓက ကျမ်းဂန်ထုတ်၍ သက်သေ ပြရလျှင်....

ဝိဇာနနသဘာဝေ၊ ဝိညာဏော ဇီဝသညီနံ။
သညာသမူ ဟနတ္ထမ္ပိ၊ အဋ္ဌာရသေဝဝုဒ္ဓါ။ ။လို့ ဝိဘင်း
ပါဠိတော်မှာ ဟောဘော်ညွှန်ပြခဲ့ပါတယ်။

ဝိဇာ နန သဘာဝေ၊ ခြောက်တန် အာရုံ အလုံးစုံကို အကုန် သိခြင်းသဘော ဖြစ်ကုန်သော။ ဝိညာဏော၊ ကြံစည်တွေးတော သိခြင်းသဘောရှိသော ပရမတ် စိတ်ကလေး၌။ ဇီဝသညီနံ၊ အ သက်၊ လိပ်ပြာ၊ သတ္တဝါနှင့် လောက်လန်းသဘွယ် ဝိညာဉ်တွယ် ဟုသွယ်သွယ်များပြား မိစ္ဆာသညာများကို။သညာသမူဟနတ္ထမ္ပိ၊ မှားယွင်း ဖေါက်ပြန် အတန်တန်သော မိစ္ဆာဓမ္မကို ပယ်နှုတ်တော် မူခြင်းငှါလည်း။ အဋ္ဌာရသေဝ၊ မျက်စေ့ နား နှာအစဖြာတဲ့ တဆယ့်ရှစ်ပါး မောဘ်တရား ကိုသာလျှင် (ဝါ) မောတ်ကြီး လေး ပါး ရင်းခံထားသည့် ကဆယ့်ရှစ်ပါး ဓါတ်တရားကို သာလျှင်။ ဘဂဝါ၊ ရဟန်းမြတ်စွာ ငှ်ဆရာသည်။ ဝုဒ္ဓါ၊ မိစ္ဆာသညာကင်း ပြတ်ကွာ၍ ယောဂီအများ ယွင်းမမှားအောင် ဖွင့်လှစ်ခါသာ ဟောကြားခဲ့ပေသတည်း။

ဤသည့်ဒေသနာ ပါဠိ လာရှိသည်ကို မြန်မာ့စကားနှင့် သိရမှာကတော့-ဖြစ်ပေါ်လာသမျှ အာရုံအရပ်ရပ်ကို သိခြင်းသဘော ရှိသော ဝိညာဉ်ဘဲ, နာမ်ဘဲလို့ ခေါ်စွဲခံရသည့် သဘောကလေးကို(ဝါ)နာမ် ပရမတ် ကလေးကို အသက်ဘဲ,လိပ်ပြာဘဲ,အထင်လွဲ,အမြင်လွဲ,အမှတ်လွဲနေတဲ့ ကြမ်းတမ်း ယုတ်မာသော မိစ္ဆာသညာကို (ဝါ) ချွတ်ယွင်းဖေါက်ပြန် မမှန်တဲ့ အယူကို ပယ်စွန့်စေခြင်း အကျိုးငှာ တဆယ့်ရှစ်ပါးသော ဓာတ်တရားကို မြတ်ဘုရားက ဟောခဲ့ခြင်း ဖြစ်တယ်လို့ မှတ်ခဲ့ပါတော့.... ယောဂီ။

၎င်းဓာတ် ပရမတ်ကို ဝရဇိန်လက်နက် မိုးကြိုးစက် ကဲ့သို့ ထက်မြက်လှစွာသော ဉာဏ်လက်နက်ဖြင့် ဝက်ဝက်ကွဲအောင် ချေမှုန်း၍ ဆိတ်သုဉ်း နေတဲ့ သုညတ ဖြစ်ပုံ ဉာဏ်ငုံကာသိမှ ကျင့်စဉ်အလုပ် ပြီးဆုံးခြင်းသို့ ရောက်မည်၊ သေမင်းရဲ့ လက်အောက်မှ လွတ်မြောက်မည်။

ဒါ့ကြောင့်- ဘ,ဘုရားက အဆုံးအမ ထားခဲ့တာကတော့....

သုညတော လောကံ အဝေက္ခသု၊
မောဃရာဇ သဒါသတော။
အတ္တာနု ဒိဋ္ဌိံ ဥဟစ္စ၊ ဧဝံမစ္စုတရော သိယာ။

အစဖြာတဲ့ အမြတ်တရားကို သုတ္တနိပတ်ပါဠိတော်မှာ ဟောကြားခဲ့ပါတယ်။

No 5

အထက်ပါ မာဂဓစကားကို အမိဘာသာဖြင့်ပြန်ကြားသော်- မောဃရာဇ၊ သေမင်း လက်တွင်းမှ လွတ်ကင်းရန်တရား လျှောက်ထား မေးမြန်း အို- ချစ်သား မောဃရာဇ ရဟန်း။ သဒါ၊ နေ့ရော-ညပါ ဘယ်ခါမဆို ထိုထိုကာလ အချိန်တိုင်း၊ အချိန်တိုင်းသော သမယတို့၌။ သတော၊ လို့လကြီးမား သတိထားလျက်။ အတ္တာနုဒိဋ္ဌိံ၊ရှင်ထဲ့နှလုံးထဲ့ဘဝင်စွဲအောင် ဖေါက်ခွဲစူးဝင်လေ့ရှိသော ငါ့ငါတည်းဟူသော အတ္တဒိဋ္ဌိခြောင်ကို။ ဥဟစ္စ၊ စွန့်ခွာပယ်နုတ် အတင်းဖြုတ်လျက်။လောကံ၊ညွှတ်သိ သဘောမျှ နာမ်လောကနှင့် ဖေါက်ပြန်ချုပ်သမျှ ရုပ်လောကကို။ သုညတော၊ နိစ္စ သုခ အတ္တဟန်ဆောင် အရောင်အရိပ် အကောင်နိမိတ်တွေကို ဉာဏ်နှင့်ဖယ်ရှား သုဉ်းဆိတ်ကွယ်ပျောက်၍ သွားလေအောင်။ အဝေက္ခဿု၊ထပ်ထပ်ဖန်ဖန် ပညာဉာဏ်ဖြင့် ထင်မြင်အောင် ပွားများ ရှုကြည့်လိုက်ပါတော့လော။ ဧဝံ၊ ဤသို့ ပ႑ုမတ်တရားမှာ အမှတ်အသားမရှိ၊ အမှတ်မှားစရာ မရှိ ထင်မြင်အောင် ဆင်ခြင်နိုင်သည် ရှိသော်။ မစ္စုတရော၊ သေမင်းရဲ့ လက်တွင်းမှ တကယ်တန်း လွတ်ကင်းနိုင်တော့သည်။သိယာ၊အေးမြသာယာ နိဗ္ဗုတာသို့ စိတ်ဖြူစွာ ကာလ မဆိုင်းဘဲ လိုတိုင်း ရကြသည် သာလျှင်သတည်း။

ဤကဲ့သို့ ဟောကြား ဒေသနာ သေအချာ ရှိသားမို့ ကဝိတဆူ ဖြစ်လိုသူနှင့် အမြတ်တရား မှတ်သားကြသူ များဗိုလ်လူတို့သည် ခေတ်ပရမတ်မှ ဆိတ်နေတဲ့ သုညတကို(ဝါ) ခေတ်ပရမတ်မှ ကုန်ခမ်း ဆိတ်သုဉ်းနေတဲ့ သုညတကို အမြင်မှန်ရ ကြအောင်

ဉာဏ်ရှေ့ဆောင်လျက် ရုပ်နာမ်နှစ်ဖြာ ခန္ဓာငါးဝ သဘောများကို ကိုယ်တိုင် ကိုယ်ပိုင်သိအောင် ရှေ့ဆိုဆက်ခါ ဒီအသိမျိုး မသိလျှင် မပြီးဆိုတဲ့ သတိကလေး အမြဲယှဉ်လျက် ဇာနိယောကျ်ား တိပဟိတ် စိတ်ထားဖြင့် ကြိုးစား အားထုတ်ရာ၏။

........း၀း........

## " ရုပ်နာမ်သိမှ ပါယ်ဒုက္ခ မုချလွတ်မည်သာ "

အကျွေယျ သညီနော သတ္တာ၊ အကျွေယျသိမ္မံ ပတိဋ္ဌိတာ။
အကျွေယျံ အပဋ္ဌိညာယ၊ ယောဂမာယန္တိ မစ္စုနော။
(သဂါထာဝဂ္ဂသံယုတ်ပ ဋ္ဌ°တော်)

အကျွေယျသညီနော၊ မိန်းမ ယောကျ်ား မဟုတ်ငြားသည့် နာမ်ရုပ်နှစ်ပါးကို အဟုတ် မိန်းမယောကျ်ား အမှတ်မှားကြကုန်သော။ အကျွေယျသိမ္မံ၊ မိန်းမ ယောကျ်ား မဟုတ်ငြားသော်လည်း သမုတိအရာ ခေါ်ဝေါ်ရုံသာ ခေါ်ဆိုရကုန်သော ရုပ်နာမ်နှစ်ပါး၌။ ပဒိဋ္ဌိတာ၊ မိန်းမ ယောကျ်ား အထင်မှားကာ အစွဲကြီးစွဲ အလွဲကြီးလွဲကာ တည်ကြကုန်သော။ သတ္တာ၊ သမ္မာဉာဏ် နည်းပါး အဝိဇ္ဇာနယ်သား ဖြစ်ကြကုန်သော အန္ဓပုထုဇဉ် လူဗာလတို့သည်။ အကျွေယျံ၊ အမှန်အဟုတ် နာမ် နှင့် ရုပ်ကို။ အပဋ္ဌိညာယ၊ ကိုယ်တိုင် ကိုယ်ပိုင် ဟုတ်တိုင်းမှန်စွာ မသိခြင်းကြောင့်။မစ္စုနော၊ သုံးဆယ့်တစ်နိုင်ငံ ပိုင်စံစိုးနင်း ရှင်သေမင်း၏ (ဝါ)အိုမင်း နာမင်း သေမင်း အပါယ်မင်း၏ သူ့စိတ်ကြိုက် ထိုထို သူကြိုက်သည်

အလိုသို့။ အာယန္တိ၊ သတ္တဝါခပင်း အန္ဓပုထုဇဉ် တသင်းတို့မှာ အစဉ်တစိုက် ခေါင်းကိုင်ကိုက်၍ လိုက်ကြရလေ ကုန်၏။

ယောဂီ- အယက်ပါ ဘ, ဘုရား၏ အဆုံးအမ ဒေသနာကို သေချာစွာ တွေး၍ဘတ်- ရုပ်ခတ်, နာမ်ခတ်, ရုပ်တရား, နာမ်တရားကို အမှန်အားဖြင့် မသိခြင်းကြောင့်- မိန်းမ, ယောကျ်ားအထင်များကာ အကောင်, အထည်, ဒြပ် မရှိ၊ ခေါ်ဝေါ် သုံးစွဲရှိသာ ခေါ်ဆိုရသော သမုတိသစ္စာကို မိန်းမ, ယောကျ်ား အကောင်, အထည်, ဒြပ်ရှိသည်ဟု အထင်မှား, အမြင်မှားကာ အစွဲကြီးစွဲ, အလွဲကြီးလွဲပြီး ဘုရားသာသနာနှင့် မတွေ့ရဘဲ အိုမင်း, နာမင်း, သေမင်း, အပါယ်မင်းရဲ့ လက်တွင်းသို့ သက်ဆင်းရတယ်၊ ယောဂီ- ဆိုလိုရင်း အရိပ္ပါယ်ကတော့- ရုပ်နာမ်ကို အဟုတ် အမှန်မသိလို့ အကြိမ်ကြိမ် အခါခါ အိုရ, နာရ, သေရ, အပါယ်ကျရတယ်လို့ ဟောခဲ့တယ်။

ထို့ကြောင့်- ရုပ်နာမ် နှစ်စုံ ဉာဏ်နှင့် ငုံမိရန် အရေးကြီးစွာသော သတိနှင့် ဉာဏ်ကုန်ဖွင့်ကာ ကြည့်ရှု ရမည်၊ ယောဂီ- တရားဆိုတာ မခက်ပါဘူး၊ တရားကို တရား အတိုင်းတိုင်း သိသွားဘို့ပါဘဲ၊ ဘယ်လို သိထားရမှာလဲ ဆိုလျှင် လောကဥပမာအားဖြင့် ပြောရမည် ဆိုပါက အဖြူကို အဖြူအတိုင်း သိ၍ အမဲကို အမဲအတိုင်း သိဘို့ပါဘဲ၊ အဖြူကို အမဲလို့ ထင်မှတ်လျှင် အမှတ်မှား, အထင်မှားလို့ သညာဝိပ္ပလ္လာသ ဖြစ်ပါတယ်၊ အမဲကို အဖြူလို့, စွဲမြဲယူလျှင် အယူ မမှန် ဖောက်ပြန်လို့ ဒိဋ္ဌိဝိပ္ပလ္လာသဖြစ်ပါတယ်၊

အဖြူကို အမဲများလား....အမဲကို အဖြူပါလား၊ ကြံသိလျှင် အကြံမှားယွင်း ဖောက်ပြန်ခြင်း ကြောင့်စိတ္တ ဝိပ္ပလ္လာသဖြစ်ပါတယ်။

ဤကဲ့သို့ အမှတ်၊ အထင်၊ အယူ၊ အစွဲ၊ အကြံ၊ အသိမဖောက်ပြန် မမှားယွင်းအောင် အဖြူကို အဖြူပါလားလို့ ဟုတ်တိုင်းမှန်စွာသိ အမဲကို အမဲပါလားလို့ ဟုတ်တိုင်းမှန်စွာသိသွားဘို့ပါဘဲ၊ တိုကဲ့သို့ အမှန်တိုင်းတိုင်း သိတာကိုပင်သစ္စာလို့ ခေါ်ပါတယ်။ ။ ၎င်း ဥပမာ အတိုင်း ရုပ်၊ နာမ် ဓမ္မ၊ သင်္ခါရတို့ဟာလဲ ဘယ်အနေနှင့် ရှိ၍ မည်သည့် အနေနှင့် မရှိပုံကို ဉာဏ်ငုံကာ သိထားလိုက်ရုံပါဘဲ။

ယောဂီ- တရားကို အသုံးစကားအနေနှင့် ခွဲက ခွဲသလောက်ကျယ်ဝန်း၍ များပြားမည်သာ။ အကျဉ်းအားဖြင့် ဆိုလျှင် မိစ္ဆာအမြင်နှင့် သမ္မာအမြင် (တနည်း) မိစ္ဆာတရားနှင့် သမ္မာတရား တို့နှစ်ပါးဘဲ ရှိပါသည်။

သို့သော်လည်း ယနေ့ မျက်မှောက်ကာလ၌ ဟောကြ၊ပြောကြ များလှစွာသော အချို့ အချို့သော ဘာသာရေး ခေါင်းဆောင်တို့သည် မိမိ၏ တိုက်ဆောက် ကားစီး အခြံအရံ ပြည့်ဝနိုင်ရေး ရှေ့ရှုလျက် သနားစဘွယ် ၊အားငယ်စွာနှင့် ခိုကိုးရာ၊ အားထားရာ၊ မိတ္တယ်ရာကို ရှာကြံနေတဲ့ မြောက်မြားလှစွာသော ယောဂီ အပေါင်းတို့အား မျက်ဝါးထင်ထင် ဉာဏ်အားဖြင့် မမြင်နိုင်တဲ့ အနာဂါတ်ကို လက်ညှိုးတအားညွှန်ကာ အာဘောင်၊အာရင်းသန်သန်နှင့် ကြီးမား လှစွာသော စကားလုံးကြီးတွေ အသစ်

အဆန်းယှဉ်ကာ မသိရှာ နားမလည် သေးကဲ့ ယောဂီများကို ခက်တယ်, နက်တယ်, သိနိုင်ခဲတယ်၊ အမယ်မယ်နှင့် အမယ်ဓပါင်း မြောက်မြားစွာ အသုံးချကာ အမိုက်တိုက် အတွင်းသို့ အတင်း ရိုက်မသွင်းသော်လည်း သွင်းဘိသကဲ့သို့ ဖြစ်နေပါတယ်။

ယောဂီ— အထက်ပါ စကားရပ်၌ အမိုက်တိုက် အတွင်းသို့ အတင်းရိုက်မသွင်း သော်လည်း သွင်းဘိသကဲ့သို့ ဆိုသော စကား ရပ်သည် အမှားကို ထိပါးပုက်ခတ် ရေးသလို အထင်ပိုစရာ ဖြစ် နေပါသဖြင့် အပြစ်တင် မစောကြစေဘို့ ဘုရား၏ မျက်နှာကို ထောက်ထားကာ–ရှင်းလင်းချက် ထုတ်ရလျှင် ယခုမျက်မှောက် လောကမှာ ဘာသာရေးအလေးဂရုပြုကာ-မဂ်တရား, ဖိုလ်တရား, နိဗ္ဗာန်ချမ်းသာကို မျက်မှောက်ပြုလိုကြတဲ့ အမျိုးကောင်းသား, အမျိုးကောင်းသမီးတို့ဟာ (၀ါ) သံသရာခရီးကြမ်းမှာ လေးလံ လှစွာသော ဝန်ထုပ်, ဝန်ပိုးတွေကို ထမ်းဆောင်နေရတဲ့ ဘဝမှ လွတ်မြောက်ချင် ကြတဲ့ လွတ်လပ်ရေး အစစ်ကို လိုချင်ကြတဲ့ ယောဂီတွေမှာ သူတို့ရဲ့ စိတ်ဟာ ပင်ကိုကမှ ဒေသနတ္တမ နည်း အားဖြင့် ပထယျာဖြန့် ဟောထားပုံ ဉာဏ်ငုံကာ မသိကြသဖြင့် စိတ်အားငယ်(၀ါ)ဒေသနာ နည်းတွေကို ကိုယ်မှာ အရှိထားရ မည် မှတ်ပြီး စိတ်ဓာတ်ကျ ပရိယာယ ဓမ္မအားဖြင့် ဟောထားပုံ ကို အလုံးစုံ ပါရမီ နှုတယ် ဆိုလိုဆို ဖျင်းရန်ကော, အရှန်းကာ, နှရန်ကော ပြောလိုရာ ပြောပြီး ဓမ္မတာ အလုပ်နှင့် အချိန်ကုန်– မိုးဖလာ အလုပ်ဖြင့် အားရကာ ပါရမီဖြစ်နိုင် တော်ပါပြီလို့ အထင်ချော်, အမြင်မှား, စိတ်အားငယ် စိတ်ဓာတ် ကျနေကြတဲ့

ယောဂီ မောင်, မယ်များကို စိတ်ဓာတ်ကျ သထက် ကျအောင် ဒေသနာ နည်းတွေကို မဆုံးတန်းရွတ်- ပရိယာယ ဓမ္မတွေကို အနည်းနည်းပြ- ခက်တယ်, နက်တယ်, မလွယ်ကြောင်း ထပ်ဖလောင်းပြီးဟောကြ, ပြောကြသည်သာ များစွာ ဟွေ့ရပေသည်။

အဘ ဘုရားမျက်နှာ ထောက်ပြီး ကျမ်းပြုသူ ပုဂ္ဂိုလ်၏ အလိုပြောရမည်ဆိုလျှင် ယနေ့ မျက်မှောက်ဘဝ ကျရောက်နေတဲ့ ယောဂီများဟာ ပါရမီမနုကြပါ၊ ပါရမီမနုကြောင်း သာဓကပြရမည်ဆိုလျှင် ဘဝ အဆက်ဆက်က ဆည်းပူးခဲ့တဲ့ ပါရမီသမ္ဘာရကြောင့် ယခု ပစ္စုပ္ပန်ဘဝမှာ အလွန်ကြုံရခဲတဲ့ ဘုရား သာသနာတော်ကြီးမှာ ရခဲလှစွာဖြစ်သော မနုဿတ္တ ဒုလ္လဘ လူ၏ အဖြစ်ကိုရ၍ အလွန်ကြားနာ ရခဲလှစွာသော သဒ္ဓမ္မသဝန အတိ ဒုလ္လဘကို မပင်မပန်း ဘဝင်ချမ်းမြေ့စွာဖြင့် မဂ်, ဖိုလ်, နိဗ္ဗာန်ကို မျက်မှောက် ပြုနိုင်တဲ့ သာသနာတွင်း တရားတွေကို ကိုယ်တိုင် ကိုယ်ပိုင် ကြားနာ တွေ့ရှိနေရ ပြီးဟာ ပါရမီကို ရှိမနေကြပါနှင့် ယောဂီများ....။

ထိုမှ တဖန် ဒေသနာနည်းတွေ ကျယ်တိုင်းလဲ လိုက်နေရန် မလိုအပ်ပါ၊ ပရိယာယ ဓမ္မနည်းတွေ များတိုင်းလည်း ဟိုဟာ ကောင်းနိုးနိုး- သည်ဟာ, မှန်နိုးနိုး ဟိုဆရာ့မျက်နှာ မော်ကြည့်, သည်ဆရာ့ထံမှာ ဒူးတုပ်-အမျိုးမျိုးလုပ်ခါ လက်ဟဲ့ စမ်းနေရမည့် ကာလ မဟုတ်တော့ပါ။

ဤကဲ့သို ဟိုဟာ ဟုတ်နိုးနိုး- သည်ဟာ မှန်နိုးနိုး- ဟိုဆရာ ဒူးတုပ်- ဒီဆရာ မော်ကြည့် လုပ်နေတာကို နာနာသတ္တာရာန် ဥလ္လောကေန္တိတိ ပုထုဇ္ဇနာ- လို့ ဟောခဲ့တယ်၊ အထူးထူး အပြား ပြား များပြားလှစွာသော ဆရာသမားများကို မော်ကြည့် ဆည်း ကပ်ရ တဲ့ ပုဂ္ဂိုလ်ကို ပုထုဇဉ်လို့ ခေါ်တယ်၊ ပုထုဇဉ် ဆိုတာ အမိဘာသာဖြင့် ပြောရ မည်ဆိုလျှင် အကမ်း၊ အရမ်း၊ အမှန်း သမား အရူးကြီးလို့ ပြောတာဘဲ၊ ပုထုဇ္ဇနော ဥမ္မတ္တကောတဲ့ ပုထုဇဉ်တွေဟာ အရူးများနှင့် တူတယ်-တဲ့၊ ဒါ့ကြောင့် အကန်း၊ အရမ်း၊ အမှန်းသမား အရူးဘဝမှ လွန်မြောက်ဘို့ ကောင်းပြီ၊ အရူးစာရင်းမှ ထုတ်နှုတ်ကြဘို့ရန် သင်တို့မှာ အခါကောင်း၊ အခွင့် ဆိုက်၍ သမ္မာဉာဏ်လည်း ရင့်နေပါပြီ၊ ပါရမီရှင်ကြီးတွေ ဖြစ်နေ ကြပါပြီ။

ထို့ကြောင့်- အမေကျော်ပြီး ဒွေးတော်ကို မမျှော်မှန်းကြ ပါနှင့်၊ မျက်မှောက် တွေ့နေရတဲ့ ဘုရားကို ပါယ်ရှားပြီး နောင် လာမည့် အနာဂါတ်ဘုရားကို မျှော်မှန်းနေလို့ တော်မည် မဟုတ် ပါ၊ ယခု ဘုရားသာသနာမှာဘဲ အပါလိုက်ကြ ပါတော့၊ ဘာ သာရေး ဦးဆောင်မှု ပေးကြတဲ့ ဆရာ့၊ ဆရာကြီးတွေနှင့် တကွ ဒါယကာ၊ ဒါယိကာမများနှင့် ရဟန်း၊ ရှင်၊ လူ အပေါင်းတို့အား သတိပေးကာ- ရှင်းလင်းချက်တရား ရေးသားလိုက်ရပါသည်။

ယောဂီ- အထက်တွင် ပြဆိုခဲ့သည့်အတိုင်း ဒေသက္ကမနည်း၊ ပရိယာယ မွနည်းအားဖြင့် ဘယ်လောက်ပင် များများ အကျဉ်း အားဖြင့် လောကတရားနှင့် လောကုတ္တရာ တရား(တနည်း)မိစ္ဆာ တရားနှင့် သမ္မာတရား ဤနှစ်ပါးဘဲ ရှိပါတယ်။

တို မိစ္ဆာ သမ္မာ တရား နှစ်ပါးတို့တွင် မိစ္ဆာတရားနှင့် အ မွေပြတ် လမ်းခွဲ၍ သမ္မာတရား လက်ကိုင် ထားကာ- နိဗ္ဗာန်ချမ်း သာကို မျက်မှောက်ပြုနိုင်ရေးအတွက် ဒေသနာနည်း သိပ်မစွက် ပရိယာယ် ဓမ္မနည်းတွေ မဘက်ဘဲ မုချဓမ္မအားဖြင့် ရုပ်, နာမ်, ခန္ဓာ, ဓာတ်သဘောကို ဗုဒ္ဓဟောချက် ဓမ္မစက်နှင့် အညီ အချက် ကျကျ ရေးမည် သတိပြု၍ ကြည့်ရှုကြပါကုန်။

—.....:ဝ:.....—

## "တဆယ့်ရှစ်ပါး ဓါတ်တရား ပိုင်းခြားသိကြပါ"

ယောဂီ- သိကွက် ပိုင်အောင် ပြောတိုင်းယုံ့ ခိုင်းတိုင်းလုပ် တတ်သည့် ဝါသနာဆိုးနှင့် နည်းမမှန် လမ်းမကြတဲ့ မိရိုးဖလာ ဓမ္မတာတရားဟောင်းများကို စျာပန အဖြစ်နှင့် ပြာချပစ်ခဲ့ပေ တော့။

ယောဂီ- ရုပ်, နာမ် မသိလို့ အပါယ်ကျရတယ်ဆိုတော့- အ ပါယ်ဘေးမှ ကင်းဝေးအောင် ရုပ်,နာမ်သိမှု ဉာဏ်နှင့်ကြည့်ရှုပါ တော့၊ ယောဂီ— အသိ ရှင်းအောင် ထင်လွယ်တဲ့ နည်းဖြင့် သန္ဒိဋ္ဌိက ဓမ္မကို ပြရမည်ဆိုလျှင် ယခု ပစ္စက္ခမှာ အမှန်ရှိတဲ့ အရှိ တရားတွေကို အသိပွား နေရတာ ပါဘဲ။ ဘက်လို အသိပွားမ လဲ- သတိရှိပါ၊ ဓလောက လူသားများ အမိဝမ်းတွင်းမှ သက်ဆင်း သည့် နေ့က စ၍ ယနေ့ မျက်မှောက် ကာလအထိ အကြောင်း တိုက်ဆိုင်လျှင် တိုက်ဆိုင်သလို အာဂန္တုက အနေနှင့် ပေါ်လာ

ကြသည့် မြင်မှု၊ကြားမှု၊နံမှု၊စားမှု၊ထိမှု၊ သိမှုဆိုတဲ့စိတ်တွေဟာသင့်ထံမှာ အချိန်ကာလမဆိုင်းဘဲ ပေါ်လာတာကတော့— ယောဂီ— ဉာဏ်မြင် ကိုယ်တွေ့ မဟုတ်ပါလား။

ကောင်းပြီ.... ၎င်း မြင်၊ ကြား၊ နံ၊စား၊ထိ၊သိဆိုတဲ့ စိတ်တွေဟာ ဘာကို အကြောင်းခံပြီး ဖြစ်ပေါ်လာသလဲဆိုတဲ့ အနီးကပ်ဆုံး အကြောင်းကို လိုက်ရှာလျှင် မျက်စေ့အကြည်၊နားအကြည်၊ နှာခေါင်းအကြည်၊ လျှာအကြည်၊ ကိုယ်အကြည်၊ မနောအကြည်တို့ကို တွေ့ရပါတယ်။

ထိုမှ တဆန့် မြင်၊ ကြား၊ နံ၊ စား၊ ထိမှု၊ သိမှု အစုစုတို့၏ ဖြစ်ပေါ်နိုင်မှု အကြောင်းစုကို သူတော်သန် ပြုပြန်သော် (၀ါ) သန်းစစ် ဝေဖန်သော်- အထက်တွင် ပြခဲ့သော အကြည်ဓာတ်ခြောက်စုံ ကမ္မဇ မှန်ပြင်ကို အရောင်ဟပ်သည့် အလား- မထိခိုက်သော်လည်း ထိခိုက်ခြင်း၄ာ ထိုက်သည့် (၀ါ)ဖြစ်ဖော် ဖြစ်ဘက်သဟဇာတ ရုပ်များဖြစ်သည့် အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အတွေ့၊အထိသဘောတရား(ခေါ်) (အဟောင်း တရားများ)သည် အကြည်ဓာတ်မှုား ဖြစ်ကြသည့် ကမ္မဇ မှန်ပြင်ကို ထိခိုက်ကြပါသည်။

ဤကဲ့သို့ မျက်စေ့ အကြည်ကို အဆင်းက ထိခိုက်တဲ့အခါမှာ မြင်စိတ် ဖြစ်ပေါ်- နားအကြည်ကို အသံက တိုက်ခတ်တဲ့ အခါမှာ ကြားစိတ် ဖြစ်ပေါ်- နှာခေါင်း အကြည်ကို အနံ့က တွေ့

ထိတဲ့ အခါမှာ နံ့စိတ်ဖြစ်ပေါ်— လျှာအကြည်ကို အရသာဂဂ (ဝါ)ချို့,ချဉ်,ပူ,စပ်,ဖန်,ခါးများက တွေ့ထိတဲ့ အခါမှာ စားစိတ် ဖြစ်ပေါ်- ကိုယ် အကြည်ကို မာ,ပြော့,နူးညံ့ခေါ်ရ- ဖောဋ္ဌဗ္ဗက တွေ့ထိတဲ့ အခါမှာ ထိစိတ်ဖြစ် မနောအကြည်ကို သဘောတရား ခေါ် အပေါင်းတရားများက ထိခိုက်တဲ့ အခါမှာ သိစိတ် ဖြစ် ပေါ်ကြပါသည်။

ထိုကဲ့သို့ အထိခိုက် အတိုက်ခံရသည့် ကမ္မဇ အကြည်ခေါ် ပသာဒရုပ် ခြောက်ပါးကို အခံဓာတ်လို့ ခေါ်ပါသည်- ဒေသနာ အလို ပြောရမည်ဆိုက ဒွါရခြောက်ပါးလို့ ခေါ်ပါသည်။

၎င်းအကြည်ဓာတ်များကို ထိခိုက်သည့် ရူပါရုံ အစဖြာတဲ့ ခြောက်ပါးသော အာရုံများကို (ဝါ) အဆင်း, အသံ, အနံ့, အရသာ, အတွေ့, အထိ သဘောတရား ခေါ် အပေါင်းတရား များကို အတိုက် ဓာတ်လို့ ခေါ်ပါသည်၊ ဒေသနာအလိုပြော မည်ဆိုက အာရုံခြောက်ပါးလို့ ခေါ်ပါသည်၊ ထိုအခံဓာတ်, အ တိုက်ဓာတ် တဆယ့် နှစ်ရပ်ကို ဒေသနာအလို ပြောမည်ဆိုက အာယတန တဆယ့်နှစ်ပါးလို့ခေါ်ပါသည်၊အခံဓာတ်နှင့်အတိုက် ဓာတ် တွေ့ထိတဲ့ အခါမှာ မြင်,ကြား,နံ့,စား,ထိ,သိဆိုတဲ့ အ ပေါ်ဓာတ်များ ဖြစ်ပေါ်လာပါတယ်၊ ၎င်း အပေါ်ဓာတ် များ ကို ဒေသနာအလို ပြောမည်ဆိုက ဝိညာဉ်ခြောက်ပါးလို့ ခေါ်ပါ သည်။

ဤသို့ ဖြစ်ပြား အခံဓာတ် ခြောက်ပါး, အတိုက်ဓာတ် ခြောက်ပါး, အပေါ်ဓာတ် ခြောက်ပါး၊ ခြောက်ပါးသုံးလီပေါင်းစပ်က တဆယ့်ရှစ်ပါး ဖြစ်ပါသည်၊ ၎င်းတဆယ့် ရှစ်ပါးကို ဓာတ်တဆယ့်ရှစ်ပါးလို့ ခေါ်ပါသည်၊ ထိုတဆယ့် ရှစ်ပါးတို့တွင် အခံဓာတ် ၆- ပါး နှင့် အတိုက်ဓာတ် ၆-ပါး၊ ဤတဆယ့်နှစ်ပါး သည် ရုပ်ဓာတ်များဖြစ်ကြသည်၊ အပေါ်ဓာတ် ခြောက်ပါး သည် နာမ်ဓာတ်များ ဖြစ်ကြသည်။၊ ၎င်း ရုပ်ဓာတ်, နာမ်ဓာတ် များသည် ပြိုင်တူ ဖြစ်၍ ပြိုင်တူ ပျက်ကြပါသည်၊ ဤကဲ့သို့ ပြိုင်တူ ဖြစ်၍ ပြိုင်တူ ပျက်သော ရုပ် နာမ်တို့ကို ပရမတ် ရုပ်နာမ်လို့ ခေါ်ပါသည်။

........း၀း.........

## "ဝိပါက်ရုပ် နှင့် ပရမတ် ရုပ်နာမ် ခွဲခြား၍ပြ"

ဝိပဿနာ ရှုက ၎င်းပရမတ် ရုပ်နာမ် များကို ရှုရပါသည်၊ ဥတုဇရုပ်, အဟာရဇ ရုပ်ကြီးကို ဝိပဿနာ မရှုရပါ၊ (ဝါ) ဝိပါက္ကဋတ္တာ ရုပ်ကြီးကို ဝိပဿနာ မရှုရပါ၊ ဝိပါကကဋတ္တာ ရုပ် နှအစိန္တိယံအကျိုးဝိပါက်ရုပ်ကြီးကို မကြံစီအပ်ဘူးတဲ့။

ကောင်းပြီ-အကျိုး ဝိပါက် ရုပ်နာမ်ကို မကြံစည်ရလျှင် ဘယ် ရုပ်နာမ်ကို ကြံစည် ရမလဲ, ပွားများ ရှု ကြည့် ရမလဲ ဆိုလျှင် ပရမတ် ရုပ်နာမ်ကို ကြည့်ရှု ပွားများ ရမည်၊ ဘာ့ကြောင့်-ပရမတ် ရုပ်နာမ်ကို ရှုကြည့်ရမလဲဆိုလျှင်........

ဧဝံ သဗ္ဗေပိ ရူပါရူပိနော ဓမ္မာ အဟုတွာ
သမ္ဘဝန္တိ ဟုတွာ ပဋိဝေန္တိ။ ။လို့ ဝိသုဒ္ဓိမဂ်မှာ
လာပါတယ်။

ဧဝံ၊ ဤသို့၊ သဗ္ဗေပိ၊ ခပ်သိမ်း ဥဿုံ အလုံးစုံလည်း ဖြစ်ကုန်သော။ ရူပါရူပိနော၊ ပရမတ် ရုပ်နာမ် ဖြစ်ကုန်သော။ ဓမ္မာ သဘောတရားတို့သည်။ အဟုတွာ၊ ရှေးက မဖြစ်ဘူးကုန်ဘဲ၊ သမ္ဘဝန္တိ၊ ယခုမှအသစ် ရုတ်တရက် ဖြစ်ကြကုန်၏။ ဟုတွာ၊ ဖြစ်ကြပြန်လျှင်လည်း။ ပဋိဝေန္တိ၊ ချက်ခြင်းချုပ်ပျောက်ရပြဲ ဓမ္မတာပင်တည်း။

ယောဂီ-ဤနေရာမှာ အရေးကြီးသည်၊ အထူး သတိပြု၍ ကြည့်ရှုပါ၊ ဖြေးဖြေးနှေးနှေး ဘတ်၍ စိစိတွေးကာ ကိုယ်ပိုင်ဉာဏ် အသုံးချပါလော့။

အထက်တွင် ပြဆိုခဲ့သော ပါဠိဘော်က ပရမတ်ရုပ်နာမ်ဆိုတာ ရုပ်ဓာတ် နာမ်ဓာတ်တို့သည် ပြိုင်တူ ဖြစ်၍ ပျက်လျှင်လည်းပြိုင်တူ ပျက်ကြပါသည်၊ အတူ တကွ ဖြစ်၍ အတူတကွ ပျက်ပါသည်၊ ရုပ်ဓာတ်မဖြစ်က နာမ်ဓာတ် တပါးတည်း သီးခြားဖြစ်လို့မရပါ၊ နာမ်ဓာတ် မပါဘဲ ရုပ်ဓာတ် တပါးတည်းလဲ သီးခြားဖြစ်လို့ မရပါ၊ အကြောင်း တိုက်ဆိုင်သလို အသစ် အသစ် ယှဉ်ပြိုင်ကာ ဖြစ်ပေါ်လာသည်။

၎င်းရုပ်နာမ်ကို ပရမတ် ရုပ်နာမ်လို့ မုချဓမ္မအားဖြင့် မမေ့သောသတိနှင့်အသိရှိပါစေ၊ယောဂီ-မုချဓမ္မအားဖြင့်မှတ်ပါလေ။

ပရမတ် ရုပ်နာမ်ဆိုတာ ဘာလဲဆိုက အခံခေတ်ခြောက်ပါး, အတိုက်ခေတ် ခြောက်ပါး ထိုတဆယ့် နှစ်ပါးသည် ရုပ်ခေတ်။ အပေါ်ခေတ် ခြောက်ပါးသည် ခေတ်နာမ်။ ၎င်းရုပ်ခေတ်, နာမ်ခေတ်တို့သည် ဖြစ်ဖော် ဖြစ်ဘက်, ပျက်ဖော် ပျက်ဘက် ပြိုင်တူဖြစ်၍ ပြိုင်တူ ပျက်ကြခြင်းကြောင့်- ပရမတ်ရုပ်နာမ်လို့ သာ မှတ်ခဲ့ပါတော့။

(**အထူးမှတ်ချက်။**) အထက်တွင် ဖော်ပြခဲ့သော ပရမတ်ရုပ်နာမ်ဖြစ်သော ခေတ်တဆယ့်ရှစ်ပါး ပျောက်မှ အနတ္တရောက်မည်၊ ဆိုလိုတာကတော့-ခေတ်တဆယ့် ရှစ်ပါး ပျောက်မှ, ကုန်မှ ခေတ်တဆယ့်ရှစ်ပါး မရှိတဲ့ အခြေအထိ ဉာဏ်နှင့် သိရမည်။ ဒါကြောင့်....

ယတ္တ ခေါ ပါပိမ နုတ္ထိစက္ခု၊ နုတ္ထိရူပါ
နုတ္ထိစက္ခု သမ္ဖဿဝိညာဏံ။

အစဖြာတဲ့ အဆုံး အမကို ပါပိမ ရဟန်းအား ဘုရားဟောပုံကို သတိမူပြီး ခေတ်ကုန်မှ, ခေတ်ပျောက်မှ အနတ္တ ရောက်၍ အတ္တပျောက်ကာ ဘဝဇတ်ရှုပ်ကြီး တခါတည်း ရှင်းမည်, လင်းမည် ဆိုတာ ယုံကြည်သော စိတ်ထား သဒ္ဓါပွား၍ ကြိုးစား အားထုတ်ရာ၏။

ဆိုအပ်ခဲ့ပြီးသော ခေတ်များကို ပွားများ ရှုကြည့်သည့် အခါ မှာ မည်သည့် ခေတ်ကိုရှုရှု- ရုပ်နာမ်နှစ်ပါး ဖြစ်အောင် ရှုရမည်။

ရုပ်နာမ် ခွဲခြား- ရုပ်,နာမ်ရဲ့ သဘောကို ဤမျှလောက်သော ဆောင်ပြော,ရေးသားမှုဖြင့် သိလောက်ပေပြီ။

၎င်း ရုပ်နာမ်ကို လက္ခဏ စဉ်းစား အသိပွားပါသဖြင့် အပါယ် ဘုံခါးမိတ်ပုံ, အကျိုးများပုံကို ယောဂီ ကိုယ်တွေ့ ဉာဏ်မျှော်မျှော် ရပေလိမ့်မည်၊ ထိုရုပ်ခေတ်, နာမ်ခေတ်များမှ ဆိတ်သုဉ်းနေတဲ့ အခြေအထိ မရှုကြည့်- မပွားများမှီ ဝိပဿနာ အရာမှာ မသိလျှင် မပြီးတဲ့ ခန္ဓာငါးပါးရဲ့ သဘောကို အပြောတွေ သိပ်မဟောက်, သဘောသက်သက်ဖြင့် အချက် ကျကျ အတိုချုံးပြီး လိုရင်းကို ဟောပြော ရေးသားမည်၊ ဉာဏ်မျက်စေ့ဖြင့် သတိပြုကာ ကြည့် ရှုပါလော့။

........ း၀း ........

## "ခန္ဓာငါးငုံ ဉာဏ်နှင့်ငုံ ကုန်အောင်သိကြပါ"

ယောဂီ- ခန္ဓာငါးပါးရဲ့ သဘောသွားကို ပတ္တမြားချက်ရှင် ယက်ပေါ်မှာ တင်ထားသည့် အလား ကိုယ်တိုင်တွေ့ထိ အမှန်သိ ရှိရအောင် စေတနာဇော စိတ်မှာ စောပြီး ထင်ရှားစွာ ပေါ်လာ အောင် ဉာဏ်မျက်စေ့ဖြင့် ကြည့်ရှုလိုက်ပါ။

ငါးခန္ဓာရဲ့ သဘော ဟုတ်တိုင်း မှန်စွာ မသိရှာကြသဖြင့် သံသရာအစဉ် အမြင်မပြတ်ဘဲ ကြီးလေးလှစွာသော ငါးခန္ဓာ ဝန်ထုပ်, ဝန်ပိုးကြီးကို ထမ်းဆောင်ကာ သတ္တဝါ အနန္တ,ပုထုဇဉ်

လူဗာလတို့မှာ မဖမာတန်း၊ မပမ်းတန်း သံသရာ ခရီးကြမ်းရှောက်ရတယ် ဆိုတဲ့ အကြောင်း ခန္ဓာ ဝန်ထုပ်ကို စွန့်ပစ်မှ ခန္ဓာဝန်အတွက် အပိုအလုပ်တွေကို လုပ်ခြင်းမှ ရပ်နားပြီး အေးငြိမ်းတဲ့ ဘဝ ရိပ်မြုံ ဝယ် ပင်စင်စား အဖြစ်နှင့် ခိုလှုံရတဲ့ အကြောင်းကို ရဟန်းမြတ်စွာ ဘုရားက သေအချာ ဟောခဲ့တာကတော့....

ဘာရဟာဝေ ပဉ္စက္ခန္ဓာ၊ ဘာရဟာရောစ ပုဂ္ဂလော။
ဘာရာဒါနံ ဒုက္ခံ လောကေ၊ ဘာရနိက္ခေပနံ သုခံ။
ခန္ဓဝဂ္ဂ သံယုတ်ပါဠိတော်ကြီးမှာ ဟောခဲ့ပါတယ်။

ဘိက္ခဝေ၊ သံသရာဘေး လာမည့်ရေးကို မျှော်တွေး ကြောက်ငြား အို- ယောဂီများတို့။ ပဉ္စက္ခန္ဓာ၊ ရူပက္ခန္ဓာ- အစဖြာတဲ့ ခန္ဓာငါးပါးရုပ်နာမ်တရားတို့သည် (ဝါ) ရုပ်၊ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏ- ဟု မမွှေလာ ငါးခန္ဓာတို့သည်။ ဟဝေ ဧကန္တေန၊ စင်စစ်ကေန် အမှန်အားဖြင့်။ ဘာရာ၊ ရန်တကာဘေး လွန်ရှုပ်ထွေး၍ လေးလံ လှစွာသော ဝန်ထုပ်၊ ဝန်ပိုးကြီး ပါပေတည်း။ ပုဂ္ဂလောစ၊ ပညတ်အရာ ခေါ်ဆိုရှိသော ခေါ်ဆိုကြရကုန်သော ယောကျ်ား၊ မိန်းမတို့သည်ကား၊ ဘာရဟာရော၊ ငါးဖြာမလွန် ခန္ဓာဝန်ကို ပင်ပင် ပန်းပန်း ဝန်ကို ထမ်းရသော ကူလီကြီးတွေနှင့် တူကြပါပေ၏။ လောကေ၊ ကာမရူပ အရူပဟု လောကသုံးရွာ ဘုံသုံးဖြာ၌။ ဘာရာဒါနံ၊ ငါးဖြာ မလွန် ခန္ဓာဝန်ကို အားသွန်ကြိုးပမ်း ဝန်ကိုထမ်း၍ နေရခြင်းသည်။ ဒုက္ခံ၊ ချမ်းသာ ဟူက မြူမခဘဲ သက်သက် ဆင်းရဲရသော တရားသာတည်း။

ဘာရနိကျော် နံ၊ ခန္ဓာဝန်ထုပ်ကို အပြီး စွန့်လိုက်ရခြင်းသည်။သုခံ၊ ဒုက္ခဟူက မြူမျှမစွတ် ချမ်းသာတကာထက် ချမ်းသာလှပါပေ၏ တကား။ (ဝါ)ခန္ဓာဝန် အလုပ်စခမ်းမှ အငြိမ်းစားရပါ သဖြင့် ချမ်းသာ လှပါပေ၏ တကား။

ယောဂီ- အထက်ပါ ဘ ဘုရားရှဲ့အဆုံးအမကို စိတ်စေတနာ ထက်သန်စွာနှင့် ဆင်ခြင်စဉ်းစား အသိသွားသော် လောကဥပမာ အလို ပြောရမည် ဆိုက ယောကျ်ား မိန်းမ ခေါ်ဆိုကြသည့် သူသူ ငါငါ များသတ္တဝါတို့ဟာ အလွန်တရာ လေးလံလှစွာသော ဝန်ထုပ် ဝန်ပိုးကြီးတွေကို အမြဲ ထမ်းဆောင်နေရတဲ့ ကမ္ဘာ့ကူလီ ကြီးတွေနှင့် တူတယ်။

ရှုပကန္ဓာ အစဖြာတဲ့ ငါးခန္ဓာရဲ့ သဘောကတော့– နှိုင်းယှဉ် တုပကင်းတဲ့ ဝန်ထုပ်၊ ဝန်ပိုးကြီးတွေနှင့်တူတယ်၊ ထိုဝန်ထုပ်၊ ဝန်ပိုးကြီးတွေကို ထမ်းဆောင်ပြီး ပြေးသွားနေရတဲ့ သံသရာ ခရီးကြမ်းမှ ရပ်နားချင်လျှင် အပမ်းဖြေချင်လျှင် အငြိမ်းစား ယူချင်လျှင် ခန္ဓာဝန်ထုပ်၊ ဝန်ပိုးကို ထမ်းဆောင်ခြင်းမှ လွတ် မြောက်တဲ့ လွတ်လပ်ရေး အစစ်ကို လိုချင်လျှင် ငါးခန္ဓာရဲ့ သဘော ဉာဏ်ကုန်နှော့လိုက်ပါ-ဉာဏ်ကုန်မြင်လို့ အသိခင်လျှင် ထိုတွင် နိဗ္ဗာန်ဘဲ-အဲတာနိဗ္ဗာန်ဘဲ–ရဲရဲကြီးအာမခံတယ်၊ ဉာဏ် ကုန်မြင်နိုင်ရေး ကြီးစွာသော သတိရှိစေ၊ ငါးခန္ဓာရဲ့ သဘော ပြောတော့ ဟောတော့မည်။

ယောဂီ-သတိပြု၍ ကြည့်ရှုပါ၊ တရားဆိုတာ လွန်စွာ မခက် ပါဘူး၊ အရှိတရားကို အသိပွားဘို့ပါဘဲ - အရှိတရားကို အသိ မမွားလျှင် (တနည်း) အရှိ တရားကို အထင်မမှား အမြင်မမှား၊

အမှတ်မမှား, အကြံမမှားလျှင် တရားသိတဲ့ ပုဂ္ဂိုလ်, တရားရှိတဲ့ ပုဂ္ဂိုလ်, ဘုရားတွေ့တဲ့ ပုဂ္ဂိုလ်, ဘုရားမြင်တဲ့ပုဂ္ဂိုလ် ဆိုချင်သလို ဆိုပေတော့။

အရှိတရားကို အသိမမှားရအောင် သန္ဒိဋ္ဌိက တရားကို ပြရမည်ဆိုလျှင် ယောဂီတို့ရဲ့ ပစ္စက္ခ မျက်မှောက် ဖြစ်သလော အစဉ်မှာ မာမှု, ပြော့မှု, ပထဝီဓာတ်၊ ပူမှု, အေးမှု, တေဇောဓာတ်၊ ဖွဲ့မှု, ယိုစီးမှု, အာပေါဓာတ်၊ တွန်းကန်မှု, ငြိမ်သက်မှု ဝါယောဓာတ်၊ ထိုဓာတ်ကြီးလေးပါးကတော့ မျက်မြင်ညာဏ်တွေ့ မဟုတ်ပါလား။

ကောင်းပြီ...ဓာတ်ကြီး လေးပါး သန္ဒိဋ္ဌိက တရားကို ညာဏ်အားဖြင့် တွေ့ရပြီး၊ ထိုဓာတ်ကြီးလေးပါးနှင့် မကွေ့မကွာ အတူတကွ ပါသည့် (ဝါ)ဖြစ်ပေါ် ဖြစ်ဘက် ဖြစ်သည်၊ ဝဏ္ဏ, ဂန္ဓ, ရသ, ဩဇာ မြန်မာလို အဆင်း, အနံ့, ချို, ချဉ်,ဖန်,ခါး,ဆိုတဲ့ အရသာများ အဆီစု အာဟာရဓာတ် ထိုရှစ်ရပ်သော ဓာတ်တို့ကို ညာဏ်နှင့် မြင်အောင် ဟပ်ကြည့်၊ (ဝါ) ညာဏ်နှင့်မြင် အောင် ကြည့်၊ ၎င်းဓာတ် ရှစ်ပါးကို အဋ္ဌက လာပ်ရုပ် အဝိနိဗ္ဘောဂရုပ်လို့ ခေါ်တယ်။

ထို အဋ္ဌက လာပ်ရုပ် တည်းဟူသော ဝတ္ထုရုပ် ပေါ်မှာ ကံကြောင့် ဖြစ်တဲ့ ကမ္မဇ အရှိန်ခေါ် အကြည်ဓာတ်များ ပေါ်ပါသည်။

စက္ခု ဝတ္ထုရုပ် ပေါ်မှာ မျက်စေ့ အကြည် ကမ္မဇ အရှိန် ပေါ်သည်။

သောတ ဝတ္ထုရုပ်ပေါ်မှာ နားအကြည် ကမ္မဇ အရှိန် ပေါ်သည်။

ဃာန ဝတ္ထုရုပ်ပေါ်မှာ နှာအကြည် ကမ္မဇ အရှိန် ပေါ်သည်။

လျှာဝတ္ထုရုပ်ပေါ်မှာ ကံကြောင့်ဖြစ်သည့် လျှာအကြည်ရုပ် ပေါ်သည်။

ကိုယ် ဝတ္ထုရုပ်ပေါ်မှာ ကံကြောင့် ဖြစ်သည့် ကိုယ်အကြည် ပေါ်သည်။

မနော ဝတ္ထုရုပ်ပေါ်မှာ ကံကြောင့်ဖြစ်သည့် မနောအကြည် ပေါ်သည်။

ယောဂီ-ဉာဏ်အမြင် ရှင်းပါစေ၊ ပထဝီအစ, ဩဇာ အဆုံး ရှိသည့် ရှစ်ပါးသော သဘောကို အဋ္ဌကလာပ်ရုပ် ဓာတ်ရှစ်ပါး လို့ မှတ်ပါ၊ ၎င်းဓာတ်ရှစ်ပါးတည်းဟူသော ဝတ္ထုရုပ်ပေါ်မှာ ကံကြောင့်ဖြစ်တဲ့ အကြည်ဓာတ်များဟာ ဆိုင်ရာ, ဆိုင်ရာ ဝတ္ထုရုပ်ကို မှီ၍ ဖြစ်ကြသည်။

ယောဂီ-၎င်းဝတ္ထုရုပ်ပေါ်မှာ တည်နေတဲ့ အကြည်ဓာတ်ဟာ ကံကြောင့်ဖြစ်ပေါ်တာနော်၊ ထိုအကြည်ဓာတ်များကို မျက်စေ့ အကြည်, နားအကြည်, နှာအကြည်, လျှာအကြည်, ကိုယ်အကြည်, မနောအကြည်လို့ ခြောက်ပါး ခြောက်စုံ ကိုယ်တွေ့

ကြုံနေပြီ မဟုတ်ပါလား၊ ဤကဲ့သို့ စမ်းတဝါးဝါးနှင့်မှန်းဆပြီး အပျောက်ရှာရသလို မဟုတ်ပါဘဲ၊ ကိုယ်တွေ့ ဉာဏ်တွေ့အား ဖြင့် မျက်မှောက်ပြုရတာကို သန္တိဋ္ဌိက တရားလို့ ခေါ်သည်။

ထိုကဲ့သို့ ဉာဏ်အားဖြင့် မျက်မှောက်ပြုရတဲ့ဝတ္ထုရုပ်ပေါ်မှာ တည်နေသော အကြည်ခြောက်ပါးကို ကိုယ်တွေ့ ဉာဏ်တွေ့အားဖြင့် မျက်မှောက်ပြုရပါပြီ၊ ၎င်းအကြည်ခြောက်ပါးတို့တွင် မျက်စေ့ အကြည်နှင့် အဆင်းရူပါရုံတွေ့ဆုံတဲ့ အခါမှာ ရူပက္ခန္ဓာ, ဝေဒနက္ခန္ဓာ, သညာက္ခန္ဓာ, သင်္ခါရက္ခန္ဓာ, ဝိညာဏက္ခန္ဓာဆိုတဲ့ ခန္ဓာ ငါးပါးပေါ်တာဘဲ၊ ယောဂီ-ဥတုဇရုပ် ဝင်မရုပ်စေနှင့်၊ ပစ္စုပ္ပန် ဆတ်ဆတ် ပရမတ်ရုပ်နာမ်ကို ဉာဏ်နှင့် ဆွဲထုတ်ပါ။

ပစ္စုပ္ပန် ခန္ဓာပေါ်မှု ဥပမာပြုရသော် မီးခြစ်အိမ်နှင့် မီးခြစ်ဆံ တို့နှစ်တန် တွေ့ထိ တိုက်ခိုက်သည့်အခါ မီးဖြာထွက်သလို မျက်စိ အကြည်ဓာတ်နှင့် အဆင်းရုပ် တွေ့ထိသည့်အခါ မြင်မှု သဘော လေးဖြစ်သည်၊ ၎င်း မြင်မှု သဘော လေး ဟာ ဖောက်ပြန်တယ်၊ ဖောက်ပြန်တတ်သည့် သဘောလေးကို အမည်ပေးပါဆိုတော့- ရူပ က္ခန္ဓာ လို့ ခေါ်တယ်၊ ဖောက် ပြန် တော့- ကောင်း တယ်, မကောင်းဘူး အ ထူး ထူး အ ပြား ပြား အား ဖြင့် ခံစားတယ်၊ ထိုခံစားတတ်သည့် သ ဘော ကို ဝေ ဒ န က္ခ န္ဓာ လို့ ခေါ်တယ်၊ ခံစားတော့ ထိုခံစားမှုသဘောကို ထိုထိုဤဤ အလီလီအားဖြင့် မှတ်သားသည်၊ ၎င်းမှတ်သားမှုသဘောကလေးကို သညက္ခန္ဓာ လို့ခေါ်သည်၊မှတ်သားတော့-ထိုမှတ်သားမှုကိုပြုပြင်,စေ့ဆော်

တိုက်တွန်းတတ်သည့် သဘောကို သင်္ခါရက္ခန္ဓာလို့ ခေါ်သည်၊ ပြုပြင်စေ့ဆော်တိုက်တွန်းမှု အဘောကို သိတယ်၊ ၎င်းသိတတ်သည့် သဘောလေးကို ဝိညာဏက္ခန္ဓာလို့ခေါ်သည်။

ဤကဲ့သို့ ဝတ္ထုရုပ်ပေါ်မှာ တည်နေတဲ့ မျက်စေ့ အကြည်နှင့် အဆင်းတွေ့ထိလို့ မြင်စိတ် ကလေး ဖြစ် လာခိုက်-မြင်မှုကလေး တကွက်မှာ ခန္ဓာငါးပါး တသားတည်း, တပြိုင်တည်း ဖြစ်ပုံကို သိရမည်။

ပရမတ် ရုပ်နာမ်, ပရမတ် ခန္ဓာတို့ မည်သည် ပြိုင်တူ ဖြစ်၍ ပြိုင်တူချုပ်သည်၊ ဖြစ်လျှင်လည်း အတူ ပျက်လျှင်လည်း အတူ— တပါးပြီးမှ တပါး တခြားစီ ဖြစ်တယ်ဆိုတာ မရှိစကောင်း— ပြိုင်တူဖြစ်၍ ပြိုင်တူပျက်တာကိုမှ ပရမတ်ရုပ်နာမ် ဖြစ် ကြောင်း၊ ၎င်းပရမတ် ရုပ်နာမ်ကိုမှ ဝိပဿနာ ရှုရကြောင်း အထက်တွင် ရေးသားခဲ့ပါပြီ။

ခန္ဓာငါးပါး တသားတည်း တပြိုင်တည်းဖြစ်ပုံ ဝိဘင်း အဋ္ဌကထာ ဆရာက ဟောခဲ့တာကတော့။

> ဧတ္ထဟိ စက္ခုမေဝ ရူပါနိစ ရူပက္ခန္ဓော ဒဿနံ၊ ဝိညာဏက္ခန္ဓော = တံသမ္ပယုတ္တော ဝေဒနာ ဝေဒနက္ခန္ဓော၊ သညာ သညက္ခန္ဓော ဖဿာဒိကော သင်္ခါရက္ခန္ဓော ဧဝမေဝ၊ တေသံ ပဉ္စန္နံ ခန္ဓာနံ သမဝါယမေ အာလောကေန ဝိလောကနံ ပညာယတိ။

ဟိသစ္စံ၊ မြင်မြင်သမျှ အရာမှာ ပုဂ္ဂိုလ်သတ္တဝါယောကျ်ား, မိန်းမ မရှိဆိုသော စကားသည် မမှားကောန်စင်စစ်မှန်၏။ တွေ့၊ ကြုံမြင်လိုက်သော အခါ၌၊ စက္ခုမေဝ၊ ကြေးမုံပြင်လား လွန် ထင်ရှားသည့် မျက်စေ့အကြည်၌ သာလျှင်။ ရူပါနိစ၊ ဖြူ,နီ, ကြောင်,ကြား အစထားသည့် အဆင်း ရူပါရုံ တို့သည် လည်း။ ရူပက္ခန္ဓော၊ မျက်စေ့အဆင်း ပေါင်းဆုံခြင်းကြောင့် ဖောက်ပြန် တတ်ခြား ချုပ်ပျောက်သွားသည့် ရူပက္ခန္ဓာပါပေတည်း။(၀၁) ရူပ္ပတီတိရူပံ၊ သဘောမှန်ကို ပြောရန်စကား ထုတ်ပြန်ကြားမှု ဖောက်ပြန်တတ်ခြား ချုပ်ပျောက်သွားသည့် ရူပက္ခန္ဓာ ပါပေ တည်း။ ဒဿနံ၊ ဖြူ, နီ, ကြောင်, ကြား, အစားစားကို ရှုတတ် မြင်တတ်သော စက္ခုဝိညာဉ်သည်။ ဝိညာဏက္ခန္ဓော၊ အဆင်း ဟူက မကြုံရအောင် သိတတ်ခြင်း လက္ခဏာရှိသော၊ ဝိညာဏ က္ခန္ဓာပါပေတည်း။ တံသမ္ပယုတ္တော၊ အဆင်းအာရုံ အဖုံဖုံကို ကုန်စင်အောင် သိခြင်း သဘော ရှိသော ဝိညာဉ်နှင့် ယှဉ်တွဲဖြစ် ပေါ်လာသော။ ဝေဒနာ၊ ဆိုးကောင်းအစုံ အဖုံဖုံကို အကုန် ခံစားခြင်းသဘောရှိသည့် ဝေဒနာတရားသည်။ ဝေဒနက္ခန္ဓော၊ အဆင်းအာရုံခံမင်လိုက်စား ဝေဒနက္ခန္ဓာ၊ တရားပ,ါပေတည်း။ သညာ ဆိုး ကောင်း အာရုံ အလုံးစုံလည်း ကုန်စင်အောင် မှတ် ခြင်းသဘော ရှိသော သညာသည်။ သညက္ခန္ဓော၊ ပေါ်လာ သမျှ အကုန်မှတ်သားသည့် သညာက္ခန္ဓာ ပါပေတည်း။ ဖဿ ဒိကော၊ ပျော့ထိလေကြ မြင်မြင်သမျှ စေ့ဆော်ကြသည့် ဖဿ ယသော စေတနာသည်။ သင်္ခါရက္ခန္ဓော အဆင်းအာရုံ အလုံးစုံကို စေ့ဆော်တတ်ခြား - သင်္ခါရက္ခန္ဓာ တရားပါပေတည်း။ ဇံ၊

ဤသို့။ ဧတေသံ ပဉ္စန္နံ ခန္ဓာနံ၊ ဤသို့ ပြဆိုအပ်ခဲ့သော ငါးပါး ရုပ်နာမ်တရားတို့၏။ သမဝါယမေ၊ မြင်မှု သဘော ကလေးမှာ ညီညီညာညာ ပေါင်းဆုံ ယှဉ်ပြိုင်လာသောအခါ၌။ အာလောကေန — ဝိလောကနံ၊ ကောင်း မကောင်း၊ တည့် မတည့်၊ ချောလှ — ကျည်းတန် ကြည့်ရှုနှစ်ဝဲနိုင်သည်၊ ပညာယတိ၊ ထင်ရှားဖြစ်ပေါ်၍ လာရလေတော့၏။

ယောဂီ — အထက်ပါ အဋ္ဌကထာ ဆရာ၏ မှာကြားဟော ထားချက်ကို ကိုယ်ပိုင်ဉာဏ်နှင့် တွက်ကြည့်ပါ။

မြင်မှုကလေး တကွက်မှာ ခန္ဓာငါးစုံ တွေ့ပြိုင်ဆုံတဲ့ အခါ (ဝါ)ပြိုင်တူဖြစ်တဲ့အခါ တည့်တယ်၊ စောင်းတယ်၊ ကောင်း၊ မကောင်း၊ ချောလှ — ကျည်းတန် ကြည့်မှုနှစ်တန်ဟာ အမှန်ပင် ဖြစ်ရပါတယ်၊ ဤကဲ့သို့ ခန္ဓာငါးပါးစုံညီတဲ့ အခါမှ လောက လူသားများဟာ မိမိဘာသာစကား အရ ပြောမှု၊ မှတ်မှု ကိစ္စ ပြီးကြတာပါ။

ဒါ့ကြောင့်-အထက်ပါ ပါဠိတော်ကို ထောက်ထားသာမက ပြု၍ ခန္ဓာငါးပါးဟာ ပြိုင်တူဖြစ်ကြောင်း-ယုံမှား သံသယ ဖြစ်ရန်မလိုဘဲ မုချဓမ္မအားဖြင့် မှတ်ခဲ့ပါတော့။

ယောဂီ - အထက်ပါ ခန္ဓာ ငါးပါး ဟာလဲ အခြင်း အရာ အားဖြင့်သာ ပြား၍ အရေအတွက် များသော်လည်း သဘော အားဖြင့် တူရာ, တူရာ စုပေါင်းက ရူပက္ခန္ဓာကရုပ်၊ ဝေဒနက္ခန္ဓာ, သညက္ခန္ဓာ, သင်္ခါရက္ခန္ဓာ, ဝိညာဏက္ခန္ဓာ ၎င်း လေး ပါး ကို သဘောအားဖြင့် တူညီ၍ ပေါင်းလိုက်က နာမ်၊အမှန်အားဖြင့် ရုပ်နှင့်နာမ် နှစ်ပါးဘဲလို့ မှတ်ခဲ့ပါ။

(မှတ်ချက်။) ဤအသင့် အထိ ရေးသားခဲ့သမျှ အခဏ်းများ
သည် ယောဂီများ ဉာဏ်ကြီးထွား၍ အမှားအမှန်
ခွဲခြားတတ်ရန် ဝိပဿနာ အရာမှာ သိသင့်သိ
ထိုက်တဲ့ အခြေခံ အချက်အလက် များကို ကွဲကွဲ
ပြားပြား သိစေရန် ရည်သန်၍ ရေးသားခြင်းမျှသာ
ဖြစ်ပါသည်။

ဤကဏ္ဍမှ ရှေ့၌ ရုပ်နာမ်ကို အခြေခံကာ လက္ခဏာ ဉာဏ်, သစ္စာဉာဏ်တို့ဖြင့် ဝေဘန်ကာ ဘာသာရေး လမ်းဆုံးတဲ့ အခြေ အထိ ရှုကြည့်ကြပါစို့။ ။

........ း၀း........

## "ဝိပဿနာ အလုပ် ဉာဏ်အချုပ် သိပြီးမှ လုပ်"

ပညာဝါတိ ပုရိသော ဝိပဿနံ ဝဍ္ဎေတွာ
အရိယမဂ္ဂဒ္ဒါရံ။
ဝိဝရိတွာ အမတနိဗ္ဗာနံ ပဝိသိဿတိ။
(သုတ္တနိပါတ် အဋ္ဌကထာ)

ဟိ၊ မုချကေန် အမှန်တရား ထင်ရှားစွာ ပြဦးအံ့။ ပညာဝါ၊ မဖောက်မပြန် အမှန်ကို သိသော။ ပုရိသော၊ အမျိုးကောင်း သားသည်။ဝိပဿနံ၊အနတ္တဉာဏ် အမှန်ကို သိသော ဝိပဿနာကို။ ဝဍ္ဎေတွာ၊ ပွားများ တိုးပွားစေ၍။ အရိယမဂ္ဂဒ္ဒါရံ၊ အရိယမဂ် တည်းဟူသော တံခါးကို။ ဝိဝရိတွာ၊ ဖွင့်လှစ်၍(ဝါ)ပွင့်လင်း

စေ၍။ အမတနိဗ္ဗာန်၊ အရိယာ တို့ပျော်စံ မြတ်နိဗ္ဗာန်သို့ (ဝါ) ဓလာဘ, ဒေါသ, မောဟ အစဖြာတဲ့ မီးတို့မလောင်ရာ နိဗ္ဗူတာသို့။ ပဝိသိဿတိ၊ ဝင်ရလတ္တံ့။

အို- ယောဂီ၊ မဖောက်မပြန် အမှန်ကို သိသော အပျိုးကောင်း သားဟာ ပညာသိ အနုတ္တ ဆိုက်အောင်, ပေါက်အောင် သိစွမ်း နိုင်တဲ့ ကိုယ်ပိုင် ဉာဏ် မျက်နှက်ကို ကိုင်ဆောင်ကာ အရိယာတို့ သွားရာလမ်းကြောင်း ဖြစ်တဲ့ မဂ်တံခါးကို ဖွင့်ရမည်။

အရိယာတို့ သွားရာဖြစ်သည့် မဂ်တံခါးကို ဖွင့်ရာအချက် ကြတဲ့ သော့က ဘာလဲဆိုလျှင် ရုပ်, နာမ်, ဓမ္မ သဘာဝကို ဒိဋ္ဌ ကေန် အမြင်မှန်သော ကိုယ်ပိုင် ဉာဏ်ဖြင့် ဝေဘန် ရှုကြည့်သော ဝိပဿနာ အလုပ်သည်ကား၊ နိဗ္ဗာန် ရောက်ကြောင်း တရားတွင် အကျင့်မှာ အချုပ်, အလုပ်မှာ အသာ, ပါရမီကျင့် အမြတ်ဆုံး ဖြစ်ပါသဖြင့် မဂ်တံခါးကို ဖွင့်ရာ သော့ကောင်းတလက် အာမခံ ချက် ပေးပါတယ် ဆိုသည့်အကြောင်း- ဓေတနာကောင်း ထား ကာ မုချ ဓမ္မအားဖြင့် ရေးသား ဟောကြားအပ်ပါသည်။

နိဗ္ဗာန်ကို သွားရာ လမ်းကြောင်း ဖြစ်သည့် မဂ်, တံခါးကို ဖွင့်ရာ သော့ကောင်း သည်ကား ဆိုလျှင် ဝိပဿနာအလုပ်ပါဘဲ၊ (ဝါ)ကျင့်စဉ် လမ်းမှန် ဝိပဿနာ ဉာဏ်ကတော့- အကောင်းဆုံး ဖြစ်တဲ့ အကြောင်း....

ကတမောစ ဘိက္ခဝေ အသင်္ခတ ဂါမိမဂ္ဂေါ၊
ဝိပဿနာ အယံ ဝုစ္စတိ ဘိက္ခဝေ အသင်္ခတ ဂါမိမဂ္ဂေါ။
လို့ သံယုတ် ပါဠိတော်ကြီးမှာ ဟောခဲ့ပါတယ်။

ဘိက္ခဝေ၊ သံသရာနွံဗွက်မှ လွတ်ထွက်လိုငြား အို- ချစ်သား ချစ်သမီးတို့။ အသင်္ခတဂါမိမဂ္ဂေါ၊ မဂ်,ဖိုလ်,နိဗ္ဗာန် ဧကန်ရောက်ကြောင်း မတိမ်း မစောင်းသည့် လမ်းကောင်း, လမ်းမှန်ဟူသည်။ ကတမော စ၊ ပရိယာယ်မဟုတ် သဘော သက်သက်ကိုသာ ပြောပါတော့ ဘယ်တရားနည်း ဟူမူကား။ ဝိပဿနာ၊ ရုပ်, နာမ်, ခန္ဓာ ဓာတ်သစ္စာကို လက္ခဏာဉာဏ်ဖြင့် အမှန်သိသော ဝိပဿနာ တရားကို။ အသင်္ခတ ဂါမိမဂ္ဂေါ၊ မဂ်, ဖိုလ်, နိဗ္ဗာန် ဧကန်ရောက်ကြောင်း- မတိမ်း မစောင်းသော လမ်းကောင်းကြီးပါ ဟူ၍၊ ပဝုစ္စတိ၊ မုချ ဆတ်ဆတ် တပ်အပ်သေချာ မှတ်လေပါတော့— ဝိပဿနာဉာဏ် တားမှန် သာလျှင် နိဗ္ဗာန်ကို မြင်သည်,ရသည်,, ရောက်သည် ဟူ၍ ခေါ်ဆို ပညတ်, သမုတ်အပ်ပါပေ၏။

နိဗ္ဗာန်ကို ရ,လို ရောက်,လိုတဲ့ ယောဂီဟာ အကျင့်စခန်းတွင် အထက်တန်းကျသည့် ကျင့်စဉ်တို့ရဲ့ အချုပ်, ဝိပဿနာ အလုပ်ကို ရင်ဝလှံစူး ထိပ်ဦးမီးလောင်သော သူလို ဖင့်နွှေး အေးမနေပါဘဲ လျင်မြန်စွာ ကြိုးစား အားထုတ်ကြရာ၏၊

သံသရာမှ မြန်မကြာ ထွက်လိုကြ ပါသဖြင့် ထွက်ရာလမ်းစ ရှာကြံကြသည့် အမျိုးကောင်း သား, အမျိုးကောင်း သမီးဟာ ဝိပဿနာ အလုပ်ကို ကျင့်ကြံ ကြိုးကုတ် အားထုတ်ရမည် ဆိုတော့— ဝိပဿနာ ဆိုတာ ဘာလဲလို့ မေးခွန်းထုတ်ခါ ဝိပဿနာရဲ့ သဘောကို ရှင်းချက်ထုတ်ပြီး ဝိပဿနာ အရာမှာ အခြေခံကြသည့် လမ်းကစပြီး အရိယာ တို့၏ သွားရာလမ်းကြောင်းကြီး

ကို ဖြောင့်ဖြောင့် တန်းတန်း မပင်ပန်းဘဲ သာဝင် ရွှမ်းမြေ့စွာ နှင့် သွားနိုင်ဖို့ မမှတ်နှင့် အညီ ရေးသားမည်၊ စိတ်အာရုံ စူးစိုက်၍ လေ့လာမှု ပြုကြပါကုန်၊

**ဝိပဿနာဆိုတာ ဘာလဲ ဆိုသော်—**

ဝိဝိဓါဝါ ပဿတိတိ ဝိပဿနာ။ ။လို့ လာသည်။

မြန်မာလို ပြောမည်ဆိုက အထူးထူး အပြားပြား အားဖြင့် ရှုကြည့်တာ ဝေဘန်တာ သုံးသပ် ဆင်ခြင်တာကို ဝိပဿနာလို့ ဆိုပါသည်။

ဘာတွေကို ရှုကြည့် ဝေဘန် သုံးသပ်ပါသလဲလို့ တောင့်တက်ပါ မေးခွန်းထုတ်မှု ပြုလုပ်ပါက—

ပညတ္တိမမို့ ဝိနာလပေတွာ ပဿတိတိ ဝိပဿနာ-ဟူ၍ ဒေသနာမှာ လာသည်။ ။ဒေသနာ အလို အဓိဘာယ်ဖြင့် ပြန်ဆိုသော်....

ပညတ္တိမမို့၊ လောကသမုတိ အလို ခေါ် ဆိုရိုးသာ ခေါ်ဆိုရကုန်သော လူ, နတ်, ဗြဟ္မာ, မိန်းမ, ယောကျ်ား မြောက်များလှစွာသော အမည်နာမပညတ်တွေကို။ဝိနာလပေတွာ၊ ဖယ်ကြဉ်ထား၍။ ပဿတိ၊ရုပ်နာမ်လို့ အသမုတ်ခံရသည့်သဘောကလေးပါမကျန် ဆိတ်သုဉ်း၍ ချုပ်ငြိမ်းသည်အထိ ပွားများဝေဘန်ဆင်ခြင်သုံးသပ်ခါ ရှုကြည့်ဘတ်ပါပေ၏။ ဣတိတသ္မာ၊ ထိုသို့

ပညတ်ကိုခွာ, ပရမတ်ကိုမောက်, သညာတည့်ဆိုက်အောင်ရှုကြည့်တတ်သောကြောင့်။ ဝိပဿနာ၊ ဝိဿနာ မည်၏။

ယောဂီရဲ့ အသိဉာဏ်မှာ ရှင်းလင်းအောင် ထပ်လောင်းပြီးပြောရလျှင်ဝိပဿနာဆိုတာ ကမ္ဘာသူ့ကမ္ဘာသားတို့မိမိတာသာအားလျော်စွာ ခေါ်ဝေါ်သုံးစွဲရှိသာ ခေါ်ဆိုရသည့် လူ, နတ်, ဗြဟ္မာ အစပြုသည့် မိန်းမ, ယောကျ်ား, အိမ်, ကျောင်း, တန်ဆောင်း,ကောင်း,မကောင်း ပညတ်အပေါင်းကို ဖယ်ကြဉ်စွန့်ပစ်၍ ရုပ်တဲ နာမ်တဲခေါ်စွဲခံရသည့် သဘောလေး (၀၂) ရုပ်နာမ်လို့ အသမုတ်ခံရသည့် သဘောလေးပါ မကျန်-သုဉ်းဆိတ်စေအောင် သညာ အနတ္တဆိုက်အောင်ပညာဉီးစီး၍ဆင်ခြင်ဝေဘန်တာကို ဝိပဿနာလို့ဆိုသည်။

တိုတိုကျဉ်းကျဉ်းနှင့်လင်းရလျှင် ဝိပဿနာအလုပ် အားထုတ်တယ်ဆိုတာ ခေါ်ဆိုသမုတ်ရှိသာ သမုတ်အပ်သည့် အမှန်မရှိတဲ့ပညတ်တွေကို အဟုတ်တကယ်မရှိသည့်တရားလို့ ဟုတ်တိုင်းမှန်စွာသိ၍ ရုပ်,နာမ်လို့ အသမုတ်ခံရသည့် သဘောကလေး ကုန်ခမ်းဆိတ်သုဉ်း၍အနတ္တဉာဏ်ပိုင်အောင် ဆင်ခြင်နိုင်တာကို ဝိပဿနာအလုပ်လို့ သမုတ်အပ်၏၊ (၀၂)ဝိပဿနာအလုပ်စခမ်းလမ်းဆုံးသည်လို့ ခေါ်ဆိုရာ၏။

ဘာ့ကြောင့်-အနတ္တလက္ခဏာဉာဏ်အမှန်သိက အလုပ်စခမ်းလမ်းသုံးသလဲ ဆိုလျှင်-

အနတ္တ လက္ခဏော ဒိဋ္ဌေ နိဗ္ဗာနံ ဒိဋ္ဌံ နာမ၊ လို့ ဝိသုဒ္ဓိမဂ် မှာလာသည်။

အနတ္တလက္ခဏော၊ သညာဝိညာဉ် ထိုနှစ်မြင်ကို ကျော်လွန်၍ ပညာသိနယ်မှ သိအပ်သော အနတ္တ လက္ခဏာ အစစ်အမှန်ကို။ ဒိဋ္ဌေ၊ ဟုတ်တိုင်းမှန်စွာ ကိုယ်ပိုင်ဉာဏ်ဖြင့် အမှန်သိသည်ရှိသော်။ နိဗ္ဗာနံ၊ သင်တို့အရှင်တို့ သိချင်မြင်ချင် မျက်မှောက်ပြုချင်သည့် နိဗ္ဗာန်ကို။ ဒိဋ္ဌံ နာမ၊ ဝင်စစ် ဧကန် အမှန်မလွဲ မြင်သည် မည်၏။

အမြုတ်တရား မှတ်သားလိုတဲ့ မြတ်ယောဂီ—သညာသိ အနတ္တ ဝိညာဉ်သိ အနတ္တကို ကျော်လွန်၍ ပညာသိ အနတ္တကို ဉာဏ်အားဖြင့် မြင်သည်ရှိသော် နိဗ္ဗာန်ကို မြင်နိုင်၊ သိနိုင် မျက်မှောက်ပြုနိုင်သည်။

ဤနေရာမှာ လေးနက်စွာသတိပေးခဲ့လိုတာကတော့-သံသရာ ချမ်းပွဲရပ်၍ အပူမီး မကပ်စေလိုသည့် ယောဂီဟာ ဒိဋ္ဌိသတ်တရားနှင့် တဏှာသတ်တရား ခွဲခြားသိဘို့ အရေးကြီးပါသည်။

ဝိပဿနာအလုပ် အားထုတ်သည့် ယောဂီဟာ အစ ပထမ တဏှာသတ်တရားကို မပွားများမရှုကြည့်မူ၍ ဒိဋ္ဌိသတ်တရားကို ပွားများရှုကြည့်သင့်ကြောင်း—(တနည်း) အထင်များ၊ အမြင်များ၊ အယူများ ဒိဋ္ဌိတရားကို သေအောင် အစကနဦးက ကြိုးစားသင့်သည့်အကြောင်း....

ကျေးဇူးရှင် ဗုဒ္ဓက အင်္ဂုတ္တရပါဠိတော်မှာ–

တယောမေ ဘိက္ခဝေ ဓမ္မေ အပ္ပဟာ အဘဗ္ဗော ရာဂံ ပဟာတုံ ဒေါသံ ပဟာတုံ မောဟံ ပဟာတုံ ကတမေ တယော သက္ကာယ ဒိဋ္ဌိ အပ္ပဟာယ ဝိစိကိစ္ဆာ အပ္ပဟာယ သီလဗ္ဗတပရာမာသံ ၊ အပ္ပဟာယ ဣမေခေါ ဘိက္ခဝေ တယော ဓမ္မေ အပ္ပဟာယ အဘဗ္ဗော ရာဂံပဟာတုံ ဒေါသံ ပဟာတုံ မောဟံ မဟာတုံ။

ဒ ထက်ပါ ပါဠိ သွား ကို မြန်မာ စာ သွား နှင့်၊ ပြန်ဆိုက– သံသရာ ကြွေ့ကွင်းမှ လွတ်ကင်းချင်ကြသည့် ယောဂီ မောင်, မယ်တို့ဟာ ဒိဋ္ဌိ, ဝိစိကိစ္ဆာ, သီလဗ္ဗတပရာမာသ ဆိုတဲ့ တရား သုံးပါး ပဉ္စတရားကို မပယ် ရှားပါဘဲ၊ (ဝါ) မပယ်ရှားမူ၍ ရာဂ, ဒေါသ, မောဟဆို ထိုထို တဏှာ တရားများကို ပယ်သတ် ခြင်းငှာ မထိုက်။

သက္ကာယဒိဋ္ဌိ, ဝိစိကိစ္ဆာ, သီလဗ္ဗတပရာမာသဆိုတဲ့ ပဉ္စတရား သုံးပါးကို ပယ်ခွာစွန့်ပစ်ပြီးမှ ရာဂ, ဒေါသ, မောဟဆို ထိုထို တဏှာတရားများအား ပယ်ခြင်း,စွန့်ခြင်းငှာထိုက်၏–လို့ ဟော ထားခဲ့သော ဗုဒ္ဓ၏ ဆုံးမညွှန်ကြားချက်ကို သံသယမရှိ၊ ယုံကြည် စွာဖြင့် ဒိဋ္ဌိကို သေအောင် အစဦးစွာ သတ်အပ်၏။

ဒိဋ္ဌိမသေ အမြင်မှန်မပေါက်ပါဘဲ ထင်ရာ,မြင်ရာကို မှန်းဆ ပြီးလုပ်က စမ်းတဝါးဝါးနှင့် အကန်းများခရီးသွားသလို မှန်း

ချက်နှင့် မကိုက်ဖြစ်တတ်သည်(ဝါ)ပေါချင်လို့ ကြောင်ရှပ်ထိုး အားအကြက် လေးဘတ်သည်ကို သတိပြုသင့်သည်။

ဝိပဿနာ အလုပ်ကို အားထုတ်သည့် နေရာမှာ လုပ်ပြီးမှ သိမှာလား ?၊ သို့မဟုတ် သိပြီးမှလုပ်ရမှာလား-?၊ ၎င်းအမေးပုစ္ဆာချက်ကို လေးနက်စွာ တွေး၍အဖြေမှန်ရအောင်တွက်ပါ။

ယောဂီ အတွေးခေါ်မနေနှင့်၊ အဖြေတော် ပေးလိုက်မည်၊ လုပ်ပြီးမှ သိရပည်ဆိုတဲ့ သွန်သင်ချက်နှင့် လုပ်ရင်း လုပ်ရင်း တဖြည်းဖြည်းသိလာလိမ့်မည်ဆိုသည့် တဆင့်စကားအယူအဟာ များကို ပယ်ရှားစွန့်လိုက်ပါက (ဝါ) ကြက်ခြေခတ်လိုက်ပါက သိပြီးမှ လုပ်ရမယ်ဆိုတဲ့ အဖြေမှန်ရလာဒ် ထွက်လာလိမ့်မည်၊

ဤကဲ့သို့သိပြီးမှလုပ်ရမယ်ဆိုတဲ့ အဖြေမှန်ကို မရှာကြံပါဘဲ လုပ်ပြီးမှသိမယ်၊ (ဝါ)လုပ်ရင်း, လုပ်ရင်းတဖြေးဖြေး သိလာလိမ့်မယ်ဆိုတဲ့ တရားဟောင်းအယူများကို မပယ်ရှားဘဲ တရားအားထုတ်ပါက ဘယ်လို အကျိုးရသလဲဆိုလျှင် သံယုတ် ပါဠိတော်ကြီးမှာ....

အဝိဇ္ဇာ ဂတဿ ဘိက္ခဝေ အဝိဒ္ဒသုနော မိစ္ဆာဒိဋ္ဌိ ဟောတိ။

လို့ ဟောထားဒေသနာ သေအချာရှိသားမို့ မသိမိုက် များသည့် အမြင့်အဆင်ခြင်ဉာဏ် နည်းပါးသည့် အကျင့်တွေကို ချိန်ခါမှ စွန့်ပစ်သင့်ကြောင်း။

ဒါကြောင့်- အထက်ပါ သံယုတ်ပါဠိတော်ကြီးက မသိချက် ဆိုးဝါးအဝိဇ္ဇာတရားကိုပယ်ရှားနိုင်တဲ့ သမ္မာဒိဋ္ဌိဉာဏ် အမြင်မှန် မရသေးပါဘဲ (ဝါ)အမှန်ကိုသိသော ယထာဘူတဉာဏ်, မိမိမှာ ထင်ရှားမရှိသေးပါဘဲ ဝိပဿနာအလုပ် အားထုတ်က မိစ္ဆာ အယူကို ပွားများအောင် အပါယဂမနိယ တရားတွေကြီးပွား အောင် လုပ်သည်နှင့်တူတယ်လို့ ဆိုထားသည်။

ဤသို့ဆိုငြား သဘောသွား စကားရပ်သည် အလွန်သင့်မြတ် လျော်ကန်ကောင်းမွန်၏။

အဘယ့်ကြောင့် ဆိုသော်....

လောက ဥပမာနှင့် ပြရမည်ဆိုလျှင် ဆိုဗီယက်ရုရှားပြည်မှ မော်စကိုမြို့တော်, အမေရိကန်ပြည်မှ နယူးရောက်မြို့တော်တိုက် သွားလိုကြသည့် ခရီးသည်များဟာ မော်စကိုမြို့က ဘယ်အရပ် မှာ, နယူးရောက်မြို့က ဘယ်ဒေသမှာဆိုတာ အခြေပါပါ သိမ ထားပါက (ဝါ) ခရီးစဉ် ဘူတာဆက်ကို အချက်ကျကျ သိမ ထားလျှင် မည်ကဲ့သို့ ရောက် အောင်သွားကြမလဲ၊ သွားခြင်း, ရောက်ခြင်းငှာ မစွမ်းနိုင်သည်သာလျှင်။

ထိုနည်း တူစွာ ဥပမာလိုဘဲ သံသရာမှ ထွက်လမ်း နိဗ္ဗာန် စခမ်းကို သွားလိုရောက်လိုသည့် ယောဂီဟာလဲ သွားရာလမ်း ကြောင်း ရောက်လိုသည့် ဘူတာစဉ်ကို ဉာဏ်မှာ မြင်နေအောင် ရှေ့ဦးအစ ကြိုးစားအားထုတ်ရာ၏။

တနည်းအားဖြင့် ပြောရလျှင် ဝိပဿနာ အလုပ် အားထုတ်ခြင်းက အဓိက မဟုတ်ဘဲ ဘယ်တရား အားထုတ်က ဘာဖြစ်မည်၊ ဘယ်တရား ပွားများပါက မည်သည့် အကျိုးကို ပေးမည်၊ မည်—ည့် တရားကို ဆင်ခြင် ပွားများ ရှုကြည့်က မဂ်အခြေ,ဖိုလ်အခြေ ဆိုက်သည် ဆိုဘာ သိအောင် ပညာရှိများ၏ ထံပါးမှာ ချဉ်းကပ်၍ တရားစစ်, တရားမှန်ကို နာကြားရမည်၊ နာကြားထားသည့် အမြွတ် တရားကို မမေ့ပျောက်အောင် မှတ်သားထားရမည်၊ နာယူ မှတ်သားထားသည့် တရားဓမ္မကို မိမိ၏ ဉာဏ်မှာ မရှင်းက ပညာရှိ သပ္ပုရိသ၏ ထံပါးမှာ ချဉ်းကပ်ပြီး အကြိမ်ကြိမ် မေးမြန်းရမည်။

ဤကဲ့သို့ နာယူ မှတ်သား မေးမြန်းကာ အမှန်တရား လုပ်နည်း လုပ်ဟန် ကျင့်စဉ် စခမ်းကို သိပြီးမှ၊ ၎င်း အသိဉာဏ်ကို လက်ကိုင်ထားကာ အချိန်မဆိုင်း ကာလေ မပိုင်း ဣရိယာပုဒ် မရွေး နေရာတိုင်းမှာ လုပ်နိုင်ပါသည်။

ထိုကဲ့သို့ကျင့်စဉ် ပဋိပတ် လုပ်နည်း,လုပ်ဟန်အမှန် မသိပါဘဲ အလုပ်,အလုပ် နှင့် တလုပ်ထည်း လုပ်နေကြသည့်(ဝါ)အလုပ်ကို ဦးစားပေးကာ ဟောကြား, ရေးသား အလုပ်စခမ်း သွားနေကြသည့် မယ်သမထ,မောင်သမထ တို့အား အာဠာရနှင့် ဥဒကတို့၏ လမ်းစဉ်ကို ပြေးမဝင် မိကြရန် စေတနာ သန်သန်နှင့် သမထ အပေါင်းတို့ထံ ကြေငြာမောင်း ခတ်လိုက်ရပါသည်။

No.9

ဤနေရာမှာ အငြင်းပွား၍ စောဒက တက်စရာ ဖြစ်နေပါသည်၊ ဘာ့ကြောင့် ဆိုသော်- လုပ်ပြီးမှ သိမည်၊ လုပ်ရင်း လုပ်ရင်း တဖြည်းဖြည်း သိလာလိမ့်မည်လို့ အလုပ်စခမ်း၊ အလုပ်စခမ်း နှင့် အဟုတ် ကြိုးပန်းနေသည့် မောင့်မယ် အစားစား ယောဂီ များကို ကျမ်းပြု ပုဂ္ဂိုလ် ဓမ္မ ဝေပုလ္လ **အသျှင်ဥက္ကံသ**က သိပြီးမှ လုပ်ကြပါ၊ သိပြီးမှ လုပ်ရမည်လို့ ဟောကြား သွန်သင်ရေးသားခဲ့သည်။

အဘယ့်ကြောင့် ဆိုသော်-သွားလိုရာ လမ်းကြောင်းကို သိ၍ရောက်လိုသည့် ဘူတာစဉ်ကို ဉာဏ်မှာ မြင်နေအောင် ရှေ့ဦးမဆုပြုလုပ်ပါမှ မိမိသွားလိုရာ ခရီးကို ဖြောင့်တန်းစွာ သွားနိုင်၍ မိမိ ရောက်လိုသည့် ဒေသကို မပင်မပန်းဘဲ ဘဝဝ် ချမ်းမြေ့စွာနှင့် သာယာ ချောမောစွာ ရောက်နိုင်ပါသည်။

ထိုနည်းတူစွာ ဥပမာအလား ဝိပဿနာ တရားကို ကြိုးစားအားထုတ်သည် ဆိုတဲ့ နေရာမှာ မည်သည့် တရားကို ပွားများအားထုတ်က မည်သည့် အကျိုးကို ရ၍ မည်သည့် အသိမျိုးပေါ်သည်ဆိုတာ ဟုတ်တိုင်း မှန်စွာ ဉာဏ်အရာဖြင့် အချက်ကျကျသိပြီးမှ လုပ်လျှင် မပင့်မပန်းဘဲ လိုရာစခမ်းသို့ သခင်ဒိပဒါလမ်းစဉ် အတိုင်း မြန်းကြရပါတယ်၊ (ဝါ)ဒုလာနှင့် အညောင်းမလာ ဥမ္မတ္တက ဖြစ်ဘိုရာဝေလာဝေး၊ ကြောက်သည် လန့်သည်ဆိုတာ ဘယ်မှာ မရှိ၊ အိမ်ထောင်ရေးမှာ ဖူလုံ၊ လူနှံ့၊ လူအ၊ မဖြစ် သာသနာစစ်ကြီးနှင့် တွေ့ကြုံကြိုးနပ်၍ အမြတ်စာရင်းဝင် ဖြစ်ကြရ ပါသည်။

အထက်ပါ ရှင်းလင်းချက် ဥပမာ စကားလက်ကိုင် ထားကာ သိပြီးမှ လုပ်ကြပါမည့် အကြောင်း ရိုးသားစွာ စေတနာကောင်း နှင့် ရေးသားလိုက်ရ ပါသည်။

**(မှတ်ချက်။)** ဤကဏ္ဍအထိ ရေးသား ညွှန်ကြားခဲ့သမျှ အသိပေး (အချက်အလက်)တို့ကို မိမိတို့ရဲ့ ဉာဏ်အမြင် ရှင်းအောင်၊ သိအောင်၊ ပိုင်အောင် လုပ်ပါ၊ ဤကဏ္ဍ၏ ရှေ့ပိုင်းတွင် ပွားများပုံ ဆင်ခြင်နည်း တို့ကို မကျဉ်း မကျယ်သော နည်းဖြင့် အာဂါရဝနှင့် နေကြသည့် ယောဂီ မောင်မယ်များ၏ အသိဉာဏ်နှင့် ဟပ်မိ အောင် ရေးသားပေဦး အံ့။

........:o:........

## "တလုံးကြွ အမှန်သိ အားလုံးပြီးစီး၏"

သဲဆရာ နှုတ်ဖွက်မှ လွတ်ထွက်လိုသည်၊ မြတ်ယောဂီ- သင် သွားလို့ ရောက်လိုသည့် ခရီးစဉ်ကို အစကထွင်၍ ပြမည် လက်ဝဲ မစောင်း၊ လကျာ မရိမ်းစေဘဲ မဇ္ဈိမပဋိပဒါကျသည့် အလည် လမ်းမကြီးအတိုင်း ဖြောင့်ဖြောင့် မတ်မတ် ရှောက်ခဲ့ပေတော့။ အမြတ်တရား ကျင့်စဉ် ပဋိပတ်ကို ရှာကြံနေသည့် ယောဂီများ အာရုံပြား၍ စိတ်တခြား လွင့်မနေနှင့်—အထက်တွင် ပြဆိုခဲ့သလို သိပြီးမှ လုပ်ပါ ဆိုသည့်အတိုင်း အသိလက်နက်ကို ရင်ဝယ်ပိုက် ထားပါက အရာရာမှာ မမှား၊ အမှန်တရားကို သန္ဒိဋ္ဌိက ပြုရ မှာကတော့- မုချမလွဲ အသိမြဲအောင် မှတ်ပါတော့။

အကျယ်ချဲ့က ကျမ်းလေးမည်၊ လိုရင်းကို ဆိုတော့မည်၊ အထက်တွင် လောကီ, လောကုတ် ခွဲခြားသိဘို့ရန် ရေးသား၍ ပညတ်, ပရမတ် ရှင်းတမ်း ကိုလည်း လင်းခဲ့ပြီ၊ ခေတ် တဆယ့်ရှစ်ပြာ, ရုပ်နာမ်နှစ်ပါး, ခန္ဓာငါးဝကိုလည်း အမြင်မမှား ရအောင် ရေးသားခဲ့ပြီ။

ဤကဲ့သို့ ရေးသား ညွှန်ပြခဲ့သည့်(ဝါ) ယောဂီများ သိပြီးဖြစ်သည့် ခေတ်ရုပ်, ခေတ်နာမ်, ခန္ဓာတရားတွေဟာ မည်သည့် အနေနှင့် ရှိ၍ မည်သည့် အနေနှင့် မရှိပုံ၊ ထိုရုပ်, နာမ်, ခန္ဓာခေတ် တရားတို့၏ လက္ခဏာက ဘယ်သဘော, ၎င်း သဘောတရားများနှင့် နီးကပ်စွာ ရှိကြသည့် အကြောင်း တရားများက ဘယ်ပုံ,ထို ဆိုအပ်ခဲ့ပြီးသော ရုပ်, နာမ်, ခန္ဓာ ခေတ်တရားတို့၏ သဘောဟာ ဘယ်မှာ အကျိုးတရားအနေနှင့် လမ်းဆုံးနေသလဲ ဆိုတာ ဝေဘန် ခွဲခြား ရှုကြည့်ကြဘို့ ပါဘဲ။

ဆိုလိုတာ ကတော့— ရုပ်တလုံး, နာမ်တလုံးကို တရား ဦးခေါင်းဆုံးအောင် ရုပ်တရား, နာမ်တရားတို့၏ လက္ခဏာက ဘယ်လို ရှိသလဲ၊ ရုပ်တရား, နာမ်တရားတို့၏ အလုပ်ကိစ္စ, အမူအရာ ဘယ်လို ရှိသလဲ၊ ရုပ်တရား, နာမ်တရားတွေနှင့်နီးကပ်စွာ သောအကြောင်းတွေက ဘာလဲ၊ ရုပ် တရား နာမ် တရားတွေဟာ ဘယ်မှာ အကျိုးခံစားခွင့် အနေနှင့် လမ်းဆုံးနေတလဲ ဆိုတာ ကိုယ်ပိုင်ဉာဏ်နှင့် ဆင်ခြင်ကာ သိမြင်ဘို့သာ လိုရင်းအချက်ဖြစ်၏။

အမြင်မှန် ရောက်၍ အသိဉာဏ် ပေါက်ပါက အို,နာ,သေ, ပဋိသန္ဓေနေမှုနှင့် အမြေပြတ်၍ သံသရာပြေးပွဲ ရပ်ရ ပါသည်။

ယောဂီ- ရုပ်နာမ်တို့၏....

၁။ သဘောလက္ခဏာ
၂။ အမူအရာ ကိစ္စ၊
၃။ အကျိုးတရား၊
၄။ နီးစွာ ရှိသော အကြောင်း တရားများကို ခွဲခြား၍ ကွဲကွဲပြားပြား အသိရှင်းရန် ရုပ်နာမ်တို့သည် အကြောင်း တိုက်ဆိုင်လို့ ဖြစ်ပေါ်လာရပုံ၊ ယထာဘူတပုံစံ ထုတ်ကြည့်ကြပါဦးစို့။

ခုတ် တဆယ့်ရှစ်ပါး တို့တွင် အပါအဝင် ဖြစ်သည့် အပေါ်ခုတ် ဖြောက်ပါး နာမ်ခုတ်များ ဖြစ်ပေါ် လာရပုံ၊ ယထာဘူတ ပုံစံတို့ကို ပါဠိဘာသာမဘက်၊ အမိဘာသာဖြင့် မြမည်၊ ဂျပ္ပ၍ ကြည့်ရှုကြပါကုန်။

(မြင်စိတ် နာမ် ပရမတ် ဖြစ်ပုံ)

အလင်း

မျက်စေ့“မြင်စိတ်” အဆင်း

နှလုံးသွင်း

(ကြားစိတ် နာမ် ပရမတ် ဖြစ်ပုံ)

ဟင်းလင်း

နားအကြည် "ကြားစိတ်" အသံ

နှလုံးသွင်း

---

(နံ့စိတ် နာမ် ပရမတ် ဖြစ်ပုံ)

လေ

နှာအကြည်ခေါင်း "နံ့စိတ်" အနံ့

နှလုံးသွင်း

---

(စားစိတ် နာမ် ပရမတ်ဖြစ်ပုံ)

စွတ်စိုမှု

လျှာအကြည် "စားစိတ်" အရသာ

နှလုံးသွင်း

(ထိစိတ် နာမ် ပရမတ် ဖြစ်ပုံ)

ထဒ္ဓ - မာပြော

ကိုယ်အကြည် "ထိစိတ်" အတွေ့ အထ

နှလုံးသွင်း

သိစိတ် နာမ်ပရမတ် ဖြစ်ပုံ

"ယထာဘူတ ပုံစံ"

ဘဝင် တံခါး-ယက္ခစိတ်

နှလုံးသွေးအကြည်"သိစိတ်" အဟောင်းတရေး(မမှာရုံ)

(နှလုံးသွင်း)

---

ယောဂီ- လောကရေးမှာ အလွန်ကျယ်၍ လောကုတ္တရာရေးမှာ ကျဉ်းသည်၊ လောကုတ္တရာအရာ ဝိပဿနာမှာ တလုံးပိုင်ပါက အကုန် သိနိုင်တော့တာဘဲ၊

တို့ကြောင့်.......

ဧကော္စမ္ဟော ဘိက္ခဝေ အာသေဝိတော
ဘာဝိတော ဗဟုလီကတော အဘိညာယ
သမ္ဗောဓာယ နိဗ္ဗာနာယ သံဝတ္တတိ။

(အင်္ဂုတ္တရပါဠိတော်)

ဘိက္ခဝေ၊ သံသရာထောင် သုံးအိမ်နှောင်မှ လွတ်အောင်ကြံ ကြွား ယောဂီများတို့။ ဧကောဓမ္မော၊ တခုသော စက္ခု ဝိညာဉ် နာမ် ပရမတ်ကို၊ အာသေဝိတော၊ ကြိမ်ဖန်များစွာ ကိုယ်ပိုင် ဉာဏ်ဖြင့် လေ့ကျင့်အပ်သည် ရှိသော်။ ဘာဝိတော၊ ပညာဦးစီး ၍ ဆင်ခြင်ပွားများအပ်သည် ရှိသော်။ အဘိညာယ၊ ထူးသော ဉာဏ်အမြင် ရခြင်းငှါ၊သမ္ဗောဓာယ၊စာသစ္စာကို လွန်၍ သဘော သစ္စာ အရိယာတို့ သိအပ်သည့် သစ္စာကို သိခြင်းငှာ၊နိဗ္ဗာနာယ၊ ဝိရာဂနိဗ္ဗာန်ကို မျက်မှောက်ပြုခြင်းငှာ။ သံဝတ္တတိ၊ မှချဖြစ်ကြိမ်းသေ ဖြစ်ရလေ၏။

သံသရာ နှောင်အိမ်မှ မြန်မကြာ လွတ်လိုသည့် မြတ် ယောဂီ-မြင်စိတ် နာမ်ပရမတ်တခုကို ပညာဦးစီးပြီး အကြိမ်ကြိမ် အခါခါ ဝေဘန်ပွားများဆင်ခြင်မှုပြုလျှင် အရိယာတို့ သိအပ် သော သစ္စာကို သိ၍ အမြတ်ဆုံး ဝိရာဂနိဗ္ဗာန်ကို မျက်မှောက် ပြုနိုင်သည် ဆိုတဲ့အကြောင်း ဗုဒ္ဓက ညွှန်ကြားဆုံးမ ဩဝါဒကို ထားခဲ့ပါသည်။

တခုဖသော သဘော တရားလက္ခံထားကာ ပညာဦးစီးပြီး အကြိမ်ကြိမ်အဖန်ဖန် ဆင်ခြင်ဝေဘန်ပွားများရှုကြည့်ကနိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်သည်ဆိုတော့...နိဗ္ဗာန်ကို မျက်မှောက်ပြုရေးထက် ပိုပြီးလုပ်ရန် ကိစ္စမရှိတော့ပြီ။

ထို့ကြောင့်–အကျယ်ပွားမနေဘဲ ဓာတ်တဆယ့် ရှစ်ပါး အပါအဝင်ဖြစ်သည့် စက္ခုဝိညာဉ်နာမ်ပရမတ်ကို တရားဦးခေါင်းဆုံးအောင် ပညာသိနယ်မှ ဝေဘန်ကာပြမည်။

ယခုဝေဘန်ကာပြသည့် စက္ခုဝိညာဉ် နာမ်ပရမတ်ကို(ဝါ) သင်တို့ အရှင်တို့ထံပါးမှာ အကြောင်း တိုက်ဆိုင်လျှင် တိုက်ဆိုင်သလို ပေါ်သည် အာဂန္တုအနေနှင့် ကျရောက် လာသည့် မြင်စိတ်ကလေး, စာမြင်စိတ်မဟုတ်ပါ၊ သင်တို့ရဲ့ မြင်စိတ်ကလေးကို တရားဦးခေါင်းဆုံးအောင် ဝေဘန်နိုင်က ဝိသာခါ အနာထပိဏ်တို့လို ဘုရားသားတော်, သမီးတော်ဖြစ်ပြီး သာသနာနှင့် တွေ့ပြီ။

........:ဝ:........

## လက္ခဏာအကြောင်းဉာဏ်နှင့်ပေါင်း
## ‘‘ကောင်းကောင်းသိကြပါ’’

ဘုရားသားတော်, သမီးတော်ဖြစ်ရေးအတွက် ဓမ္မစက်ကို ပြုမည့် ဝိပဿနာစခန်းကို တက်လှမ်းအားထုတ်လိုသည့်ယောဂီ– သင်ရဲ့ မြင်စိတ် နာမ်ပရမတ် ကို ဝိပဿနာ ဉာဏ်နှင့်လက္ခဏာ ယဉ်တင်ကာ– ဆင်ခြင်တော့မည်၊ သတိရှေ့ထား ပညာ အားကောင်း သဒ္ဓါမောင်း သန်သန်နှင့် သံသရာမှာ နောင်တခါ

ပြန်ပလာရသည့် အတတ်ကို အပြီးသပ် တတ်မြောက်အောင် လေ့ကျင့်ပါလော့။

စက္ခုဝိညာဉ်ခေါ် မြင်စိတ်နာမ် ပရမတ်ကို လက္ခဏာယဉ် တင်ကာ ဆင်ခြင်မည် ဆိုလျှင် လက္ခဏာ၏ အကြောင်း ကောင်းကောင်းသိရန် လိုပါသည်။

လက္ခဏာရဲ့ သဘော တိုတိုဘဲပြောမည်၊ သဘောကျအောင် လေ့လာပါ။

လက္ခဏာဆိုတာဘာဘဲ၊ အမေးရှိပါက-

လက္ခိတဗ္ဗံ အနေနာတိ လက္ခဏာ။

လို့ဖြေရလိမ့်မည်၊ အမိဘာသာဖြင့် ပြောက လက္ခဏာဆိုတာ မှတ်ကြောင်းပါဘဲ။

ဘယ်လိုမှတ်ကြောင်းလဲဆိုက လောကဥပမာနှင့် ပြောရမည် ဆိုလျှင် မှတ်ဆိတ်, ဆံပယ်, ဖန်ရေစွန်းသည့် သင်္ကန်းကိုဆင်မြန်း ထားသည့်အသွင်, အပြင်, အမူအရာဆိုလျှင် ၎င်းကို ရှင်,ရဟန်း လို့မှတ်လိုက်။ ဒယိမ်းဒယိုင် တောင်နှင်း, မြောက်နှင်း အဖျင်း စကားတွေ ပြောသွားသည့် လမ်းပေါ်က လူကိုတော့ - အရက် သမား, အမူးသမားလို့မှတ်လိုက်၊ ထိုနည်းတူစွာ ဥပမာအလား ရုပ်တရား, နာမ်တရားတို့ဟာ ဘယ်လိုအမူအရာသဘောရှိသလဲ၊ ရှိသည့်အတိုင်း မှတ်လိုက်ထာကို လက္ခဏာလို့ဆိုပါသည်။

ဤသည့်အနေ ဖြစ်ရှိကာနေပါက ရှိသည့်အတိုင်း ခုမဆိုင်းဘဲ မှတ်လိုက်ထာကို လက္ခဏာလို့ဆိုအပ်၏။

မှတ်ကြောင်းလက္ခဏာသိဘို့ရာမှာ အရေးကြီးသည့်အချက်ကို ကွင်းကွင်း ကွက်ကွက် သိမြင်ထားရန် လိုအပ်ပါသည်။

အရေးပါ၍ မသိလျှင် မပြီးသည့် အချက်များက ဘာလဲ ဆိုတော့–အတ္တနှင့် အနတ္တ ဆိုနှစ်ဝါဒပင် ဖြစ်ပါသည်။

၎င်းအတ္တနှင့် အနတ္တဟာ သူနိုင်,ကိုယ်နိုင် အငြင်းပွိုင်ကာ သူ့ဝါဒကကောင်းတယ်၊ ငါ့ဝါဒက မှန်တယ် .... လို့ ကမ္ဘာသူ, ကမ္ဘာသားအပေါင်းကို မဲတောင်းနေသည်နှင့်မခြား လှည့်စား နေသည်နှင့် တူလှချေ၏။

အတ္တနှင့်အနတ္တအကြောင်းကို လောကဥပမာနှင့် ပြောရမည် ဆိုလျှင် ယနေ့ ကမ္ဘာမှာ အရင်းရှင်ဝါဒနှင့် ဆိုရှယ်လစ်ဝါဒ ပွိုင်နေသလို အနိုင်မခံ အရှုံးမပေး ကမ္ဘာသူ, ကမ္ဘာသားတွေကို သူ့ဘက်,ကိုယ့်ဘက်ပါအောင် အမျိုးမျိုး ဟန်ဆောင် ပြယုဂ် ထုတ်၍ စည်းရုံးမှု ပြုလုပ်နေသလို....။

ထိုနည်းတူစွာ ဥပမာအလား–အတ္တနှင့် အနတ္တ ထိုနှစ်ဝါဒ ကလည်း ကိုယ့်ဘက်, ကိုယ်ပါအောင် ကမ္ဘာသူ, ကမ္ဘာသား တွေကို အစဉ်အားဖြင့် ပရိယာယ် ဝေဝုဒ် အမျိုးမျိုး ထုတ်ခါ မဆွဲဆောင် သော်လည်း ဆွဲဆောင်သည့် အလား – ဖြစ်ရှိကာ နေပါသည်။

ဆိုလိုတာကတော့–လောကအရေး,ကမ္ဘာ့အရေးမှာ အရင်း ရှင်ဝါဒနှင့် ဆိုရှယ်လစ်ဝါဒ အငြင်းပွားနေသလို။

လောကုတ္တရာ အရေးမှာလည်း အတ္တနှင့်အနတ္တ ထိုနှစ် ဝါဒဟာ ပဋိပက္ခဖြစ်၍ အငြင်းပွားနေသလို–အထင်ပိုစရာ ဖြစ် ရှိကာ နေတာကို တွေ့ရပါသည်။

ဤကဲ့သို့ အငြင်းပွားကာ နေကြသည့်ပမာ ဖြစ်ရှိကာနေသည့် အတ္တနှင့်အနတ္တ ထိုနှစ်ဝါဒကို အတ္တသဘောက ဘယ်ပုံ၊ အနတ္တ သဘောက ဘယ်နည်း ခွဲခြားပြီး သိထားလျှင် သိသော သူ၏ ယုံပါးမှာ ယုံမှား သံသယမရှိ—ပကတိ အားဖြင့် ငြိမ်းအေး ပါ လာသည်။

အတ္တ၊ အနတ္တ ထိုနှစ်ဝါဒရဲ့ သဘော တိုတိုဘဲပြောမည်။

အတ္တဆိုတာ ဘာလဲ—?။ အတ္တရဲ့ အပြားက ဘယ် နှစ်ပါး ရှိသလဲ—?၊ အမေးရှိက....

အတ္တာတိယာမဂတာ-လို့ ဖြေရလိမ့်မည်။

အတ္တာတိ၊ အတ္တဟူသည်ကား။ ထာမဂတာ၊ အားအစွမ်း မည်၏။

အတ္တဆိုတာ မြင်စိတ် နာမ် ပရမတ်နှင့် တကွ ရုပ်တရား နာမ်တရားတွေဟာ တခုခြင်း အလိုဖြစ်နိုင်တယ်၊ ပျက်နိုင်တယ်၊ တည်ရှိနိုင်တယ်၊ အားရှိတယ်ဆိုလျှင် အတ္တသဘောပါဘဲ။

၎င်းအတ္တနှင့် သဘောတူ အမည်ကွဲ ပရိယာယ် ဟောထား ဘယ်နှစ်ပါးရှိပါသလဲဆိုက—

(၁) နိစ္စဝါဒီ—ရုပ်တရား၊ နာမ်တရား တို့သည် သူ့တခု တည်းထည်း တည်နေနိုင်သည်လို့ ထင်သဘော။

(၂) ကာရက—ရုပ်တရား၊ နာမ်တရား တို့သည် သူ့တခု တည်းအလိုအမှုကိစ္စပြီးအောင် လုပ်နိုင်သည်လို့ ထင်သဘော။

(၃) ဝေဒက—ရုပ်,နာမ်သဘောကလေးတို့သည် တခုဘည်း အလို ခံစားနိုင်သည်လို့ ထင်သဘော။

(၄) သယံဝသီ—ရုပ်,နာမ် သဘော ကလေးတို့သည် သူ့ တခုတည်း အလိုဖြစ်နိုင်သည့် သတ္တိရှိနိုင်သည် လို့ ထင်သဘော။

(၅) အဓိဋ္ဌာယ—ရုပ်, နာမ်လို့ သမုတ်ခံရသည့် သဘော ကလေးတို့သည် သူ့တခုတည်း အလို ဆောက် တည်နိုင်သည့် သတ္တိရှိသည်လို့ ထင်သဘော။

(၆) သမာမိ —ရုပ်, နာမ်လို့အသမုတ်ခံရသည့် သဘော ကလေးတို့သည် သူ့အလိုသူ အစိုးရပိုင်ဆိုင် သော သဘောရှိခြင်းလို့ ထင်သဘော။

အထက်ပါ ချောက်ဋ္ဌာနသည် အတ္တ၏အသင်းအပင်းအတ္တနှင့် သဘောတူအမည် ကွဲပရိယာယ်ပုဒ်များဖြစ်ပါသည်။

၎င်းအတ္တ၏ အသင်းအပင်း ပရိယာယ်ဝေဝုဒ်တို့ကို အပြော သဘောပိုင်အောင် သိထားစေလို။

တိုဆိုအပ်ခဲ့ပြီးသော အတ္တ၏ ဆန့်ကျင်ဘက် အနတ္တ သဘော နှင့်, အနတ္တနှင့် သဘောတူ အမည်ကွဲသည့် အနတ္တ၏ ပရိယာယ် ဝေဝုဒ်များကား မည်ကာည်တို့နည်းဟူမူကား—

အတ္တံ၊ အားအစွမ်းသည်။ နတ္ထိ၊ မရှိ။ အနတ္တံ၊ အားအစွမ်း မရှိ။ အနတ္တ ဆိုတာ ရုပ်နာမ်လို့ အသမုတ် ခံရသည့် သဘော များသည် တခုတည်း အလို ဖြစ်နိုင်၊ တည်နိုင်၊ ပျက်နိုင်သည့် အားအစွမ်း မရှိတာကို အနတ္တလို့ဆိုသည်။

ငင်းအနတ္တနှင့် သဘောတူ အမည်ကွဲ ပရိယာယ် ဟောထား ဘယ်နှစ်ပါးရှိပါသနည်းဆိုက–

(၁) အသာရက–ရုပ်၊ နာမ်လို့ အသမုတ်ခံရသည့် သဘော တို့သည် တခုခြင်း အလိုဖြစ်နိုင်သည့်အနှစ် အသား မရှိတဲ့သဘော။

(၂) အဝသဝတ္တန–ရုပ်၊ နာမ်လို့ အသမုတ်ခံရသည့် သဘောတို့လည်း သူ့တခုခြင်းအလို ဖြစ်ရမှုကို အစိုးမရခြင်းသဘော။

(၃) အသာမိက–ရုပ်၊ နာမ်လို့ အသမုတ်ခံရသည့် သဘော တို့သည် တခုခြင်း အလို သူ့ ဟာသူ မပိုင်ဆိုင်ခြင်း သဘော။

(၄) သုညတ–ရုပ်၊ နာမ်လို့ အသမုတ်ခံရသည့် သဘော တို့သည် တခုခြင်းအလို ဖြစ်နိုင်သည့်အား မှ သူ့အလိုလို သုဉ်းဆိတ် နေသည့် သဘော။

(၅) တုစ္ဆ –ရုပ်၊ နာမ်လို့ အသမုတ်ခံရသည့် သဘော တို့သည် တခုခြင်း အလိုဖြစ်နိုင်မှု အားမှ အချီးနှီးဖြစ်နေသည့် သဘော။

(၆) ရိတ္တ - ရုပ်,နာမ်လို့ အသမုတ်ခံရသည့် သဘော တို့သည် တခုခြင်း အလို ဖြစ်နိုင်မှု အားမှ သူ့အလိုလို အရုပ်အရောင်မှ ကင်းဆိတ် နေသည့်သဘော။

အထက်ပါ ခြောက်ဌာန သည် အနတ္တ၏ အသင်းအပင်း အနတနှင့် သဘောတူ အမည်ကွဲ ပရိယာယ်ပုဒ်များဖြစ်ပါသည်။

ထိုအနတ္တနှင့် သဘောတူ အမည်ကွဲ ပရိယာယ်ပုဒ်များကို အပြော သဘောမိအောင် လေ့ကျင့်ထားပါမှ ရုပ်,နာမ်ကို လက္ခဏာယဉ်တင်ကာ ဆင်ခြင်သည့်အခါမှာ မပင်မပမ်း ဘဝင် မနွမ်းဘဲ လင်းကြပေမည်။

ဤမျှသော ရှင်းလင်းချက်ဖြင့် အတ္တ,အနတ္တ ထိုနှစ် ဝါဒ၏ သဘော ဘွားဘွားကြီး ပေါ်ပေါက်သင့်ပြီ။

အတ္တ၏ သဘောကို သိ၍ အနတ္တ သဘောကို ကွင်းကွင်း ကွက်ကွက် ဉာဏ်မျက်စေ့နှင့် မြင်လျှင် ဘာသာရေး လမ်းဆုံး ဖြစ်သည့် နိဗ္ဗာန်ကို မြင်နိုင်ပါသည်ဆိုတဲ့ အကြောင်း—ဝိသုဒ္ဓိ မဂ်မှာ....

အနတ္တလက္ခဏေ ဒိဋ္ဌေ နိဗ္ဗာနံ ဒိဋ္ဌံနာမ။ လို့ လာ ရှိသည်။

အနတ္တလက္ခဏေ၊ သညာ,ဝိညာဉ် ကျော်လွန်၍ ပညာမြင် အနတ္တကို။ ဒိဋ္ဌေ၊ ကိုယ်ထိုင် ကိုယ်ပိုင် ဟုတ်တိုင်းမှန်စွာ သိမြင် သည်ရှိသော်။ နိဗ္ဗာနံ၊ ဆင်းရဲကင်းပြတ် နိဗ္ဗာန ဓာတ်ကို။ ဒိဋ္ဌံ နာမ၊ ခင်စစ်ကေန် အမှန်မလွဲ မြင်သည်မည်၏။

သညာသိ အနတ္တနှင့် ဝိညာဉ်သိ အနတ္တကို ကျော်လွန်၍ ပညာသိ အနတ္တကို မိမိ၏ဉာဏ်မှာထင်လျှင် ခင်းရဲ့ ကင်းပြတ် ဝိရာဂနိဗ္ဗာနဓာတ်ကို မျက်မှောက်ပြုနိုင်, သိနိုင် မြင်နိုင်ပါသည်။

ကောင်းပြီ.. ပညာသိ အနတ္တကို ကိုယ်ပိုင်ဉာဏ်နှင့် သိမြင်လျှင် နိဗ္ဗာန်ကိုမြင်သည်ဆိုတော့—ကမ္ဘာသူ, ကမ္ဘာသား လူအများတို့ အနတ္တလက္ခဏာကို မမြင်အောင် မည်သည့် အရာက ဖုံးအုပ်ခါ ထားသလဲဆိုတာ အကြောင်းရင်းကို ရှာကြံဘို့ရာ လိုလာပြန်သည်။

## " ဃနအရှုပ် ရှင်းလင်းထုတ် ကွယ်ချုပ်လေမှသာ "

အနတ္တသဘော ဘွားဘွား မပေါ်အောင် မည်သည့် အရာကား ဖုံးအုပ်ကာ ထားသလဲလို့ အကြောင်းရင်းကို ဆန်းစစ်ခဲ့ ဘန်မှူ သုတေသန ပြုတော့

အနတ္တံ အပ္ပသန္တော ဃနပဋိစ္ဆန္နတ္တာ။

လို့ ဝိသုဒ္ဓိမဂ်မှာ လာသည်ကို တွေ့ရပါ၏။

အနတ္တံ၊ မုန်း, ချစ်နှစ်ဖြာ ဆိတ်သုဉ်းရှာသည့် ပညာသိနယ်မှ သိရသောအနတ္တလက္ခဏာ အစစ်အမှန်ကို။ အပ္ပသန္တော၊ ကမ္ဘာသူ, ကမ္ဘာသား လူအများတို့ ဟုတ်တိုင်းမှန်စွာ မသိမမြင်ခြင်းသည်။ ဃနပဋိစ္ဆန္နတ္တာ၊ ဃန ဖုံးသည်တည်း။

မုန်း၊ချစ်နှစ်ဖြာ ဆိတ်သုဉ်းရှာသည့် သုညတ အနတ္တကို ကမ္ဘာသူ, ကမ္ဘာသား လူအများတို့ ဟုတ်တိုင်းမှန်စွာ မသိမမြင်ခြင်းသည်ကားဆိုလျှင် ဃနက ဖုံးအုပ်ကာ ထားလို့ ဆိုတာ သိကြရပြီ။

အနုဿကိုဿနဆိုသည့် အရာကား ဖုံးအုပ် ထားသည်ဆိုတော့-ဿနကို သိဘို့ရန် လိုလာပြန်သည်။

ထို့ကြောင့်- ဿနသဘောနှင့် ဿန၏ သရုပ်ကို ဖော်ထုတ်ပါလျှင်........

(၁) သန္တတိဿန။

(၂) သမူဟဿန။

(၃) ကိစ္စဿန။

(၄) အာရမ္မဏဿန။ အားဖြင့် လေးမျိုး, လေးစား တွေ့ရပါသည်။

ငင်း လေးမျိုးကို အမိဘာသာဖြင့် ပြောပါက....

(၁) သန္တတိဿန ဆိုတာ ရုပ် နာမ်လို့ အသမုတ် ခံရသည့် သဘောများသည် ပတ်ဝန်းကျင် အကြောင်း တရားများ ပြည့်စုံ၍ ဖြစ်ခွင့်ကြုံလို့ ဖြစ်လာသည့် အခိုက်မှာ ထိုဖြစ် သဘောများသည်ကြောင်းကျိုး ဆက်စပ်နေသလို အထင်ပိုစရာ သိမ်းပိုက်ယူငင်လို့ ရစရာ အစိုင် အခဲ ပမာ ထင်နေရတာကို သန္တတိဿန လို့ ဆိုသည်။

(၂) သမူဟဿန ဆိုသည်မှာ ရုပ် နာမ်လို့ အသမုတ်ခံရသည့် ဓာတ်,ပရမတ်များသည်အကြောင်းတွေ ဝိုင်းအုံလို့ ပေါင်း

No.11

ဆုံ နေ့ဆဲထိအသည်းမှာသိမ်းပိုက် ယူငင်စရာတရားရှိသလို အမှား ပို၍ ကြောင်း,ကျိုး တရား များဟာ ပေါင်းစပ်ဖွဲ့ပတ် နေသ ယောင်- အထင်ကြောင်ကာ မှောက်မှားစရာ ဖြစ်ရှိကာ နေတာ ကို သမုဟ ဃနလို့ ဆိုသည်။

(၃) ကိစ္စ ဃန ဆိုသည်မှာ ရုပ်တရား, နာမ်တရားများ(ဝါ) ဖြင်မှု,ကြားမှု အစရှိသည့် အမူအရာ ကိစ္စများတို့သည် အကြောင်း စုံညီလို့ အ-ကိစ္စ ပြီးဆုံးတိုင်း, ပြီးဆုံးတိုင်း ၎င်းပြီးဆုံးမှု ကိစ္စ များတို့သည် တခုခြင်း အလို့, ဖြစ်နိုင်သလို အထင်ပိုစရာ ဖြစ်ရှိ ကာ နေ၍ ၎င်း ပြီးဆုံးမှု ကိစ္စထည်းမှာ စွဲလန်းသိမ်းပိုက်စရာ အ နှစ်သာရရှိသယောင်-အထင်ကြောင်စရာကို ကိစ္စဃနလို့ ဆိုသည်။

(၄) အာရမ္မဏ ဃန ဆိုသည်မှာ ရုပ်,နာမ်လို့ အသမုတ်ခံ ရသည့် သဘောများတို့သည် အကြောင်းတွေ ပိုင်းအုံလို စုံညီ လာသည့် အခါမှာ အာရုံ အစိုင်အခဲ ပမာ တွယ်တာစရာ ရှိ သယောင်- အထင်ကြောင်စရာနှင့် ထိုထို အာရုံအပေါ် အထင် ချော်ကာ စွဲလန်းသိမ်းပိုက်လို့ ရတော့မလို အထင်ပိုကာ မှောက် မှားစရာကို အာရမ္မဏ ဃနလို့ ဆို၏။

ဤကဲ့သို့ အကြောင်း တိုက်ဆိုင်လျှင် တိုက်ဆိုင်သလို ဖြစ် ပေါ်လာကြသည့် ဖြစ်သဘောတို့၏ အပေါ်(ဝါ)သင်္ခါရဓမ္မတို့ ၏ အပေါ်မှာ တခု နှင့် တခု ဆက်စပ်သလို အထင်ပိုစရာ ပေါင်း စည်း သယောင်-အထင် ကြောင်စရာ၊ အာရုံ ;ရုပ်နာမ်တွေသည်

တပေါင်း တစည်းတည်း ပေါင်းစပ်ကာ ဖြစ်ရှိကာနေခြင်း အထင်များစရာ အမှုကိစ္စ ပြီးအောင် ဖြစ်နိုင်သယောင်- အထင်ကြောင်းမှောက်များစရာ ဖြစ်ရှိကာ နေတာကို ဃနလို့ ဆိုသည်။

မြန်မာလို တည့်တည့်ကြီးဆိုက ဃနဆိုတာ ရုပ်နာမ်လို့ အသမုတ်ခံရသည့် သဘောများသည် အကြောင်း တိုက်ဆိုင်လို့ ဖြစ်လာသည့်အခါမှာ ၎င်းဖြစ်သဘောသည် တခုခြင်း အလိုဖြာနိုင်လို့ ဖြစ်သည်၊ ပျက်နိုင်လို့ ပျက်သည်လို့ အထင်ပိုစရာ ဖြာနေသည့်သဘောကို ဃနလို့ ဆိုသည်၊ တနည်းအားဖြင့် ဆိုသော်- ၎င်း ဖြစ် သ ဘော သည့် သိမ်း ပိုက် ယူ ငင် စွဲလန်း စရာ အစိုင်အခဲပမာ ထင်နေရတာကို ဃနလို့ ခေါ်သည်။

အမှန်ကတော့—ဃနဆိုတာ အတ္တ၏ အခြံအရံ နောက်လိုက်များပါဘဲ၊ ၎င်းအတ္တ၏ အခြံအရံနောက်လိုက်များကို ချေခွဲမှ, ဖြာချပစ်မှ အ တ္တ ထင် လုံး ပျောက် သဉ်းကာ အနတ္တ ဉာဏ ရောက်ပါမည်။

အတ္တပျောက်၍ အနတ္တပေါက်အောင် ဃနခဲကို ချေခွဲသည့်နေရာမှာလည်း အပိုအကျယ်မခွဲဘဲ လိုရာကို တည့်တည့်ပြောကာ လွယ်လွယ်ပါဘဲ၊ ခံယူချက် တရားဟောင်း အထင်များ, အမြင်များ, အမှတ်များများကို အိုးထည်းကျ ရေကို သွန်ချလိုက်သည့် အလား—အကြွင်းအကျန် မရှိအောင် သွန်လိုက်ပါ၊ သင်၏ ထံပါးမှာ တရားဟောင်း ပျောက် ပြီး မည်သည့် ကမ္ဘာ, မည်သည့်

ဘဝကမှ မရဘူး, မသိဘူးသည့် တရားထူးက သင်၏ ထံမှောက်မှာ ကျရောက်လာပါလိမ့်မည်။

မသိဘူး, မရဘူးသေးသည့် တရားထူးကို ကိုယ်တိုင် မျက်မှောက်ပြုနိုင်ရေးအတွက် ဃနခဲကိုချေခွဲရပါလိမ့်မည်။ ဃနခဲကို ချေခွဲရမည်ဆိုတော့–ဃနခဲကို ချေခွဲဘို့ရာ လက်နက်ကို တဆင့်တက်ပြီး သိဘို့ရန် လိုလာပြန်သည်။

........ း၀း........

## သဘောကြီးလေးချက် ငွါန်လေးပါး ကိုယ်ပိုင်သိ၍ "လက်ကိုင်ထား"

ဃနခဲကို ချေခွဲဘို့ရာ လက်နက် အချက်ကျတာကတော့ သဘောကြီးလေးချက် ခေါ် ငွါန်လေးပါးဖြစ်ပါသည်။

ထိုသဘောကြီးလေးချက်ခေါ် ငွါန်လေးပါး၏ သဘောသရုပ်ကို အဟောထုတ်ပါက....

(၁) လက္ခဏာ။

(၂) ရသ။

(၃) ပစ္စုပဋ္ဌာန်။

(၄) ပဒဋ္ဌာန်—လို့လာရှိပါသည်။

ဂုဏ်းသဘောကြီးလေးချက်ခေါ်ဋ္ဌာန်လေးပါး၏ သဘောကို မြန်မာလို ပြောက ..

(၁) လက္ခဏာဆိုတာ ရုပ်နာမ်၏ သဘောကို မည်ကဲ့သို့ ရှိသလဲဆိုတာ ဆန်းစစ်မှု ပြုတာပါဘဲ။

တနည်းအားဖြင့် ဆိုစသော်—လက္ခဏာ ဆိုတာ ရုပ်နာမ်တို့၏ မူလသဘာဝက မည်သည့်အနေ, မည်သည့် သဘော ရှိသလဲလို့ ဆန်းစစ်ဝေဘန်စရာမှတ်ကျောက်နှင့်တူပါသည်။

လောကဥပမာနှင့် ပြောမည်ဆိုက လူအများတို့ အဘိုးတန် ရတနာအနေနှင့် သုံးစွဲနေကြသည့် ရွှေကို ဘယ်နှစ်မူးရည်ရှိ၍ မည်မျှတန်ကြောင်းကို အမှန်အကန်သိအောင် မှတ်ကျောက်မှာ တင်ကြည့်မှ ဤရွှေသည်ဘယ်နှစ်မူးရည်ရှိ၍ မည်မျှတန်ကြောင်း ကောင်းကောင်းသိရသလို။

ကမ္ဘာသူ, ကမ္ဘာသား လူအများတို့ကို ဘာဘာညာညာ အပူပွား၍ အယူများ, အထင်များစရာအနေနှင့် အကြောင်းတိုက်ဆိုင်က တိုက်ဆိုင်သလို ပေါ်လာကြသည့် ရုပ်နာမ်တို့၏ မူလသဘာဝကို ဘယ်အနေ, ဘယ်သဘောနှင့် ဖြစ်ရှိကာနေသလဲလို့ မှတ်ကျောက်တင် ကြည့်စရာ သဘောကို လက္ခဏာလို့ ပြောတော့။

(၂) ရသဆိုတာ အသမုတ်ခံ ရုပ်နာမ် တို့သည် (ဝါ) အကြောင်း တိုက်ဆိုင်လျှင် တိုက်ဆိုင်သလို ဖြစ်ပေါ် လာ သည့် မြင်မှု, ကြားမှု,နံမှု အစရှိသည့် ကိစ္စသန မျှားသည် ဘယ်လို အမူအရာ, အလုပ်ကိစ္စရှိသလဲလို့ဝေခွဲဆန်းစစ်မှုပြုစရာ,တိုင်းထွာ စရာ ကရိယာမှတ်ကြောက် တခုပါဘဲ။

ဆိုလိုတာကတော့—ရုပ်,နာမ်တို့၏ အလုပ်ကိစ္စ, အမူအရာက ဘာတွေရှိသလဲလို့ ဆန်းစစ်မှုပြုစရာ သဘောကလေးကို ရသလို့ ပြောပါတော့။

(၃) ပစ္စုပဋ္ဌာန်ဆိုတာ အသမုတ်ခံ, ရုပ် နာမ်တို့သည် မည်သည့် အကျိုးခံစားခွင့်ရှိသလဲလို့ အမှန်အတိုင်းသိအောင် ချိန်တွယ်ကြည့်စရာ ကရိယာတခုဟု မှတ်။

ဆိုလိုရင်းက ရုပ်နာမ်တို့၏ အကျိုးခံစားခွင့်က ဘာတွေရှိသလဲလို့ သုတေသန ပြုစရာသဘော ကို ပစ္စုပဋ္ဌာန်လို့ မှတ်ခဲ့ပါ။

(၄) ပဒဋ္ဌာန် ဆိုသည်မှာ အသမုတ်ခံ, ရုပ်နာမ်တို့၏ ပတ်ဝန်းကျင်မှာ နီးစွာသော အကြောင်းများက ဘာတွေလဲလို့ အဖြစ်မှန်ကို သိအောင် ဝေခွဲဘိုရာ စူးစမ်းလေ့လာသည့် တိုင်းထွာစရာ ကရိယာတခု မှတ်ခဲ့ပါ။

ဆိုလိုရင်းကတော့—ရုပ်နာမ်တို့၏ ပတ်ဝန်းကျင်မှာ နီးစွာသော အကြောင်းများက ဘာလဲလို့ ဝေခွဲတိုင်းတာ အမှန်ကို ရှာသည့် သဘောကို ပစ္စုပဋ္ဌာန်လို့ ခေါ်သည်။

ယောဂီ–ကွေဝေ မနေပါနှင့်-စိတ်ရှည်ရှည်နှင့် ဘတ်ပါ၊ ဤနေရာမှာ အရေးကြီးသည့် သဘောကြီး လေးချက် ခေါ် ဌာန်လေးပါး ဆိုတာ မှတ်ကြောင်း တရားဘဲ၊ မှတ်ကြောင်းကို ကောင်းကောင်းသိမှ မှတ်အပ်သည့် သဘောကို ချောမောစွာ သိမည်။

လောကမှာ အရာဝတ္ထု တခုခု၏ အလေးချိန်သည် မည်၍မည့်မျှရှိကြောင်း အတိအကျ ကောင်းကောင်း သိချင်လျှင် ချိန်တွယ်စရာ ကရိယာ ရှိရသလို။

ထိုနည်းတူစွာ ဥပမာသာလျှင် ရုပ်နာမ်သဘာဝတို့၏ မူလသဘောကို သိချင်လျှင် မှတ်ကြောင်းဖြစ်သည့် ဌာန် လေးပါး တည်းဟူသော ကရိယာများ ကိုယ်မှာ အရှိထားရမည်။

အမှန်ကတော့– သဘောကြီး လေးချက်ဆိုသည့် ဌာန်လေးပါးသည် လောက ဥပမာနှင့် နှိုင်းယှဉ်ပြောရလျှင် မှတ်ကျောက်ကြေးမှု ပြင် ချိန်တွယ် တိုင်းထွာစရာ ကရိယာများနှင့် တူပါသည်။

(လက္ခဏာ နှင့် ဥပမာ)

လောက သူသူငါငါ အဘိုးတန်ရတနာအနေနှင့် သိမ်းဆည်းသုံးစွဲနေသည့် ရွှေကို ဘယ်နှစ်မူးရည်ရှိ၍ မည်မျှ တန်ကြောင်း အမှန်ခွဲခြား၍ သိအောင် မှတ်ကျောက်မှာ တင်ကြည့်ရသလို။

ရုပ်နာမ်တို့၏ မူလ သဘာဝကို အသိရှင်း၍ ဉာဏ်အမြင် လင်းချင်လျှင် လက္ခဏာတည်းဟူသော မှတ်ကျောက်မှာ တင် ကြည့်ရပါသည်။

(ရသ နှင့် နိုင်းယှဉ်စရာ)

လောကမှာ ချော—လှ, ကျည်းတန့်,အရှဲ့, အစောင်း ကိုယ် အင်္ဂါဝတ္ထုအပေါင်းကို ဘယ်လိုအသွင်အပြင်, အမူအရာ ရှိသလဲ လို့ သိချင်လျှင် ကြေးမုံပြင်မှာ တင်ကြည့်ယှဉ်ကြည့်က မူလ အသွင်အပြင် အမူအရာ ကိစ္စကို သိရသလို။

ရုပ်နာမ်လို့ အသမုတ်ခံရသည့် သဘောများသည် ဘယ်လို အမူအရာ,အလုပ်ကိစ္စရှိသလဲလို့ ဝေခွဲ၍ သိချင်လျှင်ရသတည်း ဟူသော ကြေးမုံပြင်မှာ တင်ကာ ယှဉ်ကာ ကြည့်ကအတိအကျ သိနိုင်ပါသည်။

(ပစ္စုပဋ္ဌာန် နှင့် ဥပမာ)

လောကမှာ အရာဝတ္ထုတခုသည် အလေးချိန်အားဖြင့်မည်၍, မည်မျှရှိကြောင်း—ကောင်းကောင်းသိချင်လျှင် အလေး, ချိန်ခွင် နှင့် ချိန်ကြည့်မှ အမှန် သိရသလို။

ရုပ်,နာမ် တရားတို့၏ အကျိုးခံစားခွင့်က ဘာတွေလဲ၊ မည် သည့် အကျိုးခံစားခွင့်ရှိသလဲဆိုတာ ဝေခွဲ၍ သိရအောင် ပစ္စု ပဋ္ဌာန်ကည်းဟူသော ချိန်တွယ်စရာနှင့် တင်စက်ကြည့်ရာ၏။

(ပဒဋ္ဌာန် နှင့် ဥပမာ)

လောကမှာ အနီးအဝေးကို ဘယ်နှစ်တိုင်, ဘယ်နှစ်မိုင် ရှိကြောင်း အတိအကျ သိချင်လျှင် တိုင်းထွာစရာ, ကရိယာ နှင့် တိုင်းထွာကြည့်မှ အမှန်အတိုင်း သိရသလို။

ထင်စရာ ပြုကြသည့် သင်္ခါရ ရုပ်,နာမ် သဘာဝများ ဖြစ်ရှိကာ လာအည့် အခါမှာ နီးစွာသော အကြောင်း တရားများက ဘာလဲလို့ ဝေခွဲ၍ အဖြေမှန် သိရအောင် ပဒဋ္ဌာန် ဆိုသည့် ကရိယာနှင့် တိုင်းတာကြည့်ရာ၏။

၎င်းကဲ့သို့ ရှင်းလင်း တင်ပြခဲ့သော သဘောကြီး လေးချက် တည်းဟူသော မှတ်ကျောက် ကြေးမုံပြင် များကို လက်ကိုင်ထား၍ အကြောင်း တိုက်ဆိုင်၍ ပေါ်လာသမျှ သင်္ခါရဓမ္မ ရုပ်နာမ်တို့ကို အဟုတ် အမှန်သိအောင် လက္ခဏာ တည်းဟူသော မှတ်ကျောက်မှာ တင်ကြည့်, ကြေးမုံပြင် တည်းဟူသော ရသနှင့် ယှဉ် ကြည့်၊ ပစ္စုပဋ္ဌာန် ပဒဋ္ဌာန် တို့နှင့် ချိန် တွယ် တိုင်း တာကြည့်က ထင်စရာ ပြုကြသည့် သင်္ခါရဓမ္မတို့၏ မူလရုပ်, ဇာတိရုပ်ကတော့- အဟုတ် ပေါ်မှာ မလွဲကေန် အမှန် ဖြစ်ပါသည်။

ရုပ်နာမ်တို့၏ မူလသဘာဝရုပ်ကို အဟုတ်အမှန် သိနိုင်ရေးအတွက် (၀၁) ရုပ်နာမ်တို့ဟာ မူလကမည်သည့် အနေဖြစ်ရှိကာ နေသည်ဆိုတာ အပိုအလို မရှိ- မှန်ကန်စွာ ကိုယ်တိုင် သန္နိဋ္ဌာန်ကျ မျက်မှောက် ပြုနိုင်ရေးကို ဓာတ် တဆယ့်ရှစ်ပါးတို့တွင် တပါးအပါအဝင် ဖြစ်သည့် မြင်စိတ်လို့ အသမုယ်ခံသည့် နာမ်ပရမတ်ကို သာဓကထုတ်၍ လက္ခဏာ တည်းဟူသော မှတ်ကျောက်မှာ

No.12

တင်ကာ ဆန် စစ်ကြဦးစို့၊ (ဝါ)မြင်စိတ်ဆိုသည့် နာမ်ပရမတ်ကို ဥာဏ်လေးပါးနှင့် တိုက်ကြည့်ကြဦးစို့။

မြင်စိတ်ခေါ် နာမ်ပရမတ် ဖြစ်ပုံ

"ယထာဘူတစံပုံ"

အလင်း

မျက်စေ့အကြည် "မြင်စိတ်" အဆင်း

နှလုံးသွင်း

အထက်တွင်ပုံစံနှင့် ပြထားသည့် နာမ်ပရမတ်သည် ဘယ်လက္ခဏာ, ဘယ်သဘော ရှိသလဲဆိုတာ လက္ခဏာတည်းဟူသော မှတ်ကျောက်မှာတင်၍ ဆန်းစစ် စေဘန်ကာ သုတေသန ပြုတော့ (ဝါ)ဝိပဿနာ တည်းဟူသော ခုံရုံးမှာ တင်ကာ ဆန်းစစ်တော့ မြင်စိတ် ကိုယ်တိုင်က အစစ်ခံ ဝန်ခံသည်မှာ....

စက္ခုသန္နိဿိတ ရူပ ဝိဇာ နန လက္ခဏာ၊လို့ အစစ်ခံပါသည်။

အကျွန်ုပ်သည် မျက်စေ့ အကြည်ကို မှီပြီး အရောင်အဆင်း အလင်းတို့ကို သိခြင်းသဘော ရှိပါသည်- တဲ့။

ယောဂီ- ဤနေရာမှာ သတိကြီးကြီး ပညာဦးစီးပြီး ဉာဏ်အား ကောင်းကောင်းနှင့် ထိုးထွင်းပြီး ကြည့်လိုက်, သိလိုက်စမ်းပါ။

မြင်စိတ်က အစစ်ခံသည်မှာ မျက်စေ့ အကြည်ကို မှီပြီးမှ အရောင်,အဆင်း, အလင်းတို့ကို သိ၍ပါသည် ဆိုတော့-နာမ်ပရမတ်သည်မျက်စေ့ အကြည်နှင့် ကင်းပြီး အရောင် အဆင်းကို သိခြင်းသဘော မရှိ၊ တခုခြင်း အလိုအရ သိနိုင်, ရှိနိုင်သည့် အားမှ သဘောမှ ပျက်နေတဲ့ မူလပျက် အနေနှင့် ဖြစ်ရှိကာ နေတာကို ယောဂီ ကိုယ်တိုင် ဉာဏ်အားဖြင့် မျက်မှောက်ပြုရပါသည်။

ဆိုလိုတာ ကတော့- မြင်စိတ် နာမ် ပရမတ်ကို လက္ခဏာ တည်းဟူသော မှတ်ကျောက်မှာ တင်ကြည့်တော့ အထက်တွင် ပြထားသည့် ပုံစံ ၈ ယား အတိုင်း မျက်စေ့ အကြည်ကို မှီရခြင်း, မြင်စရာ အဆင်းကလဲ ရှိရခြင်း အဆင်းကို ဖေါ်ပြသည့် အလင်းကလည်း ပါဝင်ရခြင်း, မြင်လိုသည့် မနသိကာရခေါ် နှလုံးသွင်းကလည်း ရှိရခြင်း ဤကဲ့သို့ ပတ်ဝန်းကျင် အကြောင်းတရားများ ဝိုင်းအုံလို့ ပြည့်စုံနေကြ, သခ်တမှာ အဆင်းကိုအာရုံပြုရသည့် သဘော သိခြင်းသဘော ရှိသည် ဆိုတော့- ထိုထို အကြောင်းရင်း တွေနှင့် မပေါင်းသင်းရဘဲ မြင်စိတ်သည် တခုတည်း အလို အာရုံပြုနိုင်, တည်နိုင်သည့် အားမှ သဘောမှပျက်နေသည့် မူလပျက်အနေနှင့် ဖြစ်ရှိကာ နေတာကို တွေ့ရပါသည်။

မြင်စိတ်လို့ အသမုတ်ခံရသည့် ပရမတ်ကို လက္ခဏာဆိုသည် မှတ်ကျောက်မှာ တင်ကြည့်တော့- မူလက ပျက်နေသည့် မူလပျက်ကို တွေ့ရပြီ။

ရသ တည်းဟူသော ကြေးမုံပြင်မှာ တင်ဟပ်ကြည့်ကြ ဦးစို့။

ရသဆိုတာ အမူအရာ (ဝါ)အလုပ်ကိစ္စကို ခေါ်သည်၊ မြင်စိတ်လို့ အသမုတ်ရသည့် နာမ်ပရမတ်သည် ဘယ်လို အမူအရာ

အလုပ်ကိစ္စ ရှိသလဲလို့ ရသဆိုတဲ့ ကြေးမုံပြင်မှာ တင်ဟပ်ကြည့်တော့— ကြေးမုံပြင်မှာ ဘယ်လို အမူအရာ, အလုပ်ကိစ္စတွေ ထင်သလဲဆိုတော့ ..

ရူပမတ္တာ ရမ္မဏရသံ။ လို့ တွေ့ရသည်။

ဖြူ, နီ, ပြာ, ဝါ အစဖြာသည့် အဆင်းတို့ကို အာရုံပြုရခြင်း အမူအရာ, အလုပ်ကိစ္စသာလျှင် ထင်သည်။

ယောဂီ- မြင်စိတ် နာမ်ပရမတ်၏ အမူအရာအလုပ်ကိစ္စဘာလဲ ရသတည်းဟူသော ကြေးမုံပြင်မှာ တင်ကာ-ဆန်းစစ်ကြည့်တော့ လိုအဆင်းများကိုအာရုံပြုရခြင်းကိစ္စ ရှိပါသည်လို့ ဝန်ခံတော့— မြင်စိတ်၏ အမူအရာ ကိစ္စမှာ အဆင်းနှင့် ကင်းပြီး တခုခြင်းအလို အရ အာရုံပြုခြင်း ဖြစ်ခြင်းငှာ မစွမ်းနိုင်၊ အာရုံပြုနိုင်တဲ့ အားမှုမှုလက **ပျက်**နေသည့် မူလ**ပျက်**ဘဲ တွက်လို့ရသည်။

မြင်စိတ် နာမ်ပရမတ်သည် လက္ခဏာခေါ် သဘောမှာလဲ **ပျက်**ရသခေါ် အမူအရာ ကိစ္စမှာလဲ **ပျက်**နေတာ ကိုယ်တွေ့ကြုံရပြီ။

ပစ္စုပဋ္ဌာန် ဆိုသည့် ချိန်တွယ်စရာနှင့် တင်စက်ကာ.... ကြည့်ကြဦးစို့။ ပစ္စုပဋ္ဌာန်ဆိုတာ အကျိုးတရား (ဝါ) ခံစားခွင့်ကို ဆိုသည်။

မြင်စိတ်ခေါ် နာမ်ပရမတ်သည် မည်သည့် အကျိုးခံစားခွင့်ရှိသလဲလို့ဝေခွဲမှု,ဆန်းစစ်မှု ပြုတော့.... (ဝါ) ပစ္စုပဋ္ဌာန် တည်းဟူသော ချိန်ခွင်မှာ တင်ကာ ဆန်းစစ်ကြည့်တော့....

ရူပါဘိမုခဘာဝံ ပစ္စုပဋ္ဌာနံ။ လို့ အစစ်ခံပြန်သည်။
အဆင်းကို ရှေ့ရှုရသည့်အကျိုးဘဲ ရှိပါသည် -တဲ့။

မြင်စိတ် ကိုယ်တိုင်က အစစ်ခံ၊ ဝန်ခံနေသည်မှာ အဆင်းကို ရှေ့ရှုရသည့် အကျိုးဘဲ ရှိပါသည် ဆိုတော့— အဆင်းကို ရှေ့ရှုသည် ဆိုကတည်းက အဆင်းနှင့် ကင်းပြီး မြင်စိတ် တခုတည်း၊ အဆင်းကို ရှေ့ရှုသည့်အကျိုး ဖြစ်ခြင်းငှာ မစွမ်းနိုင်။

ထို့ကြောင့် မြင်စိတ် ခေါ် နာမ်ပရမတ်သည် ပစ္စုပဋ္ဌာန်ဆိုတဲ့ ချိန်ခွင်မှာ စက်ကြည့်တော့လဲ တခုခြင်းအလို ရှေ့ရှုနိုင်သည့် အားမှ ပျက်နေသည့် မူလပျက်ကိုဘဲ တွေ့ရသည်။

သဘောပျက်၊ အမူအရာ ပျက်၊ အကျိုး ပျက်၊ ဘယ်အနေနှင့် တွက်တွက် အပျက်တွေကိုသာလျှင် ဉာဏ်ဝမှာ တင်ရသည်။

မြင်စိတ် ခေါ် နာမ်ပရမတ်ကို ပဒဋ္ဌာန်ဆိုသည့် ပေတံနှင့် တိုင်းတာ ကြည့်ကြဦးစို့။

ပဒဋ္ဌာန်ဆိုတာ အကြောင်းလို့ ဆိုသည်။

မြင်စိက် နာမ်ပရမတ်သည် မည်သည့်အကြောင်းနှင့် နီးကပ်စွာ ရှိသလဲလို့ ပဒဋ္ဌာန် တည်းဟူသော ပေတံနှင့် တိုင်းတာ ဆန်းစစ်ရှု ပြုတော့....

မနောဓာတုယာ အပဂမ ပဒဋ္ဌာနံ။ လို့ အစစ်ခံတယ်။

မနောဓာတ်မှ ဖယ်ခွာ ရခြင်းလျှင် နီးစွာသော အကြောင်းရင်း ဖြစ်တယ်လို့ အစစ်ခံ၊ ဝန်ခံပြန်သည်။

မြင်စိတ် နာမ်ပရမတ်သည် အကျိုးတရားအနေနှင့် ပေါ်လာသည့် အခါ နီးစွာသော အကြောင်းရင်းကို ရှာတော့- မနော ဓာတ်မှ ဖယ်ခွာရခြင်း သာလျှင် နီးစွာသော အကြောင်းရင်း ဖြစ်ရှိကာ နေသည် ဆိုတာ တွေ့ရတော့- ပဒဋ္ဌာန် ခေါ် အကြောင်း တရားမှာလဲ အပေါင်းများနှင့် ကင်းပြီး တခုခြင်း အလို မဖြစ်နိုင်တာကို တွေ့ရပါသည်။

မြင်စိတ် နာမ်ပရမတ်သည် အကြောင်း တရားမှာလည်း အပေါင်းများနှင့် ကင်းပြီး တခုခြင်းအလို ဖြစ်နိုင်သည့် အားမှ ပျက်နေသည့် မူလပျက်ကိုသာလျှင် တွေ့ရပါသည်။

ယောဂီ— သင် တို့၏ မြင်စိတ် နာမ်ပရမတ်သည် သဘောကြီး လေးချက် ခေါ် ဌာန်လေးပါးနှင့် တွက်ကြည့် စက်ကြည့်, တိုက်ကြည့်သည့် အခါမှာ ဘယ်အနေနှင့် တွက်တွက် မူလပျက်ကိုသာ တွေ့ရပါသည်။

(၁) လက္ခဏာ ခေါ်- သူ့သဘောနှင့် တွက်ကြည့်လဲ မူလပျက်ကို တွေ့ရသည်။

(၂) ရသ ခေါ် သူ့အမှုအရာ ကိစ္စနှင့် တွက်ကြည့်လဲ မူလပျက်ကိုသာ တွေ့ရ။

(၃) ပစ္စုပဋ္ဌာန်ခေါ်- အကျိုးခံစားခွင့်မှာလဲ တွက်ကြည့်က အပျက်အတိသာ။

(၄) ပဒဋ္ဌာန် ခေါ် - အကြောင်းရင်းမှာလဲ အပေါင်းများနှင့် ကင်းပြီး တချခြင်းအလို မဖြစ်နိုင်, ဖြစ်နိုင်သည့် အားနှ မူလကပျက်ကျ, ဘယ်လိုပင် တွက်တွက် အပျက်သာလျှင် ထင်တယ်၊

ဒါကြောင့်.... ဗုဒ္ဓက မြင်,ကြား, နံ,စား,ထိ,သိသမျှ သင်္ခါရဓမ္မတို့သည် ဘဝင်မှာ ကျသည် ဖြစ်စေ- မကျသည် ဖြစ်စေ မူလကတော့။ ။ "ဝယ" အပျက်ဘဲလို့ ပရိနိဗ္ဗာန် စံလွန်တော်မူခါနီး မလ္လာမင်းတို့ ပိုင်သတဲ့ အင်ကြင်းတော ဥယျာဉ်မှာ အင်ကြင်းပင်ပျို နှစ်ပင်တို့၏ အကြားမှ ဥတ္တရာသီသ မြောက်အရပ်ကို ဦးခေါင်းလှည့်ထားသည့် ရွှေညောင်စောင်း ပေါ်မှာ ဗုဒ္ဓတို့၏ ဂုဏ်ရွှေတော်နှင့် စံပါယ်တော်မူလျက် "ပစ္ဆိမဗုဒ္ဓဝစန" နောက်ဆုံးပိတ် စကား မှာကြား ဟောထားခဲ့တာကတော့....

ဟန္ဒဒါနိ ဘိက္ခဝေ အာမန္တယာမိဝေါ ဝယဓမ္မာ သင်္ခါရာ အပ္ပမာဒေန သမ္ပာဒေထ။

လို့ မဟာပရိနိဗ္ဗာနသုတ်မှာ ဟောခဲ့ပါတယ်။

ဘိက္ခဝေ၊သံသရာဆောင် သုံးအိမ်ဌာနေ့ခင်မှ ခွာရှောင် လိုငြားအို- ချစ်သား- ချစ်သမီးတို့။ ဟန္ဒဣဒါနိ၊ ယခု ငါဘုရား ပရိနိဗ္ဗာန် စံလွန်တော်မူခါနီး အခါ၌။ဝေါ၊သင်ချစ်သား, ချစ်သမီးတို့အား၊ အာမန္တယာမိ၊နောက်ဆုံးစကား ပြောကြားခဲ့ပေအံ့။ကိံ အာမန္တ

ဟာမိ၊ အဘယ်ကဲ့သို့ ပြောကြားအံ့သနည်းဟူမူကား။ ဘိက္ခဝေ၊ ချစ်သား - ချစ်သမီးတို့၊ သင်္ခါရာ-ဘဝင်မှာ ကျကျ - မကျကျ ထင်လာ-မြင်လာသမျှ (ဝါ) မြင်, ကြား, နံ, စား, ထိ, သိသမျှ သင်္ခါရ တရားတို့သည်။ ဝယဓမ္မာ၊ နဂိုမူလ ပကတူပ အားဖြင့် ပျက်တက်သည့် သဘောရှိကြပါပေ၏။ ထေသင်္ခါရေ၊ ထိုနဂိုမူလ ပကတူပ အားဖြင့် ပျက်တတ်သည့် ဝယဓမ္မ သင်္ခါရတို့ကို။ အပ္ပမာဒေန၊ မမေ့မလျော့, မပေါ့ဆဘဲ သတိ, ပညာ, သဒ္ဓါတရားနှင့်။ သမ္ပာဒေထ၊ ကိုယ်စီကိုယ်ငှ ပြည့်စုံရစ်ကြကုန်လော့။

သံသရာထောင် သုံးအိမ်နှောင်မှ ကျွတ်လွတ် ချင်ကြတဲ့ ယောဂီ—မောင်,မယ် အသွယ်သွယ် တို့သည် မြင်မှု, ကြားမှု, နံမှု, စားမှု, ထိမှု, သိမှုဖြစ်တိုင်း, ဖြစ်တိုင်း ကာလမဆိုင်ဘဲ ထိုထို မြင်, ကြား, နံ, စား, ထိ, သိမှုတို့၏ မူလသဘောကို ဘွားဘွား ပေါ်အောင် သတိရှေ့ဆောင် ပညာဦးစီးပြီး ဝိပဿနာဉာဏ်နှင့် ဆင်ခြင်ရမည်။

ခြောက်ဒွါရ, ခြောက်အာရုံ, အခံဓာတ်, အတိုက်ဓာတ်တို့ တွေ့ဆုံလို့ အပေါ်ဓာတ်များ ပေါ်လာတိုင်း, ပေါ်လာတိုင်း အလွတ်မပေး- သတိရှေ့ပြေးကာ ဆင်ခြင်မှု ပြုပလားဆိုလျှင် (ဝါ)ဒွါရ,အာရုံပေါင်းဆုံလို့ မြင်,ကြား,နံ,စား, ထိ, သိမှုများ ပေါ်လာတိုင်း သတိနှင့်ပမ်း—ပညာဖြင့် ဆန်းစစ်လျှင် ထိုထို အပေါ်ဓာတ်များ၏မူလ သဘော ဘွားဘွားကြီး ပေါ်လာကာ င်းတယ်, မှုကောင်းဘူးဆိုတဲ့ အဆင့်သို့မရောက်တော့ပါ၊

ကောင်း'မကောင်းမဖြစ်ကြလျှင် လောဘ,ဒေါသလည်းအလိုလို ချုပ်ငြိမ်းနေကြပါသည်။

ဤကဲ့သို့ဆင်ခြင်မှုပြုသူတိုင်းမှာ ဆင်ခြင်မှုအားကောင်းသည်နှင့်အမျှ ထိုထိုအာရုံ ဓမ္မတို့အပေါ်မှာ ခုံမင်စွဲလန်းမှု မဖြစ်ကြပါဘဲ ခြေဘ်....ကျိုးမဲ့ပြစ်ရ သဘောတွေပါတကား၊ ရေတွင်ရုပ်ရေး ဆေးခြယ်ကောင်းကင် ပုံအသွင်သို့ ထင်ရှားသော အထည့်ဒြပ်မှ ဆိတ်သုဉ်းသည့် သဘော တွေပါ တကား-ဟု ယောဂီပုဂ္ဂိုလ်၏ အသိဉာဏ်ကြေးမုံပြင်မှာ အချိန်တိုင်း ကြည်ဆင်ပြတ်သားစွာ တွေ့ထိမြင်နေပါသည်။

ထိုကဲ့သို့ယောဂီ၏အသိဉာဏ်ရှင်း၍အမြင်လင်းလျှင်နဂိုအမြင်, အပိုအမြင်, အလိုအမြင် ထိုထိုဤဤ အလီလီသော အမြင်တွေ ပပျောက်၍ အရိယာလိုလမ်း ဖြောင့်ဖြောင့်ကြီးလှမ်းပြီး ယောဂီ သွားလိုသော ခရီးသို့ ကောင်းကောင်းကြီး ဆိုက်ရောက်ရပြီလို့ ယုံမှား သံသယ ကင်းရှင်းစွာနှင့် မုချမမွအားဖြင့် မှတ်အပ်ပါသည်။

ဗုဒ္ဓဘာသာဝင် ရဟန်း,ရှင်,လူ, ယောဂီ အပေါင်းတို့သည် ထင်စရာ ပြုကြသည့် သင်္ခါရဓမ္မတို့ အပေါ်မှာ မုန်းစရာ,ချစ်စရာ ခင်မင် တွယ်တာစရာ မရှိတဲ့အခြေအထိ ဉာဏ်ကုန်သိ၍ မုန်းချစ်နှစ်ဖြာ စွဲလန်း သာယာမှု မပြုတော့လျှင် မောင်တို့မှာ မယ်ဝေဒနာ- မယ်တဏှာတို့က အဆွယ်မလာတော့ပါ။

မယ်တို့မှာလည်း မောင်ဝေဒနာ မောင်တဏှာ တို့က အချောင် မလာတော့ပါ။

No.13

တိုက်ဆိုင် ကောင်၊မယ် ဝေဒနာ၊ တဏှာတို့ အစဉ်မလာတော့၊ ကောင်း၊ မကောင်း မဖြစ်တော့ပါ၊ ကောင်း၊မကောင်း မဖြစ်က လိုချင်မှု မလိုချင်မှု၊ လောဘ၊ ဒေါသများလည်း အလိုလို ချုပ်ကြပါသည်။

လောဘ၊ ဒေါသ ချုပ်လျှင်(ဝါ)လောဘ၊ ဒေါသ မဖြစ်လျှင် ဘာဖြစ်မည်နည်း-?။

အလောဘ၊ အဒေါသ သာလျှင် ဖြစ်ရန်ရှိပါသည်။ ထိုအလောဘ၊ အဒေါသတရား အဖြစ်များ၍ အရှိထားက ဇာတိတရား ဖြစ်ရန်လည်း လမ်းမရှိ-ဇာတိကုန်ပြီ။

ထို့ကြောင့်.... အဋ္ဌသာလိနီ ပါဠိတော်ကြီးမှာ-
အလောဘေန ဇာတိဒုက္ခံ နဟောတိ။

အဒေါသေန ဇာတိဒုက္ခံ နဟောတိ။ လို့ အဟောရှိခဲ့ပါသည်။

အလောဘေန၊ စွဲလန်းသိမ်းပိုက် လိုချင်မှုကို စွန့်သော အလောဘကြောင့်။ ဇာတိဒုက္ခံ၊ ပြင်းစွာ စွဲလန်းမှု ဖြစ်ရခြင်း ဇာတိဒုက္ခသည်။ နဟောတိ၊ မဖြစ်။

အဒေါသေန၊ နှလုံးပူဆာ ခက်ထန် ကြမ်းတမ်းမှုကို စွန့်သော အဒေါသတရားကြောင့်၊ ဇာတိဒုက္ခံ၊ ပြင်းစွာ စွဲလန်းမှုဖြစ်ရခြင်း ဇာတိဒုက္ခသည်။ နဟောတိ၊ မဖြစ်။

လောဘနှင့်ဒေါသဖြစ်ခွင့်မရကြလျှင် လောဘ ဒေါသ နေရာမှာ အလောဘ အဒေါသရောက်၍ ဇာတိဒုက္ခလည်း ချုပ်ပျောက်ရပါတော့သည်။

အဘယ့်ကြောင့် နည်းဟူ မူကား—အထက်ပါ ပါဠိတော်ကြီးမှာ....

ကသ္မာ အလောဘဿ တဏှာယ ပဋိပက္ခတော့။လို့ ဟောဖေါ်ညွှန်ပြခဲ့ပါသည်။

အဓိဘာသာဖြင့် ပြန်ဆိုပါက—ကသ္မာ၊အဘယ့်ကြောင့်နည်းဟူမူကား။ အလောဘဿ၊ စွဲလမ်းနှစ်သက်လိုချင်မှုကို ပယ်သောအလောဘ၏။ တဏှာယ၊ စွဲလမ်းနှစ်သက် လိုချင်မှု ဘဝ တဏှာနှင့်။ ပဋိပက္ခတော၊ ဆန့်ကျင်ဘက်၏ အဖြစ်ကြောင့်တည်း။

အလောဘ, အဒေါသတရားများနှင့် လိုချင်မှု, မလိုချင်မှုပြုသည့် တဏှာ တရားများနှင့် ပဋိပက္ခ ဆန့်ကျင်ဘက် ဖြစ်သောကြောင့်-အလောဘ, အဒေါသ တရား အဖြစ်များ၍ အရှိထားပါက မသိမှုဖျောက်မှား အဝိဇ္ဇာတရားကို အရင်းခံထားပြီး ဖြစ်ပေါ်လာကြသည့် သင်္ခါရမှု အစုစုတို့နှင့်တကွ ထိုထို သင်္ခါရမှုတို့ကို ကောင်း, မကောင်း ခံမင်စွဲလန်းမှု သမုဒယ လောဘဒေါသ တဏှာတရားများ မဖြစ်တော့ပါ။

ဆိုကဲ့သို့ခံမင်စွဲလန်းမှု မုဒယ လောဘ, ဒေါသတရားများမဖြစ် ကြလျှင် လောဘ, ဒေါသဖြစ်ဖြစ်ပြီးမှ ပျက်သွားရ,

သေသွားရသည့် စိတ်ကလေးတွေလည်း မဖြစ်ရမပျက်ရတော့သဖြင့် (ဝါ)မသေရတော့သဖြင့် လက်တွေ့ သေဘေးမှ လွတ်မြောက်ရပါသည်။

ထို့ကြောင့်—ကျေးဇူးရှင် အဘ့ဘုရားက....

အပ္ပမာဒေါ အမတံ ပဒံ။ လို့ ဟောဖော်ညွှန်ပြခဲ့ပါသည်။

အပ္ပမာဒေါ၊ နဂိုမူလ ပင်ကိုက ပျက်နေသည့် မူလပျက်ကို မမေ့မလျော့သော သတိနှင့် ပြည့်စုံသော သူသည်။ အမတံ၊ သေခြင်းကင်းသော နိဗ္ဗာန်သို့ရောက်ခြင်း၏။ ပဒံ၊ နီးစွာသော အကြောင်းတရားပေတည်း။

ယောဂီ-မြင့်ကြား့နံ့စား့ထိ့ သိဆိုတဲ့ သခါရ၊ တရားတို့၏ မူလသဘောကို မမေ့သောသတိ အမြဲရှိလျှင် ဘာသာရေး၏ လမ်းဆုံးဖြစ်သည့် နိဗ္ဗာန်ကို ရောက်ခြင်း၏ အကြောင်းလို့ ဆိုပါလား။

ထို့ကြောင့်-အောက်ပါ ဆောင်ပုဒ် ကလေးကို ကိုယ်မှာ အရှိထားပြီး အသိပွားလိုက်စမ်းပါ။

မမေ့သူများ —မေ့သူများလို၊
မသေနိုင်ငြား —ဘုရားကဆို။
မြင့်ကြားနံ့စား —ထိ့သိ့ပျက်ကို၊
မမေ့အပ် —ထွက်ရပ်ညွှန်းသကို။

ရုပ် နာမ် ဓမ္မတို့၏ သဘော, မမေ့သော သတိ အရှိထား လျှင် နိဗ္ဗာန်အထိ အကျိုးရှိနိုင်သည်ဆိုတော့ — မေ့မေ့ လျော့ လျော့ ပေါ့ပေါ့ဆ ပျော်ပါး မော်ကြွားနေလျှင်ကော-ဘယ် လိုအကျိုးရှိသလဲ၊ ဝေခွဲသိဘို့ရာ ဗုဒ္ဓက ဘယ်လိုသွန်ကြားခဲ့ပါလဲ ဆိုလျှင်....

ပမာဒေါ မစ္စုနော ပဒံ။ လို့ ဟောဖော်ညွှန်ကြားပြသ ခဲ့ပါသည်။

ပမာဒေါ။ ရုပ် နာမ် ဓမ္မတို့၏ မူလသဘာဝကို မေ့လျော့ ၍ နေသော သူသည်။မစ္စုနော၊ သေမင်းပိုင်နက် သူ့စားကျက် သို့ရောက်ခြင်း၏။ ပဒံ၊ နီးစွာသော အကြောင်းပါတည်း၊

ယောဂီ—ရုပ်နာမ် ဓမ္မ သဘာဝတို့၏ မူလ သဘောကို သတိ ချို့ယွင်းနှလုံးမသွင်းပါဘဲ မေ့ လျော့ခြင်း နှင့် အချိန်ဖြုန်း၍ နေသော လူ ငတုံးတို့ သည်ကား ဆို လျှင် သေမင်းပိုင်နက် သူ့စားကျက်သို့ သက်ဆင်းကြရမည်၊ (ဝါ) သေမင်း နိုင်ငံသို့ အကြိမ်ကြိမ်အခါခါ လိုက်ရခြင်း၏ နီးစွာသော အကြောင်း ဖြစ်သည်—တဲ့။

ထို့ကြောင့်....အောက်ပါ ဆောင်ပုဒ်ကို အပိ အရ သဘော ထုတ်၍ ကိုယ်မှာ အရှိထားကာ အသိသွားလိုက်ပါဦး။

သတိမရှိ —သွား၏သေရွာ၊
သတိရှေ့ထား—လွတ်ငြားပေတာ။
သတိပြု၍ —ကြည့်ရှုခါခါ၊
မြတ်ဘုရား —ဟောထားဒေသနာ။ ။

သူဌေး၊ သူကြွယ်၊ မင်း၊ ပုဏ္ဏား၊ ဆင်းရဲသားအစရှိသော ရဟန်းရှင်၊ လူ၊ အပေါင်းတို့၏ ဆီးမီးတန်ဆောင်ပမာ နည်းပေးလမ်းပြဖြစ်သည့် ဆရာတဆူဖြစ်တော်မူသော ကျေးဇူးရှင် မြတ်ဘုရားက (၄၅)ဝါပတ်လုံး နေ့စဉ်မပြတ် ဆွမ်းခံမှ အပြန် ခြေ ဆေးအင်ပြင်ပေါ်မှာ ရပ်တော်မူတိုင်း "အပ္ပမာဒေန - သမ္ပာဒေထ- အပ္ပမာဒေနသမ္ပာဒေထ" လို့ ဗုဒ္ဓက ထုတ်ဟမိန့်ကြားခဲ့သည်။

ထိုသို့ ဟောထား မြွတ်ရားကို ကြားယောင်ပြီး အမှားအမှောင် ပျောက်ကြစေဖို့ သတိမချွတ်လက်မလွှတ်စေဘဲ ရုပ်၊ နာမ်ခန္ဓာတို့၏ မူလဖြစ်အင်ကို ဉာဏ်မှာမြင်နေအောင် ဆင်ခြင်မှုပြုရမည်၊ ဆင်ခြင်မှုအားကောင်း၍ ဗလဝ ဝိပဿနာ ဖြစ်ပါက မုန်းချစ်စိတ် တမှဝင်၊ လောဘဒေါသတွေစင်ကာ အပူမီး(၁၁) ကိလေသာမီးတွေ ငြိမ်းအေးပြီး ပင်ကိုပကတိအားဖြင့် ချမ်းသာမှုရရှိပါသည်။

ဆင်းရဲမဝင် ကိလေသာစင်သည့် သူတော်စဉ်ဖြစ်ရေးအသိပေးရမည်ဆိုလျှင် ရုပ်နာမ်ခန္ဓ သင်္ခါရတို့၏ မူလသဘာဝကို မိမိတို့၏ ဉာဏ်ဝမှာ ထင်ဘို့သာလျှင် အဓိကဖြစ်သည်။

အထက်တွင် ရုပ်နာမ်တို့၏ မူလသဘာဝ ဘယ်အနေနှင့် ဖြစ်ရှိနေသလဲလို့ မြင်စိတ်နာမ်ပရမတ်ကို သာဓကထုတ်ပြီး သဘောကြီးလေးချက် ခေါ် ဥာန်လေးပါးနှင့် ဝေခွဲ ဆန်းစစ်ကြည့်က ဘယ်အနေနှင့်ကြည့်ကြည့်—မူလပျက်သာလျှင် ဖြစ်သည်။

မြင်စိတ်ခေါ် နာမ်ပရမတ်သည် တခုခြင်းအလိုဖြစ်နိုင်မှုမရှိ၊ ဖြစ်နိုင်သည့်အားမှ မူလကိုက ၆က်နေတယ်။

ယောဂီ—မြင်စိတ်ရဲ့ နည်းတူ ကြားစိတ်၊ နံစိတ်၊ စားစိတ်၊ ထိစိတ်၊ သိစိတ် အစရှိသည့် ရုပ်တရား၊နာမ်တရားတို့လည်း တခုခြင်းအလိုမဖြစ်နိုင်ကြပုံကို ဝယဓမ္မာသခါရာ ပါဠိကို သတိချပ်၍ ဉာဏ်ငုံကာ အသိရှိကြပါကုန်။

........း၀း........

## "ပညာသိမြင်-လက္ခဏာယဉ် မှုပင် ငြိမ်းကြမှာ"

ယောဂီ—ပညာသိနယ်မှ လက္ခဏာယဉ် တင်ကာဆင်ခြင်တော့မည်၊ အထက်တွင် လက္ခဏာ သဘော ခွဲခြား၍ ပြောခဲ့မှုကို ပြန်ပြီးသတိပြုလိုက်ပါ၊မြင်စိတ်လို့ အသမုတ်ခံရသည့်နာမ်ပရမတ်သည် တခုခြင်းအလိုမဖြစ်နိုင်ပုံ ဉာဏ်ကုန်သိဘို့ရာ အရေးကြီး၍ အဓိကကျသည့် အချက်ဖြစ်ပါတယ်၊ မူလပျက်ကို သိကလက္ခဏာယဉ်တင်၊ သစ္စာတတ်၊ ဉာဏ်စဉ်နှင့်ဟပ်အကုန်လုံးတထပ်တည်း ဖြစ်ပါသည်။

သီလ၊ သမာဓိ၊ ပညာသိက္ခာသုံးပါးအားလုံးအကျုံးဝင်၍ ပရိယတ္တိ သာသနာ၊ ပဋိပတ္တိ သာသနာ၊ ပဋိဝေဓ သာသနာ အစ၏ကောင်းခြင်း၊ အလယ်၏ကောင်းခြင်း၊ အဆုံး၏ကောင်းခြင်းဆိုသည့် သာသနာသုံးရပ်လည်း တထပ်ထည်းပါ ပါသည်။

ထို့ကြောင့်....ပရိယာယ ဓမ္မနည်းအားဖြင့် အကျယ်မပြား—

ပရိယာယ်မများဘဲ သခေ်ပနည်းအားဖြင့် မြင်စိတ်နာမ်ပရမတ်ကို သာဓကပြပြီး မြတ်ဘုရား၏ အလိုတော်ကျ လက္ခဏာ ယဉ်တင် သစ္စာတတ်လို့ မှတ်ကြဦးစို့။

မြင်စိတ် နာမ်ပရမတ် ဖြစ်ပုံ

"ယသာဘူတ ပုံစံ"

အလင်း

မျက်စေ့အကြည် "မြင်စိတ်" အဆင်း

နှလုံးသွင်း

ယောဂီ—သင်တို့ ကျွန်ုပ်တို့မှာ အကြောင်း တိုက်ဆိုင်က တိုက်ဆိုင်သလိုပေါ်လာကြသည့် မြင်စိတ်သည် ကမ္ဘာလောကခေတ်မှာ သူ့တခုခြင်းအလို မားမားမတ်မတ်ရပ်တည်နေနိုင်ပါသလား၊ တခုခြင်း အလိုဖြစ်နိုင်၊ ရှိနိုင်သလားလို့ ဖြစ်ပေါ် ကြုံကြိုက် ထိုအခိုက်မှာ ဆန်းစစ်မှု ပြုတော့—မြင်စိတ် ကိုယ်တိုင်က အစစ်ခံ့ ဝန်ခံသည်မှာ မြင်မှုဖြစ်ရတာဟာ မျက်စေ့ အကြည်ကလည်းကောင်းလို့၊ မြင်စရာ အဆင်းက လဲရှိလို့ အဆင်းကို ပေါ်ပြနေသည့် အလင်းရောင်ကလဲရှိလို့ စေ့ဆော်တိုက်တွန်းမှုခေါ် နှလုံးသွင်းမှုကလဲရှိလို့ ဤကဲ့သို့ အကြောင်းရင်းတွေ ပေါင်းသင်းမှမြင်မှုဖြစ်ရတာပါ၊ ထိုထိုပတ်ဝန်းကျင် အကြောင်းတရား တပါးပါး ချို့ယွင်းက မြင်မှုဖြစ်ခြင်းငှာ မစွမ်းနိုင်ပါ

ဘူး—တဲ့၊ ယောဂီမြင်စိတ်သည် တခုခြင်းအလိုဖြစ်နိုင်သည့် သတ္တိ မရှိဘူးလို့ အစစ်ခံတယ်။

ဒါဖြင့်လျှင်-ဘေးပတ်ဝန်းကျင် အကြောင်းတွေက တော့-မြင်မှုကိုဖြစ်အောင် ကျေးဇူးပြုနိုင်သလားလို့ ဆန်းစစ်ဝေဘန်မှု ပြုပြန်တော့-ပတ်ဝန်းကျင် အကြောင်းတရားတွေက တပါးစီ တပါးစီ အစစ်ခံသွားကြသည်မှာ သူတို့လည်း မြင်မှုကိုဖြစ်အောင် ကျေးဇူးပြုနိုင်သည့် အတ္တနိယ သတ္တိမရှိကြပါ-တဲ့။

သူတို့ကိုယ်တိုင်သည်ပင်လျှင် တခုခြင်း အလိုမဖြစ်နိုင်ကြပါ၊ ဖြစ်နိုင်သည် အတ္တသတ္တိ, ဖြစ်စေနိုင်သည့် အတ္တနိယသတ္တိမှ ကင်းပြတ်နေကြပါတယ်လို့ အစစ်ခံသည်။

ယောဂီ—အကျိုးတရားကလည်း တခုခြင်းအလိုဖြစ်နိုင်သည့် အားမရှိ။အကြောင်း တရားများကလည်း ဖြစ်စေသမှု ကျေးဇူး ပြုနိုင်သည့် သတ္တိမရှိ၊ သူတို့ကိုယ်တိုင် တခုခြင်းအလိုဖြစ်နိုင်သည့် အားမရှိကြပါလို့ အစစ်ခံတယ်။

အကျိုးတရားကလည်း အားမရှိ။ အကြောင်းတရားများ က လည်းအားမရှိ၊ လက္ခဏာနှင့် ညှိကြည့်ကြပေတော့။

အထက်တွင် ပြဆိုခဲ့သည့်အတိုင်း အတ္တာတိ၊အတ္တ ဟူသည် ကား။ ထာမဂတာ၊ အားအစွမ်းမည်၏။

မြင်စိတ်နာမ်ပရမတ်သည် တခုခြင်း အလိုဖြစ်နိုင်, တည်နိုင်, ရှိနိုင်သည့်အား ရှိတယ်ဆိုလျှင် အတ္တလက္ခဏာ၊ အတ္တသဘော ဖြစ်ပါသည်။

**No.14**

အတ္တ၊ အားအစွမ်းသည်။ နတ္ထိ၊ မရှိ။ အနတ္တ ၊ အားအစွမ်း မရှိ။ မြင်မှု သဘောသည် တခုခြင်းအလိုမဖြစ်နိုင်, မတည်နိုင်, မရှိနိုင်။ ဖြစ်နိုင်, တည်နိုင်,ရှိနိုင်သည့်အား မရှိဘူးဆိုလျှင်အနတ္တ လက္ခဏာ၊ အနတ္တသဘောဖြစ်သည်။

သင်တို့၏ မြင်စိတ်နာမ်ပရမတ်သည် ဘယ်လက္ခဏာ၊ဘယ်သဘောရှိသလဲဆိုတာ စစ်ဆေးဝေဘန်တော့ - အကျိုး တရားနှင့် အကြောင်းတရားများသည် တခုခြင်းအလိုဖြစ်နိုင်သည့်အားမရှိ တဦးကိုတဦး ဖြစ်အောင် ကျေးဇူးပြုနိုင်သည့် အတ္တနိယ သတ္တိလည်း မရှိ။

ဤကဲ့သို့ အားမရှိကြလျှင် အတ္တ ၊ အားအစွမ်းသည်။ နတ္ထိ မရှိ။ အနတ္တ ၊ဖြစ်နိုင်သည့် အားမရှိဆိုသည့် လက္ခဏာနှင့် ဟပ်မှီနေပါကလား။

ထို့ကြောင့်....သဗ္ဗေဓမ္မာ အနတ္တာ-လို့ တိုမြတ်စွာကဟော ခဲ့သည်။ သဗ္ဗေ၊ ခပ်သိမ်းဥဿုံ အလုံးစုံလည်း ဖြစ်ကုန် သော။ ဓမ္မာ၊ရုပ်,နာမ်လို့ အသမုတ်ခံရသည့် သဘောတရား ဟူသမျှတို့သည်။ အနတ္တာ၊ တခုခြင်းအလိုဖြစ်နိုင်သည့်အား သူတပါးကို ဖြစ်စေသမျှ ကျေးဇူးပြုနိုင်သည့်အားမှ ဆိတ်သုဉ်း ကြကုန်၏။

ယောဂီ-သင်၏ မြင်စိတ် နာမ်ပရမတ်သည် တခုခြင်း အလိုဖြစ်နိုင်မှု အနှစ်အသားမရှိ၊ ပတ်ဝန်းကျင် အကြောင်း တရားတွေ၏ စီမံမှုကိုရှေ့ရှုနေရသည့် အနက်သဘောကြောင့် အသားရက အနတ္တသာလျှင် ဖြစ်၏။

သူ့တခုခြင်းအလိုမဖြစ်နိုင်, ဖြစ်နိုင်သည့်အားမရှိခြင်းကြောင့် သူ့ကိုယ်သူမပိုင် ပတ်ဝန်းကျင်နှင့်သာ ဆိုင်သောအနက်သဘော ကြောင့် အသာမိက အနတ္တဖြစ်၏။

သူ့တခုခြင်းအလို မဖြစ်နိုင် ဖြစ်နိုင်သည့် အားမှ အချိုးနှိုး ဖြစ်သောကြောင့် တုစ္ဆ အနတ္တ ဖြစ်၏။

သူ့တခုခြင်းအလို ဖြစ်ရလိုမှု မရှိ၊ ဖြစ်နိုင်သည့်အား အရိပ် နိမိတ်မှ ကင်းဆိတ် နေမှုသာကြောင့် ရိတ္တ၊ အနတ္တ၊ မည်သည့် လက္ခဏာနှင့် ပေါ်ယှဉ်- အနတ္တသာလျှင် ဖြစ်သည်။

ဤကဲ့သို့ ဘယ်အနေနှင့် ကြည့်ကြည့်, ဘယ်အသိနှင့် ရှာရှာ, အနတ္တ လက္ခဏာသာ ထင်၍ သဗ္ဗေ ဓမ္မာ, အနတ္တာ ဆိုသည့်ပုဒ် နှင့် ကိုက်ညီပြီး အတ္တ လက္ခဏာ မထင် အတ္တ အသွင် ပျောက် နေတာကို တွေ့ရပါသည်။

သို့သော်ငြားလည်း ပညာသိ ဝိပဿနာဉာဏ်ကင်း အန္ဓပုထု ဇဉ် တသင်းတို့မှာ အတ္တအသွင်မြင် အတ္တ၏ အသင်းအပင်းတွေ အနေနှင့် မြင်နေကြသဖြင့် မြင်တိုင်း,ကြားတိုင်း မရှင်သော စိတ် နှလုံးနှင့် ကြိမ်မီးအိုးသလို အပူလုံးတွေ ကြွပြီး လုံးလုံးမလူ ဖြစ်ကြ ရပါသည်။

အို— ယောဂီ- အပူလုံးတွေ ပ,ပြီး ရှင်ပြုံး၍ နေရစေဘို့ မည်သည့်အမြင်နှင့် ကြည့်၍,မည်သည့် အသိနှင့် နေကာ,မည်သည့် ဓမ္မကို ပွားရမှာလဲ ဆိုတာ ဗုဒ္ဓက ဘယ်လို ဟောခဲ့ပါသလဲ ဆိုတော့....

အနိမိတ္တဥ္စဘာဝေဟိ မာနာနုသယမုဟာဥ္စ၊
တတောမာနာဘိ သမယော၊ ဥပသန္တော စရိဿတိ။

(သုတ္တနိပါတ်ပါဠိတော်)

ရာဟုလ၊ ချစ်သား ရာဟုလ။ အနိမိတ္တံ၊ သူရောင်, ငါရောင်, ထင်ရောင် ထင်မှား- အမြင်များကို ကင်းစင်စေပ - အနိမိတ္တကို (ဝါ)အရိပ်နိမိတ်မှ ကင်းဆိတ်သည့် သုညတ အနတ္တကို။ဘာဝေဟိ သတိလက်ကိုင် ပညာဦးစီး ဉာဏ်ကြီးကြီးနှင့် ပွားများ ရှုကြည့် လိုက်ပါတော့လော။ မာနာနုသယံ၊ ငါသိ, ငါတတ်, ငါမြတ်,ငါတော်, ထင်ချော် မှောက်မှား, အမြင်များကို၊ (ဝါ) ငါ့ဆရာ, ငါ့ဂိုဏ်း, ငါ့ဝါဒ, ငါ့အယူ, ငါ့ဘုန်းကြီး, ငါ့တကာ, ငါငါထောင်လွှား မာန တရားကို။ ဥဇဟာဥ္စ၊ စွန့်ခွာပယ်နုတ် အတင်း ဖြုတ်လိုက်ပါတော့လော။ (ဝါ) ဂိုဏ်းဂနစွဲ, အယူဝါဒလွဲ, ဆရာစွဲ,ပုဂ္ဂိုလ်စွဲတွေ ကင်းစင်အောင် လျင်လျင်ကြီးသာ စွန့်လွှတ်လိုက်ပါတော့လော။ တတော မာနာဘိ သမယော၊ ထို အထင်မှောက်မှား အမြင်များကို ပယ်ရှားလွန်မြောက် သုညတသို့ ရောက်သည်ရှိသော်။ ဥပသန္တော၊ ပူမီးမလာ ဗျာပါ ကင်းငြိမ်း ပူဇာတ်သိမ်းလျက်။စရိဿတိ၊ ရွှင်ရွှင်ယန်းလန်း ဘဝင်ချမ်းစွာ နေရလတ္တံ့။

ယောဂီ- မောင်, မယ်တို့ ပူမီးမလာ ဗျာပါကင်းငြိမ်း ဒုက္ခဇာတ်သိမ်းခြင်လျှင် အရိပ်အရောင် အကောင်, အထည်ဒြပ်မှ ကင်းဆိတ်သည့် သုညတ အနတ္တကို ထင်မြင်အောင် ပညာနှင့် ယှဉ်ကာ ဝိပဿနာ တရားကို ပွားများ ဆင်ခြင်ဝေဘန် ဆန်းစစ်ရမည်။

အထည့်ဖြင့် အရိပ်နိမိတ်မှ ကင်းဆိတ်အောင် ပညာသိ ဝိပဿနာနှင့် ယှဉ်ကာ ပွားများဆင်ခြင် ဝေဘန် ဆန်းစစ်ရမည် ဆိုတော့၊

မည်သည့် အချိန်မှာ မည်သည့် တရားကို မည်ကဲ့သို့ ရှုရမှာလဲ ဆိုတာ သိဘို့လိုလာပြန်သည်။

ထို့ကြောင့် – ကျေးဇူးရှင် အဘ, ဘုရားက– မမှား မယောင်း ရအောင် နည်းကောင်း လမ်းညွှန် ထားခဲ့တာ ကတော့....

အတီတံ နန္ဝာဂမေယျ၊ နပ္ပဋိ ကင်္ခေ အနာဂတံ။
ယဒတီတံ ပဟီနန္တံ၊ အပ္ပတ္တဉ္စ အနာဂတံ။ ၊
ပစ္စုပ္ပန္နဉ္စ ယော ဓမ္မံ။ တတ္ထ တတ္ထ ဝိပဿတိ၊
အသံဟိရံ အသံကုပ္ပံ၊ တံ ဝိဒွါ အနုဗြူဟယေ။ ။

လို့ (ဥပရိပဏ္ဏာသ ပါဠိတော်)မှာ ဟောခဲ့ပါသည်။

အထက်ပါ ပါဠိတော်ကို အဓိ ဘာသာဖြင့် ပြန်ဆိုပါက....

ယံ- အကျင် ရုပ်နာမ် ဓမ္မသည်။ အတီတံ- ဖြစ်၍ပြီးခဲ့လေပြီ" တံ၊ ထို ရုပ်နာမ် ဓမ္မသည်။ ပဟီနံ၊ ချုပ်ပျောက်ကုန်ခမ်းခဲ့လေပြီး"

ယံ၊ အကျင်ရုပ်နာမ်ဓမ္မသည်။အနာဂတံ၊ နောင်သောအခါ၌ ဖြစ်လတ္တံ့။ တံ၊ ထိုဖြစ်လတ္တံ့သော ရုပ်နာမ် ဓမ္မသည်။ အပ္ပတ္တံ၊ ယခုပစ္စက္ခ မျက်မှောက်၌ မဖြစ်သေး။ တသ္မာ၊ ထို့ကြောင့်။ အတီတံ ဖြစ်ခဲ့ပြီးသော ရုပ်နာမ် ဓမ္မကို၊ နန္ဝာဂမေယျ၊ လိုက်၍ ဝိပဿနာ

မရှုရာ။ အနာဂတံ၊ မဖြစ်ရသေးသော ရုပ်နာမ်ဓမ္မကို။ နန္ဝာဂမေယျ၊ ဝိပဿနာရှုခြင်းငှာ အလိုမရှိရာ။

မယောဝိဒ္ဒါ၊ ဝိပဿနာ ပွားများရှုလို ပညာရှိယောဂီ ပုဂ္ဂိုလ်သည်။ ပစ္စုပ္ပန္နံ၊ မျက်ဝါးထင်ထင် ဉာဏ်မှာမြင်သော။ ဓမ္မံ၊ ဒွါရ၊ အာရုံ, ပေါင်းဆုံလေခြေား ပေါ်တရားဟု ခေါ်ကြစေလို ပရမတ်ရုပ်နာမ်တရားကို။ တတ္ထတတ္ထ၊ ထိုထို ပေါ်လာလေကြ ထိုခဏ၌၊ ဝိပဿတိ၊ ပညာဦးစီး- ဉာဏ်အားကြီးပြီး လက္ခဏာသုံးတန် ဖြစ်ပျက်ကို ဘန်ဘန်ရှုကြည့်၏။ အသံဟိရံ၊ တဏှာ,မာန,ဒိဋ္ဌိ,စသည်များပျား သံသာရာ၌ တရားသည် မဆွဲငင်နိုင်သော။ အသံ,ကုပ္ပံ၊ တဏှာ မာန,ဒိဋ္ဌိ,စသား ပပဉ္စတရားတို့သည် မဖျက်ဆီးနိုင်သော။ တံ၊ ထို ပညာသိ ဝိပဿနာကို။ ဝိဒ္ဒါ၊ ဝိပဿနာ ခါခါပွားလို ပညာရှိ ပုဂ္ဂိုလ်။ အနုဗြူဟယေ၊ နေ့ရောညပါ ဣရိယာမဆိုင်း ကာလမပိုင်းဘဲ အချိန်တိုင်းသာလျှင် ထပ်ထပ်ခါခါ ပွားများရှုကြည့်ရာ၏။

အို- ယောဂီ၊ ပုမိန်းကွာ ဗျာပါဒြိမ်း ဒုက္ခဇာတ်သိမ်းအောင် ဒွါရ အာရုံပေါင်းဆုံလို့ ပေါ်လာသမျှ ရုပ်နာမ် ဓမ္မကိုပေါ်လာဆဲ, ပေါ်လာဆဲ ပစ္စုပ္ပန် ကာလမှာ ပညာသိဝိပဿနာ ထိုက်အောင် ပွားများဆင်ခြာ ဝေဘန်ရပါမည်။

အတိတ်မှာ ဖြစ်ခဲ့ပြီး ရုပ်နာမ်နှင့် လာမည့် အနာဂါတ်မှ ဖြစ်မည့် ရုပ်နာမ်တို့ကို၊ မကြံစိ မရှုကြည့်ရ။ (၀၁) ဝိပဿနာ ရှုခြင်းငှာ မဘိုက်။

ဤနေရာ၌ စကားအရာချဲ့က ကြယ်မည်သာ လိုရင်းကိုသာ ပြောတော့မည်။

ဘာကြောင့်၊ တတိတ် အနာဂါတ် ဝိပဿနာ မထိုက်သနည်း ဆိုက။

ဝိပဿနာ ရှုစရာ ထင်ရှားမရှိသောကြောင့်ဟု မှတ်။

ထို့ကြောင့်.... မြတ်ဘုရားက ပစ္စုပ္ပန် ဆတ်ဆတ်မှာ ပေါ်လာသည့် ပရမတ် ရုပ်နာမ်ကို ဝိပဿနာ ရှုရမည် ဆိုသည်။

မြတ်ယောဂီ- ဗုဒ္ဓက ပစ္စုပ္ပန်ကို ဦးစားပေးပြီး လူသားတွေကို သွန်သင်ဆုံးမ ညွှန်ပြခဲ့ပါသည်။

ပစ္စုပ္ပန်ကာလ၌ ရုပ်နာမ် ဓမ္မတို့၏ ဖြစ်သဘော, ပျက်သဘော ဉာဏ်ကုန်နေ့ကာ- သိကျက်ပိုင်လျှင်(ဝါ) အသက် ရှင်နေစဉ် မိမိ လိုချင်,သိချင်သည့် ဆန္ဒကို ရနေလျှင် နောင်လာမည့် အနာဂါတ် ကာလကို မျှော်မှန်းပြီး တမ်းတနေဘို့ တောင့်တနေဘို့ အာသိသ ဖြစ်ရန် မလိုရာ။

အတိတ်ကြောင်းကို ပြန်ပြောင်းပြီး ပူပင်သောက ဗျာပါရ ဖြစ်လည်း မလိုရာ။

ထို့ကြောင့်....ဗုဒ္ဓကို ပစ္စုပ္ပန် ဆတ်ဆတ် ပရမတ်ကိုအမှန်သိ သဘောဆိုက်အောင် လုပ်ကြရန် မနေမနား လေးဆယ့်ငါးဝါ ပတ်လုံး သွန်သင်ဆုံးမ ဩဝါဒ ပေးခဲ့ပါသည်။

ဤမျှသော အကြောင်းပြ သာဓကတို့နှင့် အထက်တွင်

အမေးရှိခဲ့သော မည်သည့် တရားကို မည်ကဲ့သို့ ပွားရမှာလဲ ဟူသော အမေးကို။

ပစ္စုပ္ပန်ကာလမှာ ပစ္စုပ္ပန် ဆတ်ဆတ် ပရမတ် ရုပ် နာမ်ကို ပညာသိ ဝိပဿနာ ရှုရကြောင်း- ကောင်းကောင်းကြီး ရှင်းသင့် သဘောပေါက်သင့်ပြီ။

ပစ္စုပ္ပန်ကာလ ပရမတ် ရုပ် နာမ်ကို ပညာသိ ဆိုက်အောင် ဝိပဿနာ ရှုတော့မည်၊ အာရုံပြု ကြည့်ရှုပါတော့။

ယောဂီဟာ ယခု မြင်စိတ် ဖြစ်နေသည်၊ (ဝါ)မြင်စိတ်,ကြားစိတ်, နံစိတ်, စားစိတ် ထိစိတ်, သိစိတ်တခုခု ဖြစ်နေသည် ဆိုပါတော့၊ ဤကဲ့သို့ ဖြစ်နေသည့် အခိုက်မှာ ခဏိကသမာဓိ ရင့်ဝယ် ပိုက်ပြီး ဆင်ခြင်လိုက် စမ်းပါ။

ဆင်ခြင် ဟန်ကား- ယခု ယောဂီမှာ မြင်စိတ် နာမ်ပရမတ် ဖြစ်လာသည် ဆိုပါတော့- ဤကဲ့သို့ ဖြစ်ဆဲကာလမှာ သတိဦးစီးပြီး ဉာဏ်အား ကြီးကြီးနှင့် ဆင်ခြင်လိုက်ပါ။

ဩော်....မြင်စိတ်ဆိုတာ ပညတ်၊ ပညတ်ဆိုတာ ခေါ်ဝေါ်သုံးစွဲကာမျှမတ္တသာ၊ အမှန်မရှိသည့် တရား။

မြင်စိတ်လို့ အသမုတ်ခံရသည့် သဘောသာလျှင် အမှန်ရှိသည်။

ထိုမြင်စိတ်လို့ အသမုတ်ခံရသည့် သဘောကကော — တခုတည်းတည်း ဖြစ်နိုင်, ရှိနိုင်ပါရဲ့လားလို့၊ ဉာဏ်နှင့် ထိုးထွင်းကြည့်တော့- မြင်စိတ်လို့ အသမုတ်ခံရသည့် သဘော ဖြစ်လာ

ရခြင်းသည်, စက္ခုပသာဒခေါ် မျက်စေ့အကြည်ကိုလည်း မှီရခြင်း၊ မြင်စရာ အဆင်းကလဲရှိရခြင်း၊ အဆင်းကို ပေါ်ပြသည့် အလင်းကလည်း ပြည့်စုံရခြင်း၊ မြင်လိုမှု စေ့ဆော် တိုက်တွန်းခြင်း နှလုံးသွင်းမှုကလဲ ရှိရခြင်း၊ ဤကဲ့သို့မျက်စေ့, အဆင်း, အလင်း, နှလုံးသွင်း, လေးပါးသော အကြောင်းရင်းတွေ ပေါင်းသင်းနေကြ သင်္ခတမှာ ဖြစ်တယ်, ရှိတယ်လို့ ဆိုရတာပါ။

ထိုမျက်စေ့, အဆင်း, အလင်း, နှလုံးသွင်း တည်းဟူသော လေးပါးသော အကြောင်းရင်းတွေနှင့် ကင်းပြီး မြင်မှုသဘော ဖြစ်ခြင်းငှါ မစွမ်းနိုင်ပါ။

မြင်မှုသဘောသည် သူ့တခုခြင်းအလို ဖြစ်နိုင်မှုအား ဆိတ်သုဉ်းနေခြင်းကြောင့် သုညတ အနတ္တ။

မြင်စိတ်ဆို-ထိုသဘောသည် တခုခြင်းအလို ဖြစ်နိုင်မှုအား ကုန်ခမ်းနေခြင်းကြောင့်—ခယ ဌေန အနိစ္စလို့ လက္ခဏာယဉ်တင်ရာ၏။

မြင်စိတ်ဆို-နာမ်ပရမတ်သည် တခုခြင်း အလိုဖြစ် နိုင် သည်အား ကုန်ခမ်းနေပါသဖြင့် တခုခြင်းအလို ဖြစ်ချင်ပါတယ်လို့ တောင့်တလို့မရ၊ ပတ်ဝန်းကျင် အကြောင်းရင်းတွေ ပေါင်းသင်းနေခိုက်မှာ မဖြစ်ချင်ပါလို့ တားမြစ်ငြားသော်လည်း မရ၊ ဤကဲ့သို့ တခုခြင်း အလိုဖြစ်ချင်ပါသည်လို့ တောင့်တ သော်လည်းမရ၊ အကြောင်းတွေ စုညီသည့်အခါမှာ မဖြစ်ချင်ပါလို့ ကန့်ကွက်သော်လည်း မရလျှင်, အဘယ်မှာ သက်သာရာရပါမလဲ။

သက်သာရာ ထောက်တည်ရာမရလို့ ဘေးဘယကြီးနှင့်တူသို့ ဘယဒွေနဒုက္ခလို့ လက္ခဏာသည် တင်ရာ၏။

တနည်းအားဖြင့် လက္ခဏာသည် တင်ပါမူ၊ မြင်စိတ်လို အသ မှတ်ခံရသည့် နာမ်ပရမတ်သည် သူ့တခုခြင်းအလို ဖြစ်နိုင်သည့် အားမှု မူလကိုက ပျက်နေတာကို ယောဂီ ကိုယ်တိုင် ဉာဏ်အား ဖြင့် မျက်မှောက် ပြုရပါပြီ။

ဤကဲ့သို့ မူလက ပျက်နေသည့် မူလပျက်ထည်းမှာ မုန်းစရာ, ချစ်စရာ, ခင်မင်တွယ်တာစရာ ကောင်း, မကောင်း ကိလေသာ ဖြစ်စရာ တရားများ အနီးအပါးမျှ မရှိ။

အဆုံးသတ်တရားအနေနှင့် ပြောရမည်ဆိုပါက မူလပျက်ထည်း မှာ သဒ္ဓါကြည်ညို, မြတ်နိုးစရာ, အစဖြာတဲ့ ထိုထိုဤဤ အလီ လီသော ထင်စရာပြုကြသည့် သင်္ခါရဓမ္မများ အနီးအပါးမှ မရှိ၊ ဆိတ်သုဉ်းနေဘိကြောင့်–သုညတ အနတ္တ။

မူလက ပျက်နေသည့် မူလပျက်ထည်းမှာ ကောင်း,မကောင်း ထင်စရာ အပေါင်းတို့ ကုန်ခမ်းနေခြင်းကြောင့် ခယဒွေန အနိစ္စ။

မူလပျက်ထဲမှာ စွဲစရာမမြင်, မင်ခင်တွယ်တာစရာမရှိ၊ဖြစ်နေ ဘိကို မသိမိုက်မှား ဗိုလ်လူများတို့ သိမ်းပိုက်ကြလည်းသိမ်းပိုက် တိုင်းသာ မလိုက်ရှာကြ ဖြစ်နေရကြောင့် ဘေးအတိသာ ရှိရ တာကို ဘယဒွေနဒုက္ခလို့ လက္ခဏာသည်တင်ကာ ဆင်ခြင်ရာ၏။

ဤကဲ့သို့ မြင်စိတ် နာမ်ပရမတ်ကိုယ်တိုင် အနတ္တ အနိစ္စ-ဒုက္ခ လက္ခဏာအနေနှင့် ဝန်ခံနေသလို ဉာဏ်မြင်တွေ့အောင် ဆင်ခြင်ပွားများ ဝေဘန်ပြီး မိမိမှာလည်း မုန်းမှု ချစ်မှု ခင်မင်မှု ကောင်း-မကောင်း တွယ်တာစရာ သမုဒယအပေါင်း ဆိတ်သုဉ်းကာ-မရှိတဲ့ အခြေအထိ ရှုကြည့်လေ့လာမှု ပြုရမည်။

ဆိုလိုရင်းကတော့-တွယ်တာ သိမ်းပိုက်စရာ မရှိသည့်တရားကို တွယ်တာသိမ်းပိုက်က တွယ်တာ သိမ်းပိုက်သမျှသာ ဆင်းရဲရသည့် သင်္ခါရဒုက္ခသာဖြစ်ပါကလားလို့ အချိန်ပြည့်ဉာဏ်ဝမှာ မြင်နေမှုသည် ဗုဒ္ဓဝါဒမှာ အဓိကကျ၍ အရေးပါလှ၏။

ထိုကဲ့သို့ အနတ္တ-အနိစ္စ-ဒုက္ခဆိုတဲ့ လက္ခဏာ အစစ် အမှန် ဝိဇ္ဇာဉာဏ်လက္ခံရှိက မသိချက်ဆိုးဝါး အဝိဇ္ဇာ တရား ကင်းစင် ခင်မင်တွယ်တာမှု သမုဒယမဝင်ဘဲ ပင်ကိုပကတိအားဖြင့် ကြည်လင်သန့်ရှင်း ချမ်းသာခြင်းအတိ ဖြစ်သည့် နိဗ္ဗာန်ကိုမျက်မှောက် ပြုနိုင်ပါသည်။

အမှန်တရားကတော့—မြင်၊ကြား၊နံ၊စား၊ထိ၊သိဆိုတဲ့သဘော တရားများသည် စိတ်သိမှု၊စိတ်ကြံမှုမျှသာ ယာယီ အခိုက်အတန့် အားဖြင့် ပေါ်လာကြသည့် သုဒ္ဓတရားတွေပါ စင်စင်မှာမှောက် သောအိုး လှန်ကြည့်က ဘာမျှ အနှစ်သာရ မရှိသလိုပါဘဲ။

ရှင်းမြင်၊ ကြား၊ နံ၊ စား၊ ထိ၊ သိဆိုသည့် သဒ္ဒ တရားများကို ပုဂ္ဂလ—သတ္တ-အတ္တ-ဇီဝတို့နှင့် မိဿက မဖြစ်အောင်သတိဦးစီး ပညာနှင့် အမြဲ တန်း တားဆည်း ရှုတာ ဟာ အ လုပ်ပါဘဲ၊ (တနည်း) ရှင်းသဒ္ဒတရားများဟာ တခုခြင်း အလိုမဖြစ်နိုင်သည့် သဘော၊ တိုမဖြစ်သဘောတည်းမှာ မုန်းစရာ၊ ချစ်စရာ မရှိတဲ့ အခြေအထိသိ၍၊ မုန်းမှု၊ ချစ်မှု၊ မဖြစ်အောင် အသိမှန်ကလေးနှင့် ပေါ်လာသမျှ အာရုံအဖုံဖုံကို ဝေဘန်ကာ တိုက်ဖျက်မှုသည် အလုပ်ဖြစ်ပါ၏၊ ယောဂီ-အသိဉာဏ်အားဖြင့် လွန်မြောက်ရသည် ဆိုတာကိုလည်း အထူးသဘောပေါက်ရန် လိုအပ်ပါသည်။

ဤမျှသော ဝေဘန်ဆန်းစစ် ရှုကြည့်မှုဖြင့် ပညာသိဝိပဿနာ ရှုနည်း လက္ခဏာတင်ခဏ်းကို တစခမ်းရပ်၍ အမှန် တရား ခေါ် သစ္စာလေးပါး သဘောသွားကို ပရိယာ ယ ဓမ္မနည်း၊ ဒေသနာ နည်းတွေ မများစေဘဲ အမိဘာသာ စကားဖြင့် သဘော သက် သက်ကို အမြင် ရှင်းရန်လင်းပေဦးအံ့။

........း၀း........

# "ကျမ်းပြီးနိဂုံး"

ဗုဒ္ဓဝါဒ အာဂါရလမ်းစဉ် ပညာစခမ်း ဝိပဿနာကျမ်း ပထမတွဲကို ဤမျှရေးသားမှုဖြင့် နိဂုံးချုပ်လိုက်ပါသည်။

၎င်းကျမ်းကို သက်ဝင် ယုံကြည်စွာနှင့် ကိုယ်ပိုင်ဉာဏ်ယှဉ်၍ လေ့လာ ဘတ်ရှုကြသည့် အမှန်တရားကို ရှာကြသူ စာဘတ် ပရိသတ်ဖြစ်ကုန်သော ယောဂီ၊ လူ၊ ရှင်၊ ရဟန်း အပေါင်းတို့သည်၊ ဗုဒ္ဓ အလိုတော်ကျ ဘုရားအကြိုက် ဖြစ်သည့် လမ်းစဉ်အတွင်းသို့ ချဉ်းနင်း ဝင်ရောက်ပြီး သာသနာထွန်းသား ဘုရားသားတော်၊ သမီးတော်များ ဖြစ်ကြလိမ့်မည်ဟု လေးနက်စွာ ယုံကြည်ပါသည်၊

မြတ်ဘုရား၏ သာသနာတွင်းသား ဖြစ်ကြလျှင် ဘုရားမကြိုက်သည့် အမှားစရိုက်၊ အမျှားစရိုက်ဖြစ်သည့် လုပ်နည်း မမှန် ပုံစံလွဲနေသည့် ဘာသာရေးပွဲတွေလည်း လျော့နည်း သွားလိမ့်မည်၊ အလင်း ရောက်က အမှောင်ပျောက်သလို မုချ ပျောက်ကွယ် လျော့နည်း သွားလိမ့်မည်—ဟု စွဲမြဲစွာ ယုံကြည်မိပါသည်။

ဤနေရာမှာ ယနေ့ မျက်မှောက်ကာလ မြန်မာပြည် လူများစု၏ ထံပါးမှာ ကျရောက်နေသည့် သာသနာကို အနည်းငယ် တင်ပြပါရစေ။

## ယနေ့ သာသနာ

မြန်မာပြည်မှာ ယနေ့ မျက်မှောက် ကျရောက်နေသည့် သာသနာသည် အခြားအခြား ဘာသာတွေက အထင်သေးစရာ ဖြစ်နေသည်။

တနည်း အားဖြင့် ဆိုသော် ခေတ် ပညာတတ် ပုဂ္ဂိုလ်များ နှင့် ဝိဇ္ဇာကျသည့် သိပ္ပံ ပညာ တတ်မြောက်သော ပုဂ္ဂိုလ်များ မာ့က်စ်၊ လီနင်၊ အိမ်ဂျယ်တို့၏ သွန်သင်ချက် အဘိဓမ္မာကို လေ့ လာ ခံယူထားသည့် သူများက၊ ဗုဒ္ဓဝါဒကို မျက်မှန်းဝါဒ၊ စိတ် ကူးယာဉ်ဝါဒ၊ ပစ္စည်းမဲ့ အလုပ်သမား လူတန်းစား တွေကို မှိုင်း တိုက်၍ တိုးတက်မှုကို ဆုတ်ယုတ်စေသည့် ဝါဒလို့ ကင်ပွန်းတပ် ကြလေပြီ။

ဤကဲ့သို့ ကင်ပွန်းတပ်ခြင်း အကြောင်းရင်းကို ဆန်းစစ်က ဘာသာရေး ဦးဆောင်မှု ပေးနေသည့် ဘာသာရေး ခေါင်း ဆောင်များ၏ ချို့ယွင်းချက်ဟာ ကွင်းကွင်း ကွက်ကွက် လယ် ပြင်မှာ ဆင်သွားသလို ထင်ထင်ရှားရှား ပေါ်လာပါတယ်။

ဘာသာရေး ခေါင်းဆောင် များ၏ ချို့ယွင်းချက်ကို သက် သေပြရလျှင် ယနေ့ သာသနာမှာ ဘာသာရေးအရ လုပ်နေကြတဲ့ အလှူ-မှသာ- ဘုဉ်းကြီးပျံ- သူရားပွဲ ဆင်နွှဲကြသည့် အခါမှာ၊ လုပ် နည်း လုပ်ဟန်- ပုံစံမမှန်- စနစ်ဇယားမရှိ၊ အဋ္ဌ အရောရော- ကျောက် အရောရော အဘပြော၊ ဘုန်ကြီးပြော၊ လူပြော၊ သူပြော

နှင့် ပဏ္ဍာသန အမှန်းတင် ဂုဏ်ပါဝါ ဦးစားပေး နတ်-ဒြပ်ကို ရှေ့တန်းထား၊ အမော်အကြွား အပျော်အပါးတွေဖက်ပြီး လုပ် နေခြင်းက သက်သေပြ နေပါသည်။

ဒါနှ့ သီလ့သမထ ခဏ်းမှာလည်း ရမ်းချ မှန်းဆပြီး လုပ်နေကြသဖြင့် အနှမ်းဘဝ ရောက်ရသည်က မနည်း၊ အိမ်ခြေ, ယာခြေမရှိ၊ ဒုလာအချိုပေါ်များ, ဘာသာရေး ဘန်းပြပြီး အချောင်ပွပေါက်ရှာတဲ့ သူက အနန္တ, သာသနာမှာ မဟန်ရှာပုံ အလုံးစုံကို ပြောရလျှင် သဘောကျကြမည် မဟုတ်။

သို့ကလို လုပ်ပုံမဟန် မှမမှန်မှုတွေ ကြောင့် ဗုဒ္ဓဝါဒကို မတ်(က်စ်)ဝါဒ လေ့လာချက် ရှိသူများနှင့် ဗုဒ္ဓ၏ ညွှန်ကြားချက်ကို ဆုံးခန်းတိုင်အောင် လေ့လာမှု မရှိကြတဲ့ သူများနှင့် အယူတွာမဗာလတွေက မျက်မှန်းဝါဒ, စိတ်ကူးယာဉ်ဝါဒ ခေတ်နောက်ပြန်ချိတ်သည့် ဝါဒလို့ ဆိုချင်သလို ဆိုကြတာပါ။

အမှန်ကတော့ ဗုဒ္ဓ၏ ညွှန်ကြားချက် အဘိဓမ္မာသည် အခြေပါ၍ သေချာကြောင်း၊ ဘယ်သိပ္ပံနှင့် တွက်တွက် စည်းအပြင်မထွက် လက်တွေ့, မျက်ဇွေ့ ဖြစ်ကြောင်း, ဆုံးခန်းတိုင်အောင် လေ့လာကြည့်က ကောင်းကောင်း သိနိုင်ပါသည်။

ဗုဒ္ဓသည် မျက်မှန်း ဝါဒသမား, အနာဂါတ် ဝါဒသမား မဟုတ် ပစ္စုပ္ပန် ဆတ်ဆတ် လက်တွေ့သမားသာလျှင် ဖြစ်သည် ။

ဗုဒ္ဓသည် ပစ္စုပ္ပန်သမား ဖြစ်ကြောင်း ဗုဒ္ဓသည်။ ရုပ်ဝါဒ သမားလည်း မဟုတ်။ နာမ်ဝါဒသမားလည်- မဟုတ် ဆန့်ကျင်မှု ပဋိပက္ခကို ရှောင်ကွင်း ငြိမ်းအေးစေပြီး သမစိတ္တဝါဒကို အလိုရှိ ချစ်မြတ်နိုးတဲ့၊ ရုပ်နာမ်ဝါဒ (ဝါ) ရုပ်နာမ်ကို မည်သည့်ဘက်မှ မတိမ်းမစောင်းအောင် ထိန်းကြောင်းသည့် ပုဂ္ဂိုလ်ဖြစ်ကြောင်း (ဝါ) လက်ဝဲကိုလည်း မတိမ်း လက်ျာကိုလည်း မယိမ်း မဇ္ဈိမ ပဋိပဒါ ကျင့်စဉ်ကို လက်ကိုင်ထားသည့် ပုဂ္ဂိုလ်ဖြစ်ကြောင်းကို ကိုယ်တိုင်သိအောင် အပြစ်တင် မစောဘဲ ဗုဒ္ဓ၏ လမ်းစဉ် အဆုံး သို့ရောက်အောင် လေ့လာမှု ပြုပါရန် နူးညွတ်သော စိတ်ထား ဖြင့် သတိပေး ညွှန်ကြား စကား ရေးသားရင်း နိဂုံးချုပ်အပ်ပါ သတည်း။ ။

အသျှင်ဥက္ကံသ

# ဗုဒ္ဓဝါဒ

## အာဂါရလမ်းစဉ်

စည္ဆာစေမ်း – ဝိပဿနာကျမ်း

ဒုတိယ ကဏ္ဍ

No.16

# နိဒါန်းစကား

## ကျွန်ုပ်တို့၏ဆန္ဒနှင့် ရည်ရွယ်ချက်

လူ့ယဉ်ကျေးမှုသမိုင်းဝင်ဖြစ်၍၊ တိုးတက်မှု-အခုန်တရေးကို ရှုကြုံဆန်းစစ်သုတေသနပြုကြသည့် ကမ္ဘာ့လူသားများနှင့် ဗုဒ္ဓဘာသာထွန်းကားပါသည်ဆိုတဲ့ မြန်မာပြည်မှ ဗုဒ္ဓလမ်းစဉ်ကို လိုက်နာကျင့်သုံးလိုသည့် ဗုဒ္ဓဘက်တော်သားများအတွက် လေက္ခဏာမထိုက်-သစ္စာ မကိုက်သည့် "နတ်–ဗေဒင်-ဆံခွက်–နတ်နဂါး-ပြဿဒါး-ဇုံး-တစ္ဆေ-ကဝေ-မြေဘုတ်ဘီလူး အသက်–လိပ်ပြာ-ဇီဝါ-ဗိဿနိုး"စသည့် အထွေထွေသောအယူဟောင်း အစွဲဟောင်းစနစ်ဆိုးတရားဆိုး အမျိုးမျိုးတို့ကို တွန်းလှန်တိုက်ဖျက်နိုင်၍၊ လက္ခဏာမြင် သစ္စာမြင်နှင့် ကိုယ်ပိုင်ဉာဏ်ယှဉ်ကာ လောက-ဓမ္မအမှောင်ခွင်း၍၊ အလင်းရမှု သဒ္ဓါဇောပြုလျှက် ဗုဒ္ဓဝါဒ—အာဂါရိလမ်းစဉ် ပညာစခမ်း ဝိပဿနာကျမ်းကို ပါဠိဘာသာမများ ပရိယာယ ဓမ္မနည်းမစွက် မုက္ခ ဓမ္မနည်း သက်သက်ဖြင့် အမိဘာသာစကားနှင့် ရေးသားပါအံ့။

ဤ"ဗုဒ္ဓဝါဒ အာဂါရ လမ်းစဉ်ပညာစခမ်းဝိပဿနာကျမ်း" သည်၊ အာဂရမှု - အိမ်ရာတည်ထောင်ပြု၍ နေကြကုန်သော ဗုဒ္ဓဘာသာများအတွက် ဦးစားပေး၍ ရေးသားခြင်းဖြစ်ပါသည်။ (မှတ်ချက်) ဗုဒ္ဓတရားဟာ—ခက်တယ် နက်တယ်-ဒို့နှင့် မတန်ဘူး- မရနိုင်ဘူးဆိုသည့် ပုဂ္ဂိုလ်များကို မရည်ညွှန်း။

မဂ်တရား ဖိုလ်တရားကို အလျင်တလို ရလို ရောက်လို မျက်မှောက်ပြုလိုကြသည့် ဗမာလူမျိုးတို့သည် တရားစာအုပ် ကောက်ကြည့်သည့်အခါမှာ မိမိမကျွမ်းကျင် မသိနားမလည်သည့် ပါဠိစာပေ ဝေဝေဆာဆာနှင့် တွေ့ရ၊ ကြည့်ရ၊ ဘတ်ရမှ အားရကြေနပ်သည့် သဘောရှိကြသည်။

အမှန်ကတော့ မိမိမကျွမ်းကျင်သည့်စာသွား၊ ကိုယ်နားမလည်သောစကားကို ဘာ့ကြောင့်-တောင့်တမှုနှင့်ဆန္ဒပြုနေကြသနည်း။

မိမိမကျွမ်းကျင်သည့် ပါဠိစာပေ ပရိယာယစာသွား အစားစားကို ဦးစားပေးကာ ဆရာစွဲ၊ ဂိုဏ်းစွဲ၊ ဝါဒစွဲ အစဉ်အလာမှေ့ဘာ တရားတွေက လွှမ်းမိုး ထား မှု ကြောင့် အမှန် တရားကို မမြင်၍၊ အောက်မဂ်၊ အောက်ဖိုလ်ကိုမျှမရ အန္ဓပုထုဇဉ်နယ်ကမလွန်မြောက်နိုင်ကြရသည်။

တရားစာဘတ်သည့် အခါ တရား ဆွေး နွေး သည့် အခါမှာ ဆရာစွဲ - ဝါဒစွဲ ကင်း စင် စွာ နှင့် ဆ ရာ န ခမ်း သပ်မှု၊ ဝါဒ န ခမ်း သပ်မှု ကို အ ထူး ရှောင် ကြဉ် ၍ မိမိ ဘ ဝ ၏

လောက-ဓမ္မ-အမှန်ရမှု အထောက်အကူ လမ်းညွှန်ပြုရမည်ဆိုတဲ့ ယုံကြည်ချက်အသိနှင့် စာကြည့်ရန်၊ တရား ဆွေးနွေး မှု ပြု ရန်၊ အရေးပါသည့် အချက် တခု အနေနှင့် အထူး သတိပြုသင့်သည်။

နောက်တချက် လေးနက်စွာ သတိပြုစေခြင်တာက စာသိမှာ တင်မနေဘဲ၊ သဘောကျ သက်ဝင်ရုံကြည် လိုက်နာ ကျင့်သုံးမှု ပြုနိုင်ရန် အထူးလိုအပ်ပါသည်။

အထက်ပါ အချက်များကို သတိမမူပါက ဒေါသရှေ့ပြေး စိတ်ဘယုတ်မာမွေးကာ အမှန်တရားရမှု—ပိတ်ပင်တားဆီး ပြုတတ်သည်။

အပြုသဘောနှင့် ကြည့်ဘတ်, ဝေဘန်-ဆွေးနွေး, စဉ်းစား ဆင်ခြင်မှု ကိုယ့်အတွက် ကိုယ့်အကျင့်ဖြစ်၍၊ ကိုယ်ကျင့်အဘိဓမ္မာ ဖြစ်ခါ အ လုပ် ကိစ္စ ပြီး ဆုံး ခြင်း လမ်းဆုံးရောက်၍ ဗုဒ္ဓဝါဒကို ခံယူသည့် ဗုဒ္ဓဝါဒီတယောက်ဖြစ်မည်ကို အထူးသတိပြုသင့်သည်။

ထို့ကြောင့်....ကျွန်ုပ်သည် ဃရာဝါသမှု အိမ်ရာတည်ထောင် ပြု၍ နေကြသည့် ယောဂီများ မကျွမ်းကျင်သော ပါဠိ စာပေ စကားသွားနည်းပါးစွာနှင့် ပရိယာယ ဓမ္မနည်းမဘက် "ဆရာစုံ ကင်းစင်, ပုဂ္ဂိုလ်စွဲမပါ, ဝါဒစွဲမရှိ" ပင်ကို ပကတိ စိတ်ထားနှင့် ဝါဒအသီးသီးကို လေ့လာကျမ်းစာအမျိုးမျိုးနှင့်တိုက်၊ ကိုယ် ကျင့်အဘိဓမ္မာနှင့်ညှိ၍ ဗုဒ္ဓအလိုတော်ကြဖြစ်သည့် အစုံဥပါဒါန် ပြုတ်နိုင်သည့်၊ မဂ်အခြေ၊ ဖိုလ်အခြေ ဆိုက်နိုင်သည့်၊ လောက

လူသားအပေါင်းကို လောကဓမ္မ ကောင်းကျိုး ပြုနိုင်သည်ဟု မမှတ်မသုံ သက်ဝင်ယုံကြည်ခံယူပါသဖြင့် ဤသည့် "ဗုဒ္ဓဝါဒ အဘိဓါရ လမ်းစဉ် ပညာစခမ်း ဝိပဿနာကျမ်း"ကို စီစဉ်ရေး သား၍ တိုင်းပြည်သို့ တင်ပြအပ်ပါသတည်း။

........း၀း........

# ဗုဒ္ဓ ဝါဒ

## အာဂါရ လမ်းစဉ်

## ပညာစခန်း ဝိပဿနာကျမ်း (ဒုတိယကဏ္ဍ)

(နမောတဿ ဘဂဝတော အရဟတော သမ္မာ သမ္ဗုဒ္ဓဿ)။

ဒီဃာ ဇာဂရတော ရတ္တိ၊ ဒီဃံ သန္တဿ ယောဇနံ။

ဒီဃော ဗာလာန သံသာရော၊ သဒ္ဓမ္မံ အဝိဇာနတံ။

ဇာဂရတော၊ အိပ်၍မပျော်ဘဲ အမြဲ နိုး ကြား၍ နေသော သူအား၊ ရတ္တိ၊ ညဉ့်သုံးယာမ်ဆိုတဲ့ အခါကာလသည်၊ဒီဃော၊ ရှည်လျားလှ၏။ သန္တဿ၊ ခရီးပမ်း၍ မလှမ်းနိုင်သော သူအား၊ ယောဇနံ၊ လေးဂါဝုတ် တယူဇနာဆိုတဲ့ ခရီးသည်၊ ဒီဃော၊ ရှည်ဝေးလှချေ၏။ ဗာလာနံ၊ မိမိကြုံရ—ဒုလ္လဘကို ဘယ်အခါ ကာလကမှ မခင်ကြဘဲ အလကား အချိန်ဖြုန်း၍ နေကြကုန်သော လူအဖြင်း— အမိုက်တသင်းတို့အား၊ အဒ္ဓမ္မံ ဘုရား—ရဟန္တာ— သာဝက အပေါင်း သူတော်ကောင်းတို့၊ ကျိုးကြောင်း ညွှန်ပြ

အမြတ်ဓမ္မကို။ အဝိဇ္ဇာနတံ၊ မသိကြ၊ မတော်ကြ၊ မမှတ်ကြလေသောကြောင့်၊ (ဝါ)လိုက်စား ကျင့်ကြံလေ မရှိကြကုန်သောကြောင့်၊ သံသာရေ၊ သံသရာသည်(ဝါ) အို၊ နာ၊ သေ၊ ရေး-ဒုက္ခဘေးတို့ ရှုပ်ထွေးပွေရာ-ဖြစ်ပျက်လောကဆိုတဲ့ သံသရာသည်၊ ဒိဃော၊ အစမထင် ဆုံးမမြင်ဘဲ၊ သံသရာ ကရှတ်ကင်းရှောက် ဖြစ်ကြရလေတော့သတည်း။

ယောဂီ-အထက်ပါ ဗုဒ္ဓဟောချက် ဓမ္မစကားကို လေးနက်စွာ ကိုယ်ပိုင်ဉာဏ်ယှဉ်၍ ဆင်ခြင်မှုပြုလျှင် အမိဝမ်းတွင်းမှာ အကြိမ်ကြိမ်အခါခါသက်ဆင်းပြီး ပဋိသန္ဓေ နေရခြင်းအစရှိတဲ့၊ အိုပွဲ၊ နာပွဲ၊ သေပွဲတွေမှာ မဆုံးတမ်းနွံနေရတာဟာ၊ (ဝါ) ကာယိကဒုက္ခ၊ စေတသိက ဒုက္ခ ဆိုတဲ့ ကိုယ်၏ ဆင်းရဲခြင်း၊ စိတ်၏ဆင်းရဲခြင်း ဒုက္ခအဝဝတို့နှင့် ရင်ဆိုင်နေရတာ ဘာ့ကြောင့်လဲလို့ ဆန်းစစ်ဝေဘန် အဖြေမှန်ထုတ်လိုက်တော့ ဘုရား ရဟန္တာအရိယာသာဝကအပေါင်းတို့ ဟောဖော်ညွှန်ပြတဲ့ အမှန် ဓမ္မ-အမြတ်ဓမ္မကို သင်ယူ၊ မှတ်သား၊ နာကြား၊ ဝေဘန် ဆန်းစစ်မှု မပြုကြလို့သာ အစမထင်—အဆုံးမမြင် ရှည်လျားလှတဲ့ သံသရာခရီးကြမ်းမှာ=မမောတမ်း မပမ်းတမ်း မိမိ၏ခန္ဓာဝန်အလောင်းကောင်ကိုထမ်းပြီး ခရီးကြမ်း ရှောက်ကြ ရသည်လို့ သိကြရပေါ့သည်။

လောက ဥပမာအားဖြင့် ပြောရမည်ဆိုပါက နိုးကြားထကြွ လုလ္လဝိရိယနှင့်ပြည့်စုံ၍ အိပ်မပျော်သူသည်—ညဥ့်သုံးယာမ် ဆိုတဲ့

တဘာတာ ကာလဟာ အ လွန် ကြာ တယ် လို့ ထင်မှတ်ရသလို၊ (တနည်း) ခရီးပမ်း၍ နွမ်းလျှခွေရိုင် အင်အား ကုန်ခမ်းသည့် ခရီးသည်တယောက်ဟာ - လေးဂါဝုတ်-တယူဇနာဆိုတဲ့ခရီးသည် အလွန်ဝေးတယ်လို့ ထင်ရသည်။

တိုနည်းတူစွာ—ဥပမာသာလျှင်၊ ရှေးရှေးအရိယာ အပေါင်း သူတော်ကောင်းတို့ သိကြတဲ့ လက္ခဏာဉာဏ်, သစ္စာဉာဏ်တို့ကို၊ ကိုယ်တိုင်ကိုယ်ပိုင်မသိသေးလျှင်၊ အို့နာ့သေဇာတ်ဘယ်တော့မှ အမြစ်ပြတ်မည့်မဟုတ်၊ မိမိပြုလုပ်ခဲ့သည့် ကောင်းကံ့မကောင်း ကံဆိုသည့် ခန္ဓာဝန် ကျေးတွေ ဘယ်သော အခါမှ ကြေမည် မဟုတ်ပါ။

အို့နာ့သေမှုအစုစုနှင့် ခန္ဓာဝန်ကြွေးတွေကို ဖန်ခါခါ ဆပ် ငြားသော်လည်း—ကြွေးဟောင်းမကျေ ကြွေးသစ်တွေ ထပ်ဆင့် ပွေသဖြင့် ထောက်တည်ရာမရသည့် သံသရာ ဝဲသြဂ ရေအယဉ်မှာ ခန္ဓာဝန်ထမ်းပြီး မမောတန်း ကြဉ်လည်ကြရသည်။

ယောဂီ-သင်ယနေ့ကြရောက်နေသည့် ခေတ်ကာလကြီးသည် ကြွေးဟောင်း, ကြွေးသစ်ဆိုတဲ့ ကောင်းကံ—မကောင်းကံတို့ကို ဉာဏ်သစ်လောင်းပြီးကျေလည်အောင် ဆပ်ရမည့် ဗုဒ္ဓုပ္ပါဒနဝမ၊ ခေတ်ကြီးရောက်နေပြီ။ ကာမဂုဏ် ရစ်မူးကာ အပျော်ကြူးပြီး အိပ်မောကြနေရမည့် ကာလမဟုတ်တော့ပါ။

ဝဋ္ဋနိဿရဏ တမျိုးဖြစ်တဲ့ ဒါန-သီလ-သမထဆို၊ ထိုထိုသာသ နာပတရားတွေနှင့် အချိန်ဖြုန်းပြီး နေရမည့်ကာလ မဟုတ်တော့ ကြောင်း တခေတ်ပြောင်းမှုကို သတိပြုသင့်သည်။

တွေ့-ကြုံ-ဆုံခဲ့သည့်၊ ဗုဒ္ဓုပ္ပါဒ၊ နဝမဆိုတဲ့ ဝိမုတ္တိယုဂခေတ်ကြီးထည်းမှာ ရခဲလှေစွ မနုဿတ္တဒုလ္လဘ၊ လူ၏ အဖြစ်ကို ရ၍၊ (တနည်း) သတ္တ လောကကြီးထည်းမှ အမြင့်မြတ်ဆုံး လူ၏ဘဝကိုရနေသည့် အခါမှာ, သဒ္ဓမ္မသဝန အတိဒုလ္လဘ ဆိုတဲ့ သာသနာတွင်းတရားကို အရယူ၍အပြီး အပိုင်သိအောင် သတိရှေ့ထား-ပညာအစွးကောင်း—သဒ္ဓါမောင်း သန်သန်နှင့် မသိမနေ-မရလျှင် မပြီးဆိုတဲ့ အသိစိတ်ထား ဇာနီယောကျ်ားကဲ့သို့, အားသွန်ခွန်စိုက် ကြိုးစားလိုက်စမ်းပါ။

သာသနာတွင်း တရားဖြစ်တဲ့ လက္ခဏာဉာဏ်, သစ္စာဉာဏ်မှ ကင်း၍။ သံသရာ ဝဋ်အတွင်းက လွတ်ကင်းသည်ဆိုတာ မဖြစ်စကောင်းပါ။ အဘယ်ကြောင့် ဆိုသော် "ပညာယ သမုစ္ဆေဒပဟာနဝသေန ကိလာသာပဟာနံ ပကာသိတံ ဟောတိ၊" အစရှိသဖြင့်— ဗုဒ္ဓဘာသိတ မိန့်ဟချက်ရှိသောကြောင့်တည်း။ ဗုဒ္ဓဟောချက် ဓမ္မစကကို အမိဘာသာ စကားနှင့် ပြန်ဆိုကလောဘ, ဒေါသ, မောဟအစဖြာသည့် ကိလေသာ အစားစားကံအများကို ပညာဖြင့်သာလျှင် အကြွင်းမရှိ ပယ်ဖျက်နိုင်သည်လို့ဆိုပါတယ်။ ဒါကြောင့် ဘုရားပွင့်ရာ သာသနာတွင်းမှာမှရနိုင်သည့် ယထာဘူတဉာဏ်, အနုဗောဓဉာဏ်, ပဋိဝေဓဉာဏ်, ဆိုသည့် သာသနာတွင်းတရား "ဘယ်တော့မှ မသေတဲ့ တရားများနှင့်" "သေမျိုးစေ့များနှင့်" အပြီးအပိုင်လဲ လိုက်စမ်းပါ။

သာသနာတွင်း တရားဖြစ်သည့် လက္ခဏာဉာဏ် သစ္စာဉာဏ်ဆိုတာလည်း၊ ပင်ပန်းခံရင်း ညိုငြင်စွာ လုပ်နေရတာ မဟုတ်ပါ၊

'ယောနိသော မနသိကာရေန' နိဗ္ဗာန် ပတ္တဗ္ဗံ စသည်ဖြင့် သုံးလောကဝေနေကို မိမိရင်နှစ်မခြား ကျင်နာသနားတော်မူသည့် ဗုဒ္ဓမြတ်စွာက မိန့်ဟတော်မူခဲ့ပါသည်။ အမိဘာသာ စကား နှင့် ပြန်ဆိုက နိဗ္ဗာန်လိုလားသည့် အမျိုးကောင်းသားတို့ = အသင့်အဘင့်မှန်ကန်စွာ နှလုံးသွင်းခြင်းဖြင့် နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင် ရောက်နိုင်တယ်လို့ ဟောဖော်ညွှန်ပြခဲ့ပါသည်။

ဒါကြောင့်-နိဗ္ဗာန်ကို ရလိုရောက်လိုသည့် ယောဂီ အစားစားရဟန်း, ရှင်, လူများသည် ကိုယ်ပိုင်ဉာဏ်ကင်း၍ ဝိဘင်္ဂ ဝါဒကိုသက်လွှတ်ကာ ဂိုဏ်းစွဲ, ဂဏစွဲ, ဝါဒစွဲ, ဆရာစွဲ ကပြင်းထန်သ—ဥပါဒါန်အလုပ်တွေနှင့် ရမ်းတုပ်နေလျှင်လည်း အတ္တကိလမထနုယောဂ-ဖြစ်၍ တဘက်စွန်းရောက်တတ်သည်။

အလုပ်လုပ်ရန်မလို စိတ်အလိုလိုက် ခန္ဓာကိုယ် အကြိုက်ပေးခတ်အေးအေး နေပြန်လျှင်လည်း ကာမသုခလ္လိက-နုယောဂ-ဖြစ်၍ တဘက်စွန်းရောက်တတ်သည်။

ထို့ကြောင့် - လက်ဝဲ - လကျ်ာ အစွန်းထွက် အယူတ်တရားများကို ရှောင်ရှား၍, လက်ဝဲ—လကျ်ာ ဘယ်ညာမယိမ်း မဇ္ဈိမပဋိပဒါ-ဆိုတဲ့ မဂ္ဂင်အကျင့်လျှော်သော ဓါတ်,လက္ခဏာ,သစ္စာ, ပဋိစ္စသမုပ္ပါဒ်, မဂ်,ဖိုလ်,နိဗ္ဗာန်,ဆို ထိုထိုတရားများကို 'ယောဂီ' များအသိပိုင်အောင် နည်းမှန် လမ်းကျ၊ ဗုဒ္ဓအာဘောဂ ပါဠိတော်-အဋ္ဌကထာနှင့်အညီ အစဉ်အတိုင်းချေးသားပါအံ့၊ သတိ-ပညာ-သဒ္ဓါဉီးစီးပြီး ယောနိသောမနသိ'စိတ်ထားဖြင့် ကြည့်ရှု, ဝေဖန်, စဉ်းစား, ပွားများကြပါကုန်။

## (တရားသိမှ ဘုရားရှိ ဗိဋ္ဌသရဏာဂုဏ်မြွက်)

ဓမ္မံဟိသော ဘိက္ခဝေ ဘိက္ခုနပဿတိ၊ ဓမ္မံအပဿန္တော နမံပဿတိ။

ဓမ္မံပဿိသော ဘိက္ခဝေ ဘိက္ခု ပဿတိ၊ ဓမ္မံ ပဿန္တော မံပဿတီတိ။

ဟိ-ငါသူရား၏ သင်္ကန်းစွန်းကိုဆွဲကိုင် ဖဝါးခြေထပ်မပြတ် စဉ်ဆိုက်လိုက်ပါလျက် ငါဘုရားနှင့် စကြာဝဠာ ခြားသည့် ပမာဏဝေးကွာလှ၏-ဆိုသော စကားသည်၊ သစ္စံ၊စင်စစ်ကေန်-မှန်လှပေ၏။ ဘိက္ခဝေ၊ နိဗ္ဗာန်လိုလား ရှင်ရဟန်းတို့။ သော ဘိက္ခု၊ ထိုရဟန်းသည်။ ဓမ္မံ၊ သစ္စာပဋိစ္စ သမုပ္ပါဒ်, မဂ်, ဖိုလ်, နိဗ္ဗာန်,လောကုတ္တရာဆို တိုထိုတရားကို (ဝါ) လက္ခဏာဉာဏ်, သစ္စာဉာဏ်နှင့် အမှန်သိအပ်သော လောကုတ္တရာ တရားကို။ နပဿတိ၊ ပညာစက္ခု အလင်းမရ၍ မသိမမြင်။ ဓမ္မံ၊ လက္ခဏာ ဉာဏ်-သစ္စာဉာဏ်နှင့်,အမှန်သိအပ်သော လောကုတ္တရာတရားကို။ အပဿန္တော၊ မသိမမြင်သော ရှင်ရဟန်းသည်။မံ၊ငါဘုရားကို၊ နပဿတိ၊ မဖူးမမြင်ရ (ဝါ) အမိဝမ်းတွင်းက စက္ခုနှစ်ကွင်း အလင်းမရသော သူကန်းသည် ရာ—ထောင်—နေလ၊ထွက်ပေါ်၍ ပြသော်လည်း အရိပ်အရောင်မျှ မမြင်ရသကဲ့သို့ ငါဘုရားကို မဖူးမြင်ရ။ ဟိ၊ ငါဘုရားနှင့် စကြာဝဠာ ကွာခြား၍ နေငြားသော်လည်း၊ ငါ-ဘုရား၏ ခြေတော်ဦးခိုက်၍နေရသည်နှင့်တူ၏ ဆိုသော စကားသည်။ သစ္စံ၊ စင်စစ်ကေန်မှန်လှပေ၏။ဘိက္ခဝေ၊

နိဗ္ဗာန်မျှော်မှန်းရှင်ရဟန်းတို့။ သောဘိက္ခု၊ ထို ရဟန်းသည်။ ဓမ္မံ၊ လက္ခဏာဉာဏ် သစ္စာဉာဏ်နှင့် အမှန်လိုအပ်သော လောကုတ္တရာ တရား သာသနာတွင်းတရားကို။ ပဿန္တော၊ ကိုယ်တိုင် ကိုယ်ပိုင်သိသော ရဟန်းသည်။ မံ၊ ငါဘုရားကို။ ပဿတိ၊ ဖူးမြင်ရ၏။ (ဝါ) လက် ဝယ်တင်ထား ပတ္တမြားကို ရှုစားကြည်နူး စိတ်ဝယ်မြူးသို့ ဖူးမြင်ရလေ၏။

ဤပါဠိတော်ကြီး၏ အလိုမှာ — အရိယာများ သိအပ်သော သစ္စာလေးပါး အမှန်တရားကို မသိကျွမ်း မလိမ္မာသည့် ရဟန်းသည် ငါဘုရား၏ သင်္ကန်းကို ကိုင်ကာ ဖဝါးမကွာ လိုက်ငြားသော်လည်း ငါဘုရားကိုမတွေ့ရမဖူးမြင်ရ၊ သစ္စာလေးပါး အမှန်တရားကို တတ်သိကျွမ်းကြင် လိမ္မာသော ရဟန်းသည်သာလျှင် ငါဘုရားနှင့် စကြာဝဠာ ကမ္ဘာခြားသော်လည်း ငါဘုရားကို တွေ့ရဖူးမြင်ရသည်၊ ကြည်ညိုလေးစားရသည်မည်၏လို့ ဟောတော်မူ၏။

အထက်ပါ-ဟောကြားချက်အရ သစ္စာလေးပါးအမှန်တရားကို ကိုယ်တိုင် ကိုယ်ပိုင် ယထာဘူတ ဉာဏ်နှင့် ဟုတ်တိုင်း မှန်စွာ သိက ဘုရားနှင့်စကြာဝဠာပင် ကွာခြားသော်လည်း ဖူးမြင်ရ၏ ဆိုရာ၌၊ မည်ကဲ့သို့ဖူးမြင်ရသနည်းဆိုသော်။

ရုပ်-နာမ်-လောက-သဘာဝကို အဆုံးသတ် တရား အနေနှင့် ကြည့်က သစ္စာလေးပါး အမှန်တရားသာလျှင် ရှိပါကလားလို့

ကိုယ်တိုင် ကိုယ်ပိုင် သိသည့် အခါမှာ (ဩဘြော်) မြတ်စွာ ဘုရား ဆိုသည်မှာ၊ ဒုက္ခေဉာဏံ ဒုက္ခသမုဒယေဉာဏံ ဒုက္ခနိရောဓေ ဉာဏံ ဒုက္ခနိရောဓ ဂါမိနိ ပဋိပဒါ ဉာဏံ ဆိုသည့် အတိုင်း၊ သခါရဒုက္ခကို ကျပ်ပြည့်သိ၍ ဒုက္ခဖြစ်ကြောင်း သမုဒယကိုလည်း ကုန်စင်အောင်သိခြင်း၊ ဒုက္ခချုပ်ကြောင်းကို အပိုအလိုမရှိသိ၍၊ ဒုက္ခချုပ်ကြောင်း အကျင့်ကောင်းကို ဆရာမထား သယမ္ဘူဉာဏ် သွားဖြင့် အကြွင်းမရှိသိတော်မူပါ၏။

ဤကဲ့သို့ ဒုက္ခ, သမုဒယ, နိရောဓ, မဂ္ဂဆို–ထိုထိုသစ္စာလေးပါး အမှန်တရားတို့ကို ကိုယ်တော်တိုင် သိမြင်တော်မူ သော ကြောင့် "ယေနဉာဏေန သမ္ဗုဒ္ဓေါ" ယေနဉာဏေန ပတ္တောသိ–အမည်ရှိ တော်မူတာကိုး၊ (ဝါ) သစ္စာလေးပါး အမှန်တရားကို အကြွင်း မရှိသိသော်မူတဲ့ ဉာဏ်တော်မြတ်ကြီးကိုသာ ဘုရားလို့ ခေါ်ဆို ပညတ် သမုတ်ကြတာလို့ ကိုယ်တိုင်၊ ဟုတ်တိုင်းမှန်စွာ သိရ၏။

ထိုဉာဏ်တော်မြတ်ကြီး၏ ကိန်းအောင်းရာ ဖြစ် သည့် ခန္ဓာ တော်ကြီးကလည်း ကိလေသာ အညစ်အကြေးမတင် = ဖြူစင် သန့်ရှင်းကြည်လင်၍ စေတီအိမ်ထိုက်ပါသဖြင့် ပူဇော်ထိုက်ပါ ပေ၏၊ ရိုသေအလေးဂရုပြုထိုက်ပါပေ၏၊ ကြည်ညိုမြတ်နိုးထိုက် ပါပေ၏။

ဤသို့သစ္စာလေးပါး၏ ဂုဏ်ပုဒ်ကို ကိုယ်တိုင်သိမှ ၎င်းသစ္စာ လေးပါး အမှန်တရားကို ဟောကြားညွှန်ပြသည့် မြတ်စွာဘုရား

ကိုသိမြင်ကာ ဒိဋ္ဌိသရဏာဂုဏ်တည်မည်။ ၎င်းအသိမျိုး မဟုတ်သေးလျှင်၊ အဘပြော-သားကြား၊ သက်ကြီးစကား-သက်ငယ်ကြား၊ ဘုရားနှင့်ဘဲ အချိန်ကုန်ကြမည်။

တနည်းအားဖြင့်ဆိုသော်-တရုပ်,ကုလား,သိသည့် အသိမျိုး, ခင်ပုတ်ငှက်, ဆင်မင်းအစရှိသည့် အဟိတ်တိရစ္ဆာန်မျိုးသိသည့်၊ သုတသရဏာဂုဏ်မျှနှင့် အချိန်တွေကုန်လွန်၍ ဘဝဆုံးကြမည်ကို အထူးသတိပြုသင့်သည်။

ထို့ကြောင့်—ဒိဋ္ဌိသရဏာဂုဏ် တည်ရေးအတွက်၊ သာသနာတွင်း တရား,သစ္စာတရားကိုကိုယ်တိုင် ထင်မြင်ဝတ်ကြမ်းအောင် ကြိုးစားအားထုတ်ဘို့ရန် အဓိကတာဝန်တရပ် အနေနှင့် လိုအပ်လာသည်။

ဒိဋ္ဌိသရဏာဂုဏ်တည်ရေး သာသနာတွင်းတရားရရေး—သစ္စာတရားကို သိမြင်ရေး အတွက် အဘယ် တရားများကို အခြေခံမူတည် အစထား၍ ဝေဘန်ဆင်ခြင်မှု သုတေသနပြုရမည်နည်း။ ဗုဒ္ဓဟောချက် ဓမ္မစက်က မည်ကဲ့သို့ရှိပါသလဲ ဆိုလျှင်....

သဗ္ဗဝေါ ဘိက္ခဝေ ဒေသေဿာမိ။

နိဗ္ဗာန်မျှော်မှန်း ရှင်ရဟန်းတို့-သင်တို့အား အလုံးစုံသောတရားကို ငါဘုရားဟောမည်။

တံ သုဏာထ၊

ထိုငါဘုရားဟောကြားမည့်၊ အလုံးစုံသော တရားကိုအာရုံ စူးစိုက်၍ သတိ၊ပညာ, သဒ္ဓါ, ဦးစီးပြီး၊ နာကြားကြကုန်။

ကိဉ္စ ဘိက္ခဝေ၊

မဂ်,ဖိုလ် မျှော်မှန်း ရှင်ရဟန်းတို့ - သင် ချစ် သား တို့ အား ငါဘုရားဟောကြားမည့် တရားကား အဘယ်တရား ပါနည်း ဆိုလျှင်....

စက္ခုဉ္စေဝ ရူပါစ=မျက်စေ့နှင့်အဆင်း၊
သောတဉ္စ သဒ္ဒါစ=နားနှင့်အသံ၊
ဃာနဉ္စ ဂန္ဓာစ=နှာခေါင်းနှင့်အနံ့၊
ဇိဝှါစ ရသာစ=လျှာနှင့်အရသာ၊
ကာယောစ ဖောဋ္ဌဗ္ဗာစ=ကိုယ်နှင့်တွေ့ထိစရာ၊
မနောစ ဓမ္မာစ=နှလုံးသွေးအကြည်နှင့် တရားဟောင်း
ဣဒံ ဝုစ္စတိ ဘိက္ခဝေ သဗ္ဗံ။

ချစ်သားတို့—ငါဘုရားဟောကြားမည့် အလုံးစုံသော တရား ဟူသည်၊ အထက်တွင် ပြအပ်သော မျက်စေ့, နား, နှာ, လျှာ, ကိုယ်,ဟဒယနှင့်အဆင်း,အသံ,အနံ့,အရသာ,အတွေ့,အဟောင်း တရား အားဖြင့် တဆယ့် နှစ်ပါးသော အာယတန တရားတို့ ပေတည်း။

သာသနာ့တွင်းတရား၊ သစ္စာတရားကိုသိမြင်ရရှိရေးအတွက် ဘယ်အချက်တွေကို မှတည်၍ ရှု—ကြည့်၊ ပွား များ ဆင်ခြင်

သုတေသန ပြုရမှာလဲဆိုတဲ့ အမေးပုစ္ဆာကို၊ အထက်တွင် ပြအပ်သော တဆယ့် နှစ်ပါးသော တရားတို့ကို မူတည် အစထား၍ ဆင်ခြင်ရမည်ဟု အဖြေပြုပါသည်။

အထက်တွင် ဟောကြားအပ်သော တဆယ့်နှစ်ပါးသော တရားတို့တွင် မျက်စေ့, နား, နှာ, လျှာ, ကိုယ်, ဟဒယ ကြ ခြောက်ဝသည်၊ မိမိတို့၏ ခန္ဓာကိုယ်မှာ အစဉ်မကွာ ရှိသည့် အဇ္ဈတ္တိကရုပ်၊ အတွင်းရုပ်များဖြစ်ပါသည်၊ (ဝါ) ပသာဒရုပ်၊ အကြည်ရုပ်များဖြစ်ပါသည်၊ အဆင်း, အသံ, အနံ့, အရသာ, အတွေ့သဘောတရား ဤခြောက်ပါးသည် ဗဟိဒ္ဓရုပ် အပြင်ရုပ်များဖြစ်ပါသည်။ (တနည်း) အာရုံခြောက်ပါး လို့ဆိုပါသည်။

၎င်းအာယတနတရားတဆယ့်နှစ်ပါးသည် အရှိတရားများ ဖြစ်ကြပါသည်။ ထိုအရှိတရားများကို ဘယ်သဘော ဘယ်လက္ခဏာနှင့်ရှိ သနည်းလို့ ဟုတ်တိုင်းမှန်စွာ သိအောင် ဝေဘန်ဆင်ခြင်ရပါမည်။

(**မှတ်ချက်**) ဤနေရာ၌ ဗုဒ္ဓဝါဒီ ဖြစ်လိုသည့် ဗုဒ္ဓဘာသာ အပေါင်းတို့အထူးသိစေလိုသည်မှာ အလုံးစုံသိသော သဗ္ဗညုတာ ဉာဏ်တော်ဟူသည် ကမ္ဘာလောကရှိ အားလုံးသော သက်ရှိသက်မဲ့ပစ္စည်းများကို အာယတန တဆယ့်နှစ်ပါးတည်း ထည့်သွင်းကာ ယူနိုင်ခြင်းကိုဆိုပါသည်။

တနည်းအားဖြင့် သစ္စာ လေးပါး သိရေး၊ မဂ်ဖိုလ် နိဗ္ဗာန် မျက်မှောက်ပြုရေးအတွက် အဋ္ဌိတရားနှင့် အဖြစ် တရားများကို အခြေခံ သဘောထား၍ ဝေဘန် ပွား များ ရမည့် အကြောင်း သပ်လောင်းကာ ဟောကြားခဲ့သည်မှာ-

စက္ခုဉ္စ ပဋိစ္စ ရူပေစ ဥပ္ပဇ္ဇတိ စက္ခုဝိညာဏံ။

မျက်စေ့ အကြည်နှင့် အဆင်းဆိုတဲ့ အရှိရုပ်များကို အမှီသဟ အစွဲပြု၍ စက္ခုဝိညာဉ်ဆိုသည့် မြင်သိစိတ် နာမ်ပရမတ်ဖြစ်ပေါ် လာပါသည်။

တိဏ္ဏံ သင်္ဂတိ ဖဿော၊

မျက်စေ့ အကြည်နှင့်အဆင်း အရှိပရမတ်၊ မြင်သိစိတ် နာမ် ပရမတ်၊ ၎င်းသုံးရပ် ပေါင်းဆုံ တွေ့ထိမှုသည်၊ဖဿဖြစ်၏။(၀၁) မြင်တွေ့မှုဖြစ်၏။

ဖဿ ပစ္စယာ ဝေဒနာ၊

မျက်စေ့၊ အဆင်း၊ မြင်စိတ်၊ ၎င်းသုံးပါးပေါင်းဆုံတွေ့ထိမှု ဖဿအကြောင်းခံလျှင် ခံစားမှုဝေဒနာတရားဖြစ်၏။

ဤကဲ့သို့ မြင်မှုကိစ္စ ဖြစ်တိုင်းဖြစ်တိုင်း မျက်စေ့၊ အဆင်း၊ မြင်စိတ်၊ မြင်တွေ့၊ မြင်ခံစားဆို ထိုငါးပါးသော သဘောတရား များသည် သခ်တနယ်မှာ ယှဉ်ပြိုင်ကာ ဖြစ်ပေါ်ရမြဲတည်း။

No.18

ထိုကဲ့သို့ယှဉ်ပြိုင်ကာ ပြိုင်တူဖြစ်ပေါ်လာသည့် သဘောကို ပဋ္ဌမတ်ရုပ်နာမ်ဟု ခေါ်၏။

ဝိပဿနာအရာမှာ အကြောင်းတိုက်ဆိုင်လျှင် တိုက်ဆိုင်သလို ပြိုင်တူဖြစ်၍၊ ပျက်လျှင်ပြိုင်တူပျက်သည့် ပရမတ်ရုပ်နာမ်ကိုသာ ဝိပဿနာရှုအပ်သည့်အကြောင်း "စေတသိကပိ ရူပါရူပိနော ဓမ္မာ အဟုတွာ သမ္ဘောန္တိ ဟုတွာ ပဋိဟောန္တိ" ဆိုသည့် ကျမ်းလာ စကားကို ထောက်ထားပြီး ဝိပါတ်ရုပ်ကြီးကို အလုပ်လုပ်နေကြသည့် မှောက်မှားမှုကို စွန့်လွှတ်ရာ၏။

ယောဂီ-အသင်လိုလားသည့် နိဗ္ဗာန်ကို မျက်မှောက်ပြုရေးအတွက် အစကနဦး အခြေခံကာ ဆင်ခြင်ရမည့် တရားများကို ထက်ပြမည်၊ စိတ်ဝင်စားစွာ သတိပြု၍ ကြည့်ရှုပါ-

သောတဉ္စ ပဋိစ္စသဒ္ဒေစ ဥပ္ပဇ္ဇတိ သောတဝိညာဏံ။ နား နှင့် အသံကိုအကြောင်းခံ၍ သခ်ိတနယ်မှာကြား-သိစိတ်ဖြစ်၏။

တိဏ္ဏံ သင်္ဂတိ ဖဿော၊

နား, အသံ, ကြားစိတ်, ၎င်းသုံးပါးပေါင်းဆုံမှုကို တွေ့ထိမှုသဘော ဖဿလို့ခေါ်၏။

ဖဿ ပစ္စယာ ဝေဒနာ။

တွေ့ထိမှု ဖဿ အကြောင်းခံလျှင် ကြားခံစားမှု ဝေဒနာတရားဖြစ်၏။

ဤကဲ့သို့ကြားမှုပြုတိုင်း ပရမတ် ရုပ်—နာမ်ဖြစ်မှုကို သတိပြုရာ၏။

ဃာနံစ ပဋိစ္စ ဂန္ဓေစ ဥပ္ပဇ္ဇတိ ဃာန ဝိညာဏံ၊နှာ-အနံ့ကို အစွဲပြု၍ နံသိစိတ်ဖြစ်၏။

တိဏ္ဏံ သင်္ဂတိ ဖဿော၊

နှာ-အနံ နံသိစိတ် သုံးပါးပေါင်းဆုံမှုသည် နံတွေ့သဘော ဖဿဖြစ်၏။

ဖဿ ပစ္စယာ ဝေဒနာ၊

နံတွေ့မှု ဖဿ တည်းဟူသော အကြောင်းကြောင့် နံခံစားမှု ဝေဒနာဖြစ်၏။

ဤသည့် ပရမတ် ရုပ်-နာမ်ဖြစ်သည့် နာမ်ရုပ်နှင့် ဆိုင်ရာ မှုဃာနကို ပိုင်အောင်သတိထားရာ၏။

ဇိဝှါစ ပဋိစ္စ ရသေစ ဥပ္ပဇ္ဇတိ ဇိဝှါဝိညာဏံ၊

လျှာအရသာဆိုသည့် ရုပ်တရားနှစ်ပါးကို အမှီသဟာ ပြု၍ စား သိစိတ်ဖြစ်၏။

တိဏ္ဏံ သင်္ဂတိ ဖဿော၊

လျှာ-အရသာ-စားသိစိတ် ၎င်းသုံးပါး ပေါင်းဆုံ တွေ့ထိမှုသည် စားတွေ့ဖဿဖြစ်၏။

ဖဿ ပစ္စယာ ဝေဒနာ၊

ပွေ့ထိမှု ဖဿ တည်းဟူသော အကြောင်းခံ တရားကြောင့် ခံစားမှုဝေဒနာတရားဖြစ်၏။

စားမှုကိစ္စပြီးဆုံးတိုင်း ၎င်း ကိစ္စမှာပါဝင်သည့် ပရမတ် ရုပ်-နာမ်အစဉ်ကို သိမြင်ရာ၏။

ကာယဉ္စ ပဋိစ္စ ဖောဋ္ဌဗ္ဗေစ ဥပ္ပဇ္ဇတိ ကာယဝိညာဏံ၊ကာယပသာဒခေါ် ကိုယ်အကြည်နှင့် အနူ့အကြမ်း အစားစားတွေ့ထိစရာများကို အမှီသဟဲပြု၍ ထိ-သိစိတ်ဖြစ်၏။

တိဏ္ဏံ သင်္ဂတိ ဖဿော၊

ကိုယ်,တွေ့, ထိစရာ ထိသိစိတ် ၎င်းသုံးပါးပေါင်းဆုံ တွေ့ထိမှုသည် တွေ့,ထိ ဖဿမည်၏။

ဖဿ ပစ္စယာ ဝေဒနာ။

တွေ့ထိမှု ဖဿအကြောင်းခံ၍ တွေ့ထိခံစားမှု ဝေဒနာတရားဖြစ်၏။

ထိမှုဖြစ်တိုင်း ဖြစ်တိုင်း ကာလ မဆိုင်းဘဲ ထိမှုနှင့် ဆိုင်ရာမှုလဿနရုပ်နာမ်ပရမတ်များကို အချက်ကျကျ သိထားရမည်။

မနဉ္စ ပဋိစ္စ ဓမ္မေစ ဥပ္ပဇ္ဇတိ မနောဝိညာဏံ၊

ဟဒယဝတ္ထုရုပ်ခေါ် နှလုံးသွေးအကြည်နှင့် မြင်ဘူး-ကြားဘူး၊ နံဘူးစားဘူး-ထိဘူးသည့် အဟောင်းတရားခေါ်ဓမ္မာရုံကို အမှီပြု၍ သိစိတ်မနောဝိညာဉ်ဖြစ်၏။

တိဏ္ဏံ သင်္ဂတိ ဖဿော၊

ဟဒယ ဝတ္ထုရုပ်ခေါ် နှလုံးသွေး အကြည်ရုပ် အဟောင်း

တရားခေါ် ဓမ္မာရုံရုပ် သိစိတ် မနော ဝိညာဉ်၊ ၎င်းသုံးပါး;
ပေါင်းဆုံတွေ့ထိမှုသည်၊ သိတွေ့ဖဿမည်၏။

ဖဿ ပစ္စယာ ဝေဒနာ၊

သိတွေ့မှု အကြောင်းခံ၍ သိတွေ့ ခံစားမှု ဝေဒနာ ဖြစ်၏။ ယောဂီပညာဦးစီးသာဘိရင်ဝယ်ပိုက်၍ သဒ္ဓါစိတ်သားဖြင့် သတိပြု၍ ကြည့်ရှုပါလော့။ ဒိဋ္ဌသရလ်ဂုဏ်တည်ရေး သာသနာတွင်း တရား၊ သစ္စာတရား၊ သိရေး၊ ရရေး၊ အဘယ်တရားကို အခြေတည်အစထား၍ ကြည့်ရှုဝတန်ပွားများရမှာလဲ ဟုသည့်မေးခွန်းကို အဖြေထုတ်လိုက်သည့် အခါမှာ....

မြင်မှုနှင့် ဆိုင်ရာ—မျက်စေ့ အဆင်း မြင်စိတ်, မြင်တွေ့, မြင်ခံစား။

ကြားမှုနှင့် ဆိုင်ရာ—နား, အသံ, ကြားစိတ်, ကြားတွေ့, ကြားခံစား။

နံမှုနှင့်ဆိုင်ရာ-နှာ,အနံ့,နံစိတ်,နံတွေ့, နံခံစား၊

စားမှုနှင့် ဆိုင်ရာ - လျှာ, အရသာ, စားစိတ်, စားတွေ့ စားခံစား။

ထိမှုနှင့်ဆိုင်ရာ • ကိုယ်အကြည်, အတွေ့အထိ,ထိစိတ်,ထိတွေ့, ထိခံစား။

သိဒ္ဓနှင့် ဆိုင်ရာ—နှလုံးသွေးအကြည့်, တရားဟောင်း သိစိတ်, သိတွေ့, သိခံစား။

သာသနာတွင်း တရားလိုလားသည့် ယောဂီ-သတ္တဝါတရားကို သိရှိ ဒိဋ္ဌသရဏဂုဏ် တည်လိုလျှင် အထက်ပါ သုံးဆယ်သော ပရမတ် ရုပ်နာမ်များ၏ မူလ သဘော လက္ခဏာကို အသိပိုင် အောင် တရား ဦးခေါင်းဆုံးအောင် ဝေဘန် ကြည့် ရှု အသိနှန် ပြုပါလေ....

ဤနေရာမှာ အလေးအနက် သတိပေး တိုက်တွန်း လိုတာက တော့ သာသနာတွင်း တရားဆိုတာ မျက်မှန်းဝါဒ စိတ်ကူးယဉ် ဝါဒမဟုတ်၊ အခြေခံ နှင့် အ မြောက် ကင်းစင်၊ အတိတ်စွဲနှင့် အနာဂါတ်စွဲမပါ။ “ဒိဋ္ဌဓမ္မ—ဒိဋ္ဌပတ္တ”ဆိုသည့် လက်တွေ့ မျက်တွေ့ တရား ဖြစ်ပါသည်။ မျက်မမြင် ဒုက္ခိတများ တောင်ဝှေး ပျောက်သလို စမ်းတဝါးဝါးနှင့် မှန်းဆပြီး ရမ်းရှာနေရသည် မဟုတ်ပါ။

အထက်တွင် ပြဆိုခဲ့သည့်အတိုင်း မျက်စေ့ နားနှာ, လျှာ, ကိုယ်,ဟဒယ ဤခြောက်ဌာနသည်၊ သင့်ခန္ဓာကိုယ်မှာ ထင်ရှား ရှိကြောင်း ‘သန္ဒိဋ္ဌိက’ ကိုယ်တွေ့ အရှိတရား အဇ္ဈတ္တိက အတွင်း ရုပ်များဖြစ်ကြပါသည်။

အဆင်း, အသံ, အနံ့, အရသာ, အခေ အထိသဘောတရား ခေါ်မှာရုံ၊ ၎င်းခြောက်ပါးကား—ဗဟိဒ္ဓအပြင်ရုပ်များဖြစ်ပါ

သည်။ ထိုရုပ်များနှင့်လည်း နေ့စဉ်နှင့်အမျှ ရင်ဆိုင်တိုးနေရပါသည် ဒိဋ္ဌပတ္တ အရှိတရား၊ အနိဋ္ဌိယ ဗဒ္ဓရုပ်များ ဖြစ်ပါသည်။

အဇ္ဈတ္တိကရုပ်ခေါ် အတွင်းရုပ်နှင့် ဗဟိဒ္ဓရုပ်ခေါ် အပြင်ရုပ်တို့တွေ့ထိတိုက်ခိုက်သည့်အခါမှာ ဝိညာဉ်ဆိုသည့်အပေါ်ခတ်အဖြစ်တရားများပေါ်သည် အာဂန္တုက အနေနှင့် ထင်ရှားဖြစ်ပေါ်လာပါသည်။

ဤကဲ့သို့ အတွင်းရုပ်၊ အပြင်ရုပ် အရှိတရားနှင့် အပေါ်ခတ်အဖြစ်တရား၊ နာမ် ဝိညာဉ်တို့ သုံးပါးတွေ့ထိ ပေါင်းဆုံသည့်အခါမှာ၊ ဆိုင်ရာတွေ့ထိမှုဖဿများ ထင်ရှားကေန်အမှန်ဖြစ်ပါသည်။

တွေ့ထိပေါင်းဆုံမှု ဖဿ အကြောင်းခံက ခံစားမှု ဝေဒနာတရားလည်း ထင်ရှားဖြစ်ရပါသည်။

ဤနေရာ၌ ဝိပဿနာရှုရမည့် ပရမတ် ရုပ်-နာမ်များကို အကျဉ်းချုပ် သရုပ်ဆောင်လိုက်တော့....

### "ရုပ်လောက"

မျက်စေ့၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ ဟဒယ၊
အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အတွေ့၊ အပေါင်းတရား၊

### "နာမ်လောက"

မြင်စိတ်၊ ကြားစိတ်၊ နံ့စိတ်၊ စားစိတ်၊ ထိစိတ်၊ သိစိတ်၊ မြင်တွေ့၊
ကြားတွေ့၊ နံ့တွေ့၊ စားတွေ့၊ ထိတွေ့၊ သိတွေ့၊ မြင်ခံစား၊
ကြားခံစား၊ နံ့ခံစား၊ စားခံစား၊ ထိခံစား၊ သိခံစား၊

အထက်ပါသုံးဆယ်သော ပရမတ်တရားများကိုနောက်ထပ် ဖြည့်စွက် ဝေဘန်စရာမရှိသည့် အခြေအထိ တရားဦးခေါင်းဆုံး အောင် ဝေဘန်နိုင်လျှင် လက္ခဏာမြင် သစ္စာထင်လျှင် ဒိဋ္ဌ သရဏဂုဏ်ကည်ပြီ၊ ဘုရားတွေ့၍ ဘုရားသားတော် သမီးတော် ဖြစ်ပြီ။

ထိုထိုသုံးဆယ်သော ရုပ်-နာမ်တွေအပေါ်၌သာယာနှစ်သက် ငြိကပ်လိုသော တဏှာ။ ပြင်းစွာစွဲလမ်းမှု ဥပါဒါန်ပြတ်သဖြင့် ဇာတိရပ်ပြီ အို-နာ သေမှုကုန်ဆုံးပြီ အမြတ်တရားကို ရှာကြံရန် အလုပ်ကိစ္စမရှိပြီ။ စေတောဝိမုတ္တိ၊ အပိုင်ရှိပြီဆိုတဲ့ အကြောင်း မြတ်ဗုဒ္ဓက မိန့်မှာခဲ့တာကတော့....

ဧဝံ ပဿံ ဘိက္ခဝေ သုတဝါ အရိယသာဝကော စက္ခုသ္မိံပိ နိဗ္ဗိန္ဒတိ၊ ရူပသ္မိံပိ နိဗ္ဗိန္ဒတိ ဝိညာဏသ္မိံပိ နိဗ္ဗိန္ဒတိ ဖဿသ္မိံပိ နိဗ္ဗိန္ဒတိ၊ ဝေဒနာယပိ နိဗ္ဗိန္ဒတိ၊ နိဗ္ဗိန္ဒံ ဝိရဇ္ဇတိ၊ ဝိရာဂါ ဝိမုစ္စတိ၊ ဝိမုတ္တသ္မိံ ဝိမုတ္တမိတိ ဉာဏံ ဟောတိ၊ ခီဏာဇာတိ ဝုသိတံ ဗြဟ္မစရိယံ-ကတံ ကရဏီယံ နာပရံ ဣတ္ထတ္တာယာတိ ပဇာနာတိ။ ။အစ ရှိသည်ဖြင့် မိန့်မှာဟောကြားခဲ့ပါသည်။

မြန်မာပြန်ကား၊ မျက်စေ့ နားနှာ အစဖြာသည့် ပရမတ် ရုပ်-နာမ်(၃၀)ကို တရားဦးခေါင်းဆုံးသည့် အခြေအထိ ကိုယ်ပိုင် သိလျှင်,ရင်း(၃၀)သော ရုပ်-နာမ်များ အပေါ်၌ စွဲလမ်းရမှာ ငြီးငွေ့၏။ နှစ်သက် သာယာမှုပြုရမည်ကို ငြီးငွေ့လာ

၏။ ပြင်းစွာ ငြိကပ်မှု ဥပါဒါန်ဖြစ်ရမှာ ငြိးငွေ့လာသဖြင့် စွဲလမ်းမှုသာယာနှစ်သက်မှု ပြင်းစွာ ငြိကပ်မှု ဥပါဒါန်မပွါးတော့ပါ၊ ပြင်းစွာ ငြိကပ်စွဲလမ်းမှု ဥပါဒါန် အကြောင်းခံပြီး ပေါက်ဖွားလာကြသည့် ဘဝဇာတိ အစရှိသည့် သံသရာ ဒုက္ခတွေနှ မှုက္ခ၂ ကင်းပြတ်ရပါတော့သည်။ ကင်းပြတ်မှု ဝိရာဂ ဖြစ်ကြောင်းကိုလည်း ကိုယ်တိုင် ကိုယ်ပိုင် ကောင်းကောင်းကြီး သိသဖြင့် ခန္ဓာဝဋ်တဖန်ဆောင်ရမှုမရှိပြီ၊ သံသရာကျေးကြေပြီ၊ မျက်စေ့, နား, နှာ, အစဖြာသည့် ရုပ်-နာမ်များကို နှစ်သက်သာယာ ထင်မှတ်စွဲလမ်း သိမ်းပိုက်လိုမှု ဆန္ဒရာဂနှင့် ကင်းပြတ်သည့်၊ ဝိရာဂနိဗ္ဗာန်ကို မျက်မှောက်ပြုရ၍ 'နာမရူပနိသရဏဂုဏ်' နှင့် ပြည့်စုံကာ "ဖလတော ဝိမုတ္တိဖလ" ရကြီးရပါတော့သည်။

ထို့ကြောင့် အစွဲဥပါဒါန်ကင်းပြတ်သည့် ဝိရာဂ နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်ရေးအတွက် အထက်တွင် ပြဆိုခဲ့ပြီးသော ရုပ်, နာမ် (၃၀)။ တနည်းအားဖြင့် ပဋိစ္စ လူသားတို့ ဘာဘာ ညာညာ အထင်မှားစေသည့် အတ္တဒိဋ္ဌိ (၃၀) ကို 'ခယ—ဝယ—သုညတ-ဝိရာဂ-နိရောဓ' ဖြစ်သည့် အခြေအထိ ကိုယ်တိုင် သိအောင် လက္ခဏာခဏ်း တဆင့်တက်မည်။ ပညာမျက်စေ့ဖြင့် ရှုကြည့်ပါလော့—ငွေမကုန် လူမပန်း အနှမ်းဖြစ်ဘိုရာမပါ၊ လင်သားမကွာ၊ သားသမီး ရတနာမပြစ် စီးပွားရှာမလစ် အိမ်ယာထောတို့နှင့် သင့်သော ဗုဒ္ဓအလိုတော်ကြ၊ အာဂါရ လမ်းစဉ် "ပဋ ္ဂစခမ်း ဝိပဿနာကျင့်စဉ်"တရပ်ကို ပြတော့မည်။

## ဝိပဿနာရှုပုံ နိဿယျအစုံ

နာနာဓာတုယော၊ ဝိနိဗ္ဘုဇ္ဇိတွာ ဃနဝိနိဗ္ဘောဂေ၊
ကတေအနတ္တ လက္ခဏံ ယထာဝ သရသတော ဉပဋ္ဌာတိ။

မြန်မာပြန်-နာနာဓာတုယော၊ အထူးထူးအပြားပြား ရှိသော မျက်စေ့ အဆင်း မြင်စိတ် အစရှိသော ရုပ်-နာမ် ပရမတ်တို့ကို။ ဝိနိဗ္ဘုဇ္ဇိတွာ၊ ပညာဉာဏ်နှင့် ခွဲခြား ဝေဘန် နိုင်သည်ဖြစ်၍။ ဃနဝိနိဗ္ဘောဂေ၊ ဃနလေးစုံကျေကွဲပုံကို၊ ကတေ၊ ပြုအပ်သည် ရှိသော် အနတ္တလက္ခဏံ၊ မူလပင်ကို သဘာဝဖြစ်သော အနတ္တ လက္ခဏာ အစစ်သည်။ ယထာဝ သရသတော၊ နဂိုမူလ သူ့ သဘာဝအတိုင်း။ ဉပဋ္ဌာတိ၊ မိမိဉာဏ်ဝ၌ ထင်မြင်လာရပေ၏။

ဆိုလိုရင်း အဓိပ္ပါယ်ကတော့-သံသရာမှ လွတ်ထွက် နိုင်သည့် အခြေထိသိထားရမည့် ဝိပဿနာ တရားဆိုတာ မျက်စေ့, နား, နှာအစဖြာသည့် အထူးထူးအပြားပြားသော ဓာတ်ပရမတ်ဆိုတဲ့ 'အသင်္ခတတရားတို့ဟာ' ပုထုဇဉ်တို့၏ နယ်ပယ်မှာ 'သင်္ခတတရား' လို အထင်ပိုစရာဖြစ်နေသည်။

ဘာ့ကြောင့် မူလအသင်္ခတ တရားများသည် သင်္ခတ တရားလို စုံလန်းသိမ်းပိုက်လို့ ရနိုင်သည့်တရားလို အထင်ပိုစရာ ဖြစ်ရှိကာ နေရပါသနည်းဆိုလျှင်— မြင်မှု, ကြားမှု,အစရှိတဲ့ ကိစ္စများ ပြီး ဆုံးတိုင်း=ပြီးဆုံးတိုင်း အစိုင်အခဲ အတုံးအတစ် ပမာ ပေါင်း စည်းထားသရောင် အထင်ကြောင်စရာ, ဃနများက ဖုံးကွယ် ထားခြင်းကြောင့် ဖြစ်ပါသည်။

ထို့ကြောင့်- 'အနတ္တံ'အပ္ပသန္တောဃန ပဋိစ္ဆန္နတာလို့ ကျမ်း လာစကား လမ်းမှန်ပြထားပါသည်။ မူလအသင်္ခတ 'အနတ္တကို'

ဃနမျှားက ဖုံးအုပ်ထားသည်လို့ ဆိုပါသည်၊ ၎င်း–ဃနများကို ပညာဉာဏ်နှင့် ဝေဘန် ဆန်းစစ်ဖယ်ခွါပြစ်လျှင် မူလပင်ကို သဘာဝ အသင်္ခတအနုတ္တသည် ဉာဏ်ဝမှာ ရှင်းရှင်း လင်းလင်း ကြီးမြင်ရပါမည်။

မူလအသင်္ခတ အနုတ္တကို ဉာဏ်ဝမှာရှင်းရှင်းလင်းလင်း ကိုယ်တိုင်သိမြင်မှ နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်မည်ဆိုသည့်အကြောင်း။ "အနုတ္တ လက္ခဏော ဒိဋ္ဌေနိဗ္ဗာနံ ဒိဋ္ဌံ နာမ" အစရှိသည်ဖြင့် ဟောကြားခဲ့ပါသည်။ "အနုတ္တ လက္ခဏော။ မူလပင်ကိုယ် သဘာဝ-အသင်္ခတ အနုတ္တ လက္ခဏာကို။ ဒိဋ္ဌေ၊ ကိုယ်ပိုင်ဉာဏ်နှင့် ကိုယ့်ဉာဏ်ဝမှာ ထင်မြင်သည် ရှိသော်။နိဗ္ဗာနံ၊ အစွဲ ဥပါဒါန် ဖြစ်မှုတကြိမ်တခါမျှ မပြုသော နိဗ္ဗာန်ကို။ ဒိဋ္ဌံ နာမ၊ စင်စစ် ဧကန် အမှန်မလွဲ မျက်မှောက်ပြုသည် မြင်သည် မည်၏။

ထို့ကြောင့် နိဗ္ဗာန်ကို ရလိုရောက်လို မျက်မှောက်ပြုလိုလျှင် အသင်္ခတနယ်က မူလအနုတ္တကို (၀၁) နိဗ္ဗာန် ရောက်ခါနီးတာ ထောက်ခရီးဖြစ်သည့် အသင်္ခတနယ်က မူလအနုတ္တကိုဉာဏ်ဝမှာ ကွင်းကွင်းကွက်ကွက် သိမြင်အောင် လုပ်မှုသည် အဓိကဖြစ်သည်။

၎င်းအသင်္ခတနယ်မှ မူလအနုတ္တကို ပုထုဇဉ်များ မသိမမြင်အောင် ခုတုံးပမာပြု၍ ဖုံးအုပ်ကာ ထားပါသနည်း ဆိုလျှင်၊ အထက်တွင် ပြဆိုခဲ့သည့် သင်္ခတနယ်က ဃနများကဖုံးအုပ်ထားပါသည်။

ဃနများက ဖုံးအုပ်ထားသည်ဆိုတော့ ဃနများ၏ သဘောသရုပ်ကိုသိရန်နှင့် ဃနများကို ဖေါက်ခွဲပယ်ဖျက်ရန် ကြီးလေးသော တာဝန်တရပ်လိုလာပြန်ပါသည်....ထို့ကြောင့်=ဃနများ

၏ သဘောသရုပ်ကို အဟောထုတ်ပါက အောက်ပါအတိုင်း တွေ့ရပါသည်။

## "ဈာန်၏သဘော, သရုပ်"

(က) သန္တတိဈာန်။ (ခ) သမူဟဈာန်။
(ဂ) ကိစ္စဈာန်။ (ဃ) အာရမ္မဏ ဈာန်။

(က) သန္တတိဈာန်-ဆိုသည်မှာ။ ။သင်္ခတနယ်ဖွား-ပရမတ် ရုပ်နာမ်များတို့သည်၊ ကြောင်းကျိုးနှစ်ရပ် ပြိုင်ဆိုင်ပါကဖြစ်ကြ ပါသည်။ ဤကဲ့သို့ကြောင်းကျိုးနှစ်ရပ် ပေါင်းစပ်ပြိုင်ဆဲ ထိုအ ထည်းမှာ အကြောင်းက ဘယ်ပုံ၊အကျိုးက ဘယ်နည်း၊ လက္ခဏာသိကို သမ္မာဉာဏ်ယှဉ် မသိမြင်ကြ လူဗာလတို့သည် တသားတည်းအသွင် တပြင်ထည်းအလား အထင်များစရာအစိုင် အခဲပမာ ဖြစ်ရှိကာနေတာကို၊သန္တတိဈာန်လို့ ခေါ်ဆိုပါသည်။

(ခ) သမူဟဈာန် - ဆိုသည်မှာ။ ။ကြောင်းကျိုး နှစ်ရပ် ပေါင်းစပ်ဆုံစီး, သင်္ခတ, နယ်ထည်းမှာ သင်္ခါရ၏ သဘောရင်း၊ အသိမှုန်ရှင်း၊ ဉာဏ်မြင်မလင်းက၊ အပေါင်းလက္ခဏာပြ သဘာဝ ကို သမူဟာဈာန်-လို့ ဆိုခြင်ဆိုတော့။ ထိုမှတဖန် သဘောမှန်ကို သိရန်အလုပ်ရှင်းတမ်းထုတ်သော်-'အဇ္ဈတ္တကနှင့် ဗဟိဒ္ဓ' 'ဒူရနှင့် သန္တိက' 'ဟီနနှင့်ပဏီတ' 'သုခုမနှင့်ဩဠာရိက' ပစ္စုပ္ပန္နနှင့်အတီတ' 'ပစ္စုပ္ပန္နနှင့်အနာဂတ' ဤသို့ပြဌားသဘောသွားကို ပေါင်းစပ် သရောင်' အထင်—ကြောင်လျက် ဖွဲ့စည်းသလို အထင်ပိုလျက် ဆက်စပ်လေငြား အထင်များမူ သဘောစုကို 'သမူဟဈာန်'ဟု အမည်ပြု၏။

(ဂ) ကိစ္စဃန-ဆိုသည်မှာ။ ။သန်္ဘာနယ်မှာ မြင်မှု,ကြား မှု,နံမှု,စားမှု,ထိမှု,သိမှု,သင်္ခါရအစုစုတို့ ဖြစ်မှုကိစ္စပြီးပြည့်စုံတိုင်း-ပြည့်စုံတိုင်း ထိုထိုသင်္ခါရမှု ကိစ္စအစုစုတို့၏ မူပေဖြစ်ခြင်းသဘောရင်းကို သမ္မာဉာဏ်ယှဉ် ဝိဇ္ဇာမြင်ဖြင့် မသိမမြင်ငြား၊ လူအစားစားတို့သည်၊ ဖြစ်သဘောများအပေါ် အထင်ချော် အမြင်မှား ကောင်းကံ၊ မကောင်းကံ အစားစား၊ ထိုထိုတရားများကို ဥပါဒါန်မှု၊ ဖြစ်တိုင်းပြုဘာ 'ကိစ္စဃန' ဆိုထိုက်လှသည်၊ ဒိဋ္ဌိအားဖြင့် ဆိုကြောင်းတည်း။

(**မှတ်ချက်**)။ ။ဤနေရာမှာ လမ်းဆုံးတရား အနေဖြင့် အလေးအနက် သတိပေး ရေးသား လိုတာကတော့ "ကုသိုလ်ကံ အကုသိုလ်ကံ" ပြတ်အောင် လုပ်မှုသည် ဗုဒ္ဓ၏ လမ်းစဉ် ဖြစ် ကြောင်း၊ ကောင်းကောင်းသိသင့်သည်။

(ဃ) အာရမ္မဏ ဃနဆိုသည်မှာ။ ။အဆင်း, အမျိုးမျိုး အသံအဖုံဖုံ, အနံ့မျိုးစုံ, အရသာအစားစား, ဖောဋ္ဌဗ္ဗာရုံအများ,မြင်ဘူးကြားဘူး,အစထားသည့် အဟောင်းတရားခေါ် ဓမ္မာရုံများ(ဝါ) အနိန္ဒြိယဗဒ္ဓဖြစ်သည့် အပြင်အာရုံရုပ်တို့သည်၊ မိမိတို့နှင့်ဆိုင်ရာ မျက်စေ့, နား, နှာ အစဖြာသည့် 'အဇ္ဈတ္တိကပသာဒရုပ်များနှင့်(ဝါ)ဣန္ဒြိယဗဒ္ဓရုပ်များနှင့် တွေ့ထိပေါင်းဆုံသည့်အခါမှာ မြင်မှုကိစ္စ၊ကြားမှုကိစ္စ၊ အစဝဝတို့ဖြစ်ကြပါသည်။ ထိုသို့ဖြစ်ကြ၊ သဘာဝကို မှုချဓမ္မအားဖြင့် မသိကြငြား၊အဝိဇ္ဇာနယ်သားတို့သည် ဗဟိဒ္ဓအာရုံရုပ်များအပေါ်၌ အစိုင်အခဲပမာ သိမ်းပိုက်လို့ရမလို-အထင်ပိုကာ အနှစ်အသားရှိသရောင် အထင်

ကြောင်လျှက်အစွဲဖက်ကာ ထိုထိုအာရုံနောက်၊ကောက်-ကောက် ပါအောင် လိုက်ပါရှာကြ၊ သဘာဝကို'အာရမ္မဏသန'ဟု အမည် ပြု၏။

သန များ၏ သဘော သရုပ်ကို၊ အကျဉ်းအားဖြင့် အဟော ထုတ်ပြီး၍၊ ၎င်း သန များကို၊ ကျေ-ကွဲ- ဆိတ်သုဉ်း၍၊ ချုပ်ငြိမ်း သည့် အခြေအထိ၊ အသိပိုင်အောင် မည်သည့် အရာနှင့် ဖေါက်ခွဲ ရပါသနည်း ဆိုလျှင်၊ တိုတို ကျဉ်းကျဉ်းနှင့် လိုရင်းကိုပြောမည် ဆိုက —

(က) လက္ခဏ၊ (ခ) ရသ၊

(ဂ) ပစ္စုပ္ပဋ္ဌာန်၊ (ဃ) ပဒဋ္ဌာန်၊

ဤသည့် ဋ္ဌာန် လေးပါးနှင့်၊ ခြေခွဲ ပါယ်ဖျက်ရပါမည်။

(က) လက္ခဏာဆိုသည်မှာ။ ။'လက္ခီတဗ္ဗံ အနေနာတိ လက္ခဏာ, ကျမ်းလာစကား သာဓက ထား၍ ရေးသားသမှု၊ လမ်းညွှန် ပြုသော်၊ မြင်မှု ကြားမှု နံမှု စားမှု ထိမှု သိမှု အစုစုသော သခါ ရတို့၏၊ မူလဖြစ်ခြင်း သဘောရင်းကို ဖြစ်သည့် အတိုင်း၊ ခုမဆိုင်း ဘဲ၊ မှတ်သား သမှု အစဉ် ပြုသည်ကို၊ လက္ခဏာ အရာ ဆိုထိုက်ပါ သည်၊ များသိဿတို့ မှတ်ကြောင်းတည်း။

(ခ) ရသ ဆိုသည် မှာ။ "ကိစ္စ သမ္ပတ္တိ ဝါရသော နာမ" ကျမ်းလာအရ ဖေါ်ထုတ်ပြ သော်၊ မြင်မှု ကိစ္စ၊ ကြားမှု ကိစ္စ၊ နံမှု ကိစ္စ၊စားမှု ကိစ္စ၊ ထိမှုကိစ္စ၊သိမှု ကိစ္စ၊အဝ ဝတို့ပြီးပြည့်စုံကြောင်း၊ မှတ်ကြောင်းကိုပြ၊ သဘာဝကို၊ သရ ခေါ်မှု သညာပြုလော့။

(ဂ)ပစ္စုပဋ္ဌာန် ဆိုသည်မှာ။ "ဥပဋ္ဌာန ကာ ရာဝါ ဖလံဝါ" ကျမ်းလာ အရှို၊ လမ်းမှင့်နှင့် ညှိသော်၊ မြင်-ကြား-နံ-စား-ထိ- သိ

ထိုသို့ သဘာဝတို့၏ ခံစားရမှု အကျိုးစုကို သုတေသနပြုကြောင်း လက်နက်ကောင်းကို၊ အမည်ခေါ်မှု၊ သညာပြုတော့၊ ပစ္စုပဋ္ဌာန်—ဖြစ်ကြောင်းမှန်သည်၊ နောင်လာသိသာ မှတ်ကြောင်းတည်း။

(ဃ) ပဒဋ္ဌာန် ဆိုသည်မှာ၊ "အာသန္နကာရဏံ ပဒဋ္ဌာနံ နာမ" ကျမ်းလာအရှိ၊ သာဓကနှင့် ညှိ၍၊ အမှန်တရား လမ်းမှန် ကြားသော်- မြင်ခြင်း, ကြားခြင်း, နံခြင်း, စားခြင်း, ထိခြင်း, သိခြင်း၊ အကြောင်းရင်း၏ နီးခြင်းသဘော၊ စိစစ်သမှု၊ ဝေဖန်ပြုကို၊ ခေါ်ကြောင်း သညာ၊ အမည်မှာကား၊ ပဒဋ္ဌာန, မှတ်ကြောင်းပြသည် ပညာဝေါ တို့ သိကြောင်းတည်း။

ကမ္ဘာသူ ကမ္ဘာသား လူအများ တို့၊ အထင်မှား၊ အမြင်မှား ဖြစ်အောင်၊ ဖသွေးဆောင် လှည့်ဖြားကာ ပရမတ် ရုပ် နာမ်များကို ဘာဘာညာညာ အထင်မှားအောင်၊ ကာဘာ အမျိုးမျိုးပေးနေသည့် အတ္တ၏ အသင်း အပင်း အခြံ အရံ ဖြစ်ကည့် ဃန များကို၊ သဘောကြီး လေးချက် ခေါ် ဌာန်လေးပါးနှင့် ရှင်းလင်း ပါယ်ဖျက်ရ ပါမည်။

ပုထုဇဉ် နယ်သား ဝိပဿနာ ဉာဏ်မရသေး သူတို့မှာ — မြင်-ကြား, နံ-စား, ထိ, သိ များနှင့် ရင်ဆိုင် တွေ့ထိရသည့် အခါမှာ၊ တွေ့ထိ ဖြစ်ပေါ်သမျှ ရုပ်-နာမ် သဘာဝ တို့ကို၊ အစိုင် အခဲ၊ အတ္တ ဃန ရောင်ရောင် အထင်ကြောင်နေကြပါသဖြင့် ကောင်းကောင်း ဆိုးဆိုး အမျိုးမျိုး လုပ်ကြ သည်၊ ယနေ့ ကမ္ဘာကြီးမှာ၊ အုံးအုံး ကြွက်ကြွက် ဂိုဏ်းစို့ ဂနစ့် ဝါဒတွေ အမျိုးမျိုးကွဲပြီး တိုက်ပွဲ အစားစားနှင့် ရင်ဆိုင်နေကြရပါသည်။

ထိုဆိုအပ်ခဲ့ပြီးသော အာဲ အမျိုးမျိုး၊တိုက်ပွဲအဖုံဖုံတို့၏ ကုန်ဆုံးရာ နယ်တခွင်မှာ သူတော်စင် အဖြစ်နှင့် ခိုလှုံပြီး သံသရာလည်ကြောင်း အလုပ်မှ ပင်စင်ပေး အေးအေး နေနိုင်အောင်၊ ပညာစခမ်း ဝိပဿနာ ကျင့်စဉ်လမ်းကို ပြရမည်ဆိုလျှင်....

ယနေ့ ကမ္ဘာ လူသားတွေသည်၊ ဘယ်ပေါ်မှာ အထင်မှားး၊ အမှတ်မှား၊ အစွဲမှား၊ အသိမှား၊ ဝိပ္ပလ္လာသ တရားဘေး ဖြစ်နေပါသလဲဆိုလျှင်၊ အထက်တွင် သရုပ် ဆောင်ပြခဲ့သည့် ပရမတ် ရုပ်နာမ် သုံးဆယ်အပေါ်မှာ လွဲမှားနေပါသည်။

တနည်းအားဖြင့် ပြောလျှင်၊ ပုထုဇဉ်တို့၏နယ်မှာ မြင်၊ကြားနံ၊စား၊ ထိ၊ သိမှု တို့သည် သူ့ အကြောင်းနှင့် သူ ပြည့်စုံပါက၊ အကျိုးတရားအဖြစ်နှင့် ပေါ်ပြကြပါသည်၊ဤကဲ့သို့ သင်္ခတသဘောကြောင်းကျိုး ရောနေသည်ကို မခွဲခြား မဝေဘန်တတ်သဖြင့် အန္ဓပုထုဇဉ် လူ ဗာလတို့မှာ ပေါ်လာ သမျှ ထိုထိုအာရုံ အစုစု တို့ကို အစိုင်၊အခဲ၊အတုံးအတစ်၊ အတ္တဿန ပမာ၊ အမြင်မှားပြီး အယူလွဲနေကြပါသည်။

ထို့ကြောင့် ပုထုဇဉ်နယ်သား အထင်မှားနေသည့်....ရုပ်,နာမ်သုံးဆယ်၏ မူလ ပင်ကိုယ် သဘောကို ထင်ရှားအောင် ပြရမည်ဆိုလျှင်....

ဧကော မမ္မော ဘိက္ခဝေ ဘာဝိတော၊ ဗဟုလီကတော အဘိညာယ သမ္မော ဓါယ နိဗ္ဗာ နာယ သံဝတ္တတိ၊ စသည့် ပါဠိကိုထောက်၍၊ တခုသော ပရမတ် ရုပ်-နာမ်ကို၊ကိုယ်ပိုင်ဉာဏ်ယှဉ်ပြီး အကြိမ်ကြိမ် အခါခါ ဝေဖန်ပိုင်းခြား ဆင်ခြင်စဉ်းစားမှု သုတေသန ပြုလျှင်၊ ထူးကဲသော ဉာဏ်ကိုရခြင်း၊ စာသစ္စာကို ကျော်လွန်

၍ သဘောသစ္စာ ပရမတ္ထသစ္စာကို သိခြင်း၊ ပြင်းစွာ စွဲလန်း မှု ပါဒါန် မဖြစ်ရာ၊ နိဗ္ဗူတာကို၊ ရနိုင် ရောက်နိုင်၊ မျက်မှောက်ပြုနိုင် ပါသည်လို့-ဗုဒ္ဓ၏ ညွှန်ကြား ဩဝါဒစကားကို၊ ဦးထိပ်ပန်လျက် ပရမတ် ရုပ်-နာမ် (၃၀) တို့တွင် တပါး အပါ အဝင် ဖြစ်သည့်၊ (ဝါ)ဝိညာဉ်(၆)ပါး တို့တွင်၊ တပါး အပါအဝင် ဖြစ်သည့် မြင် စိတ် နာမ် ပရမတ် သဘောလေးကို၊ သညာ ဝိညာဉ်- ပညာမြင်၊ သုံးသွယ်သော လက္ခဏာယဉ် ဖြင့်၊ ဆင်ခြင်ပုံ နည်းလမ်းစုံ ကို၊ မ ကျယ် မကျဉ်းသော နည်းဖြင့်၊ တင်ပြပါအံ့။

## "သညာသိ ဝိပဿနာ ရှုနည်း"

သဥ္ဇာ နာတီတိ သညာ။

သဥ္ဇာ နန လက္ခဏာ သညာ - ကျမ်းလာ သဘော အမိ ဘာသာနှင့် ရုပ်လုံး ဖေါ်ကာ သညာသိ သဘောကို ပြောကြား ပါမူ၊ သညာ ဆိုတာ မြင်သမျှ ကြား သမျှ အဝဝကို မှန်-မမှန် ဝေဘန်ဉာဏ် မပါဘဲ၊ မှတ်သား ထား လိုက် သည့် လက္ခဏာ ကို "သညာ"လို့ ဆိုပါသည်၊

သညာသိ ဝိပဿနာ ရှုဟန်ကား.... မြင်မှု ဖြစ်တယ်ဆိုတာ ငါ ၏ မျက်စေ့က မြင်တာ၊ ငါက မြင်တာ၊ အစ မြဲသဖြင့် မြင်ကဲ့ အခါ့ ကောင်းတာကို မြင်၊ မကောင်းမြင်နှင့်- အဟောင်း ပျက် အသစ် ဆက်ပြီး ဖြစ်နေပါသည်။ ဤကဲ့သို့ ဖြစ်ပြီး ပျက်နေ ပါ သဖြင့် မမြဲဆို့ အနိစ္စ၊ ဖြစ်ဖြစ်ပြီး ပျက်နေရပါသဖြင့် သက်သာ ရာ မရ ဆင်းရဲလှ ဘိကြောင့်=ဒုက္ခ။ ဖြစ်ခြင်း ပျက်ခြင်း တို့ကို မ ဖြစ်အောင် မပျက်အောင် တားခြင်း ငါ မစွမ်း နိုင်။ အစိုးမရ၍ အနတ္တ-ဟု ဆင်ခြင်မှု ပြုပါသည်။

တနည်းအားဖြင့်၊ အမိ ဝမ်းတွင်းက၊ သက်ဆင်း လာ သည့်၊ ကလေးသူငယ်သည်၊ ပုခက်တွင်းရောက်။ ပုခက်တွင်းမှ သက်ဆင်း လာသည့်၊ လူမမယ် ကလေးသူငယ်ကို၊ မိဘတို့ ထုံးတမ်းစဉ်လာ အယူ ဘာသာ အရ၊ အနိစ္စ— အမြဲမရှိ။ ဒုက္ခ- ဆင်းရဲ၏။ အနတ္တ- ကိုယ်မဟုတ် ပါတကား။ အစိုးမရပါတကား ဟု နှုတ်တိုက်အာပူ။ သင်ပေးထား၏။ ၎င်းကလေး သူငယ်သည် နေ့ကို လစား၊ လ-ကို နှစ်တွေက ဝါးခဲ့ပါသဖြင့်၊အချိန်ကုန် အရွယ်နှောင်းတော့၊ဥပုသ် ဇရပ်၊တန်ဆောင်း ကျောင်းကန် ဘုရားသွားပြီး၊သုတသရဏဂုဏ် သီလယူ၊သုတဘာဝနာ ပွားနေတာကိုတော့ ‘သညာသိဝိပဿနာ လို့ ’ခေါ်ပါသည်။

ဤကဲ့သို့ ဆင်ခြင်ပွားများမှု ပြုခြင်းသည်၊ ခင်ပုတ်ငှက် အစရှိ သည့် ပုပ္ဖသုဝ ကျေးသား၊ အဟိတ်တိရိစ္ဆာန် များ၊ ဆင်ခြင်မှု၊ မှတ်သားမှုနှင့်၊ဘာမျှမခြား၍၊ အကျွတ်တရား မရနိုင်၊အစွဲ ဥပါ ဒါန် မပြုတ်နိုင်ပါ။ အစွဲဥပါဒါန် မပြုတ်သည့် ပြင်၊ အစွဲတွေပင် ထပ်ဝင်နေပါသည်။

အစွဲထပ်ဝင်နေဟန်ကား၊ ရုပ်စစ်၊ နာမ်စစ်ကိုမသိ၊ လက္ခဏာ ဉာဏ်၊ သစ္စာဉာဏ်ကိုမမြင်ဘဲ၊အမှတ်လွဲနေပါသဖြင့် သညာဝိပ္ပလ္လာ သ ဖြစ်၍၊ ၎င်းအယူကို စွဲမြဲစွာယူထားပါက၊ ဒိဋ္ဌိဝိပ္ပလ္လာသ ဖြစ် ပြီး၊ သံသရာ ညွန့်ဘွက်မှာ၊ နှစ် သထက် နှစ် မည်ကို သတိ ပြုသင့် ပါသည်။

တနည်းအားဖြင့် ဆိုသော်—ဤပုံ ဤနည်း ရှုကြသည့် ယောဂီ များသည်၊ လိုရာခရီးမဆိုက်၊ အချိန်ကုန် လူပန်း ဘရမ်း ဘတာ ဖြစ်မည်။ ဒျူလာနှင့် အညောင်းလာပြီး၊ ဗုဒ္ဓသာသနာမှအပဖြစ်

နေမည်ကို ချိန်ခါမှီ သတိပြု၍၊ "သပ္ပုရိသ ဉာဏေန ပရိယေသိ တဗ္ဗော" ကျမ်းလာသဘောကို၊ စိတ်မှာစောပြီး၊ ဆရာစဉ်ဆရာ မှန် ရှာကြံ၍ ဆရာနခမ်း ဝါဒနခမ်း မသပ်မိရန်၊ စေတနာမှန်နှင့် သတိပေးစကား ရေးသားရင်း--သညာရှုမှု နိဂုံး ပြုပါသည်။

## 'ဝိညာဉ်သိ ဝိပဿနာရှုနည်း'

ဝိဇာနာ တီတိ ဝိညာဏံ။

ဝိဇာနန လက္ခဏံ ဝိညာဏံ။ ။ကျမ်းလာအရ သဘောမှန်ကိုပြရ သော်၊ အာရုံကိုသိတတ်သည့်သဘောကို ဝိညာဉ်သိလို့ ဆို၏။

သိဟန်ကား။ ။စက္ခုဒွါရမှ စက္ခုဝိညာဉ်က၊ ဆက်ပေးချက် အရ၊ မနောဝိညာဉ်က မှတ်သိခြင်း။ သောတဒွါရမှ၊ သောတ ဝိညာဉ် ကြားစိတ်က ဆက်သွယ်ပေးချက်အရ၊ မနော ဝိညာဉ်က မှတ်သိခြင်းကို ဝိညာဉ်သိလို့ မှတ်ရာ၏။ ဆိုလိုရင်းကား-မျက်စေ့ နား၊နှာ၊လျှာ၊ ကိုယ် ငါးဒွါရ။ မြင်စိတ်, ကြားစိတ်, နံစိတ်, စား စိတ်, ထိစိတ်, ထိုထိုပဉ္စဒွါရ၊ ပဉ္စဝိညာဉ်တို့မှ ဖြစ်သမျှကို၊ အမှား အမှန်ခွဲခြားပြီး မဝေဘန်နိုင်ဘဲ၊ပဉ္စဒွါရ၊ပဉ္စဝိညာဉ်တို့၏ ထောက် ခံချက် အတိုင်း၊ မှတ်သိကို ဝိညာဉ်သိလို့ ခေါ်၏။

ဝိညာဉ်သိရှုဟန်ကား၊ သညာသိ မှတ်သိ ဝိပဿနာနယ်မှာ မျက်စေ့ကမြင်တယ်, ကိုယ်ကမြင်တယ်, အထင်တွယ်ကာ ကောင်း- မကောင်း၊ အကြောင်းကြောင်းတွေကို မြင်သရောင် အထင် ကြောင်ကာ၊ထိုထိုမြင်မှုတွေဟာ မမြဲ ဆင်းရဲအစိုးမရဟုလက္ခဏာ တင်၍ရှုကြည့်ခြင်းသည်ကားဆိုလျှင်ဝိပဿနာစစ်မဟုတ်၊သံသရာ သစ်ငုတ်ဖြစ်ဘုယ်ရာသာ—

အမှန်ကတော့ မျက်စေ့ကလည်းမမြင်၊ ကိုယ်ကလည်းမမြင် မြင်စိတ်ကလည်း မြင်နိုင်တာမဟုတ်ပါ။ မြင်စိတ်လို့ အသမုတ် ခံရသည့်သဘောကသာ မြင်ခြင်း ဖြစ်ပါသည်။

ထိုမြင်စိတ်လို့ သမုတ်သစ္စာအရ အခေါ်ခံရသည့် သဘောကလည်း အစဉ်ထာဝရ ရပ်တန့်တည်နေနိုင်သည်မဟုတ်ပါ။ ဖြစ်လိုက်ပျက်လိုက်–ဖြစ်ပျက်ဖြစ်ပျက်နှင့် နိယာမအားဖြင့် ဖြစ်ပြီးပျက်နေ၍ အမြဲမရှိလို့ အနိစ္စ။ ဖြစ်ခြင်းပျက်ခြင်းတို့၏ ဒဏ်ကို အမြဲတမ်းခံနေရ၍ သက်သာရာ ထောက်တည်ရာ မရလို့ ဆင်းရဲခြင်းကြောင့်ဒုက္ခ။ မမြဲခြင်း ဆင်းရဲခြင်းတို့ကို တားခြင်းငှါ အစိုးမရ မိမိနှင့်မဆိုင် ကိုယ်ပိုင်မဟုတ်ပါသဖြင့် အနတ္တဟုသဘောကလေးကို ဦးတည်၍ တရား ဦးခေါင်း အဆုံးထား၍၊ ဆင်ခြင်မှုပွားများရှုကြတိုမှု ပြုကြပါသည်။

ဤပုံ ဤနည်း ဆင်ခြင်ပွားများဟန်လည်း အစွဲဥပါဒါန်မပြုတ်၊ ဝိပဿနာအစစ်မဟုတ်ပါ။ အကြောင်းသော်ကား စက္ခုဝိညာဉ်လို့ အသမုတ်ခံရသည့် သဘောလေးကို လက်ခံ၍ ၎င်းသဘောလေး၏ စိတ္တနိယာမ ဥတုနိယာမ အတိုင်းဖြစ်ပြီး ပျက်နေတဲ့ ဖြစ်ပျက်အစဉ်ကို လက္ခဏာတင်ကာ ဆင်ခြင်နေလို့ အစွဲမပြုတ် သံသရာ သစ်ငုတ် ဖြစ်ရန်သာ။

ထပ်ဆင့်ကာ ရှင်းဦးအံ့။ ။၎င်းသဘော မြေ့မြေ့လေး ဖြစ်ပြီး ပျက်နေတာကို ဝိပဿနာရှုနေက ဘာ့ကြောင့်အစွဲမပြုတ် ကမ္ဘာ့သစ်ငုတ်ဖြစ်ရသလဲဆိုလျှင် ထိုမြေ့မြေ့ သဘော ပရမတ်ရှိနေမှုကြောင့် ယနေ့ကမ္ဘာမှာ အပြောကျယ်စွာ စွဲစရာနာမပညတ်၊ သဏ္ဌာနပညတ်၊ ဃနပညတ်၊ သမူဟပညတ်ဆို၊ ထိုထို

အမည် အမျိုးမျိုး၊ ပုံအစားစား၊ ပေါင်းစပ်မှု အသွယ်သွယ်၊ ဖွဲ့စည်းထားတာတွေ ဖြစ်နေရပါသည်၊ တနည်းအားဖြင့် ဆိုသော်--ထိုထို မြဲ့မြဲ့ သဘော ပရမတ်၏၊ ဖြစ်မှုပျက်မှုကို လက်တွေ့အားတင် သင်ခြင်းမှာ ရပ်နားနေပါက တရားဦးခေါင်းဆုံး ပါမလားဆို လျှင် မြိုးဆုံးပြီလို့ မဆိုသာပါ။အဘယ်ကြောင့်နည်း ဟူမူ--ထို မြဲ့မြဲ့ သဘော ပရမတ် ဖြစ်ပျက်ကို ကြောင်း-- ကျိုးဆက် အဆက်ဆက်လိုက်တော့ ဖြစ်လာကအကြောင်း၊ ပျက်လာက အကျိုး ဖြစ်နေပါ၍ ကြောင်းကျိုး ဆက်စပ် အမြင်မပြတ်သောကြောင့် သံသရာပြေးပွဲ မရပ်နိုင်ပါ။

ထို့ကြောင့် မြတ်ဘုရားက 'ခန္ဓာနဉ္စ ပဋိပါဋိ ဓါတုအာယ တနာနဉ္စ အဗ္ဗောစ္ဆိန္နံ ဝတ္တမာနာ သံသာရောတိ ပဝုစ္စတိ' စသည် ဖြင့် အမိန့်ရှိခဲ့ပါသည်။

ဆိုလိုရင်းအဓိပ္ပါယ်ကား။ ခန္ဓာအာယတန၊ ဓါတ်တို့အစဉ် မပြတ် ဆက်စပ် နေတာကို သံသရာလို့ ဆိုပါသည်၊ ၎င်းစွဲ သာသိတစကား ယုံကြည်လောက်ထားသော အားဖြင့်--ဓါတ် ပရမတ် ဖြစ်ပျက်မှာ အဆုံးထား၍ ရှုကြည့် ပွားများမှုသည် ဝိပဿနာအစစ်မဟုတ် သာသနာပ တရားများသာ ဖြစ်သည်။

နောက်တနည်းအလို ပြောမည်ဆိုက ထိုထိုပရမတ်ဖြစ်ပျက်ကို လောကုတ္တရာတရားလုပ်၍ ရှုကြည့်ပွားများနေခြင်းသည်၊လော ကမှ မလွန်မြောက်နိုင် သံသရာမှ မထွက်နိုင်ပါ၊အဘယ်ကြောင့် နည်းဟူမူ ထိုထိုပရမတ်များ-ဖြစ်တာ-ပျက်တာဘာလဲ၊ ၎င်းကို မည်သို့ခေါ်ပါသလဲ၊ လို-ပုစ္ဆာထုတ်၍ ဝိသဇ္ဇနာပြုက၊ ၎င်း

ပလုဇ္ဇတိတိ လော့ကော၊ ကျမ်းလာရှိကို ထောက်၍ ဖြေဆိုက ဖြစ်ခြင်းပျက်ခြင်းသည် လောကတရားပါတဲ့—

ထို့ကြောင့်-ဖြစ်ပျက်သည် လောကတရား သာသနာ့ပတရား အာဠာရ ဥဒကတို့ သိတဲ့တရား။ သံသရာပြေးပွဲမရပ်သည့် တရားလို့ အကျဉ်းအားဖြင့် မှတ်အပ်၏။

ယောဂီ-ဤနေရာမှာ ကိုယ်ပိုင်ဉာဏ်ယှဉ်ပြီး ဆင်ခြင်ဝေဘန်စရာအတွက် ပြဿနာတရပ်ကို တင်ပြလိုသည်။ ယနေ့ လူသားဗုဒ္ဓဘာသာ အယူရှိသူများမှာ သံသရာဆိုတာ လူ-နတ်-ခွေး-ဝက်-ကြွက်-ငှက်စသည့် အလီလီသော ဘဝတွေ၊ ထိုမှ ဤမှ ကူးလူးဆက်သွားနေရတာကို သံသရာလို့—အသိအမှတ်ပြု၍ ဒုဂ္ဂတိဘဝကို ခံရမည်ကြောက်ပြီး သုဂတိဘဝစံရမှုကို တောင့်တကြလေသည်။

ဗုဒ္ဓအာဘောဂဖြစ်သည့် 'ခန္ဓာဒအာယတန'ဓါတ်ပရမတ်များ ဆက်စပ်မှု သံသရာကိုတော့ ဂရုမပြုကြလေ။ မိမိနှင့် မဆိုင်သလောက် အထင်မှောက်ကြလေ။ အမှန်ကတော့ ထိုထို ဤဤ အလီလီသော ဘဝတို့သည် အဓိကကျသော သံသရာမဟုတ်ပေ။ အဓိကကျ၍ မိမိတို့ကူးဖြတ်ရမည့် သံသရာကား၊ ပစ္စုပ္ပန် ဆင်ဆင် ဓါတ်ပရမတ် ဖြစ်မှု—ပျက်မှု ဆက်စပ် နေသည့် သံသရာပေတည်း။

ဓါတ်ပရမတ်ဆက်စပ်မှုကို ဖြတ်မှ—ဖြတ်မှ၊ ထိုထို ဤဤ အလီလီသော ဘဝသံသရာရပ်မည်။ထို့ကြောင့်—ဘဝကို မလိုလားသည့် ယောဂီ လူသားသည်၊ ဓါတ်ပရမတ်မှ ဆိတ်သုဉ်းသည့်၊

သုညတ အနတ္တအထိ ဉာဏ်မြင်ရှိအောင် "ပညာသိ ဝိပဿနာ ရှုခမ်း" တခမ်း တက်ကြဦးစို့။

## ပညာသိ ဝိပဿနာ ရှုနည်း

"လောကော ဥတ္တရော လောကုတ္တရော"

လောကော၊ ဖြစ်တတ် ပျက်တတ်သော လောကမှ။ (ဝါ) ပရမတ် ဖြစ်ပျက်လောကမှ။ ဥတ္တရော, လွန်မြောက်ခြင်းသည်။ လောကုတ္တရော, လောကုတ္တရာ မည်၏။ (ဝါ) သာသနာတွင်း တရား–သံသရာပြတ်ကြောင်း တရားမည်၏။

ယောဂီ–ဖြစ်, ပျက်, တရားမှ လွန်မြောက်တာကိုမှ လောကုတ္တရာ တရား၊ သံသရာ ပြတ် ကြောင်း တ ရား၊ သာသနာတွင်း တရား–လို့ ဟောထားတေသနာ သေအခြာ–ရှိသားမို့ မှောက်မှားမှု အဝဝကို ချိန်ခါမှီ စွန့်လွှတ်၍ ဝိပဿနာစစ်ပညာစခမ်းသို့ တက်လှမ်းဘို့ရန်အရေး လမ်းမှန်ပေးရမည် ဆိုလျှင်။

"ပကာရေန ဇာနာတိ အနိစ္စာဒိဝသေန အဝဗုဇ္ဈတီတိ ပညာ" အစရှိသဖြင့် ဗုဒ္ဓက မိန့်မှာခဲ့ပါသည်။ မြန်မာပြန်ကား ယာဓမ္မဇာတိ– အကြင်တရား သဘောသည်။ပကာရေန၊ အပြားအားဖြင့်။ အနိစ္စာဒိဝသေန၊ အနိစ္စ စသည်တို့၏ အစွမ်းအားဖြင့်။ ဇာနာတိ အဝဗုဇ္ဈတိ, ကိုယ်ပိုင်ဉာဏ်ဖြင့် ထိုးထွင်း၍ သိတတ်ပါပေ၏။ဣတိတသ္မာ ထိုသို့ရုပ်,နာမ်သဘာဝတို့ကိုတရားဥခေါင်းဆုံးအောင် ထိုးထွင်းပြီး သိတတ်သော သတ္တိကြောင့်။ သာဓမ္မဇာတိ, ထိုတရားသဘောသည်၊ ပညာ,ပညာမည်၏။

ပညာဆိုတာ အထူးထူး အပြားပြား များပြားလှစွာသော ရုပ်,နာမ်ဓမ္မ–သင်္ခါရတို့ကို နောက်ထပ်ဖြည့်စွက်ပြီး ဂဝဘန်စရာ

မရှိသည့် အခြေအထိ ကိုယ်တိုင်ကိုယ်ပိုင် ထိုးထွင်းသိတတ်သည့် သဘောကို ဆိုပါသည်၊ ထိုသည့် ပညာစခမ်းကို မပင်မပမ်း ဘဝင် ချမ်းမြေ့စွာ နှင့် ဆိုက်ရောက်ရန် ပညာသိ ဝိပဿနာ ရှုနည်းကို သာဓက ယုတ္တိ သဘာဝ ယုတ္တိ၊ ဒေသနာယုတ္တိနှင့် ထုတ်ညှိ၍ ပြမည်။ သတိဦးစီးပြီး ကိုယ်ပိုင်ဉာဏ်ယှဉ်ကာ စိတ်, စေတနာ, ထက်သန်စွာနှင့် ရှုကြည့်ပါလော့။

မြင်စိတ် သင်္ခတ မရမတ်ဖြစ်ပုံ

**"ယထာဘူတ ပုံစံ"**

စက္ခု, ရူပ, အာလောက, မနသိကာရ, စက္ခုဝိညာဏ်, ကျမ်းဂန် အရ ယထာဘူတပုံစံ ပြရမည်ဆိုလျှင် အောက်ပါအတိုင်း ဖြစ်ပါသည်။

"ပါဠိပုံစံ"

အာလောက

စက္ခုပသာဒ **"စက္ခုဝိညာဉ်"** ရူပါရုံ

**မနသိကာရ**

**"မြန်မာပြန်ပုံစံ"**

**အလင်း**

မျက်စေ့ **"မြင်စိတ်"** အဆင်း

**နှလုံးသွင်း**

**"ပညာသိ ရှုဟန်ကား"**

အတီတံ နန္ဝာဂမေယျ၊ နပ္ပတိကင်္ခေအနာဂတံ။
ယဒတီတံ ပဟီနန္တံ၊ အပ္ပတ္တဉ္စ အနာဂတံ၊
ပစ္စုပ္ပန္နဉ္စ ယောဓမ္မံ၊ တတ္ထတတ္ထဝိပဿတိ။

အသံဟိရံ အသံကုပ္ပံ၊ တံဝိဒ္ဒါအနုဗြူဟယေ....။အစရှိသည့်ဖြင့် သုံးလောက ဝေဏောကို မိမိရင်နှစ်မခြား ကျင်နာ သနားတော်မူသည့် မြတ်စွာဗုဒ္ဓက ထုတ်ဟာမှာစကား ဦးထိပ်ထားလျက် လမ်းဆုံးတရား, ဝိပဿနာတရားကို ဘယ်အချိန် ဘယ်ကာလ မည်သည့်အခါမှာ မည်ကဲ့သို့ ပွားများ ရှုကြည့်ရမှာလဲဟု ပုစ္ဆာပြုက, အထက်ပါဗုဒ္ဓဘာသိတကို ထောက်ထားသာဓကပြုလျက် အတိတ်နှင့်အနာဂါတ်ကို ရှောင်၍ မြင်စဲ, ကြားစဲ, နံစဲ, စားစဲ, ထိစဲ, သိစဲ....ပစ္စုပ္ပန်ကာလ ကြောင်းကျိုးစပ် သန္တတိ ပရမတ်ကို ရှုရမည်လို့ ဝိသဇ္ဇနာ အဖြေပြုရမည်။

အတိတ်နှင့် အနာဂါတ်ကို ဘာ့ကြောင့် ဝိပဿနာ မရှုရသနည်းဟု စောဒက တက်ငြားအံ့....အတိတ် ရုပ် နာမ် ဆိုတာကလည်း ကုန်လွန်ခဲ့လေပြီ။ အနာဂါတ်ရုပ်-နာမ်ဆိုတာကလည်း သင်ရှားခြင်းသို့ ဖြစ်ပေါ် မလာသေး၊ ထို့ကြောင့်—ရှုကြည့် ဝေဘာန်စရာမရှိ၍ မရှုကြည့်ရ၊ မရှုကြည့်အပ်လို့ တိုတို ကျဉ်းကျဉ်းနှင့် လိုရင်းကို ဖြေကြားမှု သာဓကပြုရာ၏။

ဝိပဿနာရှုသည် ဆိုရာမှာ အတိတ် ရုပ်,နာမ်ကိုလည်း မရှုကြည့်ရာ၊ အနာဂါတ်ကိုလည်း လှမ်းမျှော် မရှုကြည့်ရာ ပစ္စုပ္ပံဆတ်ဆတ်ပရမတ် ရုပ်,နာမ်ကိုသာ ရှုကြည့်ရမည်ဆိုသည့်အတိုင်း ယောဂီ၏ မြင်စိတ် သန္တတိပရမတ်လေးကို မူလ ခယဝယ ဖြစ်သည့် အခြေအထိ ဉာဏ်မြင်ရှင်းအောင် ဌာန်လေးပါးတည်းဟူသော ဝိပဿနာ ရုံးတော်မှာ စစ်ဆေး ဝေဘန် အဖြေမှန်ရှာဦးအံ့။

အသက်တွင် ပြဆိုခဲ့ပြီးသည့် သညာသိ ဝိပဿနာ နယ်မှာ မြင်စိတ်,နာမ်ပရမတ်ကို ရှုကြည့်ရာ၌ မှတ်သိမှုဘဲ အပြီးသပ် အဆုံးထားကြသဖြင့် ယထာဘူတဉာဏ်မရ ခမ္မဋ္ဌိတိဉာဏ်မရောက် ငြင်ဝေခဉာဏ်မပေါက်ဖြစ်ကြရသည်။

ထိုမှ တဆင့် တက်၍ ဝိညာဉ်သိ ဝိပဿနာနယ် ရောက်ပြန် တော့လည်း မြင်စိတ်လို့ သမုတ်ခံရသည့် သဘော မြဲ့မြဲ့ ပရမတ်ကို တရားဥခေါင်းချကာ ၎င်းပရမတ် သဘောသည် မျက်စိတမှိတ် လျှပ်တပြက် အတွင်းမှာ ကုဋေ တသိန်းကျော် လောက်ဖြစ်ပြီး ပျက်နေ၍ အမြဲမရှိလို့ အနိစ္စ။ ဖြစ်ပျက်တို့ဖြင့် ဘာရုံမစဲ အမြဲနှိပ်စက်နေလို့ သက်သာရာမရ၍ ဒုက္ခ။ ဖြစ်ခြင်း၊ ပျက်ခြင်းတို့ကို တားမရလို့ အနတ္တ။ ဤကဲ့သို့ ကမ္ဘာ့ နိယာမ အတိုင်းဖြစ်ပြီး ပျက်နေသည့် ဖြစ်ပျက်အစဉ်ကို မနောဝိညာဉ်က လုပ်ကြံပြီး ရှုကြည့်နေကြသဖြင့် ဓာတ်အစဉ် ပရမတ်အစဉ် အမြင် မပြတ်ဘဲ သခ်ာနယ်ထည်းမှာ တဝဲလည် လည်နှင့် ဒုက္ခဖြစ် ကြောင်း တရားများဖြင့် အပေါင်းမှားနေကြရပါသည်။

ထို့ကြောင့် - ပရမတ်အစဉ် ဓာတ်အစဉ် ပြတ်အောင် (ဝါ) ပရမတ် အတ္တ, ဓာတ် အတ္တ, ပျောက်၍ အနတ္တ လက္ခဏာဉာဏ် ပေါက် အောင် အ တ္တ အ ရောင် ဆောင် ဖြစ် သည့် သခ်ာနယ်မှ မြင်စိတ်နာမ်-ပရမတ်ကို လက္ခဏာ,ရသာ ပစ္စုပဋ္ဌာန်,ပဒဋ္ဌာန်,ဆို သည့်ဝိပဿနာရှုံးခတ်မှာ စစ်ဆေး ဝေဘန် အဖြေမှန်ရမှ- သု တေသနပြုကြစို့။

## မြင်စိတ် 'သန်တနာမ်' ပရမတ်ဖြစ်ပုံ အလင်း

## 'မျက်စေ့ မြင်စိတ် အဆင်း' နှလုံးသွင်း

ရှုကြည့်ဝေဘန်ဟန်ကား။ ။မြင်စိတ်နာမ်–သန်တ ပရမတ် ကလေး–သင့်ကိုဝိညာဉ်သိနယ်မှာ ဖြစ်တယ်ပျက်တယ်လို့ ပြော ကြတယ်။ အမှန် ဖြစ် နိုင် - ပျက် နိုင် သ လား၊ ဟုတ်တိုင်းမှန်စွာ အစစ်ခံ၍ သင့်၏မူလသဘာဝက ဘယ်အနေနှင့် ဖြစ်ရှိကာ နေ့ သလဲလို့ လက္ခဏာတည်းဟူသော ရုံးတော်မှာ တင်၍ စစ်ဆေးမေး မြန်းသည့်အခါမှာ "စက္ခု - သန္တိ သာ တ ရူပဝိဇာနန လက္ခဏ" လို့ ဗုဒ္ဓဥပဒေသကို ကိုးကားပြီး အစစ်ခံပါသည်။

ဆိုလိုရင်းက—ကမ္ဘာ့လောကဓာတ်မှာအတောမသတ်အောင် ပြောစမှတ်ဖြစ်နေသည့် မြင်စိတ်လို့ အသမုတ်ခံရတဲ့ ကျွန်ုပ်သည် မျက်စေ့အကြည်ကိုမှီပြီး ဖြူ၊နီ၊အပြာ၊အဝါ၊အစဖြာတဲ့ ရူပါရုံ တည်းဟူသော အဆင်းကို သိခြင်းလက္ခဏာ ရှိပါသည်ဟု မထိမ် မဝှက်ဘဲ မှန်မှန်ကြီး အစစ်ခံပါသည်။

ဤနေရာမှာ—ယောဂီပုဂ္ဂိုလ်က တရားသူကြီးလုပ်၍ဖြစ်မဖြစ် ထိုစိန်နှစ်နှစ်ခုတို့တွင် ဘယ်ညာ၊မရှိမ်း-မတိမ်း၊မစောင်းရအောင် အထက်တွင် ပြထားသော ပုံစံဇယားကို သာဓကထားပြီး စီရင် ထုံးပြုကာ ဆုံးဖြတ်ရာ၏။

လက်ဝဲ—လကျ်ာ ဘယ်ညာ, မရိမ်း—မတိမ်းစောင်းရအောင် မျှ မြ ပဋိပဒါ လမ်းအရ စီရင်ချက် ချရမည်ဆိုလျှင် မြင်စိတ် ဆိုသည့် နာမ်ပရမတ်သည် ကမ္ဘာလောကဓာတ်မှာ အတောမသပ်အောင် ဘယ်လိုပင် ပြောကြမှတ်ကြသော်လည်း သူ၏ ငင်ကိုယ်သဘောဓာတ်ကတော့ မျက်စေ့အကြည်ကိုမှီပြီးမှ ရူပါရုံ ဆိုသည့် အဆင်းတွေကို ကြည့်နိုင်,မြင်နိုင်သည်လို့ ရိုးသားစွာ အစစ်ခံ ဝန်ခံခြင်းသည် မဖောက်မပြန်မှန်လှပေ၏။

ဤကဲ့သို့ရိုးသားစွာ ဝန်ခံမှုကို ကောက်ချက်ပြုရသော် မြင်စိတ် နာမ်ပရမတ်သည် မျက်စေ့အကြည်ကိုမှီပြီး ရူပါရုံကိုကြည့်ခြင်း သိခြင်းလက္ခဏာရှိပါသည်လို့၊ ဟုတ်တိုင်းမှန်စွာ အစစ်ခံခြင် ဖြင့် မျက်စေ့အဆင်းနှင့် ကင်းပြီး တခုခြင်း အလို ဖြစ်နိုင်သလို အထင်ပိုစရာ မလိုတော့ပြီ။ တခုခြင်း အလိုအရ ဖြစ်နိုင်သည့်အားမှ မူလကပျက်နေသည့် မူလပျက်ဖြစ်ကြောင်း (၀၁) တခုခြင်းအလိုအရ ဖြစ်နိုင်သည့် အတ္တ သတ္တဝါမရှိကြောင်း-သံသယမဝင်စေဒကမတက်ဘဲ၊ ပတ္တမြားမျက်ရှင် လက်မှာ တင်ထားလွန်ထင်ရှားသို့ ဉာဏ်ဝမှာ ကွင်းကွင်းကွက်ကွက် ပေါ်ထွက်ကာ ရှုဋ္ဌိတိဉာဏ်တည်ရာ၏။

ထိုမှတဆင့်တက်၍ ညင်းချက်မထုတ်နိုင်အောင် 'ရသ' တည်းဟူသော ရုံးတော်မှာ တင်ပြီး ဆန်းစစ်တော့ 'ရူပမတ္တာရမဏ ငှသံ လို့ ဘုရားဟောဥပဒေသကို ကိုးကား၍ တမျိုးအစစ်ခံပြန်ပါသည်။ သခ်တနယ်ဖွား လောကနယ်သားတွေက ဒဿနကိစ္စ

ပြီးဆုံးတိုင်း (ဝါ)မြင်မှုကိစ္စပြီးဆုံးတိုင်း မြင်စိတ်က မြင်နိုင်လို့ မြင်သလို အထင်ပိုကာအမျိုးမျိုး သမုတ်ကြတာပါ။အမှန်ကတော့ ကျွန်ုပ်မြင်မှုကိစ္စ ဖြစ်ရသည်ဆိုရာမှာ မျက်စေ့အကြည်ကို မှီပြီးမှ အဆင်းအာရုံ အဖုံဖုံကိုအာရုံပြုရခြင်း အမှုအရာ အလုပ်ကိစ္စရှိပါ သည်လို့ ရိုးသားစွာ မာ ယာ ဘာဏ်မ နေ့ာ-ပရိယာယ် မ ရော ဘဲ အစစ်ခံပြန်ပါသည်။

ကျွန်ုပ်နေရာမှာလည်း ယောဂီပုဂ္ဂိုလ်က မှန်ကန်မှု သစ္စာတရား လက်ကိုင်ထား၍ ဆုံးဖြတ်စီ ရင် ချက် ချ ရ မှာ က တော့ မြင်စိတ် နာမ်ပရမတ်သည်၊ မျက်စေ့ အကြည်ကို မှီပြီး အဆင်း အာရုံ အဖုံဖုံကို အာရုံပြုရသည့် အမှုအရာ အလုပ် ကိစ္စ ရှိပါသည်လို့ အစစ်ခံခြင်းအားဖြင့် အဆင်းအာရုံနှင့်ကင်း၍ သူ့တခုခြင်းအရ အာရုံပြုနိုင်သည့် အတ္တသတ္တဝါအရှင်းမရှိကြောင်း၊ဟုတ်တိုင်းမှန်စွာ သိ၍ ယထာဘူတဉာဏ်တည့်စေရာ၏။

တဖန်ပစ္စုပ္ပန်ဆိုသည့် တရားခွင်မှာ အမှားအမှန် သံသယ ကင်းရှင်း၍ အပြစ်ကင်းသည့် နိဗ္ဗာန်ကို စိတ်ကြံသည့်အတိုင်း၊ ရောက်ရန်စစ်ဆေးဝေဘန်ခြင်းအမှု သုတေသန ပြုသော်....

မြင်စိတ်နာမ်ပရမတ်က အသိုင်းအဝိုင်းတွေမပါ၊ တည့်တည့် ကြီးအစစ်ခံသွားတာကတော့ "ရူပါဘိမုခဘာဝံ ပစ္စုပ္ပန်"တဲ့ ကျွန်ုပ်ကိုအများက အကြောင်းကြောင်းတွေနှင့်ပေါင်းပြီး၊ မြင် ကောင်း, မြင်မကောင်းလို့ သမုတ်ကြသော်လည်း အဟုတ်က

တော့ အဆင်းဆိုသည့် ရူပါရုံကို မြေ့ရှုရခြင်း အကျိုးမှာဘဲ ပြေမ်းဆုံးနေပါသည်။ သည်မှတဆင့်တက်၍ ဖြည့်စွက်ပြီး ပြုလုပ်နိုင်သည့် ကာရကသတ္တိအရှင်းမရှိ၊ 'အဓိဋ္ဌာနသဘော' အနည်းအပါးမျှမရှိနေ့ပါ။ 'ဝေဒက'ဆိုသည့် ခံစားနိုင်မှုအား ဆိတ်သုဉ်းနေသည့် 'သုညတ' တရားဖြစ်ကြောင်း ဟုတ်တိုင်းမှန်စွာ ဝန်ခံသွားပါသည်။

ယောဂီ--ဤနေရာမှာ သာမာကယုတ္တိ ဒေသနာယုတ္တိ၊ ထုတ်ညွှန်၍ မြင်စိတ်နာမ်ပရမတ်၏ အစစ်ခံချက်ကို ကိုယ်ပိုင်ဉာဏ်ဖြည့်စွက်၍ စီရင်ဆုံးဖြတ်ချက်ချရမည်။ စီရင်ဆုံးဖြတ်ချက်ချဟန်ကား၊ မြင်စိတ် နာမ် ပရမတ် ကိုယ်တိုင်က, ပဋိညာဉ်ဝန်ခံချက်ပြုသည်မှာ မမှားကေန် စင်စစ်မှန်၏။

အကြောင်းသော်ကား— ဗုဒ္ဓ ဘာသိတ ဖြစ်သည့် ဒေသနာယုတ္တိက "ရူပါဘိ မုခဘာဝံ ပစ္စုပဋ္ဌာနံ"လို့ ဟောထားမိန့်မှာချက်ကလည်း မညင်းသာအောင် သင့်ရှားစွာ ရှိတာကလည်း မှန်၏။

ထိုမှတချက် တဆင့်တက်၍ သာမကယုတ္တိနှင့်ထုတ်ညွှန်ကာ ဘွက်ကြည့်တော့လည်း အထက်ပါ ပုံစံဇယားအတိုင်း ရူပါရုံကို မြေ့ရှုရသည့်အကျိုးမှာ လစ်းဆုံးနေတာ ကိုယ်ပိုင်ဉာဏ်ရှိသူတိုင်း သံသယရှင်း, ဉာဏ်အမြင်လင်းကြပေလိမ့်မည်။ 'ဒဿနကိစ္စ' ဖြစ်သည့်အခါမှာ (၀၁)သခ်တနှယ် ကြောင်းကျိုး စုံညီ၍မြင်မှုကိစ္စ

ဖြစ်သည့်အခါမှာမြင်ကောင်း၊မြင်မကောင်းအကြောင်းကြောင်း တွေနှင့်တွဲစပ်ပြီး အပေါင်း လက္ခဏာ ပြတာကတော့ မနော ဝိညာဉ်၏ လှည့်စားမှု မာယာဉာဏ်–ခြေထိုးမှုသာ ဧကန်ဖြစ် ပါသည်။

အမှန်ကတော့ အဆင်းကို ရှေ့ရှုရသည့် အကျိုးမှာလမ်းဆုံး နေရသည်ဆိုကတည်းက အဆင်းနှင့်ကင်း တခုခြင်းဖြစ်နိုင်သည့် အတ္တသတ္တ မရှိကြောင်း၊ မိမိကိုယ်ကို အစိုးရပိုင်ဆိုင်နိုင်သည့်သာ မိက သဘောကင်းကြောင်း။ ဖြစ်နိုင်၊ တည်နိုင်၊ အစိုးရနိုင်သည့် အားမှ မူလကပျက်နေသည့် **မူလပျက်**ဖြစ်ကြောင်း။အထက်တွင် ပြဆိုအပ်သော ဒေသနာယုတ္တိ၊ သာဓကယုတ္တိများကို ထောက် ထားပြီး မှောက်မှားမှု ကင်းစင် ကိုယ်တိုင်ကိုယ်ပိုင် ထိုးထွင်းပြီး သိမြင်သည့် ပဋိဝေဓဉာဏ်သက်ဝင်ရာ၏။

ယောဂီ-ဤနေရာမှာ အထူးသတိပြု၍ ကြည့်ရှုစေဘန် ဆင် ခြင်စဉ်းစားပါ။ ဝိပဿနာအလုပ်စခန်းမှာ ဤနေရာသည် မိန်း အချုပ်ပါဘဲ။ယခုပြနေသည့် ဥဒ္ဒါန်လေးပါး တရားခွင်မှာ သင်္ခါ ရုပ်နာမ်ပရမတ်တွေဟာ မူလပျက်နေသည့် အသင်္ခတတရားများ ပါသာလို့ ဉာဏ်အမြင်ရှင်းမှ လက္ခဏာတင် သစ္စာနှင့်ဟပ်ဉာဏ် ဝဉ်ဘပ်အားလုံးနှင့် ဟပ်မိပြီး မဂ်က ဘယ်လို-ဖိုလ်က ဘယ်ပုံ နိဗ္ဗာန်က ဘယ်နည်းဆိုတာ ဉာဏ်ဝမှာ ရှင်းရှင်းကြီး ပေါ်လာ မည်ကား မလွဲပေ။

သို့မဟုတ်ပါဘဲ ရုပ်နာမ်၏မူလသဘောကို အမှန်မရှင်းကိုယ်ပိုင်ဉာဏ်နှင့် မလင်းပါဘဲ လက္ခဏာတွေ ဘယ်လောက်တင်တင် သစ္စာတွေနှင့် ဘယ်လောက်ပင် ဟုပ်ဟုပ် ဉာဏ်စဉ်တွေ ဘယ်လောက်ပင် သွင်းသွင်း သိ သ ရာ ပြေး ပွဲ က တော့–အရှင်းမရပ်ကြောင်း။ သဉ္စပါဒါန် အလုပ်ဖြစ်ကြောင်း "အဝိဇ္ဇာ ဂတသာ ဘိက္ခဝေ အဝိဒ္ဒသုနော မိစ္ဆာဒိဋ္ဌိ ပဟောတိ" အစရှိဒေသနာသေအချာကြည့်ရှုရှိသတိပြုရာ၏၊ငင်းပါဠိစာသွား၏ မြန်မာပြန်စကားကတော့။ ဘိက္ခဝေနိဗ္ဗာန်ဇျော်မှန်း ရှင်ရဟန်းတို့။အဝိဇ္ဇာဂတဿ၊ အဝိဇ္ဇာနှင့် ပြည့်စုံသော။ အဝိဒ္ဒသုနော၊ မသိချက်ဆိုးဝါး အဝိဇ္ဇာတရားကို မပါယ်ဖျက်နိုင်ပါဘဲလျက် တရားအားထုတ်သော သူအား။ မိစ္ဆာဒိဋ္ဌိ ၊ သစ္စာတရားနှင့် ဆန့်ကျင်သော အပါယဂမနိယဖြစ်သည့် မိစ္ဆာတရားသည်။ ပဟောတိ၊ ပွားများစွမ်းဆောင်လေ၏။

ယခုနောက်ဆုံး စေဒကဝင်၍ အယူခံ တက်စရာ မရှိတော့သည့် ပဒဋ္ဌာန်တည်းဟူသော ရုံးတော်မှာတင်၍ စက္ခုဝိညာဉ်ခေါ် မြင်စိတ်နာမ်ပရမတ်ကို စစ်ဆေးဝေဘန် အဖြေမှန် ထုတ်လိုက်တော့ မြင်စိတ်ကိုယ်တိုင်က ပဋိညာဉ်ဝန်ခံမှု ပြု၍ ဖြောင့်ချက်ပေးလိုက်တာကတော့ ကျွန်ုပ်အကြောင်း ကောင်းကောင်းမသိရှာကြသည့် ကမ္ဘာသူ့ ကမ္ဘာသား ဉာဏ်မျက်စေ့ ကင်းသူလူဗာလတို့က အမျိုးမျိုးထင်မြင်ကာ အမှတ်လွဲ အကြံလွဲ အသိလွဲပြီး သမုတ်ခြင်သလို သမုတ်၍ ညင်းပွဲကြီး ပြု လုပ် နေ ကြပါသည်။

ဤကဲ့သို့ ကျွန်ုပ်အတွက် ကမ္ဘာသူ ကမ္ဘာသား လူအများတို့ သဘာဘာညာညာ အယူမမှား၊ အမှတ်မမှား၊ အသိမမှား၊ အကြံမမှား၊ ညင်းခုံပွဲကြီးရပ်နားရလေအောင်ရိုးသားစွာနှင့်ပရိယာယ် ဝဝုဒ် အမျိုးမျိုးထုတ်၍ ကလိမ်ဉာဏ်နှောပြီး မပြောပါဘူး။ သဘောအတိုင်းဝန်ခံပါမည်၊ အစချီလျက်။ "မနောဓါတုယာ အပဂမ ပဒဌာနံ" ဆိုသည့် ဘုရားဟော ဥပဒေသကို ထောက်ပြပြီး ထုချေလွှာ တင်သွင်း၍ နောက်ဆုံး လျှောက်လဲချက်ပေးပါသည်။ ကျွန်ုပ်၏မူလပင်ကိုယ်သဘော သဘာဝကို ဟုတ်တိုင်းမှန်စွာ လက္ခဏာထိုက်—သစ္စာကိုက် ရိုးတော်အဆင့်ဆင့်မှာ ငုံခံပြီး အစစ်ခံပါသည်၊ (၀၁) အတ္တသတ္တ မရှိကြောင်း နိဂါသိ၊ ကာရကဝေဒက၊ သယံဝသီ၊ အဓိဋ္ဌာယ၊ သာမိ၊ ဆိုတဲ့ သဘော လက္ခဏာများမရှိကြောင်း၊ မူလပျက်အတိသာ ဖြစ်ကြောင်း— ကောင်းကောင်းကြီး အစစ်ခံဝန်ခံခဲ့ပါပြီ။

နောက်ထပ် ဆင့်ကဲ၍ လျှောက်လဲချက်ပေးကာ ထုချေလွှာ တင်သွင်း လိုတာကတော့ ကျွန်ုပ် ဝန် ခံ ဖြောင့် ချက် ပေး သည့် အတိုင်း မသိမမြင်မှု၍ အဓိပ္ပါယ်တမျိုးယူလျှင်တော့အယူမှား၊ အမှတ်မှား၊ အသိအကြံမှားကာ ဝိပ္ပလ္လာသနယ်သို့ ဦးဆိုက်သွား သိုက်ကြပေတော့ မိစ္ဆာတရားခွင်သို့ သက်ဆင်းကြပေတော့လို့ နိဂုံးသဘောပြောသွားပါသည်။

ယောဂီ—ဆိုလိုရင်း အဓိပ္ပါယ်ကတော့ မြင်စိတ်နာမ်ပရမတ် ရယ်လို့ အကျိုးတရားအနေနှင့် ဖြစ်ပေါ်ကြုံကြိုက် ထိုအခိုက်မှာ

နိုးစွာသော အကြောင်းရင်းကို ရှာလိုက်လျှင်—ပြောမှတ်စရာ ကတော့ မနောဓာတ်မှ ဖယ်ခွါခြင်းသာလျှင် နိုးစွာသော အကြောင်းဖြစ်သည်လို့ အစပ်ခံပါသည်။

အကျိုးတရားတခု ဖြစ်ရမှု၌ နိုးစွာသော အပေါင်းအသင်း အကြောင်းရင်းကို ရှာလိုက်တော့၊ မနောဓာတ်မှ ဖယ်ခွါခြင်း သာလျှင် နိုးစွာသော အကြောင်းရင်းဖြစ်ပါသည်ဆိုတော့၊ မနောဓာတ်နှင့်ကင်း-တခုခြင်းအလိုမဖြစ်နိုင်-ဖြစ်နိုင်သည့်အားမှ မူလက ပျက်နေသည့် မူလပျက်ခမှုဖြစ်ကြောင်းကို ဝိစိစ္ဆာကင်း သံသယချင်းစွာနှင့် ဉာဏ်မြင်လင်းကာ သိရာ၏။

ယောဂီ—သင်တို့၏ မြင်စိတ်နာမ် ပရမတ် သဘောကို ဘယ် သဘောလက္ခဏာရှိသလဲ-မည်သည့် အမှုအရာအလုပ်ကိစ္စရှိသလဲ- မည်သည့်အကျိုးတရားမှာ လမ်းဆုံး နေသလဲ=နိုးစွာသော အ ကြောင်း က ဘာ လဲ လို့ ‘လက္ခဏာ-သရ-ပစ္စုပဋ္ဌာန်—ပဒဋ္ဌာန်’ ခေါ် သဘောကြီးလေးပါး၊ ဋ္ဌာန်လေးချက်နှင့် စစ်ဆေးဝေဘန် အဖြေမှန်ရှာမှု သုတေသန ပြုလိုက်တော့၊ ဘယ်အနေနှင့် တွက် တွက် ‘ဝယမ္မာ’ ဆိုသည့် အပျက်ကိုသာ ဉာဏ်မြင်ဒိဋ္ဌ တွေ့ရ ပါသည်။

တဖန်အကြောင်းဖြတ်ရန် တာဝန်ကျန်နေပါသဖြင့် ယောဂီ များ အသိရှင်း၍ ဉာဏ်မြင် လင်း အောင် အကျဉ်း အားဖြင့် ရှင်းလင်း ရေးသားရမည်ဆိုလျှင် သခ်တနယ်မှ မြင်စိတ်, နာမ်

ပရမတ် အကျိုးတရားလေးအား ဖြစ်မဖြစ် တိုစ်နှစ်ကို ဝေဘန်ဆန်းစစ်မှု အဖြေမှန်ပြုသည့်အခါမှာ နိုးကပ်စွာရှိကြသည့် ပတ်ဝန်းကျင် ပေါင်းစု မျက်စေ့, အဆင်း, အလင်း, နှလုံးသွင်းဆို-ထိုထိုအကြောင်းစုများကြောင့် ဖြစ်သည်လို့ အထင်ပိုစရာ ဖြစ်နေသည်။

ထို့ကြောင့်နီးကပ်စွာသော အကြောင်းတရားတွေကိုအကျိုးတရားတခု ဖြစ်စေသမှု ကျေးဇူးပြုနိုင်သလားလို့ - စစ်ဆေး ဝေဘန်တော့၊ အကြောင်းတရားများကလည်း အကျိုးတရားရဲ့နည်းတူ တခုခြင်းအလိုဖြစ်နိုင်မှု အတ္တသတ္တအနည်းအပါးမျှမရှိ၊ သို့ဖြစ်ဘိကြောင့် ဖြစ်နိုင်ပျက်နိုင်သည့် အားမှ ပျက်နေကြသည့် မူလပျက်တရားဆိုတာ ကိုယ်ပိုင်ဉာဏ် စေစား၍ ဝေဘန်မှုများသူ့တိုင်း ထင်ရှားသိမြင်နိုင်ပါသည်။

သူ့ကိုယ်တိုင်မှ ဖြစ်နိုင်မှု၊ အတ္တသတ္တိမရှိလျှင် သူ့တပါးကို ဖြစ်စေမှု၊ ထောက်ပံ့အားပေး ကျေးဇူး ပြုနိုင်သမှု အတ္တနိယသတ္တိ အရှင်းမရှိကြောင်း ထပ်လောင်းပြောစရာပင်မလိုတော့ပေ။ထို့ကြောင့် အတ္တသတ္တိ အတ္တနိယ သတ္တိမှ ဆိတ်သုဉ်းနေကြသည့် မူလပျက် တရား များသာလျှင် ဖြစ်သည်။ နီးကပ်စွာရှိကြ၍ အကြောင်းတရားလို့ ဆိုရငြား သော်လည်း အကျိုးတရားကို ဖြစ်အောင် လုပ်ပေးနိုင်သည့် ဗျာပါရသတ္တိ အနည်းအပါးမျှ မရှိ။ အကျိုတရား စစ်တော့ အကြောင်းပုံချ။ အကြောင်းတရားစစ်ပြန်တော့၊ အကျိုးတရားက အကြောင်းခံ အနေ

နှင့် ပါဝင်ပြန် ဤကဲ့သို့ တပြောင်း ပြန်ပြန် လွဲချ နေကြ သည်၊ အကြောင်းစစ် အကျိုးစစ် ဘယ်ဟာ ဖြစ်သည်ဟု ကထစ်ချ ပြော ပြစရာ အနှစ်သာရပင်ရှိသည့်၊ သဿာရက တရားများသာ ဖြစ်ပါ သည်။

ဤနေရာမှာ.... လေးနက်စွာ တွေးကြံ ဝေဘန်။ အကြောင်း မကျ စေနှင့် "အကြောင်းသတ်မှ" "အကြောင်းပြတ်မှ" အကျိုး ရပ်မည်။ အမှန်ကတော့ အထက်တွင် ပြအပ်သည့်အတိုင်း အ ကြောင်းစစ် အကျိုးစစ် တထစ်ချရှာ မရသည့် အကြောင်းပျက်၊ အကျိုးပျက်တရားများသာ စင်စစ်ကေန် အမှန်ဖြစ်သည်။

ထို့ကြောင့် သုံးလောက ဝေဘောကို မိမိရင်နှစ်မခြား ကျင် နာသနားတော်မူသည့် မြတ်ဘုရားက 'ပစ္ဆိမဗုဒ္ဓဝစန' အနေနှင့် နောက်ဆုံးပိတ်စကား မှာကြား ဟောထားခဲ့တာ ကတော့။

ဟန္ဒဒါနိဘိက္ခဝေ အာမန္တယာမိ ဝေါ ဝယဓမ္မာ
သင်္ခါရာ အပ္ပမာဒေန သမ္ပာဒေန။ ဆိုသည့်-
စည်တော် ပိတ်တရားကို ဟောထားခဲ့ပါသည်။

မြန်မာပြန်ကား၊ ဘိက္ခဝေ, မင်္ဂ, ဖိုလ်, မျှော်မှန်း ရှင်ရဟန်း တို့။ ဟန္ဒဒါနိ, ဤယခု ငါဘုရား ပရိနိဗ္ဗာန် စံလွန်တော်မူခါနီး အခါ၌။ ဝေါ, သင်ချစ်သား ရဟန်းတို့အား။ အာမန္တယာမိ, နောက်ဆုံးစကား ပြောကြားပေအံ့။

ကို အာမန္တယာမိ၊ အဘယ်ကဲ့သို့ ပြောကြား အံ့နည်းဟူမူ ကား။ သင်္ခါရာ, ဖြစ်ပျက်မှန်လှ သင်္ခါရ တရားတို့သည်(ဝါ)မြင်, ကြား, နံ, စား, ထိ, သိ, ဆို ထိုတို့သင်္ခါရတရားတို့သည်။ ဝယဓမ္မာ- နဂိုရ်မူလ ပင်ကိုယ်သဘာဝအားဖြင့် ပျက်တတ်သည့် သဘောရှိ ကြပါပေ ကုန်၏။

ဘိက္ခဝေ၊ မဂ်, ဖိုလ်ချမ်းမှန်းရှင် ရဟန်းတို့။ တေသင်္ခါရေ တို့နဂိုရ်မူလ ပင်ကိုယ်သဘာဝအားဖြင့် ပျက်ခြင်းသဘော ရှိသည့် သင်္ခါရ တရားတို့ကို။ အပ္ပမာဒေန၊ မမေ့ မလျော့သော သတိ နှင့်။ သမ္ပာဒေထ၊ ကိုယ်စီကိုယ်ငှ ပြည့်စုံရစ်ကြကုန်လော့။

ဆိုလိုရင်း အဓိပ္ပါယ် အကျဉ်းချုပ်ကတော့ မြင်း ကြား-နံ- စား, အစရှိသည့် ရုပ်-နာမ်တရားတို့သည်။ ဘဝင်မှာ.... ကျသည် ဖြစ်စေ မကျသည်ဖြစ်စေ၊ နဂိုရ်မူလ ပင်ကိုယ် သဘာဝ အားဖြင့် အပျက်သာလျှင်မုချကောန်ဖြစ်သည်လို့ နောက်ဆုံးမှာကြားဟော ထားခဲ့ပါသည်။

သာသနာမှာ အရေးအကြီးဆုံး ဘုရားအလိုရှိဆုံး အလုပ်က တော့၊ ဗုဒ္ဓနောက်ဆုံး စည်တော်ပိတ် အနေနှင့် မှာကြား ဟော ထားခဲ့သည့်၊ မြင်, ကြား, နံ, စား, ထိ, သိ, အစရှိသည့်၊ သင်္ခါရ တရားတို့၏ မူလသဘောကို မမေ့ မလျော့သော သတိနှင့် အမြဲ သိနေခြင်းသာလျှင် ဖြစ်သည်။

ယောဂီ– သင်၏ မြင်စိတ် နာမ်ပရမတ် သဘောကို ဋ္ဌာန်လေး ပါး သဘောကြီးလေးချက်နှင့် စစ်ဆေးဝေဘန် အဖြေမှန် ရှာ

တော့ ကေန်အားဖြင့် မူလပျက်ကိုသာလျှင် ညင်းချက် ထွက်စရာ မရှိ၊ ကိုယ်တိုင် သန္ဒိဋ္ဌိကအားဖြင့် သိရပြီ။ ထို့ကြောင့် မြင်စိတ် နာမ်ပရမတ် သဘောကို လက္ခဏာတတ်၍ တရားသမားများ အလိုလားအပ်ဆုံး ဖြစ်သည့်သိကွက် တကဏ္ဍကို နိဂုံးကပါတ်အနေ ပြီးသပ်ကြဦးစို့။

## “ မြင်စိတ် သခ်ာတပရမတ် ဖြစ်ပုံ ”

အလင်း

မျက်စေ့ — မြင်စိတ် — အဆင်း

နှလုံးသွင်း

ယောဂီများ၏ မြင်စိတ် နာမ်သဘောသည် တခုခြင်း အလို အရ မားမား မတ်မတ် ရပ်တည်ကာ ဖြစ်နိုင် ပျက်နိုင် သလား လို့ မြင်မှု ကြုံတိုင်းကြုံတိုင်း အလွတ်မပေး၊ သတိ ရှေ့ ပြေးနှင့် ပညာဉာဏ်ဖြင့် ဝေဘန်ရမှာကတော့။

စက္ခုဝိညာဉ်ဘဲ၊ မြင်စိတ်ဘဲဆိုတာ ခေါ်ဝေါ် သုံးစွဲထားကြ သည့် ဝိဇ္ဇမာန ပညတ်ဖြစ်သည်၊ အမှန်မရှိ မြင်စိတ်လို့ သမုတ် ခံရသည့် သဘောလေးသာ အမှန်ရှိတယ်။ ၎င်းသဘောလေးက လည်း အစဉ်သဖြင့် အမြဲရှိသလားလို့ တဆင့်တက်၍ ဆင်ခြင် စဉ်းစား ဝေဘန်မှုပြုတော့ အမြဲရှိသည့် တရားမဟုတ်ပါ။ မျက်စေ့ အဆင်း, အလင်း နှလုံးသွင်း၊ ၎င်းလေးလီ စုံညီမှ အဖြစ်တရား, အကျိုးတပါးအနေနှင့် ရှိရတာပါ၊ ပါတ်ဝန်းကျင် အပေါင်း

အသင်း အကြောင်းရင်းတွေနှင့် ကင်းပြီး တခုခြင်း အလို ဖြစ်နိုင်သည့် အတ္တသတ္တ မရှိပါ။ တခုခြင်းအလို ဖြစ်နိုင်သည်လို့ ထင်မှတ်နေတဲ့အတ္တသတ္တမှ ဆိတ်သုဉ်းနေသည့် သုညတ အနတ္တ။

ပါတ်ဝန်းကျင် အကြောင်းများနှင့် ကင်းပြီး တခုခြင်းအလို မြင်မှုသဘောကို တည်ဆောက်နိုင်သည့် အနှစ်အသားမရှိ ဖြစ်ရဘိကြောင့်၊ အသာရက အနတ္တ။

မြင်စိတ်ဆို့ ထိုသဘောလေးဟာ— သူ့ တခုခြင်း အလိုဖြစ်ရမှုကို အစိုးမရသောကြောင့်၊ အဝသဝတ္တန အနတ္တ။

မိမိတခုခြင်း ဖြစ်ရမှုကို အစိုးမရ မပိုင် ဆိုင်သော ကြောင့် အသာမိက အနတ္တ။

မိမိတခုခြင်းအလို ဖြစ်ရမှုမရှိ အချီးနှီးဖြစ်ဘိကြောင့်၊ တုစ္ဆ အနတ္တ။

မိမိတခုခြင်းအလို ဖြစ်နိုင်မှုအားမရှိ ကင်းနေဘိ ကြောင့်— ရိတ္တ အနတ္တ။

မြင်စိတ်လို့ သမုတ်ခံရသည့် ပရမတ် သဘောလေးကို ပညာ သိနယ်မှ လက္ခဏာ ယဉ်တင် ဆင်ခြင်ရှုကြည့်လိုက်တော့ အဲ အနေနှင့်ကြည့်ကြည့် အနတ္တ လက္ခဏာကြီး သာလျှင် ဖြစ်သည်။

ထို့ကြောင့် "ဗုဒ္ဓက 'သဗ္ဗေဓမ္မာအနတ္တာ—လို့၊ ဟောခဲ့သည်၊ သဗ္ဗေ့ တခုမကြွင်း ခပင်းဥဿုံ အလုံးစုံလည်း ဖြစ်ကုန်သော။

ခမ္မာ၊ ရုပ်-နာမ်နှင့်ခမ္မသင်္ခါရ တရားတို့သည် အနတ္တာ၊ တခုခြင်း အလိုအရဖြစ်နိုင်, တည်နိုင်, အစိုးရ ပိုင်ဆိုင်နိုင်သည့်အားမှ ဆိတ်သုဥ်း၍ နေကြပါပေ၏။ လို့ ဟောခဲ့ပါသည်။

ဤသည့် အနတ္တ လက္ခဏာ တင်ခဏ်းကို သဘောပေါက်ပိုင်အောင် ဉာဏ်ကိုစေစားရန် အရေးကြီး၏။ အဘယ့်ကြောင့် ဆိုသော်.... "အနတ္တလက္ခဏော ဒိဋ္ဌေနိဗ္ဗာနံ ဒိဋ္ဌံနာမ" လို့ ဟောထားသည်။ အနတ္တ လက္ခဏာကို ကိုယ်တိုင်မြင်မှ နိဗ္ဗာန်ကိုမြင်မည်၊ မျက်မှောက်ပြုရမည်လို့ ဟောထားခြင်းကြောင့်တည်း။

တနည်းအားဖြင့် ဆိုသော် "ဧတေသု တီသု လက္ခဏေသု ဧကေသ္မိံ ဒိဋ္ဌေ ဣတရ ဒွယံပိ ဒိဋ္ဌမေဝ ဟောတိ" စသည်ဖြင့် ဟောထားသောကြောင့်တည်း။

ဧတေသု တီသု လက္ခဏေသု၊ ဤသုံးပါးသော လက္ခဏာတို့တွင်။ ဧကေသ္မိံ ဒိဋ္ဌေ၊တပါးသော လက္ခဏာကို ထင်မြင်ပိုင်နိုင်သည် ရှိသော်၊ ဣတရဒွယံပိ၊ ဤအစအဦး ထင်မြင်တာမှတပါးသော လက္ခဏာနှစ်ပါးသည်လည်း။ဒိဋ္ဌမေဝ၊ ထင်မြင်ပိုင်နိုင်တော့သည် သာလျှင်တည်း။

ဆိုလိုရင်းအဓိပ္ပါယ်ကား--အနတ္တဝိဇ္ဇာဉာဏ်, ဒုက္ခဝိဇ္ဇာဉာဏ်, အနိစ္စဝိဇ္ဇာဉာဏ် သုံးတန်သော လက္ခဏာတို့တွင် တပါးပါးသော လက္ခဏာအစစ်အမှန်ကို၊ ကိုယ်တိုင် သိမြင်ပေါက်ရောက်သော်၊ ကျန်လက္ခဏာနှစ်ပါးလည်း ထင်မြင်ပေါက်ရောက်သည်လို့ဆိုပါ၏။ရင်းစကားရပ်ကို ဗျတ္တိရေကအားဖြင့် လှန်တိုက်လျှင် တပါး

သော လက္ခဏာမမြင်လျှင် ကျန်လက္ခဏာများကိုလည်းမြင်မည် မဟုတ်ကြောင်း ကောင်းကောင်းကြီးသိအပ်ပါ၏။

## အနိစ္စလက္ခဏာတင်ဟန်ကား

ဥဒယဗ္ဗယံ ပရိဂ္ဂဟေတွာ သန္တတိယာ ဝိကောပိတာယ အနိစ္စ လက္ခဏံ ယထာဝ သရသတော ဥပဋ္ဌာတိ။

ဥဒယဗ္ဗယံ၊ ရုပ်၊ နာမ်ဓမ္မ သင်္ခါရတို့၏။ ဖြစ်ပုံ ပျက်ပုံ နည်း မျိုးစုံကို။ ပရိဂ္ဂဟေတွာ၊ ပညာဉာဏ်ဖြင့် ခွဲခြားဝေဘန်နိုင်သည် ဖြစ်၍။ သန္တတိယာ၊ ရုပ်-နာမ်ဖြစ်ပျက် အစဉ်ဖြစ်သည့် သန္တတိ ဆနကို၊ ဝိကောပိတာယ၊ ပဋိဝေဓဉာဏ်ဖြင့် အနှံ့ပင် ဖြတ်နိုင် သည်ရှိသော်။အနိစ္စလက္ခဏံ၊ တခုခြင်းအလိုဖြစ်နိုင်မှုအား အနိုး အပါးမျှမရှိ ကုန်ခမ်းနေသည့် အနိစ္စလက္ခဏာသည်။ယထာဝသ ရသတော၊ နဂိုမူလ လူ့သဘာဝအတိုင်း။ ဥပဋ္ဌာတိ၊ဉာဏ်ဝမှာ ရှင်းရှင်းကြီးပေါ်လာပေ၏။

အဓိပ္ပါယ်ကား--ရုပ်၊နာမ်တို့၏ ဖြစ်ပုံ ဖြစ်နည်း ဆိုတာက ဘယ်လို၊ ပျက်ပုံပျက်နည်းဆိုတာက ဘယ်ပုံဆိုတာ တရားဦး ခေါင်းဆုံးအောင် ဝေဖန်နိုင်လျှင် ဓမ္မနိယာမ အတိုင်း ဖြစ်ပြီး၊ ပျက်နေကြသည့် ဖြစ်ပျက်အနိစ္စကို၊ သန္တတိဆနကို ကျော်လွန် ကာ မူလကကုန်ခမ်းနေသည့် ခဏဝယ အနိစ္စကို မိမိကိုယ်တိုင် မြင်နိုင်၊သိနိုင်သည်ဟုဆို၏။

အထက်တွင် မြင်စိတ် နာမ်ပရမတ်သဘောလေးကို သဘောကြီးလေးချက်ခေါ် ဌာန်လေးပါးနှင့် ခွဲခြားဝေဘန်သည့်အခါမှာ မြင်စိတ် နာမ်ပရမတ်သည်၊ သူ့တခုခြင်း အလိုဖြစ်နိုင်သည့်အား အနီးအပါးမျှ စမ်းသပ်ရှာဖွေလို့ မရပါ။ သူ့တခုခြင်း အလိုဖြစ်နိုင်သည့်အားမှာ ကုန် ခမ်း ပြီး နေ ပါသည်။ ဤကဲ့သို့ ကိုယ်ပိုင်အားမရှိ၊ ကုန်ခမ်းနေဘိကြောင့် "ခယဋ္ဌေနအနိစ္စ" လို့ လက္ခဏာတင်ရာ၏။ ခယဋ္ဌေန၊ ကိုယ်ပိုင်အားမရှိ ကုန်ခမ်းနေခြင်းသည်။ အနိစ္စံ, အနိစ္စမည်၏။ ကိုယ်ပိုင်အား ကုန်ခမ်းနေတာကို အနိစ္စ လက္ခဏာလို့ သိရာဆင်ခြင်ရာ၏။

## ဒုက္ခ လက္ခဏာ တင်ဟန်ကား

အဘိဏှ သမ္ပဋိ ပီဠနံ မနသိကတွာ ဣရိယာ ပထေ၊ ဥဂ္ဃါ
ဋိတေ ဒုက္ခလက္ခဏံ ယထာဝ သရသတော ဥပဋ္ဌာတိ။

အဘိဏှာ သမ္ပဋိ ပီဠနံ၊ အမြဲမပြတ် နှိပ်စက် အင်သော သဘောကို။ မနသိကတွာ၊ ပိုင်နိုင်စွာ နှလုံးသွင်းနိုင်သည်ဖြစ်၍၊ ဣရိယာပထေ၊ သွားရပ်ထိုင်လျောင်း ဣရိယာပုဒ်အပေါင်းကို၊ ဥဂ္ဃါဋိတေ၊ ကွာပျက်လှန်မြောက်သည်ရှိသော်။ ဒုက္ခလက္ခဏံ၊ ထောက်တည်ရာမရှိ ဘေးအတိသာဖြစ်သော ဒုက္ခ လက္ခဏာသည်။ ယထာဝသရသတော၊ ပင်ကိုမူလ သူ့သဘာဝအတိုင်း၊ ဥပဋ္ဌာတိ—မိမိဉာဏ်ဝမှာ ရှင်းရှင်းကြီးပေါ်လာပေ၏။

ဆိုလိုရင်းအဓိပ္ပါယ်ကား-သခ်ီတနယ်ဖွား ရုပ်,နာမ်ဓမ္မ သခ်ါရများတို့သည်။ ပတ်ဝန်းကျင် အကြောင်းတွေ့စုံညီသည့်အခါမှာ ဖြစ်လိုက်၊ အကြောင်း မညီညွတ်သည့်အခါမှာ ပျက်လိုက်နှင့် အကြောင်းတရားများ၏ အနှိပ်စက်ကို မပြတ်အောင် ဒလစပ် အနှုပ်စက်ခံနေရသဖြင့် ထောက်တည်ရာ မရသည့် မူလပင်ကို သဘောကို ဉာဏ်ကုန်နှဲ့ကာ သိလိုက်လျှင် ရုပ်, သွား, ထိုင်, လျှောင်း, ဣရိယာပုဒ် အပေါင်းကို အကောင်းမှတ်ပြီး မှတ်နေရန်မလို-ဟုဆိုသည်။

ယောဂီ-အထက်တွင် သင်၏ မြင်စိတ် သဘောကို ဋ္ဌာန်လေးပါးနှင့် ဖေါက်ခွဲဆန်းစစ်မှု ပြုသည့်အခါမှာ သူ့တခြင်း အလိုဖြစ်နိုင်သည့်အားမှ မူလက ပျက်နေသည့် မူလပျက်ဆိုတာ ကိုယ်တိုင်သိခဲ့ရပြီ။ ဤကဲ့သို့ သင်၏ မြင်စိတ် နာမ် ပရမတ် သဘောလေးဟာ တခြင်းအလိုဖြစ်နိုင်အား စွမ်းပကားမရှိ ဆိတ်သုဥ်းဘိကြောင့်၊ဖြစ်ခြင်လှပါဘိလို့ တောင့်တသော်လည်းမရ။ သခ်ီတနယ်မှာ အကြောင်းတွေ့ ပြည့်စုံသည့် အခါမှာ မဖြစ်လိုပါဟု ကန့်ကွက်သော်လည်း မရ။ တောင့်တာမရ။ ကန့်ကွက် မရလျှင် သက်သာရာ ထောက်တည်ရာ ဘယ်မှာရပါမလဲ။ သက်သာရာ ထောက်တည်ရာမရပါသဖြင့် ဘေးဘယကြီးနှင့်တူ၍ "ဘယဋ္ဌေနဒုက္ခ" လို့-ဆင်ခြင်ရာ၏။

တနည်းအားဖြင့် ဆင်ခြင်သော် မြင်မှု သဘော လေး သည် ပတ်ဝန်းကျင်အကြောင်းများနှင့်ကင်းပြီး။ တခြင်းအလိုမဖြစ်

နိုင်၊ ဖြစ်နိုင်သည့်အား အမြဲတန်း ကုန်ခမ်းနေသည်။ ဤကဲ့သို့ ကုန်ခမ်းခြင်းသဘောတို့ဖြင့် စက္ကန့်မခြား ဘိစီးနှိပ်စက်မှုကိုခံနေရပါသဖြင့် သူကိုယ်တိုင်သက်သာရာ ထောက်တည်ရာ မရသောကြောင့်၊ "ယဘဋ္ဌေနဒုက္ခ" ဘယဋ္ဌေန၊ ကုန်ခမ်းခြင်းတို့ဖြင့် စက္ကန့်မခြား အမြဲနှိပ်စက်ခြင်း ခံနေရသဖြင့် ဘေးဘယကြီးနှင့် တူသော အနက် သဘောကြောင့်။ ဒုက္ခံ၊ ဒုက္ခပါတကားလို့ မြင်စိတ်ကလေးကိုယ်တိုင်ဝန်ခံသည့်အလား မိမိဉာဏ်ဝမှာ ထင်မြင်အောင် ဆင်ခြင်ရာ၏။

ဒုက္ခလက္ခဏာ အစစ်အမှန်ကို ဉာဏ်မြင်ရှင်းရန် အထူးအရေးကြီးပါသည်။ အကြောင်းကို ဆိုသော်— "ဒုက္ခေ ဒိဋ္ဌေ စတ္တာရိ သစ္စာနိ ဟောန္တိ အာမန္တာ"လို့ မြတ်ဘဂဝါက ဟောခဲ့သောကြောင့်တည်း။ ဒုက္ခေ၊ ဒုက္ခလက္ခဏာ အမှန်ကို။ ဒိဋ္ဌေ၊ ကိုယ်တိုင်ကိုယ်ပိုင် သိမြင်သည်ရှိသော်။ စတ္တာရိ သစ္စာနိ၊ အမှန်တရားခေါ် သစ္စာလေးပါး အမြတ်တရားကို။ ဒိဋ္ဌာနိ၊ သိမြင်ပြီးဟူ၍။ ဟောန္တိ၊ ဖြစ်ထိုက်ပါသနည်း။ ဣတိ၊ ဤသို့မေးခဲ့သည်ရှိသော် အာမန္တာ၊ သိနိုင် မြင်နိုင်ပါ၏လို့ ဝန်ခံရာ၏။ ဆိုလိုရင်းအဓိပ္ပါယ်ကတော့ ဒုက္ခ လက္ခဏာ အစစ်အမှန်ကို ကိုယ်တိုင် ကိုယ်ပိုင်-ကျပ်ပြည့်အသိပိုင်သော်-အရိယာတို့ သိအပ်သည့်တရား သစ္စာလေးပါးကို သိနိုင်၊ မြင်နိုင်၏လို့ဆိုလိုပါသည်။

ထို့ကြောင့်-ရှေ့၌ပြမည့် သစ္စာ လေးပါး အမှန်တရားကို သိမြင်နိုင်ရေး ဒုက္ခလက္ခဏာကို ပိုင်နိုင်အောင်ဆင်ခြင်မှုပြုရာ၏။

ဤမျှသော ရေးသားပြသမှုဖြင့် လက္ခဏာခဏ်းကို တစခမ်း ရပ်၍ ဗုဒ္ဓဘာသာများကို 'စေတော ဝိမုတ္တိဖလ'မရအောင် တားပ် နှောင်ထားသည့် ဆက်မှား, ပြတ်မှား, ရှိမှု း မရှိမှား ဆိုသည့် 'သဿတဒိဋ္ဌိ ဥစ္ဆေဒဒိဋ္ဌိ'များကို သမ္မာဒိဋ္ဌိနှင့်ညှိ၍ကာ ပယ်ဖျက် ဦးစို့ ။

## "သဿတဒိဋ္ဌိ ဥစ္ဆေဒဒိဋ္ဌိ ဖြတ်ခဏ်း"

မိစ္ဆာဒိဋ္ဌိယာ ဘိက္ခဝေ သမန္နာဂတာ၊
သတ္တာကာယဿ ဘေဒါ ပရမ္မရဏာ၊
အပါယံ ဒုဂ္ဂတိံ ဝိနိပါတံ နိရယံ ဥပပဇ္ဇန္တိ။

ဘိက္ခဝေ၊ နိဗ္ဗာန် မျှော်မှန်း ရှင်ရဟန်းတို့။ မိစ္ဆာဒိဋ္ဌိ၊ မှား သောအယူနှင့်။ သမန္နာဂတော၊ ပြည့်စုံကုန်သော။ သတ္တာ၊ ကြောင်းကျိုးမသိ မိုက်မှားကြသည့် သတ္တဝါတို့သည်၊ (ဝါ) လောကရေးကိုလည်း မသိ-သံသရာရေးကိုလည်း မကြည့်၊ ကာမ ဂုဏ် ကြာလုံ့မှုတွေနှင့် အချိန်ဖြုန်း၍ နေကြကုန်သော လူတော်း တို့သည်။ ကာယဿ၊ ကိုယ်ခန္ဓာ၏။ မရဏာ၊ သေသည်မှ။ ပရံ၊ နောက်၌။ အပါယံ၊ ချမ်းသာကင်းသော၊ ဝိနိပါတံ၊ ပျက်စီး၍ ကျရာဖြစ်သော။ ဒုဂ္ဂတိံ၊ မကောင်းသူတို့၏ လားရာဖြစ်သော။ နိရယံ၊ ငရဲ၌၊ ဥပပဇ္ဇန္တိ၊ ဖြစ်ကုန်၏။

ဤသို့ဟောထား ပါဠိသွား၏ အဓိပ္ပါယ်ကို ကိုယ်ပိုင်ဉာဏ်နှင့် အဖြေမှန် ၇ှာမှု ဆန်းစစ်ပြလိုက်တော့ — ကြောင်းကျိုးမသိ မှား

ဒ်သာအယူရှိသည့် သတ္တဝါများသည်၊ မသေခင် အသက်ရှင်ခဲ မှာလည်း အနေမမြတ် သေသည်၏ နောက်မှာလည်း ချမ်းသာ ခြင်း အလျှင်းမရှိ ဆင်းရဲအတိဖြစ်တဲ့ မကောင်းသူများ သွားရာ ဖြစ်သည့် အပါယ်ငရဲသို့ သက်ဆင်းရမည်လို့ အဆိုရှိသည်။

မိစ္ဆာအယူရှိသည့် အန္ဓပုထုဇဉ် လူဗာလတို့မှာ အနေ မမြတ် အသေကြပ်ဖြစ်၍ သေသည်၏ နောက်မှာလည်း၊ အပူပွဲနွှဲရဦး မည်၊ ဆုံးဆမရှိ သံသရာလည်ရဦးမည်ဆိုတော့ မိစ္ဆာဒိဋ္ဌိ”မှလွတ် အောင် မိစ္ဆာဒိဋ္ဌိမဖြစ်အောင် ခွါရှောင်ဘို့ရန်အလုပ် ကြိုးပမ်း အားထုတ်ငှ‌ေပမည်။

မိစ္ဆာဒိဋ္ဌိမဖြစ်အောင် မိစ္ဆာဒိဋ္ဌိမှ လွတ်အောင် လုပ်ရမည်ဆို တော့--မိစ္ဆာဒိဋ္ဌိဆိုတာ ဘာလဲလို့ သိဘို့ရန် လိုလာပြန်တယ်။ ထို့ကြောင့် မိစ္ဆာဒိဋ္ဌိဆိုတာ ဘာလဲလို့ မေးခွန်းထုတ်၍ အဖြေ လုပ်လိုက်တော့ “မိစ္ဆာပဿတီတိ မိစ္ဆာဒိဋ္ဌိ” လို့ ကျမ်းလာ စကားရှိပါသည်။ မိစ္ဆာ၊ လွဲမှားသော အားဖြင့်(ဝါ)မမှန်သော အားဖြင့်။ ပဿတိ၊ ရှုကြည့်တတ်ပါပေ၏။ ဣတိတသ္မာ၊ ထိုသို့ လွဲမှားသောအားဖြင့် ရှုကြည့်တတ်သောသတ္တဝါကြောင့်။ မိစ္ဆာ ဒိဋ္ဌိ၊ မိစ္ဆာဒိဋ္ဌိဖြစ်၏။ (ဝါ) မှားသော အမြင်မည်၏။

ယောဂီ- မိစ္ဆာဒိဋ္ဌိဆိုတာ ဘာလဲလို့ အမေးရှိလျှင် လွဲမှား သော အားဖြင့် ရှုကြည့်တဲ့ သဘောကို မိစ္ဆာဒိဋ္ဌိလို့ ဖြေလိုက်။

လဲ့မှားစွာ ရှုကြည့်တာဟာ မိစ္ဆာ ဒိဋ္ဌိဆိုတော့ ဘယ်အပေါ်မှာ လဲ့မှားကြည့်သလဲဆိုတာ သိဘို့ရန် လိုလာပြန်သဖြင့် မေးခွန်းထုတ်၍ အဖြေပြုလိုက်တော့။

မြင်မှု ကြားမှု နံမှု စားမှု ထိမှု သိမှုတို့ အပေါ်မှာ လဲ့မှားနေပါသည်လို့ ဖြေဆိုရပါမည်။

ဗုဒ္ဓဝါဒီတယောက် ဖြစ်ဖြောက် လိုလား အမျိုးကောင်းသားများအား ဆက်ဆံ့ပြား ပြတ်မှား ဒိဋ္ဌိအစားစားမှ လွတ်ကြောင်း နည်းကောင်း လမ်းမှန် မဇ္ဈိမ ပဋိပဒါ ဉာဏ်ကို တိုတိုကျဉ်းကျဉ်းနှင့် လိုရင်းကို တည့်တည့်ကြီး ပြောရလျှင် မြင်, ကြား, နံ၊စား, ထိမှု, သိမှု ကိစ္စအစုစုတို့ကို ငါကမြင်သည်။ ငါကမြင်နိုင်လို့ မြင်သည်။ မြင်မှုကလေး တခုတည်း မြင်နိုင်လို့ မြင်သည်လို့ စွဲမြဲထင်မှတ်နေလျှင် " အတ္တဒိဋ္ဌိ "အယူ ဖြစ်ပါသည်။

၎င်းအယူကို စွဲမြဲစွာ ယူထားတာကိုပင် မိစ္ဆာဒိဋ္ဌိ သက္ကာယဒိဋ္ဌိလို့ ခေါ်ဆိုကြတာပါ၊ ကြားမှု, နံမှု, စားမှု, ထိမှု, သိမှုများလည်း မြင်မှုရဲ့ နည်းတူမှတ်ပါ။

ဤကဲ့သို့ အတ္တဒိဋ္ဌိ, မိစ္ဆာဒိဋ္ဌိ, သက္ကာယဒိဋ္ဌိများ ဖြစ်လျှင် သဿတဒိဋ္ဌိ,ဥစ္ဆေဒဒိဋ္ဌိများလည်း ညီပါတော့သည်။၎င်းသဿတဒိဋ္ဌိ, ဥစ္ဆေဒဒိဋ္ဌိများမှ (၆၂) ပါး အစားစားသော ဒိဋ္ဌိများ ပေါက်ဖွားကြပါတော့သည်။ ထို့ကြောင့် ဒိဋ္ဌိအပေါင်းတို့၏ ရေသောက်မြစ်ပင်မဖြစ်သော အတ္တဒိဋ္ဌိ, မိစ္ဆာဒိဋ္ဌိများကို အမြစ်မကျန် တွန်းလှန်ပယ်နုတ်ကြရမည်။

ဗုဒ္ဓဝါဒီတယောက် ဖြစ်မြောက်လိုလားအမျိုးကောင်းသား သည် အတ္တဒိဋ္ဌိ, သက္ကာယဒိဋ္ဌိ ပြုတ်အောင် ဣရိယာ မဆိုင်း ကာလမပိုင်းဘဲ ပြုလုပ်သင့်သည့်အကြောင်း မောဃရာဇအမည် ရသည့် ရဟန်းတပါးအားဗုဒ္ဓ၏ မိန့်မှာဟောကြားချက်ကတော့။

သုညတော လောကံ အဝေက္ခဿု မောဃရာဇ သဒါသတော အတ္တာနုဒိဋ္ဌိံ ပဟိယတိ ဧဝံ မစ္စု တရောသိယာ။အစဖြာသဖြင့် ဟောကြားခဲ့ပါသည်။ မြန်မာအလို ပြန်ဆိုပါက မောဃရာဇ၊ သေမင်းလက်တွင်းမှ လွတ်ကင်းရန်တရားလျှောက်ထားမေးမြန်း အို—ချစ်သား မောဃရာဇ ရဟန်း။ သဒါ၊ နေ့ရော ညပါ ဘယ်ခါမဆို ထိုထိုကာလ အချိန်တိုင်းအချိန်တိုင်း သောသမယ တို့၌။ သတော၊ လုလ္လကြီးမား သတိထားလျက်။ အတ္တာနုဒိဋ္ဌိံ ရင်ထဲနှလုံးထဲ၌ ဖေါက်ခွဲစူးဝင် သံကျင်ထိုးထား ပမာလားသို့ ငါမြင်, ငါကြား, ငါနံ, ငါစား, ငါထိ, ငါသိ, ထင်မှောက်မှား သည့် ငါငါတည်းဟူသော အတ္တဒိဋ္ဌိ ညှောင့်ကို၊ ဥဟစ္စ၊ စွန့်ခွါ ပယ်နုတ် အတင်းဖြုတ်လျှက် (ဝါ) သမ္မာဉာဏ်နှင့် ပယ်ဖျက် လျှက်။ လောကံ၊ ဖြစ်ပျက်သဘောမျှ ရုပ်,နာမ် လောကကို။ သုညတော၊ နိစ္စ,သုခ,အတ္တ ဟန်ဆောင် အရောင်အရိပ်အကောင် နိမိတ်တွေမှ သုဥ်းဆိတ် ကွယ်ပျောက်၍ သွားလေအောင်။အဝေ က္ခဿု၊ ထပ်ထပ်ဖန်ဖန် ပညာဉာဏ်ဖြင့် ထင်မြင်အောင်ပွားများ ရှုကြည့်လိုက်ပါတော့လော့(ဝါ)မံသစက္ခု ဝိညာဉ်မြင်ကို ပယ် စွန့်၍ ပညာစက္ခုဖြင့် မြင်အောင် ရှုကြည့်လိုက်ပါတော့လော့၊ ဧဝံ၊ ဤသို့ ပရမတ်တရားမှာ အနှင်အသားမရှိ အမှတ်မှားစရာ

မရှိ၊ ထင်မြင်အောင် ပွားများရှုကြည့် ဝေဘန်နိုင်သည်ရှိသော်။ မစ္စုတရော၊ သေမင်း လက်တွင်းမှ လွတ် ကင်း နိုင် တော့ သည်။ သိသာ၊ မုချမသွေဖြစ်ရပေ၏။

ဗုဒ္ဓဘာသာ၏ လမ်းဆုံးဖြစ်သည့် ဗုဒ္ဓ ဝါဒီတယောက်ဖြစ်ရေး အတွက် အဓိကကျတဲ့ အချက်ကတော့ အတ္တဒိဋ္ဌိပြုတ်ရေး ဖြစ်ပါ သည်။အဘယ့်ကြောင့် အရိယာဖြစ်ရေး အလုပ်စခမ်းမှာ အတ္တဒိဋ္ဌိ ပြုတ်ရေးကို ဝကွက်ပြီး ဟောချက် ထုတ် ရ သ နည်း ဆိုငြားအံ့။ အတ္တဒိဋ္ဌိပြုတ်လျှင် မိစ္ဆာဒိဋ္ဌိ, သက္ကာယဒိဋ္ဌိ, အစရှိတဲ့ သဿတ ဒိဋ္ဌိ, ဥစ္ဆေဒဒိဋ္ဌိတို့လည်း ချုပ်ပြီး ငြိမ်းပြီးဖြစ်သောကြောင့် ဒိဋ္ဌိ အပေါင်းတို့၏ ရေသောက် မြစ် ဖြစ် သည့် အတ္တဒိဋ္ဌိကို အချိန် မဆိုင်း ကာလမပိုင်းဘဲ ရင်ဝလှံစူး ထိပ်ဦးမီးလောင်သည့်သူလို သျှင်မြန်စွာ သတ်ဖြတ်ပါယ်နှုတ်ရာ၏။

အတ္တဒိဋ္ဌိ, မိစ္ဆာဒိဋ္ဌိမဖြစ်အောင် မည်ကဲ့သို့ လုပ်ရမည်နည်း၊ အမေးလုပ်၍ အဖြေ ထုတ် ပါက တိုတို ကျဉ်းကျဉ်း လိုရင်းကို ချုပ်၍ပြောလျှင် သမ္မာဒိဋ္ဌိ ဖြစ်အောင် လုပ်ရမည်လို့ ဖြေဆို ရာ၏။

သမ္မာဒိဋ္ဌိဖြစ်အောင် လုပ်ရမည်လို့ ဖြေကြားချက်အရ သမ္မာ ဒိဋ္ဌိဆိုတာ ဘာလဲလို့ တဆင့်တက်၍ ထပ်လောင်းမေးခဲ့သော် "သမ္မာပဿတီတိ သမ္မာဒိဋ္ဌိ" လို့ တိကျမှန်ကန်စွာ ဖြေဆိုရာ၏။ ဘာသာပြန်ကား။သမ္မာ၊ မှန်သောအားဖြင့် (ဝါ)မလွဲမှားသော အားဖြင့်။ပဿတိ၊ ရှုတတ်ကြည့်တတ်ပါပေ၏။ဣတိတသ္မာ၊ထို့ကြောင့်

မှန်ကန်စွာ ရှုကြည့်ကတ်သည့် သဘောကို၊ သမ္မာဒိဋ္ဌိ၊သမ္မာဒိဋ္ဌိ ဟူ၍ ခေါ်ဆိုပညတ် သမုတ်အပ်ပါပေ၏။

ဆိုလိုရင်းကား ဟုတ်တိုင်း မှန်စွာ ယထာဘူတ သဘာဝ ကျကျ ရှုတတ် ကြည့်တတ်သည့် သဘောကို သမ္မာဒိဋ္ဌိလို့ ခေါ် ဆိုပါသည်။

မည်သည့်အပေါ်မှာ ဟုတ်တိုင်းမှန်စွာ ရှုတတ် ကြည့်တတ် သည်ကို သမ္မာဒိဋ္ဌိခေါ်ပါသနည်း။ ထပ်ဆင့်မေးငြားအံ့။ မြင်မှု, ကြားမှု, နံမှု, စားမှု, ထိမှု, သိမှု အပေါ်မှာ မှန်ကန်စွာ ရှုကြည့် တတ်သည်ကို သမ္မာဒိဋ္ဌိလို့ သိရာ၏။

ထို့ကြောင့် မြင်,ကြား,နံ,စား,ထိ, သိမှုတို့ အပေါ်၌သမ္မာ ဖြစ်၍ မိစ္ဆာ မဝင်အောင် (ဝါ) အတ္တဒိဋ္ဌိ မဖြစ် သဿတ နှင့် ဥစ္ဆေဒ မဝင်အောင် အထက်တွင် ပြဆိုခဲ့သည့် မြင်စိတ် နာမ် ပရမတ်ကိုသာ ဓကထားပြီး ဗုဒ္ဓ၏ အာဘောဂနှင့်အညီ ပြဦးအံ့။

မြင်စိတ် သင်္ခတ ပရမတ်ဖြစ်ပုံ
"ယထာဘူတ ပုံစံ"
အလင်း

မျက်စေ့ မြင်စိတ် အဆင်း
နှလုံးသွင်း

အထက်တွင် ပုံစံဇယားနှင့်ပြအပ်သော မြင်စိတ် နာမ်ပရမတ် သည်၊ သင်္ခတနယ်မှာ အကြောင်းတွေ ပိုင်းအုံလို့ ပေါင်းဆုံလျှင်

ပုထုဇဉ်နယ်သား ကြောင်း–ကျိုး နားမလည်သူများက ငါသာ မြင်သလို အထင်ပိုလျှက်သူကမြင်ငြား အထင်မှားလျက်၊ အကျိုး တခုက မြင်သရောင် အထင်ကြောင်လျက် အကြောင်းတခုကိုစွဲ အထင်လွဲလျက် ကောင်းကောင်း ဆိုးဆိုး အမျိုးမျိုး ထင်၍ စွဲမြဲတာကို အတ္တဒိဋ္ဌိ မိစ္ဆာဒိဋ္ဌိ အမြင်ညိသည်လို့ ဆိုရာ၏။

လောကီနယ်သား အန္ဓပုထုဇဉ် လူဗာလတို့မှာ သခ်တ သဘောနှင့် အသခ်တသဘော နားမလည်သဖြင့် အမှားဒိဋ္ဌိနှင့်ညိ ကြရပါသည်။ အမှားဒိဋ္ဌိမှ လွတ်မြောက်လိုလျှင် သခ်တသဘော နှင့် အသခ်တသဘော နားလည်ရပါမည်။

ထို့ကြောင့် သခ်တဆိုတာဘာလဲ၊ အသခ်တဆိုတာ ဘာလဲ လို့ အမေးလုပ်၍ အဖြေထုတ် လိုက်ပါက သခ်တဆိုတာ အ ကြောင်းတရားနှင့် အကျိုးတရား တို့ပေါင်းဆုံမှု ပြည့်စုံတိုင်း ဖြစ်ပြီး ပျက်နေတာ သခ်တလို့ သိရာ၏။

ဆိုလိုတာက ရုပ်,နာမ်ပရမတ်တို့သည် ကြောင်းကျိုး စုံညီက ဖြစ်လိုက်၊ အကြောင်းယုတ်က ပျက်လိုက်–ဤကဲ့သို့ ကြောင်း ကျိုး ပေါင်းစည်းပြီး ဖြစ်ပျက်နေတာကို သခ်တ သဘောလို့ သိရာ၏။

တဖန် ထိုထိုကြောင်းကျိုးတရားတွေ ဘယ်အတွက်ကြော ဖြစ်ပြီး ပျက်နေကြပါသလဲလို့ ကိုယ်ပိုင်ဉာဏ်နှင့် ဘောနီ ဆန်း

စစ်မှု သုတေသန ပြုတော့ ဖြစ်သည် ပျက်သည် ဆိုတဲ့-ရုပ်,နာမ် ပရမတ်,ကြောင်းကျိုးဓာတ်တို့သည်နဂိုမူလ သူ့ပင်ကိုယ်သဘာဝ က ဖြစ်နိုင် ပျက်နိုင်သည့် အားအစွမ်းသတ္တိ အလျှင်း မရှိသည့် သဘောကို တွေ့ရပါသည်။

ထိုကဲ့သို့ မူလပင်ကိုသဘာဝက မဖြစ်မပျက်သည့်သဘောကို အမည်သညာ ခေါ်စရာကား အသင်္ခတလို့ ပြောဆိုရ၏။

ဤနေရာမှာ သင်္ခတ, အသင်္ခတသဘော၊ သင်္ချာနည်းအား ဖြင့် ပြောမည်ဆိုလျှင် သင်္ခတသည် အပေါင်းလက္ခဏာကို ပြ၍၊ အသင်္ခတသည် အနှုတ်လက္ခဏာကို ပြပါသည်၊ တနည်းအားဖြင့် ပြောမည်ဆိုက သင်္ခတ တရားဟူသည် ဖြစ်ပျက် သဘော ကို ဆောင်၍၊ အသင်္ခတ တရား ဟူသည် မဖြစ်မပျက် သဘောကို ဆောင်ပါသည်။

အမှန်ကတော့ သင်္ခတ,အသင်္ခတလို့ အခြင်းအရာလက္ခဏာ ပြားသော်လည်း အခြေခံပင်မ မူလ တရား က တော့ အတူတူ ပါဘဲ။

ယောဂီ-ကိုယ်ပိုင်ဉာဏ်စေစား၍ အတွေးမမှားအောင် သတိ ပြုလိုက်ပါ။ လောကီနှင့် လောကုတ္တရာ၊ သင်္ခတနှင့် အသင်္ခတ တရားတို့သည်၊ အမည် တွေ များ လက္ခဏာ အခြင်း အရာတွေ ပြားသော်လဲ၊ သစ္စာ ဉာဏ် မှန်ပြောင်းနှင့် ကြည့်သည့် အခါမှာ၊

တသားထည်း၊ တပါးထည်းတွေ့ရပါသည်။ ဤကဲ့သို့ ခြားနားမှုမရှိ ကွဲပြားမှု ကင်းစင်မှု 'ခံဘုံ စံဘုံ' အရဲ့ ဥပါဒါန် ချုပ်ငြိမ်းဗုဒ္ဓပါဒ်တယောက်ဖြစ်သည်။ ဗုဒ္ဓပါဒ် တယောက်သည်၊ တဖက်စွန်းမရောက်မှု၍ မဇ္ဈိမ ပဋိပဒါ ကျကျ နှစ်ဘက်လှ မြင်တတ်ရမည်။

ထိုကြောင့် သဿတဒိဋ္ဌိ လက်ျာစွန်း-ဥစ္ဆေဒဒိဋ္ဌိလက်ဝဲစွန်းသို့ မရောက်ရလေအောင် မဇ္ဈိမ ပဋိပဒါဆိုသည့်နှစ်ဘက်လှအမြင်ကို အသိရှင်း၍ ဉာဏ်မြင်လင်းအောင် ရှေ့သို့ တစ ခမ်း တက် ကြဦးစို့။

ယနေ့ကမ္ဘာသူသားတို့သည်၊ ရုပ်တရား, နာမ်တရားတို့သည် အတိတ်ကဘယ်လို အနာဂါတ်၌ ဘယ်ပုံသံသယမျိုးစုံနှင့် ခိုလှုံရာမရ စိုးရိမ်ကြောင့်ကြမှု အပြည့်အဝနှင့် အတ္တနုဝါဒဘေး ဆိုက်ရောက်နေကြသည်။ ဤကဲ့သို့ အတိတ်ကို ပြန်ပြောင်း၍ ကြောင့်ကြ-အနာဂါတ်ကိုမျှော်၍ တောင့်တမှု ဖြစ်ရခြင်း အကြောင်းရင်းကို ရှာတော့ မျက်မှောက်ကာလ, ပစ္စုပ္ပန်ဘဝ ရုပ်, နာမ်ဓမ္မတို့၏အကြောင်းကို ကောင်းကောင်းနားမလည် အသိမရှင်း၍ ဖြစ်ရသည်။ (ဝါ) ရုပ်,နာမ် ဓမ္မ သဘာဝတို့သည် ဖြစ်သလော, မဖြစ်သလော, ရှိသလော, မရှိသလော ဝိစိကိစ္ဆာ နှောင်နှေးမှုကြောင့် ဖြစ်ပါသည်။

ဤကဲ့သို့၊ သို့လော--သို့လော သံသယတွေ နှောကာ ဉာဏ်အမြင်မလင်း၍ ဆက်မှား, ပြတ်မှား, ဒိဋ္ဌိတရားများ ဖြစ်ကြပါသည်။

တို့ကြောင့် ဖြစ်, မဖြစ်, ထိုစံနစ်မှ လွတ်၍ သမ္မာ အမြင် ညဏ်မှာ ထင်အောင်--

| | |
|---|---|
| ရှိမှား, ဖြစ်မှား | ရှိမှန်, ဖြစ်မှန် |
| မရှိမှား, မဖြစ်မှား | မရှိမှန်, မဖြစ်မှန် |

ဤလေးတန်သော ပုစ္ဆာ ထုတ်၍ သမ္မာဉာဏ် ဆိုက်အောင် ဝေဘန်ပြီး အဖြေမှန်ထုတ်ရမည်။

ရှိမှား,ဖြစ်မှား ယူဆရန် သဘောသွားကို ပြောကြားပါမူ အထက်တွင် ပုံစံနှင့်ပြခဲ့သော မြင်စိတ် နာမ်ပရမတ် သဘောလေးသည်ရှိတယ်, ဖြစ်တယ်ဆိုလျှင် မှားပါ၍ သဿတ ဒိဋ္ဌိ - လက်ျာ စွန်းရောက်ပါသည်။

အဘယ်ကြောင့်မှားပါသနည်းဆိုမူ-ယောဂီများ၏ မြင်စိတ်သည်၊ မျက်စေ့, အဆင်း, အလင်း, နှလုံးသွင်း၊ ၎င်းလေးပါးသော အကြောင်းတွေနှင့် ပေါင်းသင်းရမှ သခ်တနယ်မှာ ဖြစ်ရောင်ဆောင် ယည်ရောင်ပြရတာပါ။ အမှန်ကတော့ အကြောင်းရင်းတွေနှင့် ကင်းပြီး တခုခြင်း အလိုအရ မဖြစ်နိုင်, မရှိနိုင်ပါ၊ ဤကဲ့သို့မဖြစ်မရှိပါဘဲနှင့်၊ ဖြစ်တယ်,ရှိတယ်ဆိုလျှင် အကြောင်းအကျိုးကုန်စင်အောင် မဈ္ဈိမ ပဋိပဒါ အား ဖြင့်....မ ဝေ ဘန် တတ်၍ တဘက်စွန်း ရောက် ၍ မှား ပါ သည်။ (ဝါ) ဆက်မှား ဆိုသည့် သဿတဒိဋ္ဌိ အယူညီပါသည်။

တဖန်-ဘာမျှမရှိဘူး,မဖြစ်ဘူးဆိုသည့် နေရာမှာ မှား၏။ဆိုရာဝယ်၊ အဘယ်သို့ မှားသနည်းဟူမူ- မြင်စိတ်ခေါ် နာမ်ပရမတ်

သည်၊ နိုးကပ်စွာ ရှိကြသည့် အကြောင်းရင်းတွေ ပေါ်သင်း ပြည့်စုံသည့် အခါမှာ၊ မဖြစ်ခြင် မနေရ ဖြစ်ရ,ရှိရပါသည်၊ ဤ ကဲ့သို့ သခ်ိတနယ်မှာ ကြောင်းကျိုးဆက်၍အချိုးအစားကိုက်ညီသည့် အခါမှာ မြင်စိတ် နာမ်ပရမတ်သည်၊ အမှန်ပင် ဖြစ်ရ-ရရှိပါလျက် နှင့် ဘာမျှမဂို-မဖြစ်လို့ ယူဆလျှင် ဝဘာက်စွန်းရောက်ပြီး အ ယူတ်တရား ဥစ္ဆေဒဒိဋ္ဌိ အယူနှင့် ညီပြန်ပါသည်။

ဤသည်တို့ကား ရှိမှား,ဖြစ်မှား၊ မရှိမှား,မဖြစ်မှား အစွန်း ထွက်တရား အယုတ်တရား မိစ္ဆာအယူများ ဖြစ်သည်။

ရှိမှန်- ဖြစ်မှန်ဆိုရာဝယ် ဘာတွေရှိ၍ ဘယ်လိုဖြစ်ပုံမျိုးကို ယူဆရမည်နည်းဟူမူ။

မြင်စိတ် နာမ်ပရမတ်သည်၊ သူ့တခုခြင်း အလိုအရ ဖြစ်နိုင် သည့် အတ္တသတ္တိ ကင်းဆိတ်ဘိ ကြောင့်၊ သုညတ အနေနှင့် ဖြစ်ရ-ရှိရပါသည်။ ကိုယ်ပိုင်အားမရှိ၊ ကုန်ခမ်းနေဘိကြောင့် အ နိစ္စအနေနှင့်၊ဖြစ်ရရှိရပါသည်။ ကိုယ်ပိုင်အားအစွမ်း ကုန်ခမ်းနေ ပါသဖြင့် စက္ကန့်မိနစ်မခြား အမြဲအားဖြင့် သက်သာရာ ထောက် ဘည်ရာမရှိသည့် ဒုက္ခအနေနှင့် ဖြစ်ရှိနေပါသည်။

တိုတိုကျဉ်းကျဉ်းနှင့် လိုရင်းကို ဆိုပါမူ မြင်စိတ် နာမ်ပရမတ် သည်၊ အတ္တ-အတ္တနိယသတ္တိမှ သုဉ်း- ဆိတ် ကုန်ခမ်း နေသည့်, အနတ္တ အနိစ္စဒုက္ခ, အနေနှင့် ဖြစ်သည် ရှိသည်လို့ ယူဆလျှင် ယထာဘူတကျ၍ သမ္မာဒိဋ္ဌိဉာဏ် မုချဖြစ်ရ ပါတော့သည်။

မရှိမှန်-မဖြစ်မှန် ဆိုရာ၌ ဘယ်ပုံဘယ်နည်း ယူဆရပါမည် နည်းဟူမူ မြင်စိတ် နာမ်ပရမတ်သည်၊နဂိုမူလ ပင်ကိုယ်သဘာဝက အတ္တ-အတ္တနိယသတ္တိ ကင်းဆိတ် ကုန်ခမ်းနေသည့် အနတ္တ အနိစ္စ ဒုက္ခ အနေနှင့် ဖြစ်ရှိကာ နေပါသဖြင့် "အတ္တ,နိစ္စ, သုခ" အနေ နှင့်တော့ ဘယ်သော အခါမျှ မဖြစ်, မရှိပါ၊ ဤသို့ ယူတတ်လျှင် မှန်ကန်တိကျသော အယူဖြစ်၍ သမ္မာဒိဋ္ဌိဉာဏ် အမှန်ဖြစ်၏။

ဗုဒ္ဓဝါဒီတယောက် ဖြစ်လိုသူ ယောဂီပုဂ္ဂိုလ်သည် သင်္ခတ ဖြစ်သော ပရမတ်ရုပ်နာမ်ကို ကြည့်၍ အသင်္ခတကို မြင်ရမည်။ ဆိုလိုတာက ပစ္စုပ္ပန်သတ်ဆတ် သင်္ခတ ပရမတ်ကို ပညာယှဉ်၍ ဉာဏ်မြင်ရှင်းလျှင် အသင်္ခတကို သန္ဒိဋ္ဌိက ပြုရပါသည်။

အပေါင်း လက္ခဏာဖြစ်သည့်- သန္တတိမှနှင့် ရင်ဆိုင်ရတိုင်း အနှုပ်လက္ခဏာပြ အသင်္ခတမှုကို မြင်လျှင်၊ အတိတ်ကြောင်းကို လည်း ပြန်ပြောင်ပြီးမဆွေး၊ အနာဂါတ်ကို ကျော်ပြီးတော့လည်း ကြောင့်ကျ, တောင့်တမှုမပြု။ မျက်စေ့,နား,နှာ,လျှာ, ကိုယ်, ဆို သည့်ငါးဒွါရနှင့် သန္ဒိဋ္ဌိကအားဖြင့် ခွေ့ထိလိုမရသည့်နတ်,နဂါး, ပြဿဒါး,ဝုံး,တစ္ဆေ, ကဝေမြေဘုတ် အစရှိသည့် နတ်ဗေဒင်,ဆံ ခွက်တို့နှင့် အလုပ်မရှုပ်တော့ပါ။ ကြောက်စရာ, မြောက်စရာ,အစ ဖြစ်သည့် မနောဝိညာဉ် ဖန်ဆင်း ပြုလုပ်မှုများမှ လွန်မြောက်ပြီ။ (၀၁)မနောဝိညာဉ် ခြယ်လှယ် အလုပ်ရှုပ်မှုများမှ လွတ်မြောက် ရပါသဖြင့် အတ္တနိဝါဒ ဘေးမရှိ၊ 'စေတော ဝိမုတ္တိဖလ' ရကြီး ရပေတော့၏။

ဤနေရာမှာ အကြောင်း တိုက်ဆိုင်၍ 'စေတောဝိမုတ္တိဖလ ဖြစ်ပုံ၊ အတိတ် ပစ္စုပ္ပန် အနာဂါတ် ကာလသုံးပါးမှ လွန်မြောက်ပုံကို တိုတိုကျဉ်းကျဉ်းနှင့် လိုရင်းကို သဘောပေါက် အားဖြင့် ရေးရပေသော်—

အထက်မှာ မြင်စိတ်နာမ် ပရမတ်သည်၊ မူလပင်ကိုယ်သဘာဝ က ဘယ်အနေဖြင့် ရှိနေပါသလဲလို့ ဋ္ဌာန်လေးပါးခေါ် သဘော ကြီးလေးချက်နှင့် ဆန်းစစ်ဝေဘန် သည့်အခါ မြင်စိတ်ခေါ် ထိုသဘောကလေးသည် တနယ်မှာ ပါတ်ဝန်းကျင် အကြောင်း တွေ ပေါင်းသင်း ကြုံကြိုက် တိုအခိုက်မှာ ဖြစ်တယ်သို့ ခေါ်ဆို ထင်မှတ်ကြပါသည်။

အမှန်ကတော့ ၎င်းဖြစ် သဘောလေးသည်။ ဖြစ်တယ်လို့ ခေါ်သည့် နေရာမှာ ဖြစ်မှုအမှန် မဟုတ်ဘဲ၊ ဖြစ်နိုင်တဲ့ အားမှ ပျက်နေတာကို ဉာဏ်ဝမှာ တွေ့ရပါသည်။ ဖြစ်သည်ဆိုတာ ပါတ်ဝန်းကျင်များ၏။ အရှိန်စုကြောင့် ထင်ရတာပါ၊ အမှန်ကတော့ ပါတ်ဝန်းကျင် များလည်း သူတို့၏ ပင်ကိုယ်သဘာဝက ပျက်နေကြတဲ့ မူလပျက်ပါဘဲ၊ အကြောင်းပျက်နှင့် အကျိုးပျက်ရပ်လို့သာ ထူးတာပါ၊ မည်သူကမျှ ပိုပြီး တန်ခိုးထက်သည်ဆိုတာ မရှိပါ။

ဤကဲ့သို့ သင်္ခတ ပရမတ် ရုပ်နာမ် တရားသည် ပစ္စုပ္ပန်ကာလမှာ သည်ပင်လျှင် ကြောင်းကျိုး မဆက်မစပ် အခြင်းခြင်း

ကင်းပြတ်နေကြသည့် အသင်္ခတ ဓမ္မများသာ ဖြစ်ကြ၍ တခုနှင့် တခု ကူးလူး ဆက်ဆံ အားပေး ထောက်ကူမှု ပြုနိုင်သည့်အားမှု အစဉ်ထာဝရ ပျက်နေကြပါသည်။

ထို့ကြောင့် သုံးလောက ဝေဏေကို မိမိရင်နှစ်မခြား ကျင်နာ သနားတော်မူသည့် မြတ်ဘုရားက—

ဣမေ ရူပါရူပဓမ္မာ ဥပ္ပါဒ ပဒေသေယေဝ နိရုဇ္ဈိတွာ။

ကေသဂ္ဂမတ္တမ္ပိ ဒေသန္တရ သင်္ကမန်နာမနတ္ထိ၊ စရှိဒေသနာကို သေအချာ ဟောခဲ့ပါသည်။

၎င်းပါဠိ စကား မြန်မာပြန်ကြားသော်- ဘိက္ခဝေ၊ မဂ်,ဖိုလ် မျှော်မှန်း ရှင်ရဟန်းတို့။ ဣမေရူပါ ရူပဓမ္မာ၊ ဤရုပ်နာမ်လို့ အသမုတ်ခံရသည့် သဘောတရားမှန်သမျှတို့သည်။ ဥပ္ပါဒပဒေသေယေဝ၊ ဖြစ်သည်ရှိသည်လို့ အသမုတ်ခံရသည့်နေရာဌာသာလျှင်၊ နိရုဇ္ဈိတွာ၊ မဖြစ်မရှိနိုင်ဘဲ ချုပ်ငြိမ်းကြကုန်လျက်။ ကေသဂ္ဂမတ္တမ္ပိ၊ ဆံတချို ဖျားမျှသော်လည်း။ ဒေသန္တရသင်္ကမန်နာမ၊ တဌာန တကာလ သို့ရွေ့လျှား ပြောင်းသွားခြင်းမည်သည်။ နတ္ထိ၊ ဘယ်အနေနှင့် ကြည့်ကြည့် ဘယ်အသိနှင့်ရှာရှာ မရှိရိုး မဖြစ်ရိုးမှန်လှပါပေ၏။

ဆိုလိုရင်း အဓိပ္ပါယ်ကား- ပရမတ် ရုပ်နာမ်မှန်သမျှတို့သည် သင်္ခါနယ်ဖွား လောကီနယ်သားတို့က ဖြစ်တယ်- ပျက်တယ်လို့ ဘယ်လိုပင် သမုတ်ကြသော်လည်း အမှန်ကတော့ မဖြစ်-မပျက် နိုင်ကြပါ၊ ဖြစ်သည် ပျက်သည်လို့ ထင်ရတဲ့ နေရာမှာပင် မဖြစ်-

မပျက်ကြဘဲ၊ ပင်ကိုမူလက ချုပ်ငြိမ်းနေကြသည့် တရားများဖြစ်ပါသဖြင့် ရှေ့နောက် ကာလများသို့ ဆံတချည်မျှားခန့်ရွှေ့ သွား ရွှေ့ပြောင်း ရွေ့လျားနိုင်သည့် သတ္တိ အနည်းအပါးမျှ မရှိ ပုံကို ဉာဏ်ကုန် သိကြရမည်။

အမှန်ကတော့ ပရမတ်ရုပ်နာမ်တို့သည်၊ သခ်တနယ်မှာဘယ်လို၊ အသခ်တနယ်မှာ ဘယ်ပုံ ဉာဏ်ငုံကာ သိလျှင် တဘက်စွန်း မငြိနိုင်ပါ၊ (ဝါ)ရှိမှား သဿတဒိဋ္ဌိ မရှိမှား ဥစ္ဆေဒဒိဋ္ဌိ မဖြစ်နိုင်ပါ။

တဘက်စွန်း လက်ဝဲ- လကျာ တိမ်းကြတာ ဘာကြောင့်လဲလို့ အကြောင်းကို ရှာတော့ ပစ္စုပ္ပံ ဆတ်ဆတ် ပရမတ် ရုပ်နာမ်များ ဖြစ်ပေါ်ခိုက်မှာ ကြောင်းကျိုး တရားများကို မသိ နား မလည်တော့၊ ဖြစ်ပုံဖြစ်နည်း၊ ပျက်ပုံ- ပျက်နည်းက ဘယ်လိုဆိုတဲ့ သိမှတ်စရာဓမ္မအကွက်ကို အချက်ကျကျ အသိမပိုင်ခြင်းကြောင့် တဘက်စွန်းညိကာ မိစ္ဆာအမြင် ယှဉ်ကြရပါသည်။

ယနေ့ ဗုဒ္ဓဘာသာ အမည်ခံသည့် ဗုဒ္ဓအယူ ရှိပါသည်ဆိုတဲ့ ရဟန်း, ရှင်, လူ, များပင်လျှင် ပစ္စုပ္ပံကိုကျော်၍၊ အတိတ်နှင့် အနာဂါတ်ကို ထင်မြင် လွဲမှားကြသည့် အစွဲများကတော့ ငါပြုတဲ့ အကျိုး၊ (တနည်း) ငါပြုတဲ့ အမှုနှင့်သူတဲ့ အကျိုး၊ ရှေ့လာမည့် အနာဂါတ်မှာ စံရဦးမည်။ လူစည်းစိမ်,နတ်စည်းစိမ်, ဗြဟ္မာစည်းစိမ်, မိန့်မိန့်ကြီး စံစားရဦးမည်ဟု ယုံကြည်ကိုးစား အာသီသ ထားမှုများနှင့် ငါပြုတဲ့ မတောင်းကံ ငါသာလျှင် ခံရဦးမည်၊

ပါသည် ငရဲတိရစ္ဆာန် ပြိတ္တာ, အသူရကာယ် လှည့်လည်ကာခံရဦး မည်ဟု ယုံကြည် စွဲလမ်းမှုများ၊ ကြံစီတွေးတောမှု အလိုရှိသူများ သည် သဿတ ဒိဋ္ဌိအယူဖြစ်၍ တဘက်စွန်း ရောက်နေသူ များ ဖြစ်ကြလျှင်တည်-ဟု ကျွန်ုပ်ယုံကြည် ခံယူပါသည်။

ထိုမှတဖန် ပစ္စုပ္ပန် ပရမတ် ရုပ်,နာမ်ကို ကြောင်းကျိုး ပြတ် အောင်ဆင်ခြင်, ဝေဘန်မှု မပြုကြဘဲ ပစ္စုပ္ပံကို ကျော်လွန်၍ အတိတ်ကံဟူသည်မရှိ၊ အနာဂါတ်ဘဝမထား၊ ထိုသူများသည် ဥစ္ဆေဒဒိဋ္ဌိ အယူရှိ၍ အဘက်စွန်း ကျွံကာ သာသနာမှ သူ အပ ဖြစ်ကြရသည်။

ဗုဒ္ဓအလိုတော်ကျ, ဗုဒ္ဓအာဘောဂသည်ကားဆိုလျှင် ပစ္စုပ္ပံ လတ်ဆတ်ပရမတ် ရုပ်,နာမ်ကို သုညတအနေနှင့်သိမည်ဟုဆိုရာ, ယနေ့ လူသားများက သန္ဒိဋ္ဌိက အကာလိက အစဖြာတဲ့ အမှန် တရား ဂုဏ်တော် ခြောက်ပါးနှင့် မကိုက်ညီ၊ သစ္စာတရားနှင့် ဆန့်ကျင်သည့် စုန်း, တစ္ဆေ, ကဝေ, မြေဘုတ်ဘီလူး,နတ်မိစ္ဆာနှင့် ဘုမ္မာဒေဝ, ဗြဟ္မာအလီလိနှင့် ငရဲပြည်က အစုံအကုန်လုံးကိုစွဲမြဲ သက္ကာ အယူများနေကြပါသည်။

ဤသည့်အစွဲ လွန်ကဲမှုကြောင့်(ဝါ)ဘုံစွဲပြင်းထန်မှုကြောင့် ကုသိုလ်ကောင်းမှု ပြုလုပ်သည့် အခါမှာ၊ ကာမသုဂတိဘုံကို မျှော်မှန်း၊ ရူပ- အရူပကိုတောင့်တကြ၍။ လောကုတ္တရာနယ်သို့ မရောက်ဖြစ်ကြရပါသည်။

ဤနေရာ၌ ကျွန်ုပ်၏အလို၊ ပြောရမည်ဆိုလျှင်, မြေပေါ် မြေအောက် စခန်း, ခံခန်းဆိုတဲ့ ဘုံ နန်းပြဿဒ်အထပ်ထပ်တို့(၀ါ) အခန်းတို့, အခံဘုံတို့ 'ရှိတာ–မရှိတာ'အသာထား မိမိမှာအစွဲ မထားနှင့် အခိက အရေးကြီးတာက မိမိမှာ အစွဲမရှိဘို့၊ အစွဲ မထားဘို့ ပဓာနဖြစ်သည်။

ဗုဒ္ဓက ဒွါရအာရုံ ပေါင်းဆုံ ကြုံကြိုက် ထိုအခိုက်မှာ အဖြစ် မမြင် နှုလယျက် အနေနှင့် ဉာဏ်ဝမှာ ထင်ရမည့် အကြောင်း အဖြစ်ဆိုလျှင် မျက်စိတမှိတ် လျှပ်တပြက် လက်ပြစ် တတွက် ကလေးမျှ လက်မခံနိုင် ကြောင်း ကို "အစ္ဆရသင်္ဃာတ မတ္တမ္ပိ ဘဝံ နဝဏ္ဏေမိ" စရှိဒေသနာကို သေအချာ ဟောခဲ့ပါသည်။ အစ္ဆရသင်္ဃာတ မတ္တမ္ပိ၊ မျက်စိတမှိတ် လျှပ်တပြက် ခဏတွက်စာမျှ ကာလကလေးသော်လည်း။ဘဝံ၊ ဖြစ်ဆိုသည့်သဘောကို။အဟံ၊ သင်တို့ဆရာ ငါဘုရားသည်။ နဝဏ္ဏေမိ၊ မချီးမွမ်းလို့, ဟောခဲ့ ပါသည်။

ဗုဒ္ဓက အဖြစ်ကို လက်မခံ, ငါ၏,အလိုကျ မဟုတ်ကြောင်း ကျမ်းဂန် အစောင်စောင်မှာ ဟောထား သော်လည်း ယနေ့ ယောင်အစားစား ရဟန်း,ရှင်,လူများက **အဖြစ်ကို လက်ခံရုံမျှ** မက အတိတ်နှင့် ပစ္စုပ္ပန်ဆွဲစပ်၊ ပစ္စုပ္ပန်နှင့် အနာဂတ်စပ်၊ တဘဝနှင့်တဘဝစပ်ကာ အသက်လိပ်ပြာ ဇီဝါ၊လောက်လန်း သဖွယ် ပြည့်ဘာဝ်တွယ် အမယ်မယ်သော ဘဝဇာတိတို့ကို လက် ကိုင်ပြုနေကြပါသည်။

ယောဂီ--သတိဦးစီး ပညာကြီးကြီးနှင့် ကြည့်ရှုလိုက်စမ်းပါ အကြောင်းရှိလျှင် အကျိုးရှိ၏ ဆိုရာဝယ်၊ ယောဘုယျ သဘော အပေါ်ယံကြောက ပြောကြသည်သာ။

အမှန်ကတော့ ယခုပစ္စက္ခ ပစ္စုပ္ပန် ဆတ်ဆတ် ခဏပရမတ် တို့၏အကြောင်းသဘော၊အကျိုးသဘောတို့ကိုသိ၍၊အကြောင်း နှင့်အကျိုးဆက်စပ်နိုင်သည့်ဗျာပါရသတ္တိမရှိပုံ၊(ဝါ)အကြောင်း နှင့်အကျိုး မဆက်စပ်နိုင်ဘဲ အခြင်းခြင်း ကင်းပြတ်နေပုံကိုဉာဏ် ကုန်သိရပါမည်။

တနည်းအားဖြင့်ဆိုလျှင် မြင်,ကြား,နံ,စား,ထိ,သိ, ဆိုသည့် ပရမတ်ရုပ်,နာမ်များသည် သန္တာနယ်မှာ အကြောင်းတိုက်ဆိုင် ၍ ပြိုင်တိုင်း,ပြိုင်တိုင်း ကြောင်းကျိုး ဆက်စပ်ပုံ,ကင်းပြတ်ပုံကို ပညာက ဝေဘန်ဉာဏ်က ထိုး‌ထွင်း သ တိ က အစဉ်စောင့်ပါက ဖြောင့်မှန်သော သမ္မာ ဒိဋ္ဌိမဂ္ဂင်ဖြစ်၍ လက္ခဏာဉာဏ်၊သစ္စာဉာဏ်၊ အမှန် ဖြစ် ပါတော့ သည်၊ လက္ခဏာဉာဏ် သစ္စာဉာဏ် အမှန် ဖြစ်လျှင် ဉာဏ်စဉ်များလည်း တသားထည်း အကြုံးဝင်၍ သစ္စာ နုလောမိကဉာဏ် သစ္စာဉာဏ်ပြည့်ရုံကာ မဂ်ကိစ္စ ဖိုလ်ကိစ္စ ပြီး ပါတော့သည်။

........း၀း........

## စတုသစ္စာ ဒိနိမုစ္ဆော
## ကိုယ်ပိုင်သိအောင် ဉာဏ်ကုန်နှော

စတုန္နံ ဘိက္ခဝေ အရိယသစ္စာနံ ယထာဘူတံ
အဒဿနာ အနနုဗောဓာ။

အပ္ပဋိဝေဓာ ဧဝမိဒံ ဒီဃမဒ္ဓါနံ သန္ဓာဝိတံ သံသာရိတံ
မမဉ္စေဝ တုမှာကဉ္စ။

ဘိက္ခဝေ၊ မင်္ဂ–ဖိုလ်မျှော်မှန်း ရှင်ရဟန်းတို့။ စတုန္နံ၊ သချာ အရေအတွက်အားဖြင့် လေးမျိုး လေးစားရှိကုန်သော။ အရိယသစ္စာနံ၊ အရိယာတို့သာ သိအပ်ကုန်သော အရိယာသစ္စာ တရားတို့ကို။ ယထာဘူတံ၊ နည်းလမ်း တကျ ဟုတ်မှန်သည့် အတိုင်း။ အဒဿနာ၊ မသိမမြင်ကြခြင်းကြောင့်။ အနနုဗောဓာ၊ မှန်းဆ၍ မသိကြခြင်းကြောင့်။ အပ္ပဋိဝေဓာ၊ ကိုယ်တိုင် ကိုယ်ပိုင် မသိကြခြင်းကြောင့်။ ဧဝံမိဒံ ဒီဃမဒ္ဓါနံ၊ ဤမျှ အရှည်ရှည်သမျှ ကာလပတ်လုံး။ မမဉ္စေဝ၊ ငါဘုရားသည်ရင်း၊ တုမှာကဉ္စ၊ သင်ချစ်သားချစ်သမီးတို့သည်ရင်း။ သန္ဓာဝိတံ၊ သံသရာ၌ ပြေးသွားခဲ့ရလေပြီ။ သံသရိတံ၊ သံသရာ၌ ဖန်ခါခါ ကျင်လည်ခဲ့ရလေပြီ။

အထက်ပါ ဗုဒ္ဓဟောချက် ဓမ္မစက်၏၊ ဆိုလိုရင်း သဘောသွားကို ပြောကြားမည်ဆိုက အရိယာသူတော်စင်တို့သာ သိအပ်သည့် သစ္စာလေးပါး အမှန်တရားကို ဟုတ်တိုင်းမှန်စွာနည်းလမ်းတကျ သိခြင်းဆိုတဲ့ ယထာဘူတဉာဏ်, မှန်းဆ၍သိခြင်း၊ အစဉ်

လိုက်၍သိခြင်းဆိုတဲ့၊ အနုဗောဓဉာဏ်၊ ကိုယ်တိုင်ကိုယ်ပိုင်သိခြင်းဆိုတဲ့၊ ပဋိဝေဓဉာဏ်၊ ၎င်းဉာဏ်၊ သုံးပါးကို လက်ကိုင်မထား-မသိနားမလည်လို့ သံသရာမှာဆုံလည်နွားပမာ ရဟတ်ချားလို မပြတ်သွားကာ ကျင်လည်နေကြရသည်လို့ ဆိုပါသည်။

သစ္စာလေးပါး အမှန်တရားကိုမသိလို့ သံသရာမှာကျင်လည်ကြရသည်ဆိုတော့ သံသရာမှ မြန်မကြာလွတ်လိုသည့် ယောဂီသူမွန်သည် သံသရာမှ လွတ်ကြောင်း တရားကောင်းကို အားကောင်းမောင်းသန် ထက်မျက်သော ဉာဏ်ဖြင့်—ကြောက်စရာမြောက်စရာ သင်္ခါရတရား ဥပါဒါနက္ခန္ဓာသားများကို ဖယ်ရှား၍ အစွဲအလမ်း အစွယ်အမြှောင် မထား- ရဲရဲကြီးကြည့်လိုက်ရာ၏။

သစ္စာသိမှု မည်သည့်အပေါ်မှာ ကြည့်ရှုရမှာလဲ ဆိုက "သစ္စာဝိနိမုတ္တော ဓမ္မောနာသ နတ္ထိ" ကျမ်းလာရှိစကား အရင်းခံထား၍ အပြော၊ အဟော၊ သဘောထုတ်က၊ သစ္စာမှလွတ်သော တရား မည်သည်မရှိ။ အားလုံးသော သင်္ခတမှ ပရမတ် ရုပ်၊ နာမ် တို့သည် အသိရှင်း၍ ဉာဏ်မြင် လင်းသူတို့အား လက္ခဏာထိုက် သစ္စာထိုက်ကြီး သာလျှင် ဖြစ်ကြ၏။ (ဝါ) သစ္စာနှလောမိက ဉာဏ်အနေနှင့် ဘယ်မှမပြောင်း ကောင်းကောင်း ကေန် အမှန် ရှိတော့သည်သာလျှင်တည်း။

ထို့ကြောင့် အမှန်ရှိ၊ အမှန်သိရမည့်သစ္စာတရားကို ကိုယ်တိုင် ကိုယ်ပိုင် အစဉ်အားဖြင့် ထိုးထွင်း၍ သိရေးမနှော ဝိညာဉ်ပို့ အသမုတ်ခံရသည့် သဘောလေးကို သာဓကထုတ်ပြီးသဘာဝနှင့် ဟပ်၍ ဒေသနာနှင့် ယှဉ်ကြည့်ကြပါစို့။

သင်္ချိုင်းတနယ်မှာ မနော ဝိညာဉ် နာမ် ပရမတ် ဖြစ်ရပုံ
"ပါဠိ-မြန်မာ-ယထာဘူတ ပုံစံ"
မနောဒွါရ
ဟဒယဝတ္ထု-မနောဝိညာဉ်-ဓမ္မာရုံ
မနသိကာရ

..............................

ဘဝင်စိတ်
နှလုံးသွေးအကြည် 'သိစိတ်' သဘောတရား 'ဝါ'
နှလုံးသွင်း 'အကောင်းတရား'

မနောဝိညာဉ်လို့ အသမုတ်ခံရသည့် သဘော လေး သည်၊ သင်္ချိုင်းတနယ်မှာ ဖြစ်သင့်ဖြစ်ထိုက်လို့ ဖြစ်ခွင့်ကြုံကြိုက်သည့် အခါမှာ အထက်ပါ ပုံစံအတိုင်း ပရမတ် ရုပ်နာမ် အနေနှင့် ဖြစ်ပါသည်။

၎င်းပရမတ် ရုပ် နာမ်နှစ်ပါးကတော့ ဒုက္ခတရားအမှန် ဖြစ်သည်လို့ ဟောခဲ့တာကတော့ "နာမရူပံ ဒုက္ခသစ္စံ" လို့ လာပါသည်။ နာမရူပံ၊ ရုပ်နာမ်နှစ်ပါးသည်။ဒုက္ခသစ္စံ၊ ဒုက္ခသစ္စာမည်၏။

နာမ်ရုပ်နှစ်ပါးသည်ဒုက္ခသစ္စာတရား အမှန်ဖြစ်သည်ဆိုတော့ ပြည်ကဲ့သို့ ဖြစ် သည် ဆိုတာ အသိရှင်း၍ ဉာဏ်မြင်လင်း အောင် အပြော အဟော ထုတ်က နာမ် ရုပ် နှစ်ပါး ဟာ အဘယ် လိုပေါ်

ပရိယာယ်ဝေဝုဒ်တွေနှင့် မာယာဉာဏ် ထုတ်၍ ဟန်လုပ်သော် သည်း အမှန်အဟုတ်ကတော့၊ မူလပျက် တရားဆိုတာ ယောဂီ များ ဉာဏ်ကြီးထွား၍၊ သိလောက်ပေပြီ။ (၀၂) နာမ်နှင့် ရုပ် ကိုသည်၊ အမှန်အဟုတ် အားဖြင့် တခုခြင်းအလို ဖြစ်နိုင်မှု အတ္တ သတ္တ၊တခုကို တခုက ကူညီ အားပေး ကျေးဇူးပြုနိုင်သည့်၊ အတ္တ နှယ သတ္တ မရှိ။ဖြစ်နိုင် ပျက်နိုင်သည့် အားမှ မူလက ပျက်နေသည့် တရား(၀၂)မဖြစ် မပျက်သည့် အသင်္ခတ တရားသာ ဖြစ်သည်။

ယောဂီ- ဤနေရာမှာ အထက်ပါပုံစံ ပြထားသည့် သင်တို့ ၏ မနောဝိညာဉ် သင်္ခတ ရုပ်နာမ် ဓမ္မသည်၊ ကိုယ်ပိုင်အား အစွမ်း အနှစ်အသား အခိုင်အမာ မရှိ၊ ပင်ကိုယ်မူလက ပျက် နေသည့် မူလပျက်တွေ ဖြစ်ကြောင်း သူတို့ကိုယ်တိုင် ဝန်ခံနေသ လို ဉာဏ်မြင် ရှင်းအောင် သိထားရမည်။

ထိုသို့ သိထားပါမှ ထောက်ရာ တည်ရာ မိတ်ဆွေဖွဲ့ကာ အား ကိုး အားထား ပြုရာဟူက စက္ကန့်ဗိဇနာ ကာလ ကလေးမျှမရှိ၊ အစဉ်ထာဝရအားဖြင့် သုခ ဆိတ်ကင်းနေသည့် သင်္ခါရဒုက္ခကို လင်းလင်းကြီး သိရပေမည်။

၎င်း သင်္ခါရဒုက္ခကိုသိမှ၊ အပိုဒုက္ခတွေ ရုပ်သိမ်း၍ ချုပ်ငြိမ်း ကြမည်။ အပိုဒုက္ခတွေ မဖြစ်ခြင်လျှင် နဂိုဒုက္ခ ဖြစ်သည့် သင်္ခါရ ဒုက္ခကို မြင်အောင် ကြည့်ရမည်။ ထို ဒုက္ခကို ကွင်းကွင်း ကွက် ကွက် ဉာဏ်မြင် ရှင်းလျှင် သစ္စာလေးပါး သဘော သွားလည်း

တသားတည်း ပါသွားသည့် အကြောင်း ဒေသနာ နည်းနှင့် ဟပ်ပြရလျှင်၊ 'ဒုက္ခေ ဒိဋ္ဌေ စတ္တာရိ သစ္စာနိ ဟောန္တိ တိ အာမန္တာ' အစဖြာသဖြင့် ဟောကြားခဲ့ပါသည်။

ဒုက္ခေ၊ သမုဒယသစ္စာကို၊ ဒိဋ္ဌေ၊ ကိုယ်တိုင် ကိုယ်ပိုင် သိမြင်သည် ရှိသော်။ စတ္တာရိ သစ္စာနိ၊ ဒုက္ခ သမုဒယ နိရောဓ မဂ္ဂ တမျိုး လေးပါးသော သစ္စာတို့ကို။ ဒိဋ္ဌာနိ၊ မြင်ကုန်သည်ဟူ၍။ ဟောန္တိ၊ ဖြစ်ထိုက် ကုန်သလော။ ဣတိ၊ ဤသို့ မေးခဲ့သည်ရှိသော်။ အာမန္တာ၊ ဟုတ်၏- ဖြစ်ထိုက်ပါ၏လို့ ဝန်ခံရာ၏။

ဤသည့် ဒေသနာ၏ သဘော သရုပ်ကို အဟော အပြော ထုတ်လိုက်တော့၊ သစ္စာထိုက်သည့် သမုဒယဒုက္ခကို မြင်လျှင် သစ္စာ လေးပါးကို သိမြင်နိုင်ပါသည်လို့ သဘောရှိရာ။ ဗျတ္တိ ရေကာနည်း အားဖြင့် လှန်၍ သရုပ်ကို ထုတ်လိုက်ပါက သစ္စာ ယှိက်သော ဒုက္ခမှတပါး၊ (ဝါ)သမုဒယဒုက္ခမှ တပါးသော ဒုက္ခများကို မြင် ကာမျှ သိကာမျှနှင့် အရိယာနယ်မှ သိအပ်သည့်- ပရမတ္ထ သစ္စာ ကို မသိမမြင်နိုင်လို့ သရုပ်ထွက်ပါသည်။

........ႏဝႏ........

# "ဒုက္ခမျိုးစုံ သိကြကုန်"

ထို့ကြောင့် သစ္စာလေးပါး၏ သဘောသရုပ်ကို၊ အဟော မှထုတ်မှီ သစ္စာထိုက်သည့် ဒုက္ခ၊ သစ္စာမထိုက်သည့် ဒုက္ခကို(၀၁) ပင်ကိုယ် ဒုက္ခနှင့် အပို ဒုက္ခကို (တနည်း) အကြောင်း ဒုက္ခနှင့် အကျိုးဒုက္ခကို တိုတို ကျဉ်းကျဉ်းနှင့် ရှင်းကြဦးစို့။

ဒုက္ခဟူသည် ဇာတိဒုက္ခ၊ ဇရာဒုက္ခ၊ ဗျာဓိဒုက္ခ၊ မရဏဒုက္ခ၊ အပ္ပိယေဟိသံပယောဂဒုက္ခ၊ ပိယေဟိဝိပ္ပယောဂ ဒုက္ခ၊ ယဒိစ္ဆံ ဟဒုက္ခဟူ၍ အမျိုးမျိုးရှိကြပါသည်။

အမိဘာသာအလို ပြောမည်ဆိုက၊ အမိဝမ်းတွင်း သက်ဆင်း ၍ ၉-လ၊ ၁၀-လ၊ ကိန်းအောင်းနေရတာလဲ သာယာနှစ်သက် ဖွယ်မရှိ၊ ဆင်းရဲအတိ ဖြစ်ခြင်းကြောင့် ဇာတိဒုက္ခလို့ ခေါ်ပါ သည်။

ထို့နောက် တဖန် ဆံဖြူသွားကျေ ခါးကိုင်း နားထိုင်း အ ကြောတွေက ပြိုင်းပြိုင်းထ၍ မလှုပ်မကြွနိုင်တဲ့ ဇရာဒုဗ္ဗလ ဖြစ်ရ တာလဲ မနှစ်မျို့စရာ၊ မသာယာဘွယ် ဖြစ်ဘိကြောင့် ဇရာဒုက္ခ လို့ ခေါ်ပါသည်။

တီဘီ တိုက်ဖွိုက်- နမိုးနီးယား ကင်ဆာ အစဖြာ သဖြင့် ရောဂါဝေဒနာများ စွဲကပ် ကြရောက်သည့် အခါမှာ ကြင်နာ ကိုက်ခဲခြင်း၊ ကူပါ၊ ကယ်ပါ၊ တစာစာနှင့်အိပ်ရာထက်မှာ တခွေ ခွေနှင့် အိပ်စက်နေရတာလဲ သက်သာရာမရှိ ဆင်းရဲအတိ ဖြစ် ခြင်းကြောင့် "ဗျာဓိ" ဒုက္ခလို့ ခေါ်ပါသည်။

မချမ်းသာ ကျင်နာခံခက်၊ မသက်မသာ၊ ဗျာဓိမီး ကျူးရောက်လာပြီလား ဆိုလျှင်ဖြင့် ရုပ်နှင့်နာမ် အိုးစားကွဲ သေပွဲဝင် ရတာလဲ လွန်စွာ ဆင်းရဲခြင်းကြောင့်၊ "မရဏဒုက္ခ" လို့ ခေါ်ပါသည်။

မိမိတို့ ချစ်ခင် နှစ်သက် စုံမက်မြတ်နိုးသော သူများနှင့် တမိုးတအိမ်တည်း မနေရ၊ ရပ်ရွာ နယ်ပယ် ခြားရှ ဓကွဲကွင်းရခြင်း သည်လည်း ဆင်းရဲလှ၍ 'ပိယေဟိဝိပ္ပယောဂဒုက္ခ' ဟု ခေါ်ပါသည်။

မချစ်ခင် မနှစ်သက်။ မစုံမက်သောသူများနှင့် တမိုးတရံ တအိမ်တည်း နေရခြင်းသည်လည်း လွန်စွာ ဆင်းရဲတိ ကြောင့် 'အပ္ပိယေဟိ သမ္ပယောဂ ဒုက္ခ' လို့ ခေါ်ပါသည်။

မိမိတို့ လိုတာမရ၊ ရတာမလို ဖြစ်ရခြင်းသည်လည်း အလိုမရှိအပ်၊ မနှစ်သက်အပ်သော သဘောဖြစ်ခြင်းကြောင့် 'ယဒိစ္ဆိတ ဒုက္ခ' လို့ ခေါ်ပါသည်။

ဤသို့ ဆိုအပ်ခဲ့ပြီးသော ဒုက္ခအပေါင်းသည်၊ အကျိုး ဒုက္ခများဖြစ်ပါသည်။ ၎င်းဒုက္ခများကို ဆင်ခြင်မှု အသိပြုနေကာမျှနှင့် အဆုံးမပြုတ်၊ ဒိဋ္ဌိက ငုတ်တုတ် ဖြစ်နေဦးမည်၊ အကြောင်းကို ဆိုသော် ထိုထို ဒုက္ခများသည် နဂိုဒုက္ခမဟုတ်ဘဲ အပိုဒုက္ခတွေ ဖြစ်နေခြင်းကြောင့် (တနည်းအားဖြင့်)မိမိက လုပ်ယူသော ဒုက္ခတွေ ဖြစ်နေသောကြောင့်တည်း။

ထိုမှ တဆင့်တက်၍ ဒုက္ခဖြစ်နိုင်သည့် သဘောတို့ကို စိစစ်ချက်ထုတ်လိုက်သော် "ပိဠနဒုက္ခ၊ သင်္ခတဒုက္ခ၊ သန္တာပဒုက္ခ၊ ဝိပရိနာမဒုက္ခ" ဟူ၍ တွေ့ရပြန်ပါသည်။ ၎င်းသဘောသွားများကို အမိဘာသာဖြင့် ပြောက၊ ပိဠနဒုက္ခ ဆိုသည်မှာ သင်္ခတနယ်ဖွားပရမတ်ရုပ်နာမ်များတို့သည် ဥပါဒ်ဌီဘင်ဟု ဆိုအပ်သော ဖြစ်-တည်၊ ပျက် ခဏငယ် သုံးချက်တို့ဖြင့် အမြဲတမ်း နှိပ်စက်ခံရသဖြင့် သက်သာရာမရ၊ ထောက်တည်ရာမရှိ ဖြစ်နေတတ်ကြောင့် 'ပိဠနဒုက္ခ'လို့ ခေါ်ပါသည်။

"သင်္ခတဒုက္ခ" ဆိုသည်မှာ ရုပ်-နာမ်လို့ အသမုတ်ခံရသည့် သဘောတရား မှန်သမျှတို့သည်၊ ပဋိစ္စသမုပ္ပါဒ်ကျင့် အကြောင်းတရားများ ပြည့်စုံ၍၊ အချိုးအစား ညီမျှသည့်အခါမှာ၊ မဖြစ်ခြင် မနေသာ ဖြစ်ဖြစ်နေရ သဘာဝကြောင့် အကြောင်းတရားတို့၏၊ ပြုပြင်တိုက်ခတ်မှုကို မပြတ်သာအောင် ဒလစပ်ပမာ ခံနေရတာကြောင့် သက်သာရာမရှိ ဆင်းရဲအတိဖြစ်ရတာကို 'သင်္ခတဒုက္ခ' လို့ ခေါ်ဆိုပါသည်။

သန္တာပဒုက္ခ ဆိုသည်မှာလည်း အကြောင်းရင်းကို ဆန်းစစ်စေတာန် အမြေမှန်ကို ရှာလိုက်တော့၊ မိမိတို့ အတိတ်က ပြုလုပ်ခဲ့သည့် ကောင်းကံ၊ မကောင်းကံ၊ အတန်တန်သော အရှိန်စွမ်းနှင့် ယခုပစ္စက္ခ မျက်မှောက်ကာလမှာ အားထုတ် ပြုလုပ်မှု အရှိန်စတို့ကြောင့် ရုပ်တဖွားဖွား နာမ်တဖွားဖွား ဒိတ်ဒိတ် သိမ့်သိမ့် ရှုရှုမှုမှုဆို ထိုထို ဖြစ်ပျက်သဘောတို့၏ ဖိစီး နှိပ်စက်မှုကြောင့် အငြိမ်မနေ အိမ်ငြိမ်မရ အဖန်ဖန် ပူလောင်နေရခြင်းသည် "သန္တာပဒုက္ခ" လို့ ဆိုပါသည်။

ဝိပရိဏာမ ဒုက္ခဟူသည်၊ ရုပ်-နာမ်တို့သည် အချိုးအစား ညီမျှ၍၊ အလိုပြည့်ဝသည့် အခါမှာ၊ ချမ်းသာသရောင် အထင် ကြောင်လိုက်-အချိုးအစား မညီမျှ၍ အလိုမပြည့်သည့်အခါမှာ ဆင်းရဲသလို အထင်ပိုလိုက်၊ ဤကဲ့သို့ အမျိုးမျိုး ပြောင်းလဲကာ ဖေါက်လှဲ ဖေါက်ပြန် အဖန်ဖန် ဖြစ်နေရခြင်းကို ဝိပရိဏာမဒုက္ခ လို့ ဆိုပါသည်။

ဤသို့ပြခြား—သချ်ာ အရေအတွက်အားဖြင့် လေးမျိုးလေး စားရှိသော ဒုက္ခစုသည် ပရမတ်ဒုက္ခ-အကျိုးဒုက္ခများသာ ဖြစ် ပါသည်။ ထိုထိုဒုက္ခများကို လက္ခဏာယဥ်တင်ဆင်ခြင်မှု ဘယ် လိုပင်ပြုသော်လည်း အစွဲမပြုတ် ဥပါဒါန် မယုတ်နိုင်ပါ၊အဘယ် ကြောင့်ဆိုသော် ပြအပ်ခဲ့ပြီးသော ဒုက္ခများသည် လောကီနယ် သား ပုထုဇဥ်များပင် သိနိုင်သော တရားများဖြစ်ခြင်းကြောင့် တည်း။ တနည်းအားဖြင့်ဆိုသော်၊ ၎င်းဒုက္ခများသည်။လောကီ နယ်မှ အဋ္ဌာရနှင့် ဥဒကတို့သိသော တရားဖြစ်သောကြောင့် တည်း(ဝါ)မိမိတို့က လုပ်ယူသော အပိုဒုက္ခများဖြစ်၍ ဥပါဒါန် မပြုတ်ကြပါ။

ဒုက္ခဟူသည် လုပ်မယူရကြောင်း ဒေသနာ ယူတ္တိနှင့် ဟပ်ပြ ရလျှင်၊ 'ဒုက္ခမေ ဝတ္တိနောဒုက္ခ ကိရိယာဝ နကာရကောစသည့် ဗုဒ္ဓဘာသိတကို ဉာဏ်မြင်ရှင်းစေရာ၏။ ဤသာသနာတော် အလို၌။ ဒုက္ခမေဝ၊ ဆင်းရဲသက်သက်သည်သာလျှင် အတ္တ၊ ထင်ရှားကေန် အမှန်ရှိ၏၊ ဒုက္ခ၊ဆင်းရဲတတ်သော ပုဂ္ဂိုလ်သတ္တဝါ

သည်။ နေ့အတ္တ၊ မရှိ။ ကိရိယာ၀၊သမ္ဒယသစ္စာသည်သာလျှင် အတ္တ၊ ကေန်အမှန်ရှိ၏။ ကာရကော၊ ပြုပြင်တတ်သော ပုဂ္ဂိုလ် သတ္တ၀ါသည်၊ နတ္တိ၊ မရှိ။

ယောဂီများ သတိကြီးကြီးထားရန် အချက်ကတော့-ယနေ့ မျက်မှောက်ကာလသည်၊ သညာသိ၊ ဝိညာဉ်သိမျိုးဖြင့်။ ဒုက္ခ, ဒုက္ခနှင့် နှုတ်ကရမ်းပြီး တ,နေရမည့်ကာလမျိုး မဟုတ်တော့ပါ။ တိုးတက်သော အမြင်နှင့် သစ်လွင်သော အသိကို အရှိထား၍ မှန်ကန်သောတရား၊ လက်ကိုင်ပြုရမည့် ကာလကြီးဖြစ်သည်ဆို တာ မျက်ခြေမပြတ်သင့်ပါ။

ထို့ကြောင့် တိုးတက်သော အမြင်နှင့်သစ်လွင်သော အသိ၊ မှန်ကန်သောတရား၊ လက်ကိုင်ထားနိုင်ရန် စစ်မှန်သော ဒုက္ခ၊ အကြောင်းဒုက္ခ၊ နဂိုဒုက္ခကိုအပိုအလိုမရှိ ပကတိအနေကို တဖန် ထပ်၍ပြဦးမည်။ မရလျှင်မနေ မသိလျှင်မပြီးဆိုတဲ့အသိနှင့် ပွား များရှုကြည့်စေဘန်သုံးသပ်,သုံးတသနအထပ်ထပ်ပြုရာ၏။

အကြောင်းဒုက္ခ၊ နဂိုဒုက္ခ-အဓိပ္ပါယ်နယ်မှ သိအပ်သည့် ဒုက္ခ ဆိုသည်မှာ အထက်တွင် ပုံစံဖြင့်ပြခဲ့သော မနော၀ိညာဉ်နှင့်တကွ အရှုခံရ မျှော့အာရုံမှန်သမျှ, ရုပ်,နာမ်ဓမ္မတို့သည် သခ်တနယ်မှာ ပတ်ဝန်းကျင် အကြောင်းတရားတွေ စုံညီသည့်အခါ ဖြစ်လိုက်၊ ပတ်ဝန်းကျင်အကြောင်းတရားတွေ မစုံညီသည့်အခါပျက်လိုက် နှင့် ဖြစ်နေကြပါသည်။

ဤကဲ့သို့ သင်္ခတနယ်ဖွား ရုပ်,နာမ်များတို့သည်ဘာကြောင့် ဖြစ်ပြီးပျက်နေကြသလဲလို့*တဆင့်ကက်၍ ဝေဖန်မှုပြုတော့ ပင်ကိုယ်က တခုချင်း မဖြစ်နိုင် မပျက်နိုင်ပြည့် တရားဘွေ ဖြစ်ခြင်းကြောင့် ဖြစ်ဖြစ်ပြီး ပျက်သွားရတာပါ (ပါ) တခုချင်း အလိုဖြစ်နိုင်မှုအားမရှိ၊မူလကပျက်သည့် သင်္ခတတရားဖြစ်သည်ဆိုတာ ဉာဏ်အားဖြင့် ပွေ့ရပါသည်။

ထိုကဲ့သို့ အရှုခံရ ရှေ့အာရုံမှန်သမျှတို့သည် နဂိုမူလ ပင်ကိုယ်သဘာဝအားဖြင့် ပျက်နေကြသည့် အသင်္ခတဓမ္မများ ဖြစ်ကြသည်ဆိုတာ မည်သူကပြောလို့ သိကာလဲလို့ ဆန်းစစ် ဝေဖန် အဖြေမှန်ရှာလိုက်တော့ ဝိပဿနာရှုသည့် ဝိပဿနာစိတ်ကပြောလို့ သိရပါသည်လို့ အဖြေရှိပြန်သည်။

ဝိပဿနာစိတ်က ပြောလို့ သိပါသည်ဆိုတော့ ၎င်းဝိပဿနာစိတ်ကကော သိနိုင်ရှုနိုင်ပါသလားလို့ စစ်ချက်ထုတ်ပါက, ဖြစ်ရပ်မှန်တွေ ရတာ က တော့ မူလကတည်းက မဖြစ်မပျက်သည့် အသင်္ခတတရားကလည်းရှိရခြင်း၊ ၎င်းမူလရှိ အသင်္ခတတရားကို ဟုတ်တိုင်းမှန်စွာ ဟောကြားပြသနိုင်သည့် သဗ္ဗညုရိုသသံဘေဝ ဆိုတဲ့ ဆရာက ဟောကြားသည်ကိုလည်း နာခံမှတ်သားရခြင်း၊ နာကြားရသည့် အမှန်ဓမ္မကိုလည်း ကိုယ်ပိုင်ဉာဏ်နှင့် လက်ခံဆင်ခြင်နိုင်ခြင်း၊ ထိုထိုအကြောင်းရင်တွေ ပေါင်းသင်း စုံညီမှ ဝိပဿနာစိတ်က ရှုနိုင်သိနိုင်ပါသည်။

No.27

အမှန်ကတော့ ကြောင်းကျိုးဆင်ခြင်ပညာမြင်နှင့် အဖြေမှန်ရှာလိုက်ပါက ဝိပဿနာစိတ်ကိုယ်ဘိုင်ကလည်း အကြောင်းရင်းတွေနှင့်ကင်းပြီး တခုချင်းအလိုဖြစ်နိုင်သည့်အားမရှိ၊ မူလကပျက်နေသည့် အသင်္ခတ တရားမျှသာ ဝိပဿနာ ရှုပါသည်ဆိုတဲ့ ဝိပဿနာစိတ်ကလည်း အရှုခံ ရုံ ရှေ့ အာရုံ ကွေ့ ရဲ့ နည်းတူမူလ အသင်္ခတတရားဖြစ်ပါသည်။အမှန်ကတော့ အရှုခံရ၊အသင်္ခတနှင့် ရှုတတ်ပုံပြ အသင်္ခတရယ်လို့သာ ထူးပါသည်။ ပကတိသဘောကတော့ "ဧကော–ခမ္မော" ဆိုသည့် အသင်္ခတတမျိုးတည်းသာ ဖြစ်ပါသည်။

ရှုအပ်သည့်သဘောနှင့် ရှုတဘ်သည့် သဘောမှန်သမျှတို့သည် နဂိုမူလ ပင်ကိုယ်သဘာဝအားဖြင့် အသင်္ခတဓမ္မတွေ ဖြစ်ခြင်းကြောင့် သက်သာရာ ထောက်တည်ရာမရှိ၊ အစဉ်ထာဝရဆင်းရဲ အဘိသာဖြစ်ခြင်းကြောင့် သင်္ခါ ဒုက္ခ လို့ ဆိုပါသည်။ ၎င်းအခ်တနယ်မှာ တွေ့ရသည့် အနိ္ဒရ ဒုက္ခသည်သာလျှင် သစ္စာထိုက်၍ ကြွင်းကျန်သော ဒုက္ခများသည် သစ္စာ မထိုက်သည့် အကြောင်း ဒေသနာယုတ္တိ ထုတ်ညှိ၍ ပြရမည်ဆိုလျှင် 'ဒုက္ခသစ္စံ အသင်္ခတံ့ အာမန္တာ ဒုက္ခံ အသင်္ခတံ့ နဟေဝံ ဝတ္တဗ္ဗေ"........ ကျမ်းလာ စကား ထင်ရှားရှိပါသည်။ ကျမ်းထွက် စာသွား ဗုဒ္ဓဘာသိတ ဖြစ်တဲ့ စာဂဓစကားကို အမိဘာသာဖြင့် ပြန်ကြားမူ။

ဒုက္ခသစ္စံ၊ ဒုက္ခသစ္စာသည်(ဝါ) သစ္စာထိုက်သည့် ဒုက္ခသည်" အသင်္ခတံ၊ အသင်္ခတတရားဖြစ်ပါသလော။ ဣတိ၊ ဤသို့ မေးခဲ့သည် ရှိသော်။ အာမန္တာ၊ ဟုတ်ပါပေ၏ မှန်ပါပေ၏ဟု ဝန်ခံ

ရာ၏။ ဒုက္ခံ၊ ဒုက္ခအပေါင်းကို(ဝါ)ကာယိက ဒုက္ခ စေတသိက ဒုက္ခဆိုသည့် အကျိုးဒုက္ခ အပေါင်းကို။ အသင်္ခတံ၊ အသင်္ခတ တရား ဖြစ်ပါသလော၊ (ဝါ) သစ္စာတိုက်သည့် ဒုက္ခ ဖြစ်ပါသလော။ ဣတိ၊ ဤသို့ မေးခဲ့ဘည်ရှိသော်။ နခေါ ဟာဝံ ဝတ္တဗ္ဗေ၊ဤသို့ လည်းမဟုတ်သဖြင့် ဟုဆင့်ပါပေ၏ ဟူ၍ ဝန်မခံရာ။

ဆိုလိုရင်း အဓိပ္ပာယ် အကျဉ်းချုပ်ကတော့ ရှုတတ် ရှုခံ ထို နှစ်တန် သောတရားတို့သည် ပင်ကိုယ်ပကတိ အားဖြင့် အသင်္ခတ တရားများဖြစ်ခြင်းကြောင့် မပေါက်မပြန်၊သက်သာရာ ထောက် တည်ရာမရှိသည့် အနေဖြင့် အစဉ်ထာဝရ ဖြစ်ရှိကာ နေခြင်းသည် သင်္ခါရဒုက္ခ ဖြစ်၏။ ၎င်း သင်္ခါရ ဒုက္ခသည်သာလျှင် သစ္စာတိုက် သည်လို့ ဆိုပါသည်။ကြွင်းကျန်သော ကာယိကဒုက္ခ။ စေတသိက ဒုက္ခဆိုသည့် အကျိုးဒုက္ခ၊ အပိုဒုက္ခများကား ပေါက်လွဲပေါက် ပြန် တသမတ်ထည်း မမှန်၍သစ္စာမထိုက်လို့ ဆိုပါသည်။

ထို့ကြောင့် အပိုဒုက္ခ၊ အကျိုးဒုက္ခတွေကို အလုပ် လုပ်မှုနှင့် အချိန် မကုန်လွန်စေမူ၍ နဂိုဒုက္ခ ဖြစ်သည့်(ဝါ)သစ္စာတိုက်သည့် သင်္ခါရ ဒုက္ခကို ကိုယ်တိုင် ထိုးထွင်း၍ ဉာဏ်မြင် ရှင်းအောင်-

"ဥဂ္ဂဟဏ၊ ပရိပုစ္ဆာ သဝန ဓါရဏ ပစ္စဝေက္ခဏာနိ"စသည် ဖြင့် ဗုဒ္ဓဘာသိတ လာရှိသည့်အား လျော်စွာ ခန္ဓာဓာတ် အာယ တနစသည်တို့ကို သိကျွမ်း လိမ်မာအောင် သင်ယူမှတ်သားခြင်း၊ အဖန်ဖန် မေးမြန်း၊ အတန်တန် နာကြား မပြတ်ဆောင်ထား၍ ဉာဏ်ဖြင့် သက်ဝင်ပြီး ရှုကြည့် ဆင်ခြင် ဝေဖန် ဉာဏ်ရင့်သန်စေ ရာ၏။

ယောဂီ.... ဓမ္မာရုံဆိုသည့် အကြောင်းတရားများကို ဘေးမှာ ဖယ်ထား၍ မည်သည့်ကမ္ဘာ မည်သည့်ဘဝမှ မရဘူး၊ မသိဘူး သေးသည့် အမှန်တရားခေါ် သစ္စာလေးပါးတရား သဘော သွားကို ဉာဏ်အမြင်ရှင်း၍ အသိ လင်းသွားအောင် ဂရုပြု၍ ကြည့်ရှုလိုက်စမ်းပါ။

သစ္စာတရားကို သိလိုကြသည့် ယောဂီတွေ "သစ္စာ" ဟူသည် ဘာလဲဆိုက သစ္စာဆိုတာ "မှန်တာ" ဟု ဖြေရ သိရပါမည်။ဘာ တွေ မှန်တာလဲ အမှန်တရားက ဘယ်နှစ်ပါး ရှိပါသလဲလို့ ထပ် ဆင့်၍မေးမြန်းပါက—

"စတ္တာရိ အရိယသစ္စာနိ ဒုက္ခံ အရိယသစ္စံ
ဒုက္ခသမုဒယံ အရိယသစ္စံ ဒုက္ခနိရောဓံ အရိယသစ္စံ
ဒုက္ခနိရောဓ ဂါမိနီ ပဋိပဒါ အရိယသစ္စံ" ဆိုသည့် ကျမ်း လာစကား ဒေသနာဟုတ္တံ ထင်ရှားစွာရှိပါသည်။

အမိဘာသာဖြင့် ပြန်ဆိုသော်.... ဘိက္ခဝေ၊ နိဗ္ဗာန်ရောက်ရန် နည်းလမ်းမှန်ကို ရှာကြံပါကြသော ရှင်ရဟန်းများတို့။ စတ္တာရိ၊ လေး ပါးကုန်သော။ အရိယသစ္စာနိ၊ အရိယာများ သိအပ်သော သစ္စာ တရားတို့သည်။ ကတမေ၊ အဘယ်သည်တို့နည်း ဟူမူကား။ ဒုက္ခံ၊ ရုပ်-နာမ်ဒုက္ခသည်။ အရိယသစ္စံ၊ အရိယသစ္စာမည်၏။ဒုက္ခ သမုဒယံ၊ ဒုက္ခဖြစ်ရန် အကြောင်းသည်။အရိယသစ္စံ၊အရိယသစ္စာ မည်၏။ ဒုက္ခနိရောဓံ၊ဒုက္ခ၏ ချုပ်ရာသည်။ အရိယသစ္စံ၊ အရိယ သစ္စာမည်၏။ ဒုက္ခနိရောဓဂါမိနီ ပဋိပဒါ။ ဒုက္ခ၏ ချုပ်ရာသို့

ရောက်စေတတ်သောမဂ္ဂင်ရှစ်ပါး အကျင့်တရားသည်။အရိယသစ္စာ အရိယာသစ္စာမည်၏။

ဘာတွေမှန်၍ အမှန်တရားက ဘယ်နှစ်ပါးရှိပါသလဲဆိုသည့် အမေးကို ဒေသနာကိုး၍ သဘော သရုပ်ကို အဖြေထုတ်လိုက်တော့ ဆင်းရဲဖြစ်တာမှန် ဒုက္ခသစ္စာ၊ ဆင်းရဲ ဖြစ်ကြောင်း မှန် သမုဒယသစ္စာ၊ ဆင်းရဲချုပ်တာမှန်၊ နိရောဓသစ္စာ၊ ဆင်းရဲချုပ်ကြောင်း အကျင့်မှန်မဂ္ဂသစ္စာတို့ ဖြစ်ကြပါသည်။

ထိုလေးပါးသော အမှန်လေးချက်၊ သဘောနက်ကို မပင်မပန်း ဘဝင်ချမ်းမြေ့စွာနှင့် အသိရှင်း၍ ဉာဏ်မြင်လင်းအောင် အထက်တွင် ပုံစံနှင့် ထုတ်၍ ပြအပ်သော မနောဝိညာဉ်သိစိတ် နာမ်ပရမတ်ကို သာဓကထားပြီး သဘာဝသစ္စာ၊ သဘောတရား သစ္စာလို့ သဘာဝဘက်က သစ္စာတပ်ပုံ၊ ပုဂ္ဂိုလ်ဘက်က သစ္စာ ဘပ်ပုံတို့ကို ခွဲခြား၍ ပြပါမည်။ ထိုသဘာဝသစ္စာ၊ သဘော တရားသစ္စာ နှစ်ပါးတွင်လည်း၊ သဘာဝ သစ္စာကို ရှေးဦးစွာ ပြပါအံ့။

## "ဒုက္ခ သစ္စာ ဟူသည်"

နာမရူပ ဒုက္ခသစ္စ....ကျမ်းဂန်စကား အရင်းခံထား၍ သဘောသကန် အယူမှန်အောင်ပြရလျှင်၊ ရုပ်, နာမ် နှစ်ပါးသည်, ဒုက္ခသစ္စာဖြစ်၏။ (၀၁)ဆင်းရဲတာမှန်သည်လို့ ဆိုတော့ ဘယ်ပုံ ဘယ်နည်း ဆင်းရဲပါသနည်းဟူမူ မနောဝိညာဉ် နာမ်ပရမတ်သည် ပစ္စုပ္ပန်ကာလ မျက်မှောက်ခဏမှာ(၀၁)သခ်တနယ်မှာ၊ ဖြစ်ခွင့်

ကြုံလို့ဖြစ်ရပါက ပါတ်ဝန်းကျင် အကြောင်း ခေတ်တွေ နှင့် ပေါင်းစပ်ရမှ(ဝါ)ပတ်ဝန်းကျင် အကြောင်းတရားတွေ စုံညီ၍ အချိုးအစားညီမျှမှ ရုပ်၊နာမ်အနေနှင့် ဖြစ်ပေါ်ဆောင်တည် ယောင်ပြ၍ လောကနယ်သား လူအများက ဖြစ်တယ်လို့ယူ ရတာမှန်ပါသည်။ အမြဲဝ်ရှင်း အကြောင်းယင်းသည့် အသခ်တ နယ်မှ သမ္မာဉာဏ်ဦးစီးပြီး ကြည့်မည်ဆိုလျှင် မနောဝိညာဉ်သိ စိတ်နာမ် ပရမတ်သည်သူ့တခုချင်းအလို မားမားမတ်မတ် ရပ် တည်နိုင်သည့်သဘော ဖြစ်နိုင်ပျက်နိုင်သည့်သဘောမရှိ၊ မူလက ပျက်နေသည့် အသခ်တ တရားဖြစ်ပါသည်။

သခ်တနယ်မှာ—ရုပ်၊နာမ်အနေနှင့် ဖြစ်ယောင်ဆောင် တည် ယောင်ပြသနေသည့် မနောဝိညာဏခေတ်၊ သိစိတ်နာမ်ပရမတ် သည် ဝိပဿနာဉာဏ်ယှဉ်၍အနုတ်လက္ခဏာအနေနှင့်ကြည့်ပါက တခုချင်းအလိုအရ ဖြစ်ချင်ပါသည်လို့ တောင့်တလို့မရ၊တဖန် အပေါင်းလက္ခဏာပြ၍ အကြောင်း တွေ စုံ ညီ ပြန်တော့ လည်း မဖြစ်ချင်ပါလို့ ကန့်ကွက်၍မရ၊ ဘယ်အနေနှင့် ကြည့်ကြည့်၊ ဘယ်အသိနှင့် ရှာရှာသက်သာရာ ထောက်တည်ရာ လဲလျှောင်း ပုန်းအောင်းရာဟူက အနည်းအပါးမျှ မရှိ၊ ဆင်းရဲအတိ ဖြစ်ရှိ နေတာ မှန်ခြင်းကြောင့် ဒုက္ခသစ္စာလို့ သိရာယူရာ၏။

## "သမုဒယသစ္စာ ယူဆဟန် သဘောကား"

"ယံကိဥ္စိသမုဒယဓမ္မံ-ကျမ်းဂန်စကား ဒေသနာယူတ္တိအင်း ခံထား၍မနောဝိညာဉ်နာမ်ပရမတ်သမုဒယသစ္စာဖြစ်ပုံကို ရုပ်လုံး

ပေါ်ရမည်ဆိုလျှင် ယံကိဉ္စိ၊ အလုံးစုံသော သဘောတရား ဟူသမျှသည်။ သမုဒယဓမ္မံ၊ ပတ်ဝန်းကျင် အကြောင်းတရား များနှင့်အတူ ဖြစ်ကြရ၏။

ယောဂီ—အလုံးစုံသော သင်္ခါတနယ်ဖွား ပရမတ်၊ ရုပ်၊ နာမ် သဘောတရားဟူသမျှတို့သည်ပတ်ဝန်းကျင်အကြောင်းတရားနှင့် တကွ ဖြစ်ကြသည်လို့ ဒေသနာယတ္တံ ကျမ်းလာစကားရှိတော့ ဟုတ်—မဟုတ်၊ မှန်—မမှန်--အထက်တွင် ပုံစံနှင့်ပြခဲ့သောသင်တို့ ၏ မနောဝိညာဉ် သိစိတ်နာမ်ပရမတ်ကို ဖြစ်မဖြစ်၊ ထိုစံနစ်ကို စစ်ချက်ထုတ်လိုက်တော့ မနောဝိညာဉ်ဘဲ၊ သိစိတ်ဘဲ၊ ခေါ်စရာ ဖြစ်ပေါ်ကြုံကြိုက် ထိုအခိုက်မှာ ကြောင်းကျိုးဆင်ခြင်ပညာမြင် ဖြင့် ဝေဘန်သမှုသုတေသနပြုတော့(၁)ဟဒယဝတ္ထုခေါ် နှလုံး သွေးအကြည်ကောင်းရခြင်း။ (၂)မဓနာဒွါရခေါ် လက္ခံစိတ် ကလည်းရှိရခြင်း၊ (၃)ဓမ္မာရုံခေါ်သဘောတရား—အဟောင်း တရားကလည်း ပါဝင်ရခြင်း။ (၄)မနသိကာရခေါ်--နှလုံးသွင်း ကလည်းရှိရခြင်း။ ဤကဲ့သို့မနောဝိညာဉ်ဖြစ်ရခြင်း အကြောင်း ရင်းတွေကို သန္ဒိဋ္ဌိကအားဖြင့် တွေ့ရပါသည်။

မနောဝိညာဉ်ဖြစ်ရမှုသုတေသနပြုတော့ နှလုံးသွေး အကြည် အစရှိသည့် လေးပါးသော အကြောင်းရင်းတွေကို မငြင်းသာ အောင်တွေ့ရပါသည်။ထို့ကြောင့်မနောဝိညာဉ်၏သမုဒယကား• နှလုံးသွေးအကြည်အစထား၊ လေးပါးသောအကြောင်းသည်သာ ဘယ်မှ မပြောင်းကောင်းကောင်းကေန် ရှိချိုးမှန်သည် မှတ်ရန် သမုဒယ ဖြစ်ကြောင်းတည်း။

## "နိရောဓသစ္စာသဘောသွားယူဆဟန်ကား"

သဗ္ဗံ တံ နိရောဓ ဓမ္မံ.... ကျမ်းလာ စကား အကိုး ထား၍ နိရောဓ သစ္စာ သဘောကို အပြောအဟော ထုတ်ရသော် တံ သဗ္ဗံ၊ ထိုဖြစ်ယောင်ဆောင် တည်ယောင်ပြသည့်သဘောတရား ဟူသမျှသည်။ နိရောဓ ဓမ္မံ၊ ချုပ်ငြိမ်းခြင်း သဘောရှိ၏။

ယောဂီ--ဖြစ်ယောင်ဆောင် တည်ယောင်ပြသည့် အလုံးစုံသော သဘောတရားဟူသမျှသည် ချုပ်ခြင်းသဘောရှိ၏။ ကျမ်းလာရှိစကား ကိုယ်ပိုင်ဉာဏ်ယှဉ်ပြီး သတိပြု၍ ကြည့်ရှုပါလော့။ နိရောဓသစ္စာသဘော လိုရာကိုတည့်တည့်ကြီးပြောလိုက်ပါမည်၊

အလုံးစုံသော သဘောတရား ဟူသမျှချုပ်ခြင်း သဘောရှိပါသည်ဆိုသည့် ကျမ်းလာစကားကို သဘာဝနှင့်ဟပ်၍အပြောအဟောထုတ်လိုက်ပါက—မနောဝိဉာဉ်နာမ် ပရမတ်သည်၊ ပတ်ဝန်းကျင်အကြောင်းတွေနှင့် ကင်း၍၊ တခုခြင်း အလို ဖြစ်နိုင်တည်နိုင်သော အားအစွမ်းမရှိ, ဖြစ်နေဘိသို့ ပတ်ဝန်းကျင်များအကြောင်းတရား တွေကလည်း အကျိုးရဲ့နည်းတူ တခုချင်းတခုချင်းဖြစ်နိုင်သည့် အတ္တသတ္တအလျှင်းမရှိ၊ ဖြစ်စေသမှုကျေးဇူးပြုနိုင်သည့် အတ္တနိယသတ္တ၊ ဆိတ်သုဉ်း၍ နေ ငြား သဘောသွားကို အသိပိုင်မှု ဉာဏ်နှင့်ရှုပါလော့။

ဤကဲ့သို့ အကြောင်းတရား အကျိုးတရားတို့ ကိုယ်ပိုင်အာမရှိ၊ ဆိတ်သုဉ်းနေဘိကြောင့် တခုချင်းတခုချင်းအလို ဖြစ်နိုင်မှု

အားမရှိ၍၊ မဖြစ်သည့် သဘောကို နိရောဓဖြစ်သည့်အကြောင်း ထပ်လောင်း၍ ဒေသနာယုတ္တိ ထုတ်ညွှန်ကာပြရလျှင်၊ နိရောဓေါ ဟောတိတိ အနုပ္ပါဒေါ ဟောတိလို့လာရှိပါသည်။ နိရောဓေါ၊ သဘောတရားမှန်သမျှ ချုပ်ငြိမ်းနေရခြင်းသည်။ ဟောတိ၊ မှချ မသွေဖြစ်ရပေ၏။ ဣတိ၊ ဤသို့ဆိုခြင်းသည်။အနုပ္ပါဒေါ၊မဖြစ် သဘောကို ဆိုလိုသည်၊ ဟောတိ၊ ဖြစ်၏။

ယောဂီများ ဉာဏ်စေ၍ နိရောဓသစ္စံ သဘောမှန်ကို လိုရင်းထုတ်၍ အကျဉ်းချုပ်အားဖြင့် မှတ်ရမှာကတော့ မနော ဝိညာဉ် နာမ်ပရမတ် ကြောင်းကျိုး တရား ထိုနှစ်ပါး တို့ သည်။ အတ္တသတ္တ အတ္တနိယသတ္တံ မရှိကြပါ သဖြင့် မဖြစ်နိုင်ကြ တဲ့ သဘာဝကို။ နိရောဓတဲ့ ချုပ်ငြိမ်းတဲ့ မလွဲမချ ခေါ်ဆိုရသည် မှန်ကြောင်းသစ္စာ နိရောဓတည်း။

## "မဂ္ဂသစ္စာ ယှဉ်ဆပုံ သဘောသွား"

နိရောဓ ပဇာနန မဂ္ဂသစ္စံ....ကျမ်းလာ စကား အရင်းခံ ထား၍ မဂ္ဂသစ္စာသဘောကို အဟောအပြောထုတ်မည်ဆိုက--နိရောဓ ချုပ်ငြိမ်းရာအမှန်။ နိရောဓသစ္စာကို။ပဇာနန၊ကိုယ်တိုင် ကိုယ်ပိုင် ကျပ်ပြည့် သိခြင်းသည်။ မဂ္ဂသစ္စံ၊ မဂ္ဂ သစ္စာ မည်၏-

မဂ္ဂသစ္စာ—ဟူသည်မှာ နိရောဓ သစ္စာကို ဟုတ်တိုင်း မှန်စွာ အကြွင်းအကျန်မရှိ ကုန်စင်အောင် သိတဲ့သဘောကို မဂ္ဂသစ္စာလို့ ခေါ်ဆိုပါသည်။ ဿိဟန်ကား မနောဝိညာဉ်နာမ်ပရမတ်သည်၊ ပတ်ဝန်းကျင်အကြောင်းတွေ စုံညီသည့်အခါမှာ သခ်တသဘော

မှာတည်၍ အကြောင်းတရားများ မပြည့်စုံသည့် အခါမှာ ဖြစ် ယောင်ဆောင် တည်ယောင်ပြုနိုင်သည့်အားမှ ဆိတ်သုဉ်းနေ သည့် အသင်္ခတမှာ ဆုံးခမ်းဝင်နေတာတွေ့ရပါသည်။

အနှုန်ကဆတ္တ မနောဝိညာဉ် နာမ်သိဓာတ်၊ ကြောင်းကျိုး ပရမတ်တို့သည် တခုချင်းအလိုဖြစ်လို့မှု အတ္တသတ္တ ၊ဖြစ်စေသူ့ ကျေးဇူးပြုနိုင်သည့် အတ္တနိယသတ္တများမှ ဆိတ်သုဉ်း ချုပ်ငြိမ်း နေသည့် နိရောဓ ဓမ္မတွေ့ပါလားလို့ ကျပ်ပြည့်သိလိုက်၏။

ဤသို့သိသွား သဘောသွားကို မဂ္ဂလို့ပင် အမည်တွင်၏။ သိကြောင်းမှန်ပြား သဘောသွားကို အမည်သညာ ခေါ်ဆိုရန် ကား ဉာဏလို့ပင် အပြောတွင်၏။

ဤသည့်နှစ်တန် ပေါင်းစပ်ပြန်က မဂ္ဂသစ္စာဖြစ်လို့လာသည် မဟော်ကဝိသိကြောင်းတည်း။

ယခုပြဆိုခဲ့သည့် သစ္စာလေးပါးသည် သဘာဝနယ်မှတွေ့ရ သော သစ္စာတရားများဖြစ်ပါသည်၊ မည်သည့် ရုပ်,နာမ် မဆို သဘာဝနယ်မှာ အပြောမတတ်သော်လည်း သဘောဓာတ်အား ဖြင့် သစ္စာ လေးပါး အနေနှင့် ဖြစ်ရှိကာနေပုံကို ဉာဏ်ငုံကာ သိကြပါလေ။

သဘာဝသစ္စာကိုပြပြီး၍ ပုဂ္ဂိုလ်ဘက်မှ သိအပ်သည့် သဘော တရားသစ္စာကို တိုတိုကျဉ်းကျဉ်းနှင့် လိုရင်းကို ထုတ်၍အပိုအလို မရှိ၊ ပကတိ အနေကို ကိုယ်ပိုင်ဉာဏ် ယှဉ်သူများ အသိမှား အောင်ရေးဦးအံ့။

## 'သဘောတရားခေါ် ပုဂ္ဂိုလ်ဘက်မှ သစ္စာလေးပါးယူဆပုံ

ရုပ်,နာမ်ပရမတ်တို့ကို သဘာဝသစ္စာ ဆိုက်သည့်အခြေအထိ ပြဆိုပြီး၍ ယခုအခါ သဘောတရား ဘက်ခေါ် ပုဂ္ဂိုလ်ဘက်မှ သစ္စာလေးပါး ယူဆဟန်သဘောသရုပ်ကို အပြောအဟောထုတ်၍ ရေးသားရုပ်လုံးဖော်ရမည်ဆိုလျှင်။

အရှုခံပရမတ် ရုပ်,နာမ်ဟူသမျှတို့သည် တခုချင်းအလိုဖြစ်နိုင်တည်နိုင် ခံစားနိုင်သည့် အနှစ်အသား ပင်ကိုယ်အား အနည်းအပါးမျှမရှိ၊ ဆိတ်သုဉ်း ဘိကြောင့် မူလ အနတ္တ ဖြစ်ကြောင်း ယောဂီများ ကောင်းကောင်းကြီး သိကြပေပြီ။

ဤသို့ ရုပ်,နာမ်မှန်သမျှ မူလ အနတ္တ ဖြစ်ကြောင်း မည်သူက ပြောလို့ သိသနည်းဟု အကြောင်းရင်းကို ဝေဘန်ဆန်းစစ်အဖြေမှန်ရှာလိုက်တော့ ဝိပဿနာရှုသည့် ဝိပဿနာ စိတ်က ပြော၍ သိရပါသည်လို့ အဖြေထွက်လာပါ၏။

ဝိပဿနာစိတ်ကပြောလို့ သိပါသည်ဆိုတော့၊ ဒါဖြင့်ကောင်းပြီ ဝိပဿနာစိတ်ကတော့ ရုပ်,နာမ် သဘာဝ မူလ အသင်္ခတ အနတ္တကို သိနိုင်ပါသလားလို့ စစ်ချက် ထုတ်လိုက်တော့ ဝိပဿနာစိတ်က အစစ်ခံ ဖြောင့်ချက်ပေးသွားသည်မှာ၊ ရုပ်,နာမ် သဘာဝမူလအနတ္တကို သိသည်ဆိုရာမှာ မူလကလည်း အနတ္တ သဘာဝက ရှိရခြင်း အင်္ဂါတပါး၊ ၎င်းအသင်္ခတ အနတ္တကို ဟုတ်တိုင်းမှန်စွာ ဟောကြားပြသည့် သပ္ပုရိသ သန္တေကိုလည်း ချဉ်းဆည်းပူးရခြင်း အင်္ဂါတပါး၊ နာကြားထားရသည့်အနတ္တ

တရားစစ်တရားမှန်ကို 'ယောနိသော မနသိ'စိတ်ထားဖြင့် ကိုယ်ပိုင်ဉာဏ်ယှဉ်၍ ဆင်ခြင်မှုပြုရခြင်း အင်္ဂါတပါး၊ ဤကဲ့သို့ ပတ်ဝန်းကျင် အကြောင်းရင်းတွေ ပေါင်းသင်းကြုံကြိုက် ထိုအခိုက်မှ အရှုခံ၍ ပရမတ်ရုပ်နာမ်မှန်သမျှ၊ အသင်္ခတ အနတ္တကို သိရပါသည်လို့ အစစ်ခံပါသည်။

မဂ်ဖိုလ်လိုလား ယောဂီများ သိရမှာက ဝိပဿနာစိတ်ကလည်း ပတ်ဝန်းကျင် အကြောင်းတွေ စုံညီပါမှ အရှုခံရ မူလ အနတ္တကိုသိပါသည်ဆိုတော့၊ သူ့တခုချင်းအလို ဖြစ်နိုင်၊ သိနိုင်သည့်အားမရှိ အသင်္ခတ အနတ္တဖြစ်နေပုံကို ဉာဏ်ငုံကာ ကျပ်ပြည့်သိရာ၏။

တိုတိုကျဉ်းကျဉ်းနှင့် လိုရင်းကို မှတ်ရမှာကတော့ အရှုခံတရားများကလည်း သင်္ခတမှာ ရပ်တည်၍ အသင်္ခတမှာ ဆုံးခမ်းဝင်နေသည့် မူလအသင်္ခတ အနတ္တ,အနိစ္စ ဒုက္ခတရားများဖြစ်ပါသည်။ ရှုတတ်သည့် တရားကလည်း သင်္ခတသဘောမှာရပ်တည်၍ အသင်္ခတမှာ ဆုံးခမ်းဝင်နေသည့် မူလ အနတ္တအနိစ္စ ဒုက္ခတရားများဖြစ်ပါသည်။ အပေါ်ယံ ကြောက ပြောကြတာကတော့- အရှုခံတရား, အရှုတရားရယ်လို့ ဆိုကြပါသည်။ အတွင်းကျကျ ပြောမည်ဆိုက၊ အရှုခံတရား, အရှုတရားရယ်လို့သာ ထူးပါသည်၊ သဘောခြင်းကတော့ အတူတူပါ၊ ဒါ့ကြောင့် သဘောခြင်းတူရာ စုပေါင်း၍ 'ကောဓမ္မော'အရ တခုကောင်းပြုလိုက်သည့်အခါမှာ အနတ္တ အနိစ္စ ဒုက္ခ တမျိုးတည်းသာ ဖြစ်ပါသည်။

ၡင်းအနတ္တ အနိစ္စ ဒုက္ခကို ယောဂီပုဂ္ဂိုလ်က ဉာဏ်နှင့် ထိုးထွင်း၍ တဆင့်တက်၍ရှုကြည့်ဝေဘန်လိုက်တော့-စက္ကန့်ဗီဇနာလေးမျှသက်သာရာ ထောက်တည်ရာ ရှာမရသည့်ဒုက္ခသာ ဘယ်မှမပြောင်း ကောင်းကောင်းကြီးကျန် တွေ့ရရိုးမှန်ပါသည်။

ဤကဲ့သို့ မဖေါက်မပြန် ချမ်းသာမဘက် သုခဟူ၍ကာမြူမျှမရှိဆင်းရဲအတိ ဖြစ်ရှိနေတာ မှန်ကြောင်းကိုပြ သင်္ကေတကိုခေါ်ဝေါ်သမှု အမည်ပြုက ဒုက္ခသစ္စာ၊ ဖြစ်ရရှာသည်၊ ပရိညေယျအားဖြင့်သိကြောင်းတည်း။

## "သမုဒယသစ္စာ"

ရုပ်နာမ် ဓမ္မ သင်္ခါရတို့သည်၊ ဒုက္ခသစ္စာ အနေနှင့် ဖြစ်ရှိကာနေပုံကို၊ ဉာဏ်ငုံကာမသိပါကြ၊ လူဗာလတို့က၊အထင်ပိုကာ ချမ်းသာလေဟူ၍ အထင်မှားလျက် ဝိညာဉ်လှည့်စားသလို ခံနေကြရပါသည်။ ဝိညာဉ်လိမ်မှု၊ လှည့်စားမှုကို အဟုတ်ထင် အမြင်မှားလို့ မုန်းမှု၊ချစ်မှု၊ငိုမှု၊ရယ်မှု၊ ကြောက်မှု၊လန့်မှု၊ အမျိုးမျိုးပြုနေကြရပါသည်။ ဤကဲ့သို့ လိုလားမှု၊ မလိုလားမှု၊ ကောင်းမကောင်း အကြောင်းကြောင်းပြုနေရခြင်း၊ အကြောင်းရင်းကိုဆန်းစစ် ဝေဘန် တရားခံရှာ လိုက်တော့ "ဝိညာဏံ သမုဒယသစ္စံ"ဟု ကျမ်းလာစကား ထင်ရှားစွာရှိပါသည်။

ဝိညာဏံ၊ ကောင်းကောင်း ဆိုးဆိုး အမျိုးမျိုး ချယ်လှယ်ပြုလုပ်သူ လက်သယ်ဖြစ်သည့်ဝိညာဉ်သည်၊သမုဒယသစ္စ သမုဒယသစ္စာမည်၏။

ယောဂီများ အသိမများဘို့ သတိကြီးကြီးထားပြီး၊ အသိဘာဝနာ ပွားရမှာကတော့ ဒွါရအာရုံ ပေါင်းဆုံ ကြုံကြိုက်လို့ ဖြစ်ပေါ်လာသမျှ ပရမတ်ရုပ်နာမ်တို့၏ အပေါ်မှာ မုန်းစရာ လို့ချစ်စရာလို အထင်ပိုကာ၊ ကြောက်စရာလား၊ အထင်မှား၍၊ ဣဋ္ဌာရုံဘဲ၊ အနိဋ္ဌာရုံဘဲ၊ အထင်လွဲကာ မှန်သမျှ၊ ဝိညာဉ်၏ လုပ်ကြံမှု၊ ဝိညာဉ် ပြုလုပ်သမျှတွေဘဲလို့၊ ဉာဏ်သွားပိုင်ပိုင် သိမြင်နိုင်ရမည်။

အမှန်စင်စစ် ကတော့၊ ရေမှာ ရုပ်ရေး ကောင်းကင်ဆေးခြယ်ပုံ ပမာနှယ်သို့၊ ဘာမျှအကောင် အထည်အနှစ်အသား ရှာမရသည့်သုည တရားပါသားလို့ ဉာဏ်မြင် ရှင်းရော၏။ ဆိုလိုရင်း အကျဉ်းချုပ်ကတော့၊ သမုဒယသစ္စာဆိုတာ ဒုက္ခသစ္စာကို ကျပ်ပြည့် မသိကြ လူဗာလတို့က သုခလိုလို သုဘလိုလို အထင်ပိုကြသည်၊ ဤကဲ့သို့ အထင်ပိုမှု အတ္တာဖြစ်ခြင်းရခြင်း၊ အစစ်အမှန် ဖြစ်ရသည်ကို သမုဒယ သစ္စာလို့ ဆိုရာ၏။

## "နိရောဓသစ္စာ"

အားလုံး ကုန်သော ရုပ်နာမ်ဓမ္မသင်္ခါတို့သည်၊ မူလပင်ကို သဘာဝအားဖြင့်၊ ဖြစ်နိုင် တည်နိုင်- ခံစားနိုင် အစိုးရနိုင်သည့် အား အနည်းအပါးမျှ မရှိကြပါသဖြင့်။ ဖြစ်မှု တည်မှု အစိုးရမှု မဖြစ်ရဘဲ အစဉ်အားဖြင့် ဆိတ်သုဉ်းနေကြတဲ့ နိရောဓ ဓမ္မဖြစ်ကြပါသည်။

ဤကဲ့သို့- မူလသဘာဝ ပင်ကိုယ်အားဖြင့်၊ အစဉ် ဆိတ်သုဉ်း နေတဲ့ အသင်္ခတဓမ္မ နိရောဓကို ဉာဏ်ဖြင့်ရှင်း၍ အသိလင်းသော ပုဂ္ဂိုလ်တို့သည် ဘာဘာ ညာညာ ထင်စရာပြုကြသည့်၊ သင်္ခါရ နိမိတ်တို့၏ အပေါ်မှာ မုန်းမှု ချစ်မှု၊ ကောင်းကံ၊ မကောင်းကံ၊ အတန်တန် မပြုတော့ပါ၊ ပြုလို့မှု မဖြစ်တော့ပါ၊ ပြုလို့မှုတွေ ဆိတ်သုဉ်း၍ ချုပ်ငြိမ်းနေရ ပါသည်။

ဤကဲ့သို့ ကောင်းကောင်း ဆိုးဆိုး၊ အမျိုးမျိုးသောကံတွေ ပြုလို့မှု၊ ဆိတ်သုဉ်း၍ ချုပ်ငြိမ်းမှု ဖြစ်နေတာ အမှန်ကိုတော့ "နိရောဓသစ္စာ" လို့ အမည်အားဖြင့် ခေါ်ရာ၏။

## "မဂ္ဂသစ္စာဟူသည်"

မဂ္ဂသစ္စာသဘော အကျဉ်းအားဖြင့် ပြောမည်ဆိုက မဂ္ဂေါ နာမ စေတနာ လို့ လာရှိပါသည်။ မဂ္ဂေါနာမ မဂ်ဟူသည်ကား၊ စေတနာ, ဒုက္ခ, သမုဒယ, နိရောဓဆို ထိုထိုတရား အမှန်သုံးပါးကို ဟုတ်တိုင်းမှန်စွာ အကြွင်းမရှိ သိလိုက်တဲ့စေတနာလေးကို ဆိုလို သည်။ ဟောတိ၊ မုချမသွေ ဖြစ်ရပေ၏။

မဂ်ဆိုတာ ဒုက္ခသစ္စာ ပရိညေယျကာ တဗ္ဗ ဟုတ်တိုင်းမှန်စွာ ပိုင်းခြား၍ သိခြင်း။ သမုဒယသစ္စာ- ပဟာတဗ္ဗကိမ္မ ပါယ်အပ် သည့် တရားသဘောအနေနှင့် သိခြင်း။ နိရောဓ သစ္စာ၊ သစ္ဆိကာ တဗ္ဗ ၊ မျက်မှောက် ပြုရမည် တရားအနေနှင့် သိခြင်း။ ဤသို့ပြု ခြား အမှန်တရား သစ္စာသုံးပါးကို တပါးစီ အနေနှင့်ရင်း၊ သုံး ပါး တပေါင်းတည်း အားဖြင့်ရင်း၊ ဟုတ်တိုင်းမှန်စွာ ကျပ်ပြည့်

သိပါသည်၊ ရင်းသိသဘော မှန်လေးကို အမည်သညာ ခေါ်စရာပြ သင်္ကေတပြုပါဦးဆိုက မဂ္ဂသစ္စာ ပြောဆိုရာသည် ဗုဒ္ဓဝါဒီတို့ သိကြောင်းတည်း။

ဤတွင် သဘောတရားဘက်ခေါ် ပုဂ္ဂိုလ်ဘက်မှ သစ္စာလေးပါးယူဆဟန်သဘောသွားကိုအကျဉ်းအားဖြင့် ဟောကြား ရေးသားမှုကို ပြု၍ ဒုက္ခသစ္စာကို သိခိုက်မှာ သစ္စာလေးပါး တသားတည်း ပါသွားပုံ ဉာဏ်ငုံကာ သိရေး သခေ်ပနည်းအားဖြင့် ရေးသားဦးအံ့။

## 'သစ္စာလေးပါး တပြိုင်နက်ဖြစ်ပုံ'

အသမုတ်ခံ ရုပ်နာမ်မှန်သမျှ သင်္ခါရတို့သည် အစဉ်ထာဝရအားဖြင့် သက်သာရာ၊ ထောက်တည်ရာ၊ ပုန်းအောင်း လည်းလျောင်း အားကိုးအားထား ပြုစရာမရှိ၊ သုခမဘက် သက်သက် ဆင်းရဲကြောင်း မှန်သည့် ဒုက္ခသစ္စာဆိုတာ ယောဂီများ ဉာဏ်ကြီးထွား၍ သဘောပေါက် သိလောက်ပေပြီ။

ဤကဲ့သို့ သင်္ခါရတရား မှန်သမျှ ဒုက္ခသစ္စာဖြစ်ရှိကာ နေပုံ ဉာဏ်ငုံကာသိတော့ သုခလား၊ သုဘလားဆိုသည့် အထင်မှား အမြင်မှားလည်း တမင်မပယ်ရဘဲ ပဟာတဗ္ဗကိစ္စ ပြီးစီးပါတော့သည်။

တို့သို့ ဒုက္ခကိုသိ၍ သမုဒယမရှိ။ (၀၁) ထင်စရာ ပြကြသည့် သင်္ခါရဒုက္ခတို့သည် အစဉ်ထာဝရအားဖြင့် မပေါက်မပြန် သက်သာရာ ထောက်တည်ရာ မရသည့် ဒုက္ခသစ္စာ အနေနှင့် ဖြစ်ရှိကာ

နေကြပါကလားလို့ အသိပိုင်တော့ မုန်းစရာ လိုလို-ချစ်စရာလို လို အထင်ပို့မှု အတ္တသမုဒယ မဖြစ်တော့ပါ။ (၁)မုန်း,ချစ်အာ တန်တန် ကောင်းကံ, မကောင်းကံ၊ ပုညာဘိကိစ္စ၊ အပုညာဘိ ကိစ္စ၊ အထင်လွဲမှု၊ အတ္တသမုဒယ မဖြစ်တော့ပါ။

သစ္စာဉာဏ် အသိမှန်လိုတဲ့ မြတ်ယောဂီ၊ မဖောက်မပြန် အာ မှန်ရှိသည့် ဒုက္ခသစ္စာကို သိတော့။ အတ္တသမုဒယ မဖြစ်တော့ပါ၊ ၎င်း အတ္တသမုဒယ မဖြစ်တာကို 'နိရောဓောဟောတိတိ အနုပ္ပါ ဒေါ ဟောတိ ဆိုသည့် ဒေသနာစကားနှင့် သာဓကစကား သဘာဝ အသွားတို့ပေါင်းစပ်၍ ဆုံးဖြတ်ချက်ချရလျှင် သစ္စိ ကာတဗ္ဗဆိုတဲ့ နိရောဓသစ္စာလို့ပင် စီရင်ဆုံးဖြတ် အမည်တပ်ရ သတည်း။

ဤကဲ့သို့ ပရိညေယျကာတဗ္ဗ- ပဟာတဗ္ဗကိစ္စ- သစ္ဆိကာတဗ္ဗ' ဆိုတဲ့ အမှန်တရားတွေကို အကြွင်း အကျန်မရှိ၊ ဟုတ်တိုင်းမှန်စွာ မဖောက်မပြန် အနေကာန်မဟုတ် ကောန်အားဖြင့် သိတာကို မ သစ္စာလို့ ဆိုရာသတည်း။

သစ္စာလေးပါး ရေးသား ဟောကြားမှုကို ဤမျှနှင့် ရပ်နား ၍ ဝိပဿနာအရာ လောကုတ္တရာရေးမှာ သိသင့် သိထိုက် အဓိ ကျသည့် အဓိပညာဓမ္မ- ဝိပဿနာစခမ်းသို့ တဆင့်တက်လှမ်းကြ ရန် ထက်သန်သောစေတနာ ခိုင်မာသော ယုံကြည်ချက်၊ မဆုတ် နစ်သော ဝိရိယ ပေါင်းစပ်ပြီး'' ဝိရိယဝတောနာမ- ကိံ ကမ္မံနှ သိဇ္ဈတိ ' အစရှိသည့် ကျမ်းလာစကား လက်ကိုင်ထားလျက် ရို

ရသည့် သဘောလေး အမြဲ မရှိတာလို့၊ တိုတိုဘဲ ဖြေကြားမှု ပြုလိုက်ပါ။

ဘာ့ကြောင့် အမြဲ မရှိတာလဲ လို့ ထပ်လောင်း မေးပါက၊ ပင်ကို မူလက တခုချင်း ဖြစ်နိုင်သည့် အတ္တသတ္တ ကုန်ခမ်းနေ ကြသည့် သဘောတွေ ဖြစ်ခြင်းကြောင့်၊ အမြဲမရှိတာပါလို့ ဖြေဆိုရာ၏။

အချုပ်ကိုဆိုသော် ရုပ်ရုံဘဲ၊ အဆင်းဘဲ ဆိုတာ ခေါ်ဝေါ် သုံးစွဲထားဘာပါ၊ အမြဲမရှိဘူး၊ ရုပ်ရုံဘဲ၊အဆင်းဘဲလို့ အသမှတ် ခံရသည့် သဘောလေးသာ အမှန်ရှိသည်လို့ သိလိုက်တော့ ဖြူ နီ ပြာ·ဝါ အစဖြာသည့် အမည် ပညတ်တွေ ကုန်ခမ်းနေတာ တွေ့ရပါသည်၊

တဖန် အမှန် ရှိပါသည်ဆိုသည့် ပရမတ်လေးသည် အဟုတ်ရှိ ပါသလားလို့ ဉာဏ်နှင့် ထိုးထွင်းကြည့်လိုက်တော့ ပါတ်ဝန်းကျင် အကြောင်းရင်း တွေနှင့် ကင်းပြီး တခုချင်း အလိုအားဖြင့် အမြဲ မရှိနိုင်ပါ၊ အမြဲရှိနိုင်ရှိစေနိုင်သည့် အတ္တ အတ္တနိယ သတ္တ ကုန်ခမ်း နေခြင်းကြောင့် ဗုဒ္ဓက·ခယဋ္ဌေန အနိစ္စ ဟု ဟောခဲ့ပါသည်။ ခယ ဋ္ဌေန၊ ပညတ်ပရမတ် ကုန်ခမ်းနေခြင်းသည်။ အနိစ္စံ၊ အနိစ္စတည်း။ အနိစ္စ ဆိုတာ ပညတ် ပရမတ်တွေ အမြဲမရှိတာ ကုန်ခမ်း နေတာ လို့ တိုတို ကျဉ်းကျဉ်း လိုရင်းကို သိကြ ပါ။

(ခ) သင်္ခတ ဆိုတာ ပေါင်းစည်းနေတာ

ဘာတွေ ပေါင်းစည်းသလဲဆိုက ရုပ်ရုံလို့ အသမှတ်ခံရသည့် သဘောတရားသည် သင်္ခတနယ်မှာ ပြောမှတ်စရာ သဘောမပါတ် ပါလို့ ဖြစ်လာရခြင်းအကြောင်းရင်းကို စိစစ်ရှာဖွေ လိုက်တော့၊

၁။ ပထဝီ, ရူပါရုံဆိုသည့် သဘောလေးဖြစ်ဘို့ရာ မာ,ပြေ သဘော တည်ရှိရခြင်း။

၂။ အာပေါ, အဆင်း သဘောလေး ဖြစ်ဘို့ရာ ဖွဲ့ပတ် ယိုစီး သဘော ရှိရခြင်း။

၃။ တေဇော, အဆင်းသဘော ဖြစ်နိုင်ဘို့ရန် ပူ အေးမှု က လည်း ပြည့်စုံရခြင်း။

၄။ ဝါယော, အဆင်းသဘော ဖြစ်လာဘို့ရန် ထောက်ကန် ငြိမ်သက်မှုက လည်း ပါဝင်ရခြင်း။

ဤကဲ့သို့ မူလ အကြောင်းတရား လေးပါးကလည်း၊ ပြိုကွဲမှုမရှိ ပေါင်းစည်း ညီညွတ်မှု ရှိရခြင်း။

၁။ စက္ခုပသာဒ, မျက်စေ့အကြည်ကလည်း ပြည့်စုံ ညီညွတ်မှု ရှိခြင်း။

၂။ စက္ခုဝိညာဉ်, မြင်စိတ်ကလည်း ပါဝင်ရခြင်း။

၃။ အာလောက, အလင်းရောင်ကလည်း ပြည့်စုံမှု ရှိရခြင်း။

၄။ မနသိကာရ, နှလုံးသွင်းမှုကလည်း ရှိရခြင်း။

ထိုကဲ့သို့ ရူပါရုံ ဆိုသည့် အဆင်း သဘောလေး အဖြစ်နှင့် ပေါ်ပြဆဲကာလ ပစ္စုပ္ပန်ခဏမှာ ယာယီဃနဆိုသည့် အကြောင်း တရား လေးပါးကလည်း ပါဝင်ရခြင်း။

မူလ အကြောင်းလေးပါး- ယာယီအကြောင်းလေးပါး, ၎င်း မူလ ယာယီအကြောင်း(၈)ပါး အပေါင်းအစုကို ဃနလို့ခေါ် သည်၊ တနည်းအား ဖြင့် သန္တတိလို့ ခေါ်ဆိုပါသည်။

ယောဂီ.... ပေါင်းစီး ဆက်စပ်မှု သန္တတိ တရားကို အမြင်မှန် မပေါက်၍ အန္တပုထုဇဉ်တို့မှာ သင်္ခါရလောက၊ အမျိုးမျိုးဖြစ်ကြ

ဟူ၍ အချက်ကြီး(၇)ချက်အနေနှင့် ဖြစ်ရှိကာ နေပုံကို အောက်တွင် အဆင်းရုပ် တလုံးကို သာဓကထုတ်၍ တချက်စီ အနေနှင့် ရှင်းလင်းချက် ထုတ်ပါမည်။ စိတ်ရော ကိုယ်ပါ ကြည် သာစွာနှင့် သတိဦး စီး ပညာဉာဏ်ယှဉ်၍ ဆင်ခြင်မှု ပြုပါလော့။

၎င်းအချက်ကြီး(၇)ချက်ကို၊ ကိုယ်ပိုင် ဉာဏ်ယှဉ်၍ ထိုးထွင်း ပြီးသိလျှင် ဘုရားရှာမှု၊ တရားနာမှု၊ ရသေ့ရဟန်း၊ ဘိုးသူတော် မယ်သီလလုပ်မှု အစရှိတဲ့ဘေးတို့မှ လွန်မြောက်၍ ဆရာတု ဆရာ ယောင် သီလကြောင် အစရှိတဲ့ တိုက်ဆောက် ကားစီးမှုကို ရှေ့ရှုနေကြသည့် ကိုယ်ကျိုးရှာ ဆရာဂုဏ် မမြောက်သည့် ဆရာ့ ဆရာတွေကို ကိုးကွယ်မှု၊ ဆီးကပ်မှု၊ အထင်ကြီးမှုမှ လွတ်မြောက် ပြီးပညာဘိသင်္ခါရ၊ အပုညာဘိ သင်္ခါရအစရှိသည့်နာနာသတ္တာရ ဥလ္လောကန ဘေးကြီးမှ လွန်မြောက်နိုင်ပါသည်။

နာနာသတ္တာရ ဥလ္လောကန ဘေးကြီးမှ လွတ်မြောက်လိုငြား ယောဂီများတို့သည် ဗုဒ္ဓဘာသာ၏ လမ်းဆုံး တရားဖြစ်သည့် အဓိပညာ ဓမ္မဝိပဿနာ စခမ်းသို့ တက်လှမ်းနိုင်ရန် သတိရှေ့ ဆောင် ပညာဦးစီး ကိုယ်ပိုင်ဉာဏ်နှင့် ထိုးထွင်း သိဘို့ရန် မလျော့ သောလုလ္လနှင့် ကြိုးပန်း အားထုတ်ရာ၏။

အာရုံဆိုသည့် အဆင်းရုပ် တလုံး၊ သင်္ခတနယ်မှာ
"ပရမတ် ရုပ်နာမ် ဖြစ်ပုံ ယထာဘူတပုံစံ၊"
'ပါဠိဘာသာ'

**အာလောက**

**ပထဝီ**

စကားပြသာဒ 'ရူပါရုံ' စကားပိုညာဉ်
ဝါယော အာပေါ
မနသိကာရ
တေဇော

.................. .......

"အမိဘာသာဖြင့် ယထာဘူတ ပုံစံ"
အလင်း
ဖွဲ့ပါတ် = ယိုစီး
မျက်စေ့အကြည် "အဆင်း" မြင်သိစိတ်
မာ=ပြော့ ပူ=အေး
နှလုံးသွင်း
ထောက်ကန့် = ငြိမ်သက်

မြန်မာနိုင်ငံ၌ ပါဠိ အစဖြင့် အမည်အမျိုးမျိုးသမုတ်ခံရသည့် ရူပါရုံဆိုတဲ့ အဆင်းရုပ်သည် သခ်တနယ်မှာ ဖြစ်သင့်ဖြစ်ထိုက်လို့ ဖြစ်ခွင့်ကြုံသည့် အခါမှာ၊ အထက်ပါပုံစံအတိုင်း၊ ဆိုင်ရာ အကြောင်းရင်း တွေနှင့် ပေါင်းသင်းမှုဖြစ်ရသည်ကို၊ ဉာဏ်မြင်ရှင်းအောင် ပုံစံဇယားကို ပိုင်အောင်ကြည့်မှတ်ထားပါ။

(က)။ ။အနိစ္စကို စတင်၍ ရှင်းလင်းချက် ထုတ်လိုက်ပါက၊ အနိစ္စဆိုတာ ဘာလဲ လို့ မေးခွန်းထုတ်၍ အဖြေရှာရမည်။

အနိစ္စ ဆိတာ ဘာလဲဆိုက၊ အနိစ္စဆိုကာ အမြဲမရှိတာ လို့ ဖြေရမည်။ ဘာတွေ အမြဲမရှိတာလဲလို့ ထပ်ဆင့်ကာ မေးပါက၊ အထက်တွင် သာဓက ထုတ်၍ ပြထားသည့် ရူပါရုံလို့ သမုတ်ခံ

ယရှိသော သူသည် မည်သည့်ကိစ္စမဆို ပြီးစီးရမည်ဆိုတဲ့ ယုံကြည်ချက်နှင့် လေးလေးနက်နက် ဝေဘန်ဆန်းစစ် အမြော်မှန်ဖြစ်အောင် ကြိုးစား အားထုတ်ရာ၏။

## “ အဓိပညာစခန်း ဥာဏ်ကုန်လှမ်း ”

ရူပံ ဘိက္ခဝေ အနိစ္စံ သင်္ခတံ ပဋိစ္စသမုပ္ပန္နံ
ခယဓမ္မံ ဝယဓမ္မံ ဝိရာဂဓမ္မံ နိရောဓဓမ္မံတိ။

ဘိက္ခဝေ၊ သံသရာထောင် သုံးအိမ်နှောင်မှ ခွါရှောင်လိုငြားချစ်သား၊ ချစ်သမီးတို့။ ရူပံ၊ ရူပံ-သဒ္ဒ- ဂန္ဓစငြား ရုပ်တရားတို့သည်။ အနိစ္စံ၊ မခိုင်ခန့်ဘဲ ရိုင်ကာလဲ၍ ပြိုကွဲပျက်စီး ကုန်ခမ်းတတ်သော သဘောရှိပါပေ၏။ သင်္ခတံ၊ အကြောင်းတရားတို့ပေါင်းစည်း ပြုပြင်မှု ဒါ်ကို ကြားမလပ်သာအောင် အ ခံနေရသည့် သဘောရှိ၏၊ ပဋိစ္စသမုပ္ပန္နံ၊အကြောင်းတရား တွေကိုအမှီသဟဲအစွဲပြု၍ ဖြစ်ခြင်းသဘောရှိပါပေ၏။ ခယဓမ္မံ၊ ကုန်ခမ်းခြင်း သဘောရှိ၏။ ဝယဓမ္မံ၊ ပျောက်ပျက်ကုန်ဆုံး ယိုကြုံးမရမှုလကပျက်ခြင်း သဘောရှိ၏။ ဝိရာဂဓမ္မံ၊ သဘောတရားတခုနှင့် တခု မဆက်မစပ် အချင်းချင်း ကင်းပြက်တတ်သည့်သဘောရှိ၏။ နိရောဓဓမ္မံ၊ ပင်ကိုယ်မူလ သဘာဝ အားဖြင့် ချုပ်ငြိမ်းခြင်း သဘောရှိ၏။

မင်္ဂဖိုလ် နိဗ္ဗာန်တည်း ဟူသော ဝိမုတ္တိရသ ဂုဏ်နှင့် ပြည့်စုံ လိုသော ယောဂီများသည် အထက်ပါ ဗုဒ္ဓ ဟောချက် ဓမ္မစကာ၏

သဘောသရုပ်ကို အပြောသဘော ပိုင်အောင် ယောနိသောမနသိ စိတ်ထားဖြင့် ဆင်ခြင်ဝေဖန်မှု အထပ်ထပ် အခါခါ ပြုရာ၏။

ဗုဒ္ဓအာဘောဂ ဖြစ်သည့် ပါဠိတော်၏ သဘောသရုပ်ကို အဟောထုတ်လိုက်ပါက အဆင်း-အသံ- အနံ့-အရသာ အစ ဖြာသည့် ရုပ်တရားတို့သည် ကိုယ်ပိုင်အားအစွမ်း ကုန်ခမ်းနေပါသဖြင့် ပတ်ဝန်းကျင် အကြောင်းတရားတို့၏ ပေါင်းစည်းမှုဒါဏ်ကို ကြားမလပ်သာအောင် တခံတည်း ခံနေကြရသည့် သင်္ခတဓမ္မများ၊ အကြောင်းတရားများကို အမှီသဟဲ အစွဲပြုနေကြရသည့် ပဋိစ္စသမုပ္ပန္နတရားများ ဖြစ်ကြပါသည်။ ထို့ပြင်တဝ အခြေခံကျကျ ဝေဘန်ရသော် ရူပစသား ရုပ်တရားတို့သည် ကုန်ခမ်းနေသည့် ခယသဘော မူလ ပင်ကိုယ်အားဖြင့် ပျက်နေသည့် ဝယ သဘော၊ သဘောတရား တခုနှင့်တခု ဆက်စပ်ခြင်းမရှိ ကင်းပြတ်နေသည့် ဝိရာဂသဘော၊ အတ္တ အတ္တနိယသတ္တ ချုပ်ငြိမ်းနေသည့် နိရောဓဓမ္မများ ဖြစ်ကြပါသည်။

ယောဂီများ.... နေ့စဉ်နှင့်အမျှ တွေ့ထိနေကြသည့် ရူပါရုံ၊ သဒ္ဒါရုံ အစရှိသည့် ရုပ်တရားများသည်။

(က) အနိစ္စ
(ခ) သင်္ခတ
(ဂ) ပဋိစ္စသမုပ္ပန္န
(ဃ) ခယဓမ္မ
(င) ဝယဓမ္မ
(စ) ဝိရာဂဓမ္မ
(ဆ) နိရောဓဓမ္မ

ဟူ၍ အချက်ကြီး(၇)ချက်အနေနှင့် ဖြစ်ရိုကာ နေပုံကို အောက်တွင် အသင်းရုပ် တလုံးကို သာဓကထုတ်၍ တချက်စီ အနေနှင့် ရှင်းလင်းချက် ထုတ်ပါမည်။ စိတ်ရော ကိုယ်ပါ ကြည် သာစွာနှင့် သတိဦး ဦး ပညာဉာဏ်ယှဉ်၍ ဆင်ခြင်မှု ပြုပါလော့။

၎င်းအချက်ကြီး(၇)ချက်ကို၊ ကိုယ်ပိုင် ဉာဏ်ယှဉ်၍ ထိုးထွင်း ပြီးသိလျှင် ဘုရားရှာမှု၊ တရားနာမှု၊ ရသေ့ ရဟန်း၊ ဘိုးသူတော် မယ်သီလလုပ်မှု အစရှိတဲ့ဘေးတို့မှ လွန်မြောက်၍ ဆရာတု ဆရာ ယောင် သီလကြောင် အစရှိတဲ့ တိုက်ဆောက် ကားစီးမှုကို ရှေ့ရှုနေကြသည့် ကိုယ်ကျိုးရှာ ဆရာဂုဏ် မမြောက်သည့် ဆရာ့ ဆရာတွေကို ကိုးကွယ်မှု၊ ဆီးကပ်မှု၊ အထင်ကြီးမှုမှ လွတ်မြောက် ပြီးပုညာဘိသင်္ခါရ၊ အပုညာဘိ သင်္ခါရအစရှိသည့်နာနာသတ္တာရ ဥလ္လောကန ဘေးကြီးမှ လွန်မြောက်နိုင်ပါသည်။

နာနသတ္တာရ ဥလ္လောကန ဘေးကြီးမှ လွတ်မြောက်လိုကြသော ယောဂီများတို့သည် ဗုဒ္ဓဘာသာ၏ လမ်းဆုံး တရားဖြစ်သည့် အဓိပညာ ဓမ္မဝိပဿနာ စခမ်းသို့ တက်လှမ်းနိုင်ရန် သတိရှေ့ ဆောင် ပညာဦးစီး ကိုယ်ပိုင်ဉာဏ်နှင့် ထိုးထွင်း သိဘို့ရန် မလျော့ သောလုံ့လနှင့် ကြိုးပန်း အားထုတ်ရာ၏။

အာရုံဆိုသည့် အဆင်းရုပ် တလုံး၊ သခ်တနယ်မှာ

“ပရမတ် ရုပ်နာမ် ဖြစ်ပုံ ယထာဘူတပုံစံ၊”

‘ပါဠိဘာသာ’

အာလောက

ပထဝီ

စက္ခုပသာဒ 'ရူပါရုံ' စက္ခုဝိညာဉ်
ဝါယော အာပေါ
မနသိကာရ
တေဇော

........................

"အဓိဘာသာဖြင့် ယထာဘူတ ပုံစံ"
အလင်း
ဖွဲ့ပါတ် = ယိုစီး
မျက်စေ့အကြည် "အဆင်း" မြင်သိစိတ်
မာ=ပြေ့ ပူ=အေး
နှလုံးသွင်း
ထောက်ကန့် = ငြိမ်သက်

ဖြူ နီ၊ ပြာ၊ ဝါ အစရှိသည့် အမည်အမျိုးမျိုးသမုတ်ခံရသည့် ရူပါရုံဆိုတဲ့ အာလင်းရုပ်သည် သခ်တနယ်မှာ ဖြစ်သင့်ဖြစ်ထိုက်လို့ ဖြစ်ခွင့်ကြုံသည့် အခါမှာ၊ အထက်ပါပုံစံအတိုင်း၊ ဆိုင်ရာ အကြောင်းရင်း တွေနှင့် ပေါင်းသင်းမှုဖြစ်ရသည်ကို၊ ဉာဏ်မြင်ရှင်းအောင် ပုံစံဇယားကို ပိုင်အောင် ကြည့်မှတ်ထားပါ။

(က)။ ။အနိစ္စကို စတင်၍ ရှင်းလင်းချက် ထုတ်လိုက်ပါက၊ အနိစ္စဆိုတာ ဘာလဲ လို့ မေးခွန်းထုတ်၍ အဖြေရှာရမည်။

အနိစ္စ ဆိတာ ဘာလဲဆိုက၊ အနိစ္စဆိုကာ အမြဲမရှိတာ လို့ ဖြေရမည်။ ဘာတွေ အမြဲမရှိတာလဲလို့ ထပ်ဆင့်ကာ မေးပါက၊ အထက်တွင် သာဓက ထုတ်၍ ပြထားသည့် ရူပါရုံလို့ သမုတ်ခံ

ယရှိသော သူသည် မည်သည့်ကိစ္စမဆို ပြီးစီးရမည်ဆိုတဲ့ ယုံကြည်ချက်နှင့် လေးလေးနက်နက် ဝေဘန်ဆန်းစစ် အမြော်မြင်ဖြစ်အောင် ကြိုးစား အားထုတ်ရာ၏။

## " အဓိပညာစခန်း ဥာဏ်ကုန်လှမ်း "

ရူပံ ဘိက္ခဝေ အနိစ္စံ သခ်တံ ပဋိစ္စသမုပ္ပန္နံ
ခယဓမ္မံ ဝယဓမ္မံ ဝိရာဂဓမ္မံ နိရောဓဓမ္မံတိ။

ဘိက္ခဝေ၊ သံသရာထောင် သုံးအိမ်နှောင်မှ ခွါရှောင်လိုကြသော ချစ်သား ချစ်သမီးတို့။ ရူပံ၊ ရုပ်-သဒ္ဒ- ဂန္ဓစသော ရုပ်တရားတို့သည်။ အနိစ္စံ၊ မခိုင်ခန့်ဘဲ ရိုင်ကာလ၌ ပြိုကွဲပျက်စီး ကုန်ခမ်းတတ်သော သဘောရှိပါပေ၏။ သခ်တံ၊ အကြောင်းတရားတို့ ပေါင်းစည်း ပြုပြင်မှု ဒဏ်ကို ကြားမလပ်သာအောင် အခံ နေရသည့် သဘောရှိ၏၊ ပဋိစ္စသမုပ္ပန္နံ၊ အကြောင်းတရား တွေကို အမှီသဟဲအစွဲပြု၍ ဖြစ်ခြင်းသဘောရှိပါပေ၏။ ခယဓမ္မံ၊ ကုန်ခမ်းခြင်း သဘောရှိ၏။ ဝယဓမ္မံ၊ ပျောက်ပျက်ကုန်ဆုံး ယိုကြုံးမရ မှုလကပျက်ခြင်း သဘောရှိ၏။ ဝိရာဂဓမ္မံ၊ သဘောတရား တခုနှင့် တခု မဆက်မစပ် အချင်းချင်း ကင်းပြတ်တတ်သည့် သဘောရှိ၏။ နိရောဓဓမ္မံ၊ ပင်ကိုယ်မူလ သဘာဝ အားဖြင့် ချုပ်ငြိမ်းခြင်း သဘောရှိ၏။

မင်ဖိုလ် နီဗွာန်တည်း ဟူသော ဝိမုတ္တိရသ ဂုဏ်နှင့် ပြည့်စုံ လိုသော ယောဂီများသည် အထက်ပါ ဗုဒ္ဓ ဟောချက် ဓမ္မစက်၏

သဘောသရုပ်ကို အပြောသဘော ပိုင်အောင်ရှိ ယောနိသောမနသိ စိတ်ထားဖြင့် ဆင်ခြင်ဝေဖန်မှု အထပ်ထပ် အခါခါ ပြုရာ၏။

ဗုဒ္ဓအာဘောဂ ဖြစ်သည့် ပါဠိတော်၏ သဘောသရုပ်ကို အဟောထုတ်လိုက်ပါက အဆင်း-အသံ- အနံ့-အရသာ အစ ဖြာသည့် ရုပ်တရားတို့သည် ကိုယ်ပိုင်အားအစွမ်း ကုန်ခမ်းနေပါ သဖြင့် ပတ်ဝန်းကျင် အကြောင်းတရားတို့၏ ပေါင်းစည်းမှုဒါဏ် ကို ကြားမလပ်သာအောင် တခံတည်း ခံနေကြရသည့် သင်္ခတ ဓမ္မများ၊ အကြောင်းတရားများကို အမှီသဟဲ အစွဲပြုနေကြရ သည့် ပဋိစ္စသမုပ္ပန္နတရားများ ဖြစ်ကြပါသည်။ ထို့ပြင်တဝ အ ခြေခံကျကျ ဝေဘန်ရသော် ရူပစသား ရုပ်တရားတို့သည် ကုန် ခမ်းနေသည့် ခယသဘော မူလ ပင်ကိုယ်အားဖြင့် ပျက်နေသည့် ဝယ သဘော၊ သဘောတရား တခုနှင့်တခု ဆက်စပ်ခြင်းမရှိ ကင်းပြတ်နေသည့် ဝိရာဂသဘော၊ အတ္တ အတ္တနိယသတ္တ ချုပ် ငြိမ်းနေသည့် နိရောဓဓမ္မများ ဖြစ်ကြပါသည်။

ယောဂီများ.... နေ့စဉ်နှင့်အမျှ တွေ့ထိနေကြသည့် ရူပါရုံ၊ သဒ္ဒါရုံ အစရှိသည့် ရုပ်တရားများသည်။

(က) အနိစ္စ
(ခ) သင်္ခတ
(ဂ) ပဋိစ္စသမုပ္ပန္န
(ဃ) ခယဓမ္မ
(င) ဝယဓမ္မ
(စ) ဝိရာဂဓမ္မ
(ဆ) နိရောဓဓမ္မ

သည်၊ ထို့ကြောင့် အပေါင်းလက္ခဏာဖြစ်သည့် သန္တတိဘောကို ကိုယ်ပိုင်ဉာဏ်ယှဉ်၍ ဟုတ်တိုင်းမှန်စွာ သိမြင်အောင် ဝေဘန်ကြည့်ရှုရာ၏။ ၎င်းသန္တတိ တရားကို ကြောင်းကျိုး ဆင်ခြင်၍ အမြင်မှန်ပေါက်သော အရိယာနွယ်ဝင် သူတော်စင်တို့မှာ ကောင်းဆိုး နှစ်တန် အခြေခံ၍ ဖြစ်ရန် စားစား သံသရာ လောက များ ပျောက်ပြီး အသန္တတိ နယ်သို့ ရောက်ကြရပါသည်။

ယောဂီ....အပေါင်း လက္ခဏာ ဖြစ်သည့် သန္တတိကို ဟုတ်တိုင်းမှန်စွာ ကိုယ်တိုင် ကိုယ်ပိုင် သိလျှင် အနတ္တလက္ခဏာ ဖြစ်သည့် အသန္တတိကို မြင်နိုင်ပါသည်၊ ကြောင်း ကျိုး ဆက်စပ် သန္တတိ ပရမတ် ၏ မူလ ပင်ကိုယ် သဘောကို ဉာဏ်ကုန် ခန်းရွ၍ မသိလျှင် ဒိဋ္ဌိအသွင် နှင့် မိစ္ဆာ အမြင် စိတ်အစဉ်မပြတ် ဖြစ်ရဦးမည့် အကြောင်း။

သန္တတိယာ= ဃန- ဂဟန ဝသေန ဝိသေသတော,
စိတ္တေ အတ္တာ ဘိနိ ဝေသော ဟောတိတိ ဒိဋ္ဌော ဂဿ
စိတ္တံ ဝတ္ထုံ။ လို့ ဟောထားဒေသနာ ထင်ရှားစွာ ရှိပေ

၏။ အဓိဘာသာအလို ပြန်ဆိုပါမူ။

သန္တတိယာ ဃန ဂဟန ဝသေန၊ ရုပ် အပေါင်း နာမ် အပေါင်းဟု ဆိုငြား သန္တတိအစဉ် ဃနများကို ခွဲခြားယူခြင်း၏ အစွမ်းအားဖြင့်။ ဝိသေသတော၊ အထူးအားဖြင့်။ စိတ္တေ၊ စိတ်၌။ အတ္တာဘိ နိဝေသော၊ အတ္တကို ပြင်းစွာ နှလုံးသွင်းမိသည်ဖြစ်၍။ ဒိဋ္ဌော ဂဿ၊ ဒိဋ္ဌိဝဲထဲ၌၊ စိတ္တံ ဝတ္ထုံ၊ နစ်မောရခြင်း၏ အကြောင်းတရား ခပတည်း။

(ဂ) ပဋိစ္စသမုပ္ပန္န- အကြောင်း တရားကို အစွဲပြု၍ ဖြစ်ခြင်း။

ပဋိစ္စသမုပ္ပန္နတရား ဟူသည်။ အကြောင်းတရားတို့၏ ပြည့်စုံ ညီညွတ်မှုကို အမှီသဟဲ အစွဲပြု၍ ဖြစ်ပေါ်လာသော အကျိုး တရားဟု ဉာဏ်မြင်ရှင်းအောင် သိထားရာ၏။

ဥပမာပြရသော်- "အဝိဇ္ဇာပစ္စယာ သင်္ခါရာ" မသိမှု အဝိဇ္ဇာ အကြောင်းခံ၍ ကောင်းကံ, မကောင်းကံ သင်္ခါရ အစားစား အကျိုးတရားများ ဖြစ်ရပါသည်။

တနည်းအားဖြင့်- 'ဇာတိပစ္စယာ ဇရာ မရဏာ အာဒိ' အစရှိသဖြင့် သင်္ခါရဖြစ်သော ဇာတိ အကြောင်းခံ၍၊ ဇရာ မရဏ၊ စသည့် အကျိုးတရားများ ဖြစ်ရမှုကို ပဋိစ္စ သမုပ္ပန္န လို့ ခေါ်ဆိုရာ၏၊

ဤနေရာမှာ တိုတိုကျဉ်းကျဉ်းနှင့် လိုရင်းအချုပ်ကို သိထားရမှာကတော့ **အကျိုးတရား ဖြစ်လာရမှုသည်**၊ အကြောင်း တရားနှင့် ပကင်းချေ။ အကြောင်းနှင့် ကင်းပြီး ဖြစ်လာရသည့် အကျိုးတရား ဆိုတာလည်း မရှိကောင်း။ **သတ္တ**တရား နှင့် မကိုက် ချေ၊ အကြောင်းတရား တို့သည်၊ ပြုပြင်အပ်ကုန်၏။ ပစ္စည်း ဖြစ်ထိုက်သော အကြောင်းတရားတို့ကို မှီ၍ တက္ကသာလျှင် ဖြစ်ကုန်၏။ ထိုသို့ အကြောင်းတရားနှင့်တကွ ဖြစ်ပေါ်လာသော အကျိုးတရား မှန်သမျှ ပဋိစ္စသမုပ္ပန္နလို့ သိကြရာ၏။

(ဃ) ခယ- ကုန်ခမ်းနေခြင်း၊

No.30

ဘာတွေ ကုန်ခမ်း နေသလဲ ဆိုလျှင်၊ (က) ငါ-သူ တပါ ယောကျ်ား မိန်းမ၊ တော တောင် ရေ မြေ ပုဂ္ဂိုလ် သတ္တဝါ အစ ဖြာသဖြင့် ဘယ်လိုပင် ခေါ်ဝေါ် သမုတ်ကြ-သော်လည်း အမှန် အဟုတ်က ရုပ်ကလာပ် သဘော မျှသာလို့ သိလိုက်တော့ အဝိဇ္ဇာ မာန ပညတ်နှင့် ဝိဇ္ဇာ မာန ပညတ်များ ကုန်ခမ်း သွား ပါသည်။

(ခ) တဖန် ရုပ်ကလာပ်သဘောကကော။ ကမ္ဘာသူ ကမ္ဘာ သား လူအများကို၊ အဆင်းဘဲ၊ ရူပါရုံဘဲလို့ ပြောပြနိုင်သည့်၊ စွမ်းပကား သူ့မှာ ရှိပါသလား လို့ ပညာက ဝေဖန် ဉာဏ်က ထိုးထွင်း၍ အဘွင်းကျကျ ဝေဖန်ဆန်းစစ်မှု ပြုတော့ မူလ ယာ ယီ အကြောင်းတွေနှင့် ကင်းပြီး ဟာခုချင်း အလို ဖြစ်နိုင် ဖြစ် မစနိုင်သည့် စွမ်းပကား သတ္တိ အနည်းအပါးမျှ မရှိ ကုန်ခ းနေ သည်ကို မြော်မြင်ရပါသည်၊ (ဝါ) သဘောပရမတ် ကုန်ခမ်းနေတာ ဉာဏ်အားဖြင့် တွေ့ရပါသည်။

(ဂ) ရူပါရုံဘဲ အဆင်းဘဲလို့ အသမုတ်ခံရတဲ့ သဘော က လေးမှ ကုန်ခမ်းနေတာ ဉာဏ်အားဖြင့် ထိုးထွင်းသိရတော့ အ ဆင်းပေါ်မှာ စွဲလမ်းမှုခင်မင်တွယ်တာမှု အစပြုသည့် ဆန္ဒအာ သာ တဏှာရာဂတို့လဲ ကုန်ခမ်း နေကြပါသည်၊ ထို့ကြောင့် ဘာတွေကုန်ခမ်းနေသလဲဆိုက။

(၁) အခြေခံ အကြောင်းပြု ခိုင်လုံစွာမရှိတဲ့ အဝိဇ္ဇာမာန ပညတ်တွေ ကုန်ခမ်းပါသည်၊ (၂) သမုဒိသစ္စာအရအသုံးပြုကြ သည့် ဝိဇ္ဇာမာနပညတ်တွေ ကုန်ခမ်းပါသည်၊ (၃) သဘော

တရားခေါ် ပရမတ်တွေ ကုန်ခမ်းပါသည် (၄) ထိုထို အဝိဇ္ဇာမာနပညတ် ဝိဇ္ဇာမာပညတ် သဘောတရားပရမတ်တွေ ကုန်ခမ်းနေကြောင်း၊ ဉာဏ်အားဖြင့် ကောင်းကောင်း သိရတော့ မရှိစွဲဖြစ်ဘဲ့။ အဝိဇ္ဇာမာနပညတ်။ ရှိစွဲဖြစ်သည့် ဝိဇ္ဇာမာနပညတ်၊ သဘောတရားခေါ် ပရမတ်တို့၏ အပေါ်မှာ။ အထင်ပိုမှု အထင်မှားမှု၊ အထင်ကြောင်မှု၊ ခင်မင်၊ စွဲလမ်းလိုခြင်း၊တောင့်တမှု၊ ဆန္ဒရာဂ၊ တဏှာ သမုဒယတို့ ကုန်ခမ်းကြပါသည်။ ထို့ကြောင့်၊ ဘာတွေ ကုန်ခမ်းသလဲဆိုက်င်။ ဒါတွေ ကုန်ခမ်း ပါသည်လို့ ဖြေရာသိရာ၏။

(ဃ) ဝယ ပျက်ခြင်းသဘော ဘာတွေ ပျက်ပါသနည်း ဟူမူ။

(က) ပညတ်ပျက် (ဃ) အရိယာနယ်ပျက်
(ခ) သင်္ခတပျက်၊ (င) ဝိပဿနာနယ်ပျက်
(ဂ) အသင်္ခတပျက်၊ (စ) နိဗ္ဗာန်နယ်ပျက်....

ဤကဲ့သို့ အချက်ကြီး (၆) ချက် နယ်(၆)နယ်ပျက်နေတာကို သမ္မာဉာဏ်ဦးစီးပြီး ကြည့်က အမှန်နယ်မှာ တွေ့ရပါသည်။

(က) ပညတ်ပျက်....ဟူသည် ရုပ်ရုံ အဆင်းဘဲ၊ ဖူး၊နို၊ပြာ၊ ဝါ-အစဖြာသဖြင့် ခေါ်ဝေါ်သုံးစွဲသမုတ်ကြသည့် အမည် တို့သည် အမှန်စင်စစ်မရှိ၊ အသမုတ် ခံရသည့် သဘော လေး သာ ရှိပါကလားလို့ ဉာဏ်အားဖြင့် သိလိုက်လျှင်၊ အဝိဇ္ဇာ မာန

ပညတ်စွဲ ဝိဇ္ဇာမာနပညတ်စွဲတို့သည်၊ ခဏမဆိုင်း ကာလမခြား ပျက်ရရှာသည်ကို၊ ပညတ်ပျက်လို့ ဆိုပါသည်။

(ခ) သင်္ခတပျက်ဟူသည်—ရူပါရုံဘဲအဆင်းဘဲလို့ အသမုတ်ခံရသည့် သဘော ပရမတ်သည်၊ မိမိ၏၊ သဘော လက္ခဏာကို ဖေါ်ပြနိုင်အား။ စွမ်းပကားရှိပါ သလားလို့၊ ဝေဖန်ခြင်းအမှု သုတေသနပြုတော့ မူလဓါတ် ကြီးလေးပါး နှင့်၊ ပျက်စေ့၊ အလင်းမြင်စိတ် နှလုံးသွင်းဆိုသည့်။ ယာယီအကြောင်း တရားများကို၊ မငြင်းသာအောင် တွေ့ရှိရပါသည်၊ ဤသည့်အပေါင်း တရားများနှင့် ပေါင်းဆုံ ကြုံကြိုက် တိုအခိုက်ကို အခ်တလို့ ပြောဆိုရာ၏။

ငင်းကြောင်းကျိုးနှစ်ရပ်၊ ပေါင်းခပ်နေစဲ၊ သင်္ခတဃဲမှာဘယ် ကကြောင်းစစ်။ ဘယ်ကအကျိုးစစ် ဖြစ်သလဲလို့၊ ဉာဏ်နှင့်ဝေခွဲလိုက်တော့ ဘယ်ဟာမှ၊ ကြောင်းစစ်၊ ကျိုးစစ် တထစ်ချ ပြောစရာရှာမရသည့်၊ ကြောင်းစစ်၊ကျိုးစစ်ဖြစ်ရမှုမှ၊ ပျက်နေတာကို ဉာဏ်အားဖြင့် တွေ့ရပါသည်။

ဥပမာပြရသော်၊ အဆင်းရူပါရုံဖြစ်ခိုက်မှာ၊ မြင်စိတ် စက္ခုဝိညာဉ်က အကြောင်းတရား အဖြစ် ပါဝင်၍....မြင်စိတ် စက္ခုဝိညာဉ်ဖြစ်သည့်အခါမှာ၊ အဆင်းကအကြောင်းအဖြစ်နှင့်၊ ပါဝင်နေသည်ကို တွေ့ရပါသည်။

ဤကဲ့သို့ကြောင်းစစ် အကျိုးစစ် ဘယ်ဟာဖြစ်ဟူ၊တထစ်ချ၊ ပြောပြစရာမရှိရှာဘဲ ကြောင်းစစ် ကျိုးစစ်အဖြစ်မရ ပျက်၍ နေကြသဘာဝကို၊ သင်္ခတလို့ ဆိုရာ၏။

(ဂ) အသင်္ခတပျက်ဆိုသည်မှာ

ကြောင်းကျိုးနှစ်ရပ် ပေါင်းစပ်နေစဲ၊ သင်္ခတနယ်ထဲမှာဉာဏ်နှင့်ဖေါက်ခွဲပြီး ကြည့်လိုက်ပါက၊ မည်သည့်ကြောင်းကျိုးတရားမျှ(ဝါ)မည်သည့် ရုပ်,နာမ်တရားမျှ၊တခုခြင်းအလို၊ ဖြစ်နိုင်, ဖြစ်စေနိုင်,တည်နိုင်,တည်စေနိုင်, ရှိနိုင်,ရှိစေနိုင်သည့် အတ္တအတ္တနိယသတ္တ°တို့ကို၊ စမ်းသပ်ရှာဖွေ၍ မရပါဘဲ အမြဲအားဖြင့် ပျက်နေတာကို တွေ့ရပါသည်။ ဤသည့်စံနစ်၊ ထိုအဖြစ်ကို စိစစ်ရှာဖွေဉာဏ်နှင့်မွေ၍။ အသိရှင်းကြ၊ သဘာဝကို၊အသင်္ခတဝယ၊ဆိုထိုက်လှ၏၊ ကိုယ်တိုင်သိမှ၊ ပြီးမည်တည်း။

(ဃ) ဝိပဿနာပျက်=ဆိုသည်မှာ

အသင်္ခတနယ်ထဲ ဝေခွဲခဲ့လျှင်၊ ဉာဏ်မှာမြင်ရ—သဘာဝကားအနတ္တ။အနိစ္စ၊ဒုက္ခဆို ထိုထိုလက္ခဏာ သုံးပါးသာလျှင်ဘယ်မှ-မပြောင်း ကောင်းကောင်းကြေနှံ တွေ့ရိုးမှန်၏။

အနတ္တ၊အနိစ္စ၊ဒုက္ခဆို ထိုထိုလက္ခဏာသုံးစင်းဉာဏ်မြင်ရှင်းကအတ္တ၊နိစ္စ၊သုခဆို ထိုထိုသဘာဝများလည်း ရှာမရဘဲ အစဉ်အားဖြင့် ပျက်ရပါတော့သည်၊ ဆရာမှန်ထံ၊ နည်းနာခံ၍၊ ကိုယ်တိုင်ဆင်ခြင်၊ ဝိပဿနာဉာဏ်ယှဉ်၍ ဝေဘန်သမှု များများပြုတော့ဘယ်ဟာမကောင်း။ ဘယ်ဟာကောင်းဟု၊သောင်းပြောင်းထွေလာ၊ ထင်စရာပြ၊ သင်္ခါရတို့၊ ပျက်၍နေကြ၊ အသင်္ခတ အနတ္တအနိစ္စ၊ ဒုက္ခဆိုသည့်၊ လက္ခဏာသုံးစင်း ဉာဏ်မြင်ရှင်း၍ထိုးထွင်းသိမြင်ရာ၏။

ဤသို့လက္ခဏာဉာဏ်အမြင်သန့်၍ ထင်စရာပြကြသည့် အတ္တ နိစ္စသုခသို့ ဖြစ်ခွင့်မရ။ ပျက်နေရကို ဝိပဿနာပျက်လို့ ဉာဏ်အားဖြင့် တွက်ရာ၏။

(င) အရိယာနယ်ပျက်ဆိုသည်မှာ။

ထင်စရာပြကြသည့် သင်္ခါရမမှ အတ္တ နိစ္စ သုခ ရှာမရသည့် အသင်္ခတ အနတ္တ အနိစ္စ ဒုက္ခထဲ၌ ဝေခွဲခဲ့လျှင် ဉာဏ်မှာ မြင်ရ သဘာဝကား။ သက်သာရာ ထောက်တည်ရာ သိမ်းပိုက်စရာ အားကိုးစရာ ရှာမရသည့်၊ ဒုက္ခသစ္စာ သာလျှင် မဖေါက်မပြန် ဘယ်မှမပြောင်း ကောင်းကောင်းကေန် ရှိရိုးမှန်လှ တွေ့မြင်ရ၏။

အစဉ်ထာဝရ မဖေါက်မပြန် ရှိရိုးမှန်သည့် ဒုက္ခသစ္စာတည်း၌ ခွဲစရာမမြင်၊ ထင်စရာမရှိ၊ ကိလေသာ ဟူသမျှ တို့သည် ပကတိ အားဖြင့် ပျောက်ပျက်နေကြသည်ကို၊ အရိယာနွယ်ဝင်သူတော်စင်တို့သည် ဉာဏ်မြင်ရှင်း၍၊ ထိုးထွင်းသိမြင်၊ အပျက်စဉ်ကို၊ ဒိဋ္ဌကေန်၊ သိရိုးမှန်လှ၊ သဘာဝကြောင့် ဆန္ဒရာဂ ဉပါဒါန် မဖြစ် ထိုစံနစ်ကို အရိယာနယ်ပျက် ဉာဏ်မှာတွက်လော့။

(စ) နိဗ္ဗာန်ပျက်ဆိုသည်မှာ—

ရုပ်နာမ်နယ်ထဲ၊ ဖေါက်ခွဲဝေဖန်၊ အဖြေနှုန်မှာ၊ လေးသစ္စာဟု ဉာဏ်အားပြု၍၊ အသိမှန်ငြား၊ ပဋ္ဌမနိဗ္ဗာန်ရောက် သောတာပန်များမှာ၊ အယူဖေါက်ပြား၊ အကြံမှားသည့်၊ ဒိဋ္ဌိဝိစိကိစ္ဆာခေါ်ငြား၊ ကိလေသာများတို့သည်၊ တရံတဆစ်၊ ဖြစ်ခွင့်မရ၊ အမြဲအားဖြင့် ပျောက်ပျက်နေသည့် အပျက်ကိုတွေ့ရပါသည်။ တဖန် ဒုတိယနိဗ္ဗာန်ရဆို သကဒါဂါမ်တို့မှာ ဒိဋ္ဌိဝိစိကိစ္ဆာ အစဖြာသည့်

အောက်သံယောဇဉ်များတို့သည် အနီးအပါးမှဖြစ်နိုင်မရ၊ အမြဲအားဖြင့် ပျောက်ပျက်နေကြပါသည်။

တတိယ နိဗ္ဗာန်ကို မျက်မှောက် ပြုနေကြသည့်၊ အနာဂါမိပုဂ္ဂိုလ်တို့မှာ လောဘ,ဒေါသစသော ကိလေသာ အစားစား တို့သည်၊ အနည်းအပါးမျှ ဖြစ်ခွင့်မရ အစဉ်သဖြင့် ပျောက်ပျက်ကြသည့် အပျက်သာ ဉာဏ်အားဖြင့် တွေ့ရပါသည်။

စတုတ္ထနိဗ္ဗာန်ကို မျက်မှောက်ပြုနေကြသည့် အရဟန္တပုဂ္ဂိုလ်များမှာ၊ ကိလေသာအစားစား၊ သံယောဇဉ်(၁၀)ပါးတို့သည် အနည်းအပါးမျှ စမ်းသပ်ရှာဖွေ၍မရ၊ အစဉ်အားဖြင့် ပျောက်ပျက်နေသည့် အပျက်ကိုသာ ဉာဏ်အား ပိုင်ပိုင်တွေ့မြင်နိုင်၏။

ဤကဲ့သို့ မဂ်အဆင့်ဆင့်ကပယ်၍ ပုဂ္ဂိုလ်အစားစားတို့ထံမှာ ကိလေသာအစားစား၊သံယောဇဉ်(၁၀)ပါးတို့ မဖြစ်တာ-ပျက်နေတာကို တင်စား၍ နိဗ္ဗာန်ပျက်ဆိုသတည်း။

ယခုပြဆိုခဲ့သော ပညတ်ပျက်, သင်္ခတပျက်, အသင်္ခတပျက်, ဝိပဿနာပျက်, အရိယာပျက်,နိဗ္ဗာန်ပျက် သဘောသရုပ်တို့သည် 'ဝယဓမ္မာ'ပုဒ်အရ ထုတ်သတည်း၊

(စ) ဝိရာဂ = ကင်းပြတ်ခြင်း သဘော။

ကင်းပြတ်ခြင်းသဘော ရုပ်လုံးဖော်ရသော်-သင်္ခတနယ်မှားကြောင်းကျိုးတရားတို့သည်၊ ကြောင်းကျိုး အစဘယ်ဟာ ဖြစ်သည်ကို တထစ်ချရှာမရသည့် မူလဝယ၊အသင်္ခတမှဖြစ်ကြောင်း ယောဂီများ ဉာဏ်မြင်ရှင်း၍ အသိလင်းကြပြီ၊

ထိုသို့ ရုပ်,နာမ်ဓမ္မ သင်္ခတ တရားတို့သည်၊ တခုခြင်း အလို ဖြစ်နိုင်, ဖြစ်စေနိုင်မှု, အတ္တ, အတ္တနိယသတ္တိ၊ ကုန်ခမ်းဆိတ်သုဉ်းဘိကြောင်း၊ တခုနှင့်တခု ကူးလူး ဆက်ဆံမှု မပြု နိုင် ကြောင်း ဒေသနာယုတ္တိ ထုတ်ညွှန်ကာပြရလျှင်--

ဣဓမေ ရူပါရူပဓမ္မာ ဥပ္ပါဒ ပဒေသေယေဝ၊ နိရုဇ္ဈိတွာ
ကေသဂ္ဂ မတ္တမ္ပိ ဒေသန္တရ သင်္ကမနံနာမနတ္ထိ၊

ဗုဒ္ဓဘာသိတစကား ထင်ရှားရှိပါ၏၊ အမိဘာသာ = စကားနှင့် ပြန်ကြားသော်—ဣဓမေ ရူပါရူပဓမ္မာ၊ ဤရုပ်,နာမ်လို့ အသမုတ်ခံရသည့် သဘောတရား မှန်သမျှတို့သည်။ ဥပ္ပါဒပဒေသေယေဝ,ဖြစ်သည် ရှိသည်ဆိုသော နေရာဌာသာလျှင်။ နိရုဇ္ဈိတွာ၊ မဖြစ်မရှိနိုင်ဘဲ ကွာရှဲ ချုပ်ငြိမ်း ကြ ကုန် သည် သာ ဖြစ် ၍။ ကေသဂ္ဂမတ္တမ္ပိ၊ ဆံချည်တဖြားခန့်မျှ လည်း။ ဒေသန္တရ သင်္ကမနံနာမ၊တခြားတပါးသို့ ရွှေ့ပြောင်း နိုင်မှုသည်။ နတ္ထိ၊ဘယ်အနေနှင့်ကြည့်ကြည့် ဘယ်အသိနှင့် ရှာရှာ မရှိချိုး မှန်လှ သည်သာလျှင်တည်း။

ယောဂီ—ပရမတ် ရုပ်,နာမ်မှန်သမျှတို့သည်၊ဖြစ်သည် ရှိသည်ဆိုတဲ့ သင်္ခတနယ်မှာ တခုခြင်း အလိုမဖြစ်နိုင်၊ ဖြစ်စေနိုင်မှုအားမရှိသည့် အသင်္ခတ တရားဖြစ်ပုံ ဉာဏ်ငုံကာ သိရသည်

ဤသို့ ရုပ်,နာမ် ပရမတ်တို့၏။ မူလ အသင်္ခတ ဉာဏ်ဝိစိတ်တွင်းထိုးထွင်း၍သိပါမှ၊ ကြောင်းကျိုးမဆက်မစပ် အခြင်းခြင်းကင်းပြတ်နေသည့် ဝိရာဂဓါတ်ကို အသိချင်း၍၊ ဉာဏ်မြင်လင်းမည်။

တနည်းဆိုသော်—ပရမတ် ရုပ်,နာမ်မှန်သမျှတို့သည်၊ သင်္ခါရ နယ်မှာ ရုပ်တည်၍ အသင်္ခတမှာ ဆုံးနေပုံ၊ (ဝါ) နဂို မူလက အပျက်ဖြစ်ပုံ၊ (တနည်း) အခွကြောင်းပျက်၊ အကျိုးပျက်ဖြစ်ပုံ၊ ဉာဏ်ငုံကာသိက ကြောင်းနှင့်ကျိုး မဆက်မစပ် အခြင်းခြင်း ကင်း ပြတ်သည့် ဝိရာဂဓါတ်ကို မျက်မျောက်ပြုနိုင်ပါသည်။

၎င်းဝိရာဂဓါတ်ကို ဉာဏ်ဝစိတ်တွင်း အသိရှင်းက အမြတ် ဧရင်းတွင် ပထမဖြစ်ပုံပြ ပါဠိတော်ကား။

ယာဝတာ ဘိက္ခဝေ သင်္ခတာဝါ အသင်္ခတာဝါ ဝိရာ ဂေါ တေသံ အဂ္ဂ မက္ခါယတိ။ ။စသည်ဖြင့်ဟောကြား ခဲ့ပါသည်။ ပါဠိသဘော မြန်မာလိုပြောက။ ဘိက္ခဝေ၊ သံသရာထောင် သုံးအိမ်နှောင်မှ ခွါရှောင် လိုငြား ချစ်သား-ချစ်သမီးတို့။ သင်္ခတာဝါ၊ ကြောင်းကျိုးဖေါ်ပြ အခ်တ တရားတို့ သည်ရင်း။ အသင်္ခတာဝါ၊ ကြောင်းကျိုးမရအသင်္ခတ တရားတို့ သည်ရင်း။ အတ္တိသန္တိ၊ စစ်စစ်မသွေရှိကြပေကုန်၏။ တေသံ၊ ထို သင်္ခတတရား-အသင်္ခတတရားတို့ထက်။ ဝိရာဂေါ၊ ကြောင်းကျိုး မဆက်မစပ် အခြင်းခြင်း ကင်းပြတ်နေပုံကို ဉာဏ်တွင်း စိတ်ဝ ကျပ်ပြည့်သိခြင်းသည်။(ဝါ)သဘောတရား တခုနှင့်တခု မဆက် မစပ် အခြင်းခြင်းကင်းပြတ်မှုကို၊ ကိုယ်တိုင်ကိုယ်ပိုင် ထိုးထွင်း၍ သိခြင်းသည်။ အဂ္ဂံအဂ္ဂေါ၊ အမြတ်ဆုံး တရားပါပေ၍။ အက္ခါ ယတိ၊ ဆိုထိုက်၏။

No. 31

ကြောင်း ကျိုး မဆက်မစပ် အခြင်းခြင်း ကင်းပြတ်ပုံ၊(ဝ၁) သဘောတရား တခုနှင့်တခု မဆက်မစပ် အခြင်းခြင်း ကင်းပြတ်ပုံ ဉာဏ်ငုံကာ နားလည်ပါက ဘာ့ကြောင့် အမြတ်ဆုံး တရားလို့ ဆိုသနည်းဟူမူ....အ ကြောင်း အ ကျိုး မဆက်မစပ် အခြင်းခြင်း ကင်းပြတ်ပါသဖြင့် ပဋိစ္စသမုပ္ပါဒ် စက်ရဟတ်ကြီးပြတ်၍ သံသရာ ပြေးပွဲရပ်ပါသဖြင့် အမြတ်ဆုံး တရားလို့ဆိုရာ၏။

တနည်းအားဖြင့်ဆိုမူ ကြောင်း ကျိုး နှစ် ရပ် ကင်းပြတ် နေ့ပဲ ထိုအထည်းမှာ စွဲစရာမမြင် ထင်စရာမရှိ အားကိုးအားထား ပြု ရာမရှိပုံကို ဉာဏ်ငုံကာ သိသဖြင့်၊ စွဲလမ်းမှု ခင်မင်တွယ်တာမှု ထင် "မှတ်သိမ်းပိုက်မှု အားကိုး အားထား ပြုလိမ့်မှု သမုဒယ မဖြစ်သည့် နိဗ္ဗာန်ကို မျက်မှောက်ပြုရသည့် အကျိုးရှိ၍ အမြတ် ဆုံးဆိုရာ၏။

(ဆ) နိဒ္ဒေသ—ချုပ်ငြိမ်းနေခြင်းသဘော။

ဘာတွေချုပ်ငြိမ်းနေသနည်းဟူမူ....

(၁) သက္ကာယနယ်မှ ချုပ်ငြိမ်းခြင်းသဘော။

(၂) ရုပ်,နာမ်နယ်မှ ချုပ်ငြိမ်းခြင်းသဘော။

(၃) အရိယာနယ်မှ ချုပ်ငြိမ်းမှုသဘော။
ဤသို့ သုံးမျိုးသုံးစား ရှိသည်ကို တွေ့ရပါသည်။

(၁) သက္ကာယနယ်မှ ချုပ်ငြိမ်းမှုဆိုသည်မှာ....အကြောင်းတိုက်ဆိုင်၍၊ပြိုင်တိုင်း–ပြိုင်တိုင်း ပေါ်လာသမျှ–မြင်, ကြား, နံ့, စား, ထိ, သိ, ဆို ထိုထိုပရမတ် တရားတို့ အပေါ်၌ အကြောင်းက ဘယ်လို၊အကျိုးကဘယ်ပုံ–ဉာဏ်ငုံကာ မသိပါကြ အန္ဓပုထုဇဉ်လူဗာလ တို့သည် (ဝါ)လက္ခဏာဉာဏ်, သစ္စာဉာဏ်ကို အမှန်မသိသည့် ဥပါဒါန်နယ်ဖွား အစွဲသမားတို့သည်၊ မြင်,ကြား,နံ့,စား, ထိ,သိ,ဆို ထိုထိုပရမတ် ရုပ်နာမ်များနှင့် တွေ့ကြုံပါက စွဲလမ်းသိမ်းပိုက်ကြပေမည်၊ခင်မင်တွယ်တာစရာအနေနှင့်၊အတ္တသမုဒယဖြစ်မည်ကား မလွဲတည်း။

ဤသည့် ဥပါဒါန် နယ်ဖွားအစွဲသမားတို့၏။ စွဲလမ်း သိမ်းပိုက်မှု အတ္တသမုဒယ တို့သည်လည်း၊ ကြာကြာမခံ တဒင်္ဂပဟာန်အားဖြင့် ချုပ်ငြိမ်းရပြန်ပါသည်၊ ၎င်းချုပ်မှုကို သက္ကာယနယ်မှ ချုပ်ငြိမ်းမှု နိရောဓ ဆိုသတည်း။

ထိုနိရောဓသည် အမြဲချုပ်ငြိမ်းသော နိရောဓမဟုတ်ပေ နောက်ထပ်တဖန် စွဲစရာတွေ့ကြုံက၊ တဖန်စွဲ၍ ချုပ်ရပေဦးမည်။ ထိုကြောင့်– ၎င်းနိရောဓကို သက္ကာယနယ်က- နိရောဓလို့ဆိုသည်။

(၂) ရုပ်နာမ် နိရောဓဟူသည်- " တံသဗ္ဗံ နိရောဓဓမ္မံ " ကျမ်းလာစကားအရ- ရုပ်နာမ်နယ်မှ နိရောဓဓမ္မကို ပြရမည်ဆိုလျှင်၊ ထိုဖြစ်ယောင်ဆောင် တည်ရောင်ပြကြသည့် အားလုံးကုန်

သော ပရမတ် ရုပ်နာမ် ဟူသမျှတို့သည်။ နိရောဓဓမ္မံ၊ ချုပ်ငြိမ်းခြင်း သဘောရှိ၏။

လောကလူသား ပုထုဇဉ်များကို ဘာဘာညာညာ အထင်မှားအောင် ဖြစ်ရောင်ဆောင် တည်ရောင်ပြကြသည့်၊ အားလုံးသော သင်္ခါရ ဓမ္မတို့သည် ချုပ်ငြိမ်းခြင်း သဘောရှိသည်လို့ လာရှိပါသည်။

အားလုံးသော သင်္ခါရများ နိရောဓဖြစ်ပုံ၊ အထက်တွင် ပုံစံဇယားနှင့် ထုတ်ရှုပြခဲ့သည်၊ ရူပါရုံ အဆင်းရုပ်ကို၊ သာဓကထား ပြီး ရှင်းလင်းဝေဘန် ပြရသော် ရူပါရုံဘဲ အဆင်းဘဲလို့ ခေါ် စွဲအသမုတ်ခံရသည့် သဘောတရား ပရမတ်လေးသည်(၀ါ)ဓါတ် ကို ဓါတ်အတိုင်း သိလျှင်ပြီးရော။ "ပရမတ်မြေ့မြေ့ လေးဘဲ" မျက်စိတမှိတ် လျှပ်တပျက် အတွင်းမှာ ကုဋေ ငါးထောင်ကျော် လောက် ဖြစ်ပြီး ပျက်နေတယ်လို့ "ပရမတ်ခတ်"မှာ တရားဥခေါင်းချကာ- လမ်းဆုံးထားသည့်- ပရမတ်အယူ သန်ကာ ဟောပြော ညွှန်ကြားနေသည့် ဝိပဿနာ နည်းပြဆရာများ ဟောကြားနေသည့် ခတ် ပရမတ်ကလေးသည် အဟုတ်ဘဲ ဖြစ်နိုင်

ပျက်နိုင်ပါသလားလို့ ဆုံးခမ်းတိုင်အောင် ဉာဏ်စဉ်လိုက်၍၊ ပေ
ဘန်ကြည့်ရှု အသိမှန် ပြုရန်လိုလာပြန်သဖြင့် လုပ်ထုံးဝေဘန်
ခမ်းကို့အကျဉ်း အားဖြင့်ပြပါအံ့။

ရုပ်ရုံဘဲ အဆင်းဘဲလို့ အသမုတ်ခံရသည့် သဘော တရား
လေး၊ သင်က တဒိတ်ဒိတ် တသိမ့်သိမ့် တရွရွ တမ္မမ္မ တဖိန်းဖိန်း
တရှိန်းရှိန်း ဖြစ်ရှိင်ပါသလားလို့ ဝေဘန်ကြည့်ရှု အဖြေမှန်ပြု
လိုက်တော့ ရုပ်ရုံဆိုသည့် အဆင်းရုပ်က "တံသဗ္ဗံ နိရောဓဓမ္မံ"
ဆိုသည့် ဒေသနာယုတ္တိကို ကိုး၍ အောက်ပါပုံစံပြ သဘာဝယုတ္တိ
ကို သက်သေထူ၍ ဝန်ခံချက်ပေးသွားပါသည်။

အလင်း

မျက်စေ့ 'အဆင်း' မြင်စိတ်

နှလုံးသွင်း

မာ-ပြော၊ ဖွဲ့ပါတ်-ယိုစီ၊ ပူ-အေး၊ တွန်းကန် ငြိမ်သက်

အဆင်းရုပ်ရုံ ဖြစ်ရသည်ဆိုရာမှာ၊- အထက်ပါ ပုံစံအတိုင်း
အားမှုစုပေါင်း အကြောင်း သမုဒယတွေနှင့် ဖြစ်ရတာပါ။

နိရောဓဆိုသည့် ချုပ်ငြိမ်းမှု သဘောကို။ မျက်မှောက်ပြုလိုသည့် မြတ်ယောဂီ ရုပ်ပါရုံခေါ် အဆင်း ရုပ်သည် ဖြစ်နိုင်တည်နိုင် နိုင်ပါသလားလို့ စစ်ဆေးဝေဘန်တော့ အဆင်းလို့ ခေါ်ဝေါ်ကြတာ ထင်မှတ်ရတာဟာ ပတ်ဝန်းကျင် အကြောင်းတွေ နှင့် ပေါင်းဆုံမှ ဖြစ်ရပါသည်ဆိုတာ၊ မညင်းသာအောင် တွေ့ရပါသည်။

အကြောင်း။တရားတွေ ဝိုင်းအုံလို့ ပေါင်းဆုံမှ ဖြစ်ရောင်အောင် တည်ရောင်ပြုရပါသည်ဆိုတော့ သူ့တခုခြင်း အလိုမဖြစ်နိုင်ကြောင်း ထပ်လောင်း၍ စောဒကတက်ရန် မလိုပါ။

စောဒကတက်ရန် လိုပြန်တာက အကြောင်းတွေဝိုင်းလို့ ပေါင်းဆုံမှ ဖြစ်ရပါသည်ဆိုတော့ အကြောင်းတရားတွေက ဖြစ်အောင် လုပ်နိုင်သယောင် အထင်ကြောင်စရာ ဖြစ်နေပါသည်။ ထို့ကြောင့် ပါတ်ဝန်းကြဉ် အကြောင်း တရားတွေကို တခုခြင်း ဆန်းစစ်ရန် လိုလာပြန်သဖြင့် အောက်တွင် သာဓကထုတ်၍ ဝေဘန်ပြီး အဖြေမှန် ရှာကြဦးစို့။

အဆင်းရူပါရုံဖြစ်မှု၌ အကြောင်းတရားတပါးအနေနှင့်ပါဝင်သည့် မြင်စိတ် နာမ်ပရမတ်အား အဆင်းကို ဖြစ်အောင်လုပ်ပေးနိုင်သည့် အတ္တနိယသတ္တိ ရှိပါသလားလို့ စစ်ဆေးမှုပြုတော့ မြင်စိတ်နာမ် ပရမတ်က အစစ်ခံ ဖြောင့်ချက်ပေးသည်မှာ အကျွန်ုပ် မြင်စိတ် နာမ်ပရမတ် ဖြစ်ရသည်ဆိုတဲ့ နေရာမှာ မျက်စေ့ အဆင်းအလင်း နှလုံးသွင်း ထိုထို အကြောင်းရင်းတွေ ပြည့်စုံမှ အချိုးအစား ညီမျှမှုဖြစ်ရတာပါ၊ ၎င်း အကြောင်းရင်းတွေနှင့် ကင်းပြီး ကျွန်ုပ်တခုခြင်း အလိုဖြစ်နိုင်မှု စွမ်းပကား အနည်းအပါးမျှမရှိပါ။ ဖြစ်နိုင်သည့်အားမှ အမြဲအားဖြင့် ဆိတ်သုဉ်းနေရပါသည်။

ဤနေရာမှာ အကြောင်း အစွဲများသည့် အလွဲသမားများလည်း သံသယရှင်း စောဒကတက်စရာ ကင်းလောက်ပေပြီ။ အကြောင်းကိုဆိုသော် ရူပါရုံဖြစ်ခိုက်မှာ အကြောင်း တပါးအနေနှင့် ပါဝင်တဲ့ မြင်စိတ် အကြောင်းလေးကို အဆင်းဖြစ်မှု၌ သင်က ကျေးဇူးပြုနိုင်သလားလို့ စစ်ဆေးဝေဘန်မှု ပြုတော့ သူ့ကိုယ်တိုင် အကြောင်းတွေနှင့်ကင်း တခုခြင်းအလို ဖြစ်နိုင်သည့် အတ္တသတ္တိ ဆိတ်သုဉ်းနေတာ အထင်အရှား တွေ့ရပါသည်။ သူကိုယ်တိုင်မှ မဖြစ်နိုင်တာ သူများကို ဖြစ်အောင် လုပ်ပေးနိုင်မှု အတ္တနိယသတ္တိမရှိ ဆိတ်သုဉ်းနေသည်ဆိုတာ ငြင်းချက်ထုတ်၍ အမြင်ရှုတ်စရာ မလိုတော့ပေ။ "သဗ္ဗေသင်္ခါရာသုညာ" ဟု မိန့်

သတည်း။ သဗ္ဗေ၊ တခုမကြွင်း ခပင်းဥဿုံ အလုံးစုံလည်း ဖြစ်ကုန်သော။ သင်္ခါရာ၊ ကြောင်းကျိုးဓမ္မ သင်္ခါရ တရား တို့သည်။ သုညာ၊အတ္တ အတ္တနိယသတ္တိမှ ဆိတ်သုဉ်းကြကုန်၏။

ရုပ်နာမ် လောကကြီးထည်းမှာ ဆုံးခမ်းတိုင်အောင် ဉာဏ်ဘဉ့် လိုက်၍ ဝေခွဲ ဆန်းစစ် းအာမြေမှုန်မှု သုတေသန ပြုလိုက်တော့ ကြောင်းကျိုးဓမ္မ သင်္ခါရ တရားတို့သည် အတ္တအတ္တနိယသတ္တိမှ ဆိတ်သုဉ်းနေသည့် နိရောဓဓမ္မဖြစ်ကြောင်း ယောဂီများ အသိ ရှင်း၍ ဉာဏ်မြင်လင်းအောင် ကြိုးစား အားထုတ်ရာ သတည်း။

## (၃) အရိယာနယ်မှ (၀ါ)ပုဂ္ဂိုလ်ဘက်မှ ချုပ်ငြိမ်းပုံ။

နိရောဓဆိုတာ ချုပ်ငြိမ်းနေတာ၊ ဘယ်လိုချုပ်ငြိမ်း သနည်း ဆိုလျှင် "နိရောဓေါ ဟောတီတိ အနုပ္ပါဒေါ ဟောတိ" လို့ လာ သတည်း။ နိရောဓေါ၊ ချုပ်ငြိမ်း၍ နေခြင်းသည်။ ဟောတိ၊ဖြစ် ၏။ ဣတိ၊ ဤသို့ဆိုခြင်းသည်။ အနုပ္ပါဒေါ၊ မဖြစ်သဘောကို ဆိုသည်။ ဟောတိ၊ ဖြစ်၏။ ယောဂီ နိရောဓဆိုသည်မှာ မဖြစ် သဘောကိုဆိုတာ (၀ါ)ဖြစ်လို့မှု ချုပ်ငြိမ်းနေသည့် သဘောကို အမည်ပေးထားတာလို့ ဉာဏ်မြင်ရှင်း၍ အသိဉာဏ် ရောက်ပါစေ။

ဘယ်လိုမဖြစ်တာလဲ၊ ဘယ်လိုချုပ်ငြိမ်းပုံမျိုးလဲဆိုလျှင် ရုပ်နာမ်လောက သင်္ခတနယ်ထဲဖေါက်ခွဲဝေဘန် အဖြေမှန်ရှာလိုက်တော့ စွဲစရာမမြင် ထင်စရာမရှိ၊ အနှစ်သာရသုဉ်းဆိတ်သည့် သုညတအနတ္တ၊ ခိုင်မြဲသည့်သဘောမရှိ၊သိမ်းစရာကုန်ခမ်းနေသည့် အနိစ္စ၊ သက်သာရာ ယောက်တည်ရာတရားဟူက အနည်းအပါးမျှမရှိ၊ ဆင်းရဲအတိဖြစ်ခြင်းကြောင့်။ ဒုက္ခဆိုသည့်။ 'အသင်္ခတနယ်မှ' လက္ခဏာတို့ကို ဉာဏ်အားထင်ထင် အမှန်ပင်တွေ့မြင်ရပါသည်။

ထိုအသင်္ခတနယ်မှ အနတ္တ အနိစ္စ ဒုက္ခတို့အထည်း၌စွဲလမ်းသိမ်းပိုက်စရာမရှိ၊ အားကိုးအားထားပြုစရာမရှိပုံကို ဉာဏ်ငုံ ကာ မသိမိုက်မှား လူအစားစားတို့သည် သွားသွားပြီး စွဲလမ်းသိမ်းပိုက် ထင်မှတ်ပါက စွဲလမ်းသိမ်းပိုက်ထင်မှတ်လိုသောသူတို့၏ အလိုသို့မလိုက်နိုင်၊ စွဲလမ်းသိမ်းပိုက်လိုသောသူတို့၏ အလိုသို့ အနည်းအပါးမျှ မလိုက်နိုင်သည့် အစဉ်ထာဝရအားဖြင့်သက်သာရာ ဆောက်တည်ရာမရသည့် သင်္ခါရ ဒုက္ခသာလျှင် ဘယ်မှမပြောင်း၊ ကောင်းကောင်းကေန်ရှိပါကလားလို့ ပဋိဝေဓဉာဏ်အားဖြင့်ထိုးထွင်း၍ သိလိုက်တော့ ဆန္ဒရာဂနှင့်တကွ၊ တကယ်စွဲလမ်းထင်မှတ်မှု အတ္တသမုဒယတို့သည် အမြဲကွယ်ပျောက် ချုပ်ငြိမ်းသွားပါသည်။ ၎င်းကွယ်ပျောက်ချုပ်ငြိမ်းမှုကို နိရောဓဘဲ၊ 'နိဗ္ဗာန်' ဘဲ ခေါ်ကာစွဲသည် ဥပါဒါန်ပြုတ်မှု သိမည်တည်း။

နိရောဓသဘောကို ဤမျှဟောကြားပြသမှုနှင့် နိဂုံးခါးပါတ်အပြီးသပ်သတည်း။

ယောဂီ အထက်တွင် သူ့ကဏ္ဍနှင့်သူပြခဲ့သည့် အနိစ္စ သင်္ခတ ပဋိစ္စသမုပ္ပန္န ခယ ဝယ ဝိရာဂ နိရောဓဆို ထိုထိုအချက်များကို အသိပိုင်လျှင် မဂ် ဖိုလ် နိဗ္ဗာန်ရရေး ရောက်ရေးအတွက် အမျိုးမျိုးသော ဆရာများကို ခညားရဦးမည် ဘယ်ဒါနလိုသေးသည်။ ဘယ်သီလဆောက်တည်ရဦးမည်။ ဘယ်ဘာဝနာပွားရဦးမည်။ အစချီသည့်အာသာဆန္ဒ အလိုကိစ္စမရှိ၊ နာနာဘာဝတ္တာရ ဥလ္လောကန၊ ဘေးကြီးမှလွတ်မြောက်ပြီး ငါသည်ကုန်လွန်ခဲ့သည့် အတိတ်က မကောင်းမှုကံ အတန်တန် လုပ်ခဲ့သည် အစချီ၍ အတိတ်ကြောင်းကို ပြန်ပြောင်း၍မဆွေးပြီ။ ၎င်းကံများအတွက် စိတ်ရတက် မအေးစရာမရှိ၊ အတ္တနုဝါဒဘေးမှ လွန်မြောက်ပြီး၊ အဓိပညာ ဓမ္မဝိပဿနာ စခမ်းသို့ရောက်၍ 'နတ္ထိ ကိဉ္စိ ဥတ္တရိ ကရဏီယန္တိ' ဖြစ်ကြီးဖြစ်လေတော့၏။ သုတသာရဏဂုဏ်၊ သုတသာသနာမှ လွန်မြောက်၍။ ဒိဋ္ဌသရဏဂုဏ် ဒိဋ္ဌသာသနာနှင့် တွေ့ကြီးတွေ့လေတော့၏။

ဤနေရာ၌ အလျှင်းသင့်၍ သာသနာသုံးရပ် သိက္ခာသုံးပါး၊ ရတနာသုံးဖြာ ယူဆခဏ်းကို အကျဉ်း အား ဖြင့် ပြဦးအံ့။

## ဗုဒ္ဓပွင့်ရာ သာသနာတွင်းတရားများ သိက္ခာသုံးပါးသဘောသွား

ဉာဏေန အဝိဇ္ဇာယ အနိစ္စာနုပဿနာယ နိစ္စသညာယ ပဟာနံသီလံ၊ အစဖြာသည့်။ မာဂဓ၊ စသွား အမိဘာသာ ဖြင့် ပြန်ကြားသော် ဉာဏေန၊ ဝိပဿနာဉာဏ်အမြင်မှန်ဖြင့်

အဝိဇ္ဇာသည်၊ လက္ခဏာဉာဏ် သစ္စာဉာဏ်ကို အမှန်မသိခြင်းအဝိဇ္ဇာ တရားကို။ ဘိန္ဒိတွာ၊ ဖေါက်ခွဲနိုင်သည်ရှိသော်။ အနိစ္စာနုပ ဿနာသည်၊ အနိစ္စာနုပဿနာဉာဏ်ဖြင့်။ နိစ္စသညာသည်၊ မြဲသည်ဟူ သော အမှတ်အယူကို။ ပဟာနံ၊ ပယ်ခြင်းသည်။ သိလံ၊ သီလမည်၏။

ရုပ်နာမ်ခမ္မ သင်္ခါရ လောကကြီးကို ဝိပဿနာဝိဇ္ဇာ ဉာဏ်ဖြင့် အဝိဇ္ဇာကိုပယ်ခွင်း၍ အနိစ္စလက္ခဏာ ထင်လင်းစွာ ပေါ်လာမည်ဆိုလျှင် မြဲသည် ခိုင်ခန့်သည်ဆိုသည့် နိစ္စသညာ ပျောက်ကွယ်၍ အဓိသီလစခမ်းသို့အလိုလို ရောက်ပါသည်။

ဤကဲ့သို့ ရုပ်နာမ်နယ်တွင်း အဝိဇ္ဇာပယ်ခွင်း၍ အနိစ္စ ဝိဇ္ဇာဉာဏ်ဒုက္ခဝိဇ္ဇာဉာဏ် အနတ္တဝိဇ္ဇာဉာဏ်၊ ထင်လင်းလာရပါ က အသက်၊ လိပ်ပြာ၊ ဇီဝါ၊ အတ္တာ၊ ဗေဒဝရဆိုသည့် အမြင်မျိုး ကိုစွန့်၍ 'အတ္တသညာပျောက် ခိုင်ခန့်တယ်၊ မြဲတယ်၊ ရှိတယ်ဆို သည့် 'နိစ္စသညာပျောက်' သက်သာရာရတယ်၊ ချမ်းသာတယ်။ အားကိုးစရာ ထောက်တည်စရာရှိတယ်ဆိုသည့် 'သုခသညာ' ပျောက်ပါသည်။ ၎င်းအတ္တ၊ နိစ္စ၊ သုခတို့ကို ပယ်လိုက်ထာ စွန့်လိုက်ထာကိုပင် အဓိသီလဖြစ်ကြောင်း ပဟာနသီလဖြစ် ကြောင်း၊ အတ္တသညာသည်၊ နိစ္စသညာသည်၊ သုခသညာသည်၊ ပဟာနံ သီလံ ဆိုသည့် ဗုဒ္ဓဘာသိတကို ထောက်၍ ကိုယ်ပိုင်ဉာဏ်နှင့် နှောက်ပြီးကြည့်ရှု၍ အဓိသီလဖြစ်မှု သတိပြုရာ၏။

အတ္တ နိစ္စ သုခဆိုသည့် အထင်မှား အမှတ်မှားများ တရံ ဘဆစ်မျှ မဝင်နိုင်အောင် အစဉ်စောင့်စည်းမှုသတိသည် အဓိ စိတ္တသမာဓိမည်၏။

ရုပ်နာမ်လောကဲ သဘာဝကို လက္ခဏာအတိုက် သစ္စာကိုက် ဥာဏ်စဉ်ထိုက်အောင် ဝေဘန်နိုင်တာကို အဓိပညာလို့ ယူဆ ယုံကြည် လက်ခံအပ်ပါသတည်း။

၎င်းအဓိပညာသည်သာလျှင် ကိလေသာသံယောဇဉ်များ ကို အကြွင်းအကျန်မရှိ သမုစ္ဆေဒပဟာန်အားဖြင့် ပယ်နိုင်သည်၊ ထိုအဓိပညာ စခန်းသို့ ရောက်က 'သီလ' 'သမာဓိ' တို့လည်း အလိုလိုပြည့်စုံ၍ အကျိုးတရားများအနေနှင့် ပါဝင်ပါသည်၊ ထို့ကြောင့် ပညာစခန်း ဝိပဿနာလမ်းကို ကြိုးပမ်းသင့်သည်၊ 'ပညာစခန်း' ရောက်မှ ကိလေသာ သံယောဇဉ်များ သမုစ္ဆေဒ ပဟာန်ဖြင့် ပယ်နိုင်ကြောင်း 'ပညာယ သမုစ္ဆေဒပဟာန ဝသေန ကိလေသာ ပဟာနံ ပကာသိတံ ဟောတိ' လာရှိသည်ကိုဒေသနာ ယုတ္တိအဖြစ်ခံယူ၍ ဟုတ်, မဟုတ် မှန်, မမှန်ကို ကိုယ်တိုင်ပညာ စခန်းရောက်အောင် ကြိုးစားအားထုတ်ရာ၏။

ပညာယ၊ ဝိပဿနာဥာဏ် အမြင်မှန်ဖြင့်။ သမုစ္ဆေဒ ပဟာနဝသေန၊ သမုစ္ဆေဒပဟာန်၏ အစွမ်းအားဖြင့် (ဝါ) အကြွင်းမဲ့ ပယ်သည်၏ အစွမ်းအားဖြင့်။ ကိလေသာပဟာနံ၊ ကိလေသာ အစားစား သံယောဇဉ်များအား အကြွင်းမဲ့ပယ် ခြင်းကို။ ပကာသိတံ၊ ပြအပ်သည်။ ဟောတိ၊ ဖြစ်၏။

သိက္ခာသုံးပါးသဘောကိုဤမျှ ရေးသား ဖော်ပြမှုဖြင့် နိဂုံးချုပ်၍ 'ရတနာ' သုံးပါး ယူဆဟန် သဘော အချုပ် ကို အဟောထုတ်ရမည် ဆိုလျှင် အောက်ပါ သဘောသွား အတိုင်း ယုံကြည်ယူဆတင်ပြအပ်ပါသည်။

## "ရတနာ သုံးပါး ယူဆခဏ်း"

လက္ခဏာ ကမ္မဝိညာဏ်၊ သဗ္ဗဇာနာတိ ဥာဏ်မာ။
အာလယာ နိဗ္ဗိတ်ကိစ္စံ သိတိဘူတော ဝ သောနရော။

ညာဏ်မာ၊ သမ္မာဉာဏ်ရှိသော သူသည်။ ကေမှု၊ တရုမျိုးသော။ လက္ခဏာ၊ လက္ခဏာကို။ ဝိညာဏ၊ ကိုယ်တိုင်ကိုယ်ပိုင် ကျပ်ပြည့် သိသည် ရှိသော်။ သဗ္ဗေ၊ ခပ်သိမ်းကုန်သောတရားတို့ကို။ ဇာနာတိ၊ သိနိုင်တော့သည်သာတည်း။ အာလယ ထိုသို့သိသောအခါ၌။ အာလယာ၊ ထိုသူအား၊ ကိစ္စံ၊ ပြုဘွယ် ကိစ္စဟူသမျှသည်၊ (ဝါ) ဘုရားရှာရသည့် ကိစ္စ, တရားနာ ရသည့် ကိစ္စ, သံဃာ ရှာရသည့် ကိစ္စ ရသေ့, ရဟန်း,ဘိုးသူတော်, မယ်သီလ လုပ်ရသည့်' ကိစ္စဟူသမျှသည်၊ သိတိဘူတော ဝ၊ ကိစ္စပြီး၍ ကြေးလေ့တော့သည် သာလျှင်တည်း။

ဆိုလိုရင်းအဓိပ္ပါယ်ကတော့.... လက္ခဏာ တပါးပါးကို ကိုယ်ပိုင်ဉာဏ် အားဖြင့် ထိုးထွင်း၍ ကျပ်ပြည့် သိမည် ဆိုလျှင် လက္ခဏာသုံးပါး ရတနာ သုံးဖြာ အားလုံး အကျုံးဝင်သဖြင့် မဂ်, ဖိုလ်, နိဗ္ဗာန် ရရေး, သိရေး အတွက် ဘုရားရှာရန် တရားနာရန် အလုပ် ဘိုးသူတော် မယ်သီလ ရသေ့ ရဟန်းလုပ်ရန် ကိစ္စမရှိ ပြီးဆုံးခြင်းသို့ ရောက်သည်လို့ ဆိုပါသည်။ လက္ခဏာတလုံးပေါက်ကရတနာသုံးပါး-သိက္ခာသုံးဖြာ တည်ကြောင်းကို မပြမီ ယနေ့ မျက်မှောက် ကာလမှာ သူ့နယ်နှင့် သူ့အရှိ သူ့ အသိနှင့် သူ ကိုးကွယ် ကြပုံကို အကျဉ်းအားဖြင့် တာဝန် နှင့် ဝတ္တရား အရ ရေးသား ပေဦးအံ့။

## "ပညတ်နယ်မှ ရတနာ သုံးပါးယူဆပုံ"

ပုံသဏ္ဍာန်ကို အမှတ်အသားထား၍ ကိုးကွယ်ပုံ အစားစားကို ပညတ်နယ်မှ ဘုရားကို ကိုးကွယ်သည်လို့ ဆိုလိုပါသည်။ ဥပမာ တင်ပြင်ခွေ, လျောင်းတော်မူ အစ ကွာသည့် သကပ်ဘုရား, ကြေးဘုရား များကို ဤပုံတော်များ ကတော့ မြတ်စွာဘုရားဘဲ၊ ယိုဘုရား၏ တပည့် သား မြေး ဖြစ်တဲ့ ရှင်သာရိပုတ္တရာ, ရှင်မောဂ္ဂလာန် အစရှိသည့် ဤပုံတော်များ ကတော့ သံဃာဘဲ၊ ရင်းသံဃာတော်များ ဟောကြားသည့် သုတ်, အဘိဓမ္မာ, ဝိနည်း များကတော့ တရားဘဲလို့ ယူဆ ကိုးကွယ်ကြပါသည်။ ဤသို့ ယူဆကိုးကွယ် နည်းကို ပညတ်နယ်မှ ယူဆကိုးကွယ်မှုဟုဆိုပါသည်။

## "ပရမတ်နယ်မှ ရတနာသုံးပါးယူဆနည်း"

အရဟံ သမ္မာ သမ္ဗုဒ္ဓေါ အစရှိသည့် ဘုရားဂုဏ်တော် ကိုးပါး၊ သွာက္ခာတော ဘဂဝတာဓမ္မော အစရှိသည့် တရားဂုဏ်တော် ခြောက်ပါး၊ သုပ္ပဋိပန္န အစ ဖြာသည့် သံဃာ့ဂုဏ်တော် ကိုးပါး စသည်ဖြင့် သူ့နယ်နှင့်သူ အစားစားသော ဂုဏ်တော်များကို ရတနာသုံးပါးလို့ ယူဆ ယုံကြည် လက်ခံမှုပြုကြသည်ကိုတော့ ပရမတ်နယ်မှ ကိုးကွယ် ယုံကြည်နည်းလို့ဆိုပါသည်။

## "ဝိပဿနာ နယ်မှ ရတနာ သုံးပါး ယူဆနည်း"

ဝိပဿနာစခန်း ဝေဘန်ရေး လမ်းသို့ ခြဉ်းနင်း ဝင်ရောက် လာသော ယောဂီ တယောက်၏ ရတနာ သုံးပါး

တရားဂုဏ်တော်ခြောက်ပါး သံဃာ့ဂုဏ်တော် ကိုးပါး တို့ကို ကိုယ်ပိုင် ဉာဏ်နှင့် ဝေဘန်ပါသည်။ ဤကဲ့သို့ ဝေဘန်မှု ပြုသည့်အခါမှာ ဂုဏ်တော်များ ဟူသည် 'ပရတော ဃောသ' ပစ္စည်းအရ ကြားဘူးနားဝ ရှိသည်ကို သောတ ဝိညာဉ်က ဆက်သွယ် ပေး၍ မနော ဝိညာဉ်က လက်ခံ၍ မနော ဝိညာဉ်၏ လက်ခံ ကျေနပ်ယုံကြည်ချက် များသာ ဖြစ်သည်ကို မငြင်း သာအောင် ဝိဘဇ္ဇ နယ်မှာ ကိုယ်တိုင် တွေ့ရပါသည်။

ဤကဲ့သို့ မနောဝိညာဉ်၏ ကျေနပ် ယုံကြည် လက်ခံနေကြောင်း ကောင်းကောင်း သိတော့ ယောဂီ ပုဂ္ဂိုလ်သည် တဆင့်တက်၍ ဝေဘန်မှုပြုသည်မှာ မနော ဝိညာဉ်ဘဲ သိစိတ်ဘဲလို့ ခေါ်စွဲ ခံရသည့် သဘောမှတ် ကကော ကောင်း,မကောင်း ယုတ်,မြတ် နှစ်တန်ကို ဘာဘဲ, ညာဘဲ အပိုင်နိုင်သည့် စွမ်းပကား သတ္တိ ရှိပါသလားလို့ ဆန်းစစ် ဝေဘန် အဖြေမှန် ရှာလိုက်တော့ သူ့တခုခြင်း အလို ဖြစ်နိုင်, တည်နိုင်, ရှိနိုင်သည့် အတ္တ သတ္တိနှင့် အတ္တ နိယ သတ္တိတို့မှ ဆိတ်သုဉ်းနေသည့် သုညတ ဖြစ်နေကြောင်း ကောင်းကောင်း သိတော့မှ ( သြော် ) ဒါကြောင့်.... 'သုညမိဒံ အတ္တေနဝါ အတ္တနိယေနဝါတိ' အစရှိသဖြင့် အဘဘုရား ဟ ဟောထားခဲ့တာကိုးလို့ ဟုတ်တိုင်းမှန်စွာ အသိပိုင်ပါတော့သည်။

မနောဝိညာဉ် ခေါ်သည့် စိတ်အသိ သဘောခတ် အတ္တသတ္တိ အတ္တ နိယသတ္တိ အချင်း မရှိကြောင်း အသိ

ကောင်း လာသည့်နေ့မှာ 'မာယူပမဉ္စဝိညာဏံ' ဝိညာဉ် ဆိုတာ မျက်လှည့်ဆရာနှင့်တူသည်ဆိုတာ ရယ်ဘွယ်ရာသာဖြစ်၍ မျက်လှည့်ဆရားလည်း ရှက်ဘွယ်ရာသာဖြစ်သည်။ 'ဝိညာဏံ သမုဒယသစ္စံ' ဆိုတာ အဖြစ်မမှန်ကြောင်း ကောင်းကောင်း သိရှာပြီ 'သဗ္ဗေဓမ္မာမနောဝိညာဏဓါတုယာ' ဆိုတာဝိညာဉ်၏အကြောင်း ကောင်းကောင်းမသိသော သူတို့အတွက် အလေးအနက် ထားပြီး ဟောကြောင်း 'မနောဝိညာဉ်' ဟာ အသားလုံးစုံသော အာရုံတို့ကို မကျက်စားနိုင်ကြောင်း အတ္တ အတ္တနိယသတ္တိ ကင်းရှင်းသည့် သညာ ဖြစ်ကြောင်း ကိုယ်တွေ့ ဉာဏ်ပေါ့ ဖြစ်ရပါသည်။

ဤသို့ မနော ဝိညာဉ် သိစိတ် နာမ် ပရမတ်သည် "အနတ္တအနိစ္စ-ဒုက္ခ' ဖြစ်နေ၍ 'အတ္တ နိစ္စ သုခ' ချုပ်နေကြောင်း ဆုံးခမ်းတိုင်အောင် ကျပ်ပြည့်သိသည့် အခိုက်ကို 'ဘုရား' လို့ ယူဆယုံကြည်ပါသည်။ ထိုကဲ့သို့ သိမှုကြောင့် တကယ် ထင်မှတ်စွဲလမ်းမှု သမုဒယတို့ ဖြစ်ခွင့်မရဘဲ ချုပ်ငြိမ်းအေးချမ်းမှုကို 'တရား' လို့ သက်ဝင်ယုံကြည်ပါသည်။အနတ္တကို ကျပ်ပြည့် အသိပိုင်၍ အတ္တသမုဒယနယ်မှ ကိလေသာအစားစား ဖြစ်ခွင့်မရတာ (ဝါ) ဖြစ်ခွင့်မရအောင် တားဆီး သတ်ဖြတ်နိုင်တာကို 'ကိလေသေဆိန္ဒတီတိသံဃော' ကျမ်းလာစကားသက်သေထားပြီး သံဃာလို့ သက်ဝင်ယုံကြည် ကိုးကွယ်မှု ပြုကြပါသည်။

# အရိယာနယ်မှ ရတနာသုံးပါးယူဆဟန်

အရိယာနွယ်ဝင် သူတော်စင်တို့သည် ရုပ်နာမ်လောက သင်္ခါရကို အမြင်မှန်ကြသည်ကား တွယ်စရာမမြင် သိမ်းပိုက်စရာမရှိ ထောက်တည်ရာ သက်သာရာဟူက မြူမျှရှာမရ အစဉ်ထာဝရအားဖြင့် 'သင်္ခါရဒုက္ခ' အနေနှင့်ဖြစ်ရှိနေကြောင်းဆုံးခမ်းတိုင်အောင် ကျပ်ပြည့်သိ၏။ ဤသို့သိကြသား သဘောသွားကို အပြောမမှား အယူမစောင်း သူကောင်းစကား သညာသားက ဘုရားလို့ ပင်ခေါ်ဘို့တင်၏။

သင်္ခါရဒုက္ခ ကျပ်ပြည့်သိက အတ္တသမု အပြုမဝင် အထင်အေးငြိမ်း အစဉ်ကိန်းသျှက် ထောင်သောင်းမက အေးငြိမ်းပါရ သဘောမျှကို အမည်သညာ ခေါ်ဘို့ ရကား အမြတ်တရားတည်း။ သူတော်ကောင်းတို့ သိကြောင်းတည်း။

သစ္စာအမြင် ဉာဏ်မှာထင်၍ အမြင်မှောက်မှား သဘောများကို ခိုအောင်းဝင်ရာ မရရှာသဲ ချုပ်ပျောက်ဆဲကို အရိယာနွယ်ဝင် သံဃာရှင်ဟု အမည်ပြုသည် ကိုယ်တွေ့ကြုံမှ ပုံမည်တည်း ဒိဋ္ဌသရဏဂုဏ်တည်ကြောင်း ရှေ့ရှုကြရာ၏။

ရတနာသုံးပါး သဘောသွားကို သူ့နယ်နှင့် သူ့အရိသူ့အသိနှင့်သူ ကိုးကွယ်ပုံကို အကျဉ်းအားဖြင့် ပြပြီး၍ ယာခုအခါ၌ အကြောင်းတိုက်၍ သာသနာသုံးပါး သဘောသွားကို အကျဉ်းအားဖြင့် ရေးသားဦးအံ့။

# သာသနာသုံးပါး သဘောသွား
# ပရိယတ္တိသာသနာယူဆပုံ

ရုပ်နာမ်ဓမ္မ သင်္ခါရအပေါင်းကို တရားဦးဆောင်းဆုံး အောင် လက္ခဏာဉာဏ် သစ္စာဉာဏ်ထိုက်သည့် အချေအထိ ဘောနိုင်ပါက သာသနာသုံးရပ် တထပ်တည်း ပါသွားပုံ အကျဉ်းအားဖြင့်ပြရသော် သင်္ခတနယ်ဖွား ရုပ်နာမ်များတို့သည် ကြောင်း-ကျိုး ဆက်စပ်က ဖြစ်ပျက်နေကြပါကဲလားလို့ ကိုယ်ပိုင် ဉာဏ်အားဖြင့်သိ၏။

ဥပမာပြသော် ကျောင်းသာဉ်ဖြစ်ခြင်း အကြောင်းရင်း ကို ရှာသည့်အခါမှာ 'ကျေး-ရှုပ- အလောက- မနသိကာရ ကျောဝိညာဏ်'' လို့ ကျမ်းလာစကား သဘောကယုတ္တိထင်ရှားစွာ တွေ့ရပါသည်။ ဤနေရာ၌ မြင်သိစိတ်ကို အကျိုးတရားတား၏ အ ကြောင်း တ ရား များ ကို ရှာ သည့် အ ခါ မှာ မျက်စေ့ အ ဆင်း အ လင်း နှ လုံး သွင်း များ ကို မ ညင်း သာ အောင် တွေ့ရပါသည်။

တနည်းအားဖြင့် ရူပါရုံဆိုသည့် အဆင်းရုပ်တလုံးဖြစ် ရခြင်း၏ အကြောင်းရင်းကိုရှာတော့ ပထဝီ, အာပေါ, တေဇော, ဝါယောဆိုသည့် မဟာဘုတ် ခတ်ကြီးလေးပါး မျက်စေ့ မြင်စိတ် နှလုံးသွင်း အလင်းဆိုသည့် ယာယီ အကြောင်းတရား လေးပါး ဤသည့် မူလယာယီ အကြောင်းတရား ရှစ်ပါးကို သန္တိဋ္ဌိကအားဖြင့် တွေ့ရပါသည်။

ဤကဲ့သို့ ရုပ်နာမ်ပရမတ် သင်္ခါရတို့ကို အကြောင်း အကျိုး ဆက်စပ်ဝေဘန်နားလည်သော ဉာဏ်ကို ပစ္စယပရိဂ္ဂဟ သာသနာလို့ ခေါ်ဆိုယူဆရာ၏။

## ပစ္စုပ္ပန် သာသနာ ယူဆပုံ

ကြောင်းကျိုးဆက်စပ် ပရမတ်ရုပ်နာမ်ဖြစ်သည့် သင်္ခါရတို့၏ မူလပင်ကို သဘာဝကို ဘယ်အနေနှင့် ဖြစ်ရှိကာနေသည့် တရားတွေလဲလို့ ကိုယ်ပိုင်ဉာဏ်နှင့် ဝေခွဲကြည့်ရှုသည့်အခါမှာ မိနစ်စက္ကန့်မျှ အားကိုး အားထား သိမ်းပိုက်စရာ ရှာမရသည့် "အနတ္တ၊ အနိစ္စ ဒုက္ခ" တို့ကို တွေ့ရပါသည်။

ဤသည့် အသင်္ခါရ "အနတ္တ အနိစ္စ ဒုက္ခ" တို့ အတည်းဝေခွဲသုံးသပ် လေ့လာကြည့်က သက်သာရာ ပုန်းအောင်းရာ ရှာမရသည့် သင်္ခါရဒုက္ခ တခုသာ ဘယ်မှာမပြောင်းကောင်းကောင်း ကေန်ရှိရိုး မှန်သည်ကို ဉာဏ်အားဖြင့် ကိုယ်တွေ့ကြုံရ သမ္မသိုက ပြုရပါသည်။

၎င်းသင်္ခါရဒုက္ခကို ကိုယ်တိုင် ကိုယ်ပိုင်သိအောင် ဆန်းစစ်ဝေဘန် ပွားများကြည့်ရှု သုတေသန ပြုတာကိုတော့ ယနေ့မျက်မှောက်လူသား အပြောများနေသည့် တရားအားထုတ်မှု ပစ္စုပ္ပန် သာသနာလို့ ယူဆယုံကြည်ရာ၏။

## ပစ္စဝေက္ခ သာသနာ ယူဆပုံ

ပရမတ်ရုပ်နာမ် သင်္ခါရသဘောကို ဉာဏ်ကုန်နှောပြီး ဝေဘန်ကြည့်ရှု အဖြေမှန်ပြု၍ "အသင်္ခါရ အနတ္တ အနိစ္စဒုက္ခ"

ဆိုသည့် လက္ခဏာဉာဏ်တင် သစ္စာဉာဏ်ယှဉ်၍ ထပ်လောင်းပြီး သုတေသနပြုတော့ ပုန်းအောင်းရာ သက်သာရာစက္ကန့် ဇိဇနာမျှ ရှာမရသည့် အစဉ် ထာဝရ အားဖြင့် ဖြစ်ရှိကာ နေ သည့် သခံါရဒုက္ခကို ဉာဏ်ဝစိတ်တွင်း ထင်လင်းစွာ တွေ့ရှိရပါတော့ သည်။

ဤသည့် သခံါရဒုက္ခနယ်ယည်း ဉာဏ်ကုန်နေ့ကာ ထပ် လောင်း၍ အဆုံးသပ်တရားအနေနှင့် ကြည့်ရှုသည့် အခါမှာ ပုန်းအောင်းစရာနှင့် ပုန်းအောင်းခြင်းစရာ ရှာမရချက် အရ တကယ်ထင်မှတ်မှု စွဲလမ်းမှု အတ္တသမုဒယ အစုစုတို့သည် ကယ်ပျောက်ချုပ်ငြိမ်း၍ ကိလေသာ သံယောဇဉ်တို့လည်း ခေတ်သိမ်းရပါတော့သည်။ (ဝါ) အတ္တသမုဒယ ကိလေသာ အဝဝတို့သည် ဖြစ်ခွင့်မရတော့ပါ။

ဤသို့ဖြစ်ခွင့်မရသဘောမျိုးကို အမည်နာမခေါ်စရာပြုပါ ဆိုက လောက လူသား ဉာဏ်နည်းပါးသူတို့ ဆုတောင်း နေ ကြသည့် သဉပါဒိသေသ နိဗ္ဗာန်လို့ အမည်တွင်၏။

သဉပါဒိ သေသ၊ နိဗ္ဗာန်ကို မျက်မှောက် ပြုရသော ယောဂီသည် ထိုသည့် 'သဉပါဒိသေသ' နိဗ္ဗာန် တကယ် ထင်မှတ်လိုသော ဆန္ဒရာဂ တို့သည်၊ အလိုလို ပျောက် ပျောက်ပျက် ကုန်ရမှုကို ဆုမတောင်းဘဲ ရသည်။ 'အနုပါဒိ သေသ နိဗ္ဗာန်လို့ဆိုခြင်းဆိုတော့။

ဤကဲ့သို့ သဥပါဒိသေသနိဗ္ဗာန်, အနုပါဒိသေသနိဗ္ဗာန်ကို ဉာဏ်အားဖြင့် မျက်မှောက် ပြုနေမှုကို ပစ္စဝေက္ခဏ သာသနာလို့ ခေါ်ဆိုရာ၏။

ဤမျှရေးမှုဖြင့် - သာသနာ သုံးပါး ယှူဆခကျား သဘောသွားကို နိဂုံးချုပ်၍၊ ယောဂီများ- ဉာဏ်မြင်ရှင်းသည် ထက်ရှင်း လင်းသည်ထက် လင်းအောင် 'ဝိပဿနာ ပရိယောသာနေ မဂ္ဂဉာဏံ နာမ' ဆိုချက်အရ ဝိပဿနာအလုပ် အကျဉ်းချုပ်ကာ မဂ်ပေါက်- ဖိုလ်ဝင် နိဗ္ဗာန်ကိုမြင်ရေး- သာဓကယုတ္တိ ပုံစံဇယားထုတ်၍ ဒေသနာနှင့် အညီ... ရေးသားစီရင်ဦးအံ့။

# နိဂုံးစကား

‘ဥဒ္ဒဝါဒ အာဂါဠာရ လမ်းစဉ် ပညာစခမ်း ဝိပဿနာ ကျမ်း ဒုတိယကဏ္ဍကို ဤမျှရေးသားအပ်သော မာတိကာ အစဉ်သဘောတရား အယူအဆများနှင့် နိဂုံး ခါးပါတ် အပြီး သပ်လိုက်ပါသည်။

၎င်း-ကျမ်းကို သက်ဝင်ယုံကြည်စွာနှင့် လေ့လာဆည်း ပူးကြသည့် အမျိုးကောင်း သား, အမျိုးကောင်း သမီး တို့ သည်၊ မရှိစွဲ၊ ရှိစွဲ၊ အလွဲမှားများကို ပါယ်စွန့် လွတ်မြောက် ၍ ယခုဘဝသန္ဒိဋ္ဌိက အားဖြင့် တရားဂုဏ်ခြောက်ပါးနှင့် ပြည့်စုံ၍ ‘စေတောဝိမုတ္တိဖလ’ ‘ရူပနိဿရဏဂုဏ်’ ပြည့်စုံပြီး၊ အတိတနှင့် အနာဂတ မိမိနှင့် ဘာမျှ မသက်ဆိုင် (ဝါ)မိမိ အတွက် ဘာမျှအကျိုးမရှိကြောင်း၊ ကောင်းကောင်း သိမည်။ ယခုပစ္စုပ္ပန်ဘဝကို အမှန်အမြတ်ထား၍၊အရာရာမှာ ယွင်းမမှား အောင်၊ သတိရှေ့ဆောင် ပညာဦးစီးနိုင်လိမ့်မည်ဟု ယုံကြည် အပ်ပါသတည်း။

တနည်းအားဖြင့်ဆိုသော် ယနေ့မျက်မှောက် ကာလမှာ ဘုရားဟော မဟုတ် သည်ကို၊ ဘုရားဟော, ဘုရားပြော, မ ဟုတ်သည်ကို၊ ဘုရားပြော လုပ်၍၊ ဟော, ပြော, ရေးသား ကြကာ ကိုယ်ကျိုးရှာအလုပ်ကို ရှေ့တန်းထုတ်ပြီး၊ ဂိုဏ်းဂဏ, ဝါဒအမျိုးမျိုး ဘည်ဘွင်၊ ဂိုဏ်းဝင်, အသင်းဝင် များရေး ဝါဒစွဲပြင်းတန်ရေး၊ မိမိကိုယ်ကို အထင်ကြီးရေး လာတ်လာဘ ပေါများမှုကို ရှေ့ရှုနေကြသည့်၊ ကိုယ်ကြိုးရှာ ဆရာ၊ သိလ ကြောင်ဆရာ၊ အတ္တုက္က ံသန၊ ပရဝမ္ဘနတရား လက်ကိုင်ထား သည့် ဆရာတု ဆရာယောင်များ၏ လက်တွင်းသို့ မသက်ဆင်း လွတ်ကင်းအောင် ရှောင်ကွင်း နိုင်လိမ့်မည်ဟု စွဲမြဲ ယုံကြည်ခဲ့ ပါသည်။

တနည်းအားဖြင့် ယနေ့ မျက်မှောက် မြန်မာ ပြည်မှာ ဘာသာရေး ဖေါင်းပွမှုကြီး ဖြစ်နေပါသည်။ ဥပမာ ဆိုသော် သာသနာ့နယ်မြေ ခြေကုပ်ယူပြီး၊ ဘာသာရေး ခုတုံးလုပ်ကာ၊ ကိုယ်ကျိုးရှာ စီးပွားဘက် မတော်မသင့် တာတွေ လုပ်ဆောင် ကျင့်ကြံမှုများ အစားစားနှင့် ဘာသာရေးအရ ပြုလုပ်ကြသည့် လုပ်နည်းမမှန်—ပုံစံလွဲမှား ဘုရားဟောများနှင့် ဖီလာဆန့်ကျင် ဖြစ်သည့် အလှူ, မဿ, ဘုန်းကြီးပျံ, ဘုရားပွဲ, အလွန်လွဲမှား သော ပွဲတွေလျှော့နည်း သွားလိမ့်မည်ဟု စွဲမြဲစွာ ယုံကြည်ခဲ့ ပါသည်။

ဤသို့ အကြောင်းကြောင်း တွေကို ထောက်ထား၍ မှောက်မှားမှုကင်းစင်၊ သာသနာ သန့်ရှင်းမှု ရှေ့ရှုမျှော်တွေး

လျက်၊ ရေးသားချက်ကို ယုံကြည်သဒ္ဓါပွား လက်ခံထားလျက်၊ မိစ္ဆာဝါဒီကင်းစင်ဘို့အရေး၊ သာသနာတွင်းသား ရှင်ကောင်း ရဟန်းကောင်းများ၏ တာဝန်ဖြစ်သည့် အားလျော်စွာ မိစ္ဆာဝါဒီလွှမ်းခြုံသည့် ဘာသာရေး ဖေါင်းပွမှုကြီး ချိန်ခါမှီ တားဆီးကြရန် စေတနာမှန်နှင့် နှိုးဆော် ပန်ကြားခြင်းဖြင့် နိဂုံးဝကားရေးသားလိုက်ရပါသတည်း။

**ဓမ္မဝေပုလ္လ အသျှင်ဥဂ္ဂံသ**

# နိဒါနကထာ

ကျွန်ုပ်သည် ဃရာဝါသ အိုးအိမ်တည်ထောင်ပြု၍၊ နေကြကုန်သော ဗုဒ္ဓဝါဒီ ဖြစ်လိုကြသည့် ဒါယကာ ဒါယိကာမများ၏ အဇ္ဈာသယ ဘဝပေးအခြေအနေနှင့် ကိုက်ညီနိုင်သော ဗုဒ္ဓဝါဒ အာဂါရလမ်းစဉ် ပညာစခမ်း ဝိပဿနာကျမ်း ပထမတွဲ ဒုတိယတွဲတို့ကို ပါဠိဘာသာမများ ပရိယာယနည်း မဘက် အမိဘာသာ သက်သက်နှင့် ဒေသနာယုတ္တိ၊ သာဓကယုတ္တိ၊ သဘာဝယုတ္တိ၊ ထုတ်ညှိကာ ရေးသားခဲ့ပေပြီ။

ဤသည့်ဗုဒ္ဓဝါဒ အာဂါရလမ်းစဉ် ပထမ-ဒုတိယတွဲမှာ ဗုဒ္ဓဝါဒီများလက်ခံကျင့်သုံး သိရှိထားရမည့် ပညတ်—ပရမတ် ရှင်းတမ်း, ရုပ်စစ်, နာမ်စစ်ရှင်းတမ်း, ဂဏာခွဲခမ်း, ရှိမှား-မရှိမှား ဆက်မှား-ပြတ်မှား အစွန်းတွက်တရား သဿတဒိဋ္ဌိ ဥစ္ဆေဒဒိဋ္ဌိ ဖြုတ်ခမ်းစသည်ဖြင့် လက္ခဏာဉာဏ် သစ္စာဉာဏ်ဆိုက်သည်အထိ ပြခဲ့လေပြီ။

ယခုတဖန် လင်-သားမကွာ။ သား-သမီးရတနာမပြတ် စီးပွားရှာမလစ်၊ အိမ်ယာထောင်တို့၏ ဘဝပေး အခြေအနေ မျက်မှောက်ကာလနှင့် ကိုက်ညီသင့်လျော်သော ဗုဒ္ဓဝါဒ အာဂါရိယလမ်းစဉ် ပညာစခမ်း ဝိပဿနာကျမ်း တတိယတွဲကိုရေးသားစီစဉ်ကာ တိုင်းပြည်သို့ တင်ပြပါအံ့။

ယခုရေးသားမည့် တတိယတွဲမှာ ဗုဒ္ဓဘာသာ၏ အခြေခံဖြစ်သည့် ဗုဒ္ဓဥပစာ တရားများ၊ ဒါန သီလ သမထ အာစထား တရားဝိပဿနာများ ဘုရားမပွင့်မီ ယခင်ကရှိနှင့်လေပြီး ဘာသာ ပညတ်ချက် အသီးသီးတို့ကိုငင်း၊ ရေးသားမှု မပြုတော့ပါ။

ဗုဒ္ဓဝါဒ အာဂါရိယလမ်းစဉ်ပညာစခမ်း ဝိပဿနာကျမ်း တတိယတွဲမှာ အလေးအနက် ဦးစားပေး ရေးသားလိုသည်ကား ပညာဥာဏ် ကြီးထွားရေးအတွက် တွေးခေါ် စဉ်းစားစရာ ကိုယ်ပိုင်ဥာဏ်ရှိ၍ မှန်ရာကိုရဝန့်ပြတ်သားစွာ လက်ခံကျင့်သုံးစရာ ခေတ်ကာလပရောဂနှင့် ဝိရောဓိဆန့်ကျင်ဘက်မဖြစ် တထပ်တည်းဖြစ်စရာ, သစ္စကထာ ကိုယ်ကျင့် အဘိဓမ္မာနှင့် ဗုဒ္ဓဝါဒ၏ လမ်းဆုံးတရားတို့ကို ရေးသားပါအံ့။

ဤသို့ရေးသားသည့်အခါမှာ ဆရာစွဲမရှိ၊ ဂိုဏ်းစွဲမပါ၊ ပုဂ္ဂိုလ်စွဲကဗလာ၊ ငါဟာမငါ အတ္တကြောသနကင်းစင် ဂိုဏ်းဂန ကြီးပွားရေး၊ အတ္တဟိတ ပုဂ္ဂလိကပိုင်ဆိုင်မှု ကြီးထွားရေး တိုက်ဆောက် ကားစီး ကိုယ်ကျိုးရှာ စီးပွားဘက်မှု၊ ဘာသာရေးခုတုံးလုပ်မှု၊ ပြယုဂ်ပြု၍ ဘဝသက်ထိမ်းမှုအတွက် ရည်ညွှန်းချက်မပြုဘဲ သာသနဝန်ထမ်း ရှင်ရဟန်းတို့အား ဆွမ်းသင်္ကန်း

ကျောင်းဆောင်းလေးပါးပစ္စယ ထောက်ပံ့ကြသည့် စတုပစ္စယ ဒါယကာများကို ကျေးဇူးတုန့်ပြန်သောအား ဗုဒ္ဓ၏ကျေးဇူး တော်ဂုဏ်ကို ထောက်သောအားဖြင့် ဟုတ်ရာကိုရေး၍ မှန်ရာကို ညွှန်းမူ ရေးသားပြုပါအံ့။

ကျမ်းရင်းကို မရေးသားမီ ကြိုတင်သတိပေးစကား ရေး သားလိုသည်မှာ........

၁။ ယနေ့လူသား အယူများနေကြသည့် ကြောက်စရာ မြောက်စရာ ခံစရာ စံစရာ အစဖြာသည့် စုံတဆွေ ကဝေ မြေဘုတ် နတ်နဂါး ပြဿဒါး ပိဿနိုး ဗြဟ္မာ ရေရှာစသည်တို့သည် ထက် အောက်ဒိသာ ထိုထိုဤဤ အလီလီသော အရပ်တို့မှာရှိသလော မည်သည့်အရပ်မှာရှိသနည်း၊ မည်သည့်အရာကို မြစ်ဖျားခံပါ သနည်း၊ ပစ္စယာကာရနည်း၊ ကိုယ်ပိုင်ဉာဏ် ကြီးကြီးဖြင့် ဆန်းစစ် ဝေဖန် အဖြေမှန်ရှာရန် လိုအပ်လှပေသည်။

၂။ နောက်တဖန် လောကလူသား အာသာငန်းငန်းနှင့် လိုလားတောင့်တနေသည့် မင်္ဂလာ နိဗ္ဗာန်ဆို ထိုထိုလောကုတ္တရာ တရားတို့ကာကော ဘီဒီ စာတိုက်အဘွင်းမှခမ္မသင်္ဂဇာ်ဘိသင်း ဓါတု ကထာ အစဖြာသည့် အဘိဓမ္မာ ခုနစ်ကျမ်းထည်းမှာ ရှိပါ သလော၊ စူဠဝါ မဟာဝါ ပရိဝါ အစဖြာသည့်ဝိနည်းငါးကျမ်း ထည်းမှာ ရှိသလော သို့မဟုတ်သုတ်ပါထေယသုတ် မဟာဝါသုတ် သီလက္ခန်ဆို ထိုထိုကျမ်းဂန်ထည်းမှာ ရှိသလော။ မည်သည့်အရပ်

မှာ ရှိပါသနည်း။ ကိုယ်ပိုင်ဉာဏ်နှောကာ ဝေဘန်ဆန်းစစ်မှု သုတေသနပြုရန် လိုအပ်လှပေသည်။

၃။ နောက်တချက်အလေးအနက်သတိပြုအပ်သည်ကား လူသားမှာ ကျရောက်လာသည့် တီဘီ၊ တိုက်ဖွိုက်၊ နူမိုးနီးယား၊ ကင်ဆာ၊ အစဖြာသည့် ရောဂါဝေဒနာများ ကင်းစင်ပပျောက်ရေးအတွက် အနာနှင့်ဆေး ကိုက်အောင်ပေးဆိုသလို ဆိုင်ရာဆေးကျွေးမှု အလေးဂရု မပြုပါဘဲ ဓမ္မဂီတိပရိတ်မန္တာန်ရွတ်ဖတ်မန်းမှုတ်ကာမျှနှင့် ပျောက်ကင်းပါမည်လော ကိုယ်ပိုင်ဉာဏ်ကင်း ဇွဲဝီရိယအရှင်း အသုံးအဖြုံးက ညံ့ဖျင်းသည့်လူ့ဗာလ တသင်းတို့အား စီးပွားရေးမဖူလုံလူမှုရေးနောက်ကျ အကြောင်းမလှဖြစ်ရသည်ကို ဆုပေး ဆုတောင်းနှင့်ပြည့်ဝ၍ ရပါမည်လော အရှင်ကြီးသခင်ကြီးတို့ကို တိုင်တည်၍ မ,စမှုကို စောင့်စား၍ ရပါမည်လော ကိုယ်ပိုင်ဉာဏ်နှောရန် လိုအပ်လှပေသည်။

၄။ ထိုမှတဖန် အလေးအနက် အပြင်းအထန် ဝေဘန်အပ်သည်ကား ဘာသာတရားနှင့် သာသနာတရားတို့သည် မတူခြားနားကွဲပြားပါသလော သို့မဟုတ် အမည်သာကွဲ၍ သဘောအားဖြင့် အတူတူဘဲလော ဘာသာနှင့် သာသနာတရားတို့သည် နိယတ တရားလော....အနိယတ တရားလော ဝိစိကိစ္ဆာမနှော သံသယမနှော ကိုယ်တိုင်ကိုယ်ပိုင်သဘောပေါက်ရန် ဝိမံသနဉာဏ် ဝိစာရဏာဉာဏ်ဖြင့် အပြန်ပြန် အလှန်လှန် ဘာဝေတဗ္ဗ ပြုအပ်လှပေသည်။

၃။ ထိုမှတပါး ကုသိုလ် အကုသိုလ် ထိုထိုဒုစရိုက် သုစရိုက်တရားများကကော ဓမ္မကျမ်းဂန်ထည်းမှာ ရှိသလော.... လူမှာရှိသလော.... မည်သည့်အရပ်ဌာနမှာ ရှိသနည်း၊ ၎င်းဒုစရိုက် သုစရိုက်တရားကို ကြူးလွန်ပြုလုပ်ပါက မည်သည့်အခါကျမှ ခံစား စံစားရမှာနည်း။ ခံစရာ စံစရာ ဘုံဌာနနှင့် ခံမည့် စံမည့် သတ္တဝါသင်္ခါရကကော နိစ္စထာဝရ ရှိသလော ဤသည့် ကောင်းကံ မကောင်းကံဆိုသည့် ကုသိုလ် အကုသိုလ် အစားစား သင်္ခါရများကကော နိစ္စ ဓုဝ သဿတ နိယာမ အမျိုးလော.... အပိုအလိုမရှိ လက်ဝဲ-လကျာ်ဘစွန်း မရောက်ရန် သတိ အတန်တန် ပညာဉာဏ်ဖြင့် ဗဟုလိကတပြုအပ်လှ၏။

၄။ လောက်လမ်းသဖွယ်၊ ဝိဉာဏ်တွယ်သည်၊ အသက်လိပ်ပြာ၊ အစဖြာသည့် အထည်ဒြပ် ကင်းမဲ့သည့်ပစ္စယာကာရ နည်းမပါသည့် ဂုဏ်သတ္တိစွမ်းအား ရှိလေငြား ကမ္မဇိဒ္ဓိဝါဒ အစားစား ဣဿရတန်ခိုးတော်များကကော ဖြစ်နိုင်—ရှိနိုင်ပါသလား....စသည်ဖြင့် အနုပဋိလောမ ဉာဏ်ဝင်ကာ အထပ်တပ် အခါခါ ပြန်လှန်ဆန်းစစ်မှု ကိုယ်တိုင် ကိုယ်ပိုင် သိမြင်သဘော ပေါက်ပိုင်အောင် ကိုယ်ပိုင်ဉာဏ်ဖြင့် ထပ်မနားလေ့လာမှုအား ထုတ်ပြုရာ၏။

အထက်ပါ အချက်ကြီးများကို ကိုယ်တိုင် ကိုယ်ပိုင် ဝေဘန်နိုင်၍ ကိုယ်တိုင် ကိုယ်ပိုင် အသိရောက်ပြီး အမြေ မှန်ပေါက်ပါက ဗုဒ္ဓဘက်တော်သား ဗုဒ္ဓဝါဒီတယောက်ဖြစ်၍

တွေ့ကြုံသမျှ လောကဓံတို့ကို အနိုင်မခံ အရှုံးမပေး ပြုံးပြုံးကကေးနှင့် ရင်ဆိုင်ကာဝမ်းနည်း ဝမ်းသာ တဘက်ကျွန်ဝါဒမရှိ မဇ္ဈိမပဋိပဒါကျကျ ဝိမုတ္တိရသထူးကို ရနေသည့် အတိတ်အနာဂါတ်စသည့် ကြိုးများတုတ်နှောင်မှုမှ လွတ်နေသည့် လွတ်လပ်ရေးတပ်သား ငြိမ်းအေးမှုကို မျက်မှောက်ပြု နေသည့် လူသားဖြစ်ရမည်ကား မလွဲပါတည်း။

ထို့ကြောင့် လွတ်လပ်မှုကိုလိုလား ငြိမ်းအေးမှုရအောင်ကြိုးစားနေသည့် အာဂါရမုနိများအား မပင်မပန်း ရွှင်လန်းစွာနှင့် အထက်ပါသိအပ်သည့်တရားတို့ကိုသိ၍ အရှိထားနိုင်ရန်အသိမှန် အလုပ်မှန်ဖြစ်မှု ကြီးမားသော စေတနာဇောပြုလျက်ပရိယာယနည်းမစွက် ဒိဋ္ဌဓမ္မ ဒိဋ္ဌပတ္တ နည်းသက်သက်နှင့် သန္ဒိဋ္ဌိကဂုဏ်မြောက်အောင် သဘာဝယုတ္တိ ဒေသနာသုတ္တိ ထုတ်ညွှန်၍ အတ္တနောမတိ ကိုယ်ကျင့် အဘိဓမ္မာနှင့် ညွှန်ကာရေးသား စီရင်မှုပြုပါအံ့။

အသျှင်ဥက္ကံသ
၂၀-၇-၆၅

ဗုဒ္ဓ ဝါဒ

# အာဂါရ လမ်းစဉ်

# ပညာစခမ်း ဝိပဿနာကျမ်း

## “ သပ္ပုရိသစက် အင်္ဂါ လေးချက် ”

စတ္တာရော မေ ဘိက္ခဝေ ဓမ္မာ၊ ဘာဝိတာ ဗဟုလီကတာ သောတာပတ္တိဖလ သစ္ဆိကိရိယာယ သံဝတ္တန္တိ၊ ကတမေ စတ္တာရော သပ္ပုရိသသံသေဝေါ သဒ္ဓမ္မသဝနံ၊ ယောနိသော မနသိကာရော၊ ဓမ္မာနု ဓမ္မပဋိပတ္တိ၊ဣမေခေါ ဘိက္ခဝေ စတ္တာရော ဓမ္မာ ဘာဝိတာ ဗဟုလီကတာ သောတာပတ္တိဖလ သစ္ဆိကိရိယာယ သံဝတ္တန္တီတိ။ စတ္တာရောမေ ဘိက္ခဝေ ဓမ္မာ ဘာဝိတာ ဗဟုလီကတာ သကဒါဂါမိဖလ သစ္ဆိကိရိယာယ သံဝတ္တန္တီတိ။အနာဂါမိဖလ သစ္ဆိကိရိယာယ သံဝတ္တန္တီတိ။အရဟတ္တဖလ သစ္ဆိကိရိယာယ သံဝတ္တန္တီတိ။

(မဟာဝဂ္ဂသံယုတ်ပါဠိတော်)

ဘိက္ခဝေ၊ သံသရာဘေး လာမည့်ရေးကို မျှော်တွေး ကြောက်ကြွေး ချစ်သား ချစ်သမီးတို့။ စတ္တရော၊ သချောအရေ အတွက်အားဖြင့် လေးမျိုး လေးစား ကုန်သော။ ဣမေဓမ္မာ၊ ဤတရားတို့ကို။ ဘာဝိတာ၊ ပွားအပ်သည် ရှိသော်။ ဗဟုလီက တာ၊ အကြိမ်များစွာ လေ့လာအပ်သည်ရှိသော်။ သောတာ ပတ္တိဖလ သစ္ဆိကိရိယာယ၊ သောတာပတ္တိဖိုလ်သို့ မျက်မှောက် ပြုခြင်းငှာ။ သံဝတ္တန္တိ၊ ဖြစ်ကုန်၏။

ဘိက္ခဝေ၊ သံသရာဘောင် သုံးအိမ်နှောင်မှ ခွာရှောင် လိုကြွေး၊ ချစ်သား ချစ်သမီးတို့။ စတ္တရော၊ သေးပါးကုန်သော တရားတို့သည်။ ကတမေ၊ အဘယ်တရားတို့ နည်းဟူမူကား....။

(၁) သပ္ပုရိသ သံသေဝေါ၊ ရုပ်- နာမ်- ခန္ဓာ-အာ ယတန ဓါတ်-လက္ခဏာ- သစ္စာ- ပဋ်- ဖိုလ်— နိဗ္ဗာန်ဟုဆိုကြွေး ထိုထိုသို့သော တရားထူး တရားမြတ်တို့ကို သိကျွမ်း ပေါက်ပိုင် လိမ္မာနိုင်သော ဆရာတို့ကို မှီဝဲဆည်းကပ် ရခြင်းတပါး။

(၂) သဒ္ဓမ္မသဝနံ ရုပ်—နမ်- ခန္ဓာ- ဓါတ်—သစ္စာ နှင့် မဂ်- ဖိုလ်- နိဗ္ဗာန်ဆိုကြွေး၊ ထိုထိုအမြက် တရားတို့ကို သတိသဒ္ဓါထက်သန်စွာနှင့် နာခံမှတ်သား၊ကိုယ်ပိုင် ဉာဏ်ယှဉ်၍ နာကြားမှတ်သားရခြင်းကပါး။

(၃) ယောနိသော မနသိကာရော၊ ရုပ် နာမ် ခန္ဓာ ဓါတ် သစ္စာနှင့် မဂ် ဖိုလ် နိဗ္ဗာန် ဆိုငြား။ ထိုထို နာကြားပြီးသား အမြတ်တရားတို့ကို ကိုယ်ပိုင်ဉာဏ် စေ စားကာ ထပ်မနား ပညာအားဖြင့် အသင့်အသင့် ဆင်ခြင်သုံး သပ်ရခြင်းတပါး။

(၄) ဓမ္မာနု ဓမ္မပဋိပတ္တိ၊ မဂ် ဖိုလ် နိဗ္ဗာန်ကို ရခြင်း၏ အကြောင်း ဖြစ်သော သက္ကာယဒိဋ္ဌိ အတ္တဒိဋ္ဌိတို့ကို ပါယ်ချိုးဖျက်ဆီး စွန့်ပစ်ရခြင်းလည်းတပါး၊ (ဝါ)ဓလေ့ထုံးစံ အစဉ်အလာစွဲ ဖြစ်နေသော (နတ် ဗေဒင် ဆံခွက်၊ စုံး တစ္ဆေ ကဝေ)အစထား ကမ္မဇိဒ္ဓိဝါဒများ၊အယူမှားသည့် သီလဗ္ဗတပရာမာသတရားတို့ကို စွန့်ခွာဖယ်ရှားရခြင်း လည်းတပါး။

ဘိက္ခဝေ၊ ချစ်သားတို့။ စတ္တာရော၊ လေးပါးကုန်သော ဣမေဓမ္မာ၊ဤတရားတို့ကို။ ဘာဝိတာ၊ပွားစေအပ်သည် ရှိသော်။ ဗဟုလီကတာ၊အကြိမ်ကြိမ်ပွားများ လေ့လာအပ်သည်ရှိသော်။ သောတာပတ္တိဖလ သစ္ဆိကိရိယာယ၊ သောတာပတ္တိ ဖိုလ်သို့ မျက်မှောက်ပြုခြင်းငှာ။ သံဝတ္တန္တိ၊ ဖြစ်ကုန်၏။ ဣတိ၊ ဤသို့ အစဉ်းစွာ မိန့်တော်မူ၏။

ဘိက္ခဝေ၊ ချစ်သားတို့၊ စတ္တာရော၊ လေးပါးကုန်သော ဣမေဓမ္မာ၊ဤတရားတို့ကို။ဘာဝိတာ၊ပွားများအပ်သည်ရှိသော်။

ဗဟုလီကတာ၊ အကြိမ်များစွာ ပွားများ လေ့လာအပ်သည်ရှိသော်။ သကဒါ ဂါမိဖလ သစ္ဆိကိရိယာယ၊ သကဒါဂါမိဖိုလ်သို့ မျက်မှောက်ပြုခြင်းငှာ။ သံဝတ္တန္တိ၊ ဖြစ်ကုန်၏။

ဘိက္ခဝေ၊ ချစ်သားတို့။ စတ္တာရော၊ လေးပါးကုန်သော ဣမေဓမ္မာ၊ ဤတရားတို့ကို။ ဘာဝိတာ၊ ပွားစေအပ်သည်ရှိသော် အနာဂါမိဖလသစ္ဆိကိရိယာယ၊ အနာဂါမိဖိုလ်သို့ မျက်မှောက်ပြုခြင်းငှာ။ သံဝတ္တန္တိ၊ ဖြစ်ကုန်၏။

ဘိက္ခဝေ၊ ချစ်သားတို့။စတ္တာရော၊ လေးပါးကုန်သော ဣမေဓမ္မာ၊ ဤတရားတို့ကို။ဘာဝိတာ၊ပွားစေအပ်သည်ရှိသော်။ ဗဟုလီကတာ၊ အကြိမ်များစွာ ပွားများလေ့လာအပ်သည် ရှိသော်။ အရဟတ္တဖလသစ္ဆိကိရိယာယ၊အရဟတ္တဖိုလ်သို့ မျက်မှောက်ပြုခြင်းငှာ။ သံဝတ္တန္တိ၊ ဖြစ်ကုန်၏။ ဣတိ၊ ဤသို့ငါဘုရား အဆုံးစွန်ဟောတော်မူ၏။

ဗုဒ္ဓ၏ သာမုက္ကံသိကကိုအဓိပ္ပါယ်ပြန် ဆိုပါက သောတာပန်၊သကဒါဂါမ် (လူမှန်လူတော်လူကောင်း) စသည့် အရိယာသူတော်ဖြစ်လိုသည့် ပုဂ္ဂိုလ်များသည်အရင်းခံ အားဖြင့် အင်္ဂါလေးပါးနှင့် ပြည့်စုံရပါမည်။

တနည်းအားဖြင့် ဆိုသော် လူမှုဒုက္ခ အပေါင်းမှ လွတ်ကင်းလိုသောသူများသည် မရှိလျှင်မဖြစ်၊မပြုလျှင်မပြီး၊အင်္ဂါကြီး လေးချက်နှင့်ပြည့်စုံရပါမည်။ ဤသည့် အင်္ဂါများနှင့် ကင်း၍ သောတာပန်(လူမှန်လူတော်လူကောင်း)စသည့်အရိယာစာရင်း မဝင်နိုင်ပါ။ လူမှန်လူတော်လူကောင်းများ မဖြစ်နိုင်ပါ။

အရိယာ (လူမှန် လူတော် လူကောင်း) ဖြစ်နိုင်သည့်

လူမှုဒုက္ခအပေါင်းမှ လွတ်နိုင်သည့် အင်္ဂါလေးပါး အရင်းခံ တရားကား....

(၁) သပ္ပုရိသသံသေဝ။ ခန္ဓာ အတုအစစ်၊အာယတန အတုအစစ်၊ ဓါတ်အတုအစစ်၊ လက္ခဏာ အတုအစစ်၊ သစ္စာအတုအစစ်၊ မဂ် ဖိုလ် နိဗ္ဗာန် အတုအစစ်၊ တို့ကို အဖုအထစ်မရှိအောင် ဟောပြော လမ်းညွှန်မှုပြုနိုင်သည့် သူမှန် သူတော် သူမွန် သူကောင်းကို အစဦးပထမရှာကြံပေါင်းသင်းချဉ်းကပ်ခြင်း ပြုရပါမည်။

ဤနေရာမှာအရေးကြီးပါသည်။ ဆရာမပြ၊ ငါးပိဖုတ်မှန်းမကျလို့ ဆိုကြပေသည်။ မှန်လှပေ၏။လောကအကြောင်း ဓမ္မအကြောင်းမှာ သင်ဆရာမြင်ဆရာ (ပရတောဃောသပစ္စည်း) နှင့်ကင်း၍ မဖြစ်နိုင်ပါ။ ထို့ကြောင့် အကြောင်းအကျိုးတတ်သိနားလည်သည့်ခေတ်၊ ကာလ၊ ပယောဂ၊ ပုဂ္ဂလဇ္ဈာသယနှင့် ဆန့်ကျင်ဘက်(ဝိရောဓိ)မဖြစ် စနစ်တကျ အံ့ဝင်ဂွင်ကျ ဖြစ်အောင် နည်းပေး လမ်းပြ ရှေ့ဆောင် ပြုနိုင်သည့် သူမှန် သူကောင်းပုဂ္ဂိုလ်ကို ရှာကြံနည်းခံဆည်းကပ်ပေါင်းသင်းမှု ပထမပြုအပ်ပါသည်။ ၎င်းအင်္ဂါနှင့်ကင်းပြီး အမှန်တရားကို ရခြင်းငှာ မည်သည့်ပုဂ္ဂိုလ်မှမစွမ်းနိုင်ပါ။

ဆရာရှာသည့်အခါမှာ အထူးသတိပြု အပ်သည်ကား၊ ဆရာမပြ ငါးပိဖုတ်မှန်းမကျ ဆိုရိုးစကားရှိသလို၊ ဆရာဂုဏ်ရှုံးတော့ တ သံသရာသုံး မှောက် ဆိုသည့် ဆိုရိုး ကိုလည်း အလေးအနက် သတိပြုသင့်သည်၊ လောကကြောင်းဓမ္မကြောင်း

မှာ လမ်းညွှန်ဆရာ အလွန် အရေးကြီးပါသည်၊ ထို့ကြောင့် ဗုဒ္ဓက လူမှုဒုက္ခအပေါင်းမှ လွတ်မြောက်လိုသောသူတို့ ရင်းစား ခံ လက်ကိုင်ထားရမည့် တရားတို့တွင် 'သပ္ပုရိသသံသေဝ' ဆို သည့် ပုဒ်ကို အလေးအနက်ထားကာ ရှေးဦးအစ ဟောကြားခဲ့ ပေသည်၊ လွတ်မြောက်ရေးတရား ဝိမုတ္တိ ရသာထူးကို ရရေး ရင်းစားခံလက်ကိုင်ထားရမည့် အင်္ဂါလေးပါးတို့တွင်နံပါတ် (၁) ဖြစ်သည့်အင်္ဂါဂုဏ်ပြည့်စုံမှုသည် အရေးကြီးဆုံးဖြစ်ပါသည်။

ဤသည့် ဆရာရှာခမ်းမှာ အလေးအနက်ထားကာ ရေး သားရသည်ကား၊ မျက်ခြေမပြတ် သင့်သည့်အကြောင်း ရှိပေ သည်။ အကြောင်းကား အတု အစစ် အမှား အမှန် ခွဲခြား စိစစ်ရေးပင်တည်း၊ ဥပမာအားဖြင့် ယနေ့မျက်မှောက် ကာလ မှာ၊ ကိုယ်ကျိုးကိုယ့်အတွက် (အတ္တဟိတ) မဖက်၊ ပြည်သူ့ ဝန်ထမ်း တိုင်းပြည်ခေါင်းဆောင် ပရဟိတဝန်ဆောင် လူတော် လူကောင်းများရှိသလိုနိုင်ငံအရေးအများကောင်းစားရေးဆိုသည့် ကြွေးကြော်သံဆိုင်းဘုတ် ပြယုဂ် ထုတ်ပြီး၊ ကိုယ်ကျိုး ကိုယ့် အထွက်တာ၊ စီးပွားရေး ပွပေါက်ရှာနေသည့် နိုင်ငံရေးသမား၊ နိုင်ငံရေးလုပ်စားသည့် ပုဂ္ဂိုလ်များလည်းများလှပေ၏။

စီးပွားရေးလောကမှာလည်း၊ မျှမျှတတ (သမာသမ) အပေးအယူ ညီမျှသည့် နှစ်ဘက်ရ ပုဂ္ဂိုလ်များ၊ အလေးချိန်ခွင် ကတ္တား- ပေကြိုး တောင်း ခွက် စသည် မှန်မှန်ကန်ကန်ကောင်း ရောင်း ကောင်းဝယ် ပုဂ္ဂိုလ်များရှိသလို၊ မည်သူ သေသေ ငတေမာပြီးရောဆိုသည့် တကိုယ်ကောင်းသမား (အတ္တဟိတ) များလည်း ဒုနှင့်ဒေးပါပေ။ကတ္တားပေကြိုး အမျိုးမျိုးအလေး

ခွက်များ အစားစားနှင့် စီးပွားရေးလောကမှာ ရမ်းကားနေသူများလည်း မညင်းသာအောင် ပေါများလှပါ၏။

ထို့နည်းတူစွာ သာသာရေးနယ်ပါယ် သာသနာရေးလောကမှာလည်း၊ ကိုယ့်အကျိုး စီးပွားရေး (အတ္တဟိတ) မဖက် အများကောင်းကျိုး (ပရဟိတ) သက်သက်နှင့် အသိမှန် အလုပ်မှန် အမြင်မှန် အကျင့်မှန်ဖြစ်အောင်၊ ဟောပြောနည်းပေးလမ်းပြကြသည့် သူကောင်း သူမွန်များ ရှိကြပါသည်။ အမှားစရိုက်မလိုက် ဘုရားအကြိုက် လိုက်၍ မှန်ရာကိုပြော၊ ဟုတ်သည်ကိုလုပ်၍၊ဗုဒ္ဓလမ်းစဉ်ကို ရပ်လုံးပေါ်နေသည့် ပရဟိတဝန်ဆောင် ပုဂ္ဂိုလ်မွန်များ၊ လေးစားအပ်သည့် ပုဂ္ဂိုလ်များလည်းရှိကြပါသည်။

ဤသည့်သူကောင်းသူမွန်များရှိသလို၊ ဘာသာ သာသနာကို ခုတုံးလုပ်ပြီး၊ ကိုယ်ကျိုးရှာစီးပွားဖက်၊ အလိုက်သင့်ဟောပြော၊ ဘုရားဟောဂရုမစိုက် အများသဘောလိုက်ပြီး ဘုန်းကြီးရေး အခြံအရံများရေး တိုက်ဆောက်ကားစီး လောကီဇိမ်ယစ်ရေး ရွှေဥာဏ်တော်စူးရကာ ဝတ္ထုပစ္စည်းပုဇော်မှု၊ မြတ်နိုးပြုနေကြသည့် ဆရာတု ဆရာရောင် ပုဂ္ဂိုလ်များလည်း မရှားပါပေ။

တနည်းအားဖြင့် ဘာသာရေး ခုတုံးလုပ်ပြီး ဘုရားအရေခြုံကာ၊ ဘာသာရေးခေါင်းဆောင်နေရာယူကြ၍ဘာသာဝင်များ အား ညာ ဖြန်း ၍၊ ကြွား လုံး အ မျိုး မျိုး ထုတ်

(အတ္တုက္က ံသန) လုပ်၍ဘာသာဝင်များ၏ကြည်ညိုလေးစားမှုကို ခံယူ ပေးကမ်းလှူဒါန်းမှုတို့ အလွဲသုံးစားလုပ်နေကြသည့်၊ ပါပ ဘိက္ခုဒုဿီလတည်းဟူသော ဆရာတုဆရာယောင်များကလည်း ပေါများလှ၏။

တနည်းအားဖြင့်ဆိုသော် သံသရာကိုငြီးငွေ့စိတ်မပေါ် မဂ်ဖိုလ်ရရေး လုပ်ဘို့ရာဝေလာဝေး၊ ခုတ်သံပရမတ်သံ မနာခံ သစ္စာကထာကိုမရှာကြံ၊ အမှန်တရား သဘာဝမှုကို နားမလည် ကိုယ့်ကိုကိုယ်ပထမဆုံးမမှုမပြုကြဘဲ၊ လူအများဦးဆောင်မှုပေး ကာ၊ ဟောပြောကြသည်ကား များလှပါ၏။

ဟောပြောကြသည်ကား၊ မဂ်ဆိုက်ဘို့ရာ ဝေးလာဝေး လက္ခဏာဉာဏ် သစ္စာဉာဏ်မပါ၊ ဒဏ္ဍာရီပုံပြင် ဝတ္ထုတို့ကို နိမ့်သံ မြင့်သံ ဖိုသံ မသံ တောသံ တောင်သံ ပလီပလာ မာယာ ဉာဏ်နှောပြီး အဆိုလေး အငိုလေးနှင့် ငါးပေါက်သံနှင့်ချို ခုနစ်သံနှင့်ဟဲ၍ ဖွဲ့ကာနွဲ့ကာ ဟောကြသည်ကား ဇာတ်သံ စင်ကြီးသံနှင့်မခြားပါပေ။

လက်တွေ့တရားပြကြသည့်သဘာဝမှုအမည်ခံဆရာများ ကလည်း၊ သဘာဝမှုကို လက်တွေ့ပြကြသည်ကား၊ ရင်ငွေ့လှုံ တရား၊ ထိသိသဘော ကာယကံမြောက်နှောကာ၊ ဟောကြ ပြောကြပါသဖြင့် သဘောမကျလို့ အုံကြွပေါက်ကွဲကြသည် မှာ တိုင်းသိပြည်သိဖြစ်၍သာသနာ မျက်နှာငယ်ခဲ့ရသည်လည်း အခါခါဖြစ်ကြပေပြီ။

ဤသည့်ဖြစ်ရပ်ကိုမြင်တော်မူ၍ ကျေးဇူးတော်ရှင် ဗုဒ္ဓသခင်က သာမုက္ကံသိကသားခဲ့သည်မှာ....

သဟာဿမပိစေဂါထာ၊ အနတ္ထပဒသဥှိတာ။
ဧကံအတ္ထပဒံသေယျော၊ ယံသုတွာဥပသမ္မတိ။

စသည်ဖြင့် ဓမ္မပဒဗာဟိယဒါရုစိရိယဝတ္ထုမှာဟောခဲ့သည်။

အနတ္တ ပဒသဥှိတာ၊ တောဘွဲ့ တောင်ဘွဲ့ မယ်ဘွဲ့ မောင်ဘွဲ့ အကျိုးမဲ့မျှ ကိလေသာ သမုဒယပုဒ် နှင့်စပ်သော။ ယံဝါစာ၊ အကြင် ဟောကြား ပြောကြား ပြုသည့် တရားစကားသည်။ သဟာဿမပိ၊ ပုဒ်ပေါင်း တထောင် များမြောင်လှစွာရှိသော်လည်း။ စေဟောတိ၊အကယ်၍ဖြစ်ငြားအံ့။ပါပိကာ၊ ယုတ်မာစွ၏။ ပါပိကာ၊ ဟောသူပြောသူနာသူကြားသူအများလုပါ ကိလေသာတွေပွ၍ လာသောကြောင့် ယုတ်မာလှစွာ၏။ ယံ၊ အကြင်လက္ခဏာသိုက်၊ အစွာကိုက်သည့် တရား တို့ကို။ သုတွာ၊ နာကြားရသည်ရှိတော်။ ဥပသမ္မတိ၊ ကိလေသာမှငြိမ်းအေး၏။ ဥပသမ္မတိ၊ ပထမမဂ်နှင့်ဆိုင်သည့် ကိလေသာ၊ ဒုတိယမဂ်နှင့် ဆိုင်သည့်ကိလေသာ၊ တတိယမဂ်နှင့် ဆိုင်သည့် ကိလေသာ၊ စတုတ္ထမဂ်နှင့်ဆိုင်သည့် ကိလေသာမှငြိမ်းအေး၏။ တံအတ္တပဒံ၊ ထိုကိလေသာ ကုန်ငြိမ်းရာ ပါသော အရိယာ ဝိဇ္ဇာ မြတ်ဓမ္မာသည်။ ဧကံ၊ တပုဒ်တဂါထာလေးပင်ဖြစ်သော်လည်း သေယျော၊ မြတ်လှပေ၏။ သေယျော၊ဟောသူ၊ ပြောသူ၊နာသူ

ကြားသူအများလူပါ ကိလေသာကုန်ငြိမ်းရပါသဖြင့် ဘယ်တရားနှင့်မျှ တုစရာနှိုင်းစရာမရှိ၊ မြတ်ကြီးမြတ်လှပါပေ၏။

အထက်ပါ ဗုဒ္ဓဟောချက်၊ ဓမ္မစက်ကို အလေးအနက် စဉ်းစားက တရားဆိုတာ သံသေး- သံကြောင်—နိမ့်သံမြင့်သံ· မင်းသား ဟန်ဖြင့် တောဘွဲ့ တောင်ဘွဲ့ မယ်ဘွဲ့ မောင်ဘွဲ့ ပုံကြီးချဲ့ကာ အပလီ အပလာ မာယာဥာဏ်နှောပြီး၊ ဒဏ္ဍာရီ ပုံပြင် ဝတ္ထုတို့ကို စင်ကြီးသံ- ဇာကွက်ဟန်နှင့် ဟောရသည် မဟုတ်ကြောင်း ကောင်းကောင်း သိအပ်ပေပြီ။

အကယ်၍ ဟောခဲ့ ပြောခဲ့ ငြားအံ့၊ ဤသည့်ပုဂ္ဂိုလ်နှင့် ဟောတရားကို မည်သည့်အတန်းအစား ထည့်သွင်း ရမည်နည်း ဆိုလျှင်၊ ကတမေ့စ ဘိက္ခဝေ မိစ္ဆာပဋိပဒါ အဝိဇ္ဇာပစ္စယာသင်္ခါရာ စသည်ဖြင့်လာရှိသောကြောင့် အမှန်သိ ဘဝသိမရှိပါဘဲ၊ မသိမှုအကြောင်းခံ တပြောင်းပြန်ပြန် ပြုလုပ်ကြသည့် ကောင်းလုပ် (ပုညာဘိသင်္ခါရ) မကောင်းလုပ် (အပုညာဘိသင်္ခါရ) တို့ကို ကိုယ်လုပ်(ကာယသင်္ခါရ) နှုတ်လုပ် (ဝစီသင်္ခါရ)တို့ဖြင့် ပြုလုပ် သမျှတို့သည် မိစ္ဆာ အကျင့်များ ဖြစ်ကြောင်း ဗုဒ္ဓဘာသိတ အခြင်းခံတရား ရှိသောကြောင့် သံသရာမှ ကျွတ်မှု၊ လွတ်မှု ဟောပြောပြနိုင်သည့် သပ္ပုရိသ သံသေဝ မဟုတ်ကြောင်း၊ ရဲဝန့်စွာ မှတ်ချက်ချရမည်။

မဂ်ဆိုက် ဖိုလ်ဆိုက်နိဗ္ဗာန်ရောက်ကြောင်း သစ္စကထာ မဇ္ဈိမပဋိပဒါလမ်းစဉ်မဟုတ်ကြောင်း သံသယမရှိဆုံးဖြတ်ရာ၏။

တနည်းအားဖြင့်ဆိုသော် ဣစ္ဆာဂိက္ခဝေပါပ ဘိက္ခုမိစ္ဆာဒိဋ္ဌိ ကောဟောတိ လာဘရှိသောကြောင့် တစုံတယောက်သော လူရှင်ရဟန်းသည် အသိမှန်အလုပ်မှန် အမြင်မှန် အကျင့်မှန်ဖြစ်အောင်မလုပ်၊ အတ္တဝါဒကြီးအောင် ပုဂ္ဂလိက ပိုင်ဆိုင်မှု ကြီးပွားအောင်ပြုမူနေပါက ယုတ်သောသူ (သူယုတ်)များသောအယူကိုစွဲမြဲစွာ လက်ခံထားသည့် (မိစ္ဆာဒိဋ္ဌိ) သံသရာသစ်ငုတ်လို့ ဆိုထားပါသည်။ ထို့ကြောင့် ကျွန်ုပ်တို့သည် ဆရာ မမှား ခေါင်းဆောင် တင်မလွဲအောင် အထူးသတိပြုကြရန် လိုအပ်လှပါသည်။

ဆရာမှားက လောကဓမ္မရှုံးပြီး ကိုယ့်လုပ်စာကိုယ်မစားရ နစ်မွန်းရပြီး နိုင်ငံရေးလိမ်ကွင်းမိ စီးပွားရေး ညာကွင်းထိ ပစ္စယာကာရ နည်းကင်းမဲ့သည့် ဘာသာရေး ကျော့ကွင်း အစွပ်ခံရလျှင် လူလုံးမလှ အပူလုံးကြွကာ သားစဉ် မြေးဆက်ဖွတ်သည်ထက်ညက်ခါ အမွေဆက် ပေးခဲ့သည်နှင့်မခြား ဖြစ်တတ်သည်ဖြစ်ပြီး ဖြစ်ဆဲကိုလည်း မျက်ချေမပြတ် သတိချပ်သင့်သည်။

လူသားမှာ မရှိမဖြစ်သည့် သပ္ပုရိသ သံသေဝဆိုသည့် အင်္ဂါကိုပုံကြီးခဲ့၍ ရုပ်လုံးပေါ်နေရခြင်းသည် အမြင်အားဖြင့်တူသဘောမတူ ချစ်တီးကုလားနှင့် ဘိုးသူတော် အမြင်သာတူ၊ သဘောကွဲပြားမှု သတိပြုစေ လိုသောကြောင့်သာ ဆားနှင့်

သကြား အထင်များကာ အသုံးလွဲက လိုရာပြည့်မည် မဟုတ်ပါ၊ ထိုနည်းတူစွာ ဘိုးသူတော်ကို ချစ်တီးမှတ်ပြီး သမီးအပ်ပါက လိုရာမပြည့် တာဝန်ဝေ့ပိပြီး သူခိုးကို ဓါးရိုးကမ်းသည့် ကိန်း ဆိုက်တတ်သည်။

အမှန်အားဖြင့် အတုနှင့်အစစ်ကား အသွင်အားဖြင့် တူသည်။ စူးစမ်းလေ့လာတတ်သည့် ဝါသနာဓာတ်ခံရှိမှ တော်ရုံကြသည်။ အပေါ်ယံကြောအသွင်ကိုသာ ကြည့်ပြီး ယုံစားမည် ဆိုလျှင်တော့ သကြားနှင့်ဆား ဘိုးသူတော်နှင့် ချစ်တီးကုလား အထင်မှားသလို လွဲမှားကြ၍ ကုလားမ ဆာရီနှင့် သင်္ကန်းမကွဲ၊ ခမ္မတာထည်းမှာသာ တဝဲလည်လည်ဖြစ်ကြမည်။ ဒုက္ခိတကာ ဒုက္ခိတကိုလမ်းညွှန်သလို လိုရာခရီးမဆိုက် နေ့ကုန်အချိန်ဖြုန်း ငွေကုန်လူပမ်း ဗရမ်းဗတာ လူဗာလာ ဖြစ်ကြမည်သာ။

ထို့ကြောင့်၊ သုဇနာ သုဇနာသဗ္ဗေ၊ ဂုဏေနာပိ ဝိဝေကိနော
ဝိဝေကံ နသ္မာယန္တိ၊ အဝိဝေကီဇနန္တိကေ။

သုဇနာ၊ သီလ သမာ ပညာကုန်လုံ သူတော်ဂုဏ်နှင့်ပြည့်စုံ ပေတောင်း ပညာရှိ သူတော်ကောင်း ပုဂ္ဂိုလ် အပေါင်းတို့ သည်ရင်း။ အသုဇနာ၊ သီလ သမာ ပညာ ကင်းပ လူ့ဗာလ တို့သည်ရင်း။ သဗ္ဗေ၊ လုံးစုံပြောထူ သူတော်ကောင်းနှင့် ယုတ်မာသောသူ ဟူသမျှ တို့သည်။ ဂုဏေန၊ သူတော်မှန် သီလဝန်တို့အား သီလ သမာဓိ ပညာအစရှိသည့် ကောင်းမြတ်

သောဂုဏ် သူတော်မဟုတ် ယုတ်မာသောသူတို့အား သာသနာတော်တရား မလေးစားဘဲ ထင် ရာ ပြော ထင်ရာလုပ် ဒုဗ္ဗဇဂုဏ်တို့ဖြင့်။ ဝိဝေကိနောအပိ—ဘဝဂ်နှင့် နရက်ပမာ ကောင်းဂုဏ် ဆိုးဂုဏ်းကို နှစ်မျိုးစုံ အားဖြင့် ခြားနားလျက် နေပါသော်လည်း။ အဝိဝေကိဇနန္တိကော၊ လူဖြင်း လူအ လူဗာလတို့အထည်း၌။ ဝိဝေကံ၊ မတူထူးခြားကွဲပြားခြားနားခြင်းကို။ နသမာယန္တိ၊ မဆောက်တည်နိုင်ကြကုန်။ နသမာယန္တိ၊ ဆားနှင့်သကြားအဆင်မှားသို့ ခွဲခြားလို့မရနိုင် ဖြစ်ကြကုန်၏။ နသမာယန္တိ၊ ဘိုးသူတော်ကို ချစ်ဘီးမှတ်ပြီး သမီးအပ်မှားကြသလို မျှားယို့ ထိုအမိုက် သတ္တဝါတို့မှာ လူ့ဗာလ သာသနာဖျက်ကိုမှ သာသာနာတက်အောင် လုပ်သူအလား အထင်မှားကြ ပါသဖြင့် သူခိုးဒါးရိုးကမ်းဖြစ်ကာ သပ္ပုရိသနှင့် လွဲမှားကျင့်မှားဖြစ်ရပါပေ၏တကား။

မျက်စိလည် လမ်းမှားနေသူများက လမ်းပြဆရာ လုပ်နေသျှင် ရှေ့သွားနောက်လိုက်အားလုံး ပျက်စီး ကြမည်သာ၊ ဒုက္ခိတကာ၊ ဒုက္ခိတကို လမ်းပြနေသည်ကား များလှပေ၏။ ဘုဘူချင်းစားနေသည့် အမ္မဝါဒီ အလဇ္ဇီ ဒုဿီလများကိုမဆည်းကပ်မိရန် ဆရာမတင်မိရန် သတိအတန်တန်ရှိသင့်ကြောင်း တိုက်တွန်းမှုပြုရင်း သပ္ပုရိသဂုဏ် မြောက်သည့် အင်္ဂါကိုပြပါအံ့။

ယနေ့မျက်မှောက်လောက ဘာသာရေးနယ်ပယ်မှာ သူတချိုးငါတဖုံ ဝါဒတွေက စုံလှပေ၏။ ဝါဒအမျိုးမျိုး တည်

ထွင်ကာ ဆရာသခင် လုပ်နေကြသူများလည်း ပေါလှပေ၏။ ဂိုဏ်းဂဏတွေကများ၊ ဆရာတွေက အစားစား ဖြစ်နေသည့် ဘာသာရေးလောကမှာ ဆရာစစ် ဆရာမှန် သပ္ပုရိသသံသေဝ ဖြစ်ဘို့ရန် မလွယ်ကူလှပေ။

ထို့ကြောင့် ဆရာစစ် ဆရာမှန် ရှာနည်း၊ ဆရာဂုဏ်မြောက်သည့် အင်္ဂါတို့ကို စိစစ်၍ပြအံ့။

ဓမ္မကထိကော ဓမ္မကထိကောတိ ဘန္တေ ဝုစ္စတိ။ စသည်ဖြင့် ဒေသနာပယုတ္တိစကား ထင်ရှားရှိပေသည်။ ဆိုလိုသည်မှာ တရားဟောပုဂ္ဂိုလ် တရားပြပုဂ္ဂိုလ်တို့သည် မည်သည့်အင်္ဂါနှင့် ပြည့်စုံရမည်နည်း။ မည်သည့်အတိုင်းအတာနှင့် ပြည့်စုံမှ တရားဟောပုဂ္ဂိုလ် တရားပြပုဂ္ဂိုလ်ဂုဏ်လက္ခဏာနှင့်ပြည့်စုံပါသနည်း ဆိုလျှင်....

> ရူပဿ စေဘိက္ခု နိဗ္ဗိဒါယ ဝိရာဂါယနိရောဓါယ
> ဓမ္မံ ဒေသေတိ။

ဘိက္ခု၊ အမှတ်မထား တပါးပါးသောလူရှင်ရဟန်းသည် ရူပဿ၊ အနိမိတ္တ ရုပ်တရားကို။ နိဗ္ဗိဒါယ၊ စွဲလမ်းသိမ်းပိုက်မှုဖြစ်ရမည်ကိုငြီးငွေ့စေခြင်းငှာ။ ဝိရာဂါယ၊ နှစ်သက်စွဲလန်းဖြစ်ရလိုမှု (ထင်မှတ်မှုမှ)ကင်းလွတ်စေခြင်းငှာ။ နိရောဓါယ၊ အစွဲဥပါဒါန် (ပပဉ္စတရား) များ ချုပ်ငြိမ်းစေခြင်း အကျိုးငှာ။ ဓမ္မံ၊ အတ္တ

ကိလ မထနုယောဂမပါ ကာမသုခလ္လိကနုယောဂမရှိ၊ လက္ခဏာ ထိုက် သစ္စာကိုက်သည့် မဇ္ဈိမပဋိပဒါ ကျင့်စဉ်မဟာ မြတ်မွေ ကို။ ဒေသေတိ၊ အကယ်၍ ဟောကြားအံ့။ တဿ၊ ထိုအခြောက် စကားမပါ အမြောက်တရားမရှိ၊ အဗျာဂတတရားသဘာဝအရှိ အားဖြင့် ဟောသောပုဂ္ဂိုလ်အား။ မေ့ကထိကောတိ၊ မေ့ကထိက ပုဂ္ဂိုလ်ဟူ၍ (၀ါ) ဂုဏဝန်ဇာတ် ပါဝင်အပ်သည့် ပဏ္ဍိတ သေ ဝနာဖြစ်ထိုက်ရှာသည့် ပုဂ္ဂိုလ်မွန်မဟာဟူ၍။ ဝုစ္စတိ၊ ခေါ်ဆို ပညတ် သမုတ်အပ်ပါပေ၏။

မေ့ကထိက တရားဟောပုဂ္ဂိုလ်၊ တရားပြပုဂ္ဂိုလ်ဆိုတာ အနိမိတ္တရုပ်ကို (မံသစက္ခုနှင့် မြင်ရသည့် ရုပ်ကြမ်းကြီးကိုမဆိုလို) ဘာဘာညာညာ အရိပ်နိမိတ်ထင်မှတ်မှု၊ မှုန်းစရာ ချစ်စရာလို၊ စွဲလန်းသိမ်းပိုက်စရာလိုထင်မြင်မှု၊ အမြဲထာဝရ တည်မြဲသရောင်၊ ချမ်းသာသုခ တင့်တယ်သည့် သုဘလို အထင်ပို့မှု။ မှောက်မှားမှု အစုစုတို့ကို ငြိမ်းငွေ့အောင် ကင်းပြတ်အောင် ချုပ်ငြိမ်းအောင် ဟောပြောပြသသည့် ပုဂ္ဂိုလ်မှ တရားဟော တရားပြပုဂ္ဂိုလ်ဟု ဆိုထိုက်ပါ၏။

ထိုသို့ ဆွယ်တရား၊ ဆွဲတရား၊ လယ်တရား၊ လှည့်တရား မပါ အခြောက်အမြောက် ကင်းစင်၍ ဘဝသက်ထိန်းမှုမပု၊ ဂိုဏ်းဂဏ မတည်ထောင်၊ ဂိုဏ်းဂဏ ကြီးပွားအောင် လုပ်မှု 'အတ္တုက္ကံသန' မပြုဘဲ မဂ္ဂင်ရှစ်ပါး ဘောင်အတွင်းမှ သဘာဝ မေ့ကို....

(၁) ကိုယ်ကျိုးကိုယ့်အတွက် (အတ္တဟိတ) မဘက်။ လာဘ်လာဘကို မငဲ့ကွက်ခြင်း။

(၂) လူသားအပေါင်းတို့ လူမှုဒုက္ခ အဝဝမှ လွတ်မြောက်စေလိုမှု စေတနာစောပြုခြင်း။

(၃) သူတပါးကိုပြစ်တင်ရှုံ့ချမှု (ပရဝဇ္ဇာန) မိမိကိုယ်ကိုချီးမြှောက်မှု(အတ္တုက္ကံသန)မဖက်ခြင်း။

(၄) ခေတ်ကာလ ဒေသ ပုဂ္ဂိုလ်ဇ္ဈာသယ တို့နှင့် ဆန့်ကျင်မှု (ဝိရောဓိ) မဖြစ်စေခြင်း စသည့် အင်္ဂါလက္ခဏာများနှင့်ပြည့်စုံမှ သပ္ပုရိသဖြစ်၍ သံသောပြုထိုက်လှပါ၏။

"သပ္ပုရိသညာဏေန ပရိယေသိတဗ္ဗော" ဗုဒ္ဓဟောသည့် နည်းပေးလမ်းပြ ရှေ့ဆောင် ဦးရွက်ပြုထိုက်သော သူမှန် သူကောင်း ဘာသာရေးခေါင်းဆောင်ရွေးနည်း နိသျည်းကို ဤမျှနှင့် နိဂုံးချုပ်ပါသည်။

(၂) သဒ္ဓမ္မသဝန် တရားစစ် တရားမှန်ကို နာခံမှတ်သားခြင်း။

ဆင်းရဲတွင်းနက်လှသည့် ဝဋ်ဒုက္ခ သံသရာမှ တောင့်တမှုကြောင့်ကျမှု ဖန်ခါခါဖြစ်ရခြင်း၊ အဖြစ်သဘော (ဇာတိ),

ဖြစ်နေရခြင်း အကြောင်းရင်းကိုရှာလိုက်တော့ မသိမှုတည်းဟူသော (အဝိဇ္ဇာ) အမိုးအကာ၊ တွေ့ဝေမိန်းမောမှု (မောဟ) တို့ ကာတုတ်နှောင် ကာဆီးထားမှုတို့ကို တွေ့ရပါသည်။

ဤသည့်ဒုက္ခ အဖြစ်သဘော (ဇာတိ) ချုပ်ငြိမ်း၍ဇာတ်သိမ်းရန် မသိမှု (အဝိဇ္ဇာ) တွေဝေမှု (မောဟ) တည်းဟူသော အမိုးအကာ အနှောင်အဖွဲ့တို့ကို တွန်းလှန်ပယ်ရှားမှု အသိမှန် အမြင်မှန် (ဝိဇ္ဇာ) ဉာဏ်ရအောင် သဘာဝမေ့ အသင်္ခတ အနိမိတ္တကို ဘာဝေတဗ္ဗ ဗဟုလီကတ အခါခါ ပွားရမည်သာ၊ ထို့ကြောင့် အမြင်မှန် (ဝိဇ္ဇာဉာဏ်) ကိုအရယူရန် သဒ္ဓမ္မဆိုသည့် တရားစစ် တရားမှန်ကို နာခံမှု (ပရတော ဃောသပစ္စည်း) ပြုရပေမည်။

ဤနေရာ၌ဟရား (စစ်) (မှန်) လို့ အထူးဝိသေသပြုထားရသည်ကား ဒါန-သီလ-သမထ ဆို ထိုထို လောကီ ကုသိုလ် (တရား) သက်သတ်ခိုးမှု၊ ကာမေသု မှသားစကား သေသောက်စားစသည့် အကုသိုလ် (တရား) ဤသည့်ကုသိုလ် အကုသိုလ် တရားတို့ကို နှစ်စေလိုသော ကြောင့်တည်း။ (ဝ၊) မဂ်ဖိုလ် နိဗ္ဗာန်ရရေး ရောက်ရေး သိရေးသည် ကုသိုလ်တရား အကုသိုလ် တရားနှင့် မည်သို့မျှ မဆိုင်ကြောင်း အသိကောင်း ရေးပင် ဖြစ်သတည်း။

ထိုသို့ဆိုလျှင် ကုသိုလ်တရားတို့ကို ပိတ်ပင်တားဆီးရာ မရောက်ပါလား။ အကုသိုလ်တရားတို့ကို တိုက်တွန်းရာမရောက်

ပါလား။ စာဒက်တက်ကြွားအံ့၊ ဤသို့ တားဆီးပိတ်ပင်မှု တိုက်တွန်းအားပေးမှုမပြုပါ။ အမှန်ကတော့ ကုသိုလ် အကုသိုလ်ဆိုတာ လူမှုဆက်ဆံရေးတရား လောကီတရားပါ ကုသိုလ်တရားကို လူမှုဆက်ဆံရေးအရလုပ်၍ အကုသိုလ်တရားကိုလည်း လူမှုဆက်ဆံရေးအရ မပြုလုပ် ရှောင်ကြဉ်ရပါမည်။

ဤနေရာမှာ မကွယ်မဝှက်ဘဲ မှန်မှန်နှင့် သန့်သန့်ရေးရမည်ဆိုလျှင် ကုသိုလ်ပြုမှု၊ အကုသိုလ်ကို ရှောင်မှုဆိုတာ မည်သည့်ဘုရားကဟောလို့ မည်သည့် ကျမ်းဂန်ထဲမှာပါလို့ ပြုလုပ်ရ ရှောင်ရတာမဟုတ်ပါ၊ ဘဝအသိနှင့်ရှောင်ရ ဆောင်ရတာပါ။

တနည်းအားဖြင့် ပြောရမည်ဆိုလျှင် ကုသိုလ်သပ်ခြင်းသည် ဘဝကောင်းစားရေး၊ တမလွန် မျှော်ကိုးရေးနှင့်လုပ်ခြင်း။ အကုသိုလ်ကို ရှောင်ကြဉ်ခြင်းသည် တမလွန်ဘဝ ငရဲကိုကြောက်၍ မပြုလုပ်ခြင်းတို့မဖြစ်စေရ၊ ကြောက်ပြီးလုပ်၊ မြောက်ပြီးလုပ်ကံ သဿတဒိဋ္ဌိ အတ္တဒိဋ္ဌိ သက္ကာယဒိဋ္ဌိ ဒိဋ္ဌိကြီးတွေ ငြိ၍နေသဖြင့် ငွေကုန်လူပမ်း ဗရမ်းဗတာဖြစ်ပြီး ဒုက္ခသံသရာရှည်ကြာ နစ်မြောကြရမည်သာ။

ကုသိုလ် (ကောင်းမှု) အကုသိုလ် (မကောင်းမှု) တို့ကို ဘုရားဟောကျမ်းထဲမှာပါ၍ မြောက်ပြီး ကြောက်ပြီး လုပ်ရသည် မဟုတ် ဘဝအသိနှင့်လုပ်ရမည်ဆိုရာဝယ် ဥပမာအားဖြင့် ပြရမည်ဆိုလျှင်....

## “အရက်သောက်မှုမှ ရှောင်ကြဉ်ရမည် ဆိုပါတော့”

အရက်သောက်မှုမှ ရှောင်ရခြင်းသည် ဓမ္မကျမ်းဂန်တွေထဲမှာ အရက်မသောက်ရလို့ ပါနေခြင်းကြောင့်လော.... သို့မဟုတ် ဘုရားနှင့် ဘာသာရေး ခေါင်းဆောင်များက မသောက်ရလို့ ပညတ်ချက်ထုတ်လို့ မသောက်ရခြင်းလော.... သို့မဟုတ် ပစ္စက္ခဘဝခန္ဓာကိုယ် ပျက်စီးကုန်ဆုံးပြီး နောက်ဘဝ (အနာဂါတ်ကာလ)ဘမလွန်ဘဝမှာ ငရဲကျမှာကြောက်လို့ မသောက်ရခြင်းလော.... ဤသို့စစ်တမ်းထုတ်မှ ဝေဘန်ရေးပြုသော် အရက်သောက်ခြင်းမှ ရှောင်ရခြင်းသည် ဓမ္မကျမ်းဂန်တွေမှာ ပါ၍လည်း မဟုတ်ပါ။ ဘုရားဟော၍ ဘာသာရေးဆရာများက ပညတ်ချက်ထုတ်၍ ရှောင်ကြဉ်ရခြင်းလည်း မဟုတ်ပါ။ အနာဂါတ်ကာလ(တမလွန်ဘဝ)မှာ ငရဲကျမှာ ကြောက်၍ ရှောင်ရခြင်းလည်းမဟုတ်ပါ။ ဤနေရာမှာ နှစ်ဘက်စွန်း အစွန်းတွက်တရား မဖြစ်အောင် မိစ္ဆာဒိဋ္ဌိပဒါ မဖြစ်အောင် အထူးသတိဆောင်၍ ကိုယ်ပိုင်ဉာဏ် စေစားပါ။ ကျွန်ုပ်တို့သည် အရက်သောက်ရန် တိုက်တွန်းအားပေးနေသည် မဟုတ်ပါ မူးရစ်တွေဝေဖေါက်ပြန်စေတတ်သည့် သောက်စားမှု မှန်သမျှကို အရင်းခံအားဖြင့် လက်မခံပါ။

ထိုသို့ဆိုသော် အရက်သောက်မှုမှ ရှောင်ရခြင်းသည် ဘာကြောင့်ရှောင်ရတာလဲ မည်သည့်အမြင် မည်သည့် အသိနှင့် ရှောင်ရမည်လဲ ကိုယ်ပိုင်ဉာဏ်နှင့် ဝေခွဲရန်လိုလာပြန် ပါသည်။

ထို့ကြောင့် ဝေဖန်ဥာဏ်ရင့်သန်၍ ကိုယ်ပိုင်ဥာဏ်ကြီးပြီး ကိုယ်ကျင့်အဘိဓမ္မာ ပြည့်စုံရန် နည်းလမ်းမှန်ကိုပြပါအံ့။

"အရက်သောက်မှုမှ ရှောင်ရှားခြင်းသည်"

၁။ အယံမကာယော ရှပိလုသား၏ ခန္ဓာကိုယ်ကြီးသည် ရှင်ကြီးသလောက်ဖြစ်သည်။ (ဝါ)ရုပ်တရားဖြင့်ပြီးသည်။

၂။ ဓါတုမဟာ ဘူတိကော အရင်းခံအားဖြင့် ဓာတ်ကြီးလေးပါးဖြစ်သည်။ (ဝါ) ဓာတ်ကြီးလေးပါးဖြင့် ပြီးသည်။

၃။ မာတာပေတ္တိက သမ္ဘဝေါ အမိအဘတို့၏ သဘာဝ "သွေး"ပေါင်း စပ်ခြင်းသာလျှင် အရင်းခံဖြစ်သည်။ (ဝါ) အမိအဘသွေး ပေါင်းစပ်မှုကြောင့်ဖြစ်သည်။

၄။ ဩဒနကုမ္မာ သုပစယော မိခင် စားသောက် ရှုရှိုက်သော အဟာရများမှ တဆင့်ခံအားဖြင့် သက်ဦး ဩဇာ ဓာတ်ရ၍ ကြီးထွားလာရသည်။

အထက်တွင်ဖော်ပြအပ်သော ပင်မအချက်ကြီးများအချိုးအစား ညီမျှစွာ ပေါင်းစပ်မှု အရင်းခံပြုပြီး လူရယ်လို့ဖြစ်လာပါသည်။ ဤသို့ဖန်ဆင်းသူ ကင်းမဲ့စွာ အမိန့်အာဏာနှင့် ခိုင်းစေပြုလုပ်ချက်မပါ၊ သဘာဝမှု၏ ဆန်းကြယ်ဖြစ်ပေါ်မှု၊

အရင်းခံပြု၍ မျိုးဆက်ပြန့်ပွားမှု (ဗီဇနိယာမ) အတိုင်း အမိဝမ်းတွင်းမှ သက်ဆင်းလာသည့် သားကောင်း (လူသား) သည် အပြောကြယ်လှသည့် လူ့လောက ဇာတ်ခုံအလည်မှာ ဗုံမပေါ် ဆိုင်းမဆင့်ဘဲ ဇာတ်ကောင်တယောက်အနေနှင့် ဆိုင်ရာ ဆိုင်ရာ ကဏ္ဍမှ ပါဝင်ကပြရသည့် တာဝန်ခံ တယောက် ဖြစ်လာပါတော့သည်။

ထိုသို့ လူ့လောက ဇာတ်ခုံ အလည်မှာ ရောက်လာသည့် လူသားကလေးသည် ခန္ဓာကိုယ်ကြီးထွားရေး မိမိဘဝ တည်မြဲရေးအတွက် အစာရေစာတို့ကို သဘာဝက တောင်းဆိုလာပါတော့သည်။

ဤသို့ အကလေး သဘာဝက (ပါစက တေဇောမီး) တောင်းဆိုချက်အရ အမိအဘတို့ကလည်း အကလေး၏ နုနယ်သောသေးသား ခန္ဓာကိုယ်နှင့်လျော်စွာ အစပဌမမှာနို့ရေစာတို့ကို တိုက်ကျွေးခဲ့ပါသည်။ တနေ့ကုန်တရက်ခမ်း၍ လသားမှ နှစ်သားစာရင်းဝင် လာသည့်အခါ သဘာဝသီးနှံ ထမင်းတို့ကိုသာ ကျွေးခဲ့ပါသည်။

လူသားတယောက် ဖြစ်တို့ရာ အခြေခံ အစမှ မျက်မှောက်ကာလ အရက်သောက်သည့် အချိန် အရွယ်ပမာဏကျအောင် ခန္ဓာကိုယ်တည်ဆောက်ရေး ဓာတ်စာ အဟာရတို့သည် ကားဆိုလျှင် ဖေါက်ပြန်အောင် လုပ်ထားသည့် ( ဝိကတိ )

အစားအစာများ မဟုတ်ကြပါ။ တနည်းအားဖြင့်ဆိုလျှင် အလွန်စွမ်းအားထက်သည့် အစာရေစာများ မဟုတ်ပါ ရိုးရိုးသားသား မိခင်နို့ ထမင်း ဟင်းလျာ သီးနှံ မျိုးသာ ဖြစ်ပါသည်။

ရိုးရိုးသားသား သဘာဝ အစား အစာ နို့ — ထမင်း ဟင်းလျာ သီးနှံများနှင့် တည်ဆောက်ထားသည့် ဓာတ်သား ခန္ဓာကိုယ်ကို ဖေါက်ပြန်အောင် နည်းအမျိုးမျိုးနှင့် ပြုလုပ်ထားသည့် ဘိန်း ဘင်း ကဇော် လော်ဇာ အရက် သေစာ တို့ကို ကျွေးမွေး သောက်စားမှုပြုပါက မူလကိုယ်ခန္ဓာ ဓာတ်သဘောကို အရက်သေစာ ဓာတ်သဘောများက လွှမ်းမိုးသွားပါတော့သည်။ ထိုအခါ မူလဓာတ်သဘော ပျောက်၍ အရက်သေစာ စွမ်းအားကြောင့် မူးရစ်ခြင်း၊ ဖေါက်ပြန်ခြင်း၊ တွေဝေ မိန်းမောခြင်း၊ သတိကင်းမဲ့ခြင်း အမျိုးမျိုး ဖြစ်ပါတော့သည်။ မူးရစ်ခြင်းဝေဒနာတမျိုးလည်း တိုး၍ခံရပါတော့သည်။

ဒီလိုနှင့် သောက်ပါများလာသည့်အခါ အရက်သေစာ သောက်စားမှု ပရိစယကံများ ဝါသနာထုံ (ပါရမီ) ရင့်လာသည့်အခါ မူလသဘာဝအသီးအနှံ ထမင်းဟင်းလျာ အစားအစာနှင့် တည်ဆောက်ထားသည့် ခန္ဓာကိုယ် အစိပ်အပိုင်းဖြစ်သည့် အသဲနှလုံး အူ အဆုပ် ကျောက်ကပ် စသည် တို့လည်း အရက်၏စွမ်းအားက လွှမ်းမိုးပါသဖြင့် (စားပါသဖြင့်) တနေ့ တခြား လူလုံးမလှဖြစ်ပြီး လူညှနိုးတုံး အပယ်ခံ လူဘန်းစားဘဝ ရောက်ရပါတော့သည်။

အရက်သောက် ပါရမီရင့် အစွဲကသန်လာသည့်အခါ အတော်အတန် အသိဉာဏ်နှင့် ဝါသနာဆိုးကို တိုက်ချတ်ဘို့ရာ မလွယ်ကူပေ။ လူတွေလေ ဘဝနှင့်သာ နိဂုံးချုပ် ကြရမည်။ ကိုယ့်ဘဝ၏ လူမှုဒုက္ခအပေါင်းမှ လွတ်မြောက် အောင်လည်း မလုပ်နိုင်၊ မိခင်တိုင်းပြည်၏ လူမျိုးအတွက်လည်း မည်သည့် တာဝန်မျှမထမ်းဆောင်နိုင်၊ လူဖြစ်ကျိုးမနပ် အသက်ရှင်လျက် သေနေသည့် လူတယောက်မျှသာ။

## ဤသည့် အရက်သမားတယောက်ကို

(၁) မိသားစု အိမ်သူ အိမ်သား များ က လည်း မကြိုက်။

(၂) ပါတ်ဝန်းကျင် ဆွေမျိုးသားချင်းများကလည်း မကြည်ဖြူ။

(၃) မိမိတိုင်းပြည်၏ လူနေမှုစံနစ် လူမှုဆက်ဆံရေး နှင့်လည်း အံမကိုက်။

(၄) စီးပွားရေးလည်း ထိခိုက် (တနေ့ တကျပ်ဘိုး

သောက်သော် တနှစ် ၃၆ဝိ-ဆယ်နှစ် သောက် သော် ၃၆ဝဝိ-ကုန်၍ သောက်လေ စွဲလေ စွဲလေ သောက်လေ

သောက်လေမဲ့လေ မိမိတွင်မဲ့သည်မဟုတ် သားစဉ်မြေးဆက် အမွဲမွေ ဆက်ခဲ့သည်နှင့်တူ၏။

(၅) ဤလိုနှင့် အရက်သောက် သံသရာ လည်နေရာ သောက်လေစွဲလေ စွဲလေသောက်လေဖြစ်မည်။ သောက်လေမဲ့လေ မဲ့လေ လူနေမှုစနစ် အောက်ကျမည်၊ လူနေမှုစနစ် လူမှုဆက်ဆံရေးအောက်ကျလေ ပညာရေး ကျန်းမာရေးထိခိုက်လေဖြစ်မည်။ ပညာရေး ကျန်းမာရေး ထိခိုက်လျှင် အသက်ရှင်လျက် သေနေသည့် အပါယ်ခံ လူတယောက်ဖြစ်မည်ကား မလွဲပါတည်း။

ဤသို့အရက်သောက်ခြင်း အကြောင်းရင်းကို ဆန်းစစ်သည့်အခါ မြန်မာပြည်၏ လူမှုဆက်ဆံရေးနှင့်လည်း သဟာဇာတ မဖြစ် စီးပွားရေးလည်းထိခိုက် ကျန်းမာရေးနှင့်လည်း အံမကိုက် ဘယ်အနေနှင့်တွက်တွက် ကောင်းကွက်က တခုမျှမတွေ့ ပြစ်ရကျိုးမဲ့ သာလျှင် ဖြစ်ရပါ တကားလို့။ ကိုယ်ပိုင် ဉာဏ်နှင့် ကိုယ်တိုင် ကိုယ်ပိုင်သိကာ ကိုယ်တိုင် ရှောင်ကြဉ်မှုသည်သာလျှင် မှန်ကန်သည်။ ခိုင်မာသည့်အသိ ခိုင်မာသည့် ရှောင်ကြဉ်မှုဖြစ်မည်။ ဆိုလိုရင်း အကျဉ်းချုပ်ကတော့ အရက်သေစာတို့ကို မသောက်စားရ၊ ဘာကြောင့် မသောက်စားရတာလဲ ဓမ္မကျမ်းဂန်ထွက်ဘုရားဟော ပညတ်ချက်ရှိလို့လား၊ ငရဲကြီးမှာကြောက်လို့လား၊ မဟုတ်ပါ။ အရက်သောက်ခြင်းအားဖြင့် မည်သည့်အကျိုးမှမရှိ၊ (ဝါ) ပြစ်ရကျိုးမဲ့ သာလျှင် ဖြစ်သည်ဆိုတဲ့အသိ၊ ဤသည့်ဘဝပေးအသိနှင့် ရှောင်ကြဉ်ရပါမည်။

အရေးရှာ မည်သည့်အလုပ်ကိစ္စ ဘဝတွေ့ထိမှုဆို ဓမ္မကျမ်းဂန်ထွက်မို့ မည်သည့်ပုဂ္ဂိုလ်ကတားဆီး ပိတ်ပင်မှုပညတ်ချက်ပြုလို့ဆိုတဲ့ ခံယူချက်နှင့် ရှောင်ကြဉ်ခြင်းသည် မခိုင်မြဲပေ၊ ဤသည့်လူသားမှာ တည်ငြိမ်မှုမရနိုင်ပေ၊ ကြောက်လို့သာ မလုပ်ရ၊ ငရဲကြီးမှာ ကြောက်လို့သာရှောင်ရ၊ လုပ်ခြင်းသည့်ဆန္ဒကတော့ လျော့နည်းမသွားပေ၊ ပို၍ပင်လုပ်ချင်နေသည်။ အမှန်တမူသော်ကား အလုပ်ကိစ္စ ဘဝတွေ့ထိမှု မှန်သမျှကို ကိုယ်ပိုင်ကိုယ်တိုင် လက်တွေ့ မျက်တွေ့ အကောင်းအဆိုး အမှားအမှန်တို့ကို အပြန်ပြန်အလှန်လှန် (အနုပဋိ လောမနည်းအားဖြင့်) ဆင်ခြင်ဝေဖန်မှု သုတေသနပြု၍ အဆိုးအမှားကို ရှောင်ရှားပြီး အကောင်းအမှန်ကို ဆောင်ထားခြင်းသည်သာလျှင် ပြစ်ကင်းကျိုးရဖြစ်မည်။ သမ္မာပဋိပဒါကျင့်စဉ် မဇ္ဈိမ ပဋိပဒါ မဂ္ဂင်ဖြစ်မည် ကိုယ်ကျင့်အဘိဓမ္မာ ပြည့်စုံပေမည်။

ဤမျှရေးသားမှုဖြင့် ကုသိုလ် အကုသိုလ် တရားဟူသည် လူမှုဆက်ဆံရေးတရားဖြစ်ကြောင်း အသိကောင်း၍ လူမှုဆက်ဆံရေးအရ ရှောင်ရခြင်း၊ လူမှုဆက်ဆံရေးအရ ဆောင်ရခြင်း၊ ဆိုတာ သဘောရလောက်ပေသည်။ တနည်းအားဖြင့် ဆိုသော် ကုသိုလ် အကုသိုလ်ဟူသည် ဓမ္မကျမ်းဂန်မှာ ပါလို့ ဘာသာရေးခေါင်းဆောင်က ပညတ်ချက်ထုတ်လို့ ဆောင်ရ—ရှောင်ရသည်မဟုတ် ခေတ်ကာလ ပုဂ္ဂလ ပယောဂ အားလျော်စွာ အသိအားဖြင့် ဆောင်ရ ရှောင်ရသည့် တရား ဖြစ်ကြောင်း သဘောပေါက်ပိုင်ရန် လက်ခံကျင့်သုံးကြရန်၊ သတိအဘန်တန် ပေး

ရင်း လူသားမှာ မရှိလျှင်မဖြစ် မသိလျှင်မပြီးသည့် ဓမ္မသဝန ပရတော သောသကို ရုပ်လုံးပေါ်ပါမည်၊ သတိကြီးကြီးသဒ္ဒါ ယက်သန် ပညာဉာဏ်အားကောင်းကောင်းနှင့် ဝေဘန်ကြည့်ရှု ပါလော။

ဓမ္မသာဝနပရတောဃောသ၊ တရားစစ်တရားမှန်ကိုနာခံ ခြင်းဆိုရာဝယ် တရားတွေကလည်း များလှပေ၏။ အကုသိုလ် ကလည်းတရားဘဲ၊ (အကုသလာဓမ္မာ)ကုသိုလ်ကလည်း တရားဘဲ (ကုသလာဓမ္မာ) ကုသိုလ်လည်းမဟုတ် အကုသိုလ်လည်း မဟုတ် ကလည်း တရားဘဲ (အဗျာကတာဓမ္မာ) အားလုံး တရားကြီး ဖြစ်နေသည်။ ထို့ကြောင့် မည်သည့်တရားသည် လောကီတရား နည်း။ မည်သည့်တရားသည် လောကုတ္တရာတရားနည်း။ မည် သည့်တရားကိုရှောင်၍ မည်သည့်တရားကို ဆောင်ရမှာနည်း။ မည်သည့်တရားကပယ်ရမည့်(မဟာတဗ္ဗ)တရားနည်း မည်သည့် တရားက မျက်မှောက်ပြုရမည့် (သစ္ဆိကာတဗ္ဗ) တရားနည်း၊ ကိုယ်ပိုင်ဉာဏ်ကြီးကြီးနှင့် ဆန်းစစ်ရန် ရောမတာဝန်ကြီးတရပ် ဖြစ်ပေသည်။

ဤနေရာမှာ ဝိစိကိစ္ဆာမများ၊ သံသယ မပွားအောင် ရှင်းရှင်းရေးရမည်ဆိုလျှင် ကုသိုလ်— အကုသိုလ်ဖြစ်သည့် လောကီတရားသည် ကုသလံ-အကုသလံ ဇဟံ၊ ဟူသော ပုဒ်ကို ထောက်ခြင်းအားဖြင့် ပယ်ရမည့် (ပဟာတဗ္ဗ) တရား ဖြစ်ပါ သည်။ အနှောင်အဖွဲ့ (ပပဉ္စ) တရား များမှ လွတ်မြောက်လို သည့်လူသား ဤနေရာမှာ အပိုအလိုမရှိမဇ္ဈိမပဋိပဒါကျကျ ယူတတ်အောင် သတိကြီးကြီး ပညာအား ကောင်းကောင်း

သဒ္ဒါမောင်းသန်သန်နှင့် ဝေဖန်ပါ၊ တဘက်စွန်း ရောက်တတ်ပါသည်။

ကုသိုလ် အကုသိုလ်တရားကို ပယ်ရမည်ဆိုရာဝယ် မည်ကဲ့သို့ ပယ်ရမှာနည်း၊ ကုသိုလ်ကိုလုပ်ခြင်မှလုပ်မည်။ အကုသိုလ်ကိုလုပ်ချင်လုပ်မည်၊ ရှောင်ချင်မှရှောင်၍ ဆောင်ချင်မှဆောင်မည် ဆိုသည့် စီးလွှတ်ဝါးလွှတ် ဘရမ်းဘတာ အကွင်းမရှိသည့် ကျမ်း ပမာလိုလည်းမဟုတ်ပါ။

အထက်တွင်ဖေါ်ပြခဲ့သလို ကုသိုလ် အကုသိုလ်တရားဆိုတာ လူမှုရေးတရား တနည်း လူမှုဆက်ဆံရေးတရားဖြစ်ပါသည်။ မိမိကလည်း လူသားတယောက်ဖြစ်၍ ပါတ်ဝန်းကျင်လူသားတွေနှင့် မကင်းနိုင်ပါ၊ လူ့လောကထဲမှ လူသားတယောက်ဖြစ်သည့် အားလျော်စွာ လူသားတွေက ဝေဘန်ဆန်းစစ်ပြီး အကောင်း အဆိုး အကြောင်းအကျိုး ခွဲခြား၍သတ်မှတ်ထားသည့် စီးကမ်း ဥပဒေကို လိုက်နာရမည့် တာဝန်သည် လူသားတိုင်း၏တာဝန် ဖြစ်သည်။ လူသားတွေက ဒေသ ကာလ ပုဂ္ဂလအားလျော်စွာ ပညတ်ထားသည့် လူမှုဆက်ဆံရေးတရားတို့ကို မနှောက်ယှက်ရန် လူသားတိုင်းမှာ တာဝန်ရှိပေသည်။ မိမိက မခံယူလိုကနေနိုင်သည်။ နှောက်ယှက်ရန်ကားမသင့်ပေ။

ဤသည့် အယူဘာသာ အသီးသီးကို ခံယူရမည်ဟု အာဏာဒေသနာပညတ်ချက်လည်းမရှိပါပေ၊ ထို့ကြောင့် သာသာ

နာရေးတရားဆိုတာ တဦးချင်း တဦးချင်းအနေနှင့် လွတ်လပ်ခွင့်ရသည့် လွတ်မြောက်ရေး တရားပါပေ။ ထို့ကြောင့် လူမှုဆက်ဆံရေးအရ ဒေသ ကာလ ပုဂ္ဂလ ပယောဂအားလျော်စွာ ဆန့်ကျင်ဘက် (ဝိရောဓိ) မဖြစ်အောင် ဌာနာ ဌာန ကောသလ္လဉာဏ်ဖြင့် ရှောင်သင့်တာရှောင်၍ ဆောင်သင့်တာဆောင်ပါ။ အစွဲအလန်းမထားပါနှင့် အစွဲတခုအနေနှင့် ကြောက် မြောက်မလုပ်ရန်ကား အစဉ်သတိထား၍ ရှောင်ရှားရမည့် တရားပါပေ။

အစွဲအလန်းတခု (ဥပါဒါန်)ပြုပြီး လုပ်ရန်ကား လုံးဝမသင့်ပါပေ၊ ထို့ကြောင့်ပယ်ရမည့် (ပဟာတဗ္ဗ) တရား လောကီတရားလို့ ဆိုခဲ့ပေသည်။ ဤနေရာမှာ အမြင်ရှင်းအောင် အကျဉ်းချုံးရေးရမည်ဆိုပါက မည်ကဲ့သို့ပယ်ရမှာလဲဆိုလျှင် အစွဲအလန်းတခုနှင့်လုပ်မှုကိုပယ်ရမည်၊ အစွဲအလန်းနှင့်လုပ်လို မှုကိုပယ်ရမည်။ သာသနာတရား လွတ်မြောက်မှုတရားလို့ ထင်မှတ်ပြီး လုပ်မှုကိုပယ်ရမည်။

ဤသည့်ကုသိုလ် အကုသိုလ်တရားသည် ဘာသာတရားသာလျှင်ဖြစ်သည်၊ သာသနာတရားနှင့်ကား လားလားမျှမဆိုင်ပါပေ၊ လွတ်မြောက်ရေး တရားနှင့်ကား နီးလျက်နှင့် ဝေးလှပေ၏၊ ဆိုလိုတာက မဂ်ဖိုလ်တရားနှင့် ဘာမျှမပတ်သက်။

ထို့ကြောင့် ကုသိုလ် အကုသိုလ် တရားတွေကို ပုံကပ်၍ ဇာတ်၊ ဒဏ္ဍာရီ၊ ပုံပြင်ဝတ္ထုတို့ကို ဘယ်လိုပင် ဟော

ပြောသော်လည်း၊ လောကီတရား၊ လူမှုဆက်ဆံရေးတရား ဖြစ်ကြောင်း အသိကောင်းရန် (ဝိဘင်းပါဠိတော်)ကို ဖော်ပြရမည်ဆိုလျှင်....

တိဿော ကုသလာနိ သာသဝါနိ အဝေသသာ
စ သာသဝါ ကုသလာမွှော ဒုက္ခသမုဒယောတိ။

ဗုဒ္ဓစကားထင်ရှားရှိပေသည်၊ ကုသိုလ် သက်သိုလ် အစထား၊ မြောက်များလှစွာသော လောကီတရားတို့သည်၊ ဒုက္ခဖြစ်ကြောင်း တရားတွေလို့ ဗုဒ္ဓကအတိအလင်း ဟောခဲ့ပေသည်။

ယနေ့မျက်မှောက် လူသား အတော် များများက အလှူမသာ၊ ဘုန်းကြီးပြန်—ဘုရားပွဲအစထားသည့် ဘာသာရေးတရား —လူမှုဆက်ဆံရေး တရားတို့ကို လောကုတ္တရာ တရား၊ လွတ်မြောက်ရေးတရားလို့ ထင်မှတ်မှုခံယူကျင့်သုံးမှု ဟောပြောရေးသားမှုပြုကြသည်ကား များလှပေ၏။

နတ် - ဗေဒင်, ဆံခွက်, စုံး, တင်ဆွ, မြေဘုတ် ဘီလူး အထက်မှာ ပြဟ္မာ အောက်မှာငရဲရှာစသည့် အယူတွေကို ဘုရားဟောလုပ်ကာ၊ ဟောပြော ရေးသားကြသည်ကား၊ ရာခိုင်နှုန်းများလှပေ၏။ ဤသည့်အယူများကို လက်မခံလျှင် အသိအမှတ်မပြုလျှင်၊ ရာဇဝတ်သားကဲ့သို့ဘဲ ဖြစ်ရတော့မလို၊ မိစ္ဆာဒိဋ္ဌိ

လို့ သမုတ်သူကမရှား- သာသနာဖျက်လို့ ထင်သူက မနည်း ကြပေ။

ဤသည့်အယူအဆခံ ယူကျင့်သုံးမှုသည်၊ ဗုဒ္ဓဟောချက် မှေ့ာက်နှင့်ကား ဘာဝင်နှင့်နရက်ပမာ လောကုတ္တရာဘုရား၊လွတ် မြောက်ရေး (ဝိမုတ္တိရသ)တရားနှင့်ကား ကြောခြင်း ကပ်လျက် ဘုံးသွက်သည့် လူနှစ်ယောက်ပမာ အမြင်နီးပြီး၊ ခရီးကတော့ ကြာလ ဝေးလေ ဖြစ်ရ မည်ကား မြေကြီး လက်ခပ်မလွဲ တည်း။

ထို့ကြောင့် လောကီတရား နှင့် လောကုတ္တရာ တရား ဘာသာတရားနှင့် သာသနာတရား အယူတရားနှင့်မှုတရားတို့ကို ကွဲပြားခြားနားသိအောင် အားမနာတမ်း ဉာဏ်ကုန် ဖွင့်ကာ၊ ဝေဖန်ကြကုန်ရာ၏။

ဘာသာတရားနှင့် သာသနာတရား ကွဲပြားခြားနားမှု ကို မသိပါက ဘာသာတရားကို သာသနာတရားထင်၊ သာသ နာတရားကိုဘာသာတရားထင်ကာ အမြင်မရှင်း ဘူးလုံး နားမှာ တေးဖြစ်တတ်ပါသည်၊ ဘာသာတရားများကို သာသနာတရား ထင်ပါက ဘုရားကို စော်ကားရာပင် ရောက်ပါသည်။

လူသားဗုဒ္ဓဂေါတမဘုရားသည် ဒိဋ္ဌဂမ္မ ဒိဋ္ဌပတ္တ မဟုတ် သည့်၊ စုံး, တစ္ဆေ,ကဝေ, သရဲ, မှင်စာ၊ မြေဘုတ်ဘီလူးနတ်နဂါး၊

ပြဿဒါး၊ နတ်ဗေဒင်၊ ဆံခွက်၊ စန်း၊ တြင်း၊ နဝင်း၊ အထက်ပြဟ္မာ အောက်ငရဲရွာစသည့် အတ္တဝါဒနှင့်ယှဉ်သည့် ကမ္မဇိဒ္ဓိဝါဒ အနုမာနများကို မဟောခဲ့ပေ၊ ဤသည့်အယူ (ဘာသာ) များကား ဘုရားမပွင့်ခင် ဟိုယခင်ကတည်းကရှိနှင့်ကြောင်းသာမက အထောက်အထားများစွာရှိပေသည်၊ ကျမ်းလေးမည်စိုး၍ မရေးတော့ပြီ။

လူသားဗုဒ္ဓ အလေးအနက်ထားကာဟောကြားလမ်းညွှန်
ပြုသည်ကား။

ကလျာဏ ကာရီကလျာဏံ၊ ပါပကာရီစပါပကံ၊
ယာဒိသံ ဝပတေဗီဇံ၊ တာဒိသံဟာရတေ ဖလံ။

အစဖြာသည့် နိယာမတရား ငါးပါး၊ သန္ဒိဋ္ဌိကတရား အတ္တဝါဒနှင့် မယှဉ်သည့် ကမ္မဝါဒကို သာလျှင် ဟောခဲ့ပါသည်။

# နိယာမ တရား ငါးပါး

နိယာမဓမ္မ—မူလသတ္တိမြဲ (ဝါ) မိမိသဘောကို မစွန့်။

(၁) ဗီဇနိယာမ မျိုးဆက်ပြန့်ပွားမှု ရှိသည့် အားလုံးကုန်သော သက်ရှိ(သဝိညာဏက)သက်မဲ့ (အဝိညာဏက) ရုပ်တရားတို့သည်၊ မျိုးဆက်ပြန့်ပွားခဲ့သော် မိမိ၏ မူလ ဂုဏ်သတ္တိကိုမစွန့် (မဖေါက်ပြန်) မူ၍ မိမိသဘောနှင့်ထပ်တူ ထပ်မျှ သတ္တိဆောင်မှုသာလျှင်မြဲ၏၊ အကြင်မျိုးစေ့ကို စိုက်ပျိုးက ထိုမျိုးစေ့နှင့် ဇာတ်တူ၊ မျိုးတူ အုပ်စုတူ၊ အသီးကိုဆောင်မှုသည် သာလျှင်မြဲ၏၊ အခြားမျိုးကွဲအသီးကို ဆောင်ယူခြင်းငှာ မစွမ်းနိုင်၊ သရက်စေ့စိုက်က၊ ရာသီဥတုအကြောင်းညီညွတ်၍ အပင်ပေါက်လျှင် သရက်ပင်၊ သရက်ရွက်၊ သရက်သီးကို ဆောင်ယူမှုသည်သာမြဲ၏၊ ဘူးပင်ပေါက်၍ ဘူးသီးသီးအောင် မည်သည့် တန်ခိုးရှင်မှ စေခိုင်းအမိန့်ပေးခြင်းငှာ မစွမ်းနိုင်ပါပေ၊ ဤသည့် အမြင်သည် သာလျှင် ကမ္မဇဝိဒ္ဓိဝါဒကို ပြာကျစေ၏၊ ဗုဒ္ဓသာသနာ၏အခိက ဆုံးမချက်သည် လူသားမှာ စွဲကပ်နေသည့်အတ္တဝိညာဉ်ဝါဒကမ္မဇဝိဒ္ဓိဝါဒအနုမာနများ ပြာကျအောင် ပြုမှုခြင်းပင် ဖြစ်သတည်း။

(၂) ဥတုနိယာမ၊မှာ—ပျော့သဘော(ပထဝီ) ဖွဲ့ပါတ် ယိုစီး (အာပေါ) ပူအေး (တေဇော) တွန်းကန်၊ ငြိမ်သက်

(ဝါယော) ဤသည့်မှလွဲ အရင်းခံတရား (မဟာဘူတ) ဆိုသည့် ဥတုများသည်၊ မိမိတို့သဘောကိုဆောင်မှု မိမိ၏သတ္တိကို မစွန့် ဖေါက်ပြန်မှုမရှိမြဲ၏။ ဤသို့ သူ့သဘောကို သူဆောင်မှု မြဲခြင်းသည်၊ စေခိုင်းအမိန့်ပေးသူ ဖန်ဆင်းပြုလုပ်သူ အလျှင်းမရှိ အတ္တနော သဘာဝံ ဓာရေ တီတိ ဓာတု၊ မိမိတာဝန်ကို မိမိထမ်းဆောင်ခြင်းသာလျှင် ဖြစ်ပါသတည်း။

မျက်မြင်လောက၊ အခါရာအဝဝတို့ ကြေမွ ပျက်ပြုန်း ကမ္ဘာကြီး ဆိတ်သုဉ်းသွားတောင်မှ ဥတုဆိုသည့် မဟာဘူတ အရင်းခံတရားများကတော့ သူ့သဘောသူဆောင်မှု မြဲနေမည် သာလျှင်တည်း။

ဤသည့်ဥတုနိယာမကိုပေါက်ပိုင်အောင် ဝိမံသနဝိစာရဏာ ဥာဏ်ရှင်ပါ၊ ဥတုနိယာမ သဘောပေါက်ပိုင်က၊ ဝိမုတ္တိရသကို၊ ဒိဋ္ဌဓမ္မ ဒိဋ္ဌပစ္စုပ္ပန်ဖြစ်၍ လွတ်မြောက်သော လူသား (ရဟန္တာကြီး တွေဖြစ်မည်ကား မလွဲပါတည်း) ထို့ကြောင့် သိဒ္ဓတ္ထမင်းသားမှ ဖြစ်သွားသည့်၊ ဂေါတမဘုရားက တဦးတည်းသော ရင်နှစ် သီးခြား ချစ်သားရာဟုလာအား ...

ပထဝီဓါတုံ ခေါ်ရာဟုလ အနိစ္စတော ဇာနတော
ပဿတော အာသဝါနံခယော ဟောတိ။
တေဇောဓါတုံ ခေါ်ရာဟုလ (လ)
ဝါယောဓါတုံ ခေါ်ရာဟုလ (လ)
အာပေါဓါတုံ ခေါ်ရာဟုလ အနိစ္စတော ဇာနတော
ပဿတော အာသဝါနံ ခယော ဟောတိ။ စသည်ဖြင့်ဟောကြားပေ၏။

အဘိဓာဘာသာအားဖြင့် ဆိုသော် "ချစ်သားရဟုလမာ ပျော့—သဘော (ပထဝီ)၊ ပူအေးသဘော (တေဇော)၊ တွန်းကန်ငြိမ်သက်သဘော (ဝါယော)၊ ဖွဲ့ပတ်ယိုစီးသဘော (အာပေါ)၊ ထိုထို မဟာဘူတ အရင်းခံဓာတ် ဓာတ်ကြီး လေးပါး တို့သည် စစ်မှန်သောအားဖြင့် အတုတကျဖြစ်၍ အတူတတူ ပျက်သည့် သဟဇာတ တရား၊ တခုချင်း သီးသန့်ဖြစ်၍မရ၊ အချင်းချင်း ကျေးဇူးပြုနေကြသည့် (အညမည) တရားတခုကို တခုအမှီသဟဲ ပြုနေသည့် (ဥပနိဿ) တရားများသာလျှင်ဖြစ်သည်။ ဤသည့် ဓာတ်ကြီးလေးပါးတို့သည် တခုချင်း တခုချင်း အလိုအရဖြစ်နိုင်သည့် စွမ်းအားမရှိ၊ ဖြစ်နိုင်သည့်စွမ်းအား ကုန်ခမ်းနေသည့် သဘောဖြစ်၏။ ဤသည့် ဓာတ်ကြီးလေးပါး (မဟာဘူတ)တရားတို့သည် ပြုလုပ်သူဖန်ဆင်းသူ (ကာရက) ပုဂ္ဂိုလ်မရှိ၊ ဤသည့် ဓာတ်ကြီးလေးပါးထည်းမှာ အတ္တဝိဉာဉ် အသက်၊ လိပ်ပြာ၊ သတ္တ၊ ပုဂ္ဂလမရှိ၊ ခံစရာ စံစရာမရှိ ဆိတ်သုဉ်းကုန်ခမ်းဘိ၏။ ထိုအဖြစ်မှန် သဘောတရား သဘာဝများကို ကိုယ်တိုင်ကိုယ်ပိုင်အသိမှန်အောင် ဝိ ပ ံ သနဉာဏ်ဃှဉ်ပါ။ အမြင်မှန်အောင် ဝိစာရဏာဉာဏ်ယှဉ်ပါ။ အသိမှန် အမြင်မှန် ဖြစ်ပါက (အာသဝါနံ ခယော ဟောတိ) အထင်မှား အမြင်မှား၊ အစွဲမှားအလွဲမှား၊ ဥပါဒါန်နယ်မှ အထင်ခံတရားတွေ ကုန်ခမ်းဆိတ်သုဉ်းခြင်းသို့ ကာလမဆိုင်း ဇလရိယာမပိုင်းဘဲ ရောက်ပါအံ့။

ဤသို့အထင်မှား အမြင်မှားအစွဲမှား ဥပါဒါန်နယ်သား အဖြစ်မှလွန်မြောက်ပါက အရိယသာဝကသာ သိဒ္ဓတ္ထ ယသော် ခယာ၊ သွေးစပ် မျိုးဆက်မှ တော်စပ်သည့် လောကသားအဖြစ်မှ

လွန်မြောက်၍ ငါဘုရား၏သာသနာတွင်းသားအဖြစ် သပိတ်ဝင် အိတ်ဝင်ဖြစ်လေတော့၏။ ဥက္ကာရှိနတ္ထိကဒွိ ကရာဗိယန္တိဝဒါမိ ဤသို့ အသိမှန်အမြင်မှန်ပေါက်အောင် လုပ်ပြီးပါက ထိုထက် အလွန် ငါဘုရား၏ သာသနာတော်မှာ လုပ်စရာကိစ္စ တစုံတရာ မရှိတော့ပြီ လုပ်မှုကိစ္စပြီးတော့သည် သာလျှင်တည်း။ ဤသို့ ငါဘုရား အဆုံးစွန်တရားကို ဟောခဲ့သည်။

အထက်ပါ ဗုဒ္ဓဟောချက် ဓမ္မစက်ကို ဝေဘန်ဥာဏ်နှင့် အဖြေမှန်ရှာမှု-သုတေသန ပြုသော် ခတ်တလုံး ပေါက်ပါက အမြတ်ဆုံးသို့ရောက်ကြောင်း ထပ်လောင်းရေးပါက ကျမ်းလေး မည်။ထို့ကြောင့် ဥတုနိယာမတည်းဟူသော ခတ်ကို ပိုင်အောင် နိုင်အောင်၊ ပေါက်အောင် ရောက်အောင် သတိ ရှေ့ဆောင် ဥာဏ်ဦးစီးရာ၏။

**မှတ်ချက်။** ။ယနေ့မျက်မှောက် လောက ကြီးပွားတိုးတက် နေသည့် နိုင်ငံကြီးတွေလည်း ဤသည့် ဥတုနိ ယာမတည်းဟူသော ခတ်ကို ပိုင်နိုင်ခြင်းသာလျှင် အရင်းခံ ဖြစ်သည်။ တနည်းအားဖြင့် ပြောရမည်ဆိုလျှင် ဤသည့်ဥတုနိ ယာမခတ်သဘောကို ပိုင်နိုင်ပါက 'ကျန်းမာရေး' 'ပညာရေး' 'စီးပွားရေး'တို့ကို လွယ်လွယ်ကူကူနှင့် ဖြေရှင်းနိုင်မည်ကား မြေ ကြီးလက်ခတ်မလွဲဘည်း။ လူ့ဒုက္ခအပေါင်းမှ လွတ်မြောက်မည် ကားမမှားကော်ဘည်း။

(၃) စိတ္တနိယာမ—စိတ်ဘရားသည် အကြောင်းစုံက အဖြစ်မြဲ၏။ စိတ်သည် ဖြစ်သင့်ဖြစ်ထိုက်—ဖြစ်ခွင့် ကြုံလို့ အ

ကြောင်းစုံညီပါကအဖြစ်မြဲ၏လို့ ဆိုရာဝယ်မည်သည့်အကြောင်း တွေစုံရမှာနည်း၊ မည်သည့်အကြောင်းတွေ စုံညီမှ ဖြစ်သနည်း၊ အခြေခံအကြောင်းပြ ခိုင်လုံအောင် ရှာကြံစိစစ်မှု သုတေသန ပြုရန် လိုပေသည်။

ကျွန်ုပ်တို့ လူသားသည် စိတ်တရားကို အစဉ်ထာဝရ ရှိသည့် အရှိတရားအနေနှင့် ထင်မှတ်ကြကုန်၏။ လူလို့ပညတ်သမှတ်ထားသည့်ခန္ဓာကိုယ်ရုပ်ကြီးအတွင်းမှာစိတ်တရားအမြဲရှိသည် ထင်မှတ်စွဲလန်းကြကုန်၏။ ထို့ကြောင့်ပင်လျှင် ငါ့ကိုမစမ်းနှင့် ငါ့စိတ်က အလွန်ကြီးတယ်။ငါ့စိတ်က သူများနှင့်မတူဘူး၊....စသည်ဖြင့် စိတ်ကို အရှိတရားအနေနှင့် ပြောဆိုခံယူကျင့်သုံးကြကုန်၏။

အမှန်သော်တမူကား....စိတ်သည် အရှိ တရား မဟုတ်ပါ၊ အဖြစ်တရားသာလျှင်ဖြစ်ပါသည်။ အကြောင်းကိုဆိုသော် အယံမေကာယော ရူပီ စာတုမဟာ ဘူတိကော ဘုရားဟောရှိပေသည်။ ဤခန္ဓာကိုယ်ကြီးသည် ရုပ်တရားသာလျှင် ဖြစ်သည်။ ဓာတ်ကြီးလေးပါးဖြင့် ပြီးသည်။ ဤဓာတ်ကြီး လေးပါး ရုပ်တရားဟူသော ခန္ဓာကိုယ်ကြီးမှာ အပေါင်း အစု အားဖြင့် ခြေသီး၊ လက်သီး၊ ဆံပင်၊ မွေးညှင်း၊ အရေ၊ အသား၊အကြောများနှင့် ဘူသိမ်၊ အူမ၊ အသည်း၊ နှလုံး၊ အသဲ၊ ကျောက်ကပ် အဆုပ်၊ အမေး စသည်အလီလီအားဖြင့် သုံးဆယ့်နှစ်ပါး ဓာတ်ခွဲထားပါသည်။

ဤသုံးဆယ့်နှစ်ပါး ဓာတ်တရား တို့သည် အားလုံး အားဖြင့် ရုပ်သာလျှင် ဖြစ်ကြကုန်၏။ ထိုသို့ ပေါင်းစုကာထား

သည့် ရုပ်ခေတ်ကြီးမှာလည်း ပြုလုပ်ဖန်ဆင်းသူ ကင်းမဲ့ခဲ့၍ သဘာဝက တပ်ဆင်ပေးသည့် ထူးကဲသာလွန် နူးညံ့ခန့်ငြားသည့် သုခုမခေတ်သား ပသာဒရုပ် အကြည်များရှိပါသည်။ အမည် သညာနှင့် အရေအတွက်အားဖြင့်....

(၁) မျက်စေ့အကြည် (စက္ခုပသာဒ)
(၂) နားအကြည် (သောတပသာဒ)
(၃) နှာအကြည် (ဃာနပသာဒ)
(၄) လျှာအကြည် (ဇိဝှာပသာဒ)
(၅) ကိုယ်အကြည် (ကာယပသာဒ)
(၆) နှလုံးသွေးအကြည် (ဟဒယဝတ္ထု)

ဤသို့အားဖြင့် ခြောက်ပါးရှိပါသည်။ ဒေသနာအားဖြင့် ပသာဒရုပ် အဇ္ဈတ္တိကရုပ်၊ ဣန္ဒြိယဗဒ္ဓရုပ်လို့ ခေါ်ပါသည်။

ထိုရုပ်များသည် မိမိတို့၏တည်ရာ မှီရာဖြစ်သော ရုပ်ကြီးကို ဆိုင်ရာ ဆိုင်ရာ တာဝန်ကို ထမ်းဆောင်ခြင်းအားဖြင့် ကျေးဇူးပြုကြကုန်၏။ ဥပမာ မျက်စေ့ အကြည်က အဆင်း (ရူပါရုံ)ကို ကြည့်ခြင်းဖြင့်၎င်း၊ နားအကြည်က အသံ (သဒ္ဒါရုံ) ကိုကြားခြင်းဖြင့်၎င်း၊ နှာအကြည်ကအနံ့ (ဂန္ဓာရုံ) လေကို ရှူရှိုက်ခြင်းအားဖြင့်၎င်း၊ လျှာအကြည်က ချိုချဉ်ငံခါး (ရသာရုံ) အစားအစာ စားခြင်းဖြင့်၎င်း၊ ကိုယ်အကြည်က အထိအတွေ့

(ဖေါဋ္ဌဗ္ဗာရုံ) ကို တွေ့ထိခြင်းအားဖြင့်၎င်း၊ နှလုံးသွေးအကြည်က (ဝါ) ဦးနှောက်က အဟောင်းတရား (ဓမ္မာရုံ)ကို ခံလင့် အောက်မေ့ကြံဆခြင်းအားဖြင့်၎င်း၊ မိမိ မိမိတို့နှင့်ဆိုင်ရာ အာရုံ ရုပ်များကို ခံလင့်ခြင်း အတူတကွ ဖြစ်ခြင်းတို့နှင့် ကျေးဇူးပြုကြ ကုန်၏။

ဤနေရာမှာ အလေးအနက် သတိချပ်ရမှာက လူသား တည်းဟူသော ခန္ဓာကိုယ် ရုပ်ဒြပ်ကြီးမှာ ပြုလုပ်ဖန်တီးသူမရှိ၊ ပင်ကိုယ်ပကတိအားဖြင့် သဘာဝမှ တပ်ဆင်ပေးထားသည့်သုခုမ ဓာတ်သား ပသာဒရုပ်ဘည်းဟူသော အတွင်းရုပ်မှန်ပြင်ကြေမုံ များ ရှိကြသည်ကား ဒိဋ္ဌဓမ္မ ဒိဋ္ဌပတ္တအားဖြင့် မငြင်းသာအောင် မျက်မြင်ဉာဏ်တွေ့ဖြစ်ပါပေ၏။

ဤသည့်အတွင်ရုပ်း အကြည်ဓာတ်များရှိလျှင် အပြင် (ဗဟိဒ္ဓ)မှရုပ်များနှင့် တွေ့ထိတိုက်ဆိုင် ကြမည်ကား နိယာမ တရားပါပေ၊ တွေ့ထိတိုက်ဆိုင်မှု မပြုအောင်မည်သည့် တန်ခိုး ရှင်မှ တားဆီး ပိတ်ပင်မှု မပြုနိုင်ပါ၊ ကြေးမုံ မှန်ပြင်ရှိက အကြောင်းအား အခါအားလျော်စွာ အရိပ်များထင်ကြမည် ကား၊ မညင်းသာပါပေ၊ ထိုနည်းတူစွာ ဥပမာသာလျှင် အတွင်း ရုပ်ကြည် အခံဓာတ်များနှင့် အပြင်ရုပ် အတိုက်ဓာတ်များ အကြောင်းအားလျော်စွာ တိုက်ဆိုင်သည့်အခါမှာ အပေါ်ဓာတ် များဖြစ်ပေါ်လာပါသည်။ ၎င်းအပေါ်ဓာတ်ကို စိတ်ဝိဉာဉ် လို့ လောက ဝေါဟာ ခေါ်ဆိုကြပါသည်။

ဥပမာ စက္ခုဥပ္ပ္ပ္ပ္ပဿ ရူပေစ ဥပ္ပဇ္ဇတိ စက္ခု ဝိညာဏံ မျက်စေ့တည်းဟူသော အတွင်းရုပ် အဆင်းတည်းဟူသော အပြင်ရုပ်၊ ၎င်းရုပ်နှစ်ခုကို အကြောင်းပြု၍(အသုံးပြု၍) စက္ခုဝိညာဉ် ခေါ်မြင်စိတ် ဖြစ်ပေါ်လာ၏။

သောတဉ္စ ပဋိစ္စ သဒ္ဒေစ ဥပ္ပဇ္ဇတိ သောတဝိညာဏံ နား တည်းဟူသော (အတွင်းရုပ်) အသံတည်းဟူသော (အပြင်ရုပ်) ၎င်းရုပ်နှစ်ခု အကြောင်းပြု၍ ကြားသိစိတ် ဖြစ်ပေါ်လာ၏။

ဃာနဉ္စ ပဋိစ္စ ဂန္ဓေစ ဥပ္ပဇ္ဇတိ ဃာန ဝိညာဏံ နှာခေါင်း အကြည်တည်းဟူသော (အတွင်းရုပ်) အနံ့တည်းဟူသော(အပြင်ရုပ်) ၎င်းရုပ်နှစ်ခုအကြောင်းပြု၍ နံသိစိတ် ဃာန ဝိညာဉ် ဖြစ်ပေါ်လာပေသည်။

ဇိဝှာစ ပဋိစ္စ ရသေစ ဥပ္ပဇ္ဇတိ ဇိဝှာ ဝိညာဏံ လျှာအကြည်တည်းဟူသော (အတွင်းရုပ်) အရသာ တည်းဟူသော (အပြင်ရုပ်) ၎င်းရုပ်နှစ်ခုအကြောင်းပြု၍ စားသိစိတ် ဇိဝှာ ဝိညာဉ်ဖြစ်ပေါ်လာပါသည်။

ကာယဉ္စ ပဋိစ္စ ဖောဋ္ဌဗ္ဗေစ ဥပ္ပဇ္ဇတိ ကာယ ဝိညာဏံ ကိုယ်အကြည်တည်းဟူသော (အတွင်းရုပ်) အတွေ့တည်း ဟူသော(အပြင်ရုပ်) ၎င်းရုပ်နှစ်ခု အကြောင်းစုကြောင့် ထိသိစိတ် ကာယ ဝိညာဉ်ဖြစ်ပေါ်လာပါသည်။

မနဉ္စ ပဋိစ္စ ဓမ္မေစ ဥပ္ပဇ္ဇတိ မနောဝိညာဏံ နှလုံးသွေး အကြည်တည်းဟူ အတွင်းရုပ် အဟောင်းတရားတည်းဟူသော

ဃမ္မာရုံ ရုပ်တို့ပေါင်းဆုံမှုကို အစွဲပြု၍ သိစိတ်မနော ဝိညာဉ်ဖြစ်ပေါ်လာပါသည်။

ဤသို့အကြောင်းအားလျော်စွာ အတွင်းရုပ် အခံဓာတ် အပြင်ရုပ် အတိုက်ဓာတ်တို့အတူတကွ 'သဟဇာတ'အခြင်းခြင်း 'အညမည' အချိုးအစားညီမျှသည့်အခါ ပြီးပြည့်စုံမှုကို ပေါ်ပြသည့် အဖြစ်သဘောကိုစိတ်,နာမ်,ဝိညာဉ်,လို့ ခေါ်ကြတာပါ၊

အမှန်ကတော့ စိတ်နာမ် ဝိညာဉ်ဆိုတာ အမြဲမရှိသည့်တရား အတွင်းရုပ်အပြင်ရုပ် အချိုးအစားညီမျှ အကြောင်းစုံကြမှ ညှိသည်အာဂန္တုအနေနှင့် ပေါ်လာသည့် အပေါ်တရားအဖြစ် တရားမျှသာ၊ ပေါ်လာဖြစ်လာပြန်တော့လည်း၊သူ့အလိုလိုပေါ်နိုင်ဖြစ်နိုင်သည့် အားအစွမ်း အတ္တ သတ္တိမရှိပါ၊အနှစ် အသားမရှိသည့်၊ အတ္တသုညတမျိုးသာ၊ အသိရှင်း၍ အမြင်လင်းရမှာကား ထိုထိုဤဤ အလီလီသောစိတ် ဝိညာဉ် နာမ်တရားတို့သည် ယခင်က မဖြစ်ခင် ကလည်းမရှိ၊ ဖြစ်ပြန် တော့လည်း အမြဲမရှိ ဖြစ်ပြီးပြန်တော့လည်း ဘယ်နေရာ ဘယ်ဒေသမှာလို့ စုရက်ပုံရက်သား ညွန်ပြစရာမရှိ၊ အနှစ်သာရ ကင်းဘိကြောင့် အသာရက အနတ္တမျှသာ။

ထို့ကြောင့် - ဗုဒ္ဓက-

အဒဿနတော အာယန္တိ၊ ဘင်္ဂါဂစ္ဆန္တိ၂ ဒဿနံ
ဝိဇ္ဇုပ္ပာဒေါဝ အာကာသေ၊ ဥပ္ပဇ္ဇန္တိဝယန္တိစ။

စသည်ဖြင့် မိန့်ဟခဲ့ပေ၏။ ဆိုလိုသည်မှာ စိတ်ဝိညာဉ်နာမ်ဆိုသည့် သဘောတရားတို့သည်၊ နဂိုရှိမူလက သုညတမျိုး၊ အနိမိတ္တမျိုး၊ အမှန်မရှိ၊ အတွင်းရုပ်အပြင်ရုပ်တို့ အကြောင်းအားလျော်စွာ တိုက်ခတ်သည့်သင်္ခါရအရှိန်ကြောင့်၊မရှိရာ၊ မမြင်ရာအရပ်မှ၊ ရှိရောင် ဖြစ်ရောင် အထင်ကြောင်စရာ ပေါ်လာသည့် အာဂန္တုက ဓာတ်သဘောမျှသာ ခေတ္တခဏ ခဏိကအားဖြင့် ပေါ်လာသော်လည်း တာဝရတည်နေနိုင်သည့် အတ္တသတ္တိလည်းမရှိပါ၊ ပေါ်လာပြီးနောက် ကာလမှာလည်း၊ မည်သည့်အရပ်ဌာနမှာ၊ အစုအပုံအားဖြင့် တည်နေသည်လို့ ပြောပြဝန်ခံစရာ ကင်းဆိတ်ပေ၏။ လောက ဥပမာအားဖြင့် ပြရသော် အထက်အာကာပြင် ဝေဟင်ခရီးမှာ မိုးသားတိမ်တိုက်ဓာတ်များဟာ လေယူရာကိမ်း၍ ယိမ်းနွဲ့ကာ သွားလာကြရင်း မိုးသားတိမ်တိုက်ဓာတ်တခုနှင့် တခုတွေ့ဆုံမိသည့်အခါ ဝင်းကနဲ လက်ကနဲ လျှပ်စီးလက်ကြပါသည်။ ဤသည့် လျှပ်စီးတို့သည် မဖြစ်ခင်က ရှိသလော၊ မရှိနိုင်ပါ၊ လျှပ်စီးလက်ပြီးဘယ်အရပ်မှာ စုပုံနေသလဲ ဘယ်အရပ်မှာမှစုပုံမနေပါ၊ စကားဆန်း သုံးရမည်ဆိုလျှင်မရှိရာအရပ်မှလာပြီး၊ မရှိရာအရပ်သို့ ပြန်သွားသည်လို့ ဆိုဘွယ်ရာသာ၊ ထို့နည်းတူစွာ ဥပမာသာလျှင် စိတ်-ဝိညာဉ် နာမ်တရားတို့လည်း၊ နဂိုကမရှိပါ၊ အတွင်းရုပ်ခြောက်ပါး၊ အပြင်ရုပ်ခြောက်ပါး၊ ထိုတွင်းပြင်တရား နှစ်ပါးတို့ အကြောင်းအားလျော်စွာ တိုက်ဆိုင်မှ ထိုထိုရုပ်တရားတို့၏ အမှုကိစ္စပြီးပြည့်ဝမှုကိုဖော်ပြရသည့် သဘောကလေးမျှသာ အမှန်ကတော့ အမြဲမရှိသည့် အနိမိတ္တတရား သုညတတရား သူ့အလိုလိုဖြစ်နိုင်သည့်စွမ်းအား

သတ္တိမရှိသည့်အနတ္တ ဇမ္ဗူသလျှင်၊ ဝေကန်အမှန်ဖြစ်ကြောင်း အသိကောင်း၊ အမြင်မှန်အောင် သတိတမာန်ညာဏ်မြေကတုတ် ပညာချွန်းနှင့် အုပ်မှုဘာဝေတဗ္ဗ ပြုလုပ်အပ်၏။

စိတ္တနိယာမသဘော အချုပ်အားဖြင့် ပြောရမည်ဆိုလျှင် စိတ်ဝိညာဉ် နာမ်တရားတို့သည် (ရူပံ ပဋိစ္စ နာမံ ပဝတ္တတိ) ရုပ်တရားကိုအမှီပြု၍ ဖြစ်ရပါသည်ဆိုတော့၊ သူ့ဟာသူဖြစ်နိုင် ရှိနိုင်သည့် အရှိတရားမဟုတ်ကြောင်း အသိကောင်း အမြင်မှန်ရာ၏။

ရုပ်တရားခြင်းတိုက်မှ အကြောင်းပြီးပြည့်စုံလျှင် သခ်တနယ်မှာအဖြစ်မြဲ၏၊ (အကြောင်းမပြည့်စုံပါက၊ အရိပ်နိမိတ်မှ ကင်းဆိတ်နေသည်) သူ့သဘောသူဆောင်၏၊ သူ့သဘော နိယာမကိုမစွန့်၊ ဆိုလိုသည်မှာမြင်စိတ်သည်၊ ဖြစ်သင့်ဖြစ်ထိုက် လို့ဖြစ်လျှင် မျက်စေ့ အဆင်းတိုက်မှုကြောင့်ဖြစ်၏၊ မြင်စိတ် သည် နား၊ အသံကြောင့်မဖြစ်၊ ကြားစိတ်ကလည်း နားအသံ တိုက်ဆုံမှု အကြောင်းစုကြောင့်ဖြစ်၏၊ နှာ—လျှာတည်းဟူသော အကြောင်းများကြောင့်မဖြစ်၊ ဤသို့မိမိ မိမိတို့နှင့် ဆိုင်ရာ ဆိုင်ရာ အကြောင်းများ စုံညီပါက၊ မဖြစ်ခြင်မနေရ၊ အခြား အကြောင်းများနောက်သို့ပြောင်းလဲလိုက်ပါလို့မရ၊ ဖြစ်ဖြစ်နေ ရသဘာဝကို စိတ္တနိယာမလို့ပင် အမည်တွင်၏။

ဤသည့် စိတ္တနိယာမ ဖြစ်စဉ်လည်း အမှန်မြင်နယ်မှ လက္ခဏာညာဏ် သစ္စာညာဏ်နှင့် ဆင်ခြင်မှု သုတေသနပြုပါက

အကြောင်းများနှင့်ကံ၏ တခုချင်း တခုချင်း အလိုအားဖြင့် ဖြစ်ခြင်းငှါမစွမ်းနိုင်၊ ဖြစ်နိုင်သည့်စွမ်းအား အနည်းအပါးမျှ မရှိ၊ ကင်းဆိပ်ဘိကြောင့် သုညတဂမ္မ အနိမိတ္တ တရားမျှသာ ဖြစ်ပါသည်။

၄။ ကမ္မနိယာမ အကြောင်းခံရှိက အကျိုးတရားဖြ၏။

မျက်မှောက်ကာလ၏ ပြုပြင်ပြောင်းလဲမှု ဖြစ်ပျက်အစဉ် သည် ကြောင်း-ကျိုး (ပစ္စယာကာရ) ဥပဒေသနှင့် မကင်းနိုင် ပေ။ သို့မကင်းသည့်အားလျော်စွာ လူသားသည် အကြင်အခါ၌ မျက်စေ့နား နှာကိုယ်ခြေလက် အကြွမ်းဝင်သည့် ကိုယ်အလုပ် (ကာယသင်္ခါရ) ကောင်းလုပ် (ပုညာဘိသင်္ခါရ) မကောင်းလုပ် (အပုညာဘိသင်္ခါရ) တို့ကိုပြုလုပ်၏။ နှုတ်ခမ်းလျှာ အကြွမ်းဝင် သည့် နှုတ်အလုပ် (ဝစီသင်္ခါရ) ကောင်းလုပ် (ပုညာဘိသင်္ခါရ) မကောင်းလုပ် (အပုညာဘိသင်္ခါရ) တို့ကိုပြုလုပ်၏။ နှလုံးသွေး ခေါ် ဟဒယဝတ္ထု တနည်း ဦးနှောက်တို့ဖြင့် စိတ်အလုပ် (မနောသင်္ခါရ) ကောင်းကြံ (ပုညာဘိသင်္ခါရ) မကောင်းကြံ (အပုညာဘိသင်္ခါရ) တို့ကိုပြုကြကုန်၏။

ထိုအခါ မိမိပြုလုပ်သည့် သင်္ခါရအားလျော်စွာ ရောင် ပြန်ဟတ်မှုသည် ကာလမဆိုင်း ဘဝမပိုင်းဘဲ စံရ ခံရမည်ကား နိယာမတရားပါပေ။

ဆိုလိုသည်မှာ ပြုမူချက်စာရိတ္တအားလျော်စွာ လူသား၏ ခန္ဓာကိုယ်မှာ ထင်ဟပ်မှု အကျိုးတရားပေါ်တာ (တနည်းအားဖြင့်) ကံပြုရင်၏ အကြောင်းအားလျော်စွာ အကျိုးထင်ဟပ်မှု ဥပဒေသပြုထားသည်ကို ကံ ကံ၏ အကျိုးမြဲသည့် ကမ္မနိယာမ လို့ ခေါ်ဆိုပါသတည်း။

ဤနေရာမှာ အထူးသတိပြု၍ ဝေဘန် လေ့လာပါ။ ကျွန်ုပ်သည် "သန္ဒိဋ္ဌိကော အယံဓမ္မော" အယံဓမ္မော အကာလိကော" ဆိုသည့် ဗုဒ္ဓကမ္မဝါဒကို ပြနေခြင်းဖြစ်ပါသည်။ အတိတ်ကံကျေးစား ဝါဒနှင့် အနာဂါတ် မျှော်လင့်စောင့်စားရေး ကံကျေးချဝါဒ (ဝါ) အတ္တဝိညာဉ်မကင်းသည့် အတိတ်ကံ အနာဂါတ်ကံတို့ကို လမ်းညွှန်ရေးသားရန် မဝံ့ပါပေ။

အကြောင်းကိုဆိုသော် ကံကျေးစားဝါဒ အတိတ်ကံကို ခံလင့်ပါက ပုဗ္ဗေကတဟေတု ဒိဋ္ဌိ အယူငြိ၍ တဖက်စွန်း ရောက်ပေမည်။ ကံကျေးချ အနာဂတ်ကံ ကို မျှော် မှန်း တောင့်တယုံကြည် လက်ခံခြင်းပြုပါက အတ္တဝိညာဉ်ကိုလက်ခံရာ ရောက်ပေမည်။ သဿတဒိဋ္ဌိ အယူငြိ၍ တဖက်စွန်း ရောက်ပေမည်။ ဗုဒ္ဓ၏အနိစ္စဓမ္မကို ညင်းပယ်အာခံ တော်လှန်ရာလည်း ရောက်ပေမည်။

ဤနေရာမှာ စောဒကတက်စရာရှိပေမည်၊ အတိတ်ကံ အနာဂါတ်ကံလက်မခံ၊ ယုံကြည်မှုမပြုပါက ဥစ္ဆေဒဒိဋ္ဌိ အ

ကြိရိယ ဒိဋ္ဌိ၊ နတ္ထိက ဒိဋ္ဌိ၊ အယူပြင်း၍ တဖက်စွန်း မရောက်ပါလား။ မေးဘွယ်ရာရှိပေသည်။ အတိတ် ပစ္စုပ္ပန်အနာဂါတ် ကာလသုံးပါးဖြင့်ဆက်စပ်ကာပြုပေးထားသည့်ဒိဋ္ဌိအစားစားကို ပရတောဃောသ ပစ္စည်းရထားသည့် လက်ခံယုံကြည်ထားသည့် ပုဂ္ဂိုလ်ဟိုင်း စေဒကတက်ထိုက် မေးထိုက်ပါသည်။

ထိုသို့မေးပြောအံ့ အဖြေကတော့ လွယ်လွယ် ပါဘဲ။ မခက်လွန်း မနက်လွန်း၍ ယုံကြည်ဘို့ရန် လွယ်ကူမည်မထင်ပေ။ စာရှုသူ ဗုဒ္ဓဝါဒီဖြစ်လိုသည့်လူသား အပြင်းအထန် ဝေဘန်၍၊ အဖြေမှန်ရမှု အဓိက တာဝန်တခု အနေနှင့် ဥာဏ်ကုန် ဖွင့်လိုက်ပါ။

ဥာဏ်ကုန်ဖွင့်၍ နာမ်အဟုန် ကံအဟုန်မယှဉ်ပါက ကံအဟုန် နာမ်အဟုန်ကင်းစင်ဆိပ်သုဉ်းပါက အနိမိတ္တ နိဗ္ဗာန်ကို ဒိဋ္ဌဓမ္မဒိဋ္ဌပတ္တအားဖြင့်မျက်မှောက်ပြုရမည်ကားမလွဲပါတည်း၊ စိတ်ကျွန် အဖြစ်မှ လွတ်မြောက်၍ စေတောဝိမုတ္တိဖလ ရကြီး ရပြီး၊ ဘာသာရေးကျွန် အဖြစ်မှ လွတ်မြောက်၍ ဥတ္တရိနတ္ထိ ကိုဋ္ဌကရဏီယန္တိဖြစ်ကြီး ဖြစ်ရပါပေ၏။

အထက်ပါအမေးကို တိုတိုကျဉ်းကျဉ်းနှင့် လိုရင်းကိုဖြေတော့မည်။ သတိရှေ့ဆောင် ဥာဏ်ရောင် လင်းပါစေ။ ကံ ကျေးစားဝါဒ၊ (အတိတ်ကံ) မျှော်လင့် စောင့်စားရေး ဝါဒ (အနာဂါတ်)ကံတို့ကို လက်မခံပါက မယုံကြည်ပါက ဥစ္ဆေဒ

ဝါဒ နတ္ထိကဝါဒ အကြိယဝါဒများဖြစ်ပါသည်လို့ သစ္စာတရားကို မညင်းဆံသော အားဖြင့် ဝန်ခံရပေမည်။ ကောင်းပြီ။ လက်မခံ မယုံကြည်တော့။ အထက်ပါဒိဋ္ဌိများနှင့် ညီကာ တဘက်စွန်း ရောက်ပါ၏။ လက်ခံ ယုံကြည်တော့ကော အပြစ်ကင်းပါမည်လား၊ တုန့်ပြန်ကာဗောဒကာတက်ငြားအံ့၊ မှသားဆိုရမည်ကို ဦးလေးသူပုဂ္ဂိုလ်တိုင်း မှသားကို စက်ဆုတ် ရွံရှာသူတိုင်း သဿတဒိဋ္ဌိ ပုဗ္ဗေကတဟေတုဒိဋ္ဌိစသည်တို့ငြိ၍ တဘက်စွန်းရောက်ပါသည်လို့ ဝန်ခံရပည်သာ။

ဤသို့ဖြစ်လျှင် ကံကျွေးစားခံနှစ် (အတိတ်ကံ)မျှော်လင့်စောင့်စားရေးဝါဒ(အနာဂါတ်) ပရမ္ပရ ကံတို့ကို လက်ခံယုံကြည်လျှင် အတ္တဝိညာဉ်ကို လက်ခံရာရောက်၍ တဘက်စွန်းကျသည်။ လောက်လန်းသဖွယ် ဝိညာဉ်တွယ်ဆိုသည့်အယူကို ခံယူရာရောက်သဖြင့် သဿတဒိဋ္ဌိအယူငြိကာ လွဲမှားသည့်အတိတ်စွဲအနာဂါတ်စွဲပါသဖြင့် မမှန်ပါ၊ ဤသည့်အတိတ်စွဲအနာဂါတ်စွဲတို့ကို လက်ခံယုံကြည်မှုမပြုတော့လည်း ဥစ္ဆေဒဒိဋ္ဌိအယူငြိကာ တဘက်စွန်းရောက်၍ အကိရိယဒိဋ္ဌိ-နတ္ထိကဒိဋ္ဌိ အယူငြိကာလွဲမှား၊ ဘယ်ဘက်ကမှ အစွန်းမလွတ် ရှောင်လွဲမရ မိစ္ဆာဒိဋ္ဌိအယူဘက်သို့သာ ကျရောက်ရာ၏။

ထိုသို့ဆိုလျှင် လက်ခံမခံထိုနှစ်တန်တို့သည်(ဝါ)ယုံကြည်မယုံကြည် ထိုနှစ်လီတို့သည် မည်သည့် ဘက်ကမှ အစွန်းမလွတ်အစွန်းထွက်တရားသာလျှင် ဖြစ်ကုန်၏။ မိစ္ဆာပဋိပဒါ အယူအကျင့်သာလျှင် ဖြစ်ကုန်၏။

ငါသည် ဘယ်ကလာလို့ ဘယ်ကိုသွားရမှာနည်း။ ငါသည် ဘယ်ကုသိုလ်ကြောင့် ဘယ်လိုဖြစ်ကာ ဘယ်လိုများ ခံရစံရဦးမှာနည်း စသည်ဖြင့် ပညတ် ဝိစိကိစ္ဆာ ပရမတ် ဝိစိကိစ္ဆာများ အဝိဇ္ဇာ၏ သားတို့သည် ပေါက်ဖွားကြမည်ကား မလွဲတည်း။

ထို့ကြောင့်ဆက်မှား၊ ပြတ်မှား အဝိဇ္ဇာနယ်ဖွား ဒိဋ္ဌိအစားစားတို့မှ လွတ်ရေး ကျွတ်ရေးကို ဗုဒ္ဓက ညွှန်ကြားချက် ဥပဒေသ အတိအကျ ပေးခဲ့သည်ကား (အတီတံ နန္ဝာဂမေယျ နပ္ပတိကင်္ခေ အနာဂတံ) အတိတ်ဆိုတာ ကုန်လွန်ခဲ့လေပြီ၊ အတိတ်ဟူရာဝယ် မထင်မမြင် မသိနိုင်သည့် ပရမ္ပရ ဘဝါဘဝဆိုတာ ထားဘိ၊ ပစ္စုပ္ပံခန္ဓာနှင့် ကာလပိုင်းကြည့်ပါက ဥပမာ လောကဝေါဟာ သတ်မှတ်ရှာသည့် ရက်လနှစ်တို့သည်၊ လူသားတယောက် အသက်အားဖြင့် လေးဆယ်နှစ် ရှိပြီဆိုပါတော့ ထိုလူသားမှာ နှစ်လေးဆယ်ဆိုသည့် နှစ်လရက်တို့သည် ကုန်လွန်ခဲ့လေပြီ၊ ကုန်ခမ်းခဲ့လေပြီ၊ ပြစရာမရှိတော့ပြီ၊ အနာဂါတ်ဆိုတာကတော့ ရောက်ကိုမရောက်သေး၊ ဖြစ်ကိုမဖြစ်သေး ဘဝေဘဝေ အနာဂတေကတော့ကွေးတောင်မတွေးဝံ့ပါပေ။

အတိတ်ကိုလည်းပြန်ပြောင်း မတွေးမဆွေးရာ၊ အနာဂါတ်ကိုလည်း ကျော်မတွေးရာ (ပစ္စုပ္ပန္နဉ္စ ယော ဓမ္မံ တတ္ထ တတ္ထ ဝိပဿတိ) အယုတ်တရားနှစ်ပါးအစွန်းထွက်တရားမှလွတ်မြောက်လိုသော လူသားသည် ပစ္စုပ္ပံဘဝကိုသာ မဇ္ဈိမပဋိပဒါကျကျ ကောင်းမွန်အောင် လုပ်ကြရာ၏။

ထို့ကြောင့်အတိတ်အနာဂါတ်ကို အစွဲမထားမဝေဘန်ပါဘဲ၊ ပစ္စုပ္ပန်ဘဝ ပစ္စုပ္ပန်ကာလမှာ ကောင်းမှန်အောင်ပြုလုပ်ပြောဆိုတွေးကြံ ဝေဘန်ဆန်းစစ်မှု၊ အမြော်မြင်ပြုက တဘက်စွန်းမရောက် မဇ္ဈိမပဋိပဒါလမ်းသို့ ခရီးမထောက် ကော့ကောက်မရှိ ဝိစိကိစ္ဆာမဖြစ် သံသယကင်းရှင်းစွာနှင့် ရောက်မည်ကားမလွဲမုချပါတည်း။

ဤနေရာမှာ ကမ္မနိယာမသဘောတရားကို အကျဉ်းချုံး၍ ရေးသားမှုနိဂုံးပြုရလျှင် အကြင်သူသည် ကံသင်္ခါရကိုပြုလုပ်၏။ ကံသင်္ခါရကိုဘာနှင့် ပြုလုပ်သနည်းဟူမူ မျက်စေ့၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ ဟဒယတို့ဖြင့်ပြုလုပ်၏။

ဤသည့် ပသာဒခြောက်ပါး ဒွါရခြောက်ပါးတို့ဖြင့် ပြုလုပ်သမျှကံသင်္ခါရတို့ကို အကြောင်းအားလျော်စွာ အမည်ပေးမှုခွဲခြားပြုကြသည်ကား ကာယကံ၊ ဝစီကံ၊ မနောကံဖြစ်သတည်း။

ဤသည့်ကံတို့တွင်လည်း ကောင်းကံ မကောင်းကံ ပုညာဘိသင်္ခါရ အပုညာဘိ သင်္ခါရအားဖြင့် နှစ်မျိုးနှစ်စားကွဲပြားခြားနားပြန်၏။ ၎င်းကောင်းကံ မကောင်းကံတို့ကို ပြုလုပ်ပါက "ပုညံသုခံဇနေတိ အပုညံဒုက္ခံဇနေတိ" ဆိုသည့် ဗုဒ္ဓဘာသိတနှင့်ညီက ကောင်းကံလုပ်ပါက ကောင်းကျိုးဖြစ်မဲ့သုခချ၍၊ မကောင်းကံကိုပြုလုပ်ပါက ကျိုးမဲ့ဖြစ်ရှိ ဒုက္ခအ-

တိခံကြရမည်ကား မလွဲသာ မရှောင်သာ ပါပေ။ ကာလမပိုင်း ဘဝမဆိုင်းဘဲ ခံကြစံကြရမည်ကား နိယာမ တရားပါပေ။

ကောင်းပြီ—ကောင်းကံ မကောင်းကံ တို့ကို ပြုလုပ် ပါက ကောင်းကျိုးသိုးပြစ် စံရခံရမည်ဆိုတော့ မည်သူ စံရခံရ မှာနည်း။ အမေးရှိပါက ကောင်းကံ မကောင်းကံ ပြုလုပ်ရှင် မျက်စေ့ နား နှာ အစ ဖြာသည့် ဒွါရ ခြောက်ပါး ပသာဒ ရုပ်များ၏ တည်ရာမှီရာဖြစ်သည့် ဝိပါက်ရုပ်ကြီးစံရခံရမည်ကား ဓိဋ္ဌမမှ ဓိဋ္ဌပတ္တ တရားပါပေ။

ထိုမှတပါး ကောင်းကံ မကောင်းကံကို ပြုလုပ်သူ ကာရကပုဂ္ဂိုလ် အတ္တဝိညာဉ်လည်းမရှိ၊ တခြား ကမ္ဘာပြောင်း၍ တည်လဲနှင့်စံမည့်ခံမည့် နာမ် ဝိညာဉ် အတ္တသည်း မရှိပါ။ (ဝါ)စံစား ခံစားမည့် နာမ် ဝိညာဉ် အတ္တ(ဝေဒက)ပုဂ္ဂိုလ် မရှိပါ။

ထို့ကြောင့် ဗုဒ္ဓက ကံသခင်ါရစ့်မရှိရေး အလေးအနက် သတိပေးလမ်းညွှန်ခဲ့သည်ကား....

ကမ္မဿ ကာရကော နတ္ထိ၊ ဝိပါကဿ ဝေဒကော
သုဒ္ဓဓမ္မာ ပဝတ္တန္တိ၊ ဟေဟုသန္တာရ ပဿယာ။

အဓိဘာသာ အားဖြင့် လဲလှယ်သော်.... ကမ္မဿ၊ ကု သိုလ် အကုသိုလ်ကံ နှစ်ပါးကို။ ကာရကော၊ ပြုလုပ် တတ်

သော ပုဂ္ဂိုလ်သတ္တဝါ အတ္တဝိညာဉ်သည်။ နတ္ထိ၊ အခါခပ်သိမ်း မရှိသည်သာလျှင်တည်း။ ဝိပါကဿ၊ ကောင်းမကောင်း ကံ နှစ်ပါး၏အကျိုးတရားကို။ ဝေဒကော၊ ခံစား စံစား တတ်သည့် ပုဂ္ဂိုလ် သတ္တဝါ အတ္တဝိညာဉ်သည်လည်း။ နတ္ထိ၊အခါခပ်သိမ်း မရှိသည်သာလျှင်တည်း။ သုဒ္ဓဓမ္မာ၊ ပုဂ္ဂိုလ် သတ္တဝါ အတ္တဝိညာဉ်နှင့် မရောရှက် သက်သက်သော သဘောတရားသည်သာလျှင်။ ပဝတ္တန္တိ၊ ဖြစ်ကုန်၏။ ဧဝံ၊ ဤသို့ မြင်သိခြင်းသည်တော်ဒဿနံ၊ဤသို့ဖေါက်မပြန်ဟုတ်မှန်ရာကိုမြင်သိခြင်း မည်၏။

တရားသဘောအသိနှင့် ကိုယ်ကျင့်အဘိဓမ္မာ အရှိထားရမှာကတော့၊ ကာရကဒိဋ္ဌိ "ဝေဒကဒိဋ္ဌိ" အယူမငြိရန်အဓိကဖြစ်ပါသည်။ ထို့ကြောင့် ကောင်းစွဲ မကောင်းစွဲကာရကဝေဒကဒိဋ္ဌိ ရုပ် နာမ် သဘာဝ တို့ကို ပြာကျသည် အထိ အနိမိတ္တဉာဏ်နှင့်ညှိနှိုင်းကြကုန်ရာသတည်း။ (ဝါ)ထိုသည့် ကောင်းကံမကောင်းကံ ဝေဒက ကာရကဆိုသည်တို့ကား "အတ္တေနဝါ အတ္တနိယေနဝါသုညမိဒံ" ဆိုသည့် အတိုင်း အတ္တ—အတ္တနိယသတ္တမှ ကင်းဆိပ်နေသည့်သုညတာခမ္မ အနိမိတ္တတရား ဖြစ်ပါ သတည်း။

(၃) ခမ္မနိယာမ၊ တရားသဘောသည် မဖေါက်ပြန် (ဝါ)မြဲ၏။ ဓမ္မနိယာမသဘောကို အပြောအဟောရုပ်လုံးဖေါ်မည်ဆိုလျှင် ဘာသာတရား အယူဝါဒတွေ မဝင်ရန် ရှေးဦးစွာ အတူး သတိပေးလိုသည်။

အကြောင်းကိုဆိုသော်၊ သဘောတရားဖြစ်စဉ်မှာ အယူဘာသာ လုံးဝမရှိပါ၊ ဤသည့် အယူဘာသာတရား မရှိမှုကြီး အမြဲတည်မြဲနေတာကို ဓမ္မနိယာမလို့ လက်ခံသိအပ်ပေသည်။

တနည်းအားဖြင့်ဆိုလျှင် လုပ်ဇာတ်မပါ၊ အယူဘာသာ မရှိ၊ ဝိညာဉ်မရှုပ် မူလသဘာဝချုပ်ကား မဖောက်မပြန်သဘော မှန်အားဖြင့် တည်ရှိနေမှုကို ဓမ္မနိယာမလို့ သဘောပေါက် ပိုင်ရာ၏။

သင်္ခါရာပသင်္ခါရေပဿန္တိ ၊ သင်္ခါရတခုကသင်္ခါရတခုကို ရှုကြည့်သိမှုကို သတိပြုရာ၏။ ဤသည့် သင်္ခါရဓမ္မတို့အထည်းမှာ ပုဂ္ဂိုလ် သတ္တဝါ အတ္တ ဇီဝါ ဝိညာဉ် မပါပုံကို ဉာဏ်ငုံကာ သိရာ၏။

တရားသဘောဆိုတာ လူသားတည်ထွင်မှုမပါ၊ ပြုလုပ်သူ ကင်းမဲ့သည်၊ ပန်းချီကားချပ်ကြီးပမာ မေးလို့မပြော၊ ခေါ် လို့မထူး၊ ကြေးမုံမှန်ပြင်မှာထင်သည့် အရိပ်ကဲ့သို့ ထင်ရှားစွာ အစဉ်တာဝရရှိနေပေသည်။ မပြုမပြင် စီစဉ်သူကင်းမဲ့ ဖန်ဆင်း သူမရှိ၊ ပကတိအားဖြင့် မဖောက်မပြန် အမှန်ရှိသည့် နိယာမ တရားကို သူ့အတိုင်း သိထားမှုသည် လူသားအတွက် အဓိကကျ၍ အသိပေါက်ပိုင်ခံယူနိုင်က အလုပ်ကိစ္စပြီးဆုံးရပါ ပေ၏။

ယနေ့ ကမ္ဘာ့လူသားများကား မိမိတည်ထွင်ပြုလုပ်ထား သည့် အယူဘာသာများကို သစ္စကထာ ဓမ္မနိယာမထင်ကာ

မျက်စေ့လည် လမ်းမှားခြင်းကြောင့် လုပ်လေမြုပ်လေ သံသရာ ဝဲရိုးရှည်ဖြစ်၍ မဆုံးတမ်း မတုံးတမ်းဖြစ်နေရပါတော့သည်။

ဤသို့ ဘာသာအရင်းခံထား၍ ဒါနလုပ်၍မဆုံး သီလ ဆောက်တည်မှုမသဉ်း၊ ဆရာရှာမှုမပြီးတမ်း၊ တရားနာ၍မဆုံး၊ တရားရှာမှု မပြီးဆုံးဖြစ်နေရခြင်းကို "နာနာသတ္တာရ ဥလ္လော ကန" ဘေးကြီးဆိုက်နေကြောင်း (၀၁) ဘာသာဝန်ထုပ် ပိနေ ကြောင်း အသိကောင်းအမြင်မှန်ရန် ဘာဝေတဗ္ဗ ဗဟုလီကတ ကိုယ်ပိုင်ဉာဏ်နှင့်ပြုရာ၏။

ဓမ္မနိယာမ သဘောအကျဉ်းချုပ်၍ လိုရင်းကိုဆိုပါက မပြုမပြင် ပင်ကိုယ်ငြိမ်း ဇကိန်း နိရောဓယား ဘယ်မှမပြောင်း ကောင်းကောင်းဇော်န် ရှိမြဲမှန်သည်မှတ်ရန် နိယာမဓမ္မဘည်း။

တနည်းအားဖြင့်ဆိုသော် သင်္ခါရ အရိပ်နိမိတ်မှ ကင်း ထိတ်နေသည့် သညာတဓမ္မကား ဘုရားရဟန္တာများဟောသည် ဖြစ်စေ၊ မဟောသည်ဖြစ်စေ၊ လူသားက ပွားများရှုကြည့်သည် ဖြစ်စေ၊ မပွားများ မကြည့်ရှုသည်ဖြစ်စေ အစဉ်ထာဝရရှိ၏။ အနိမိတ္တ သညာတ နိရောဓဓမ္မ နိယာမ တရားတို့ကား လုပ်ယူမှုရ သည့် တရားများမဟုတ်ပါ။ မူလ နိယာမတရားများ ဖြစ်ပါ သည်။ ထို့ကြောင့် မူလတရားများကို မူလအတိုင်း သိမှုသည်ပင် လျှင်၊ စင်္ကြံ့ဥဓပါဒိ တိမ်သလာဖုံးသည့် မျက်လုံးနှင့်ကြည့်မြင်

ခြင်းမဟုတ်၊ ဉာဏ်မျက်စေ့ အလင်းရောင်ဖြင့် ကိုယ်တိုင် ကိုယ်ပိုင် ထင်ရှားပြက်သားစွာ သိမြင်ပြီဟု ဆိုသတည်း။

ဗုဒ္ဓဟောကြား တရား သဘောကား၊ မျက်မှန်း ဝါဒ မဟုတ်၊ စိတ်ကူးယဉ် အနုမာနမဟုတ်၊ အတ္တဝိညာဉ် ယုံ့သည့် ကမ္မဇိဒ္ဓိဝါဒ မဟုတ်ကြောင်း အထက်မှာ ပြအပ်သည့် နိယာမ တရားငါးပါးကို ကိုယ်ပိုင်ဉာဏ်နှင့်ကိုယ်တိုင်ကိုယ်ပိုင်အသိပိုင်ပါ က ပြောတိုင်းယုံ ခိုင်းတိုင်းလုပ်သည့် ဘဝမှ လွတ်မြောက်မည် ကား မလွဲပါတည်း။

ကျွန်ုပ်တို့ခံယူကြသည့် ဘာသာတရားဟူသည်၊ လူ့လော ကအပြင်ဘက်မှမဟုတ်ပါ၊ လူသားနှင့် ကင်းကွာနေသည့် ဒြပ် ကင်းမဲ့သည့် ဂုဏ်သတ္တိ မဟုတ်ပါ အမှန်ကတော့ လူသား၏ မျက်မှောက်ကာလအသိမှန် အလုပ်မှန် အမြင်မှန် အကျင့်မှန် ဖြစ်မှု လမ်းညွှန်ပြသည့် သဘောတရားကို အပြော အားဖြင့် ‘ဘာသာတရား’ လို့ ခေါ်နေကြခြင်းဖြစ်ပါသည်။ (ထို့ကြောင့်) ယနေ့မျက်မှောက်ကာလမှာ တာစား နေသည့် ဘာသာတရား တို့ကို လူသားနှင့်ကင်းကွာနေသလော၊ လူ့လောကအပြင်ဘက် ရောက်နေသလော လူသားနှင့်အတူတကွ (သဟဇာတ) အ ခြင်းခြင်း (အညမည) ဖြစ်ပါသလော ဒြပ်ကင်းမဲ့သည့် ဂုဏ် သတ္တိလော၊ စိတ်ကူးယဉ် အနုမာန နှင့် တည်ဆောက်ထား သည့် ဘာသာတရားလော၊ ပြင်းပြင်းထန်ထန် အားမနာတမ်း စစ်ကြောဝေဘန် အဖြေရှာရန် အချိန်တန်ပြီဖြစ်၍ ‘သဒ္ဓမ္မ

သဝနပရတောဃောသ' ပစ္စည်းအရယူကြရန် အလေးအနက်သတိပေးကာ ရေးသားလိုက်ရပါသတည်း။

(၃) ယောနိသောမနသိကာရ အသင့်အသင့် နှလုံးသွင်းခြင်း 'ယောနိသောမနသိကာရေန နိဗ္ဗာနံပတ္တဗ္ဗံ' ဟောထားဒေသနာ သေချာ စိစစ်ဝေဘန် အဖြေမှန်ရှာမှု သုတေသနပြုသော် ဝိမုတ္တိရသ နိဗ္ဗာနဓာတ် သန္တိသုခကို ရဘို့ရန် အပြင်းအထန်ဝေဘန်၍ကိုယ်နှင့်လုပ်မှု (ကာယသင်္ခါရ)မပါ။နှုတ်အလုပ် (ဝစီသင်္ခါရ) မပါ။ စိတ်အလုပ် (မနောသင်္ခါရ) မပါကြောင်းအသိကောင်းအမြင်မှန်၍အသင့်အသင့်ဆင်ခြင်ဝေဘန်မှုအရင်းခံပြု၍ ရောက်ရသိရသည့် တရားပါပေ။

လွတ်မြောက်ရေးတရား 'စေတောဝိမုတ္တိဖလ' 'ရူပနိဿရဏ' ဂုဏ်နှင့်ပြည့်စုံရန်ကား စိတ်အလုပ် မများရပါ၊ ကိုယ်အလုပ်မရှုပ်ရပါ၊ ကိုယ်နှင့်စိတ်နှင့်လုပ်သမျှကား သင်္ခါရတရားကြီးပါတည်း၊ ဤသည့်သင်္ခါရတရားများ ဘာကြောင့် ဖြစ်သနည်းဆိုတာ အကြောင်းရင်းဆန်းစစ်တော့ ပြုပြုသမျှဒုက္ခသစ္စာလုပ်သမျှဒုက္ခ(သဗ္ဗေသင်္ခါရာဒုက္ခာ)လို့ မသိမှုကြောင့် ဖြစ်ပါသည်။

အဝိဇ္ဇာပစ္စယာ သင်္ခါရာ၊ မသိမှုကြောင့် သင်္ခါရတွေဖြစ်သည်။ သင်္ခါရ ဖြစ်လျှင်တော့ 'ဥပ္ပါဒေါဒုက္ခံ' ဆိုသည့်ဗုဒ္ဓဟောချက် မှောက်နှင့် ညီပါက၊ ကောင်းမကောင်း ကံသင်္ခါရတွေဖြစ်လျှင် ဒုက္ခနှင့်ရင်ဆိုင်ရမည်ကား မလွဲပါတည်း။

ဇာတိဒုက္ခဆိုတာ အမိဝမ်းတွင်းမှာ ပဋိသန္ဓေနေရတာကို ဟောသည် မဟုတ်ကြောင်း အသိကောင်း အမြင်ကောင်းမှန်ရန် လိုပေသည်။ ယခုမျက်မှောက်လောက ဘာသာရေးနယ်ပယ်မှာ မျက်စိလည်လမ်းမှား နေကြသည်ကား အမိဝမ်းတွင်းမှာ ကိုးလဆယ်လကိန်းအောင်းနေရမှုကို ဇာတိဒုက္ခ မှတ်ယူနေမှုပင် တည်း။

အမှန်အားဖြင့် ဇာတိဆိုတာ ကောင်းမကောင်း အကြောင်းကြောင်းသင်္ခါရဖြစ်နေမှုဖြစ်သဘောကိုဆိုလိုသည်။

ဒုက္ခဆိုတာ ဤသည့် ကောင်းမကောင်း၊ အကြောင်းကြောင်းသော သင်္ခါရတွေ အပေါ်မှာ ပြင်းစွာ စွဲ လမ်းမှု (ဥပါဒါန်) အကြောင်းကြောင့်ဖြစ်လာသည့် 'အလိုမရှိအပ်' အလိုရှိအပ် 'မသာယာအပ် သာယာအပ်' မနှစ်သက်အပ် နှစ်သက်အပ်သည့် 'အကျိုးတရားကို ဒုက္ခ' ဟု ရှုပ်လုံးဖေါ်ဉာဏ် အမြင်ပေါ်ရာ၏။

ဤသို့ကောင်းမကောင်း သင်္ခါရများဖြစ်မှု 'ဇာတိ' နှင့် ဖြစ်သဘော 'ဇာတိ' အပေါ်မှာပြင်းစွာ စွဲလမ်းမှု ဥပါဒါန်ပြုမှုကြောင့် ဖြစ်ပေါ်လာသည့်အလိုရှိအပ် အလိုမရှိအပ်သည့်အကျိုးတရားဒုက္ခ ၎င်းဇာတိနှင့် ဒုက္ခနှစ်ခုပေါင်းက 'ဇာတိ'ဒုက္ခ ဖြစ်ပါသည်၊ ထိုဇာတိဒုက္ခမဖြစ်မှု သတိပြု၍ကြည့်ရှုဝေဘန်မှုကိုပင် 'ယောနိသောမနသိကာရ' နှင့် နေသည်မည်ပေ၏။

ဇာတိဒုက္ခမဖြစ်ပါက 'အနုပ္ပါဒေါသုခန္တိ သန္တိပဒေညာဏ'' ဆိုသည့် ဗုဒ္ဓဟောချက် ဓမ္မစက်နှင့်အညီ ကောင်း မကောင်း သင်္ခါရတို့အပေါ်မှာ ပြင်းစွာစွဲလမ်းမှုမဖြစ် ဤသည့် မဖြစ် သဘောကို သိသောညာဏ်သည် ငြိမ်းချမ်းရေးကိုမျက်မှောက် ပြုသည့်ဉာဏ်မည်၏။

ဗုဒ္ဓဘာသာအမည်ခံသည့် လူသား အထွဋ်အထိပ်ထား သည့် မြတ်နိုးလှသည့် နိဗ္ဗာန်သည်ကားဆိုလျှင်ကောင်းမကောင်း သင်္ခါရအပေါင်းတို့၏ အဖြစ်သဘော အပေါ်မှာပြင်းစွာစွဲလမ်းမှု ဉပါဒါန်မဖြစ်မှုကိုဆိုသတည်း။ ထို့ကြောင့် ဗုဒ္ဓက 'အနုပ္ပါဒေါ နိဗ္ဗာနန္တိ အာဟုညေယျ'' အပ္ပဝတ္တိနိဗ္ဗာနန္တိ အာဟုညေယျံ' မဖြစ် သဘောဟာနိဗ္ဗာန်လို့ ဟောခဲ့ပါသည်။

ဤသည့်နိဗ္ဗာန်ကိုမပင်မပမ်း ဘဝင်ချမ်းမြေ့စွာနှင့်ရရေး ရောက်ရေး သိရေး သတိရှေ့ပြေး ဉာဏ်အားကောင်းကောင်း သဒ္ဓါမောင်းသန်သန်နှင့် ဇာတိဒုက္ခမဖြစ်ရန် ယောနိသောအသင့် အားဖြင့် မနသိ နှလုံးသွေး၌ (ဝါ) ဥကျောက်၌ကာရော ပြုနိုင်ကြ ပါစေကုန်သတည်း။

(၄) ဓမ္မာနုဓမ္မပဋိပတ္တိ အစဉ်အားဖြင့် ဓမ္မနိယာမတရား နှင့်နေခြင်း။

'သဗ္ဗေဓမ္မာအနတ္တာ' လောကမှာကောင်းကောင်းဆိုးဆိုး အမျိုးမျိုးထင်မှတ်စရာအားလုံးကုန်သော သဘောတရားမှန်သမျှ

ဘို့သည် ဆိတ်သုဉ်း ကြကုန်၏။ အမြဲမရှိ အနှစ်သာရ ကင်းမဲ့၏၊ အားအစွမ်းမရှိ၊ ပကတိအားဖြင့် အရိပ်နိမိတ်မပါ၊ကြောင်းကျိုးကင်းပြတ်နေသည့် သဘာဝ ဓမ္မသာဖြစ်သည်။

ဤသည့် သဘာဝဓမ္မသည်၊ 'စတုသစ္စာ ဝိနိမုတ္တောဓမ္မောနာမနတ္ထိ' ၊ ဗုဒ္ဓစကားနှင့်ညီကာ အသိမှန်ရမှာကတော့ အာမှန်တရားလေးပါးမှ မလွတ်ပါ။

ပြုပြုသမျှ- က ံသခါရာ (ဒုက္ခသစ္စာ)
ပြုလိုမှုက- သမုဒယာ (သမုဒယသစ္စာ)
အလိုသိမ်းမှ-ချုပ်ငြိမ်းနိဗ္ဗာန်(နိရောဓသစ္စာ)
ချုပ်ငြိမ်းမှု ပွါးရှုမဂ်သစ္စ ံ(မဂ္ဂသစ္စာ)

သဘာဝဓမ္မဆိုတာ- သဘာဝအတိုင်းရှိနေတာ၊ ပြုပြင်စီမံမှုမရှိ၊ ကြံစီ အားထုတ်မှု၊ သင်္ခါရ မရှိတာ၊ ချုပ်ဘာကို 'အသင်္ခါတ' လို့ ယူရာ၏။

ပြုပြင်စီရင်ခြင်း မရှိသည့် "အသင်္ခတ" တရားကိုရလိုရောက်လိုသူသည် ပြုပြင်စီရင်မှုသင်္ခါရကို ပြုလုပ် အစားထိုးနေပါက သင်္ခါရတွေသာ ဖြစ်မဆုံး၊ မတုံးသံသရာ ဖြစ်ကြမည်။ သင်္ခါရနှင့်အစားထိုး သင်္ခါရတမျိုးတွေသာ ဖြစ်ကြမည်။

ထို့ကြောင့် "သဗ္ဗေသင်္ခါရာဒုက္ခာ"လို့ ဗုဒ္ဓက မိန့်မှာခဲ့

တာ။ ကောင်းကောင်းဆိုးဆိုး အမျိုးမျိုးသော သင်္ခါရတို့က တော့ ဒုက္ခမျိုးသာဖြစ်သည်။

ကိုယ်စမ်း ထုတ်၍ အားထုတ်မှု ပြုသမျှ "အာယူဟန သင်္ခါရ"ဘဲဖြစ်မည်။ ဤသို့အာယူဟနသင်္ခါရ အစား စားဖြစ် လျှင် "ဥပပါဒဒုက္ခ" "ဇာတိဒုက္ခ"ဖြစ်မှုက မလွတ်သာ။

ဤသို့ ကောင်းကောင်းဆိုးဆိုး ဘာဘာညာညာပြုလုပ် သမျှကတော့ ဇာတိဒုက္ခပါလားလို့ ပိုင်းခြားသိပါက ပြုလုပ် လိုမှုအလို သိမ်းကြပေမည်။ ပြုလုပ်လိုမှုအလိုသိမ်းပါက ပြုလုပ် မှုလည်းမဖြစ်တော့ပါ။ ထိုသို့ ပြုလုပ်လိုမှု "မဖြစ်ထာ" "ချုပ် ထာ" "ငြိမ်းတာ"ကို နိရောဓသစ္စာ မျက်မှောက်ပြုရမည့်တရား "ဓမ္မာနုဓမ္မပဋိပတ္တိ" ပြုလုပ်ရမည့် တရားလို့ အချုပ် အားဖြင့် ဟောမိန့်ခဲ့ပါပေသတည်း။

လူကောင်းလူမှန် (အရိယာ) ဖြစ်ရေးအတွက် လိုအပ် ချက်အင်္ဂါ"အရိယာထား၍" အသိပွားရမည့် သဘောတရားတို့ကို တိုတိုကျဉ်းကျဉ်းနှင့် လိုရင်းကိုထုတ်ပြီး ပြရသော်....

(၁) သပ္ပုရိသသံသေဝ-အဝတ်သူတော်ကောင်း အ စားသူတော်ကောင်း၊ အပြောသူတော်ကောင်း မဟုတ် ခန္ဓာ' အာယတန'ဓာတ်'ပဋိစ္စသမုပ္ပါဒ်'မဂ်,ဖိုလ်,နိဗ္ဗာန်ဆို ငြား လောကုတ္တရာတရားတို့ကို တတ်သိနားလည်၍ ကိုယ်ကျင့်

အဘိဓမ္မာနှင့် ပြည့်စုံသည့် သဘောသူတော်ကောင်း ပုဂ္ဂိုလ်ကို ဆည်းကပ်ရခြင်း။

(၂) သဒ္ဓမ္မသဝန ဗုဒ္ဓမပွင့်မီကဲ့ရှိနိုင့်လေပြီး၊ ပုညာဘိသင်္ခါရ 'အပုညာဘိသင်္ခါရ အာနေဉ္ဇာဘိသင်္ခါရ' စသည့် ဒုစရိတသုစရိတသို့သည့် အမြောက်အခြောက်တရားကင်း စင် ဒဏ္ဍာရီ, ပုံပြင်, ဝတ္ထုမဟုတ်၊ သံသေးသံကြောင်၊ ငှိမ့်သံ မြင့်သံမပါ၊ တရားဟောမှုနှင့် ဘဝသက်သိမ်းမပြုပါဘဲ မဂ်ဖိုလ် နိဗ္ဗာန် ကိုးတန်သော လောကုတ္တရာတရား 'စေတောဝိမုတ္တိဖလ' 'ရှုပနိဿရဏ' ဂုဏ်နှင့် ပြည့်စုံစေနိုင်သည့်တရားစစ် တရားမှန်ကို နာခံ မှတ်သားရခြင်း။

(၃) ယောနိသော မနသိကာရ လက်တွေ့ မျက်တွေ့ ချဉ်းကပ်လို့မရသည့် ဒိဋ္ဌဓမ္မ ဒိဋ္ဌပတ္တ မဟုတ်သည့် ကမ္မဇိဒ္ဓိဝါဒအနုမာနများကို အာရုံမပြုနှလုံး မသွင်းမူ၍ လက်တွေ့မျက်တွေ့ သံဒိဋ္ဌိက ဓမ္မဖြစ်သည့် မဂ်ဖိုလ် နိဗ္ဗာန်တရားစစ် တရားမှန်တို့ကို နှလုံးသွင်းဉာဏ်နှင့် ဝေဘန်ရခြင်း။

(၄) ဓမ္မာနုဓမ္မပဋိပတ္တိ ပြုပြုသမျှ ဒုက္ခလို့ အမှန်သိ၍ ဉာဏ်အမြင်ရှင်းပြီး ပြုလိုတာက သမုဒယ ဆိုတာ 'ဉာဏံ ဉဒပါဒိ' ထင်ရှားရှိ၍ ပြုပြုနေရမှုပြုချင်မှု ထိုနှစ်ခုသော သစ္စာတို့ကို လောကီသစ္စာ သိရပါယ်ရမည့်တရားပါလား

လို့ 'ဝိဇ္ဇာဥဒပါဒိ' ထင်ရှားရှိလာသည့်အခါ သိမှုပါယ်မှုပြုလာတော့သည်။ သိမှုပါယ်မှုပြီးပါက ဥတ္တရိနုတ္တကိဥ္စကံရဏီယံ' အဖြစ်ကြီးဖြစ်လေတော့၏။ လွတ်မြောက်ရေးတရား ရဘို့ရန်အတွက် လုပ်ဆောင်ချက် သီးသန့်မရှိတော့ပြီ။ ဤသို့ အယူဟာနသခံါရမရှိ၊ အနာယူဟာနသဘောနှင့်နေသည်ကို မမွာန မမ္ဗပဋ္ဌပတ္တိပုဂ္ဂိုလ်လို့ ဆိုလိုပါသည်။

အထက်ပါ အင်္ဂါလေးချက် ပြည့်စုံပါက လူတော် လူကောင်း လူမှန်ဖြစ်မည်ကား မလွဲပါတည်း၊ (၀၁) အရိယာစရင်းဝင် သူတော်စင်များဖြစ်ရေး၊ လေးမဂ် လေးဖိုလ်ရရေးရောက်ရေးကိစ္စအတွက် အဓိကကျသည့် အချက်များကား၊ အထက်ပါလေးကိစ္စဖြစ်ပါသတည်း။

"ဘာသာနှင့် သာသနာ ခွဲခြားသိကြပါ"

ဘာသာတရားသည် ထာဝရတည်ရှိသည့် နိယာမတရားမဟုတ်ပါပေ၊ ထိုထိုဤဤ အလိုလိုသော ကိုးကွယ်ယုံကြည်မှုဘာသာတရားတို့သည် လူသားများမဖြစ်ထွန်းခင် ဟိုယခင်ကရှိနှင့်ပြီးတရားများမဟုတ်ပါ။

ကိုးကွယ်ယုံကြည်မှုဘာသာ တရားများကိုအရင်းခံကျကျဝေဘန်ဆန်းစစ်မှုပြုလုပ်ပါ။ ဤသည့်ကိုးကွယ်ယုံကြည်မှုဘာသာတရားကို လက်ခံယုံကြည်ကြသည့် လူသားတို့ မှီတင်းနေထိုင်

သည့် ဩကာသလောကခေါ် မဟာပထဝီ ကမ္ဘာမြေကြီး တည်ရှိပေါ်ပေါက်မှုကို ဘာသာဝန်ဆောင်များအားသုံး မျက်မြင်ကိုယ်တွေ့ဖြစ်ပါသည်။

ထိုမဟာကမ္ဘာမြေကြီး ကလည်း တနေရာနှင့် တနေရာ သယံဇာတ ရာသီဥတုအနေအထား တည်ရှိပုံ မတူ ခြားနားကြသည်ကိုလည်း ယနေ့ ဘာသာဝန်ထမ်းများ သိရှိ ပြီးသားဖြစ်ကြပါသည်။ ဤသို့ တနေရာနှင့် တနေရာ မတူ ခြားနားသည့် ကမ္ဘာကြီးပေါ်မှာ နေရာ အနှံ့အပြား လူသား အပေါင်းတို့ နေထိုင်ကြသည်ကား ငြင်းကွယ်လို့ မရပါ။

ထိုသို့သယံဇာတ ရာသီဥတုပါတ်ဝန်းကျင်တနေရာနှင့် တနေရာ မတူညီသည့် ဤကမ္ဘာမြေကြီးပေါ်မှာ ဖြစ်ထွန်းနေကြသည့် လူသားတွေလည်း ပုံပန်းသဏ္ဌာန် အသွေး အရောင်တူကြမည် မဟုတ်သည်ကား ယနေ့မျက်မှောက်ကာလ မျက်မြင်ကိုယ်တွေ့ဖြစ်ပါတော့သည်။

ဤသို့နေရာဌာန ကွဲပြားမှုပုံသဏ္ဌာန် ခြား နား မှု အသွေးအရောင် မတူမှုအရင်းခံပြုပြီး အမှုအရာ အပြုအမူ အပြောအဆို ကွဲပြားခြားနားမှု ဖြစ်လာပါတော့သည်။ ထိုသို့ လူမျိုးကွဲပြားခြားနားသည့် အားလျော်စွာ နယ်ပယ် အရပ် ဒေသလည်း သတ်မှတ်ပိုင်းခြား လာပါတော့သည်။

ဤသည့်လူမျိုးကွဲပြား ဒေသခြင်း ခြားနားနေသည့် လူသားတို့သည် ပါတ်ဝန်းကျင် သက်မဲ့ရာသီဥတုတို့၏ တိုက်ခတ်မှု၊ သက်ရှိသတ္တဝါတို့၏ တိုက်ခတ်မှု အမျိုးမျိုးတို့ကို တွေ့ထိခံစားရမည်ကား မလွဲပါတည်း။

ထိုသို့ပါတ်ဝန်းကျင်၏လိုလားသောသာယာသောကောင်း
သည့် တိုက်ခတ်မှု၊ မလိုလား မနှစ်သက် အပ်သော မကောင်း
သည့်တိုက်ခတ်မှုတို့ကို ခံရတွေ့ထိရများသည့်အခါ လူသားမှာ
ကြောင့်ကြမှု၊ ကြောက်ခြင်း၊ တောင့်တမှုမြောက်ခြင်းတို့သည်၊
အထုံ ဝါသနာ စွဲကပ် လာပါ တော့သည်။ ဤသည့်
ကြောက်ခြင်း မြောက်ခြင်း၊ ဝါသနာ စွဲကပ်သည့်အခါ မလို
လား မနှစ်သက်အပ်သော တိုက်ခတ်မှုကို ကြောက်၍ မခံစား မ
တွေ့ထိရမှု အလိုတခုပြုလာပါတော့သည်။ လိုလား နှစ်သက်အပ်
သော တိုက်ခတ်မှုကိုတော့ တောင့်တ၍ ခံစား တွေ့ထိရလိုမှု အ
လိုတခု ပြုလာပါတော့သည်။

ဤသည့် ကြောက်မှု၊ မြောက်မှု၊ အ ရင်း ခံ ပြု ကာ
ကြောင့်ကြမှု ပလပ်တို့ရာ အားကိုးရှာကြ ပါတော့သည်။

ထိုသို့ အားကိုးရှာသည့်အခါမှာ လူသား၏ လူဖြစ်စဉ်က
လည်းနုနယ်၊ အတွေးအခေါ်ကလည်း ခေါင်းပါး ရကား သူ
တို့တွေ့ထိ ကြုံတွေ့ ခံစားရသည့် ကောင်းမကောင်း ဖြစ်ရပ်တွေ
နှင့် ဆက်စပ်၍ အားကိုး ခံရော တို့ကို စိတ္တဇ အနုမာနနှင့်
တည်ဆောက်ဖန်ဆင်းလိုက်ကြပါတော့သည်။

ဥပမာအားဖြင့် ရာသီဥတုက မိုက်မှောင်သည့်အခါသား
ရဲ့ဘိရိုစွာနှင့်တို့ကို ကြောက်ရကား အလင်းရောင်ကို အလိုရှိမှုဆန္ဒ
ပြုလာပါတော့သည်။ ထိုသို့ဆန္ဒ ပြုသည့်အားလျော်စွာ သဘာ
ဝဖြစ်စဉ်အရ နေ-လ၊ နက္ခတ်- ကြယ်တာရာများ ပေါ်လာ

သည့်အခါ ဝင်းငေ့-လနက္ခတ် ကြယ်တာရာများကို ကိုးကွယ်ရာ အဖြစ် ယုံကြည်လက်ခံလိုက်ကြပါတော့သည်။

တနည်းအားဖြင့်ဆိုလျှင် ရာသီဥတုဖောက်ပြန်၍ မိုးသည်း ခေါင်လာမှုဖြစ်သည့်အခါ ရေအစာရှားပါးမှုနှင့် တွေ့ကြုံရင်ဆိုင် ရသည့်အခါ မိုးသားကိုအလိုရှိမှု တောင့်တကြပါသည်။ ထိုသို့ တောင့်တမှုအလိုပြုနေသည့်အခါမှာ မိုးရွာပါက သူတို့အလို ပြည့်မြောက်ခြင်းကြောင့် ၎င်းသည့်မိုးရေလိုကို အားကိုးရာအနေနှင့် ယုံကြည်လက်ခံမှုပြုကြပါတော့သည်။

ထိုနည်းအားဖြင့် တောင်တောင် သစ်ပင် ရေ'မြေ'လ သဲပုံ စေတီ ကိုရိုးဘွာန်စသည်ဖြင့် ကိုးကွယ်ဆည်းကပ်မှု သက်ဝင်ယုံ ကြည်မှု အယူဘာသာအမျိုးမျိုး ပြုလာပါတော့သည်။ ၎င်းသည့် ကိုးကွယ်ဆည်းကပ်မှု သက်ဝင်ယုံကြည်မှု ဘာသာတရား အ မျိုးမျိုး ဖြစ်လာရခြင်းအကြောင်းရင်းကို အရင်းခံကျကျလေ့ လာဆန်းစစ်မှုပြုပါက လူ့ဖြစ်စဉ်သမိုင်းက နုနယ်မှု၊ လူသား များ ကလေးဆန်မှု အတွေ့အကြုံ နည်းပါးမှု ကြောင်းကျိုး ဆက်စပ်၍ ဝေဖန်သုံးသပ်မှု မပြုနိုင်ခြင်းတို့ကြောင့် ဖြစ်ပါ သည်။

ဥပမာ အညာပိုင်းဒေသ မိုးခေါင်ရေရှားဖြစ်သည့်အခါ ရွာဦးရွာထိပ်မှာ လေးတိုင်စဉ်နှုတ်ကွန်းဆောက်၍ ယမနေကား ကျွန်းသား၊ လက်ပံသားတို့ကို အရုပ်ထုလုပ်ပြီး လေးတိုင်စင်

နတ်ကွန်းထက်မှာတင်၍ ပူဇော် ပသပွဲလုပ်ပါသည်၊ ရွာထည်းမှ ကြောင်းကျိုး (ပစ္စယာကာရနည်း)ကို ဘာမှနားမလည်သည့် လူသား မိန်းမကြီးကို နတ်ကိုယ်စားလည် အလုပ်ခိုင်း၍ မိုဃ်း နတ်သား (မေဃသဝတီနတ်သား) ထံမှ မိုဃ်းတောင်းပွဲကြီး ကို ပြုလုပ်ပါတော့သည်။

ဤဖြစ်ရပ်များကို အသေးအနက်သဘောနှင့်ပါ၊ လူ့သား ဆောက်လုပ်ထားသည့် လေးတိုင်စင်ပေါ်မှ လူသားတုလုပ်ထား သည့် အဝိဇ္ဇာကြောင့် အရုပ်သက်သားနှင့် ရွာထည်းမှ ကြောင်း ကျိုး ကောင်းဆိုး (ပစ္စယာကာရ) နည်းကိုဘာမှနားမလည်သည့် မိန်းမကြီးတို့က မိုဃ်းရေတပေါက်မှ မပေးစွမ်းနိုင်ကြောင်း အသိ ကောင်း အမြင်မှန်ပါက ဤသည့်အလုပ်များသည် ဥာဏ်ကောက် မကောင်းသူတို့အလုပ် အဂတိလေးပါးသူတို့အလုပ် ကြောင်းကျိုး (ပစ္စယာကာရ)နည်းကင်းမဲ့သည့် မိရိုးဖလာ ဓမ္မတာဘာသာအဘ ပြောသားကြွား ပရိဘာဂသာဝကား အဝိဇ္ဇာမာနပညတ်ဖြစ်သည့် မရှိမဲ့များသာဖြစ်ကြောင်း အသိကောင်းပါက ပါယ်ရေး ရှုန့်ရေး ဦးမလေးဘဲ ပြုကြမည်သာ။

ဤသည့် ဘာသာတရား ဖြစ်ထွန်း ပေါ်ပေါက်လာမှု အရင်းခံကျကျ ဆန်းစစ်မှု သုတေသနပြုသော်....

(၁) လူ့ဖြစ်စဉ်သမိုင်းနှောသားခြင်း။
(၂) အတွေ့အကြုံနည်းပါးခြင်း။

(၃) အကလေးဆံခြင်း-ကြောက်ခြင်း မြောက်ခြင်း။
(၄( ကြောင်း၊ကျိုး၊ဆက်စပ်၊ ဝေဘန် ဆန်းစစ်မှုကို မကျင့်သုံးနိုင်ခြင်း။
(၅) အလိုရှိမှုအတွက် ပြည့်ဝလိုမှုတောင့်တခြင်း၊ အလိုမရှိမှုအတွက် ဖြစ်မှာစိုးရှိ ကြောင့်ကျခြင်း။

အထက်ပါ အကြောင်းများကြောင့် ကြောင်း ကျိုး(ပစ္စယာကာရ)နည်း ကင်းသည့် ကိုးကွယ် ယုံကြည်မှု အစားစား၊ ဘာသာတရားများ ပေါက်ပွားလာပါတော့သည်။

လူမျိုးကွဲပြားခြားနားကာ ကိုးကွယ်ယုံကြည်မှု ဘာသာတရားတွေလည်း ကွဲပြား ခြားနား၍ မိမိချိုးရိုး စဉ်ဆက် အရ၊ ယုံကြည်သည့်အယူကို အမိဘာသာတရားဟု ခံယူကြ ပါငတာသည်။ ထို့ကြောင့် ဘာသာတရားဆိုတာ အတိတ်မှ ကမ္ဘာဦးလူသား၏လက်ဦးအယူများဖြစ်သည်ကို သိရန် အလွန်အရေးကြီးပါသည်။ ဤသည့်ဘာသာတရား အယူဝါဒရှိသည့် လူမျိုးများ လူမှုရေး၊ နိုင်ငံရေး၊ စီးပွားရေး စသည်များ ကျယ်ဝန်းပြန့်ပွားလာသည်နှင့်အမျှ သူတို့၏ ဘာသာဘာရားလည်း ကျယ်ပြန့်လာပါတော့သည်။

ဤသည့်ဘာသာတရား၏ အဆုံးအမသည် ပစ္စယာကာရနည်းဖြင့် ပစ္စုပ္ပန်ကျ၍ လူ့ဘဝနှင့်အံဝင်ဂွင်ကျ တွေ့ထိလို့ရလျှင် လူသားအဘွက် အတိုးမဖြတ်နိုင်သည့် ရတနာပါပေ။

ပစ္စယာကာရနည်းမပါ၊ ပစ္စုပ္ပံမကျ၊ အတိတ်စွန်းအနာဂါတ်စွန်းနှင့် တည်ဆောက်ထားသည့်— (ဝါ) အတ္တ ဝိညာဉ်နှင့် တည်ဆောက်ထားသည့် ဘာသာတရား ဆိုလျှင်ကား ကိုးကွယ် ယုံကြည်မှုပြုလေ ထိုလူသားအတွက် ဆင်းရဲတွင်းနက်လေ မွဲလေ ဖြစ်ရမည်ကား သစ္စာတရားပါပေ။

ဤသို့အကြောင်း- အကျိုး ပစ္စယာကာရနည်း ကင်းမဲ့သည့် ဘာသာတရားတို့ကို အရမ်းယုံ အကန်းယုံ ကိုးကွယ်ဆည်းကပ်မှုစတင်ပေါက်ဖွားလာသည့်နေ့ကစ၍လူသားသည် ကိုယ့်ခြေထောက်ပေါ် ကိုယ်မရပ်တော့ပါ၊ ခြေငှား၊လက်ငှား၊ဦးနှောက်ငှားဖြစ်ကုန် ကြပါတော့သည်။ ကိုယ့်အား ကိုမကိုး တော့ပါ ပစ္စုပ္ပံကာလမှ ပစ္စုန္နံဘဝသည် အသက်ရှင်လျက်သေနေကြပါတော့သည်၊ အတိတ်နှင့်အနာဂါတ်၏ သားများ ဖြစ်ကုန်ကြပါတော့သည်။

အကြောက်အမြောက်မှ ပေါက်ဖွား လာသည့် ဘာသာတရားသည် ကြောက်အားကိုပေး၏။ အကြောက် တရားသည် မှောင်မိုက်စေ၏။ အမှန်တရားကို မမြတ်နိုး အလင်း ရောင်ကို အလိုမရှိ၊ ဝေဘန်မှုကို လက်မခံ၊ အရာရာမှာ ပျော့ကွက် ကိုသာ ရှာသည်၊ ကျဉ်းမြောင်း၏၊တိုးတက်မှုကိုဟန့်တားသည်၊ အမှန်တရားကို အတိတ်မှာရှာသည်၊လူသား၏ ဦးနှောက်ကို အဆိတ် ရောက်စေသတည်း။

ထို့ကြောင့်ဗုဒ္ဓသက်တော်ထင်ရှားရှိစဉ်အခါက၊အဂ္ဂိဒတ္တ

အမည်ရသည့် ရဟန်းတပါးသည် နောက်လိုက်တပည့်များအား တော တောင်-သစ်ပင်-သုံပုံစေတီနတ်ကွန်း၊ စသည်တို့ကိုကိုးကွယ် ဆီးကပ် သက်ဝင်ယုံကြည်ကြရန် ဟောပြောလေ့ရှိသည်ကို ဗုဒ္ဓကြားသိတော်မူသည့်အခါ၊ အဂ္ဂိဒတ္တရဟန်းနှင့်တပည့်များကို ခေါ်၍....။

ဗဟုံဝေ သရဏံ ယန္တိ၊ ပဗ္ဗတာနိ ဝနာနိ စ၊
အာရာမ ရုက္ခစေတျာနိ၊ မနုဿာ ဘယတဇ္ဇိတာ။

လူသားအပေါင်းတို့သည် ဘေးကိုကြောက်ရွံ့ကြကုန်သည်ဖြစ်၍ တော-တောင်-သစ်-ပင် နေ လ နက္ခတ်ကြယ်တာရာ သုံပုံ စေ တီ အ စ ရှိ သည့် တို့ကို ကိုး ကွယ် ဆီး ကပ် ကြ ကုန်၏။

နေတံခေါ် သရဏံခေမံ၊နေတံသရဏ မုတ္တမံ။
နေတံ သရဏမာဂမ္မ၊ သဗ္ဗဒုက္ခာ ပမုစ္စရေ။

ထိုသို့ကိုးကွယ်ဆီးကပ်ကြသော်လည်း ထိုကိုးကွယ်ဆီးကပ်မှုတို့သည်၊ အလုံးစုံသော ဘေးမှမကင်းနိုင် 'ထိုကိုးကွယ်ဆီးကပ်မှုတို့သည် မြတ်လည်းမမြတ် 'ထိုကိုးကွယ်ဆီးကပ်မှုကို စွဲနေမည်ဆိုလျှင် အလုံးစုံသော လူမှုဒုက္ခအပေါင်းမှ မလွတ်နိုင်။

ဤနေရာမှာ ဗုဒ္ဓဘာသိတ စကားအရင်းခံထား၍ ပေါက်ပိုင်အောင် ဝေဘန်စဉ်းစားသင့်ပေသည်။

ကျွန်ုပ်တို့သည် ဘာသာတရားကိုလက်မခံ ငြင်းဆန်ရန် ပြောနေသည်မဟုတ် အဟုတ်သော်တမူကား ပစ္စယာကာရနည်း ကြောင်းကျိုးကင်းမဲ့သည့် စိတ္တဇအနှမာနနှင့် တည်ဆောက်ထား သည့် ဘာသာတရားကို လက်ခံယုံကြည်ကိုးကွယ် ဆည်းကပ်မှု မပြုရန် သတိအတန်တန်ပေးနေခြင်းသာဖြစ်ပါသည်။

အချုပ်ကိုဆိုသော် ကြောင်းကျိုးကင်းမဲ့သည့်ဘာသာ တရားကိုမဆိုဘိ၊ ပစ္စယာကာရနည်းဖြင့်တည်ဆောက် ထားသည့် ကြောင်းကျိုး ယုတ္တိသာဓကဲ ခိုင်ခိုင်မာမာနှင့် တည်ဆောက်ထား သည့် ဘာသာတရားသည်ပင်လျှင် အားကိုးခံနိုင်သည့် တရား မဟုတ်ပါပေ ခရီးလမ်းညွှန်မျှသာဖြစ်ပါသည်။

လိုရာခရီးပန်းတိုင်သို့ လှမ်းကိုင်နိုင်ရန် တထောက်မနား အရောက်သွားရ မှာကတော့ ကိုယ်သာလျှင်ဖြစ်ပြီး ကိုယ့်အား ကိုကိုး၍ ကိုယ့်ကိစ္စပြီးမြောက်အောင် လုပ်ရမည်ကားကိုယ်သာ လျှင်ပခါန လက်သည်ဖြစ်၍ ကိုးကွယ်ရာ အစစ်အမှန်ကား သစ္စာနယ် သမ္မာနယ်လမ်းဆုံးနယ်မှ ပြောရမည်ဆိုလျှင် မိမိကိုယ် သာလျှင်ဖြစ်ပါသတည်း။

အတ္တာဟိ အတ္တနောနာထော၊ ကောဟိ နာထောပရော သိယာ၊ အတ္တနာဟိ သုဒန္တေန၊ နာထံလဘတိ ဒုလ္လဘံ။

ကိုးကွယ်ရာ အစစ်အမှန်ကား၊ မိမိသာလျှင်ဖြစ်သည်

မိမိမှတပါး အဘယ်မှာလျှင် ကိုးကွယ်ရာရှိပါအံ့နည်း။ လောကဓမ္မအာဝဝသော အမှုကိစ္စဘာဝတွေ့ထိမှုမှန်သမျှအသိမှန်အလုပ်မှန်ဖြစ်ရေး၊ အလုပ်မှန်ကိစ္စပြီးမြောက်ရေးအတွက် ပဓာနလက်သည်ကား၊ မိမိသာလျှင် ဖြစ်ပါတကားလို့၊ အမြင်မှန်ပေါက် အသိဉာဏ်ရောက်သည့်နေ့မှာ ချေငှား လက်ငှား၊ ဦးကောက်ငှားများပြောက်၍ မိမိခြေပေါ်မှာ စုံရပ်၍ မိမိလက်ကိုဆန့်တန်းကာ မိမိဦးကောက် နှင့် အဆင့်ဆင့် ဝေဘန်၍ အမြင်မှန်ရှေ့ရှု သုတေသနပြုမည်ကား မလွဲမှုချပါတည်း။

ဤသို့ကိုယ်ပိုင် ဦးကောက်ဖြင့်အဆင့်ဆင့်ဝေဘန်၍အမြင်မှန်ပေါက် အမှားပြောက်ပါက—နာထံလာဘတိဒုလ္လဘရကြီးရ၍ သုတသရဏ ဂုဏ်မရှိ၊ ဒိဋ္ဌသရဏဂုဏ်နှင့် ပြည့်စုံကြီး ပြည့်စုံမည်ကား၊ (ဝါ) သုတသရဏ ဂုဏ်ဘာသာဝန်ထုတ် ဝဉ်ပိုးတို့ကိုပါယ်စွန့်၍ ဒိဋ္ဌသရဏဂုဏ် ကိုယ်မှာခြုံပြီး၊ ဂမ္ဘီရဂုဏ်နှင့် ပြည့်စုံကြမည်သာဖြစ်ပါသည်။

## “သာ သ နာ”

သာသနာဆိုသည်မှာ၊ ကမ္ဘာဦးသူလူသားများ၏ အယူဝါဒကိုးကွယ်ယုံကြည်မှုတို့ကို လက္ခဏာဉာဏ်၊ သစ္စာဉာဏ်နှင့်၊ အမှားအမှန် ဝေဘန်ဆန်းစစ်မှု၊ သုတေသနပြုစရာ ဗုဒ္ဓ၏ဩဝါ

ဒကာတာကို သာသနာလို့ အကျဉ်းချုပ် အားဖြင့် မှတ်သား ပေါ်ဆိုရာ၏။

ဘာသာနှင့်သာသနာသည် မတူခြားနား အလွန်ကွဲပြား လေသည်။အကြောင်းကိုဆိုသော် ဘာသာဟူသည်မှာ ပါတ်ဝန်း ကျင်အခြေအနေ မျိုးရိုးအစဉ်အဆက်မှ ဆင်းသက်လာသည့် မိ ရိုးဖလာဓမ္မတာတရား ပရိဘာသာစကား ကိုးကွယ် ယုံကြည်မှု ဇာတ်သဘောအရ ဖြစ်ပေါ်လာသည့် အယူဝါဒများ ဖြစ်ပါ သည်။

ဤသည့် အယူဝါဒများသည် လူမျိုးရေးနှင့် တိုင်းတာ ထားပါသဖြင့် လူမှုရေး၊ နိုင်ငံရေးအားဖြင့် ကျဉ်းမြောင်းသည် ဒေသအားဖြင့် ပိုင်းခြားထားပါသဖြင့်၊ နယ်ပယ်ကျဉ်းမြောင်း သည်၊ လူမျိုးစွဲ၊ ဒေသစွဲပြင်းထန်စေသည်။

သာသနာမှာကား ဆိုအပ်ခဲ့ပြီးသည့် ဘာသာအယူအဆ များကို ဆန်းစစ်ပြီး သဘာဝဓမ္မနှင့် ဆန့်ကျင်မှု များကို ပယ် ၍ သဘာဝဓမ္မ အတိုင်းအတာကို ကျော်လွန်နေသည့် ဣဿရ ကမ္မဇိဒ္ဓိဝါဒ အနုမာနများကို စွန့်ပယ်ပြီး အမှားကို ရှောင် အမှန်ကိုဆောင်မှု အပိုကိုနုပ် အလိုကိုဖြည့်မှု အသိမှန် အလုပ် မှန်တို့ကို လက်ခံမှုသာလျှင်ဖြစ်ပါသည်။

တနည်းအားဖြင့် သာသနာဆိုသည်မှာ ကမ္ဘာဦးသားလူ မျိုးများ၏ ထိုတိုဤဤအလီလီသော ကိုးကွယ်ယုံကြည်မှု အယူ

ဝါဒအစားစား အယူဟောင်း တရားဟောင်းအမှားအပေါင်းကို ဆန်းစစ်ဝေဘန်စရာ မှတ်ကြောက်ပမာ ဘုရားဟောအစစ်ဖြစ်သည့် ဘုရားစကားများကို မှတ်တမ်းတင်ထားသည့်မှတ်တမ်း ဓမ္မကျမ်းဂန်များရှိပါသည်။

ထိုဘုရားဟော အစစ်ဖြစ်သည့် ဓမ္မကျမ်းဂန် မှတ်တမ်းများကို သင်အံပို့ချမှုကို ပရိယတ္တိသာသနာ။ (ဝါ)စာသာသနာ (ဝါ) သုတသာသနာခေါ်ပါသည်၊ ဗုဒ္ဓဟောခဲ့သည့် ဘုရားဟော အစစ်တရားများကို မှတ်တမ်းတင်ထားသည့် ဓမ္မကျမ်းဂန်များကို လေ့ကျင့်ပို့ချမှုမှန်ပါက လွတ်မြောက်ရေးတရား ဝိမုတ္တိရသာထူးကို ရဘို့ရာလမ်းစတွေ့ခြင်းကြောင့် အစ၏ကောင်းခြင်းမည်ပါပေ၏။

၎င်းအစ၏ကောင်းခြင်း ပရိယတ္တိသာသနာ ပထမဆင့်မှာ အလေးအနက်သတိပြု၍ လေ့လာသင့်သည်။အကြောင်းကိုဆိုသော် စာပေသင်အံ လေ့ကျက်သည့်အခါ အရေးရာမှာစာ နောက်ပါသွားတတ်သည်။ ထိုသို့စာနောက်ပါသွားပါက လိုရာမပေါက်ခရီးမရောက်မျက်စေ့လည်လမ်းမှား၍စမ်းတဝါးဝါးဖြစ်တတ်သည်။တနည်းအားဖြင့်ဆိုသော်စာကိုလူနှင့် တိုက်ရန်လိုအပ်ပေသည်။ စာကလူကိုတိုက်သွား၍ စာကအနိုင်ယူသွားလျှင်ကား အသိမှန်အလုပ်မှန် အကျင့်မှန် စခမ်းသို့ရောက်ရန် လွယ်မည်မဟုတ်ပေ။

ဆိုလိုသည်မှာ ပရိယတ္တိဆိုသည့် စာပေကို လေ့လာ၊

သင်ကြားသည့်အခါ စာကြည့်-စာဖတ်သည့်အခါမှာ စာအုပ် ထည်းမှာပါသမျှ စာများကိုအားလုံး နှုပ်တိုက်အာဂုံဆောင်ရုံနှင့် မှတ်သားမှုပြုရုံနှင့် ပြည့်စုံလုံလောက်မည်မဟုတ်ပါ။ အဘယ့်ကြောင့်ဆိုသော် ဤစာအုပ်ထည်းမှာ ပါသမျှကို နှုပ်တိုက်အာဂုံ အကုန်လုံးမှတ်သားမှု သညာပြုခြင်းသည် သုတမယဉာဏ်သာ ဖြစ်၍ စာသာသနာ၊ သုတသာသနာ၊ ပရိယတ္တိ သာသနာသာ ရှိပါသေးသည်။

သုတမယဉာဏ်အခြေခံသည့် ပရိယတ္တိ စာသာသနာမှာ လမ်းဆုံးထားပါက ကိုယ်တွင်းငြိမ်းချမ်းရေးတရား လွတ်မြောက် ရေးတရား ဝိမုတ္တိရသာထူးကို မရနိုင်ပေ။

ပရိယတ္တိစာပေကျမ်းဂန် တတ်မြောက် ကျွမ်းကျင်ပါ လျက် အဘယ့်ကြောင့်ကိုယ်တွင်း ငြိမ်းချမ်းရေးတရားကိုမရ နိုင်သနည်းဟူမူ၊ စာတတ်သည်ဆိုတာ စာအုပ်ထည်းမှာပါသမျှ အားလုံး သင်ရိုးညွှန်တမ်းအတိုင်း ကျက်မှတ်၍ နှုတ်တိုက်အာဂုံ များများ ဆောင်နိုင်သူအမှတ်သညာများသူကို စာတတ်လို့ဆိုပါ သည်။ ဤသည့်စာတတ်ပုဂ္ဂိုလ်သည် စာအုပ်ထည်းမှာပါသမျှ မှတ်ထားခြင်းသာဖြစ်သည်။ ၎င်းစာများကို ဟုတ်မဟုတ် မှန်မမှန် အကြောင်းယုတ္တိတန်မတန် ကိုယ်ပိုင်ဉာဏ်ယှဉ်မှု စစ်ဆေးဝေဖန် မှု အမြော်မြင်ရှာမှု သုတေသနပြုချက်ကားမပါပါ။ ထို့ကြောင့် စာသိတာဖြစ်၍ ငါသိ (ပညတ်သိ) သဘောသိကားမဖြစ်ပါ။ (၁) စိန္တာမယ ဉာဏ်မဖြစ်ပါ။ စိန္တာမယ ဉာဏ်မဖြစ်

ပါက သဘောသိ သဘောမှန်ဘာဝနာမယဉာဏ်မဖြစ်၍ကိုယ်တွင်းငြိမ်းချမ်းရေးတရား ဝိမုတ္တိရသထူးကို မရနိုင်ပါ။

ဤနေရာမှာ စာသိ စာတတ်နှင့် သဘောသိ သဘောတတ် ခြားနားသိဘို့ရန် အရေးကြီးသည့် အားလျော်စွာခွဲခြားသိနိုင်ရေး စစ်တမ်းထုတ်ရန် သဲလွန်စနည်းလမ်း ပေးရလျှင် စာသိစာတတ်ဆိုတာ စာအုပ်ထည်းမှာပါသမျှ လမ်းညွှန်ဆရာကပို့ချညွှန်ကြားသည့်အတိုင်း ကိုယ်ပိုင်ဉာဏ်စေစားမှု အမှားအမှန်ဝေဘန်မှုမပါ၊ အားလုံးကုန် ကျက်မှတ်ထားခြင်း မှတ်သားမှုတွေများခြင်းကို စာသိစာတတ်လို့ ခေါ်ပါသည်။

သဘောသိ သဘောတတ် ဆိုတာကတော့ စာထည်းမှာတွေ့သမျှ မြင်သမျှ ကြားသမျှ ဘာဝတွေ့ထိမှု မှန်သမျှကိုဟုတ်မဟုတ် မှန်မမှန် အပြန်ပြန်အလှန်လှန် အရင်းမှသည်အဖျားသို့အဖျားမှသည်အရင်းသို့ အနုပဋိလောမနည်းအားလျော်စွာ ကိုယ်ပိုင်ဉာဏ်ယှဉ်ကာ ဝေဘန်ဆန်းစစ်၍၊ အဖြေမှန် ထုတ်ပြီး သဘောကျလက္ခံထားသူ၊ တွေ့ထိမှု ပြဿနာတရပ်ကို နောက်ထပ်ဖြည့်စွက်ဝေဘန်စရာမရှိသည့် အခြေအထိ ဝေဘန်၍ အဖြေမှန်ကို လက္ခံထားသူကို သဘောသိ သဘောတတ် ပုဂ္ဂိုလ်လို့ ယူဆရာ၏။

စာသိစာတတ်နှင့် သဘောသိ သဘောတတ်ကား ခြားနားလှပေ၏။ အကြောင်းကိုဆိုသော် စာသိစာတတ်ကား မိမိ

သင်အံ့ကျက်မှတ်ထားသမျှကို မှားသည်ဖြစ်စေ မှန်သည်ဖြစ်စေ အားလုံးမှတ်သားရှ၍ သိမှုဖြစ်သောကြောင့် သညာသိ၊ ဝိညာဉ်သိဖြစ်ရကား ကျဉ်းမြောင်း၏။ အမှားအမှန်ရောပြွမ်း၏။ ဥပမာ ပြောရသော်ယောဘူယျအားဖြင့်စာသိ၊စာမှတ်၊ စာတတ်ပုဂ္ဂိုလ်များနှင့် အယူသီးဘာသာဝင်များသည် အားလုံးဘုရားကို ပုံချကြ၏၊ ယနေ့မျက်မှောက်ကာလ မှတ်တမ်း တင်ထားသည့် ဓမ္မကျမ်းဂန်မှန်သမျှ ဘုရားဟောကြီးတင်မှတ်ကြ၏။ အရာရာမှာ ဘုရားနှင့် အနိုင်ယူတတ်ကြ၏။ဘုရားသည်မသိတာမရှိ၊အစအဆုံးမရှိသည့်အတိတ်၊ အနာဂါတ်ပစ္စုပ္ပန် ကာလသုံးတန်မှာ အားလုံး ဘုရားသိ၏။ မြေလျှိုးမိုးပြန်နိုင်၏။ ထို့ကြောင့် သဗ္ဗညုတဉာဏ်ရှင် ဘုရေးလို့ သိကြလက္ခံယုံကြည်ကျကုန်၏။

ဗုဒ္ဓ၏အဘုပ္ပတ္တိကို(၀၁)သဗ္ဗညုတဉာဏ်တော်ကိုချီးကြူးဖွဲ့ဆို ဂုဏ်ဘင်ကာ ရေးသားထားသည့် ဗုဒ္ဓဝင်ဖြစ်သည့် ကျမ်းဂန်ကြီးများလည်း မြောက်များစွာရှိကြပေ၏။

ဤသည့် ဗုဒ္ဓကျမ်းဂန်အတန်တန်တို့မှာလည်း လက္ခဏာခမ်း၊ သစ္စာခမ်းဘောင်အတွင်းသို့ သွတ်သွင်းလို့မရသည့်၊ ယုတ္တိမတန်သည့်ဣဿရနိမ္မိတ—ကမ္မဇိဒ္ဓိဝါဒများလည်း တင်းကြမ်းပြည့်နေရာယူလျက်ရှိကြကုန်၏။ ၎င်းဣဿရနိမ္မိတ စသည့်အနုမာနများကိုလည်းအယူသီး ဘာသာဝင်များနှင့် စာသိစာတတ်အမည်ခံ ပုဂ္ဂိုလ်များသည် လက်ခံယုံကြည်မှုမှတ်သားသိမှုပြုကြသည်သာ၊ ဤမှတ်သားမှု-သညာသိဝိညာဉ်သိများကို သဘာဝ

သစ္စာထိုက်မထိုက် ကိုယ်ပိုင်ဉာဏ်နှင့် တိုက်ရိုက်ကျတော့လစ်လျူရှုကြသည်သာ။

ကျွန်ုပ်တို့သည် ဤအခမ်းကို ရေးသားရမှု၌ ဦးလေးမိပါ၏။ သို့သော်လည်း အနာဂါတ်လူ့ဘောင်ဖြစ်ရပ်နှင့် ဗုဒ္ဓလမ်းစဉ်ကွာဟချက်ဖြစ်မည့်အရေး အခါခါတွေးမိ၍ ချိန်ခါမှီ ပြုပြင်သင့်တာ ပြုပြင်နိုင်ကြရန် ရေးသား ဝေဘန်လိုက်ခြင်းဖြစ်ပါသည်။

တနည်းအားဖြင့်ဆိုသော် ကျွန်ုပ်တို့ ကိုးကွယ်ဆည်းကပ်နေသည့် လူသားဗုဒ္ဓသည် လူမှုရေးလူ့ကျင့်ဝတ် လူ့အဘိဓမ္မာမှန်သမျှကို လူသားတွေနှင့် အံဝင်ဂွင်ကျ နည်းမှန်လမ်းမှန်ဦးဆောင်မှုပေးခဲ့သည်သာ။ ဆိုလိုသည်မှာ လူသားဗုဒ္ဓ၏လူမှုရေးကိုင်တွယ်မှု လမ်းညွှန်ဝါဒသည် ခေတ်အဆက်ဆက်မှာမည်သည့်ခေတ်မှ နောက်မကျခဲ့ပေ။ ထာဝစဉ် သစ်ဆန်းလျက်ကမ္ဘာ့လူသားတရပ်ကို လူမှုဒုက္ခအပေါင်းမှလွတ်ရန် တွက်ရပ်လမ်းကိုညွှန်းထားလျက်သာ၊ဤသည့်ဗုဒ္ဓကိုကျွန်ုပ်တို့သည်အလေးအနက် အခါခါသတိမူ၍ ဦးညွတ်ပူဇော်ရမည်သာ။ ချီးကျူးပူဇော်ကြရမည်သာ။ လူ့ဘောင် လောက ကောင်းကျိုးသည်ပိုးရှက်ဆောင်သူ ပုဂ္ဂိုလ်မြတ် ပရဟိတ ဝန်ဆောင် ပုဂ္ဂိုလ်မှန်၊ ကိုယ်ကျိုးစွန့်လွှတ်သူ လူတိုင်းပြုနိုင်ခဲ့သည့်အလုပ်ကိုလုပ်နိုင်ပြီးမြောက်၍၊ ဝိမုတ္တိရသာထူးပိုင်ရှင် ယောကျ်ားဇာနည်အမျှော်အမြင်ကြီး

သူ ဥာဏ်ကြီးရှင်ပုဂ္ဂိုလ်မှန်တပါးအနေနှင့် လေးစားဂရုပြုကြရမည်။

ဆိုလိုရင်းကား လူသားဗုဒ္ဓကို သိပ္ပံနည်းကျဖြစ်နိုင်သည့် သဘာဝဓမ္မနှင့် ချီးကြူးဂုဏ်တင်ကြပါ၊ အလေးဂရုပြုကြပါ၊ မဖြစ်နိုင်သည့် ဣဿရ နိမ္မိတ ကမ္မဇဒ္ဓိစသည့် အနုမာနများနှင့် ချီးကြူးဂုဏ်တင်မှုမပြုမိရန် သတိအတန်တန် ထားသင့်ကြပါသည်။

လူသားဗုဒ္ဓကို သစ္စကထာ သဘာဝရှုဒေါင့်မှ ဂုဏ်တင်ချီးကြူးလေ့လာသုံးသပ်မည်ဆိုပါက အများထင်သလို သိကြလက်ခံယုံကြည်ကြသလို မဟုတ်ပါပေ။ အလုံးစုံကိုသိ၍ ဘုရားဆိုရာ၌ အပြောကျယ်လှသည့် လူ့လောကကြီး၏အလည်မှယနေ့မျက်မှောက်ကာလ တာစားနေသည့် သိပ္ပံဆိုင်ရာ အထွေထွေဖြစ်ရပ် ဓါတုဗေဒ၊ ရူပဗေဒ၊ ပါဏဗေဒ အစဖြာသည့် ထူးခြားများပြားလှစွာသော လောက ရေးရာတွေကို အသေးစိပ် အားလုံးလိုက်ပြီး ကြည့်ရှုနေမှ သိနေမှုမဟုတ်ပါ၊ ဤသည့်သိနည်းမျိုးကိုလည်း သဗ္ဗညုတ ဉာဏ်တော် ခေါ်မည် ခေါ်ထိုက်မည် မဟုတ်ပါ။

အားလုံးကိုသိ၍ သဗ္ဗညုတ ဉာဏ်တော်လို့ဆိုရာမှာ အထက်တွင် ပြအပ်ခဲ့သည့် လောကအတွင်းမှ ထွေထွေရာရာများပြားလှစွာသော သက်ရှိသက်မဲ့ အရာဝတ္ထုအားလုံးကို အာယ

တနှ တဆယ့်နှစ်ပါးနှင့် သိမ်းသွင်းယူနိုင်မှု (တနည်း) အားလုံးကုန်သော သက်ရှိသက်မဲ့ အရာဝတ္ထုတို့ကို ဓါတ်ကြီးလေးပါး အာယတန တဆယ့်နှစ်ပါး၊ ဓါတ်တဆယ့်ရှစ်ပါးတို့နှင့် ကုန်စင်အောင် လက္ခဏာကိုက်၊ သစ္စာကိုက် ဝေဘန်နိုင်တာ သိနိုင်တာကို သဗ္ဗညုတ ဉာဏ်တော်လို့ ခေါ်ဆိုလက်ခံကြ၊ သိကြရာ၏။

ထိုသို့ စာသိစာတတ် သဘောသိသဘောတတ်တို့ ကွဲပြားခြားနားမှုကို သိဘို့လိုပါသည်။ စာတတ်သိရုံနှင့် သဘောတရားကိုတတ်သိနားလည်ရန် မလွယ်ကူပါ။ ဆိုလိုတာက စာတတ်တိုင်း သဘောတရားကို နားမလည်နိုင်ပါ။ သဘောတရားကို တတ်သိပေါက်ပိုင်ပါက စာကိုသိနိုင်ပါသည်။ အကြောင်းကို ဆိုသော် စာဆိုတာ လူသားအတွေးအခေါ် အယူအဆ တွေ့သိမှုမှန်သမျှကို လောကာခံမှုဖြစ်စဉ်များကို မှတ်တမ်းတင်ထားသည့်မှတ်တမ်းဖြစ်သောကြောင့်တည်း။

ဤအခန်းမှာ စာသိစာတတ်နှင့် ငါသိငါတတ် (ပညတ်သုံး) သဘောသိ သဘောတတ် ခွဲပြီးပြရခြင်းကား အလေးအနက် သတိပြုအပ်သည့် အကြောင်းရှိပါသည်။ ၎င်းအကြောင်းကား ဘာသာရေးနယ်ပယ် သာသနာအဆုံးအမဟူသည် သညာသိ ဝိညာဉ်သိ စာတပုဒ် တဂါထာမျှ မရသော်လည်း သာသနာ အဆုံးအမ လမ်းဆုံးတရား ဝိမုတ္တိရသာထူးကို ရနိုင်ရောက်နိုင်ကြောင်း သိစေလိုသောကြောင့်တည်း။

ပရိယတ္တိစာပေကို တတ်သိကျွမ်းကျင်ပါက ကောင်းလှပါ၏။ သို့သော်လည်း ကိုယ်တွင်းငြိမ်းချမ်းရေးဖြစ်သည့် "စေတောဝိမုတ္တိဖလ""ရူပနိဿရဏ" ဂုဏ်နှင့်ပြည့်စုံရန်ကားမဖြစ်နိုင်ပေ။ စာတတ်သိရုံနှင့် သဘောတရားကိုနားလည်ရန် မလွယ်ကူပါ။ ဆိုလိုတာက စာတတ်တိုင်းသဘောတရားကို နားမလည်ပါ။ သဘောတရားကို တတ်သိနားလည်ပါက စာကိုသိနိုင်ပါသည်။ အကြောင်းကိုဆိုသော် စာဆိုတာ လူသား၏ အတွေးအခေါ် အယူအဆ ဘဝတွေ့ထိမှု လောကဓမ္မ ဖြစ်စဉ်များကိုမှတ်တမ်းတင်ထားသည့် မှတ်တမ်းဖြစ်သောကြောင့်တည်း။

အမှန်ကတော့ မှတ်တမ်းဖြစ်သည့် ဓမ္မကျမ်းဂန်စာပေများကို ကန့်စင်အောင် သင်ကြားတတ်မြောက်၍နှုတ်တိုက်အာဂုံရငြားသော်လည်း သဘာဝဓမ္မကို သိပြီရပြီဟူ၍ မဆိုနိုင်ပေ။ (၀၁) သဘာဝဓမ္မကို မရနိုင်ကြောင်း "ပရိယတ္တိ ဗဟုလောနေဝ ဓမ္မဝိဟာရီ" စသည်ဖြင့် ဟောခဲ့ပါသည်။ ပိဋကတ်သုံးပုံ အာဂုံဆောင်ရုံနှင့်ကိစ္စမပြီး လမ်းမဆုံးသေးကြောင်း ပေါဋ္ဌိလမထေရ် စသည့်သာဓကများ မြောက်များစွာရှိပါသည်။

မှတ်တမ်းဓမ္မ ကျမ်းဂန်များကို နှုတ်တိုက် အာဂုံတတ်မြောက်၍ ရှတ်ဘာတ်သရဇ္ဈာယ်၊ လက်ရေး စက်ရေး ကျမ်းစာပေထုတ်လုပ်သည့် ကျမ်းပြုပုဂ္ဂိုလ်မဟာအကျော်ကြီးဖြစ်ငြားသော်လည်းတရားမရရှာသေးကြောင်း (သဇ္ဈာယ ဗဟုလောနေဝဓမ္မဝိဟာရီ) စသည်ဖြင့် ဟောထားပြန်သည်။

ဤသည့် ဓမ္မကျမ်းဂန်များကိုသာ ဦးစိုက်၍ စာပေါ်မှာသာ တွေးတောကြံဆနေရုံနှင့်လည်း ကိစ္စမပြီး အချိုးနှိုးဖြစ်ကြောင်း "ဝိတက္ကဗဟုလော နောဓမ္မဝိဟာရီ" စသည်ဖြင့် ဟောထားပါသည်။

နောက်တချက်အလေးအနက် သတိပြုသင့်သည်ကား စာပေဓမ္မကျမ်းဂန်တို့ကို ကျက်မှတ်ပြီး မိရိုးဖလာဓမ္မတာတရားများကိုဟောကြား၍ တိုင်း ခရိုင် နိုင်ငံကျော်ကြားသည့် တိုင်းကျော်ပြည်ကျော် ပုဂ္ဂိုလ်ကြီးပင် ဖြစ်လင့်ကစား တရားမရ ရှာသေးကြောင်း "ပညတ္တိဗဟုလော နောဓမ္မဝိဟာရီ" (တနည်း) ဓမ္မကထိကဗဟုလော နောဓမ္မဝိဟာရီ" စသည်ဖြင့် ဟောထားမှု အထူးသတိပြုရသည်။

ဤသို့အားဖြင့်

(၁) ပရိယတ္တိ ဗဟုလ ပုဂ္ဂိုလ် သင်ရိုး ညွှန်တမ်း ဓမ္မကျမ်းဂန် နှ ံ စပ်တတ်မြောက်သူ။

(၂) သဇ္ဈာယ ဗဟုလပုဂ္ဂိုလ် စက်ရေး လက်ရေး ကျမ်းစာ ပေထုပ် တို့ကို ရေးသားပြုစုသူ။

(၃) ဝိတက္ကဗဟုလပုဂ္ဂိုလ် သင်ရိုးညွှန်တမ်း ဓမ္မကျမ်းဂန်နှင့်တကွ မိရိုးဖလာ ဓမ္မတာတရားတို့ကို တွေး

တောကြံဆမှုနှင့် အချိန်ကုန်လွန်၍ ဒိဋ္ဌဓမ္မ ဒိဋ္ဌပတ္တဖြစ်သည့် လက်တွေ့အလုပ်မရှိသူ။

(၄) ပညတ္တိပရမတ္ထပုဂ္ဂိုလ်သင်ရိုးညွှန်တမ်း ဓမ္မကျမ်းဂန်နှင့်တကွ၊ ဒဏ္ဍာရီ ပုံပြင် ဝတ္ထုတို့ကို ယပ်လှဲ ယပ်ထောင် သံသေး သံကြောင်နှင့် ဟောကြားမှု ဦးစားပေး၍ အချိန်ကုန်လွန်နေသူ (တနည်း) သူတပါးကိုကား ဟောကြားမှု ဦးစားပေး၍၊ မိမိကိုယ်ကို ဆုံးမမှုကား မပြုညားသည့် တရားဟောသူ တရား ဟောစားသူများ။

အထက်တွင် ပြအပ်သော ပုဂ္ဂိုလ်များသည် 'နေ့ာဓမ္မဝိဟာရီ' တရားမရသေးသူ တရားရဘို့ ခဲယဉ်းကြသူ များလို့ ဗုဒ္ဓက ဝိသေသ မရှဟောခဲ့ပေသည်။

ဤသို့ဝိသေသ မရှဟောခြင်း အကြောင်းရင်းကို ဝေဘန်မှုသုတေသနပြုတော့ အထက်တွင် ဆိုအပ်သောပုဂ္ဂိုလ်များသည် စာသိစာနယ် သညာသိ သညာနယ် ဝိညာဏ်သိ ဝိညာဉ်နယ်မှာ ဦးစိုက်သောကြောင့်ဖြစ်သည်။

စာသိစာနယ် သညာသိ သညာနယ် ဝိညာဉ်သိနယ်မှာ လမ်းဆုံးထားက၊ အကျိုး မများသေးကြောင်း၊ကိစ္စမပြီး

လမ်းမဆုံးကြောင်း လွှတ်မြောက်ရေးတရား ဝိမုတ္တိရသာထူးကို မရသေးကြောင်းသာဓက ဥပမာပြရလျှင်....

ဗုဒ္ဓလက်ထက်က အခါတပါးမှာ စာသိစာတတ် ပုဂ္ဂိုလ် ရဟန်းတပါးသည် သဘောသိ သဘောတတ်ပုဂ္ဂိုလ်မှန် ရဟန်း တပါးအားပုစ္ဆာထုတ်မေးခွန်းပြုမည်အလုပ်တွင်ဘုရားကကျွံသည့် စာတတ်ပုဂ္ဂိုလ်ကို သစ္စာလေးပါး သဘောသရုပ် မေးခွန်းထုတ် သတတ်၊ ထိုအခါစာတတ်ပုဂ္ဂိုလ်သည် ကိုယ်ကျင့်၊ အတိမ္မောမရှိ သဘောတရား မသိသောကြောင့် ပြီးပြည့်စုံအောင် မဖြေနိုင်ရ ကား ‘တုဏှိဘာဝေ’ ဆိတ်ဆိတ်နေရသတတ်။

ထို့နောက် ဗုဒ္ဓက စာပေပရိယတ္တိကို တတ်ကျွမ်းမှုမရှိ၊ သဘောသိ သဘောတတ်ပုဂ္ဂိုလ်မြတ်ကို သစ္စာလေးပါးသဘော သွားကိုမေးကြား၏၊ ထိုအခါသဘောသိ သဘောတတ်ပုဂ္ဂိုလ် မြတ်က....

## ဆင်းရဲမှန်-ဒုက္ခသစ္စံ

နာမရူပံ ဒုက္ခသစ္စံ လူသားမှန်သမျှ ရုပ်နာမ်သဘာဝ ပါပေ၊ ဤသည့်ရုပ်နာမ်အသည်းမှာ၊ ခံတတ်စံတတ်သည့် အတ္တဇီဝ လည်းမရှိပါ၊ ဤသည့်ရုပ်နာမ် တရားတို့ကလည်း အတ္တ, အတ္တ နိယသတ္တံအားဖြင့် မဖြစ်နိုင်ပါ၊ အတ္တ-အတ္တနိယ သတ္တံမှ ဆိတ်သုဉ်းနေသည့် ‘သုညတဓမ္မ’ အတ္တ အတ္တနိယသတ္တံ အရိပ် နိမိတ် ကင်းဆိတ်နေသည့် အနိမိတ္တဓမ္မသာလျှင် ဖြစ်ပါသည်။

ထိုသို့ အတ္တဇီဝ အတ္တ အတ္တနိယသတ္တံမရှိပုံ ကင်းဆိတ်ပုံကို ဉာဏ်ငုံကာ မသိကြပါက အတိတ်၊ အနာဂါတ်၊ ပစ္စုပ္ပံကာလ သုံးပါးတို့ဖြင့်ဆက်စပ်၍ ပြင်းစွာစွဲလမ်းမှု ဥပါဒါန်ပြုကြအံ့၊ ထိုသို့စွဲလမ်းမှုပြုက ပြုတိုင်းပြုတိုင်း ကာလမဆိုင်းဘဲ ဆင်းရဲမှု အမှန်ဖြစ်ရသည်ကို ဒုက္ခသစ္စာလို့ သိရှိခံယူပါကြောင်း ဖြေကြား လျှောက်ထား၏။

တနည်းအားဖြင့် သဗ္ဗေသင်္ခါရာဒုက္ခာ မသိမှုအကြောင်း ခံတကြောင်းပြန်ပြန် ကိုယ်နှင့်ပြုလုပ်မှု (ကာယသင်္ခါရ) နှုတ်ဖြင့် ပြုလုပ်မှု (ဝစီသင်္ခါရ) စိတ်ဖြင့်ပြုလုပ်မှု (မနောသင်္ခါရ) တို့ ဖြစ်ကြကုန်၏။ ဤသို့ ကိုယ် နှုတ် နှလုံး သုံးပါးလုံးဖြင့် ကောင်း ကောင်းဆိုးဆိုး အမျိုးမျိုးပြုပြုသမျှ အားလုံးသောသင်္ခါရတို့ကို စွဲလမ်းမှု ဖြစ်ဖြစ်နေရခြင်းသည် ဆင်းရဲမှု အမှန်ဖြစ်၏လို့ ဖြေကြားပါသည်။

## “ဒုက္ခဖြစ်ကြောင်းမှန် သမုဒယသစ္စံ”

ဝိညာဏံ သမုဒယသစ္စံ ကောင်း ကောင်း ဆိုး ဆိုး အမျိုးမျိုးသော ပြုပြင်စီမံမှုလုပ်သမျှ “ဒုက္ခ”သာလျှင် ဝေကန် အမှန်ဖြစ်၏။ ဤသည့်ဒုက္ခကို ဒုက္ခပါလားလို့ မသိပါငြား လူ့ဗာလ အစားစားတို့သည် သာခလိုလို သာဘလိုလိုအထင်ပိုကြ ပေမည်။ ဤသို့အထင်ပိုမှု မှန်ကြောင်းကိုပြသဘာဝကို “သမုဒယ သစ္စာ” လို့ သိကုန်ရာ၏။

တနည်းအားဖြင့်ဆိုသော် "ယံကိဉ္စိ သမုဒယဓမ္မံ" တစုံတခုသော သင်္ခါရကိုပြုက ပြုတိုင်းပြုတိုင်း ကာလမဆိုင်းဘဲဆင်းရဲမှုဝေကန် အမှန်ဖြစ်မည်။ ဤသည့် ဆင်းရဲဒုက္ခ ဖြစ်ခြင်း အကြောင်းရင်းကိုရှာက ကောင်းကောင်းဆိုးဆိုး အမျိုးမျိုးတို့ကို ပြုလုပ်လိုမှု မျက်ဝါးထင်ထင် ဉာဏ်အမြင်အားဖြင့် တွေ့ရပါသည်။ ၎င်းပြုလိုမှု"အလိုသဘော"ကို သမုဒယသစ္စာလို့ ပြောဟော လက်ခံယုံကြည်ပါကြောင်း လျှောက်ထား၏။

## "ဆင်းရဲချုပ်ကြောင်းမှန် - နိရောဓသစ္စ"

ဥဘိန္နမ္ပိ နိဿရဏံ နိရောဓသစ္စံ-ကောင်းကောင်းဆိုးဆိုး အမျိုးမျိုးသော သင်္ခါရအစားစားတို့ကို ပြုပြုနေရခြင်းသည် အမှန်ပင်ဆင်းရဲ၏။ ၎င်းဆင်းရဲမှုသင်္ခါရအစုစုတို့ကို ပြုလိုနေခြင်းသည် ဆင်းရဲကြောင်းအမှန်ဖြစ်၏ဟု ဉာဏ်မြင်ပြုသည့်အခါတို ထိုဆင်းရဲမှု ဆင်းရဲကြောင်း လောကီသစ္စာ အပေါင်းတို့ကို အကြောင်းမခံတော့ပါ။ ဤသို့ ဒုက္ခသစ္စာ- သမုဒယသစ္စာ တို့နှင့် အကြောင်း ပြတ်နေပါက အကျိုးဒုက္ခ အကျိုးသမုဒယ တို့လည်းဖြစ်ခွင့်မရတော့ပါ။ ထိုသို့ ကြောင်းကျိုးဒုက္ခ သမုဒယတို့ ဖြစ်ခွင့်မရဘဲ၊ ဖြစ်လိုမှုချုပ်ငြိမ်းနေတာကို "ဇာတိနိရောဓ" လို့ လက်ခံယုံကြည်ပါသည်။ (၀၁)နိရောဓသစ္စာလို့ အမြင်ရှင်း ဉာဏ်မြင်လင်းပါ၏။

တနည်းအားဖြင့် "တံသဗ္ဗံနိရောဓသစ္စံ" ဥပါဒါန်နှယ် သား၊ သက္ကာယနှယ်ဘွား၊ ထင်မှတ်မှုအတွာ၊ သမုဒယကိလေသာ အစားစားတို့ ဘယ်သောအခါမှ ဖြစ်ခွင့်မရသည့် ကြောင်းစစ် ချုပ်ငြိမ်းမှု နိရောဓသစ္စာဆိုသည်မှာ၊ ပြုပြင်စီရင်မှု ကင်းသည့် အသင်္ခတနယ်မှ အနတ္တ အနိစ္စ ဒုက္ခအထည်း၌ စုံလန်းသိမ်းပိုက် စရာမရ ကိုးကွယ်ရာမရှိ၊ သင်္ခါရဒုက္ခကြီးသာလျှင် အစဥ်ထာဝ ရဖြစ်ပါသည်။ သက်သာရာ တည်ဆောက်ရာ ကိုးကွယ်ရာ မရ သည့် သင်္ခါရဒုက္ခကြီးသာလျှင် အစဥ်ထာဝရဖြစ်ကြောင်း "စက္ခုံ ဥဒပါဒိ" "ဉာဏံ ဥဒပါဒိ" "ဝိဇ္ဇာ ဥဒပါဒိ" ထင်ရှား ရှု၍ အသိကောင်း အမြင်မှန်သည့်နေ့မှာ ထိုထိုသင်္ခါရ ဒုက္ခထည်းမှာ စုံလန်းစရာမမြင်၊ သိမ်းပိုက်စရာမရှိမှန်းသိ၍ စုံလန်းသိမ်းပိုက်လို သောဆန္ဒရာဂတို့သည် တကြိမ်တခါမျှ ဖြစ်ခွင့်မရပါဘဲ အမြဲ ကွယ်ပျောက်ချုပ်ငြိမ်းရပါတော့သည်။ ဤသို့ အလိုဆန္ဒရာဂ တို့ဖြစ်ခွင့်မရ၊ ချုပ်ငြိမ်းရတာကိုပင် "နိရောဓသစ္စာ"လို့ အမည် တွင်မှု လက်ခံပြုပါကြောင်း လျှောက်ထား၏။

## "ဒုက္ခချုပ်ကြောင်း လမ်းကောင်း သိမှန်"

နိရောဓ ပဋာနုနမဂ္ဂသစ္စံ၊ ပြုပြုသမျှဒုက္ခသစ္စာ ပြုလိုမှု ကသမုဒယာ အလိုသိမ်းမှု ချုပ်ငြိမ်းရတာ ဆိုသည့် သစ္စာ သုံး ချက်သဘောနက်ကို "အနုဗောဓဉာဏ်" ပဋိဝေဓဉာဏ်" တို့ဖြင့် သိမှုလမ်းမှန်ပြုသည်ကို "ဒုက္ခနိရောဓ ဂါမိနီပဋိပဒါ" ကျင့်စဥ် မဂ်လမ်းဝင်သည်လို့ ခံယူပါသည်။

မဂ္ဂသစ္စာဆိုတာ အလိုတခုနှင့်ပြုက ပြုတိုင်း ပြုတိုင်း ကာလမဆိုင်းဘဲ ဆင်းရဲမှုမှန် (ဒုက္ခသစ္စာ) ကို ကြပ်ပြည့်သိခြင်း၊ ပြုလိုမှုမှန် (သမုဒယသစ္စာ) ကို အသိပိုင်ခြင်း၊ ပြုလိုမှုသမုဒယချုပ်ငြိမ်းမှန် (နိရောဓသစ္စာ) ကိုသိခြင်း၊ ဤသို့ဒုက္ခသစ္စာကို "ပရိညေယျကာတဗ္ဗ" အနေနှင့်သိ၍ သမုဒယသစ္စာကို "ပဟာတဗ္ဗ" အနေနှင့်သိပြီး နိရောဓသစ္စာကို "သစ္ဆိကာတဗ္ဗ" အနေနှင့်သိပိုင်ခြင်းကိုမဂ္ဂသစ္စာလို့ ခေါ်ဆို လက်ခံ ယုံကြည် ပါကြောင်းဖြင့် လျှောက်ထား၏။

ဤသို့အားဖြင့်သဘောသိ သဘောတတ် ပုဂ္ဂိုလ်မြတ်က သစ္စာလေးပါး သဘောသရုပ်ကို အဟောအပြောထုတ်၍ ဖြေကြားလျှောက်ထားသည်တွင် ဗုဒ္ဓမြတ်စွာက ကောင်းချီးသြဘာပေး၍ စာသိစာတတ် "ဂန္ထဓုရ" ကိုဆောင်သော ပုဂ္ဂိုလ်သည် သူများ၏နွားကို အခစားကျောင်းသည့် နွားကျောင်းသားနှင့်တူ၍ အချိန်တန်အခါရောက်ပါက နွားများရေတွက်၍ နွားရှင်သို့အပ်လိုက်ရ၏။ နွားနို့ ဒိန်ခဲ ဆီဦး ထောပတ်ကိုကား မသုံးဆောင်ရသည့်ပမာနှင့်တူ၏။ ဝိပဿနာ ဓုရဆောင်သည့် သဘောသိ၊ သဘောတတ်ပုဂ္ဂိုလ်မူကား၊ နွားရှင်နှင့်ဥပမာတူ၍ ချိုမြိန်ရသာ ပြည့်ဝရှာသည့် နွားနို့၊ ထောပတ်၊ ဆီဦး၊ ဒိန်ခဲတို့ကို သုံးဆောင်ရသည်နှင့်တူကြောင်း မိန့်ဟခဲ့သည်မှာ။

ဗဟုမ္ဗိစေ သံဟိတ ဘာသမာနေ၊ နတက္ကာရောဟောတိ
နရောပမတ္တော၊ ဂေါပေါဝဂါဝေါဂဏယံပရေသံနဘာ
ဂဝါ သာမညဿဟောတိ။

စသည်ဖြင့်ဟောကြား၍ စာသိစာတတ်နှင့် သဘောသိ
သဘောတတ် ကွဲပြားခြားနားမှုကို နွားကျောင်းသား အခစား
နှင့် နွားရှင်ဥပမာပြု၍ ဟောကြားခဲ့မှုကို အတူးသတိပြုဝေဘန်
ရာ၏။

ဤမျှရေးသားမှုဖြင့် စာသိစာတတ် သဘောသိသဘော
တတ် ပုဂ္ဂိုလ်တို့၏ ခြားနားချက်ကို သဘောပေါက် သိလောက်
ပေပြီ၊ ဘာသာနှင့်သာသနာခွဲခမ်း၊ သာသနာရှင်တမ်း၊ သာသနာ၏
သဘောသရုပ် လေ့လာစစ်တမ်း ထုတ်ကြဦးစို့။

## ပရိယတ္တိသာသနာ အစ၏ကောင်းခြင်း

အထက်တွင်ပြအပ်ခဲ့သည့် ဗုဒ္ဓဟောချက် ဓမ္မစက်မှန်
သဘောသရုပ်တို့ကို မှတ်တမ်းတင်ရေးသားထားသည့် သုတ်,အဘိ
ဓမ္မာဝိနည်း စသည့်မှတ်တမ်းတို့ကို သင်အံလေ့ကျက် ပို့ချ
ဟောပြောခြင်းကို ပရိယတ္တိသာသနာလို့ ခေါ်ဆိုပါသည်။

ပရိယတ္တိသာသနာ (ဝါ) စာသာသနာသည်၊ သညာသိ

ဝိညာဉ်သိနယ်မှာ ဦးစိုက်ပါသည်။ အထက်တွင် ပြအပ်ခဲ့သော ပရိယတ္တိပုဂ္ဂိုလ် သဏ္ဍာယပုဂ္ဂိုလ်၊ ပညတ္တိပုဂ္ဂိုလ်၊ဝိတက္ကပုဂ္ဂိုလ် တို့လည်း သညာသိ ဝိညာဉ်သိနယ်မှာ ရပ်တည်ပါသည်။

## "ပဋိပတ္တိ သာသနာ အလည်၏ ကောင်းခြင်း"

လူသားတိုင်းသည်၊ လွတ်လပ်မှု–ငြိမ်းချမ်းရေးတရားကို မြတ်နိုးကြပေသည်။ လွတ်မြောက်ရေးတရား(ဝိမုတ္တိရသ)ကို လိုလားသူ အမျိုးကောင်းသားသည်။

(၁) မိမိ၏ခြေအစ ခေါင်းအဆုံး တကိုယ်လုံးခန္ဓာကိုယ်ကြီး၏ အတွင်းရုပ် မူလသဘောများကို အပိုအလိုမရှိ မှန်ကန်စွာ အသိမှန်ရပေမည်။

(၂) ခန္ဓာကိုယ်အတွင်းရုပ်မှတပါး အပြင် ဖြစ်သည့် ဗဟိဒ္ဓရုပ်များ၏ မူလသဘောများကိုလည်း အပိုအလိုမရှိ တဖက်စွန်းမငြိအောင် အသိမှန်ရပေမည်။

(၃) ခန္ဓာကိုယ်အတွင်းရုပ်နှင့် အပြင်ဗဟိဒ္ဓရုပ်များကို အခြင်းခြင်း(အညမည) အတူတကွ (သဟဇာတ) မျှတအောင် (သမာသမ)သမဘာဂ ဖြစ်အောင်လုပ်ပေးရမည်။

ဤသို့အတွင်းအပြင်ရုပ်တို့၏ မူလသဘောသရုပ်ကို အသိမှန်အောင်လုပ်ခြင်း အတွင်းရုပ် အပြင်ရုပ်တို့မျှတအောင် လုပ်ခြင်းသည်ပင်လျှင် ပဋ္ဌပတ္တိသာသနာ အလည်၏ ကောင်းခြင်းလို့ ဆိုပါသတည်း။

## "ပညာသာသနာ- အသိမှန်"

နိဗ္ဗာန်ပရမံသုခံ၊ ဝမ်းနည်းဝမ်းသာ၊ ဆင်းရဲချမ်းသာ ချစ်မှုမုန်းမှု၊ အလိုရှိအပ်၊ အလိုမရှိအပ်၊ဤကဲ့သို့ အခါခါအထပ်ထပ်ဖြစ်ရခြင်း၊ တဖက်စွန်းသို့ ရောက်ရခြင်းမှ လွတ်မြောက်ရခြင်းသည်(ဝါ)အလွန်အကျွံ အပိုအလို တဖက်စွန်းရောက်မှု မဖြစ်ရခြင်းသည် မြတ်သောချမ်းသာခြင်းဖြစ်၏။ (ဝါ)ချမ်းသာစစ် ချမ်းသာမှန်ဖြစ်၏။

ဤသည့်ချမ်းသာစစ် ချမ်းသာမှန်ရရန် ရောက်ရန် အကြောင်းခံတရားကတော့ အကြောင်းအကျိုး အမှားအမှန်ကိုခွဲခြား ဝေဘန် နိုင်သည့် ပညာ ဉာဏ် သာလျှင် အရင်းခံဖြစ်ပါသည်။

ပညာဉာဏ်ဆိုရာမှာလည်း ဗုဒ္ဓ ဝါဒ နိဗ္ဗာနကို ရရန်ရောက်ရန် ပညာဉာဏ်သည် ပကာရေနဇာနာတိ အနိစ္စာဒိဝ

သေနအာဝဇ္ဇနတိတိပညာဆိုသည့် ဝိဂ္ဂဟဝစနတ္တ အသုံးပညတ်စကားလာရှိသည်နှင့်အညီ ရုပ်လောက နာမ်လောကသည် အမြဲတည်ရှိမနေပေ။ ရုပ်နာမ်လောကသည် ဆင့်ကဲတိုးတက် အမြဲတန်းပြောင်းလဲနေသည်၊ အမှန်ကတော့ အတ္တါနိစ္စ၊ထာဝရအနေနှင့် တည်ရှိမနေပေ။ အဟောင်း အဟောင်း ချုပ်ငြိမ်း၍အသစ်အသစ်ဖြစ်ပေါ်နေပေသည်။ အကြောင်းကြောင့် အကျိုးဖြစ်လိုက်၊ အကျိုးကတဖန် အကြောင်းဖြစ်လိုက်နှင့် ကြောင်းစစ်ကျိုးစစ် တထစ်ကျရှာမရသည့် အသာရက အနတ္တတရားများပါပေ၊ ဤသို့ဖြစ်ကြောင်း ချုပ်ကြောင်းစပ်ပုံ ပြတ်ပုံအများပြောလို့ သိခြင်းမျိုးမဟုတ် ဘုရားဟောလို့ သိခြင်းမဟုတ်ဘဲကိုယ်တိုင်ကိုယ်ပိုင် ထိုးထွင်း၍ သိခြင်းမျိုးကို၊ လောကဓမ္မကို သိသည့်ပညာသိကိုယ်ပိုင်ဉာဏ်လို့ ခေါ်ဆိုပါသတည်း။

ဤသို့ကိုယ်တိုင် ကိုယ်ပိုင်ပညာစခမ်းသို့ တက်လှမ်းနိုင်ပါက မသိမှုအစားစား အဝိဇ္ဇာနယ်သားတို့သည် ပါယ်ရှားရပေလိမ့်မည်။ မသိမှုအဝိဇ္ဇာအကြွင်းမဲ့ ချုပ်ငြိမ်းပါက။ အဝိဇ္ဇာယသေ့ဝ အသေသဝိရာဂနိရောဓါ သင်္ခါရာနိရောဓော။ သင်္ခါရအစားစားတို့လည်း ဖြစ်ခွင့်မရတော့ပါ။ ကောင်း မကောင်းသင်္ခါရများ ချုပ်ငြိမ်းပါက သင်္ခါရနိရောဓါ ဝိညာဏနိရောဓော၊ ကောင်းကောင်းဆိုးဆိုး အမျိုးမျိုး အလီလီအလာလာ ဘာဘာညာညာ သိမှုထင်မှု ဝိညာဉ်အစုစုတို့ ဖြစ်ခွင့်မရတော့ပါ။ သိမှုထင်မှု ဝိညာဉ်အကြွင်းမဲ့ ချုပ်ငြိမ်းပါက။ သိမှုထင်မှု ဝိညာဉ်ကို

အကြောင်းခံ၍ တပြောင်းပြန်ပြန် ဖြစ်ပေါ်လာသည့် ကောင်းစွဲ မကောင်းစွဲ၊ ရှိစွဲမရှိစွဲတွေကိုပြင်းစွာစွဲလမ်းမှု ဥပါဒါန်ဖြစ်ခွင့် မပြုတော့ပါ။ ပြင်းစွာ စွဲလမ်းမှု ဥပါဒါန် မဖြစ်လျှင် ကိုယ်နှုတ်နှလုံး သုံးပါးလုံးလွှတ်လပ်ပြီး လူမှုဒုက္ခ အပေါင်းမှ လွတ်လပ်ပြီ။ 'စေတောဝိမုတ္တိဖလ' ရှုပနိသာရဏ' ဂုဏ်နှင့် ပြီးပြည့်စုံပြီ။

ထို့ကြောင့် ချုပ်ခြယ် တုတ်နှောင်မှုကင်းပြတ်၍ ဝိမုတ္တိ ရသခေတ်ကိုအလိုရှိသူသည်၊ 'ပညာယသမုစ္ဆေဒပဟာနဝသေန ကိလေသာ ပဟာနံ ပကာသိတံဟောတိ 'ပညာ၏ အစွမ်းအားဖြင့် သာလျှင် မသိမှုအကြောင်းခံ၍ တပြောင်းပြန်ပြန် ဖြစ်မှု ကိလေသာ အစားစားကို အကြွင်းမရှိ ပယ်ရှား လွတ်မြောက် နိုင်။၏ထို့ကြောင့်အသိမှန် အမြင်မှန် ပညာဉာဏ်ကိုအရှိထားနိုင် ရန် အတန်တန်သတိပေးအပ်ပါသတည်း။

ဤနေရာမှာ အထူးသတိပြုစေလိုသည်မှာ သာသနာသည် အခြင်းအရာအားဖြင့်။ ဘုရားသာသနာ။ တရားသာသနာ။ သံဃာ သာသနာ။ သီလ သာသနာ။ သမာဓိ သာသနာ။ ပညာ သာသနာ။ စသည်ဖြင့် များစွာရှိပါပေ၏။ သို့ရာတွင် မည်သည့်သာသနာကိုမဆို ကိုယ်မှာရှိမှ၊ ကိုယ်မှာကိန်းမှ ကိုယ့် သာသနာဖြစ်ကြောင်း၊ အသိကောင်း အမြင်မှန်ဘို့ လိုပေသည်။

ထိုဆိုအပ်ခဲ့သော သာသနာများ ကိုယ်မှာ အရှိထားနိုင် မျက်မှောက်ပြုနိုင်ဘို့ကလည်း၊ ပညာဉာဏ်သာလျှင် အရင်းခံ ပဓာနဖြစ်ပါသတည်း။

## "သီလသာသနာ ကျင့်သုံးမှန့်"

ဉာဏေန အဝိဇ္ဇာယ အနိစ္စာနုပဿနာယ နိစ္စသညာယ ပဟာနံသီလံ ဟောတိ။ လောကဖြစ်စဉ် ဘဝတွေ့ထိမှု မှန်သမျှရုပ်နာမ်သဘာဝတို့သည်၊ အစဉ်ထာဝရ တည်မြဲနေသည့် သဘောမဟုတ် ဖြစ်မှုပျက်မှု သင်္ခါရအရှိန်စုဖြင့် မရပ်မနား ပြောင်းလဲနေသည့် သင်္ခတတရားများပါပေ။ ထိုသည့် သင်္ခတ တရားတို့သည် အဟောင်းအဟောင်း ချုပ်၍ အသစ်အသစ်ဖြစ်နေပေ၏။ အကြောင်းကြောင့် အကျိုးဖြစ်လိုက် တဖန် အကျိုး တရားက အကြောင်း ပြန်ဖြစ်လိုက်နှင့်၊ ကြောင်းစစ် ကျိုးစစ် တထစ်ကျ ရှာမရသည့် 'အသာရကအနတ္တ' သာလျှင် စစ်မှန် ပေ၏။ အကြောင်းတရားကင်း၍အကျိုးတရားဖြစ်ခြင်းငှာ မစွမ်းနိုင်ပေ၊ဖြစ်နိုင်သည့်စွမ်းပကား ကင်းဆိတ်ခြင်းကြောင့် 'အနိမိတ္တ အနတ္တ' သာလျှင်ဖြစ်ချေ၏။

ထိုသို့အမြဲမရှိ အတ္တ 'အတ္တနိယ- နိစ္စ' ထာဝရ သတ္တဝါ ကင်းဆိတ်သည့် သဘောကို၊ ဉာဏ်ကုန်နှောကာ အသိပိုင်ပါက

အတ္တ နိစ္စထာဝရလို့ ထင်မှတ်မှု သမုဒယတို့ကို၊ ပယ်ပြီး စွန့်ပြီးဖြစ်မည်ကား မလွဲမုချ ပါတည်း။ ဤသို့ နိစ္စ သုခ သုဘလို့ ထင်မှတ်မှုသမုဒယကိုပယ်တာသည်ပင်လျှင်။ သီလသာသနာ(ပဟာနသီလ)ကိုအပိုင်ရသည်မည်ပါပေ၏။

## "သမာဓိသာသနာ အကျင့်မှန်တည်မြဲ"

ရုပ်-နာမ် လောက သခ်တမမှုကို ပညာကဲဝေဘန်ဥာဏ် က ထိုးတွင်း၍ အသိရှင်း အမြင် လင်းကာ 'ဝိဇ္ဇာ ဥဒပါဒိ' ထင်ရှားရှိပါက မသိမှောက်မှား အဝိဇ္ဇာ နယ်သား တို့သည် ပယ်ရှားရပေလိမ့်မည်။ ထိုသို့ မသိမှောက်မှားမှု ဝိစိကိစ္ဆာသံ သယ ဒုစုစုတို့ မဖြစ်မရှိမှုကြီး ခိုင်မြဲနေတာ (၀ါ) အသိမှန် အမြင်မှန် အလုပ်မှန် အကျင့်မှန်မှုကြီးခိုင်မြဲနေတာကို မှန်သော ကောင်းသော သမ္မာသမာဓိလို့ သိရာလက္ခံယုံကြည်ရာ၏။

ဤသို့အသိမှန်- အလုပ်မှန် ခိုင်မြဲမှု (သမ္မာသမာဓိ) သည် ယောဂလမ်းစဉ်မှ ကိုယ်ကိုချုပ်တီး အောင့်အီးမှု ဒါဏ် ထားမှု အရင်းခံပြုသည့်။ 'သမာဓိ' မဟုတ်ကြောင်း ကွဲပြား ခြားနားမှုကို အထူးသတိပြုကြ စေကုန်ရာသတည်း။

# တရားသာသနာ အသိအကျင့်မှန်

အသိမှန်အကျင့်မှန် တရားသာသနာ မိမိမှာရှိရေး အတွက် အဓိကအချက်ဖြစ်သည်ဆိုတာ သူတော်ကောင်း သူမွန်သူမြတ် (အရိယာ) ဖြစ်လိုသူတိုင်း လက်ခံ ယုံကြည်ပြီး ဖြစ်ပေလိမ့်မည်။

ဘုရားသာသနာ တရားသာသနာ သံဃာသာသနာ၊ သီလသာသနာ၊ သမာဓိသာသနာအားဖြင့် သာသနာအခြင်းအရာမည်မျှပင် ပြားစေကာမူ အဓိကပင်မအားဖြင့် တရားသာသနာလျှင် ပဓါနအရင်းခံဖြစ်ပေသည်။ တရားသာသနာ (အသိမှန်အကျင့်မှန်) မိမိခန္ဓာ (ရုပ်-နာမ်) မှာကိန်းအောင်းပါက အားလုံးသောအမှုကိစ္စ ပြုဘွယ်ရာမှန်သမျှတို့သည် ပြီးပြည့်စုံခြင်းသို့ ရောက်သည်သာလျှင်တည်း။

ဆိုလိုသည်မှာ တရားသာသနာ (အသိမှန်အကျင့်မှန်) မိမိကိုယ်ခန္ဓာမှာ ကိန်းအောင်း၍ မိမိခန္ဓာမှာရှိသော တရားသာလျှင် ကိုးကွယ်ရာ၊ ဆည်းကပ်ရာ အစစ်အမှန်ဖြစ်ကြောင်း အသိကောင်း အမြင်မှန်သည့်အခါ 'ဓမ္မံ သရဏံ ဂစ္ဆာမိ' ဆိုတာ သုတ သရဏဂုဏ်မဟုတ် (ဝါ)အဘပြောသားကြား ပရိဘာသာ စကားလုပ်ရိုးလုပ်စဉ် ဆိုရိုးဆိုစဉ် ဓမ္မတာ အသွင်မဟုတ် 'ဒိဋ္ဌသရဏဂုဏ်' နိစ္စသီလဖြစ်မည်ကား မလွဲမုချပါတည်း။

ဤသည့် "ဓမ္မံသရဏံဂစ္ဆာမိ" ဆိုသည့်တရားဂုဏ်တော်များ၊ မိမိခန္ဓာမှာပြည့်ဝ၍ မိမိမှာရှိသောတရားသာလျှင် ကိုးကွယ်ရာ ဆည်းကပ်ရာဖြစ်သည်ဟု လက်ခံယုံကြည်သည့်အခါ ဘုရားဂုဏ်တော် သံဃာ ဂုဏ်တော်များလည်း ပြည့်ဝမှုကို အထူးသတိပြုကြစေလိုသည်။

ဆိုလိုသည်မှာ တရားသိ၍ ဘုရားဖြစ်သည်၊ ဘုရားဖြစ်လို့ တရားသိသည်မဟုတ်ကြောင်း။ "ယေနဉာဏေနသမ္ဗုဒ္ဓေါ ယေနဉာဏေနပတ္တောသိ" စသည့်ဗုဒ္ဓ၏ ထုတ်ဟမိန့်ကြားစကားဖြင့် သိလောက်ပေပြီ။ သံဃာဂုဏ်တော်မှာလည်း ထိုနည်းအတူသာလျှင်။ သံဃာဖြစ်လို့ တရားသိရသည်မဟုတ်၊ တရားရ၍သာ သံဃာဖြစ်ကြောင်း "ကိလေသေ မာရေန္တော ဂစ္ဆတီတိ သံဃော" ဆိုသည့် ဝိဂ္ဂိုဟ်နေ့ရာမှုသတိပြု၍ မသိမှောက်မှား ကိလေသာ အစားစားတို့ကို ပယ်သတ်ဖျက်ဆီးတတ်သည့် အသိဉာဏ်တရား အရှိထားနိုင်သူကို သံဃာလို့ အမည်နာမ ပညတ်ကြသည်သာ။ ယခု ရေးသားတင်ပြခြင်းသည် သုတသရဏဂုဏ်နယ်ကို လမ်းညွှန် ပြနေသည်မဟုတ်ပါ။ ကိုယ်သိကိုယ်ရ ဒိဋ္ဌဓမ္မ—ဒိဋ္ဌပတ္တ သန္ဒိဋ္ဌိကဂုဏ်နှင့် ပြည့်စုံသည့် ဒိဋ္ဌသရဏဂုဏ်နယ်မှ ပြခြင်းဖြစ်ပါသည်။ ဒိဋ္ဌသရဏဂုဏ်နယ်မှာ ဘုရားရတနာ၊ တရားရတနာ၊ သံဃာရတနာ စသည်အားဖြင့် ရတနာသုံးပါး သိက္ခာသုံးပါး၊ သာသနာသုံးရပ်တို့ကို တပါးစီ တပါးစီ အလီလီ သိနေမြင်နေ ခံယူကျင့်သုံးနေသည်မဟုတ်ပါ။ တပါးပြီးမြောက်ပါက အားလုံး ခရီးရောက်တော့သည်သာ။

ကျွန်ုပ်တို့ဗုဒ္ဓဘာသာလောကမှ ဘာသာရေးဆိုင်ရာ စာပေမှတ်တမ်းများကား၊ သုတ်သုံးကျမ်း၊ ဝိနည်းငါးကျမ်း၊ အဘိဓမ္မာခုနစ်ကျမ်း စသည်အားဖြင့် များလှပေ၏။ တဖန်ငင်း ပိဋကတ်သုံးပုံတို့သည်ပင်လျှင် အဋ္ဌကထာ၊ ဋီကာ၊ အနုဋီကာ၊ မဓုယောဇနာ စသည်အားဖြင့် ဖွင့်ဆိုခဲ့ထွင်ကားကြသည်ကား ကျယ်ဝန်းလှပေ၏။

မှတ်တမ်းလောက ဓမ္မကျမ်းဂန်နယ်မှာ မည်မျှပင်ကျယ်ဝန်းစေကာမူ ကိုယ်ကျင့်အဘိဓမ္မာနယ်၊လက်ခံကျင့်သုံးရမည့်နယ်မှာကား၊ဗုဒ္ဓေါ ဓမ္မော သံဃောစ အနိစ္စံ ဒုက္ခလက္ခဏံ။

အနုတ္တမေဆာဝါစာ၀၊ သာရာဟိ ပိဋကတ္တယေဟု လာရှိပေသည်။ ဓမ္မမှတ်တမ်းပိဋကတ်သုံးပုံကို အကျဉ်းချုံး၍ လိုရင်းအနှစ်သာရကို ထုတ်မည်ဆိုပါက ဘုရား- တရား-သံဃာ အနိစ္စ-ဒုက္ခ—အနတ္တ အားဖြင့် ခြောက်ပါး သာလျှင် ရှိပေ၏။

ဤသို့ ဓမ္မမှတ်တမ်း ပိဋကတ်အရပ်ရပ်မှ လူသားအတွက် ကိုယ်ကျင့် အဘိဓမ္မာဖြစ်ရေး အဓိကအချက် အနှစ်သာရကို ထုတ်နှုတ်လိုက်ပါက ရတနာသုံးပါး၊ လက္ခဏာသုံးချက် သခြာ အရေအတွက်အားဖြင့် ခြောက်ပါးသာ ထွက်ပါသည်။ ၎င်းကို ရည်ညွှန်း၍ ရှေး သူတော် သူမြတ်များက စကား ခြောက်ခွန်း လှူဒ်ထွန်း၊ လေးခွန်းကိုပါယ် နှစ်ခွန်းတည် ရမည်လို့ ဆိုခဲ့ပါသည်။

စကားခြောက်ခွန်း လူ၌ထွန်း လေခွန်းကိုပါယ် နှစ်ခွန်းတည်ရမည်ဆိုရာ၌ဘုရား၊ တရား သံဃာ၊ ရတနာ သုံးပါးတို့တွင် ဘုရားနှင့် သံဃာ ကို ပုဂ္ဂလဒိဋ္ဌာန်-ပုဂ္ဂိုလ် ကိုးကွယ်မှုပုဂ္ဂိုလ်စွဲ ကင်းစင်ရေးအတွက်(ဝါ)ဓမ္မဒိဋ္ဌာန် ဘုရား၊ ဓမ္မဒိဋ္ဌာန် သံဃာကို သိရေး မြင်ရေး ကိုးကွယ်နိုင်ရေးအတွက် ခေတ္တယာယီအားဖြင့် ပါယ်ထား၍ "ဓမ္မ" ကိုတည်ထား။ အနတ္တ၊ အနိစ္စ ဒုက္ခတို့တွင်လည်း။

လက္ခဏေကမ္မိဝိညာတေ၊ သဗ္ဗေဇာနာတိ ဥဘ ဏာ ံ မာ
အတ္တသန္နိဋ္ဌိ တံကိစ္စံ၊ သိတ္တိဘူတောဝ သောနရော။

ထိုသည့် ဒေသနာယုတ္တိနေ့ာ၍ တွေးတောဝေဘန် အဖြေမှန်ရှာကြည့်ပါက၊ လက္ခဏာတလုံး ပေါက်ပိုင်ပါလျှင်အားလုံးခရီးရောက် ပြီးမြောက်တော့သည် သာ လျှင် တည်း၊ ထို့ကြောင့်အနိစ္စ-ဒုက္ခကို ခေတ္တယာယီ ပါယ်၍ အနတ္တကို တည်ထားပါ။

ဘုရား တရား သံဃာရတနာသုံးပါးမှ၊ ဘုရားနှင့်သံဃာကိုပါယ်၍ တရားကိုတည်ထား၊ အနတ္တ အနိစ္စ ဒုက္ခ လက္ခဏာ သုံးပါးမှ၊အနိစ္စနှင့်ဒုက္ခကိုပါယ်၍ အနတ္တကိုတည်ထား၊ဘုရားနှင့် သံဃာ၊ အနိစ္စနှင့်ဒုက္ခလေးခွန်းကိုပါယ် ဓမ္မနှင့် အနတ္တနှစ်ခွန်းကိုတည်ထား၊ ဓမ္မနှင့် အနတ္တဘို့တွင်လည်း ဓမ္မကလည်းတရား အနတ္တကလည်းတရားဖြစ်ခြင်းကြောင့်တရားတရားခြင်းတူ၍တူရာတူရာစုပေါင်းလိုက်ပါက "ကောဓမ္မော" ဆိုသည့်တရားတမျိုး

သာလျှင်ဖြစ်ပါသည်။ ဤသည့် "အနတ္တဓမ္မ" "ဓမ္မအနတ္တ"ကို အသိမှန် အမြင်သန့် ပေါက်ပိုင်အောင်ကိုယ်သိကိုယ်ရဖြစ်အောင် လုပ်မှုသည်သာလျှင်ပဓါန အရင်းခံဖြစ်ပါသည်။

ထို့ကြောင့်ဗုဒ္ဓက ဧကောဓမ္မော ဘိက္ခဝေဘာဝိတော ဗဟုလိကတောအဘိညာယ သမ္ဗောဓါယ နိဗ္ဗာနာယသံဝတ္တတိ။ စသည်ဖြင့်မိန့်မှာညွှန်ကြားခဲ့ပေသည်။ တလုံးသောတရားသဘော ကို ကိုယ်တိုင် ကိုယ်ပိုင် ဝေဘန်၍ အဆုံးသပ်အားဖြင့် ကမ္ဘာ လောကဓာတ်မှာနိစ္စ ထာဝရအားဖြင့် တည်နေနိုင်သည့် 'အတ္တ' ဆိုတာမရှိကြောင်း အသိကောင်း အမြင်မှန်အောင် ဝေဘန်နိုင် ပါက၊ အဆင်ချုပ်ငြိမ်း အမှားဇာတ်သိမ်းသည့် ကောင်းနိဗ္ဗာန်ကို ဆုမတောင်းဘဲရောက်မည်ကား မလွဲမုချပါတည်း။

ဆိုလိုရင်းအဓိပ္ပါယ် အကျဉ်းချုပ်ကတော့ တခုသော သဘာဝဓမ္မ သဘောတရားကို ကိုယ်တိုင်ကိုယ်ပိုင် ပေါက်ပိုင် အောင် ဝေဘန်နိုင်ပါက တကြိမ်တခါမျှ မဖြစ်ဘူးသည့် ထူးသောဉာဏ်ကိုရ၍သစ္စာလေးပါး နိဗ္ဗာန်တရားကို မျက်မှောက် ပြုနိုင်ပါသည်၊ သာသနာသုံးရပ် တထပ်ထည်းရမည်၊ သိက္ခာ သုံးပါးတသားတည်း မိမိခန္ဓာမှာကိန်းအောင်းမည်။

ဤသို့နိစ္စ ထာဝရအားဖြင့် တည်နေနိုင်သည့် အတ္တ စွမ်းအားဆိုတာ မရှိပါကလားလို့ ဟုတ်တိုင်းမှန်စွာ သိမှု

အနုတ္တဝိဇ္ဇာဉာဏ်ကို ကိုယ်တိုင်ကိုယ်ပိုင် သိသည့်အခါ အမြဲရှိသည်လို့ ထင်မှတ်မှု နိစ္စသညာပျောက်၏။ "အနိစ္စ ဝိဇ္ဇာ ဉာဏ်" ရောက်မည်ကား မလွဲမချပါတည်း၊ ထိုသို့ အမြဲထာဝရရှိနိုင်သည့်တရားဟူက အနည်းအပါးမျှမရှိကြောင်း၊ အသိကောင်း အမြင်မှန် "အနိစ္စဝိဇ္ဇာဉာဏ်" ရကချမ်းသာနိုးနိုးထင်အားကိုးနှင့် မျှော်ကိုးခဲ့ရသည့် သုခချမ်းသာဆိုတာလည်း အချိန်နှီးအလဟဿ သက်သာရာ ဆောက်တည်ရာ၊ စမ်းသပ်ရှာဖွေလို့ မရသည့်တရားပါ က လားလို့ လက္ခဏာ ဉာဏ် ထင် လာပါတော့သည်။

တနည်းအားဖြင့် ချမ်းသာနိုးနိုး အကျိုးငံ့မျှော်ထင်မှတ်မှု တောင့်တမှုနှင့် ကိုယ်နှုတ်နှလုံး သုံးပါးလုံးနှင့် ပြုလုပ်သမျှ သင်္ခါရပါလားလို့ အမှန်အားဖြင့် သိရပါတော့သည်၊ ထို့ကြောင့် လက္ခဏာတလုံးပေါက်ပါက အကုန်လုံးပြီးမြောက်ကြောင်း အထက်တွင်ပြဆိုခဲ့ပါသတည်း။

ထိုသို့အနုတ္တလက္ခဏာ "အနုတ္တသာသနာ အနုတ္တမေ့ာ" "ဓမ္မအနုတ္တ"တလုံးကို ကိုယ်ဘိုင်ကိုယ်ပိုင် အသိပေါက်ပိုင်ပါက ဤသို့သိမှုကိုပင်လျှင် (ဝါ) သိမှု သဘောလေး ကို ပင်လျှင် "ယေနဉာဏေနသမ္ဗုဒ္ဓေါ ယေနဉာဏေနပတ္တောသိ" ဓမ္မဓိဋ္ဌာန်ဘုရားဖြစ်ပါပေ၏၊ ဤသို့အမှန်သိ၍ အမှားမငြိ အမှားကင်းစင်အမှားမဝင်တာကိုပင်လျှင် "ကိလေသေ မာ ရေ န္တော ဂစ္ဆတိ

တိသံဃော" ဝိဂ္ဂိုလ်နေ့သာမှု သတိပြုပါက၊ ဓမ္မဓိဋ္ဌာန်သံဃာလို့ပင် အမည်တွင်, သဘောပေါက်ပါသတည်း။

ဤမျှရေးသားမှုဖြင့် တရားတလုံး ပေါက်ပါက၊ အားလုံး ခရီးရောက်ပြီးမြောက်ပုံ၊ တရားသာသနာတည်ပါက သာသနာအရပ်ရပ်တည်ပုံ၊ အသိမှန် အကျင့်မှန် သာသနာ မိမိမှာ ကိန်းအောင်းပါက၊စိတ္တဇ'အနုမာန' အတ္တဝိညာဉ်'အခြေခံ၍'ဖြစ်ပေါ်သမျှ လူမှုဒုက္ခအဝဝမှကင်းပုံ ဥာဏ်ငုံကာသိ၍ ၎င်းအသိတရားကို အရှိထားနိုင်ကြပါစေကုန်သတည်း။

အသိမှန်အရင်းခံပြု၍ အလုပ်မှန် အကျင့်မှန်ဖြစ်ပါက၊ မိစ္ဆာဉာဏ်မရောက်၊ အဝိဇ္ဇာပျောက်မည်ကား မလွဲမချပါတည်း မိမိမှာ အဝိဇ္ဇာမဖြစ်ပါက (ဝါ) အဝိဇ္ဇာချုပ်ငြိမ်းပါက "ဝိဇ္ဇာဉာဏ်ရောက်ပြီ" ရပြီ "ဝိဇ္ဇာဉဒပါဒိ" ဖြစ်ကြီး ဖြစ်ပြီ။ ဤသို့ ဝိဇ္ဇာဉာဏ်ရတာ ရောက်တာကိုပင် နိဗ္ဗာန်ရသည် ရောက်သည်လို့ဆိုခြင်းဖြစ်သည်။

တနည်းအားဖြင့် မိမိမှာ မသိမှုအဝိဇ္ဇာမဖြစ်တာ၊အဝိဇ္ဇာအမြဲချုပ်နေတာကို "နိဗ္ဗာန်"ဘဲ "ပဋိဝေဓသာသနာ" ဘဲလို့ခေါ်စွဲပြုနေကြခြင်း ဖြစ်ပါသည်။ ထို့ကြောင့် မိမိကိုယ်ကိုသိအောင်လုပ်ပါ၊ ကိုယ့်ကိုယ်ကိုသိသည့်တနေ့မှာ၊ ကိုယ့်ကိုယ်ကိုအောင်နိုင်သူဖြစ်ပါလိမ့်မည်၊ ဗုဒ္ဓဝါဒ ဗုဒ္ဓအဘိဓမ္မာမှာ ကိုယ့်ကိုယ်ကို အောင်နိုင်အောင်လုပ်မှုသည်၊ အဓိကဖြစ်ပါသည်(ဝါ)

ကိုယ့်ကိုယ်ကို သိတာကိုပင်လျှင် တရားရသည်၊ ရောက်သည်ဆို ပါသတည်း။

ထိုသို ကိုယ့်ကိုယ်ကိုသိ၍ ကိုယ့်ကိုယ်ကို အောင်နိုင်သူ ဖြစ်ပါက၊ နိဗ္ဗာန်မျက်မှောက်ပြုပြီ ပဋိဝေဓ သာသနာရောက်ပြီ 'ဥတ္တရိမနုဿ ဓမ္မ ကိုဥ ကရဏီယန္တိ' ဖြစ်ကြီးဖြစ်ပြီ၊ သာသနာ ဆိုတာ ဘာအယူမျှ မရှိကြောင်း အသိကောင်းပြီ၊ လူသားပြုလုပ်သည့် အယူစွဲ ဒါဏ်ချက်အသိုက်အမြုံကို လူသားကိုယ်တိုင် အမြစ်ပါ မကြုံ၊ တွန်းလှန်ပါယ်ဖျက်ရမှု ကြီးစွာသော သတိပြုမိပြီး၊ရင်း အသိကြီးခိုင်မြဲပြီ၊ သမ္မာဒိဋ္ဌိရာယဏောဖြစ်ပြီး'အဟောဝတ'သ ဘောကျ၍မည်သည့်လောကဓံနှင့်ကြုံကြုံ 'အယူ' 'အသိ' 'အကြံ' မဖေါက်ပြန်တော့ပြီ၊ ဘုရားသားတော် သာသနာတွင်းသားဖြစ် ကြီးဖြစ်၍ သာသနာသုံးရပ် တထပ်တည်းဖြစ်အောင်တမ်းဆောင် နိုင်သည့် သာသနာ့ အာဇာနည်ကြီးဖြစ်ရပေ၏။

ထို့ကြောင့် ကမ္ဘာလက်သုံး ဘာသာတရားနှင့် 'တနည်း' ထွေလျှား မျှားပြားလှသည့် အယူဘာသာ တရားနှင့် ထိုသည့် အယူဘာသာတရားတို့ကို အမှားအမှန် အတုအစစ် ခွဲချမ်းဝေ ဘန် ရှင်းလင်းသုံးသပ်သည့် သာသနာတရားတို့၏ ကွဲပြားခြား နားမှုကို အလေးအနက် သတိပြုကာ ဝေဘန် ဆန်းစစ်လျှက် နည်းမမှန် လမ်းမကျသည့် ဘာသာ တရားတို့ကို ရှောင်၍သာ သနာတရားကိုဆောင်မှုပရိက ပြုကြပါလို့၊ သတိပေးတိုက်တွန်း ရင်း ဘာသာနှင့်သာသနာခွဲခမ်းကို၊ နိဂုံးချုပ်အပ်ပါသတည်း။

## သစ္စကထာ ကိုယ်ကျင့်အဘိဓမ္မာ

ယနေ့မျက်မှောက်ကာလ ကမ္ဘာ့သားသမီးများ ဖြစ်ကြသည့်လူသား အပေါင်းတို့မှာမြင်မှု၊ ကြားမှု၊ နံမှု၊ စားမှု၊ ထိမှုအတွက် ရတက်မအေး ပူဆွေးကြောင့်ကျ မျှော်လင့်တောင့်တကာ ကာယိက ဒုက္ခ-စေတသိကဒုက္ခ ပဋိစ္စသမုပ္ပါဒ်ဖြစ်နေကြရပေ၏။

ထိုသည့်လူသားသည်၊ ကိုယ်၏ဆင်းရဲမှု စိတ်၏ဆင်းရဲမှုမှ လွတ်မြောက်ရန် လောကနည်း ဓမ္မနည်းအားဖြင့် အချိုးမျိုး ဖြေရှင်းလျက်ရှိကြပါသည်။ထိုသို့ဖြေရှင်းသည့်နေရာမှာလူပုဂ္ဂိုလ် ရဟန်းပုဂ္ဂိုလ် အသီးသီးတို့သည် ကိုယ့်နည်း ကိုယ့်ဟန်ဖြင့် လမ်းစဉ်အမျိုးမျိုး တည်ထွင်ကာ ရေးသားဟောပြောမှုလမ်းညွှန် ပြုလျက်ရှိကြပါသည်။

ကျွန်ုပ်တို့လည်း၊ တိုင်းရင်းသားတယောက် သာသနာ့ဝန်ထမ်း တဦးဖြစ်သည့်အားလျော်စွာ မိမိအား စားဝတ်နေမှု ကျေးဇူးပြုကြသည့် စတုပစ္စယ ဒါယကာများကို ကျေးဇူးတုံ့ပြန်သောအား၊ လောကလူသားအပေါင်းကို လူမှုဒုက္ခအပေါင်းမှ လွတ်မြောက်ရေး ရှေ့ဆောင် လမ်းညွှန် ပေး သွား သည့် လူသား ဗုဒ္ဓအား ကျေးဇူးကိုပြန်သောအားဖြင့် မိမိသဘောပေါက်, လူမှုဒုက္ခဖြေရှင်းနည်း၊ နိသျှည်းကို အာဂါရမှု အိမ်ယာ

ထောင်ပြု၍ နေကြသည့် လူသားအပေါင်းတို့ကို ရေးသား တင်ပြပါအံ့။

ကျွန်ုပ်၏ သဘောပေါက်မှုကို ရေးသားတင်ပြသည့် အခါမှာ လောကီနှင့်လောကုတ် (တနည်း) သစ်တနှင့် အသစ်တ တို့ကို အလေးအနက်ထား၍ ခွဲခြားရေးသားမည်မဟုတ်ပါ။ သဘာဝနယ်မှ သဘောသွားကို တသားတည်းထား ရေးသား တင်ပြပါအံ့၊ အဘယ်ကြောင့် လောကီလောကုတ် သစ်တ အသစ်တို့ကို အလေးအနက်ထား၍ မခွဲခြားဘဲ၊ တသားတည်း ထားပြီးရေးသားရပါသနည်းဟူမူ လောကလူသား ဗုဒ္ဓဘာသာ အများစုတို့သည် လောကီနယ်ကြီးကဲဘခြား၊ လောကုတ္တရာ နယ်ကြီးကသီးသန့် သင်တနယ်ကြီးကတခြား၊ အသစ်တနယ်ကြီး ကတခြား၊ နယ်ကြီးနှစ်နယ်၊ ပဋိဒ္ဒါရနှင့်တွေ့ထိလို့ ရသည့်ပမာ ခြားနားသည် ထင်မှတ်နေခြင်းကြောင့် ဤသည့်ထင်မှတ်မှောက် မှားမှုကို ပါယ်ဖြောက်စေလိုသော ဆန္ဒကြောင့်ဖြစ်ပါသည်။

အမှန်ကဘော့ လောကီ'လောကုတ္တရာသစ်တ'အသစ်တ အားဖြင့် လက္ခဏာပြားသော်လည်း မူလအရင်းခံအားဖြင့် တသားတည်းဖြစ်ပါသည်။ အကြောင်းကိုဆိုသော် လောက မျက်မြင်ကိုယ်တွေ့ ဖြစ်ရပ်မှန်သမျှ ဘဝတွေ့ထိမှု မှန်သမျှတို့၏ အပေါ်မှာ အသိမှားအလုပ်မှားပါက လောကီသစ်တတရား၊ အသိမှန် အလုပ်မှန်ပါက လောကုတ္တရာ အသစ်တ တရားဖြစ်ပါ

သည်၊ အဟုတ်သော်တမူကား ကမ္မရုပ်ဟာ တခုတည်းသာလျှင် ဖြစ်သောကြောင့်ပါတည်း။

ဤနေရာမှာ၊ သတိရှေ့ထား ဥာဏ်စေစားပါ၊လူမှုရေး ဒုက္ခ ဘာသာရေးဒုက္ခ သာသနာရေး ဒုက္ခစသည်အားဖြင့် ဒုက္ခ အစားစား အနှောင်အဖွဲ့တွေက များလှပေ၏။ ဤသည့် ဒုက္ခ အစားစား အနှောင်အဖွဲ့များမှ လွတ်မြောက်လိုသည့်၊ ဝိမုတ္တိ ရသထူးကို လိုလားသည့် လူသားသည်၊ အဘပြော သားကြား ပရိဘာသာစကား၊ မိရိုးဖလာဓမ္မတာ တရားတို့ကို တွန်းလှန်ရပေမည်၊ ဦးနှောက်ငှားကို ဖယ်ရှား၍ ကိုယ်ပိုင် ဦးနှောက်ဖြင့် မကြောက်မရွံ့ နှောက်မတွန့်ဘဲ ကိုယ့်အား ကိုယ်ကိုးပြီးအပြင်း အထန် ဝေဘန်ရပေဦးမည်။

ဦးကျောက်အငှားမဟုတ် ကိုယ်ပိုင်ဦးကျောက်ဖြင့် ကိုယ်တိုင် ဝေဘန်ဆန်းစစ်မှု သုတေသနပြုမှ ကိုယ်တိုင်သိ ကိုယ်တိုင်မြင်ဖြစ်မည်၊ ကိုယ်တိုင်သိ ကိုယ်တိုင်မြင်ဖြစ်ပါကဲ၊ ကိုယ့်ကိုယ်ကို ပြန်မလိမ်တော့ပါ၊ ကိုယ့်ကိုယ်ကို နိုင်တော့သည် သာလျှင်တည်း။ ဗုဒ္ဓဝါဒသည်အဓိကအားဖြင့်ကိုယ့်ကိုယ်ကိုမလိမ်အောင် ကိုယ့်ကိုယ်ကိုနိုင်အောင် လုပ်သော ဝါဒသာလျှင် ဖြစ်ပါသတည်း။ ကိုယ့်ကိုယ်ကိုနိုင်ခြင်းထက် ကောင်းမြတ်သာလွန်သော တရားသည်၊ အဘယ်မှာရှိပါအံ့နည်း၊ ထို့ကြောင့်ဗုဒ္ဓက-

ယောသဟဿံ သဟဿေန၊ သင်္ဂါမေ မာနုသေဇိနေ ဧကဉ္စ ဇေယျမတ္တာနံ၊ သဝေသင်္ဂါမ ဇုတ္တမော။ စသည်ဖြင့် ဟောကြားမိန့်မှာခဲ့ပေသည်။

ကိုယ့်ကိုယ်ကို အောင်သူ ဖြစ်အောင် ကိုယ်ပိုင်ဉာဏ် ခစစားရှဲ့ ဝေဘန်ဆန်းစစ်ပါက လောကီလောကုတ္တရာ သင်္ခတ အသင်္ခတဆိုသည်မှာ နယ်ကြီးနှစ်နယ် ပဋ္ဌဒွါရနှင့် အမြင်ခံ တရား ရှိကြသည်မဟုတ် ပဋ္ဌာရုံအပေါ်မှာရှုမြင်ချက်ခြင်းမတူ၊တွေ့ ထိမှုခြင်း ကွဲပြား ခြားနားသည့်အပေါ်မှာ၊ နာမ်မြင် ကံမြင် (တနည်း) သညာမြင် ဝိညာဉ်မြင်ဖြစ်ပါကဲ လောကီ သင်္ခတ တရား။ ဉာဏ်မြင် ပညာမြင်ဖြစ်ပါက လောကုတ္တရာ အသင်္ခတ တရားဖြစ်ပါသည်။ ဤသည့် ခြားနားချက်ကို ပိုင်နိုင်စွာ သိဘို့ လိုအပ်ပါသည်။ ဤသည့် ခြားနားချက်ကို မသိပါက လောကီ နှင့်လောကုတ္တရာ ဆိုတာ အဝတ်ပေါ်မှာ အပြော ပေါ်မှာ အစားပေါ်မှာ အဆောင်အရောင် ပကာသနပေါ်မှာ ခြားနား သည် ထင်မှတ်၍ အဝတ်သူတော်ကောင်း အပြော သူတော် ကောင်း၊ အစားသူတော်ဘောင်း ပေါ်မှာ သောင်တင်ပြီး မျက်စိလည် လမ်းမှားတတ်ကြပါသည်။

တနည်းအားဖြင့်ဆိုသော်-

ဣမသ္မိံ ယေဝကဠေဝရေ-ဗျာမမတ္တေ သမနကေ သဝိ ညာနကေ လောကဥ္စ ပညာပေမိ၊လောကသမုဒ ယဥ္စ လောကနိရောဓဥ္စ လောကနိရောဓ ဂါမိနိ ပဋိပ ဒဥ္စ....

လာရှိဒေသနာ သေအခြာစဉ်းစားဝေဘန်အဖြေမှန်ရှာ

ပါက၊ တလံမျှလောက်သော ခန္ဓာကိုယ်အကျိုး ဝိပါတ်ရုပ်ကြီး၌ အတွင်းရုပ် အပြင်ရုပ်အကြောင်းတိုက်ဆိုင် ပြည့်စုံညီညွတ်ပါက ပရမတ် ရုပ်နာမ် တရားများ ထပ်မနား ဖြစ်ကြပါသည်။ ဤသည့်ပရမတ် ရုပ်နာမ်သည်ပင်လျှင် လောကဖြစ်ပါသည်။ ၎င်းပရမတ် ရုပ်နာမ်လောကမှာ ကောင်းဆိုးနှစ်တန် အမှန် ရောပြွမ်းဖြစ်ပျက်လျက်ရှိပေ၏။ ထိုသို့ကောင်းဆိုးနှစ်တန် မှားမှန် ရောပြွမ်း ဖြစ်ပျက်နေတာကို 'လုဇ္ဇတိပလုဇ္ဇတီတိ လောကော ဝိဂ္ဂြိုဟ်နေ့ာမှု သတိပြုပါက လောကီသစ်ာ တရားလို့ ခေါ်ဆို သမုတ်ကြရာ၏၊ (၀၁) ပရမတ် ရုပ်နာမ်လောက အပေါ်မှာ အမြင်မှန်မပေါက် အသိဉာဏ်မရောက်ပါက လောကတရားလို့ ခေါ်ဆိုရာ၏။

လောကုတ္တရာ တရားဆိုသည်မှာလည်း အထက်မှာပြအပ်သည့် ပရမတ်ရုပ်နာမ်အပေါ်မှာ အမှားမဖက်အဆိုးမစွက် မူလ သဘောသက်သက်ကို အသိမှန်ပေါက် အမြင်မှန် ရောက်သည်ကို လောကုတ္တရာတရားလို့ ခေါ်ဆိုတာပါ၊ အမှားမဖက် အဆိုး မစွက်၊ အဆိုးအမှားမှ လွတ်သွားတာကို 'လောကော ဥတ္တရော လောကုတ္တရော' ဝိဂ္ဂြိုဟ်နေ့ာမှု ကိုယ်ပိုင်ဉာဏ်နှင့် ဝေဘန်ပြု ပါက လောကုတ္တရာတရားလို့ လက်ခံပြုရာ၏။ အမှန်ကတော့ လောကီလောကုတ္တရာတရားဆိုတာ ရှုမြင်သုံးသပ်ပုံ မတူသည့် အပေါ်မှာ ခြားနားတာပါ။ ရှုမြင်သုံးသပ်စရာကတော့ တခု တည်း တပါးတည်းသာလျှင် ဖြစ်ပါသတည်း။

လောကီ၊ လောကုတ္တရာ၊ သင်္ခတ၊အသင်္ခတ တရားဆိုတာ မျက်မြင်ကိုယ်တွေ့အားဖြင့် နှစ်ဌာန နယ်ကြီးနှစ်နယ်ခြားနား လျက်မရှိကြောင်း အသိကောင်း အမြင်မှန် အရင်းခံထားပြီး ဥပါဒါန်ဒုက္ခအပေါင်းမှ လွတ်မြောက်မှု ပရိုက်ပြုကြပါစို့။

မြင်မှု၊ ကြားမှု၊ နံမှု၊ စားမှု၊ ထိမှု၊ သိမှုအတွက် ရတက် မအေး ပူဆွေးဒုက္ခ၊ ကြောင့်ကျမှု၊ တောင့်တမှု ဖြစ်နေရသည့် လူသားအတွက်လွတ်မြောက်ရေးလမ်းစ’လမ်းညွှန်ပြရမည်ဆိုလျှင် မိမိတွေ့ကြုံခံစားနေကြရသည့် ဒုက္ခအပေါင်းသည် ဘာကြောင့် ဖြစ်သနည်း။ ဘယ်လိုဖြစ်ပုံ ဖြစ်နည်းကဲ့သနည်း။ ၎င်းအမေး သုံးချက်ကို အကွက်ကျကျ အစပထမမှာ အပြန်ပြန် အလှန်လှန် (အနုပဋိလောမ)နည်းအားဖြင့် ပုစ္ဆာထုတ်ဝိသဇ္ဇနာပြုလုပ်ရာ၏။

ဒုက္ခအပေါင်းက ဘာကြောင့်ဖြစ်သနည်း၊ ဒုက္ခဖြစ်မှုက ဘယ်မှာ အခြေခံသနည်းဆိုတာ အရင်းခံကျကျ ရှာမည်ဆို လျှင် ယနေ့မျက်မှောက်လောကမှာ လူသည် အရင်းခံအကျဆုံး ဖြစ်သည်ဆိုတာ အားလုံး လက်ခံကြပြီးဖြစ်ပေသည်။ ဤသည့် အရင်းခံကြသည့် ခန္ဓာကိုယ်ရုပ်ဒြပ်ကြီးသည် အရင်းခံပင်မအား ဖြင့် ဘာကြောင့်ဖြစ်သနည်း။ ၎င်းရုပ်ဒြပ်ကြီးမှာ အသေးစိပ် အားဖြင့် ဘာတွေပါဝင်နေသည်၊ သူ၏ သဘောက မည်သို့ ဆောင်သည်၊ အဆုံးသပ်လမ်းဆုံးအားဖြင့် မည်သို့ဖြစ်သည်ဆိုတာ ဦး ကျော်ငြိမ်း မ ဟုတ်၊ ကိုယ် ပိုင် ဦး ကျော်ဖြင့် ဆန်းစစ်

ဝေဘန်အဖြေမှန်ရှာရန် လိုအပ်ပါသည်။ ဘာသာရေး သာသာ နာရေးမှာ ဦးကျောက်ငှားနှင့် အရာမပါ ခရီးမရောက် လိုရင်း မပေါက်နိုင်ပါ။

လူသား၏ ခန္ဓာကိုယ်ရုပ်ဒြပ်ကြီး စတင် ပေါက်ဖွားရာ အရင်းခံ ပင်မသည်။

အယံမေကာယောရူပိ- ဓါတုမဟာဘူတိကော
မာတာပေတ္တိကသမ္ဘဝေါ- ဩဒနကုမ္မာသုပစယော
အနိစ္စုစ္ဆာဒနပရိမဒ္ဒန- ဘေဒနဓမ္မော။

လူသား၏ ခန္ဓာကိုယ်ကြီးသည် ရုပ်ကြီး သာလျှင် ဖြစ်သည်။

ဤရုပ်ကြီးသည် မာပြော့(ပထဝီ)၊ ဖွဲ့ပါတ်'ယိုစီး (အာပေါ)၊ ပူ'အေး(တေဇော)၊ တွန်းကန်'ငြိမ်သက် (ဝါယော)ဆိုသည့် ဓါတ်ကြီးလေးပါးသာလျှင် ဖြစ်သည်။ အမိ အဖ တို့၏ သွေးရောစပ်မှု အကြောင်းပြုသည့်အခါ ရေ-လေ တည်းဟူသော ဗဟိဒ္ဓရုပ် လောကမှ သက်ဦးဩဇာဓာတ်နှင့် သမဘာဝ 'သဟဇာတ'ဖြစ်ရခြင်း အရင်းခံတရားများ အချိုးအစားညီမျှ အကြောင်းစုံမှ လူသား၏ခန္ဓာကိုယ် ရုပ်ဒြပ်ကြီး ဖြစ်ပါသည်။

ဤသည့်လူသား၏ ခန္ဓာကိုယ်ရုပ်ဒြပ်ကြီးမှာ အသေးစိပ် အားဖြင့် "ကေသာ လောမာ နခါ ဒန္တာ စသည်အားဖြင့် သုံး

ဆယ့်နှစ်ပါး(၀၁)ဆံပင် မွေးညှင်း အရိုးအသား အကြောများနှင့်ရိုးတွင်း၊ချဉ်ဆီ၊အူသိမ်၊အူမ၊ အဆုပ်၊ အသည်း၊ကျောက်ကပ်၊ နှလုံး စသည်အလီလီအားဖြင့် သုံးဆယ့်နှစ်ပါး အကျုံးဝင် ပေါင်းစပ်တည်ရှိနေပါသည်။ ၎င်းသုံးဆယ့် နှစ်ပါးသော အပေါင်းအစုသည် ရုပ်တရားများသာလျှင် ဖြစ်သည်ကို အထူးသတိပြုသင့်သည်။ မည်သည့် စိတ် ဝိညာဉ် နာမ် တရားမျှမပါ။မည်သည့် အသက်လိပ်ပြာမှုမရှိ၊ ပကတိရုပ်သားသာလျှင် ဖြစ်ပါသည်။ အသက်လိပ်ပြာ၊ ဇီဝါ၊ လောက်လမ်း သဘာယ်ဝိညာဉ်တွယ်ဆိုသည်မှာ လူသားအသင်မှားမှု့အထင်ခံတရားသာလျှင်ဖြစ်သည်။ အမှန်ကတော့မရှိပါ။အသက်ဆိုသည်မှာ အထက်တွင် ပြအပ်သော သုံးဆယ့်နှစ်ပါး အပေါင်းအစု အဇ္ဈတ္တိကဣန္ဒြိယဗဒ္ဓရုပ်များနှင့်ဗဟိဒ္ဓလောကမှ အဆင်း အသံ အနံ့အရသာ အတွေ့တည်းဟူသော အစာ ရေ လေ အနိန္ဒြိယဗဒ္ဓရုပ်များ အချိုးအစားညီမျှစွာ ပေါင်းဆုံမှု အရှိန်စု စွမ်းအားကို အသက်ရှင် နေသည်၊ အသက်ရှိသည်လို့ ခေါ်ဆိုသမုတ်ခြင်းဖြစ်သည်။

ထိုဆိုအပ်ခဲ့ပြီးသော သုံးဆယ့်နှစ်ကောဋ္ဌာသ ရုပ်လောက လူ့ကမ္ဘာမှာ၊ လူသားအတွက် အချက်ကျ အရေးပါအရာရောက်၍ အသုံးဝင်လှသည့်မျက်စေ့၊ နား၊ နှာ၊လျှာ၊ကိုယ်၊ဟဒယခြောက်ဌာနရှိပါသည်။။ (ဒွါရခြောက်ပါး-ပသာဒ ခြောက်မျိုးလို့လည်းခေါ်ပါသည်)။ လောကီ လောကုတ္တရာ၊ သင်္ခတ၊ အသင်္ခတ တရားတို့လည်း ၎င်းခြောက်ဌာနမှာ ဖြစ်ပါသည်။

အရင်းခံအားဖြင့် လောကီ လောကုတ္တရာဆိုတာ ၎င်းခြောက်ဌာနမှာဖြစ်သည်။ ကိလေသာ တဏှာဖြစ်တော့လည်း ၎င်းခြောက်ဒွါရမှာဖြစ်သည်။ ပြတ်တော့လည်း ထိုဒွါရ ခြောက်ပါးမှာပြတ်သည်။ ထို့ကြောင့် နိဗ္ဗာန်ဆိုတာလည်း ခြောက်ဒွါရမှာဖြစ်သည် ရှိသည်ဆိုတာ သဘောပေါက် လက်ခံယုံကြည်နိုင်ရန် အထူးလိုအပ်ပေသည်။

အကြောင်းစုံအောင် ပြောမည်ဆိုပါက ကိလေသာ အစားစားတဏှာများ၊ ဘယ်ဌာနမှာဖြစ်သနည်းဆိုက "မျက်စေ့ နား၊ နှာ၊ လျှာ၊ ကိုယ်၊ ဟဒယ" ခြောက်ဌာနမှာဖြစ်ပါသည်။

ကိလေသာအစားစား တဏှာများ မည်သည့်အခါမှာဖြစ်သနည်းဆိုက 'မြင်စိတ် ဖြစ်ဆဲ၊ ကြားစိတ် ဖြစ်ဆဲ၊ နံစိတ် ဖြစ်ဆဲ၊ စားစိတ် ဖြစ်ဆဲ၊ ထိစိတ် ဖြစ်ဆဲ၊ သိစိတ် ဖြစ်ဆဲ'မှာ မသိမှု အကြောင်းခံပါက တပြောင်းပြန်ပြန် စိတ်ခြောက်မျိုးဖြစ်ဆဲကာလမှာ ကိလေသာတဏှာများ ဖြစ်ပါသည်။

ကိလေသာ အစားစား တဏှာများ ဘာကြောင့်ဖြစ်သနည်းဆိုပါက မြင်စရာအဆင်းမှန်သမျှ (ရူပါရုံ) ကြားစရာ အသံမှန်သမျှ (သဒ္ဒါရုံ) နံစရာအနံ့မှန်သမျှ (ဂန္ဓာရုံ) စားစရာ အရသာမှန်သမျှ (ရသာရုံ) တွေ့ထိစရာ အတွေ့အထိ မှန်သမျှ (ဖေါဋ္ဌဗ္ဗာရုံ) သိစရာ အဟောင်းတရားမှန်သမျှ (ဓမ္မာရုံ)ဟူသည့် အာရုံခြောက်ပါး၏ မူလအရင်းခံသဘောတရားကို နားမလည်

အသိမမှန်ပါက ထိုအာရုံခြောက်ပါးသည်ပင်လျှင် ကိလေသာ တဏှာများဖြစ်စေတတ်သော အာရုံများဖြစ်ပါသည်။

ဤနေရာမှာ ကိုယ်ပိုင်ဥာဏ်စေစား၍ ဝေဘန်အပ်လှပေသည်။ ကျွန်ုပ်တို့သည်ကိလေသာကိုပါယ်ရမည်ဆိုတာ ဗုဒ္ဓဘာသာတိုင်း သိကြလက်ခံကြပေမည်။ ဒါပေသည့် ကိလေသာဆိုတာ ဘာလဲလို့ အရင်းခံကျကျ ပိုင်ပိုင်နိုင်နိုင် လေ့လာ ရှာကြံမှုကြတော့ သတိမပြု လစ်လျူရှုကြသည်သာ၊ အမှန်ကတော့ ကိလေသာဆိုတာ မသိမှုနှင့်ဖြစ်သမျှ ကိလေသာကြီးဟူ၍ သိရာ၏။

ထို့နည်းအတူ တဏှာဆိုတာဘာလဲလို့ အရင်းခံကျကျ ရှာကြံတတ်ဘို့ လိုလာပြန်သည်။ တဏှာဆိုတာ သချာအရေ အတွက်အားဖြင့် များလှသော်လည်း လိုရင်းကိုအမိဘာသာစကားနှင့်တည့်တည့်ကြီး ပြန်ဆိုပါက မိမိဘဝပေး အခြေအနေထက် ပိုလွန်၍ အလိုရှိမှုမှန်သမျှကို ‘တဏှာ’ လို့ ခေါ်ဆိုသိမှတ်ရာ၏။

ထို့နည်းအတူ ဘာသာရေး သာသနာရေး နယ်ပါယ်မှာ အဓိကအရေးပါလှသည့် ပါယ်သတ်ရမည့် ‘ဇာတိ’ ကိုသိရန် လိုလာပြန်သည်။

ဇာတိဆိုတာ ‘အဖြစ်’ သဘောပါဘဲ၊ ဘယ်မှာဖြစ်တာလဲ၊ ဘယ်လိုဖြစ်တာလဲ ဆိုပါက၊ ခြောက်ဒွါရမှာဖြစ်သည်။ အကြောင်းစုံအောင် ပြောမည်ဆိုလျှင်၊ ခြောက်ဒွါရ ခြောက်

အာရုံ၊ ခြောက်ကိစ္စမှာဖြစ်သည်။ ဘယ်လိုဖြစ်သနည်းဆိုလျှင် ခြောက်ဒွါရ၊ ခြောက်အာရုံ၊ ခြောက်ကိစ္စ အကြောင်းစုံသည့် အခါမှာ၊ မသိမှုအကြောင်းခံ၍ ကောင်းကံ မကောင်းကံတွေ တပြောင်းပြန်ပြန် ဖြစ်နေပေ၏။ ဤသည့် 'အဖြစ်သဘော' ကို 'ဇာတိ' လို့ ခေါ်ဆိုလက်ခံသိရာ၏။

ထို့အတူခန္ဓာသံသရာ-ပဋိစ္စသမုပ္ပါဒ်တို့လည်း ဤသည့် ခြောက်ဒွါရ ခြောက်အာရုံ ခြောက်ကိစ္စမှာ ဖြစ်ကြောင်းအသိ ကောင်း အမြင်မှန်ရန်၊ ကိုယ်ပိုင်ဉာဏ်ယှဉ်မှု၊ အထူးသတိပြု ရာ၏။

အဝိဇ္ဇာနယ်သား၊ မိစ္ဆာဒိဋ္ဌိမှ ပေါက်ဖွားသည့် ကိလေ သာတဏှာ ဇာတိ၊ ခန္ဓာ၊ သံသရာ၊ ပဋိစ္စသ မုပ္ပါဒ်စသည့် လောကတရားများကို၊ ခြောက်ဒွါရမှာဖြစ် ကြောင်း အသိ ကောင်း ထားရန် မှာကြား သတိ ပေး မှု အကျဉ်းအား ဖြင့် ပြုပြီးပြီ။

ယခုတဖန် 'ဝိဇ္ဇာ' နယ်သား သမ္မာဒိဋ္ဌိမှပေါက်ဖွားသည့် လက္ခဏာ 'မဂ်ဖိုလ် နိဗ္ဗာန်'ဆို ထိုထိုလောကုတ္တရာ တရားတို့ကို ဘယ်ဌာန ဘယ်ကာလမှ ဖြစ်သလဲလို့ အကျဉ်းအားဖြင့်သိထား ရန် ကိုအပ်သည့်အားလျော်စွာ လက္ခဏာဉာဏ်၊ သစ္စာဉာဏ်ကို မပြမီ၊အကျဉ်းအားဖြင့်သိထားရမှာကတော့၊ ထိုထိုလောကုတ္တရာ တရားတို့လည်း ခြောက်ဒွါရ၊ ခြောက်အာရုံ၊ ခြောက်ကိစ္စမှာ ဖြစ်ပါသတည်း။

လောကသံသရာဆိုတာ၊ လူ့ခန္ဓာမှာဖြစ်ကြောင်း အသိ ကောင်းလက်ခံသုံးကြည့်ရန်လိုသည်၊ လူ့ကမ္ဘာ၊ လူ့ခန္ဓာ၊ လူ့ သံသရာကို အသိကောင်း အမြင်မှန်အောင် သဘောပေါက်ပိုင် အောင်လုပ်မှုသည်၊ လွတ်မြောက်ရေးအတွက်၊ အဓိကအချက် ဖြစ်ပါသတည်း၊ (ဝ၁) လူသည် လူ့အကြောင်းကိုသိအောင်လုပ် မှုသည်၊ဗုဒ္ဓလမ်းစဉ်အဆုံးအမဥ္စအဓိကအကျဆုံး အရင်းခံတရား လမ်းဆုံးတရားပါပေ။ ထို့ကြောင့်လူသားအကြောင်း၊လူ့ကမ္ဘာ လူ့ခန္ဓာ၊ လူ့သံသရာအကြောင်းကို သဘောပေါက်ပိုင်အောင် လူ့ကျင့်အဘိဓမ္မာကို ရေးသားလမ်းညွှန်ပြုပါအံ့၊ ကိုယ်ပိုင်ဉာဏ် နှင့် အပြင်းအထန် ဝေဘန်ကြပါကုန်။

"ယခုကျွန်ုပ်ရေးသားမည့် လူ့ကျင့် အဘိဓမ္မာသည် ဘာသာရေးသိမ်းသွင်းမှုမပါ၊ လွတ်မြောက်ရေးတရားသက်သက် ကို ပြပါမည်၊ လွတ်မြောက်ရေးတရားကိုပြသည့် နေရာမှာလည်း သင်္ခါရပေက္ခာ ဉာဏ်စခန်းကပြပါမည်"

ယနေ့မျက်မှောက်ကာလဗုဒ္ဓဘာသာလူသားအမြော်တနိုး ထား၍ လိုလားတောင့်တမှုပြုနေသည့် 'နိဗ္ဗာန်' သည် ဝဋ္ဋကာမဂုဏ် ကိလေသာ ကာမဂုဏ်တို့၏အကြား၊ ကိုယ့်အနားမှာ ရှိပေသည်၊ ဝဋ္ဋကာမဂုဏ်နှင့်ကိလေသာကာမဂုဏ်ဘို့ကဖုံးထား ၍မမြင်ရ၊ မျက်မှောက်မပြုရပေ။

ကာမစ္ဆန္ဒာ နုပဿန္တိ၊ နိဗ္ဗာနံကာမမန္တရေ၊
ပဿန္တိကတောအန္တံ၊တဣှာဆန္ဒံဝိကောပယေ၊

ထိုထိုကာမဂုဏ်တို့ကို၊ ကာယသင်္ခါရနှင့်လည်း မခွဲနိုင်။ ဝစီသင်္ခါရနှင့်လည်း မခွါနိုင်၊ မည်သည့် သင်္ခါရနှင့်မျှ မပါယ် ဖျက်နိုင်၊ (၀၁)နိဗ္ဗာန်သည် 'ကုသိုလ်' 'အကုသိုလ်' တို့နှင့်လည်း လဲလို့မရပါ၊ "သင်္ခါရပေက္ခာဉာဏ်မဆိုက်ဘဲ" မဂ်ဇော၊ဖိုလ်ဇော ကျလို့မရသည်ကို အလေးအနက်သတိပြု။

ထိုထိုကိလေသာ ကာမဂုဏ်တို့ကို ပညာဉာဏ်မှ အကြွင်း မဲ့ပါယ်သတ်နိုင်သည်၊ နိဗ္ဗာန်သည် ကံသင်္ခါရမျိုးမဟုတ်ပေ။ ကံလမ်း နာမ်လမ်းမဟုတ်ပါ၊ဉာဏ်လမ်းသာလျှင် ဖြစ်ပါသည်။ "ပညာယ သမုစ္ဆေဒ ပဟာနဝသေနကိလေသာ ပဟာနံပကာ သိတံ ဟောတိ" ထို့ကြောင့် 'လက္ခဏာဉာဏ်''သစ္စာဉာဏ်'အမြင် မှန်ရေး ကေမ္မကို ဘာဝေတဗ္ဗ ဗဟုလိကတပြုကြပါစို့။

အယံခေါတိက္ခဝေ ကောဓမ္မော အာသေဝိတော ဗဟုလိကတော သောတာပတ္တိ ဖလသစ္ဆိကိရိယာယသံ ဝတ္တတိ၊ သကဒါဂါမိဖလသစ္ဆိကိရိယာယ သံဝတ္တ တိ အနာဂါမိဖလ သစ္ဆိကိရိယာယ သံဝတ္တတိ၊ အရ ဟတ္တဖလသစ္ဆိကိရိယာယ သံဝတ္တတိ။

သောတာပန် သကဒါဂါမ်စသည့် အရိယာသူကောင်း

သူမွန်သူမြတ် ဖြစ်လိုသူသည် (ဝါ) ဝိမုတ္တိရ သဖြစ်သည့် နိဗ္ဗာန်ကို မျက်မှောက်ပြုလိုသူသည်၊ တခုသော ‘သဘာဝ’နိယာမသဘောတရားကို ပေါက်ပိုင်အောင်၊ လေ့လာစေဘန်သုံးသပ်မှုအဖန်ဖန်ပြုရာ၏၊ ထိုသို့ ဝိမံသနဉာဏ် အရင်းခံထား၍ ဝိစာရဏာဉာဏ်ဖြင့် အခါခါဝေဘန်၍ အမြင်မှန်ပေါက် အသိဉာဏ်ရောက်ပါက သဘောတာပန်အစ ရဟန္တာအဆုံး အရိယာ(သူမှန်သူကောင်း)ဖြစ်ကြမည်ကား မြေကြီးလက်ခတ် မလွဲပါတည်း။

တခုသောသဘောတရားကို ပေါက်ပိုင်အောင် ပွါးများပါက အရိယာ(သူမှန် သူကောင်း) (ဝါ)လူမွန် လူမြတ်များဖြစ်နိုင်ပါသည်ဆိုတော့ တခုသောသဘော တရားက ဘယ်မှာဆင်ခြင်ရ၊ သံရမှာနည်းဆိုသော်၊ အဝိဇ္ဇာ၊ မောဟ၊ လောဘ၊ တဏှာ၊ ကိလေသာအစားစားမတရားမှုများဖြစ်တော့လည်း၊မျက်စေ့ပေါက်၊ နားပေါက်၊နှာပေါက်၊ လျှာပေါက်၊ကိုယ်ပေါက်၊ မနောပေါက်မှာဖြစ်၍ ဝိဇ္ဇာ၊အမောဟ လက္ခဏာဉာဏ်၊ သစ္စာဉာဏ်၊ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်၊ နိဗ္ဗာန်ဖြစ်တော့လည်း မျက်စေ့ပေါက်၊နားပေါက်၊ နှာပေါက်၊လျှာပေါက်၊ကိုယ်ပေါက်၊မနောပေါက်မှာဖြစ်ကြောင်း အထက်တွင် ပြဆိုခဲ့ပေပြီ။

ထို့ကြောင့် မတရားမှုအစားစား တဖက် ကျွံ ဝါဒဒုက္ခအစားစားမဖြစ်ရေး၊ တရားမှုအစားစား၊ မဇ္ဈိမပဋိပဒါတရားများဖြစ်ရေး ‘မျက်စေ့ အနိမိတ္တ သုညတကေခမ္မ’ နားနှာ၊ လျှာ၊ ကိုယ့်,မနော၊ အနိမိတ္တသုညတ ကေခမ္မဆိုက်အောင်

သတိအားကောင်းကောင်း သဒ္ဓါမောင်းသန်သန်ပညာဉာဏ်ဦးစီး ပြီးနောက်ထပ်ဖြည့်စွက်ဝေဘန်ဇရာမရှိသည့် အခြေထိ (၁၇) သိစ ရာလမ်းဆုံးသည်အထိ ဝေဖန်လေ့လာကြရာ၏။

မျက်စေ့၊ နား၊ နှာ၊ လျှာ၊ ကိုယ် ဟူသောအားဖြင့် ဒွါရ ခြောက်ပါး အတွင်းရုပ်များ အဆင်း၊ အသံ၊ အနံ့၊ အရသာ အတွေ့အထိ အဟောင်းတရားအားဖြင့်ခြောက်ပါး၊ အပြင်ရုပ် များ၊ ထိုအတွင်းရုပ်နှင့် အပြင်ရုပ်များ၊ ဆိုင်ရာ ဆိုင်ရာ ရုပ်ခြင်း တွေ့ထိ တိုက်ခတ်သည့်အခါ၊ မြင်စိတ်၊ ကြားစိတ်၊ နံစိတ်၊ စားစိတ် ထိစိတ်၊ သိစိတ် အပေါ်ခေတ် ခြောက်ပါးအားဖြင့် အခံခေတ် အတွင်းရုပ်၊ အတိုက်ခေတ်အပြင်ရုပ်၊ အပေါ်ခေတ်နာမ်သုံးပါး ပေါင်းစပ် တဆဲ့ရှစ်ရုပ်သောရုပ်ခေတ်၊ နာမ်ခေတ်များဖြစ်ကြ ပါသည်။ အရေအတွက်အားဖြင့် ဘယ်လောက်ပင်များများ လက္ခဏာအားဖြင့် အနိစ္စ၊ ဒုက္ခ၊ အနတ္တသာလျှင် ဖြစ်ပါသတည်း၊ (၁၇) ရုပ်၊ နာမ်၊ ခန္ဓာအာယတနခေတ်တို့သည် အနိမိတ္တသုညတ တမျိုးထည်းသာလျှင် ဖြစ်ပါသတည်း။

## လက္ခဏာဉာဏ်

အနိမိတ္တသုညတဖြစ်ဟန်ကား၊ မျက်စေ့သည် ဥတုဇ ခန္ဓာအိမ်မှ အဝေကကျသည့် အစိပ်အပိုင်းတခု ဖြစ်ပါသည်။

ဌင်းမျက်စေ့ကို ခေတ်ခွဲကြည့်ပါက မာ၊ ပြော၊ (ပထဝီ)ဖွဲ့ပါတ်ယိုစီး (အာပေါ) ပူအေး (တေဇော) တွန်းကန်-ငြိမ်သက် (ဝါယော)ဆိုသည့်အရင်းခံတရား မဟာဘူတခေတ်ကြီးလေးပါးကို တွေ့ရပါသည်။ နောက်ထပ်တဖန် တဆင့်တက်၍ ဝေဖန်ပါက၊ ထိုမဟာဘူတ ခေတ်ကြီးလေးပါးကိုမှီပြီး ဖြစ်နေသည့် မြူ-နီ-ပြာ-ဝါစသည်အားဖြင့် အဆင်းခေတ် (ဝဏ္ဏ) ချို-ချဉ်ဖန်-ခါးစသည်အားဖြင့် အရသာခေတ် (ရသ) မွှေးမှု၊ နံမှု၊ ညှီမှုအစုစုတို့အကြူးဝင်သည့် အနံခေတ် (ဂန္ဓ) ကြယ်ပြန့်ကြီးကားတိုးပွားစေသည့် သက်ဦးဩဇာခေတ် (ဩဇာ)ဆိုသည့်ခေတ်ငယ်လေးပါးဥပါဒါရုပ်များကိုတွေ့ရပါသည်။ မဟာဘူတခေတ်ကြီးလေးပါး ဥပါဒါရုပ်ခေတ်ငယ်လေးပါး ပေါင်း ရှစ်ပါးသော ခွဲခွာလို့မရကောင်းသည့် အဝိနိဗ္ဘောဂရုပ်များကိုတွေ့ရပါသည်။

ဤသည့်အဋ္ဌကလာပ်ရုပ် အဝိနိဗ္ဘောဂရုပ် ခေတ်တရားဝတ္ထုရုပ်များမှာ၊ အသက်လိပ်ပြာ ဇီဝါ—အတ္တ နာမ်ဝိညာဉ်ဣတ္ထိပုရိ၊ မရှိမှုကိုသတိပြုဆင်ခြင်၊ အမြင်မှန်ပေါက်အသိညာဏ်ရောက်ရာ၏။

စက္ခုဒွါရ မျက်စေ့ပေါက်မှာခေတ်ခွဲ၍ ပညာဥာဏ်နှင့်ဝေဖန်အဖြေမှန်ရှာတော့ အဋ္ဌကလာပ်အဝိနိဗ္ဘောဂရုပ်ကိုသာအဟုတ်အမှန်အားဖြင့် တွေ့ရပါသည်။ အတ္တဝိညာဉ် သတ္တဇီဝ၊ ပုဂ္ဂလတို့ကို စမ်းသပ်ရှာဖွေလို့ မတွေ့ရပါ။ ဘာကြောင့် မတွေ့သနည်းဟူမူ ဤသည့် အတ္တဝိညာဉ်, သတ္တ, ဇီဂ, ပုဂ္ဂလတို့သည်

ဘယ်တော့မှ မည်သည့်အခါကမှ မရှိသည့်၊ အရှိ တရား မဟုတ်သောကြောင့်တည်း။

ဤသို့ မျက်စေ့ပေါက်မှာ အတ္တဝိညာဉ် အသက်လိပ်ပြာ ကင်းဆိတ်ပုံ(ဝါ)အတ္တအနိမိတ္တ ဝိညာဉ်အနိမိတ္တ ပုဂ္ဂလသတ္တအနိမိတ္တဖြစ်မှု ဉာဏ်မြင်ရှုနိုင်မှု အလေးဂရုပြုရာ၏။ အနိမိတ္တဉာဏ်ရပါက၊ အတ္တ နိစ္စ သုခ သုဘဇီဝနိမိတ္တများ တကယ်ရှိသည် ထင်မှတ်မှု သမုဒယအစားစား ကိလေသာများစွန့်ပြီး ပါယ်ပြီး ချုပ်ပြီး ငြိမ်းပြီးဖြစ်မည်ကား မလွဲမှုချပါတည်း။

ထို့ကြောင့် ဗုဒ္ဓက....
အနိမိတ္တဉ္စ ဘာဝေဟိ၊ မာနာနုသယ မုဇ္ဇဟ။
တတော မာနာဘိ သမယော၊ ဥပသန္တော စရိဿသိ။
စသည်ဖြင့် မိန့်ဟခဲ့ပါသတည်း။

အဓိပ္ပာယ်အားဖြင့်ပြန်ဆိုသော်၊ အနိမိတ္တံ၊ အသက်လိပ်ပြာ ဇီဝါစသော မရှိတရားကို အရှိထားကာ အထင်မှားနေကြသည့် သနိမိတ္တ အရိပ်နိမိတ်မှ ကင်းဆိတ်သည့် သုညတ အနိမိတ္တကို။ ဘာဝေဟိ၊ မကြောက်မရွံ့ နောက်မတွန့်ဘဲ ရဲရဲကြီးသာ ကိုယ်ပိုင်ဉာဏ်နှင့် ဝေဘန်ကြည့်ရှု လေ့လာမှုပြုလိုက်ပါတော့လော။ မာနာနုသယံ၊ မရှိတရား အရှိထားကာ အထင်မှားနေကြသည့် အသက်၊ လိပ်ပြာ၊ ဇီဝါ၊ စသော အနုသယ ကိလေသာအစားစားတို့ကို။ ဥဇ္ဇဟ၊ မကြောက်မရွံ့ နောက်မ

တွန့်ဘဲ အဘပြောသားကြား မိရိုးဖလာ ဓမ္မတာတရားတဆင့် စကားတဆင့်ကြား ပရိဘာသာတရားတွေကို မမှန်အမှားလော ကတရားတွေပါလားလို့ ကိုယ်တိုင်ကိုယ်ပိုင် ဝေဘန် ဉာဏ်ဖြင့် ပါယ်လှန်စွန့်လွှတ်လိုက်ပါတော့လေ။ တတော မာနာ ဘိသမယော၊ ထိုတတယ်ထင်မှတ်မှု အက္ခာ သမုဒယ သတ္တ ဇ°ဝါစ ငြား မိရိုးဖလာဓမ္မတာ တရားများကို လွှန်မြောက်၍ သုညတ အနိမိတ္တသို့ဆိုက်ရောက်သည်ရှိသော် "ဥပယသန္တော၊ တကယ်ထင် မှတ်မှုတွေ ဆိတ်သုဉ်း ချုပ်ငြိမ်းလျက်၊ စရိယာဘိ၊ အတိတ်စွဲ အနာဂါတ်စွဲ အတိတ် အနာဂါတ် အနှောင်အဖွဲ့ တွေ မှ လွှယ်ကင်း ပါသဖြင့် "စေတောဝိမုတ္တိဖလ" ရူပနိဿရဏဂုဏ်" နှင့်ပြည့်စုံ၍ ကိုယ်ရောစိတ်ပါ ချမ်းသာစွာ နေရလာတံ့။

ပုဂ္ဂလ သတ္တ အတ္တ ဇ° ဝ နိစ္စ သုခ သုဘစငြားထင် မှတ်မှုအစားစားတို့ကို အမိတ္တဉာဏ်မြင် ရှင်းအောင်ရှု။ ပရိ ညာသုံးပါး တသားတည်းပြီး၏။ သိက္ခာသုံးပါး တသားတည်း ဖြစ်၏။ ဗောဓိပက္ခိယ တရားသုံးဆယ့်ခုနစ်ပါး အားလုံး အကြွမ်းဝင်၏။

အာသဝါနံ ခယောပညာယ သစ္ဆိကရဏီယော။ဘုံစွဲ ဘဝစွဲ ကာမစွဲတည်းဟူသော အာသဝတို့၏ကုန်မှု ခမ်းမှု၊ဆိတ် သုဉ်းမှု အနိမိတ္တကို ပညာဖြင့်သာလျှင် မျက်မှောက် ပြုနိုင်၏။

လွှတ်မြောက်ရေးတရား ဝိမုတ္တိရသ သန္တိသုခကို အလို

ရှိသည့်လူသားသည် နာမ်အလုပ်နှင့် ဉာဏ်အလုပ်ခွဲခြားသိရမည်။ (ဝါ)နာမ်သိနှင့်ဉာဏ်သိ ကွဲပြားခြားနားစွာသိရမည်။ အမြင်မှားသည့်လောကနယ်သားတို့သည် အရာရာမှာစိတ်ကို အဓိက ပဓါနထားကြသည်။ စိတ်ကိုအကြီးအမှူးပြုကြသည်။

"လောကိယ ဓမ္မဥ္စ ပတ္တာစိတ္တံ ဇဝနကံ စိတ္တံ မုရံ စိတ္တံ ပုဗ္ဗင်္ဂမံ ဟောတိ"

မှတ်သိ စွဲသိ အစဉ်အလာသိများသည် နာမ်သိ-စိတ်သိ များဖြစ်ကြသည်။ ဉပမာ အဘပြော 'သားကြား' ပရိဘာသာ စကားဖြစ်သည့် နတ်ဗေဒင် ဆံခွက် စိုး တဓေ့ ကဝေ မြေဘုတ် မှင်စာ အထက်မှာပြဟ္မာ အောက်ငရဲရွာ စသည်အားဖြင့်မျက်မြင် ကိုယ်တွေ့ ဒိဋ္ဌဓမ္မ ဒိဋ္ဌပတ္တ မဟုတ်သည်တို့ကို လူမျိုး မိဘရိုးရာ အစဉ်အလာအားဖြင့် မှတ်ပြီး သိမှု (ဘညာသိ) စွဲပြီး သိမှု (ဝိညာဉ်သိ) များသည် အမြင်မှား လောကနယ်သား စိတ်အရာ များသာလျှင်ဖြစ်ပါသတည်း။

လောကုတ္တရ ဓမ္မံ ပတ္တာပညာဇဝနကာ ပညာမုရာပညာ ပုဗ္ဗင်္ဂမာ။

လူသား၏ခန္ဓာရုပ်ပိုင်းဆိုင်ရာ အရှိတရားများသည် ဘယ် အနေနှင့်ရှိသလဲ၊ ဘယ်ပုံဘယ်နည်း ရှိပုံမျိုးလဲဆိုတာ ကိုယ်ပိုင် ဉာဏ်နှင့် ဝေခွဲမှုသုတေသန ပြုသည့်အခါ အသက်, လိပ်ပြာအတ္တ

ဇီဝပုဂ္ဂလ အရိပ် နိမိတ် ကင်းဆိတ် စွာနှင့် ရှိသည့်တရား (ဝါ)အရိပ်နိမိတ်ကင်းဆိတ်သည့် အနိမိတ္တသုညတ ဓမ္မအနေနှင့် ရှိကြောင်း အသိကောင်း အမြင်မှန်သည့် လောကုတ္တရာနယ်သား တို့သည် အရာရာမှာ ပညာကအကြီးအကဲ ပညာကဦးစီး ပညာ သာလျှင် ပြထမ်းပါသတည်း၊ ဘဝတွေ့ထိမှု မှန်သမျှ၏အပေါ် မှာ ဝိမံသနဉာဏ် ဝိစာရဏာဉာဏ် လက်ခံထား၍ ဒိဋ္ဌဓမ္မ ဒိဋ္ဌပတ္တ ဖြစ်မှ ယုံကြည်လက်ခံပါသတည်း။ ပြောတိုင်းယုံ ခိုင်းတိုင်းလုပ်မှု မပြုရှောင်ပါသတည်း။

ဤသို့နာမ်သိ ဉာဏ်သိ ခွဲခြားသိမှု အထူးသတိပြုရာ၏။ နာမ်သိဉာဏ်သိမကွဲပါက (ဝါ)စိတ်အလုပ်နှင့် ပညာအလုပ်မကွဲ ပါက၊လိုရာခရီးသို့ ဘယ်တော့မှရောက်မည်မဟုတ်ပါ။ စာဉာဏ်ကို ကိုယ်ပိုင်ဉာဏ် မှတ်ကြမည်သာ။ စာထည်းမှ အနိစ္စကို ကိုယ်သိ အနိစ္စလုပ်ကြမည်သာ။ စာထည်းမှ ဒုက္ခ အနတ္တကို ကိုယ်သိ ဒုက္ခ အနတ္တ ထင်မှတ်ကြမည်သာ။ စာထည်းမှ 'လက္ခဏာ သစ္စာ မဂ်ဖိုလ်နိဗ္ဗာန်' တို့ကို ကိုယ်သိလက္ခဏာ သစ္စာမဂ်ဖိုလ် နိဗ္ဗာန် ထင်မှတ်မှုနှင့် အချိန်ကုန်ကြမည်သာ။ ထို့ကြောင့်မောဃကာလ မောဃတုစ္ဆ မဖြစ်ကြရလေအောင် သတိရှေ့ဆောင်ပညာဦးစီး ၍ ကိုယ့်ခန္ဓာမှာရှိသည့် 'လက္ခဏာ သစ္စာမဂ်ဖိုလ် နိဗ္ဗာန်' တို့ကို ကိုယ်ကိုင်သိ ကိုယ်ပိုင်သိ ဖြစ်အောင် လေ့လာဝေဘန်မှု ပြုရာ၏။

စက္ခုပသာဒခေါ် မျက်စေ့အကြည် မျက်စေ့ပေါက် မှာ အနိမိတ္တသုညတ ဖြစ်မှုပြုပြီး၍ မျက်စေ့နှင့် ဖြစ်ပေါ်ဖြစ်

ဖက် သဟဇာတရုပ်ဖြစ်သည့် အဆင်းရုပ်(ရူပါရုံ)ကို ဝေဘန်၍ အဖြေမှန် လက္ခဏာဥာဏ် ရှာကြည့်ရန်လိုလာပြန်သည်။

ဖြူ နီ ပြာ ဝါအစဖြာသည့်အဆင်းရုပ် (ရူပါရုံ)၏မူလ ဘူတတည်ရှိပုံ သဘာဝကို အရင်းခံကျကျ ဆန်းစစ်ဝေဘန်အ ဖြေမှန်ရှာကြည့်ပါက မာ ပြေ(ပထဝီ) ဖွဲ့ပါတ်ယိုစီး (အာ ပေါ)ပူအေး (တေဇော)တွန်းကန်ငြိမ်သက် (ဝါယော)မဟာ ဘူတဓါတ်ကြီးလေးပါး အဆင်း(ဝဏ္ဏ) အနံ့(ဂန္ဓ) အရသာ (ရသ) သက်ဦးသြဇာအဆီစု (သြဇာ) ဥပါဒါ ရုပ်လေးပါး။ ဓါတ်ကြီးလေးပါး' ဓါတ်ငယ်လေးပါး' ပေါင်းရှစ်ပါးသော (အဋ္ဌကလာပ်)ရုပ် အဝိနိဗ္ဘောဂရုပ်ကိုသာ ဥာဏ်မြင် အားဖြင့် တွေ့ရပါသည်။ ၎င်းအဋ္ဌကလာပ် အဝိနိဗ္ဘောဂ ရုပ်ထည်းမှာ ပုဂ္ဂလ သတ္တ အတ္တ ဇီဝနှင့် သူခကြောက်စရာမြောက်စရာ ခံစရာ စံစရာဘာမျှမရှိ ပကာဘိအားဖြင့် ပုဂ္ဂလ သတ္တ အတ္တ ဇီဝ စသြား အရိပ်နိမိတ်မှ ကင်းဆိတ်နေသည့် အနိမိတ္တ သုညတဓမ္မ သာလျှင် ဖြစ်ရှိပါသတည်း။

ဤနေရာမှာ အလေးအနက် သတိပြုပါ။ ကျွန်ုပ်တို့ဗုဒ္ဓ ဘာသာအမည်ခံသူတို့သည် ဝိပဿနာ ရှုသည့်အခါ၌အနိမိတ္တ ရုပ်'နာမ်'ကိုရှု၍ အနိမိတ္တလက္ခဏာကို မြင်ရမည်ကို သနိမိတ္တရုပ် နာမ်ကိုရှု၊ သနိမိတ္တလက္ခဏာများကို မြင်သိနေ၍ မဆုံးတမ်းမ တုံးတမ်း၊ အလုပ်မပြီး အချီးနှီး ဖြစ်ကြသည်သာ။

ကျွန်ုပ်တို့သည် ဘာသာသာသနာ ရေးကို မလုပ်လျှင်အ ရှင်း’ခပ်ကင်းကင်းနေရန် သင့်သည်။ လုပ်လျှင်ကား စတိအလုပ် အထိမ်းအမှတ်အလုပ်၊ အတုအယောင် အလုပ်နှင့် အားရကျေ နပ်၍ အချိန်ဖြုန်းရန်မသင့်ပေ။ ယခုမူကားကျွန်ုပ်တို့ဗုဒ္ဓဘာသာ အမည်ခံအများစုမှာ ဒါန သီလ လုပ်ပြန်တော့လည်း မျှော်မှန်း တောင့်တမှု၊ ပြန်ပြောင်းကြောင့်ကျမှု၊ လက်ကိုင်ပြု၍ လုပ်ကြ သည်သာ။ အဘပြော သားကြား ပရိဘာသာစကား အတိုင်း လုပ်ကြသည်သာ။ လုပ်ရိုးလုပ်စဉ် ဓမ္မတာအသွင်ဖြင့်လုပ်ကြသည် သာ။ ကြောင့်ကြမှု’ တောင်တမှု’ ကင်းစွာနှင့်(ဝါ)တောင့်တမှု၊ ကြောင့်ကျမှုမပါ၊ အကြောက်အမြောက်ကင်းစွာနှင့် ပြုလုပ်ရ သည်ကိုကား သတိမပြု လစ်လျူရှုကြတော့သည်သာ။

ဘာဝနာအလုပ် ကျတော့လည်း တဆင့်စကား တဆင့် ကြားနှင့်လုပ်၍ ကိုယ်ပိုင်ဉာဏ်စေစားမှုမပါ။ ရှူဆိုရှူ၊ ရှိုက် ဆိုရှိုက်၊ ထိုင်ဆိုထိုင်၊ ထဆိုထ၊ တော်ရာလျှော်ရာမှာ၊ အဖော်သဟာ တို့နှင့် ဝိုင်းအုံဖွဲ့ကာ ဂိုဏ်းစွဲဝါဒစွဲပြင်းထန်၊ ဆရာစွဲသန်ရန် အ ခြေခံပလ္လင်ချ၍ စတိအလုပ်၊ အတုအလုပ် အထိမ်းအမှတ်အလုပ် နှင့်နိဂုံးချုပ်ကြသည်သာ၊ သည်လိုနှင့်ဘဲ အချိန်ကုန် အရွယ်ကြီး အလုပ်မပြီး အချိုးနှိုးဖြစ်ကြသည်သာ။

ထို့ကြောင့် အနိမိတ္တရုပ်’ အနိမိတ္တနာမ်ရှုမှုအခြေခံ ပြု၍ “အနိမိတ္တလက္ခဏာဉာဏ်” “အသင်္ခတလက္ခဏာဉာဏ်” အမြင် သန်ရန် ဝေဘန်လေ့လာမှု ပရိကံပြုကြဦးစို့။

အထက်မှာ အတွင်းရုပ်မျက်စေ့နှင့်’ အပြင်ရုပ်အဆင်း (ရူပါရုံ)တို့ကို အနိမိတ္တလက္ခဏာဆိုက်ပုံ အကျဉ်းအားဖြင့် ပြခဲ့ပေပြီ။ ၎င်းအတွင်းရုပ် အပြင်ရုပ်တို့ကို နောက်ထပ်ဖြည့်စွက်ဝေဘန်စရာမရှိသည့်အခြေအထိ လမ်းဆုံးအောင် ကိုယ်ပိုင်ဉာဏ်နှင့်သိရာ၏။ ထိုရုပ်တရားတို့ကို လမ်းဆုံးသိပါက ထို့ထက်အလွန်သိဘွယ်ရာကိစ္စမရှိတော့ပြီ။ ရုပ်ကိုသိမှုပင်လျှင် မိမိကိုယ်ကို သိသည်မည်၏။ ရုပ်ကိုပေါက်ပိုင်ပါက အခက်ခဲဆုံးအလုပ်ကို ပြီးမြောက်အောင်မြင်မှုပင်တည်း။

ထို့ကြောင့်....

သဗ္ဗေသံဒုက္ကရံ ဒိဋ္ဌံ၊ သုဒိဋ္ဌံရူပမတ္တနော၊
သုဒိဋ္ဌံ နိဗ္ဗာနံတေန၊ သုဒ္ဓစိတ္တေနယောဂိနာ။
ဟု မိန့်မှာခဲ့ပါသတည်း။

တေနယောဂိနာ၊ အကြင် လွတ်မြောက်ရေး စခမ်းသို့တက်လှမ်းလိုသည့်ယောဂီပုဂ္ဂိုလ်သည်။အတ္တနော၊ မိမိ၏။ ရူပံ၊ ပသာဒရုပ် ခြောက်ပါး-အနိမိတ္တ ရုပ်တရားကို။ သုဒိဋ္ဌံ၊ ဘာဝေတဗ္ဗ’ဘာဝနာမယဉာဏ်ဖြင့် ကောင်းစွာ မြင်အပ် ပြီ။ တေန၊ ထိုဘာဝနာဉာဏ်ရှင် ယောဂီပုဂ္ဂိုလ်သည်။ သဗ္ဗေသံ၊ အလုံးစုံသော တရားတို့တွင်။ ဒုက္ကရံ၊ အခက်ခဲဆုံးတရားကို။ ဒိဋ္ဌံ၊ မြင်သည်မည်၏။ သုဒ္ဓစိတ္တေန၊ ဥပါဒါန်စဉ်ပြီးသော စိတ်ရှိသော။

တေနု၊ ထိုပုဂ္ဂိုလ်သည်။ နိဗ္ဗာနံ၊ အနိမိတ္တနိဗ္ဗာန် အသင်္ခတနိဗ္ဗာန်ကို။ သုဒိဋ္ဌံ၊ ကောင်းစွာမြင်အပ်၏။

ရုပ်သဘောအကျဉ်းအားဖြင့်ပြပြီး၍ ယခုဘဖန်မျက်စေ့အဆင်းတို့နှင့် အတူတကွ (သဟဇာတ) အချင်းချင်း ဖြစ်ပေါ်ဖြစ်ဖက် (အညမည) ဖြစ်သည့် မြင်စိတ်နာမ်ပရမတ်ကို ဝေဘန်ဆန်းစစ်မှု သုတေသနပြုကြည့်ရန် လိုလာပြန်သည်။

စိတ်-ဝိညာဉ်-နာမ်တရားတို့ အကျိုးတရားအနေနှင့် ဖြစ်ပေါ်လာပုံအကြောင်းစုံကို အရင်းခံကျကျ လေ့လာရန်ကြီးစွာသော တာဝန်တရပ်အနေနှင့် ခံယူသင့်ပေသည်။ 'စိတ်-ဝိညာဉ်' နာမ်တရားများ၏ မူလသဘောကို အခြေအမြစ် အစစ်အမှန်သိဘို့ရာ အလွန်အရေးကြီးသည်။ အမှန်ကတော့'စိတ် ဝိညာဉ်'နာမ်တရားများသည် အရှိတရားများမဟုတ်ကြပါပေ။ အဖြစ်တရားအပေါ်ခတ်များသာလျှင်ဖြစ်ပါသည်။ တည်ရာမှီရာနှင့်ကင်းပြီးဖြစ်ခြင်းပေါ်ခြင်းငှါမစွမ်းနိုင်ပါပေ။ ထို့ကြောင့်မျက်တွေ့ဥာဏ်တွေ့ လေ့လာရှာကြံပါက မူလရုပ်ဘရားကိုသာလျှင် ဘွားဘွားကြီး တွေ့ရပါတော့သည်။

"အပိစခေါပနဘေရိံ ပဋိစ္စသဒ္ဒေါဝိယရူပံပဋိစ္စနာမံပဝတ္တတိ"

အပိစခေါ၊အမှန်အားဖြင့်။ သဒ္ဒေါ၊ အသံသည်။ ဘေရိံ စည်ကို။ ပဋိစ္စ၊ စွဲ၍။ ပဝတ္တတိဝိယ၊ ဖြစ်သကဲ့သို့။ နာမံ၊ နာမ်တရားသည်။ ရူပံ၊ ရုပ်တရားကို။ ပဋိစ္စ၊ စွဲ၍။ ပဝတ္တတိ၊ ဖြစ်၏။

ဆိုလိုသည်မှာ၊ အဇ္ဈတ္တိက ရုပ် နှင့် ဗဟိဒ္ဓ ရုပ် တို့ ပေါင်းဆုံတွေ့ထိမှုပြုသည့်အခါမှ၊ ရုပ်နှစ်ပါး၏ ပေါင်းဆုံတွေ့ထိမှု ပြီးပြည့်စုံကြောင်းကို ဖော်ပြသည့်သဘောကို စိတ်-ဝိညာဉ် နာမ်တရားလို့ ခေါ်ဆိုသမုတ်ကြတာပါ။ ဤသည့် စိတ်-ဝိညာဉ် နာမ်တရားများကလည်း မြဲသဖြင့် ရှိနေသည့် အရှိတရားများ မဟုတ်ပါ။ ၎င်းသည် အာဂန္တုကဓာတ်အနေနှင့် ရုပ်နှစ်ပါးအကြောင်းစုံလို့ ပေါင်းဆုံသည့်အခါမှ အကြောင်းအား လျော်စွာဖြစ်ပေါ်လာသည့် အဖြစ်ဓာတ် အပေါ်ဓာတ် ဖြစ်ကြောင်း အသိကောင်းအမြင်မှန်လျှင် နာမ်ဝိညာဉ်ကိုအခြေခံသည့်လောကလမ်းသဖွယ် ဝိညာဉ်တွယ် စသော နာမ် ဝိညာဉ်ကူးပြောင်းရေးဝါဒ စိတ်ကူးယဉ် အနုမာန ကမ္မဇဒိဋ္ဌိဝါဒတို့လည်း ပြာကျပြီး ဖြစ်ပေလိမ့်မည်....။

ဤနေရာမှာ စိတ် ဝိညာဉ် နာမ်တို့ကို ဦးစားပေးခံယူကြသည့်စိတ်ဝါဒီများ အလေးအနက်သတိထား၍ ဝေဘန်သင့်ပေသည်။ အကြောင်းကိုဆိုသော် အရာရာမှာ စိတ်က ပြဋ္ဌာန်းသည်။ စိတ်ကသာလျှင်ပဓာနဖြစ်သည်။ သေခါနီးမှာမည်သည့် ဇောစော၍ မည်သို့ဖြစ်သည် စသည်ဖြင့် ထွေလျားများပြားလှသော အယူဟောင်း အမှားအပေါင်းကို ပယ်စေ လိုသောကြောင့်တည်း။

တနည်းအားဖြင့် ဆိုသော် 'စိတ်သည်'

"လောကိယဓမ္မဥံပတ္တာစိတ္တံဇေဋ္ဌကံစိတ္တံဓုရံစိတ္တံပုဗ္ဗင်္ဂမံဟောတိ" စသည်ဖြင့် ဗုဒ္ဓဟောချက်ဓမ္မစက်ကို ထောက်သော

အားဖြင့် စိတ်သည် လောကီအမှားနယ်မှသာ အကြီးအကဲ ရှေ့သွားခေါင်းဆောင် ပဓာန ဖြစ်ပါသည်။ အမှန်နယ်လောကုတ္တရာနယ်မှာကား စိတ် နာမ် အရာမဟုတ်။ ပညာသာလျှင်အချုပ်ဖြစ်ပါသည်။ ထို့ကြောင့် စိတ် ဝိညာဉ် နာမ် ဖြစ်ပေါ်ပုံ စိတ် ဝိညာဉ် နာမ်အကြောင်း၊ စိတ် ဝိညာဉ် နာမ် အလုပ်ကို ပိုင်နိုင်စွာ အသိပိုင်အောင် "ဘာဝေတဗ္ဗ"ဗဟုလီကာတ ပြုကြရာ၏။

ဝိညာဏေ ဘိက္ခဝေ အာဟာရေ ပရိညာတေ နာမရူပံ
ပရိညာတံ ဟောတိ၊ နာမရူပေ ပရိညာတေ အရိ
ယသာဝကဿ နတ္ထိကိဥ္စိ ဥတ္တရိ ကရဏီယန္တိ ဝဒါမိ။

ဘိက္ခဝေ၊ စိတ်ကျွန်အဖြစ်မှ လွတ်မြောက်၍ စေတောဝိမုတ္တိဖလကို လိုလားသည့် အမျိုးကောင်း သားသမီးတို့။ ဝိညာဏေ အာဟာရေ၊ ပဥ္စဝိညာဉ်၏အာဟာရဖြစ်သော မနောဝိညာဉ်ကို(ဝါ)မြင်မှု, ကြားမှု, နံမှု, စားမှု, ထိမှု ဆိုငြား ပဥ္စဝိညာဉ်တရားတို့ကို ကောင်းဆိုး နှစ်တန်အမှားအမှန်ရောမွှမ်းပြုအောင် အမျိုးမျိုး ခြေထိုးနေသည့်မနောဝိညာဉ်ကို။ ပရိညာတေ၊ ပိုင်းခြား ပိုင်နိုင်သည်ရှိသော်။ နာမရူပံ၊ နာမ်ရုပ် နှစ်ပါးကို။ ပရိညာတံ၊ ပိုင်းခြားပိုင်နိုင်တော့သည်။ ဟောတိ၊ ဖြစ်၏။ နာမရူပေ၊ နာမ် ရုပ် နှစ်ပါး၏အရင်းခံ တရားကို။ ပရိညာတေ၊ ကိုယ့်တိုင်ကိုယ်ပိုင် ပိုင်းခြား နိုင်သည်ရှိသော်။ အရိယသာဝကဿ၊ ငါ့ဘုရား၏ တပည့်သားသမီးအား။ ဥတ္တရိ၊ ထိုထက်

အလွန်၊ ကရဏီယံ၊ ပြုလုပ်သိဖွယ်ကိစ္စသည်။ နတ္ထိ၊ မရှိတော့သည် သာလျှင်တည်း။ ဣတိ၊ ဤသို့။ ဝဒါမိ၊ ငါဘုရားဟောကြားခဲ့၏။

စိတ် ဝိညာဉ်ကိုပိုင်နိုင် ပေါက်ပိုင်ပါက (၀၁) စိတ်ဝိညာဉ်သည်တ အနိမိတ္တဖြစ်မှု ပညာမျက်စေ့ဖြင့် ကြည့်နိုင် သိနိုင်ပါက၊ ထိုထက်အလွန်ပြုဘွယ်ကိစ္စမရှိ၊ ဗုဒ္ဓဝါဒလမ်းဆုံး တရားရသည်မည်၏၊ ထို့ကြောင့် စိတ်ဝိညာဉ်ဖြစ်ပေါ်ပုံကို ဗုဒ္ဓ၏ သာမုက္ကံသိက ဒေသနာနှင့်တင်ပြမည်၊ သတိပြု၍ လေ့လာကြပါကုန်။

စက္ခုဉ္စ ပဋိစ္စ ရူပေစ ဥပ္ပဇ္ဇတိ စက္ခုဝိညာဏံ။

စက္ခုပသာဒခေါ် မျက်စေ့ အကြည် အတွင်းရုပ်နှင့် ရူပါရုံခေါ် အပြင်မှအဆင်းရုပ်တို့ကိုအစွဲပြုအကြောင်းခံ၍မြင်သိ စိတ် (စက္ခုဝိညာဉ်) ဖြစ်ပေါ်ပါသည်။

သောတံစ ပဋိစ္စသဒ္ဒေစ ဥပ္ပဇ္ဇတိ သောတဝိညာဏံ။

သောတပသာဒခေါ် နားအကြည်အတွင်းရုပ်နှင့် သဒ္ဒါရုံခေါ်အပြင်မှ အသံရုပ်တို့ကို အစွဲပြုအကြောင်းခံ၍ ကြားသိ စိတ် (သောတဝိညာဉ်) ဖြစ်ပေါ်ပါသည်။

ဃာနံစ ပဋိစ္စဂန္ဓေစ ဥပ္ပဇ္ဇတိဃာနဝိညာဏံ။

ဃာနပသာဒခေါ် နှာအကြည် အတွင်းရုပ်နှင့်, ဂန္ဓာရုံခေါ် အနံ့အပြင်ရုပ်တို့ကိုအစွဲပြု အကြောင်းခံ၍ နံသိစိတ် (ဃာနဝိညာဉ်) ဖြစ်ပေါ်ပါသည်။

ဇိဝှာစပဋိစ္စရသာစဥပ္ပဇ္ဇတိ ဇိဝှာဝိညာဏံ။

ဇိဝှာပသာဒခေါ် လျှာအကြည်အတွင်းရုပ်နှင့်, ရသာရုံခေါ်အပြင်ရုပ် အရသာတို့ကို အစွဲပြုအကြောင်းခံ၍စားသိစိတ် (ဇိဝှာဝိညာဉ်) ဖြစ်ပေါ်ပါသည်။

ကာယံစပဋိစ္စ ဖောဋ္ဌဗ္ဗေစ ဥပ္ပဇ္ဇတိကာယဝိညာဏံ။

ကာယပသာဒခေါ် ကိုယ်အကြည် အတွင်းရုပ်နှင့်, ဖောဋ္ဌဗ္ဗာရုံခေါ် အပြင်ရုပ်အတွေ့အထိတို့ကို အစွဲပြုအကြောင်းခံ၍ ထိသိစိတ် (ကာယဝိညာဉ်) ဖြစ်ပေါ်ပါသည်။

မနံစပဋိစ္စ ဓမ္မေစ ဥပ္ပဇ္ဇတိမနောဝိညာဏံ။

ဟဒယဝတ္ထုခေါ် နှစ်လုံးသွေးအကြည် အတွင်းရုပ်နှင့်, ဓမ္မာရုံခေါ် အပြင်ရုပ်အဟောင်းတရားတို့ကို အစွဲပြုအကြောင်းခံ၍သိစိတ်ခေါ် (မနောဝိညာဉ်) ဖြစ်ပေါ်ပါသည်။

ဤသို့အားဖြင့် စိတ်ဝိညာဉ် နာမ်အမည်ရသည့် အဖြစ်ခေတ်,အပေါ်ခေတ်, ခြောက်မျိုးတို့၊ဆိုင်ရာဆိုင်ရာ, ရုပ်ခြင်း၊

အကြောင်း ပြည့်စုံ တွေ့ထိမှုဖြစ်ပေါ်လာရခြင်းကြောင့် စိတ် ဝိညာဉ်ဖြစ်ရခြင်း၏ အခြေခံပင်မသည် ရုပ်တရားသာလျှင် ဖြစ်ပါသည်။

ငှင်းစိတ် ဝိညာဉ်များသည်၊ အခြေခံ ပင်မအားဖြင့် ခြောက်မျိုး ခြောက်ပါးသာလျှင်ဖြစ်၏၊ ကောင်း မကောင်း အမှားအမှန်၊ အတ္တ၊ သမုဒယလောကဝေါဟာရပညတ်ချက်များ နှင့် တွဲလိုက်မှ စိတ်ပေါင်းခြောက်များစွာ သင်္ချာ၊ ကုဋေကုဋာဖြစ်ကုန်၏။အမှန်ကတော့မြင်စိတ်၊ ကြားစိတ်၊ နံစိတ်စားစိတ်၊ထိစိတ်သိစိတ်အားဖြင့်ခြောက်မျိုးသာလျှင်ဖြစ်ပါသည်။ငှင်းခြောက်မျိုးမှ, အမြင်၊ အကြား၊ အနံ၊ အစား၊ အထိ၊ အသိ မမှန်တော့၊ လောကီ၊ လောကီစိတ်က ဘယ်လောက်။ အမြင်၊ အကြား၊ အနံ၊ အစား၊ အထိ၊ အသိ၊ မှန်တော့ လောကုတ္တရာ ထို့ကြောင့် လောကုတ္တရာစိတ်ကမည်မျှလို့၊ သင်္ချာအားဖြင့် ရေတွက်ကြ၍၊ အခြင်းအရာပြားကာ၊ စိတ်တွေကများသည် ထင်မှတ်ကြပါသည်။အရင်းခံကတော့ စိတ်သည်ခြောက်မျိုးသာ၊ လောကီနှင့် လောကုတ္တရာဆိုတာလည်း၊ ငှင်းစိတ်ကိုတင်စားခြင်းဖြစ်သည်၊ ငှင်းစိတ်များကိုအသိမှား၊ အမြင်မှားတော့၊ လောက။ အသိမှန်အမြင်မှန်တော့၊ လောကုတ္တရာ။ ထို့ကြောင့် ငှင်းစိတ်ခြောက်မျိုး၏၊ မူလဘူတသဘောမှန်ကိုပေါက်ပိုင်အောင် ဝေဘန်ပိုင်းခြားပါ၊ ဝေဘန်ပိုင်းခြားနိုင်၍ ကိုယ်တိုင်သိ ကိုယ်တိုင်မြင်လျှင်၊စိတ်ကျွန်အဖြစ်မှလွတ်မြောက်ပြီး 'စေတောဝိမုတ္တိဖလ' ဝိမုတ္တိရသကို မျက်မှောက်ပြုကြမည်သာ။

မြင်စိတ်သည် မျက်စေ့အတွင်းရုပ်နှင့် အဆင်းအပြင်ရုပ်တို့ပေါင်းဆုံမှ ဖြစ်ပေါ်လာသည့် အပေါ်ခေတ်, အဖြစ်ခေတ်၊ ညွှဲသည် အာဂါန္တုကခေတ်ဖြစ်သည်၊ ကျံစိတ်များလည်း ထို့နည်းအတူ ဆိုင်ရာဆိုင်ရာ အတွင်းရုပ်များနှင့် အပြင်ရုပ်များအကြောင်း တိုက်ဆိုင်စုံညီမှ အကြောင်းအားလျော်စွာ ဖြစ်ပေါ်လာသည့် အဖြစ်ခေတ်များဖြစ်ပါသည်။

အထက်ပါပဋိစ္စ သမုပ္ပါဒ်နည်းကို ကြည့်ခြင်းအားဖြင့် စိတ်၊ ဝိညာဉ်၊ နာမ်သည်၊ ရုပ်ကိုမှီ၍ဖြစ်ရကြောင်း ထင်ရှားသည်။ အတွင်းရုပ် အပြင်ရုပ်ထည်းမှာ ရှိနှင့်ပြီးသားမရှိမှုကိုလည်း အမြင်ရှင်းရပေမည်။

ဝတ္ထာရမ္မဏာနာမ၊ နာပိစုဘိန္နမန္တရာဟောတိ၊
ပဋိစ္စသမ္ဘောတိသဒ္ဒေါ၊ ပဟာတာယ ဘေရိယာ။

နာမံ၊ နာမ်တရားသည်။ ဝတ္ထာရမ္မဏာ၊ ဝတ္ထုအာရုံနှစ်ပါးစုံတို့မှ။ နသမ္ဘောတိ၊ ဖြစ်ပေါ်လာသည်မဟုတ်။ ဥဘိန္နံ၊ နှစ်ပါးစုံတို့၏၊ အန္တရာယပိစ၊ အကြားမှလည်း။ နသမ္ဘောတိ၊ ဖြစ်ပေါ်လာသည်မဟုတ်။ပဟာတာယ၊ရိုက်တီးအပ်သော။ ဘေရိယာ၊ စည်၏။ သဒ္ဒေါဝိယ၊ အသံကဲ့သို့။ ဟေတုံ၊ အကြောင်းကို။ ပဋိစ္စ၊ စွဲ၍။ သမ္ဘောတိ၊ ဖြစ်ပေါ်လာ၏။

## လက္ခဏာ ဥာဏ်

စိတ်၊ ဝိညာဉ်၊ နာမ်တရားတို့သည်၊ မူလကရှိနှင့်ပြီး ဖြစ်နှင့်ပြီးမဟုတ်ပါ။ မူလကမရှိမဖြစ်။ ရှိလာ ဖြစ်လာပြန်တော့

လည်း သူ့အလိုလို ရှိလာဖြစ်လာသည်မဟုတ်။ သူ့အလိုလို ရှိနိုင်ဖြစ်နိုင်သည့်၊ အတ္တစွမ်းအားမရှိ။ ရှိလာ ဖြစ်လာခြင်း၏ အကြောင်းရင်းကိုရှာတော့ မျက်စေ့၊ နား၊ နှာ၊ အစဖြာသည့် ဣန္ဒြိယဗဒ္ဓအတွင်းရုပ်နှင့်၊ အဆင်း၊ အသံ၊ အနံ့၊အစဖြာသည့် အနိန္ဒြိယဗဒ္ဓ အပြင်ရုပ်များကို အကြောင်းခံအားဖြင့် တွေ့ရပါသည်။ ၎င်းတွင်းပြင်ရုပ်များအတွင်း၌ စိတ်၊ဝိညာဉ်၊ နာမ်တရားများရှိ မရှိ ဆန်းစစ်ကြည့်တော့လည်း အမှန်အားဖြင့် ရုပ်တရားများအထည်းမှာ စိတ်၊ ဝိညာဉ်၊ နာမ်တရားများမရှိပါ။ စိက်၊ ဝိညာဉ်၊ နာမ်တရားများသည်၊ တည်ရာမှီရာကင်း၍ ဖြစ်ရှိခြင်းငှာလည်း မစွမ်းနိုင်ပါပေ၊ (ဝါ)ရုပ်နှင့်ကင်း၍ သူ့ဟာသူ ဖြစ်ရှိနိုင်သည့် စွမ်းအားသတ္တိမရှိပေ။ ရုပ်တရားများအတွင်းမှာလည်းမရှိပေ။ ထို့ကြောင့်စိတ်၊ ဝိညာဉ်၊ နာမ်တရား ဆိုသည်မှာ မည်သည့်အရာကို တင်စားခေါ်ပါသနည်း ဆိုတာ ပကတိအားဖြင့် ဉာဏ်မြင်ရှင်းရန် အဓိကလိုအပ်ချက် ဖြစ်ပေသည်။

စိတ်၊ ဝိညာဉ်၊ နာမ်ကရား ဆိုသည်မှာ အမှန်ကတော့ လူသား၏ ခန္ဓာကိုယ်ရုပ်ဒြပ်မှ ကမ္မဇ အရှိန်ကြောင့် ဖြစ်သော စက္ခုပသာဒ အစရှိသည့် သုခုမရုပ် (ရုပ်နု)အတွင်းရုပ်များနှင့် လူသား ပါတ်ဝန်းကျင်မှ အဆင်း၊ အသံ၊ အနံ့စသည့် ရုပ်များ၏ တွေ့ထိအားပြိုင်မှုအရှိန်စု "စွမ်းအားဂုဏ်သတ္တိ" ကို စိတ် ဝိညာဉ်၊ နာမ်လို့ခေါ်ဆို သမုတ်ကြတာပါ။ တနည်းအားဖြင့် တွင်း ပြင်ရုပ်နှစ်ပါး၏ ပေါင်းဆုံ တွေ့ထိမှု ပြည့်စုံကြောင်းကို ဖေါ်ပြသည့် "သဘောသတ္တိစွမ်းအား" ကို(ဝါ)ရုပ်၏ဂုဏ်သတ္တိ

ကို အမည်သညာမှတ်ကြောင်း ပေးပါဆိုတော့ စိတ်၊ ဝိညာဉ်၊ နာမ်လို့ ခေါ်ဆိုသမုတ်ကြတာပါ။

စိတ်၊ ဝိညာဉ်၊ နာမ်ဖြစ်ပေါ်မှု လောက ဥပမာ ပြုရသော် စည်မျက်နှာပြင်နှင့်၊ စည်လက်ခတ် တွေ့ထိရိုက်ခတ်သည့်အခါ အသံဖြစ်ပေါ်လာပါသည်။ ထိုအသံသည်၊ စည်မျက်နှာပြင်မှာရှိသလော၊စည်လက်ခတ်ထည်းမှာရှိသလောစစ်ကြောသည့်အခါစည်ထည်းမှာလည်းမရှိ၊လက်ခတ်ထည်းမှာလည်းမရှိပေ။၎င်းအသံသည် ယခင်မူလကလည်း မရှိပေ။ ဖြစ်ဆဲမှာလည်း သူ့အရှိအဖြစ်မဟုတ်။ ဖြစ်ပေါ်ပြီးတော့လည်း မြဲသဖြင့်မရှိ မဖြစ်။ ဤသည့်စနစ် ထိုအဖြစ်ကို စိစစ်ဝေဘန် အဖြေမှန်ရအောင်သတိရှေ့ဆောင် ဉာဏ်ဦးစီးပါ။ အသံသည်၊စည်တည်းဟူသော ရုပ်ထည်းမှာလည်းမရှိ၊ လက်ခတ်တည်းဟူသောရုပ်ထည်းမှာလည်းမရှိ။ ၎င်းရုပ်နှစ်ပါး နှင့်လည်း ကင်း၍မရှိ မဖြစ်နိုင်။ အမှန်သော်တမူကား ရုပ်နှစ်ပါးအားပြိုင်တွေ့ထိမှု အရှိန်စု ဂုဏ်သတ္တိသာလျှင် ဖြစ်ပါသတည်း။

စိတ်၊ ဝိညာဉ်၊ နာမ်ဖြစ်မှုသည် အထက်ဥပမာအတိုင်းသာလျှင်ဖြစ်ပါသည်။ စည်မျက်နှာပြင်နှင့် စည်လက်ခတ်တွေ့ထိပေါင်းဆုံသည့်အခါ အသံဖြစ်ပေါ်သလို၊ မျက်စေ့၊ နား၊နှာလျှာ၊ ကိုယ်ဟဒယတည်းဟူသော ရုပ်ကြည် ရုပ်နု အတွင်းရုပ်များနှင့် အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အတွေ့အထိ၊ အဟောင်းတရားတို့၊ အကြောင်းစုံလို့ ပေါင်းဆုံသည့်အခါ မြင်

သိစိတ်၊ ကြားသိစိတ်၊ နံသိစိတ်၊ စားသိစိတ်၊ ထိသိစိတ်၊သို့သိစိတ်များပစ္စုပ္ပန်ကာလ ပစ္စုပ္ပန်ခဏမှာ၊အကြောင်းအားလျော်စွာ ပြိုင်တူဖြစ်၍ ပြိုင်တူပျက်တာကို၊ ပရမတ်ရုပ်နာမ်လို့ ခေါ်ပါသည်။ ၎င်းပရမတ်ရုပ်နာမ်များကို အနိမိတ္တဉာဏ်ယှဉ်၍ မြင်ရပါမည်။

| အတွင်းရုပ်အခံဓါတ် | အပြင်ရုပ်အတိုက်ဓါတ် | အပေါ်ဓါတ် အဖြစ်ဓါတ် |
|---|---|---|
| မျက်စေ့အကြည် | အဆင်း | မြင်သိစိတ် |
| နား ။ | အသံ | ကြားသိစိတ် |
| နှာ ။ | အနံ့ | နံသိစိတ် |
| လျှာ ။ | အရသာ | စားသိစိတ် |
| ကိုယ် ။ | အတွေ့အထိ | ထိသိစိတ် |
| နှလုံးသွေးအကြည်။ | အပေါင်းတရား | သိသိစိတ် |

မျက်စေ့၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ ဟဒယ ခြောက်ဌာနသည် အတွင်းရုပ်လောက အခံဓာတ်မည်၏။ အဆင်း၊အသံ၊အနံ့၊အရသာ၊အတွေ့အထိ၊ အပေါင်းတရား၊ ၎င်းခြောက်ပါးသည်၊ အပြင်ရုပ်လောက အတိုက်ဓါတ်မည်၏။ မြင်သိစိတ် ကြားသိစိတ်၊ နံသိစိတ်၊ စားသိစိတ်၊ ထိသိစိတ်၊ သိသိစိတ်၊ ၎င်းခြောက်ပါးသည် အဖြစ်ဓာတ်အပေါ်ဓာတ်၊ နာမ်လောကမည်၏။ အတွင်း၊အပြင်၊ရုပ်လောက တဆဲ့နှစ်ပါး။အဖြစ်ဓာတ်

အပေါ်ခေါက်၊ နာမ်လောကဲခြောက်ပါး။ ရုပ်ခေါက်၊နာမ်ခေါက်သည် အရင်းခံအားဖြင့်တဆဲ့ရှစ်ပါးသာလျှင်၊ ဖြစ်ပါသတည်း။

ထိုတဆဲ့ရှစ်ပါးသော ပရမတ်ကို၊ ပေါက်ပိုင်အောင် ကိုယ်ပိုင်ဉာဏ်ယှဉ်မှု အပ္ပမာဒပြုနိုင်လျှင်၊ အသက်လိပ်ပြာ'အတ္တ ဇီဝ စကြွား ထင်မှတ်မှုအစားစား အရိပ်နိမိတ်များ ကင်းသည့် "သုညတာအနတ္တ" "အနိမိတ္တဉာဏ်"ရမည်ကား မမှားကေန် အမှန်ပါတည်း။

ဝိဇာနနသဘာဝေ၊ ဝိညာဏေဇီဝသညီနံ၊
သညာသမူဟနတ္တမ္ပိ၊ အဋ္ဌာရသေဝစုတ္တာ။

ပစ္စုပ္ပံလောက ခဏိကရုပ်နာမ်ဖြစ်သည့်၊တဆဲ့ရှစ်ပါး ခေါက်တရားမှာ၊ အတ္တ' ဇီဝ' အသက် လိပ်ပြာ' မရှိမှုအလေးအနက်ပြု၍ ဟောခဲ့ပေသည်။ တဆဲ့ရှစ်ပါး ခေါက်တရားသည်ပင်လျှင်၊ အစဉ်ထာဝရမြဲသဖြင့်ရှိသော တရား မဟုတ်ပါပေ။ အကြောင်းတရားကင်း၍၊ တပါးခြင်း တပါးခြင်း အနေနှင့် ဖြစ်နိုင်ရှိနိုင် တည်နေနိုင်သည့် အတ္တ' နိစ္စ' ထာဝရ တရားများ မဟုတ်ပါပေ။

ဤနေရာမှာ ကျွန်ုပ်တို့အထူးသတိပြုအပ်သည်ကား၊ထိုထို ပရမတ် ရုပ်နာမ်ဘို့သည် ရှိ'မရှိ'ဖြစ်'မဖြစ်' ထိုစနစ်ကို သံသယရှင်း ဝိစိကိစ္ဆာကင်းဘို့ လိုပေသည်။ ထိုထိုပရမတ် ရုပ်နာမ်တို့သည်မြဲသဖြင့်(၀၁)နိစ္စထာဝရအနေနှင့် ရှိသည်ဖြစ်သည် ယူလျှင်

သဿတဒိဋ္ဌိအယူငြိ၍ တဖက်စွန်းရောက်သည့်“ကာမသုခလ္လိက လမ်းစဉ်ဖြစ်သည်” ထိုထိုပရမတ်ရုပ်နာမ်တို့သည် လုံးဝမရှိမဖြစ် ယူလျှင်လည်း ဥစ္ဆေဒအယူငြိ၍ တဖက်စွန်းရောက်သည့် “အတ္တကိလမထနုယောဂလမ်းစဉ်ဖြစ်သည်” ထို့ကြောင့်ဆက်မှားပြတ်မှားလက်ဝဲလကျာအစွန်းထွက်တရားများမှလွတ်အောင်၊အတိတ်အနာဂါတ်ကိုရှောင်၍၊ ပစ္စုပ္ပံဘဝ ပစ္စုပ္ပန်ကာလ ပစ္စုပ္ပံခဏမှာ“ဣမသ္မိံ သတိ ဣဒံ ဟောတိ” အကြောင်းစုံလျှင်ရှိသည်ဖြစ်သည်။ “ရှိလာဖြစ်လာသော်လည်း အတ္တနိစ္စထာဝရအနေနှင့်ရှိသည်ဖြစ်သည်မဟုတ်။ “ဣမသ္မိံ အသတိ ဣဒံ န ဟောတိ” အကြောင်းမရှိ မပြည့်စုံလျှင် မရှိမဖြစ်။ ဤသို့ပစ္စုပ္ပံဆတ်ဆတ်မှာအတ္တ၊ နိစ္စ၊ သုခမျိုးအနေနှင့်မရှိပုံ။ အနတ္တ၊ အနိစ္စ၊ ဒုက္ခအမျိုးအနေနှင့်ရှိပုံ ပညာ ဉာဏ်နှင့်ကာသိလျှင် တဘက်ကျွံဝါဒမဖြစ်ပါပေ။ ထို့ကြောင့်, ဖြစ်, မဖြစ်, ရှိ, မရှိ ကိုယ်ပိုင်ဉာဏ်နှင့်သိကာအသိပိုင်အောင် ဘာဝေတဗ္ဗ ဗဟုလီကာတ ပြုကြရာ၏၊

ဝိမုတ္တိရသဖြစ်သည့် လွတ်မြောက်မှုတရားလိုလား အမျိုးကောင်း သားတို့အတူးသတိပြု၍ ကြည့်ရှုရမည်ကားရုပ်ဓာတ်နာမ်ဓာတ် တဆယ့်ရှစ်ပါးဆိုရာဝယ် ခြေအစ ဦးခေါင်းအဆုံးတကိုယ်လုံးကိုမဆိုလို။ ဝတ္ထုရုပ်ကြီးနှင့်တကွသော မျက်စေ့၊နား၊ နှာ၊ အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ မြင်သိစိတ်, ကြားသိစိတ်, နံသိစိတ်, စသည့် သနိမိတ္တဓာတ်များ၊ သနိမိတ္တရုပ်နာမ်များကိုမဆိုလို။ အနိမိတ္တဓာတ်၊ အနိမိတ္တရုပ်နာမ်များကို အမြင်သန့်မှုသတိပြုရာ၏။

ခြေအစ ဦးခေါင်းအဆုံး တကိုယ်လုံးသောရုပ်ခေတ်၊ ဝတ္ထုရုပ်နှင့်တကွသော မျက်စေ့၊ နား၊ နှာ၊ အဆင်း၊ အသံ၊ အနံ့စသည့် သန္ဓိမိတ္တခေတ်၊ သန္ဓိမိတ္တရုပ်နာမ်များကတော့ လူတိုင်း သိမည်သာ။

ငင်းသန္ဓိမိတ္တခေတ် သန္ဓိမိတ္တ ရုပ်နာမ်များသိမှု ဟောပြောမှုကတော့ သညာသိ၊ဝိညာဉ်သိအရာသာ။ လွတ်မြောက်ရေး တရားရမှု၊ ကြီးစွာသောခုတုံးပြုကြသည်သာ။ ပစ္စုပ္ပန်၊ ကာလ၊ ခဏိကအနိမိတ္တရုပ်နာမ်ကို အမြင်သန်မှ ပညာဉာဏ်အရာဖြစ်၍ ဝိမုတ္တိရသကို သန္ဒိဋ္ဌိကအားဖြင့် မျက်မှောက်ပြုကြမည်သာ။

ယနေ့မျက်မှောက် ကာလ၊ ဝိပဿနာ ရှုကြသည်ကား၊ ခြေအစ ဦးခေါင်းအဆုံး တကိုယ်လုံးဖြစ်သည့် ဝတ္ထုဒြပ်နှင့် တကွသော ခန္ဓာကိုယ်ရုပ်နာမ်ကို သန္ဓိမိတ္တအနိစ္စ၊ သန္ဓိမိတ္တဒုက္ခ၊ သန္ဓိမိတ္တ အနတ္တနှင့် ရှုကြည့်နေကြသည်သာ။ ဝတ္ထုဒြပ်နှင့် တကွသော ရုပ်နာမ်ခန္ဓာကို သန္ဓိမိတ္တလက္ခဏာတင်ရှုပါက ဘယ်တော့မှရှု၍ဆုံးမည်မဟုတ်ပါ။ အချိန်ကုန်လူပမ်း ဘရမ်းဘတာ ဆုံးတယ် တုံးတယ်မရှိ၊ ဝိပဿနာသံသရာ လည်ကြဦးမည်သာ။

ထို့ကြောင့် ဝိပဿနာသံသရာ မလည်ကြရလေအောင် (၀၁)ရှုမှု၊ ပွားမှု၊ မှတ်သားမှု၊ ဝိပဿနာ အလုပ်စခမ်းမှထ၍ 'ဝိမုတ္တိရသ'ထူးနှင့် နေရလေအောင် အနိမိတ္တရုပ်နာမ်ကို၊ အနိ

မိတ္တလက္ခဏာဉာဏ်ယှဉ်မှု သတိရှေ့သွား ပညာဉာဏ် စေစား
ဝေဘန်ရေးသမားဖြစ်ပါစေ။

အနိမိတ္တရုပ်နာမ်ဆိုတာ မြင်ဆဲကာလ၊ ကြားဆဲကာလ
နံ့ဆဲကာလ၊ စားဆဲ ထိဆဲ သိဆဲ ကာလမှာ ဝတ္ထုသဏ္ဍာန် မ
ပါ၊ အထည်ဝတ္ထုကင်းမဲ့သည့်(ဝါ)ကောင်းကောင်းဆိုးဆိုး အ
မျိုးမျိုးသော ထင်မှတ်မှုမရှိသည့်၊ မြင်ကာမတ္တ၊ ကြားကာမတ္တ၊
နံ့ကာမတ္တ၊ စားကာမျှမတ္တ၊ ထိကာမျှမတ္တ၊ သိကာမျှမတ္တ သ
ဘောကို အနိမိတ္တရုပ်နာမ်လို့ သိမြင်ခံယူပါ။ မြင်မှုစသည့် သိမှု
များမဖြစ်ခင်က မျက်စေ့အဆင်း စသည့်တွင်းပြင်ရုပ်တရားများ၊
ကို ရှုကြည့်ဆင်ခြင်ရသည်မဟုတ်ပါ။ မြင်ဆဲ၊ ကြားဆဲ၊ ပစ္စုပ္ပံ
ကာလ ခဏိက အနိမိတ္တရုပ်နာမ်ကို အနိမိတ္တလက္ခဏာ ဆိုက်
အောင် ဆင်ခြင်ရပေမည်။

အနိမိတ္တလက္ခဏာ ဆိုတာလည်း အနိမိတ္တ ရုပ် နာမ်မှာ
အသတ် လိပ်ပြာ အတ္တ ဇီဝ နိစ္စ သုခ သဘောတို့ကင်းဆိတ်
သည်ကို မရှိဘည့်အတိုင်း မှတ်သားသိမြင်မှုကို အနိမိတ္တလက္ခဏာ
လို့ သိမြင်ရာ၍။

ကိုယ်ပိုင်ဉာဏ်မပါ၊ လူပြောသူပြောနှင့် ပြောတိုင်းယုံ
ခိုင်းတိုင်းလုပ်တတ်သည့် လူသားများ လက္ခဏာယှဉ် တင်ကြရှု
ကြသည်ကား သနိမိတ္တအနိစ္စ၊ သနိမိတ္တဒုက္ခ၊ သနိမိတ္တအနတ္တကို

တင်၍ရှုကြည့်ဆင်ခြင်မှုပြုကြသည်သာ။ ဝတ္ထုဒြပ် သဏ္ဌာန်ကြီး နှင့်တကွသော ရုပ်နာမ်များဖြစ်ပြီး ပျက်သွား၍ အနိစ္စ ဒုက္ခ အ နတ္တ စသည်ဖြင့် ရှုမှတ်မှုလမ်းဆုံးပြုကြသည်သာ များလှပေ၏ အမှန်ကတော့ အနိမိတ္တ၊ အနိစ္စ၊ ဒုက္ခ၊ အနတ္တကို ရှုမှတ်သိမြင်ရ မည်သာ။

အနိမိတ္တဥ္စ ဘာဝေဟိ၊ မာနာနုသယမုဟာဥ၊
တတောမာနာဘိသမယော၊ ဥပသန္တောစရိဿတိ။

အရိပ်နိမိတ်မှ ကင်းဆိတ်သည့်၊ သုညတဓမ္မ အနိမိတ္တကို ပညာဉာဏ်ဦးစီး၍ မမေ့လျော့သော သတိနှင့် ဝေဘန် ကြည့် ပါက ထင်မှတ်မှု သမုဒယ အစားစား အနုသယကိလေသာ များချုပ်ငြိမ်းရာကို ကိုယ်တွေ့မျက်တွေ့ ဉာဏ်တွေ့ဖြစ်မည်။

## "အနိမိတ္တလက္ခဏာရှုကြည့်ဟန်ကား"

ပစ္စုပ္ပန်ကာလ ပစ္စုပ္ပန် ခဏမှာ တွင်းပြင် ရုပ်နှစ်ပါးအာ ကြောင်းတိုက်ဆိုင်မှု အရှိန်စုကြောင့် ဖြစ်ပေါ်လာသည့်ပရမတ် ရုပ်နာမ်တို့သည်၊အဟုတ်အမှန်အားဖြင့် ထင်စရာ ငြိမ်း'သိမ်းစရာ မရှိ၊ ပင်ကိုယ်ပကတိအားဖြင့် ချုပ်ငြိမ်းနေသည့်အမျိုး၊မူလက ပျက်နေသည့် အချိုးဖြစ်ခြင်းကြောင့် "သုညတအနတ္တ"လို့ ရှု

ကြည့်ဆင်ခြင်အသိဝင်ရာ၏။ (၁၁) ပစ္စုပ္ပန်ကာလ ပစ္စုပ္ပန်ခဏမှာ တွင်းပြင်ရုပ်များ အကြောင်းအားလျော်စွာ ပေါင်းဆုံတွေ့ထိမှု အရှိန်စုကြောင့် ဖြစ်ပေါ်လာသည့် ပရမတ် ရုပ် နာမ် တို့သည် ဖြစ်ယောင်ဆောင်, တည်ယောင် ပြုကြသော်လည်း၊ လက္ခဏာ ယှဉ် ဉာဏ်မြင်နှင့်ကြည့်ပါက ဖြစ်နိုင် ရှိနိုင် တည်နိုင်သည့် စွမ်း အား မူလကမရှိ ကင်းဆိတ်ဘိကြောင့် "သုညတ အနတ္တ" ကောင်း, မကောင်း ဆိုး, ကောင်းနှစ်တန်၊ မုန်း, ချစ်နှစ်ပါးထင်, မှတ်မှုအစားစား သင်္ခါရ အရိပ်နိမိတ်မရှိ၊ မူလက ကင်းဆိပ်ဘိ ကြောင့် 'အနိမိတ္တ အနတ္တ' လို့ ဆင်ခြင်ဉာဏ်အမြင်စင်ရာ၏။

ပစ္စုပ္ပန်ကာလ၊ ပစ္စုပ္ပန်ခဏမှာ၊ အကြောင်းအားလျော်စွာ ဖြစ်ပေါ်လာသမျှ အနိမိတ္တရုပ်နာမ် မှန်သမျှတို့သည်၊ ပင်ကိုယ် မူလအားဖြင့် စွမ်းအားသတ္တိ ကုန်ခမ်းနေသည့် အမျိုးဖြစ်၏၊ ဖြစ်ပါသည်ဆိုသည့်၊ ပစ္စုပ္ပန်ကာလ၊ ပစ္စုပ္ပန်ခဏမှာပင်လျှင် အတ္တသတ္တိမရှိ နိစ္စ တာဝရအားဖြင့် တည်နေနိုင်သည့်, စွမ်းအား ကုန်ခမ်းဘိကြောင့်၊ ခယဋ္ဌေန အနိစ္စလို့ အသိရှင်း အမြင်လင်း ရာ၏။

အနိမိတ္တ အနိစ္စလက္ခဏာကို အသိပိုင် အမြင်ရှင်းအောင် သတိရှေ့ဆောင် ဉာဏ်အားကောင်းကောင်းနှင့် ဝေဘန်ပါရန် အလေးအနက် သတိပေးပါသည်၊ အဘယ်ကြောင့်ဆိုသော်၊ ယောဂီအားဖြင့် အနိစ္စ လက္ခဏာကို ဆင်ခြင်ရှုကြည့် သိကြ

သည်မှာ၊ သနိမိတ္တာအနိစ္စ (၀၁) ရုပ်နာမ်တို့အကြောင်း တိုက်ဆိုင် ပြည့်စုံသည့်အခါဖြစ်လိုက်၊ အကြောင်းချို့တဲ့သည့်အခါ ပျက်လိုက် ဤသို့ဖြစ်ပြီးပျက်သွားသည့် ဖြစ်ပျက်လက္ခဏာကို ဆင်ခြင်မှုမှာ လမ်းဆုံးထားကြသောကြောင့်တည်း။

သနိမိတ္တာအနိစ္စ ဖြစ်ပျက်လက္ခဏာကိုရှုကြည့်မှု သိမှတ်မှုနှင့် အသိမဆုံး၊ လမ်းမဆုံးပါ၊ အစွဲဥပါဒါန် မပြုတ်နိုင်ပါ၊ ဖြစ်ပြီးမှပျက်သွားသည့် အထည်ဒြပ် ဖြစ်ပျက်များကိုတော့၊ လူတိုင်းသိကြပါသည်၊ ဝတ္ထုဒြပ်ကင်းမဲ့သည့် အနိမိတ္တာရုပ်နာမ်နှင့် အနိမိတ္တလက္ခဏာကြတော့ သညာသိ၊ ဝိညာဉ်သိတို့ကို တွန်းလှန် ပယ်ဖျက်နိုင်သူ၊ ကိုယ်ပိုင်ဉာဏ်စေစား ဝေဘန်ရေးသမားမှ သိနိုင်ပေသည်။ထို့ကြောင့်‘ဝိဘဇ္ဇဝါဒ’ လက်ကိုင်ထားကြရာ၏။

အနိမိတ္တာရုပ်နာမ်ဆိုတာ တွင်းပြင်ရုပ်များ တွေ့ထိပေါင်းဆုံ အကြောင်းစုံဆဲကာလ ထိုခဏမှာ၊ အထည်ဒြပ်ကင်းမဲ့သည့် ဖြစ်သဘောကို၊ စစ်ကြောဝေဘန် ကိုယ်ပိုင်ဉာဏ်ယှဉ်သည့်အခါ ဖြစ်သဘောကိုယ်တိုင် မဖြစ်နိုင်ဘဲ၊ ဖြစ်နိုင်သည့်အားကုန်ခမ်း နေသည့်သဘော၊ ဖြစ်နိုင်စွမ်းအား မူလကပျက်နေသည့်သဘော လက္ခဏာကို တွေ့ရပါသည်၊ ထိုသို့ဖြစ်သဘောကိုယ်တိုင် မဖြစ်နိုင်ဘဲ ဖြစ်နိုင်သည့်အား မူလကကုန်ခမ်းနေထာကို ‘အနိမိတ္တာအနိစ္စ’ လို့ ဆင်ခြင်သိမြင်ရာ၏။

ဤနေရာမှာ ဖြစ်သဘောလို့ သမုတိပညတ်အရာမှာသုံး

ရဘာပါ၊ အမှန်ကတော့၊ အဖြစ် စစ် အ ဖြစ်မှန်မဟုတ်၊ ဖြစ်ယောင်ဆောင်' တည်ယောင်ပြသည့် သဘောသာ၊ နောက်ယပ်သိစရာ မရှိသည့်နယ်ကဲ ပြောမည်ဆိုလျှင်၊ ဖြစ်ယောင်ဆောင်တည်ယောင်ပြပါသည်ဆိုသည့် သင်္ခါရ တရားတို့သည် ဖြစ်နိုင်ပျက်နိုင်သည့် ကိုယ်ပိုင်စွမ်းအား အနည်းအပါးမျှမရှိသည့်"မူလပျက်" အနိမိတ္တဘရားဖြစ်ခြင်းကြောင့် "ဝယဓမ္မာသင်္ခါရာအပ္ပမာဒေန သမ္ပာဒေထ" စသည်ဖြင့် ဟောမိန့်ခဲ့ပါသည်။ ဖြစ်နိုင်ပျက်နိုင်သည့်စွမ်းအား နဂိုမူလက ကုန် ခမ်း နေခြင်း ကြောင့် "သဗ္ဗေသင်္ခါရာခယဋ္ဌေနအနိစ္စ"လို့ ဟော ခဲ့ ပါ သည်။ ထို့ကြောင့်အနိမိတ္တရုပ်နာမ် အနိမိတ္တလက္ခဏာကိုမြင်မှ' ပရိကံပြု၍ အသိမှန်အမြင်သန့်ပါက၊ ရှုမှု၊ ပွားမှု၊ ဝေဘန်မှု တမင် မပြုရတော့ဘဲ၊ 'သင်္ခါရုပေက္ခာ' ဉာဏ်ဆိုက်ပါတော့သည်၊ သင်္ခါရုပေက္ခာဉာဏ်ရောက် ပါက အားလုံးသော ကိုယ် နှုပ် စိတ် အလုပ်သင်္ခါရတွေချုပ်၍၊ 'ဝုဋ္ဌာနဂါမိနိဝိပဿနာ' စခမ်းရောက်ပြီး။ 'ဥတ္တရိနတ္ထံ ကိစ္စံ ကရဏံယန္တိ' ဖြစ်ကြီး ဖြစ်မည်ကား ဒိဋ္ဌဓမ္မဒိဋ္ဌပတ္တတရားပါပေ။

ပစ္စုပ္ပံကာလပစ္စုပ္ပံခဏမှအနိမိတ္တဒုက္ခကိုသိမြင် ဆင်ခြင်နိုင်ရန် သတိတမာန်'ဉာဏ်မြေကတုတ် ပညာချွန်းနှင့်အုပ်ရန်လွှတ်မြောက်ရေးတရား လိုလားသူများ၏ မဟာတာဝန်ကြီးပါပေ။

'ဒုက္ခ'သည်ဒြပ်သဏ္ဍာန်နှင့်တကွသော သနိမိတ္တ ဒုက္ခတွေကား အခြင်းအရာအားဖြင့် များပြားလှပေ၏။ (၀၁)ပညတ်

ဒုက္ခ၊ ပရမတ်ဒုက္ခ၊ ဝိပဿနာဒုက္ခ၊ အရိယာနယ်မှ သိအပ်သည့် ဒုက္ခအားဖြင့် များလှပေ၏။

ဒုက္ခသည်၊ အခြင်းအရာအားဖြင့် ဘယ်လောက်ပင်များ များ အဓိကသိရမှာကတော့ 'ပဋိပါဒါနက္ခန္ဓာဒုက္ခ'ဖြစ်ပါသ တည်း၊ လွတ်မြောက်ရေး တရားကိုလိုလားအမျိုးကောင်းသား သည်၊ ပဥ္စက္ခန္ဓါဒုက္ခနှင့် ပဋိပါဒါနက္ခန္ဓာဒုက္ခတို့၏ ကွဲပြားခြား နားမှု သတိပြုရာ၏။

ပဥ္စက္ခန္ဓာဒုက္ခဟူသည်၊ ကံ သင်္ခါရ စိတ် ဥတု အာဟာ ရတို့၏အကြောင်းခံ ပြုပြင်ထုထောင်မှုလက်လွန်ပြုခဲ့သည့်အရှိန်စု ကြောင့် ဖြစ်ပေါ်လာငြား၊ အကျိုးဝိပါက် ရုပ်တရားကြီးကား ဖြစ်လိုက် ပျက်လိုက်နှင့်နောက်ထပ် ကံ၊သင်္ခါရ၊စိတ်၊ဥတု၊အာ ဟာရတို့ဖြည့်စွက်အားပေးပါက၊ တဒိတ်ဒိတ်' တသိမ့်သိမ့် တရှ ရှ၊ တမ္မမ္မနှင့် ရဟတ်ပမာ၊ အဖြစ်ပေါ် အဖြစ်ဆင့် အပျက် ပေါ် အပျက်ဆင့်ကာ ဖြစ်ပျက် သံသရာလည်နေမည်သာ၊ အ ဖြစ်များက၊ကြီးကား ကျယ်ပြန့်၍၊ အပျက်များက ဆုတ်ယုတ် ကျဉ်းမြောင်းမည်သား၊ ဤသို့အကျိုးဝိပါက် ရုပ်တရား ကြီး၏ ဖြစ်မှု ပျက်မှုဒုက္ခ ဆုတ်ယုတ်ပျက်ပြားမှု ဒုက္ခ၊ စားမှု၊ ဝတ်မှု၊ နေ မှုဒုက္ခ' အိုမှုနာမှု၊ သေမှုဒုက္ခ အစရှိသည်တို့ကား၊ ရိုးရိုး သား သား အကျိုးတရားမျှသာ (ဝါ)နဂိုဒုက္ခမျှသာ၊ ၎င်းဒုက္ခများ ကား အကျိုးဝိပါက်ရုပ် အရှိန်မကုန်သေးသမျှ၊ ပုထုဇဉ်အစ၊ ရဟန္တာအဆုံးအကုန်လုံးတွေ့ကြုံရသည့်' ပဥ္စက္ခန္ဓာ ဒုက္ခဖြစ်သည်။

'မည်သူမှမလွတ်သာသည့်၊ ဝိပါကဒုက္ခဖြစ်သတည်း ထိုဒုက္ခများကို ရှုမှတ်ပွားများမှုနှင့် အချိန်မကုန်လွန်စေရာ၊ ၎င်းဒုက္ခကိုသိကာမျှနှင့် လွတ်မြောက်ရေးတရားကိုမရနိုင်ပေ။

ပဉ္စုပါဒါနက္ခန္ဓာဒုက္ခဟူသည်၊ကံသင်္ခါရအကြောင်းခံဖြင့် ပြုပြင်ထူထောင်မှု အရှိန်စုကြောင့် ဖြစ်ပေါ်လာသည့်အကျိုးဝိပါက်ရုပ်ကြီးအပေါ်မှာ၊ ကောင်းကောင်းဆိုးဆိုး အမျိုးမျိုး သောထင်မှတ်မှု၊ မုန်းမှု၊ ချစ်မှု၊ ကြောက်မှု၊ မြောက်မှု၊ ပြန်ပြောင်းကြောင့်ကြမှု၊ မျှော်မှန်းတောင့်တမှု၊ 'အတ္တသမုဒယ' အစားစားတို့ကိုပြင်းစွာစွဲလမ်းမှု၊ အခါခါ ပြုနေရခြင်းသည်၊ မညင်းသာအောင် ဆင်းရဲလှပါ၏၊ ထိုသို့ပြင်းစွာစွဲလမ်းမှု ဥပါဒါန်ပြုနေရခြင်းသည်၊ ဆင်းရဲဖြစ်ခြင်းကြောင့် 'ပဉ္စုပါဒါနက္ခန္ဓာဒုက္ခ' လို့ သမုတ်ကြ၊ သိကြရာသတည်း။

ဆိုလိုသည်မှာ၊ ပဉ္စုပါဒါနက္ခန္ဓာဒုက္ခဆိုတာ၊ အစွဲဥပါဒါန်နှင့်တကွ ဖြစ်နေရသည့် ခန္ဓာငါးပါးသည်၊ မပေါက်မပြန် ဆင်းရဲမှန်၏၊အစွဲဥပါဒါန်နှင့်တကွဖြစ်သည့်ခန္ဓာကာဆင်းရဲခြင်းကြောင့် 'ပဉ္စုပါဒါနက္ခန္ဓာ' မည်၏၊ အစွဲဥပါဒါန်မရှိသည့် ပကတိ ခန္ဓာကာ ဥပါဒါန်ချေးညှော်၊ အတ္တသမုဒယကင်းစင်၍ပင်ကိုယ် ငြိမ်း၊ ပင်ကိုယ်ချုပ်အလိုလိုငြိမ်း ဖြစ်သဖြင့်၊ ပြုပြင်အားထုတ်မှု၊ အာယူဟန သင်္ခါရအစားစားတို့လည်း၊ တကြိမ်တခါမျှဖြစ်ခွင့် မရတော့ပေ။ ထို့ကြောင့် ပဉ္စုပါဒါနက္ခန္ဓာဒုက္ခကို အသိ ပေါက်ပိုင်အောင် လေ့လာ ဝေဘန်ကြပါကုန်၊ ပဉ္စုပါဒါ

နုက္ခန္ဓာဒုက္ခကို သဘောပေါက်ပိုင်ပါက၊ စွန့်ရေး ပယ်ရေး ဦးလေးကြမည်မဟုတ်ပါ။

ဣဒံ ဒုက္ခန္တိဘိက္ခဝေ ဇာနတော, ပဿတော အာသဝါနံ ခယော ဟောတိ။

အကျိုးဝိပါက်ရုပ် ပဉ္စက္ခန္ဓာအပေါ်မှာ, ကောင်းကောင်း ဆိုးဆိုး အမျိုးမျိုးသောထင်မှတ်မှု၊ အတ္တသမုဒယအကြောင်းခံ၍ တပြောင်းပြန်ပြန် ကောင်းကံ, မကောင်းကံများ၊ ဥပါဒါန် အစားစား ဖြင့်၍နေရခြင်းသည်၊ ဆင်းရဲဧကန် အမှန်ဖြစ်၏။ ဤသို့မဖေါက်မပြန် ဧကန်မှန်ငြား ဥပါဒါန် ဒုက္ခတရားကို သိမြင်ပါကမရှိစွဲ၊ ရှိစွဲ ဘုံစွဲ၊ ဘဝစွဲ၊ ကာမစွဲ၊ အယူလွဲမှားများ အာသဝေါတရားတို့သည် ကုန်ပြီးခမ်းပြီး၊ ချုပ်ပြီး ငြိမ်းပြီးဖြစ်ကြမည်သာ။

တနည်းအားဖြင့်ဆိုသော် ပစ္စုပ္ပန်ကာလ ပစ္စုပ္ပန်ခဏမှာ ဖြစ်ပေါ်လာသည့် ပရမတ် ရုပ်နာမ်အပေါ်မှာ သဘောမမှန်, အမြင်မှားမှု, အတ္တသမုဒယကြောင့်ဖြစ်ပေါ်လာသည့်အကြောင်း ဒုက္ခဖြစ်မှုကို ဟုတ်တိုင်းမှန်စွာ ကိုယ်တိုင်ထိုးထွင်းသိပါက သမ္မာဒိဋ္ဌိအယူဖြစ်၍မဂ္ဂင်ရှစ်ပါးတသားတည်း အကြွမ်းဝင်ကာ သစ္စာလေးပါးသိမှုရမှု ပြီးပြည့်စုံရှာပြီ။

ထို့ကြောင့် ဗုဒ္ဓက သမ္မာဒိဋ္ဌိဖြစ်ခြင်း၏အကြောင်းအင်္ဂါတို့ကို မေး ဖြေလုပ်၍ ဟောထားသည်ကား....

'တတ္ထကတမာ သမ္မာဒိဋ္ဌိ'

ထိုတရားသဘော၌ အဘယ်အင်္ဂါနှင့်ပြည့်စုံပါက သမ္မာဒိဋ္ဌိဖြစ်ပါသနည်း။

'ဒုက္ခေဉာဏံ'

မသိမှု၊ ထင်မှတ်မှု'ပြင်းစွာစွဲလမ်းမှု အရင်းခံပြု၍ ပြုလုပ်သမျှကတော့ ကောင်းကာ လုပ်လုပ်၊ မကောင်းကာ လုပ်လုပ်၊ လုပ်သမျှတော့ ဒုက္ခလို့သိခြင်း။

"ဒုက္ခသမုဒယေဉာဏံ"

ဒုက္ခဖြစ်ခြင်းအကြောင်းသည်မသိမှု၊ ထင်မှတ်မှု၊ စွဲလန်းသိမ်းပိုက်လိုမှု၊ ကောင်း မကောင်း ပုညာဘိသင်္ခါရ၊ အပုညာဘိသင်္ခါရတို့ကို ပြုလုပ်လိုမှု၊ အလိုရှိခြင်းကြောင်းလို့သိခြင်း။

'ဒုက္ခနိရောဓေဉာဏံ'

ဒုက္ခချုပ်ငြိမ်းခြင်းသည်၊ ကောင်းကောင်း ဆိုးဆိုး အမျိုးမျိုးသော သင်္ခါရတို့ကို လုပ်လိုခြင်း၊ လုပ်နေရ ခြင်းသည် ဆင်းရဲကြောင်း' ဆင်းရဲခြင်းလို့ အသိမှန်၊ အမြင်မှန်ပေါက်၍ လုပ်လိုမှုကိုပယ်၊ လုပ်မှုကိုရပ်လိုက်ပါက ပယ်မှု ရပ်မှုနှင့်တာ ထပ်တည်းချုပ်မှု ငြိမ်းမှုကိုသိခြင်း။

'ဒုက္ခနိရောဓဂါမိနီပဋိပဒါယဉာဏံ'

ဒုက္ခချုပ်ကြောင်း အကျင့်ကောင်း လမ်းစဉ်သည် အလို တခု အစွဲဥပါဒါန်နှင့် အားထုတ် ပြုလုပ်သမျှကတော့ ဒုက္ခမှန် သည်လို့ သိခြင်း၊ အလိုတခုနှင့်လုပ်သမျှဒုက္ခ၊ လုပ်လိုမှုကံ သမု ဒယမှန်သည်လို့ အသိပေါက်ပိုင်ပါက ပြုလိုမှုကိုပါယ်၊ ပြုမှုကို စွန့်၊ နဂိုငြိမ်း အလိုလိုငြိမ်း၊ ကိလေသာနိရောဓ သန္တိသုခ နိဗ္ဗာန်ကို မျက်မှောက်ပြုရသည် ဆိုသည့် လမ်းစဉ်ကိုသိခြင်း-။

'အယံ ဝုစ္စတိသမ္မာဒိဋ္ဌိ'

ဤသို့ ဒုက္ခစစ် ဒုက္ခမှန်ကိုသိခြင်း၊ ဒုက္ခဖြစ်ကြောင်းသမု ဒယအစစ်အမှန်ကို သိခြင်း၊ ဒုက္ခချုပ်မှု(ဒုက္ခမဖြစ်မှု) နိရောဓ အစစ်အမှန်ကိုသိခြင်း၊ ဒုက္ခချုပ်မှု(ဒုက္ခမဖြစ်မှု)အကျင့်ကောင်း လမ်းမှန်ကိုသိခြင်းသည် သမ္မာဒိဋ္ဌိမည်၏။

ဗုဒ္ဓဝါဒဗုဒ္ဓလမ်းစဉ်မှာသမ္မာဒိဋ္ဌိဖြစ်မှုသည် လမ်းစဉ်ဝါ ဒ၏ ပြီးပြည့်စုံခြင်းမည်ပေ၏။ (ဝါ)သမ္မာဒိဋ္ဌိ'မှန်သောအမြင် မှန်သောအယူရှိပါက' မှန်သောအပြော'အလုပ်၊ မှန်သော'အကြံ အလုပ်၊ မှန်သော ဘဝသက်ထိန်းမှုအလုပ်၊မှန်သောအမှုဉ်အား စိုက်မှုအလုပ်၊ မှန်သောအမှုဉ် အမှတ်ရမှုအလုပ်' မှန်သောအယူ အမြင်ကြီးတည်နေမှု အလုပ်များအားလုံး အကြွမ်းဝင်ပါတော့ သည်။

အချုပ်ကိုဆိုသော်ဒုက္ခ ဒုက္ခ၊ဖြစ်ကြောင်း 'ဒုက္ခချုပ်ငြိမ်းမှု၊ဒုက္ခချုပ်ကြောင်း အကျင့်ကောင်းအကျင့်မှန်တို့ကို အဟုတ်အမှန်သိပါက သမ္မာဒိဋ္ဌိဖြစ်ပါသည်။ သမ္မာဒိဋ္ဌိမဂ္ဂင်ဖြစ်ပါက ကျန်မဂ္ဂင်များလည်း အားလုံးအကြွမ်းဝင်ပါသည်။ မဂ္ဂင်ရှစ်ပါးသည် တပါးစီ အချိန်ကာလခြားပြီး ဖြစ်နေကြသည်မဟုတ်ပါ။ ယောဂလမ်းစဉ်ပေါ်မှ ပုဂ္ဂိုလ်များ အထင်မှားနေကြသည်ကား မဂ္ဂင်ရှစ်ပါးသည်တပါးစီ, တခြားစီဖြစ်သည်လို့ ထင်မှတ်ခြင်းပင်တည်း။ (ဝါ) မဂ္ဂင်ရှစ်ပါးတို့တွင် သမ္မာဒိဋ္ဌိတည်းဟူသော အယူမှန်ရမှ အစကနဦးလုပ်ရမည်ကိုသစ်လျှူရှု၍ သမ္မာသမာဓိဆိုသည့် နောက်ဆုံးအကျိုးတရား မဂ္ဂင်က စနေတော့ ရှေ့မျက်နှာ နောက်ထားပြီး ခရီးသွားသည့်လူလို၊ လိုရာခရီးမရောက်၊ အချိန်ကုန်လူပမ်း ဖြစ်နေကြပေသည်။ (ဝါ) လုပ်လေ, မဟုတ်လေ၊ ဝိပဿနာခရီးရှေ ဖြစ်နေပေသည်။

ထို့ကြောင့် အဝိဇ္ဇာ ဂတဿ ဘိက္ခဝေ အဝိဒ္ဒသုနော မိစ္ဆာဒိဋ္ဌိ ပဟောတိ။ အဟောရှိခဲ့ပါသတည်း။

'သမ္မာသမာဓိ'ဆိုတာ အယူမှန် အမြင်မှန်မှုကြီး တည်မြဲနေတာကိုခေါ်သည်။ အယူမှန် အမြင်မှန်မှုကြီး တည်မြဲနေမှု အလိုရှိလျှင် အယူမှန် အမြင်မှန်-အသိမှန် (သမ္မာဒိဋ္ဌိ) ဉာဏ်ကို ရအောင် ရောက်အောင် အစ ပထမ လုပ်ပါလို့ အလေးအနက် မေတ္တာစေတနာဖက်၍ သတိပေးတိုက်တွန်းရပါသတည်း။

တတ္တကာတမာ သမ္မာဒိဋ္ဌိ၊ ဒုက္ခေဉာဏံ ဒုက္ခသမုဒယေဉာဏံ

ဒုက္ခနိရောဓေဉာဏံ၊ ဒုက္ခနိရောဓဂါမိနီ ပဋိပဒါယဉာဏံ အယံ ဝုစ္စတိ သမ္မာဒိဋ္ဌိ။

တတ္ထ၊ ထိုတရားသဘော၌။ သမ္မာဒိဋ္ဌိ၊ အမှန်မြင်သိ၊ ပညာရှိ ခေါ်ကြောင်း၊ သမ္မာဒိဋ္ဌိတရားသည်။ ကတမာ၊ အဘယ်တရားနည်း ဟူမူကား။ ဒုက္ခေ၊ အာယူဟနသင်္ခါရမှု၊ ပြုပြုသမျှသည် အမှန်ပင် ဆင်းရဲခြင်းဟူ၍။ ဉာဏံ၊ သိသော ဉာဏ်တည်း။ ဒုက္ခသမုဒယေ၊ ကံ—သင်္ခါရမှု ပြုလိုပါကြောင်း အလိုတရားသည် ဒုက္ခဖြစ်ကြောင်းဟူ၍။ ဉာဏံ၊ သိသောဉာဏ်တည်း။ ဒုက္ခနိရောဓေ၊ ပြုလိုတခု ပယ်စွန့်ပြုက ပြုမှုချုပ်ငြိမ်း အလိုသိမ်းလျက် ဧကိန်း နိရောဓမျက်မှောက်ပြုရသည်ဟူ၍။ ဉာဏံ သိသောဉာဏ်တည်း။ ဒုက္ခနိရောဓဂါမိနီပဋိပဒါယ၊ ဒုက္ခချုပ်ရာအကျင့်သာ လမ်းခရီး ကား၊ ကံသင်္ခါရကိုရပ်၊ ပြုလိုမှုကိုပယ်၊ အမှန်တကယ် မဂ် အကျင့်ဟူ၍။ ဉာဏံ၊ သိသောဉာဏ်တည်း။ အယံ၊ ဤလေး ပါးသော သဘောတရားတို့ကို အပြောနိုင် သဘောပိုင်အောင်၊ ဉာဏ်မြင်ရှု အမှန်သိမှုသည်။ သမ္မာဒိဋ္ဌိ၊ အမြင်မှန်သိ ပညာရှိ မဟော် သမ္မာဒိဋ္ဌိခေါ်တော့ဟူ၍။ ဝုစ္စတိ၊ ငါဘုရားမိန့်မှာ ခဲ့ပါသတည်း။

## သဒ္ဓာ ဉာဏ်

သတ္တလောကခေါ်ဆိုကြသည့် ပြုပြင်ပြောင်းလဲမှု၊ ရွေ့လျား လှုပ်ရှားမှု၊ ကျယ်ပြန့် ကြဉ်းကြုံ့မှု၊ ဖြစ်မှု ပျက်မှု အစဉ် တန်းနေသည့် သင်္ခါရလောကကြီးအတွင်းမှ အရှိတရားအဖြစ်

တရားတို့ကို၊ ဤသည်ကားအရှိတရားတည်း၊ ဤသည်ကားအဖြစ်တရားတည်း၊ ဤသည်ကားအထင်တရားတည်းဟု အမှန်အကန်မဖေါက်မပြန် ဟုတ်တိုင်းမှန်စွာ အမြင်မှန်အားဖြင့် သိထားမှုသည်၊ သစ္စာကိုသိသည်၊ မြင်သည်၊ ရှိသည်မည်၏။ ဤသို့သင်္ခါရတို့၏ သဘောမှန်ကို မှန်သည့်အတိုင်း သိထားသူကိုပင်လျှင်၊ လွတ်မြောက်သည့်လူသား အရိယာနွယ်ဘွားလို့ ခေါ်ဝေါ်သမုတ်ကြရာ၏။

"စတုသစ္စာဝိနိမုတ္တော ဓမ္မောနာမနတ္ထိ"

အားလုံးကုန်သော အရှိပရမတ် သဘောအရပ်ရပ်တို့သည် သစ္စာလေးပါးမှ မလွတ်ကြကုန်၊ (ဝါ) သစ္စာလေးပါးမှ လွတ်သောတရား မည်သည်မရှိ။

"တတ္ထာကတမာနိ အရိယ သစ္စာနိ"

အားလုံးကုန်သော အရှိပရမတ် သဘောအရပ်ရပ်တို့သည် သစ္စာလေးပါးမှ လွတ်သောတရားမည်သည်မရှိ ဆိုရာ၌၊ သစ္စာလေးပါးဟူသည် အဘယ်တရားနည်း ဟူမူကား။

"ဒုက္ခံ အရိယသစ္စံ"

ဆင်းရဲအစစ်အမှန်ကိုသိခြင်းသည် အရိယာသစ္စာမည်၏။

လူသား၏ မျက်စေ့၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ ဟဒယတည်းဟူသော ပသာဒရုပ်နှုမျှားနှင့်လူ့ပါတ်ဝန်းကျင်မှအဆင်း၊

အသံ၊ အနံ့၊ အရသာ၊ အတွေ့အသိ၊ အဟောင်းတရားတည်းဟူသော အပြင်ရုပ်များနှင့် အကြောင်းတိုက်ဆိုင်မှု ပြည့်စုံသည့်အခါ ခန္ဓာငါးပါး၊ ရုပ်-နာမ် နှစ်ပါးဖြစ်ပါသည်။

ဖြစ်ပေါ်ပုံဥပမာပြရလျှင် မျက်စေ့ပေါက်မှာ ခန္ဓာငါးပါးရုပ်နာမ်နှစ်ပါးဖြစ်သည်ဆိုပါတော့၊ ဖြစ်ပုံကား စက္ခုပသာဒခေါ် မျက်စေ့အကြည် အတွင်းရုပ်ကိုအပြင်မှ ရူပါရုံခေါ် အဆင်းရုပ်က တိုက်သည့်အခါ မြင်မှုသဘော ဖြစ်လာပါသည်။

ဤသည့် မြင်မှုသဘောသည်၊ ယခင်ကမရှိ မူလကဖြစ်ရန်ရှိနှင့်ပြီးမဟုတ်ပါ၊ ဖြစ်လာ ရှိလာပြန် တော့လည်းနိစ္စ, ထာဝရအားဖြင့် အဘည်မခံ သဘောဖြစ်ရကား ဖေါက်ပြန်ပျက်စီးသွားပါသည်။ ထိုသို့ ဖေါက်ပြန်ပျက်စီးသွားသည့်သဘောကို ရူပက္ခန္ဓာလို့ ခေါ်ပါသည်။ ၎င်းဖေါက်ပြန် ပျကစီးသွားသည့်သဘောကို ကောင်း မကောင်းအားဖြင့် ခံစားမှုသဘောဖြစ်၏။ ထိုသို့ ခံစားတတ်သည့် သဘောကို ဝေဒနက္ခန္ဓာလို့ခေါ်၏။ ၎င်းကောင်း မကောင်းခံစားမှုသဘောကိုမှတ်သားမှုသဘောလေးဖြစ်၏။ ထိုမှတ်သားမှု သဘောကို သညက္ခန္ဓာလို့ခေါ်၏။ ၎င်းမှတ်သားမှုသဘောကို ကောင်း မကောင်း ပြုပြင်တိုက်တွန်းစေ့ဆော်မှု သဘောသည်ဖြစ်၏။ ထိုစေ့ဆော်မှုတိုက်တွန်းတတ်သည့် သဘောကို သင်္ခါရက္ခန္ဓာလို့ခေါ်၏။ ဤသို့မြင်မှုဖြစ်ဆဲကာလ ထိုခဏမှာဖေါက်ပြန်, ပျက်စီး, ခံ

စား၊ မှတ်သား၊ စေ့ဆော်တိုက်တွန်းမှု၊ အစုစုတို့ကို သိခြင်း သဘောဖြစ်၏။ ၎င်းသိခြင်းသဘောကို ဝိညာဏက္ခန္ဓာလို့ ခေါ်ပါသည်။

လူသား၏မျက်စေ့အတွင်း ရုပ်နှင့်လူ့ပါတ်ဝန်းကျင်မှ အဆင်းရုပ်တို့ အကြောင်းစုံလို့ တွေ့ဆုံဆဲခဏမှာ၊ ခန္ဓာငါးပါး တပြိုင်နက် တသားထည်းပေါ်ပါသည်၊ ၎င်းခန္ဓာငါးပါးကိုသဘောတူရာ စုပေါင်းလိုက်ပါက၊ ရူပက္ခန္ဓာက ရုပ်လောက၊ ရုပ်ခန္ဓာ။ ခံစားမှတ်သား၊ စေ့ဆော်တိုက်တွန်းမှုနှင့် သိမှုတို့သည်၊ နာမက္ခန္ဓာ၊ နာမ် လောက ဖြစ်ပါသည်၊ အမှန်ကရုပ်လောကနှင့် နာမ်လောကနှစ်ပါးသာ ဖြစ်ပါသတည်း။

ထိုသို့မျက်စေ့ပေါက်မှာ မြင်ဆဲကာလ၊ ထိုခဏတွင်၊ ခန္ဓာငါးပါး ရုပ်နာမ် နှစ်ပါး၊ တပြိုင်နက်ဖြစ်မှု၊ ပျက်တော့လည်း တပြိုင်နက်ပျက်မှုကိုဉာဏ်မြင်ရှုပါ၊ ၎င်းတပြိုင်နက်ဖြစ်၍၊ တပြိုင်နက်ပျက်သွားသည့် ခန္ဓာ၊ ရုပ် နာမ်ကို ပရမတ် ခန္ဓာ၊ ပရမတ်ရုပ်နာမ်လို့ ခေါ်ပါသည်။ ဤသို့ပရမတ်ခန္ဓာ၊ ပရမတ်ရုပ်နာမ် ဖြစ်မှု ထိုဖြစ်သဘောကို ဉာဏ်ကန့်ရှောက်ာ မသိမှုအကြောင်း ခံပြုပြီး၊ ချောလှ ကြီးတန် ကောင်း၊ မကောင်း၊ ဘာ ဘာ၊ ညာညာ၊ ထွေထွေရာရာ ထင်မှတ်မှုများ ဖြစ်ပါသည်။

"တွေဟိစက္ခုမေဝ ရူပါနိစ ရူပက္ခန္ဓော ဒဿနံ၊ ဝိညာဏက္ခန္ဓော၊ တံသမ္ပ ယုတ္တော၊ ဝေဒနာ ဝေဒ နက္ခန္ဓော၊

သညာ သညာက္ခန္ဓော၊ ဖဿဒိကော သင်္ခါရက္ခန္ဓော၊ ဧဝ မေတေသံ ပဥ္စန္နံ ခန္ဓာနံ သမဝါယမေ အာ လော ကေ န ဝိလောကနံ ပညာယတိ။

မျက်စေ့ပေါက်နည်းတူ၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ မနောဒွာရတို့မှာလည်း၊ ပရမတ်ခန္ဓာ၊ ပရမတ်ရုပ်နာမ်ပေါ်မှု၊ ကိုယ်ပိုင်ဉာဏ်ဖြင့် အသိမှန်ပြုရာ၏။

ခြောက်ဒွာရ ခြောက်အာရုံ အကြောင်းစုံပေါင်းဆုံလို့ ဖြစ်ပေါ်လာသည့်၊ ခန္ဓာရုပ်နာမ်သည်၊ တကိစ္စ၊ တဒွာရ၊ တအာရုံတည်းနှင့် ချုပ်ငြိမ်းသွားပါက၊ ရိုးရိုးသားသား ပဥ္စက္ခန္ဓာ တရားပါပေ၊ ဓမ္မနိယာမ သဘော ဖြစ်ခြင်းကြောင့် ဘာမျှအပြစ်မရှိပါ။ အပြစ်ဖြစ်လာသည်ကား။ ထိုထိုနိယာမ သဘောအတိုင်း ဖြစ်ပေါ်ချုပ်ငြိမ်း သွားသည့် ပဥ္စခန္ဓာ ရုပ်နာမ် တို့ကို ဘာဘာညာညာအပွားခတ်မှု၊ ထင်မှတ်စွဲလန်းမှုဥပါဒါန်ပြုလိုက်မှ- အစွဲဥပါဒါန်နှင့် တက္ကသော ခန္ဓာရုပ်နာမ်ဖြစ်ပြီး၊ ဆင်းရဲခြင်းအဖြစ်၊ အမှန်ဖြစ်တော့တာပါ။

ထို့ကြောင့် 'ပဉ္စုပါဒါနက္ခန္ဓာပိဒုက္ခ' 'နာမရူပ" ဒုက္ခသစ္စ°'လို့ ဟောမိန့်ခဲ့ခြင်းဖြစ်ပါသည်။

ဤနေရာမှာ၊ ခန္ဓာငါးပါးသည် ဆင်းရဲ၏၊ ရုပ်နာမ်နှစ်ပါးသည် ဒုက္ခသစ္စာဖြစ်၏ ဆိုရာဝယ်၊ မည် သည့် ခန္ဓာသည်

သင်းရဲ၍ မည်သည့်ရုပ်နာမ်သည် ဒုက္ခသစ္စာ ထိုက်သနည်းဆိုတာ ကွဲပြားခြားနားစွာသိမှု အထူးသတိပြုအပ်ပေသည်။

ခန္ဓာ ရုပ်နမ်ဘည်၊ အထက်မှာ ပြအပ်ခဲ့သည့် အတိုင်း ပဥ္စခန္ဓာရုပ်နာမ်နှင့်ပဥ္စုပါဒါနက္ခန္ဓာ ရုပ်နာမ်လို့ နှစ်မျိုး နှစ်စား ရှိသည့်အနက်၊ ပဥ္စက္ခန္ဓာရုပ်နမ်ကား၊ တကိစ္စ၊ တဒ္ဓါရ၊ တအာရုံတည်းနှင့် ဓမ္မနိယာမ သဘောအတိုင်း ချုပ်ငြိမ်းသွားခြင်းကြောင့် ဘာမျှအပြစ်မရှိ၍ သုခ-ဒုက္ခမဖြစ်ပေ။

ဤသည့်အကျိုးဝိပါတ် ရုပ်တရားကြီး၏၊ အချိုးအစား မညီမျှမှုကြောင့် ဖြစ်ပေါ်လာသည့် ဆာလောင်မွတ်သိပ်မှု၊ အလိုမပြည့်မှု၊ ဓမ္မနိယာမအတိုင်း၊ ရင့်ရော်အိုမင်းမှု၊ စားဝတ်နေရေးအတွက် လုံးပမ်းရမှု၊ နာမှု သေမှုတို့ကလည်း အမှန်နယ်က၊ ကြည့်ရှု'သိမှုပြုမည်ဆိုလျှင်၊ ဘာမျှအပြစ်မရှိ၍ သုခ-ဒုက္ခ မဟုတ်ပေ။

ဤသည့်အကျိုးဝိပါက် ရုပ်တရားကြီး၏ အချိုးအစား မမျှတမှုကြောင့်- ဖြစ်ပေါ်လာသည့် ဆာလောင်မွတ်သိပ်မှုစား' ဝတ်'နေရေးအတွက် လုပ်ကိုင်ရမှု၊ အို နာ၊ သေ၊သာမှု နာမှု တရားတို့ကား၊ တာဝန်နှင့် ဝတ္တရားဖြစ်ပေသည်၊ ထိုထိုတရားတို့ကား၊ဓမ္မနိယာမ လမ်းကြောင်းအတိုင်းဖြောင့်တန်းစွာ ဖြစ်ပေါ်နေသည့် အပြစ်ကင်းမဲ့သည့် တာဝန်နှင့်ဝတ္တရားပါပေ။

ယနေ့မျက်မှောက်ကာလမှာ၊ တာဝန်ဝတ္တရားနှင့် ဒုက္ခ မကွဲပြားဘဲဖြစ်နေကြပါသည်၊ တာဝန်နှင့်ဝတ္တရားကို ဒုက္ခမှတ်

နေကြပါသည်။ တာဝန်နှင့်ဝတ္တရားကို ဒုက္ခမှတ်နေခြင်းကြောင့် တာဝန်မကြေမှု၊ ဝတ္တရားချို့တဲ့မှုကြီးဖြစ်နေပါသည်၊ တာဝန်မကြေ ဝတ္တရားချို့တဲ့မှုကြောင့်၊ စီးပွားရေးမှာ ဟာကွက်ကြီးဖြစ်ပြီး၊ ကျန်းမာရေးမှာအမျှတမှု အချိုးအစား မကျမှုကြီးများဖြစ်နေပါသည်။

အမှန်သော်တမူကား၊ တာဝန်နှင့်ဝတ္တရားသည်၊ ဒုက္ခအစစ်အမှန်မဟုတ်ပါ၊ တာဝန်နှင့်ဝတ္တရားဆိုတာ ဓမ္မနိယာမ အတိုင်းဖြစ်သည့် အပြစ်ကင်း၊ အပြစ်ရှင်းသော တရားသာလျှင်ဖြစ်သည်၊ ဒုက္ခဆိုသည်ကား အပြစ်တရား (ဝါ)တာဝန်နှင့်ဝတ္တရားကို သေဖီသည့်တရားဖြစ်သည်၊ ဆိုလိုသည်မှာ၊ အလိုတခုနှင့်အပိုပြုနေရခြင်းသည် (ဝါ) တာဝန်နှင့် ဝတ္တရားကို ကျော်လွန်၍ တာဝန်နှင့်ဝတ္တရားထက် ကောင်းနိုးနိုး အမျိုးမျိုးသောအားထုတ်ပြုလုပ်မှုဖြင့်သည်။ ထိုသို့ပြုလုပ်တိုင်း ပြုလုပ်တိုင်းကာလမဆိုင်းဘဲ၊ ဆင်းရဲမှုအမှန် ဧကန် ဖြစ်ရခြင်းကြောင့် 'သဗ္ဗေသခ်ါရာဒုက္ခာ'လို့ ဟောမိန့်ခဲ့ပါသည်။

အစ္ဆဥပါဒါန်'အလိုတခုနှင့်ပြုလုပ်သမျှ' အားလုံးသခ်ါရဒုက္ခဖြစ်သည်၊ ၎င်းသခ်ါရဒုက္ခသည် လုပ်ရမည့်တရား၊ တွယ်ရမည့်တရားမဟုတ်ပါ၊ သိထားရမည့်တရားသာဖြစ်သည်။'ဝါ'ပရိညေယျကာတဗ္ဗအနေနှင့် သိရှိသာသိထားရမည့်အကြောင်း အသိကောင်း အမြင်မှန်ရန်လိုပေသည်၊ ပြုပြုသမျှကဲတော့၊ ဒုက္ခသာမှန်သည်၊ ၎င်းဒုက္ခကိုလည်း သိရှိသသာသိထားရမည့် တရားပါလားလို့၊ ပိုင်းခြားပြီးမသိပါက၊ ဒုက္ခမှ လွတ်အောင် လုပ်သည့်အခါ ဒုက္ခဖြစ်ကြောင်းတွေကြီး လုပ်နေတတ်ပေသည်။

ဒုက္ခအစစ်အမှန်ကို သိဘို့၊ အလွန်အရေးကြီးသည်၊ဒုက္ခအစစ်အမှန်ကို ဟုတ်တိုင်းမှန်စွာ ကိုယ်တိုင်ကိုယ်ပိုင် သိမြင်လျှင် သစ္စာလေးချက် တပြိုင်နက်သိတော့သည်သာ။

ထို့ကြောင့်'ဒုက္ခေဒိဋ္ဌေ စတ္တာရိသစ္စာနိဟောန္တိတိ အာမန္တာ'လို့ မိန့်မှာဟောကြားခဲ့ပါသတည်း။

ဒုက္ခအစစ်အမှန်ဆိုဘာလည်း၊ အထက်မှာ ပြအပ်ခဲ့သည့်အတိုင်း၊ အလိုတခုအစွဲဥပါဒါန်ပြုပြီး လုပ်သမျှကတော့ ဒုက္ခသာမှန်သည်၊ ၎င်းဥပါဒါန်ဒုက္ခကို သိရမည်၊'ဒုက္ခံအရိယသစ္စံ' အရိယာ သူမွန်သူမြတ်များသိသည့်၊ ဒုက္ခသည် ထိုဥပါဒါန်ဒုက္ခသင်္ခါရ ဒုက္ခသာဖြစ်ပါသည်။

'ဣဒံ ဒုက္ခန္တိ ယထာဘူတံပဇာနန္တိ'

အလိုတခု အစွဲဥပါဒါန်ပြုပြီး လုပ်လျှင် (ဝါ) တာဝန်နှင့်ဝတ္တရားထက် ကျော်လွန်၍လုပ်လျှင်၊ ကိုယ်ဖြင့်လုပ်လုပ်(ကာယသင်္ခါရ)၊ နှုပ်ဖြင့်လုပ်လုပ်(ဝစီသင်္ခါရ)စိတ်ဖြင့် လုပ်လုပ် (မနောသင်္ခါရ)၊ ကောင်းတာလုပ်လုပ်(ပုညာဘိသင်္ခါရ)၊ မကောင်းတာလုပ်လုပ်(အပုညာဘိဘင်္ခါရ)၊ မြင်မှုနှင့် လုပ်လုပ်၊ ကြားမှု၊ နံမှု၊စားမှု၊ ထိမှု၊သိမှုနှင့်လုပ်လုပ် လုပ်သမျှကတော့ ဒုက္ခသာမှန်သည်။ 'ဇာတိဒုက္ခ'ဆိုတာ ဥပါဒါနသင်္ခါရ အာယူဟန သင်္ခါရနှင့်တကွ ဖြစ်ဖြစ်နေသည့် 'အဖြစ်သဘော'ကိုဆိုသည်။

'ဣဒံ ဒုက္ခန္တိယထာဘူတံ ပဇာနန္တိ'

သူမွန်သူမြတ်(အရိယာ)ကြီးများသည် ဒုက္ခကို အပြားအားဖြင့် သိကြသည်ဆိုရာဝယ် အထက်ပါအတိုင်းအဝိဇ္ဇာကိုအ

ကြောင်းခံ၍ တပြောင်းပြန်ပြန် ပြုသမျှကတော့ ဒုက္ခသာမှန်တယ်လို့ မှန်သည့်အတိုင်း ဟုတ်သည့်အတိုင်း မှန်စွာသိကြခြင်းဖြစ်ပါသည်။

ဣဒံ ဒုက္ခန္တိ ဘိက္ခဝေ ဇာနတော ပဿတော အာသဝါနံ ခယော ဟောတိ။

လွတ်မြောက်ရေးတရားကိုလိုလား အမျိုးကောင်းသားတို့အဖို့ယူဟနသင်္ခါရ ဥပါဒါနတရားတို့ကို ပြုပါက ပြုပြုသမျှတော့ ဒုက္ခသာမှန်သည်။ ဤသည့်ဒုက္ခကိုသံသယမနှောဝိစိကိစ္ဆာမဖက်၊ သဘောဉာဏ်သက်သက်ဖြင့် ဟုတ်တိုင်းမှန်စွာ သိမြင်ပါလျှင် ဘုံစွဲ-ဘဝစွဲနှင့်တကွအတိတ်' အနာဂါတ်နှင့်တုတ်နှောင်မှုမှန်သမျှ ရှိစွဲ၊ မရှိစွဲ၊အလွဲအမှားတို့သည် ကုန်ပြီး ငြိမ်းပြီး၊ချုပ်ပြီးဖြစ်မည်ကား ပရမတ္ထသစ္စာတရားပါတည်း။

‘ဒုက္ခသမုဒယံ အရိယသစ္စံ’

ဒုက္ခဖြစ်ကြောင်းမှန်ကို သိမှုသည်အရိယ သစ္စာမည်၏။

ဒုက္ခစစ် ဒုက္ခမှန် ဆိုတာထင်မှတ်စွဲလမ်းမှုအလို တခုနှင့်တကွ' ပြုပြုသမျှဒုက္ခသာဖြစ်ကြောင်း အထက်တွင် ပြဆိုခဲ့ပေပြီ။ ဤသို့ ဒုက္ခဖြစ်ဖြစ်နေရတာ ဘာကြောင့်လဲလို့ ဒုက္ခဖြစ်ခြင်းအကြောင်းရင်းကိုရှာတော့၊ ဖြစ်လိုမှု,ပြုလိုမှု,အကြောင်းစုကို တွေ့ရပါသည်။ ဘာကြောင့် ပြုလိုဖြစ်လိုပါသလဲလို့ တဆင့်တက်၍အကြောင်းအချက်ကို ရှာတော့ ထိုသို့ဖြစ်ဖြစ်နေရတာ' ပြုပြုနေရတာ သည်အပြစ်ပါလား၊ ဆင်းရဲပါလားလို့ မသိမှုကြောင့်ဖြစ်ပါသည်။

ဤနေရာမှာ ဒုက္ခနှင့်သမုဒယ သံသရာလည်နေမှုကို သတိပြုပါ၊ မသိလို့ပြုလို၊ ပြုလိုလို့ပြုလုပ်၊ ပြုလုပ်လို့ဆင်းရဲ၊ဆင်းရဲမှုကို ဆင်းရဲပါလားလို့ မသိ၊ မသိတော့ ထပ်ပြီးပြုလို၊ပြုလိုတော့ပြုလုပ်ပြန်၊ ပြုလုပ်တော့ဆင်းရဲပြန်၊ ဆင်းရဲမှုကို ဆင်းရဲပါလားလို့မသိတော့ပြုလိုမှု သမုဒယအခြေခံ၊ ဒုက္ခနှင့်သမုဒယတို့ တပြောင်းပြန်ပြန် သံသရာလည်မဆုံး ဖြစ်နေပေသည်။

ဒုက္ခနှင့်သမုဒယ သံသရာ ပြတ်ရေး' ချုပ်ရေး'အလုပ်စခမ်းပေးရသော် လွယ်လွယ်ပါဘဲ၊ အယူဟာနသခါရတို့ရပ်၊အတ္တသမုဒယကိုပယ်(ဝါ)ကောင်းကောင်းဆိုးဆိုး အမျိုးမျိုးသောပြုလုပ်မှု မှန်သမျှ ဒုက္ခသာဖြစ်ကြောင်း အသိကောင်းအမြင်မှန်ပါစေ၊ ကောင်းကောင်း ဆိုးဆိုး အမျိုးမျိုးသော သခါရတို့ကို အသိဘခု'အပိုတခုအနေနှင့်လုပ်လိုမှု(ဝါ)ကံကြေးဆပ်သည့်အနေနှင့်လုပ်လိုမှု၊ မျှော်မှန်းတောင့်တ၍ အမြတ်ကြီးစား စနစ်နှင့် လုပ်လိုမှုသည် ဒုက္ခသာဖြစ်ကြောင်း အသိကောင်း အမြင်မှန်စေရာ၏၊ ထိုသို့ပြုပြုသမျှဒုက္ခသစ္စာပရိညေယ ကာတဗ္ဗအားဖြင့် သိရမည့်တရား။ ပြုလိုမှုက၊ သမုဒယသစ္စာ ပဟာတဗ္ဗကိစ္စ ပယ်ရမည့်တရားဖြစ်ကြောင်း ကိုယ်တိုင်ကိုယ်ပိုင် 'ပညာဉဒပါဒိ' 'ဝိဇ္ဇာဉဒပါဒိ' ထင်ရှားရှိလျှင်ကား ဒုက္ခနှင့် သမုဒယ သံသရာအမှန်မကွာ ပြတ်ကြရမည်သာ။ အကျဉ်းအားဖြင့် ဆိုသော် ဒုက္ခမဖြစ်လိုလျှင် ဒုက္ခဖြစ်ကြောင်း ဖြစ်သည့်၊ ပြုလိုမှု အလို သမုဒယ'ကိုပယ်ရပါမည်။

သမုဒယဆိုတာလည်းအထက်မှာ ပြအပ်သည့် အတိုင်း ဘုံစွဲဘဝစွဲ အခြေခံ၍အတိတ်ကာလ ဘဝေဘဝက၊ကံကြွေး

ဆပ်လိုမှုအလိုတခု၊ အနာဂါတ်ကာလ၊ ဘ၀ဘ၀ကို မျှော်မှန်း တောင့်တ၍ ကံ ကျေးချယ်လိုမှု၊ အလိုတခုကကြောင့်သမုဒယသာမှန် သည်။ ဒုက္ခဖြစ်ကြောင်း မှန်သည်လို့ မှန်သည့်အတိုင်း သိရ ပါမည်။

တနည်းအားဖြင့် သမုဒယ သဘော ရုပ်လုံးဖော်ရလျှင်။

'ဝိညာဏံ သမုဒယသစ္စံ'

ဝိညာဏံ၊ မြင်သိစိတ်၊ ကြားသိစိတ်၊ နံသိစိတ်၊ စားသိ စိတ်ထိသိစိတ်ဆိုငြား၊ ပဉ္စဝိညာဉ်တရားကို၊ ဘာဘာညာညာ၊ ထင် ရောင်ထင်မှား၊ အပွားခတ်တတ်သည့်၊ မနောဝိညာဉ်သည်။ သမုဒယ သစ္စံ၊ သမုဒယသစ္စာမည်၏။

သမုဒယ၏သဘော၊ တရားကိုယ်ရှာတော့၊ မနောဝိညာဉ် ဆိုသည့်၊ သိစိတ်ကိုတွေ့ရပါသည်။ မနောဝိညာဉ်ဆိုသည့်သိစိတ် ကလည်း မည်သည့်သိစိတ်မျိုးလဲဆိုတာ တဆင့်တက်၍ဝေခွဲရန် လိုလာပြန်သည်၊ သိစိတ်တိုင်းကို သမုဒယဆိုပြီး ပါယ်လို့မဖြစ် ပေ။ ထို့ကြောင့် သမုဒယသစ္စာထိုက်သည့်၊ မနောဝိညာဉ်သိစိတ် ကို ရေးသားတင်ပြပါအံ့။

"ရူပံ ပဋိစ္စ နာမံ ပ၀တ္တတိ"

နာမံ၊ သိစိတ်နာမ်တရားသည်။ ရူပံ၊ ရုပ်တရားကို။ ပဋိစ္စ စွဲ၍၊ ပ၀တ္တတိ ဖြစ်ပေါ်၏။ သိစိတ်နာမ်တရားသည် ရုပ်တရားကို စွဲ၍ (ဝါ) ရုပ်တရားကိုအကြောင်းပြု၍ဖြစ်ပေါ်လာပါသည်။

မည်သို့ဖြစ်ပေါ်လာသနည်းဟူမူ

မနံ၀ ဓမ္မေ၀ ဥပ္ပဇ္ဇတိ မနောဝိညာဏံ တိဏ္ဏံသင်္ဂတိ ဖဿော ဖဿပစ္စယာ ဝေဒနာအစဖြာသည့်ပဋိစ္စ သမုပ္ပါဒနည်း

ဗုဒ္ဓဘာသိတစကားအရင်းခံထား၍ စိတ်သဘောစိတ်ဖြစ်ပေါ်ပုံ အကြောင်းကိုရေးသားတင်ပြရမည်ဆိုလျှင် စိတ်သည်အတွင်းရုပ် အပြင်ရုပ် တိုက်ဆိုင်အကြောင်းစုံသည့်အခါ အကြောင်းအား လျော်စွာ ဖြစ်ပေါ်လာသည့်အဖြစ်တရား ညွှတ်သည့်အာဂန္တုက သဘောတရားမျှသာ၊ နိစ္စထာဝရအားဖြင့် မြဲသဖြင့်မရှိပေ။

"ဤနေရာမှာ အထူးသတိပြုပါ"

စိတ္တေန နိယျတေလောကော၊ စိတ္တေနပဋိက ဿတိ၊ စိတ္တဿ ဧကဓမ္မဿ၊ သဗ္ဗေဝ ဝသ မန္ဒဂူ။

အစရှိသည်အားဖြင့် ဟောထားမှုသည်၊ စိတ်အကြောင်း စိတ်ဖြစ်ပေါ်ပုံ၊ နားမလည်သူတို့အတွက် အလေးအနက်ထား၍ ဟောခဲ့ခြင်းဖြစ်ပါသည်။ ထို့ကြောင့် စိတ်ဖြစ်ပေါ်ပုံ စိတ် အကြောင်းကို အသိပေါက်ပိုင်ရန် လိုအပ်ပေသည်။

လူသားသည် ခတ်ကြီးလေးပါးတည်းဟူသော ရုပ်တရား ဖြင့် တည်ဆောက်ထားကြောင်း အထက်မှာ ဖော်ပြခဲ့ပြီ။ ထိုလူသား ခန္ဓာကိုယ်ရုပ်ဒြပ်ကြီးကလည်း နိယာမဖြစ်စဉ်အရ သဘာဝက တက်ဆင်ပေးထားသည့်ရုပ်ကြည် (ပသာဒရုပ်) များ တနည်း အဇ္ဈတ္တိကာယတနဖြစ်သည့် ရုပ်ကြည်ရုပ်နှုမျှားရှိရကား ဤသည့်ရုပ်ကြည်ရုပ်နှု အတွင်းရုပ် အခံဓာတ်များကို အပြင်မှ အဆင်း၊ အသံစသည့်၊ ဗဟိဒ္ဓရုပ်များက တိုက်ခတ်သည့်အခါ၊ ဆိုင်ရာဆိုင်ရာ မြင်သိစိတ် ကြားသိစိတ် စသည်အားဖြင့်အသီးသီး ဖြစ်ပေါ်ကြပါသည်။

ထိုထိုနာမ်သိစိတ်တို့သည် အကြောင်းစုံသည့်အခါမှ အကြောင်းအားလျော်စွာ ဖြစ်ပေါ်လာသည့် ပေါ်သိဓာတ်

ညွှန့်သည် အာဂန္တုကတရားဖြစ်ကြောင်း မဖြစ်ခင်ကလည်း ဖြစ်ရန်ရှိနှင့်ပြီးသားမဟုတ်ကြောင်း၊ ဖြစ်ပြန်ရှိလာပြန်တော့လည်း နိစ္စထာဝရအားဖြင့် အမြဲရှိသည့် တရားမဟုတ်ကြောင်း၊ အသိမကောင်း၊ အမြင်မမှန်သူတို့မှာ စိတ်နာမ်ဝိညာဉ်ကို အရှိတရား ရှိပြီးသားတရား အမြဲရှိသည့်တရားအနေနှင့် ထင်မှတ်ခံယူကြသည်သာ။

ထိုသို့အတွင်းရုပ်၊ အပြင်ရုပ်တို့အကြောင်းစုံ၍ ထပ်မနား တိုက်ဆုံသည့်အခါ၊ အဖြစ်တရား သိစိတ်များလည်း အခါခါ ဖြစ်ပေါ်ပါတော့သည်။ ဤသို့အဖြစ်ခတ်တရားများအဖြစ်များ ရင့်ကျက် လာသည့်အခါ၊ စိတ်အား အစွမ်းကောင်းလာပြီး စိတ်အလုပ်များပါတော့သည်။ ဖြစ်ပြီးချုပ်ပြီး စိတ်များအပေါ် ပြန်ပြောင်းတွေးတောမှု၊ စိုးရိမ်ကြောင့်ကျစရာရှိသည်ထင်မှတ်မှု။ မဖြစ်သေး မရှိသေးသည့် အနာဂါတ်အပေါ် မျှော်မှန်း တောင့်တမှု အလိုတခုပြုကြပါတော့သည်၊ ဤသည့် အတွေး အထင်အလိုနှင့် တကွသော စိတ်အလုပ်သည်သာ သမုဒယဖြစ်ပါသည်။

ဝိညာဏံ သမုဒယသစ္စံ၊ဝိညာဉ်သိစိတ်သည်သမုဒယသစ္စာ ဖြစ်သည်ဆိုရာ၌ အတွေး အထင်အလိုနှင့်တကွသော ဝိညာဉ်သိစိတ်သာလျှင် သမုဒယဖြစ်ကြောင်း ကွဲပြားခြားနားစွာသိမြင်ရာ၏။ တကိစ္စ- တဒွါရ၊ တအာရုံအနေနှင့် ချုပ်ပျောက်သွားသည့် စိတ်ဝိညာဉ်များကား ရိုးရိုးသားသား အကျိုးတရား ဝိညာဉ်များပါပေ။ ဘာမျှအပြစ်မရှိပါ။

ဒုက္ခသစ္စာအမှန်ကို သိရန်အရေးကြီးသည်နှင့် အမျှ 'သမုဒယ' အစစ်အမှန်ကို သိရန်လည်း အရေးကြီးပါသည်။ အကြောင်းကိုဆိုသော် ယနေ့လူသားများ အယူမှားနေကြသည်ကား သားတွေမယားတွေ လယ်ယာကိုင်းကျွန်း ကျွဲ၊ နွား၊ အိမ်ယာအစရှိသည့် အရှိတရားတွေကို သမုဒယထင်နေမှုကြောင့်ပေတည်း။ ထိုအရှိတရားများကို ပါယ်ရမည့် ထင်နေကြသောကြောင့် တာဝန်နှင့် ဝတ္တရား ပျက်ကွက်မှုများ ဖြစ်နေကြပါသည်။

အမှန်သော် တမူကား ထိုထိုသားမယားစသော အရှိတရားတို့ကား သမုဒယအစစ်မဟုတ် ပါယ်ရမည့်တရားမဟုတ်ပါ၊ မိမိဘဝပေး အခြေအနေအရ တာဝန်နှင့် ဝတ္တရားကျေအောင် လုပ်ရမည်သာ။ ဘဝပေးအခြေအနေအရ တာဝန်နှင့်ဝတ္တရားကျေအောင် လုပ်လိုမှု လုပ်နေမှုသည် သမုဒယ ဒုက္ခမဟုတ်ကြောင်း အသိပေါက်ပိုင်မှ အထင်မှားအယူမှား ဘာသာဝန်ထုပ်ဝန်ပိုးများအလိုလိုပြုတ်ပြီး ဖြစ်ကြမည်။

သမုဒယအစစ်အမှန်ကား, မရှိတရားကို (ဝါ) မရှိသား, မရှိမယား, စသည်တို့အပေါ်မှာ၊ ဘာဘာညာညာ ကောင်းကောင်းဆိုးဆိုး အမျိုးမျိုး, အပွားခက်မှု၊ ထင်မှတ်မှု၊ အလိုပြုကြမှုသာလျှင်၊ သမုဒယဖြစ်သည်။ ဥပမာ လူမြို့မကြီးသား ကလေးက၊ ဝသည် လှသည် ချောလှ ကြီးတန်၊ နိမ့်မြင့်၊ ဆူကြုံ၊ ငြင်းခုံဝေဘန်ကြသလို၊မရှိတရား၊ မဖြစ်တရားတို့ကို၊ ရှိလိုဖြစ်လိုမှု အငင်ပိုမှု အလိုတခုသာလျှင် သမုဒယအစစ်ဖြစ်ပါသတည်း။ ဤကားမရှိစွဲ, သမုဒယတည်း။

ရှိစွဲသမုဒယကား အရှိတရားကို (၀ါ) လောက သမုတိ သစ္စာအရ အမှန်ရှိသည့် သားမယား၊ မိန်းမ, ယောကျ်ား၊ အိမ်ယာ 'ကျွဲ' နွား စသည်တို့သည်၊ ရှိကြကုန်၏။ ထိုထိုအရှိတရားတို့ကို မိမိဘ၀ပေးတာ၀န်အရ အပိုု၊ အလို၊ မရှိ၊ အချိုးအစားကျ၍ မျှတအောင်လုပ်ရမည်ကား မလွဲမရှောင်သာသည့် တာ၀န်နှင့် တွေ့ရပါပေ။ သမုဒယမစပ်၊ အပြစ်မရှိပါ။ သမုဒယအစစ်ဖြစ် လာရသည်ကား, ထိုထို အရှိတရားတို့ကို၊ တာ၀န်နှင့်၀တ္တရား ထက်ကျော်လွန်၍ အတိတ်ကဘယ်လို၊ အနာဂါတ်ကျမည်သို့၊ ဘာဘာ, ညာညာ အပွားခတ်ပြီး, ပြန်ပြောင်းကြောင့်ကျမှု၊ မျော်မှန်းတောင့်တမှု အသင်ပိုမှု အလိုဘခုပြုလျှင်ကား, ဤသို့ အထင်ပိုမှု အလိုတခုပြုခြင်းသည်သာ, သမုဒယအစစ် ဖြစ်ပါ သတည်း။ (၀ါ) ရှိစွဲသမုဒယမည်၏။

အချုပ်ကိုဆိုရသော် ရုပ်တရားမှ ဖြစ်သည့်, စိတ်ကို မထိမ်းကြောင်းနိုင်လျှင် စိတ်ကို အတိုင်းအတာနှင့် ဘောင်ခတ် မထားနိုင်လျှင်, စိတ်နယ်ကျွံ၍ စိတ်အလုပ်များ စိတ်ဒုက္ခပွားကြ မည်သာ။ စိတ်နယ်ကျွံ၍ စိတ်အလုပ်များ၍ စိတ်ဒုက္ခပွားလျှင် ရုပ် (ကိုယ်ကာယ) ကို ကူးစက်မည်သာ။ ဥပမာသော်ကား ၀ါးစနက်ကြောင့် မီးထွက် မီး စနက်ကြောင့် ၀ါး ပျက် သို့ တည်း။

အထင် အလိုနှင့်တကွ စိတ်အလုပ် နာမ်အလုပ်မှန်သမျှ သမုဒယသာတည်း။ အထင်နှင့်အလို ဟူသည်မှာလည်း၊ လောက ဥပမာနှင့်ပြရလျှင် အထက်အာကာပြင်, စာတင်ကာ ရေးက၊ အရေးအကြောင်းမျှမထင်၊ စာလုံးပုံအသွင်မရှိ၊ သို့ပေသည့် မိမိ

ရေးသည့် စာလုံးလေးများ ပေါ်လာသလို အထင်ပိုကြ၏။ အလိုဟူသည်ကား, ရုပ်ပုံကားချပ်တခု အလိုပြု၍၊ ရေပြင်မှာ ဒုတ်ကလေးနှင့် အရုပ်ရေးရာ ရုပ်ပုံအသွင်ကား အမှန်မထင်ပါ၊ သို့သော်ငြားလည်း, မိမိရလိုသော ရုပ်ပုံကားချပ်များ ပေါ်လာ နိုးနိုး၊ ထင်အားကိုးနှင့် အကျိုးငံ့မျှော်ပါသော်လည်း၊ အလို မပြည့် အတွေ့မရှိ၊ မချိဗျာပါ၊ ဒုက္ခအကျိုးတရားသာရမည်သာ။ အာကာပြင်ကြီးနှင့် လက်ဝှေ့ထိုးသည့်သူလို၊ နောက်ဆုံး ကျ တော့ ဖတ်ဖတ်မောရ၍ လူလုံးမလှ အပူလုံးကြွကြွရမည်သာ။

ထို့ကြောင့် စိတ်နာမ်အလုပ်နှင့်, ဉာဏ်အလုပ် ကွဲပြား ခြားနားမှုကို သတိပြုနိုင်ရာ၏။

စိတ်နာမ်အလုပ်သည် အမှောင်ထုကြီးစေသည်။ မိုက်လုံး ကြီးထွားစေသည်။ အကြောက်ကိုအားပေးသည်။ ကိုယ့်အား ကိုယ်မကိုး။ အကျိုးစီးပွားဆုတ်ယုတ်မှုသို့ ရှေ့ရှုစေသည်။

ဉာဏ်သည်ကား အလင်းရောင်ရောက်ပါက အမှောင် ပျောက်သလို လူသား၏ ဆီမီးတန်ဆောင်ပမာ၊ အလင်းရောင် ဖြစ်သည်၊ မိုက်မဲတွေဝေမှု၊ လွဲမှားမှု၊ ယုံမှားသံသယ အသိုက် အမြုံကြီးကို အမြစ်ပါမကြွံ တွန်းလှန်ပါယ်ဖျက်သည်။ လိမ္မာ ယဉ်ကျေး သိမ်မွေ့စေသည်။ ဟုတ်ရာဆို မှန်ရာကို လုပ်ရဲသည်။ ကိုယ့်အားကိုယ်ကိုးသည်။ လောကဓမ္မအကျိုး စီးပွားကိုဆောင် သည်။

ထို့ကြောင့် စိတ်နာမ်အလုပ်ကို 'ပဟာပဗ္ဗ' ပြုကြ၍ ဉာဏ်စခမ်း ဉာဏ်လမ်း ဉာဏ်အလုပ်ကို သစ္ဆိကာတဗ္ဗပြုကြ ကုန် ရာ၏။

"အယံဒုက္ခ သမုဒယော တိ ယထာဘူတံပဇာနန္တိ"

အရိယာသူမှန် သူမြတ်တို့သည်ကား ဤသို့အလိုတနှုပြုနေရခြင်းသည် ဒုက္ခဖြစ်ကြောင်းတရားဟူ၍ အမှန်အားဖြင့်သိကြကုန်၏။

အယံဒုက္ခသမုဒယောတိ ဘိက္ခဝေ, ဇာနတော, ပဿတော အာသဝါနံ၊ ခယောဟောတိ။

ဤသို့ဒုက္ခဖြစ်ကြောင်း သမုဒယကို ဟုတ်တိုင်းမှန်စွာသိမြင်ခြင်းကြောင့်သာလျှင် ကာမစွဲ၊ ဘဝစွဲ၊ ဘဝစွဲ၊ အယူအလွဲ မှန်သမျှ အာသဝတို့သည် ကုန်ပြီး-မေ်းပြီး-ချုပ်ပြီး-ငြိမ်းပြီးဖြစ်မည်။ သန္တိသုခဓာတ်နှင့် မွေ့လျော်ရမည်ကား အရိယာသစ္စာတရားပါတည်း။

'ဒုက္ခနိရောဓံ အရိယသစ္စံ'

ဒုက္ခချုပ်မှု (မဖြစ်မှု) အမှန်ကိုသိခြင်းသည် အရိယာသစ္စာမည်၏။

ဤနေရာမှာ ဒုက္ခနိရောဓကို အလေးအနက်ထား၍ဝေဘန်ရမည်။ အကြောင်းကိုဆိုသော် ဒုက္ခနိရောဓကို မပိုင်ပါက ဒုက္ခဖြစ်မှုစိုး၍ဒုက္ခမဖြစ်အောင်လုပ်မှ ဒုက္ခဖြစ်ကြောင်းတွေကြီးလုပ်မိသား လုပ်ရက်သား ဖြစ်နေတတ်သောကြောင့်ဘည်း။

'ဒုက္ခနိရောဓ'ကို သိသည်ဆိုရာဝယ်။

(၁) ဒုက္ခတွေဖြစ်ဖြစ်ပြီးမှ ပျောက်သွားသည့်ဖြစ်ချုပ်နိရောဓကိုသိခြင်း မျိုးကတမျိုး။ (၂) ထိုထို ဒုက္ခသင်္ခါရ မွေတို့သည် ပြုပြင်မှုလုပ်မှုဖြစ်သည့်ရှိသည့်၊ အမျိုးလို့ သိတော့ မပြုပြင်တမင်မလုပ်တော့ပါ။ ဤသို့ပြုပြင်စီရင်မှု သခ်တ သင်္ခါရတွေ

အလိုလိုငြိမ်းနေပါသည်။ ပင်ကိုယ်ငြိမ်း နဂိုငြိမ်းဖြစ်နေပါသည် (ဝါ) သင်္ခါရတွေ မဖြစ်တော့ပါ။ သင်္ခါရတွေ မဖြစ်လျှင် ဒုက္ခလည်းမဖြစ်တော့ပါ၊ ဒုက္ခဆိုတာ ပြုပြင်စီရင်မှု ပြုလုပ်မှုဖြစ်သည့် အာယူဟနသင်္ခါရတွေနှင့် တွဲမှုဖြစ်ပါသည်၊ အာယူဟနသင်္ခါရတွေ မပြုလုပ်ပါက ဒုက္ခသည် အလိုလိုချုပ်, နဂိုချုပ်, ပင်ကိုယ်ချုပ်, မူလချုပ်, ဖြစ်မည်ကား သစ္စာတရားပါတည်း။

'နိရောဓော ဟောတီတိ အနုပ္ပါဒေါ ဟောတိ'

နိရောဓော၊ ချုပ်ငြိမ်းမှုဟူသည်ကား။ အနုပ္ပါဒေါ၊ မဖြစ်သဘောကို ဆိုလိုသည်။ ဟောတိ ဖြစ်၏။

ဤသို့အားဖြင့် ဒုက္ခမဖြစ်မှု ချုပ်မှုကိုသိခြင်းက တမျိုးအားဖြင့် ဒုက္ခနိရောဓကို သိပုံသိနည်းကား နှစ်မျိုး နှစ်စားရှိပါသည်။

အကျဉ်းအားဖြင့် ပြရလျှင်....

(၁) ဒုက္ခဖြစ်ချုပ်-ဒုက္ခနိရောဓ။

(၂) ဒုက္ခမဖြစ်ချုပ်-ဒုက္ခနိရောဓ။

ဤသို့အားဖြင့် ဒုက္ခဖြစ်ချုပ်နှင့် မဖြစ်ချုပ် နှစ်မျိုးနှစ်စားရှိပါသည်။ ထိုနှစ်မျိုးနှစ်စားတို့တွင် ပထမဖြစ်ချုပ် ဒုက္ခနိရောဓကိုသိခြင်းအားဖြင့် အစွဲမပြုတ်၊ ဥပါဒါန် မချုပ်နိုင်ပါ။ ဖြစ်ချုပ်နိရောဓကိုတော့ လူတိုင်း သိကြမည်သာ။ လူတိုင်းသိသည့် ဖြစ်ချုပ်ဒုက္ခနိရောဓကို လုပ်နေခြင်း အားဖြင့် လမ်းမဆုံးခရီးမတုံးပါ။ သံသရာ ရထားကြီးမပြတ်သွားနေ၍ ဒုက္ခသံသရာလည်နေဦးမည်သာ။

သင်္ခတ သင်္ခါရဆိုတာ အလိုတာခုနှင့် အားထုတ်မှုပြုမှ ဖြစ်သည့်အမျိုးပါလား။ အားတုတ်ပြုပြင်မှု မရှိပါက ပင်ကိုယ်ကငြိမ်းနေသည့်အမျိုး၊ မူလကချုပ်နေသည့် အမျိုးပါထားလို့ ကိုယ်တိုင်ကိုယ်ပိုင်သိတော့ ကိုယ်တိုင်ကိုယ်ပိုင် ပြုလုပ်မှုကိုရပ်၊ပြုလိုမှုကို ပယ်ပါတော့သည်။ ကိုယ်တိုင်ကိုယ်ပိုင် ပြုလုပ်မှုကိုရပ် ပြုလိုမှုကိုပယ်ပါက အာယူဟနသင်္ခါရတို့ တကြိမ်တခါမျှဖြစ်ခွင့်မရပါ။ အာယူဟနသင်္ခါရမဖြစ်လျှင် 'အနာယူဟနံနိဗ္ဗာနံ' အားထုတ်ပြုလုပ်မှု သင်္ခါရချုပ်တာ (မဖြစ်တာ) သည်ပင်လျှင် နိဗ္ဗာန်လို့ ခေါ်ပါသတည်း။

'အယံ ဒုက္ခနိရောဓောတိ ယထာဘူတံပဇာနန္တိ'

ဤသို့ ကောင်းကောင်း ဆိုးဆိုးအမျိုးမျိုးသောသင်္ခါရမှုများကိုလုပ်နေခြင်းသည် ဆင်းရဲအမှန်ဖြစ်၏။ ထိုထို သင်္ခါရတို့ကို ပြုလိုဖြစ်လိုမှုသည် ဆင်းရဲကြောင်းအမှန်ဖြစ်၏လို့ သိတော့ ပြုလုပ်မှုမဖြစ်၊ ပြုလိုမှုကြီးချုပ်ငြိမ်းပါတော့သည်။ ထိုသို့ပြုလုပ်မှုမဖြစ်၊ ပြုလိုမှုချုပ်ငြိမ်းခြင်းသည် 'ဒုက္ခနိရောဓ' ဖြစ်ကြောင်း ဟုတ်တိုင်းမှန်စွာ သိမြင်ကြကုန်ရာ၏။

အယံဒုက္ခနိရောဓောတိဘိက္ခဝေ ဇာနတော ပဿတော
အာသဝါနံ ခယော ဟောတိ။

အကြင်ပုဂ္ဂိုလ်သည်၊ သင်္ခတ သင်္ခါရတွေ မဖြစ်မှုသည်သာလျှင် ဒုက္ခနိရောဓ ဖြစ်ကြောင်း (ဝါ)အာယူဟန သင်္ခတ သင်္ခါရတွေမဖြစ်ပါက ဒုက္ခမဖြစ်တော့ပါ။ ၎င်းဒုက္ခ မဖြစ်သဘောကို နဂိုငြိမ်း ပင်ကိုယ်ငြိမ်း မူလကငြိမ်းနေသည့် ဒုက္ခနိရောဓဖြစ်ကြောင်း ဟုတ်တိုင်းမှန်စွာအသိကောင်းအမြင်မှန်ပါကအ

လဲမှား၊ အစွဲမှား၊ဘုံစွဲ၊ ဘဝစွဲ၊ ရှိစွဲ၊မရှိစွဲ၊အစထား အဝိဇ္ဇာနယ် သား အာသဝေါတရားတို့သည် ကုန်ပြီး ချုပ်ပြီး ဖြစ်မည်ကား အရိယာသစ္စာတရားပါတည်း။

‘ဒုက္ခနိရောဓ ဂါမိနိပဋိပဒါ အရိယာသစ္စာ’

ဒုက္ခချုပ်မှု(မဖြစ်မှု)အကျင့်ကောင်း လမ်းမှန်ကိုသိခြင်း သည် အရိယာသစ္စာမည်၏(ဝါ)မဂ္ဂင်ရှစ်ပါး အကြွမ်းဝင်သည့် သဘောတရားသည် အရိယာသစ္စာမည်၏။

ဒုက္ခချုပ်မှု(မဖြစ်မှု) အကျင့်ကောင်းလမ်းမှန် ဆိုရာမှာ လည်း၊ အထက်မှာပြအပ်သည့်အတိုင်း သခ်တ၊ သခ်ါရတွေကို အလိုတခုနှင့် ပြုပြုနေရခြင်းသည် ဆင်းရဲတာမှန်၏။ ပြုပြုသမျှ ဒုက္ခသစ္စာလို့ပရိညေယျ ကာတဗ္ဗအားဖြင့်သိခြင်း၊သခ်တ-သခ်ါ ရတွေကို ပြုလိုနေမှုသည် သမုဒယသာမှန်သည်။ ပြုလိုမှုကသမု ဒယ၊ ဤသို့ပဟာတဗ္ဗကိစ္စ ပါယ်ရမည့်တရားအနေနှင့် သိခြင်း။ ပြုပြုသမျှ ဒုက္ခသစ္စာ ပြုလိုမှုက သမုဒယ ဖြစ်ကြောင်း အသိ ကောင်း အမြင်မှန်သည့် အခါ အပြုဇာတ်သိမ်း အလိုငြိမ်းက ဇောိန်းနိရောဓ အမှန်ရ၏။ ‘သစ္ဆိကာတဗ္ဗ’အနေနှင့် သိခြင်း တည်း။

ဤသို့ ဒုက္ခကို ပိုင်းခြားသိခြင်း၊ ဒုက္ခ ဖြစ်ကြောင်းကို ပါယ်တရားအနေနှင့် သိခြင်း၊ဒုက္ခ ချုပ်မှု (မဖြစ်မှု)ကို မျက် မှောက်ပြုရမည့်တရား (ဝါ)ကျင့်သုံးရမည့်တရား အနေနှင့် သိ ခြင်း၊ ထိုသို့သိခြင်းသည် ပင်လျှင် ‘ဒုက္ခနိရောဓဂါမိနိပဋိပဒါ’ အကျင့်မဂ္ဂသစ္စာ ဖြစ်ပါသတည်း။

အယံဒုက္ခနိရောဓ ဂါမိနိပဋိပဒါ ယထာဘူတံ ပဇာနန္တိ။

အရိယာ သူမှန် သူမြတ် တို့သည်ကား ပြုပြုသမျှ က တော့ ဒုက္ခသာမှန်သည်၊ ပြုလို့မှုကတော့ သင်္ခါရသာမှန်သည် အလိုသိမ်းလျှင်တော့ ပင်ကိုယ်ငြိမ်း နဂိုငြိမ်း အလိုလိုငြိမ်းသည့် ဒုက္ခနိရောဓမှန်သည်။ ဤသို့ ဟုတ်တိုင်းမှန်ရာ သိမြင်ကြကုန်၏။ ဤသို့သိမြင်ခြင်းပင်လျှင် ဒုက္ခမဖြစ်ရာ လမ်းကောင်းအကျင့်မှန် ကိုသိသည်မြင်သည်မည်၏။

အယံ ဒုက္ခနိရောဓ ဂါမိနိပဋိပဒါတိ ဘိက္ခဝေ

ဇာနတော ပဿတော အာသဝါနံ ခယော ဟောတိ

ဒုက္ခချုပ်ကြောင်း (မဖြစ်ကြောင်း) အကျင့်ကောင်း လမ်းမှန်ကို ဟုတ်တိုင်းမှန်စွာ သိမြင်ပါက ရှိစွဲ၊ မရှိစွဲ၊ အလဲအ မှား အဝိဇ္ဇာနယ်သား အာသဝေါတရားတို့သည် ကုန်ခမ်း ကြ မည်ကား ဒိဋ္ဌခမှု—ဒိဋ္ဌပတ္တတရားပါတည်း။

ဒုက္ခချုပ်ကြောင်း(မဖြစ်ကြောင်း) အကျင့်ကောင်းလမ်း မှန်ဆိုရာမှာလည်း လူသားနှင့်ကင်းကွာနေသည့် အရာမဟုတ်ပါ။ အမှန်သော်တမူကား၊ ပစ္စုပ္ပန်ကာလမှာ တာဝန်နှင့် ဝတ္တရား များကို မဂ္ဂင် ရှစ် ပါး နှင့် အညီ သိမှု လုပ်မှု ပင်လျှင်ဒုက္ခ ချုပ်ကြောင်း(မဖြစ်ကြောင်း) အကြင့်ကောင်းလမ်းမှန် ဖြစ်ပါ သတည်း။ (ဝါ)အလိုတခု အစွဲပြု၍ လုပ်သမျှ ဒုက္ခပါလားလို့ ဟုတ်တိုင်းမှန်စွာ သိသည်နှင့်တပြိုင်နက် ပြုလို့မှုလည်း ပါယ်ပြီး ချုပ်ပြီးဖြစ်မည်။

ဤသည့်အလိုမ ဖြစ်ထာကိုပင်လျှင် "နိရောဓော၊ နိဗ္ဗာန် ဘဲ၊ ဒုက္ခနိရောဓော" ခေါ်စွဲကြပါသတည်း။ အလိုတခုနှင့်ပြုက

ပြုတိုင်းပြုတိုင်းကာသမဆိုင်းဘဲ ဆင်းရဲရသည့်ဒုက္ခကိုဟုတ်တိုင်းမှန်စွာ သိပါက သို့-ပါယ်-ဆိုက်-ပွား-လေးပါးကိစ္စပြီးပြည့်ဝပါသတည်း။

ဇဝံခေါ ဘိက္ခဝေ ဇာနတော ပဿတော အာသဝါနံ ခယော ဟောတိ။

ဤသို့မဖေါက်မပြန် ဧကန် မှန်ငြား သစ္စာတရားကို သညာသိ၊ ဝိညာဉ်သိ၊ စာသိမဟုတ်၊ သဘောသိ၊ပညာသိ၊ကိုယ်တိုင်ကိုယ်ပိုင် ထိုးထွင်းပြီး သိမြင်ပါက၊ ကာမစွဲ၊ဘုံစွဲ၊ ဘဝစွဲ အယူအလွဲစွဲ၊ မသိမှောက်မှားစွဲ၊ အစွဲများ—အလွဲများအာသဝေါတရား လေးပါးတို့သည် ကုန်ပြီး ခမ်းပြီး ဖြစ်မည်တည်း။

သံသရာယူသည် သစ္စာလေးပါး မသိမှုကစ၍ သစ္စာလေးပါးသိလျှင်ကား၊ ယခုသိ ယခုပင်းဆုံးပါ၏တည်း။

## " နိဗ္ဗာန် "

ဗုဒ္ဓဝါဒ၏ လမ်းဆုံးတရားဖြစ်သည့် သရဖူသည် 'နိဗ္ဗာန်ဖြစ်၏။ ကမ္ဘာ့သားသမီး လူသားများ အလိုလား အပ်ဆုံးသည် "နိဗ္ဗာန်"ဖြစ်၏။လူမှုဒုက္ခအပေါင်း ငြိမ်း အေး ကြောင်း သည် "နိဗ္ဗာန်"ဖြစ်၏။

ထို့ကြောင့် နိဗ္ဗာန်သည်၊တုစရာ' နှိုင်းစရာ'ပြိုင်စရာမရှိ တရားအပေါင်းတို့တွင်"သရဖူ"ဖြစ်ပေ၏။

ဤတုဘက်ပြိုင်ကင်း တရားအပေါင်းတို့တွင် "သရဖူ" ဆောင်သည့် နိဗ္ဗာန်ကို၊ အသိပွား' အရှိထားနိုင်ပါက၊မသိမှုအကြောင်းခံ တပြောင်းပြန်ပြန် ဖြစ်နေသည့် (အာယူဟနဒုက္ခ

ဇာတိဒုက္ခ’ ဥပါဒါန ဒုက္ခ’ အစထား၊ လူမှုဒုက္ခများမှ၊ ကင်းလွတ်မည်ကား သန္ဒိဋ္ဌိက တရားပါပေ။

ထို့ကြောင့်ပင်လျှင် ယနေ့လူသားသည်၊ ဤသည့်နိဗ္ဗာန် ထိုနိဗ္ဗာန်ကို၊စိတ်အကြံနှင့်မှန်းဆ၍ တောင်းတရသည်ကား ကြာညောင်းလှပြီ။ ဆုတောင်းပတ္ထနာ ပြုခဲ့သည်ကား၊ နေ့၊ရက်၊လ များနှစ်တွေအားဖြင့် ကြာညောင်းလှပြီး ကြာပါသော်လည်း ကြာလေသည်သာ။ တမိုးကုန်၊ တဆောင်းပေါက်၊ တနွေ ရောက်သော်လည်း ငုံးအမြီးမပေါက်သည့်ပမာ၊ဆင်ကန်း တောတိုးသလို၊ လိုရာမရောက်’ ခရီးမပေါက်ခဲ့။ အချိန်ကုန်လူပမ်း၊ ဘရမ်းဘတာဘဝနှင့် သေတွင်းဆင်းကြမှုမည်သာ။

ဤသည့်လူသား’ အလွန်လိုလားသည့် နိဗ္ဗာန်ကို၊ ဓမ္မဆရာများက၊ လမ်းညွှန်ရေးသားကြသည်ကလည်း၊ မူအမျိုးမျိုး ဝါဒအစားစား၊များပြားလှပါ၏။ ထိုဓမ္မဆရာများတွင်-ကျွန်ုပ်လည်းဘဝပေးအခြေအနေအရ၊ဓမ္မဆရာတဦးအပါအဝင်ဖြစ်နေပါ၍၊မိမိသဘောက်နိဗ္ဗာန်ကို၊နိဗ္ဗာန်ပိုင်ရှင်ဗုဒ္ဓဝါဒီဖြစ်လိုသူ’ လူသားထံသို့ တင်ဆက်လိုက်ရပါသတည်း။

‘အတ္ထိဘိက္ခဝေ အဇာတံ’

ဘိက္ခဝေ၊ ရဟန်းတို့။အဇာတံ၊ ဖြစ်ပေါ်ခြင်းလက္ခဏာမှ-ကင်း၍တည်သော (ဝါ)ဖြစ်ပေါ်ခြင်း လက္ခဏာ မရှိသော၊ (ဝါ) မဖြစ်သဘောရှိသော (ဝါ)ဖြစ်ပေါ်ခြင်း ဥပါဒ်ဟု ဆိုအပ်သော သင်္ခတလက္ခဏာ၏ ဆန့်ကျင်ဘက်ဖြစ်၍ စင်စစ်မဖြစ်ပေါ်ခြင်းဟုဆိုအပ်သော အသင်္ခတ သဘောအားဖြင့်သာ မြဲသ

ဖြင့် တည်ရှိသော အသင်္ခတဓာတ် နိရောဓသစ္စာ နိဗ္ဗာန်သည်။ အတ္တိ၊ ပရမတ္တအားဖြင့် လူသားမှာ ထင်ရှားရှိ၏။

နိဗ္ဗာန်သည် ဥာဏ်မြင် ကိုယ်တွေ့ ပရမတ္တအားဖြင့် ထင်ရှားရှိသည့် အရှိပရမတ်၊ အရှိတရား ဖြစ်သည်။ ဤနေရာမှာ အထူးသတိပြုစေလိုသည်မှာ၊ နိဗ္ဗာန်သည် အဖြစ်ပရမတ် အဖြစ်တရားမဟုတ်၊ အရှိပရမတ် အရှိတရားဖြစ်ကြောင်း ပင်တည်း။

'နိဗ္ဗာန်သည် မည်သို့မည်ပုံရှိသနည်းဟူမူ'

အတ္ထိဘိက္ခဝေအဇာတံ၊ အဘူတံ၊ အကတံ၊ အသင်္ခတံ၊ စသည်ဖြင့် ဟောမိန့်ခဲ့ပါသည်။

အဇာတံ၊ မသိမှုအကြောင်းခံပြီး ကောင်းကံ မကောင်းကံ တပြောင်းပြန်ပြန် ဖြစ်ရမှု ဖြစ်သဘော ဇာတိ မရှိရာဖြစ်သော နိဗ္ဗာန်သည် (ဝါ)ဇာတိမဖြစ်ရာချုပ်ရာ၊ မြုံရာဖြစ်သော 'ဇာတိနိရောဓနိဗ္ဗာန်သည်မဂ်ဥာဏ်, ဖိုလ်ဥာဏ်တို့၏ အာရုံခံအနေနှင့် သန္ဒိဋ္ဌိကအားဖြင့် အမြဲရှိ၏။

အဘူတံ၊ ကံသင်္ခါရပြုက၊ပြုတိုင်းပြုတိုင်း ကာလမဆိုင်းဘဲ ဆင်းရဲဖြစ်ရမှုဖြစ်သဘော'ဇာတိဒုက္ခ'၏မဖြစ်ရာသည်၊ (ဝါ) ဇာတိဒုက္ခမဖြစ်ရာ ချုပ်ရာမြုံရာဖြစ်သောအနုပ္ပါဒနိဗ္ဗာန်သည် သိသောသူ၏ သိရာ၊ မျက်မှောက်ပြုနိုင်သောသူတို့၏ မျက်မှောက်ပြုရာအနေနှင့် ဒိဋ္ဌဓမ္မ ဒိဋ္ဌပတ္တအားဖြင့်အခါမလင့်အမြဲရှိ၏။

အကတံ၊ ကောင်းကံမကောင်းကံ သင်္ခါရအစားစား တို့ကို ပြင်းစွာ စွဲလမ်းမှု သဘော ဥပါဒါန် ဒုက္ခမဖြစ်ရာ နိဗ္ဗာန်သည် (ဝါ) ကံ သင်္ခါရတို့ကို ပြင်းစွာစွဲလမ်းမှုဥပါဒါန်

ဒုက္ခ မပြုရာ, ကင်းရာ, ချုပ်ရာ ဖြစ်သော အပဝတ္တ အနိမိတ္တနိဗ္ဗာန်သည်၊ ဉာဏ်မြင် ရှင်း၍ အသိလင်း သူတို့၏ အာရုံခံအနေနှင့် ဟေိပဿိကဂုဏ်ပြည့်စုံစွာနှင့် အမြဲသဖြင့် ရှိပါ၏။

အသင်္ခတ်၊ . အာယူဟနသင်္ခါရအရင်းခံ ထားသည့် ကံ စိတ်ဥတု, အာဟာရ, အကြောင်းတရား လေးပါးတို့ ပြုပြင်စီမံမှုသဘောသင်္ခတ လက္ခဏာမရှိရာ နိဗ္ဗာန်သည် (ဝါ) အာယူဟနမဖြစ်ရာ ငြိမ်းရာမပြုပြင်ရာ ဖြစ်သည့် အသင်္ခတနိဗ္ဗာန်သည် 'ပစ္စတ္တံ' ဝေဒိတဗ္ဗဂုဏ်နှင့် ပြည့်စုံစွာ မူလကရှိပါ၏။

ဘာသာဝင်များ မှန်းဆပြီး ဆုပေးဆုတောင်း လုပ်နေသည့်နိဗ္ဗာန်၊ ဆုပေး ဆုတောင်းလို့ မရသည့်နိဗ္ဗာန်သည်အထက်ပါ အင်္ဂါလက္ခဏာများနှင့်အညီ၊ ဒိဋ္ဌဓမ္မဒိဋ္ဌပတ္တအားဖြင့် ထင်ရှားရှိပါ၏။

ဤနေရာမှာ နိဗ္ဗာန်ကို ရလိုရောက်လိုမှုနှင့် ဆုပေး' ဆုတောင်းပြုနေကြသည့် လူသား၊ အသင် ရလို' ရောက်လိုသည့် 'နိဗ္ဗာန်သည်' ဘာကိုခေါ်တာလဲ၊ ဘယ်လိုဟာ ဆိုတာ အမြင်ရှင်းရန် အထူးလိုအပ်ပါသည်။

နိဗ္ဗာန် ဆိုသည်မှာ....

လူသား၏ခန္ဓာကိုယ်၌ အတ္တ' နိစ္စ' နိမိတ္တ စဉ်းစားထင်မှတ်မှုများ, မဖြစ်တော့ပါ။ ဤသို့မသိမှု, ထင်မှတ်မှု အစားစားမဖြစ်သည့် မဖြစ်သဘောကို 'နိဗ္ဗာန်' လို့ သိရာ၏။ ဤသည့် နိဗ္ဗာန်ကို ဝိရာဂါနုပဿနာ နိရောဓာနုပဿနာ' နှင့် မျက်မှောက် ပြုရာ၏။

မသိမှု ထင်မှတ်မှု အစားစားဖြစ်မှု၊ မဖြစ်သဘောကို 'နိဗ္ဗာန်' ခေါ်ကြောင်း။

အနိစ္စတ္တိန္တိနိစ္စအဘိညေယျံ။

အပ္ပဝတ္တိ နိဗ္ဗာနန္တိ အဘိညေယျံ ဟူ၍ရှင်း။

နိရုဇ္ဈန္တိဧတ္ထရာဂါဒယောတိ နိရောဓော ဟူ၍ရှင်း။

နိဗ္ဗာတိဧတေနရာဂဂ္ဂိ အာဒိကောတိနိဗ္ဗာနံ ဟူ၍ရှင်း။

ဟောမိန့်စကား၊ပရိယာယ်မှ မြောက်များစွာ ရှိပေသည်။

နိဗ္ဗာန်သည် မည်သည့်အရပ်မှာ ရှိသနည်းဟူမူ။

နိဗ္ဗာနံသန္တိကော။

နိဗ္ဗာန်ဆိုတာ၊ဆုပေး, ဆုတောင်းနှင့်လည်း မရနိုင်ပါ။ ကျမ်းကြီး, ကျမ်းငယ်, အသွယ်သွယ်သော, စာပေ ဘုတ်အုပ်ထည်းမှာလည်းမရှိပါ။ ဟိုဟိုဒီဒီ, အလီလီသော အရပ်မှာ မဟုတ်၍လည်း၊ ရထား၊ ယဉ်များနှင့် မသွားရပါ၊ အမှန်သော်တမူကား။ နိဗ္ဗာန်ဆိုတာ၊ ခရီးမဝေးလှ, အနီးကလေးပါတည်း။

နိဗ္ဗာန်ဆိုတာ၊ ခရီးမဝေးလှ၊ အနီးကလေးပါ ဆိုတော့၊ မည်မျှနီး သနည်း ဟူမူ။

နိဗ္ဗာနံ ခန္ဓပဋိဗဒ္ဓမေဝ။

နိဗ္ဗာနံ၊ ဖြစ်သဘော၊ ဇာတိဒုက္ခ, ပြင်းစွာ စွဲလန်းမှုဥပါဒါန်ဒုက္ခ၊ သန္နိမိတ္တလက္ခဏာများ မဖြစ်ရာနိဗ္ဗာန်သည်။ ခန္ဓပဋိဗဒ္ဓမေဝ၊ မိမိတို့ခန္ဓာနှင့်, တစပ်တည်း, တသားတည်းသာလျှင်တည်း။

နိဗ္ဗာန်ဆိုတာ, မိမိ, မိမိတို့ခန္ဓာနှင့် တစပ်တည်းတသား တည်းဖြစ်ပါသည်။ နိဗ္ဗာန်ကတခြား, လူသား၏ ခန္ဓာကတခြား မဟုတ်ပါ၊ လူသားခန္ဓာနှင့် နိဗ္ဗာန်တခြားစီ မဖြစ်ကောင်း မရှိကောင်းပါ။

အညေ့ခန္ဓာ အညံ့နိဗ္ဗာနံ အညော ပုဂ္ဂလောတိ နဟေဝံ ဝတ္တဗ္ဗေ။

ရုပ်ခန္ဓာကတခြား, နိဗ္ဗာန်က တခြားလော၊ လောက ဝေါဟာပြောကြရသည့် လူပုဂ္ဂိုလ်ကတခြား နိဗ္ဗာန်ကတခြား လော ဆိုငြားအံ့၊ဤသို့လဲ မဟုတ်သဖြင့် ဟုတ်ပါသည်မဆိုရာ။

ဤနေရာ၌ အထူးသိစေလိုသည်မှာ လူခန္ဓာ, လူပုဂ္ဂိုလ် လူနိဗ္ဗာန်သည် တစပ်တည်းသာလျှင် ဖြစ်ကြောင်းပင်တည်း၊ ထိုသို့လူခန္ဓာ, လူပုဂ္ဂိုလ်, လူနိဗ္ဗာန်လို့, ဝိသေသမရှိဆိုခြင်းအား ဖြင့် 'နိဗ္ဗာန်သည်' လူခန္ဓာ, လူပုဂ္ဂိုလ်နှင့်သာ ဆိုင်ကြောင်း၊ လူခန္ဓာ, လူပုဂ္ဂိုလ်နှင့်သာ, ပါတ်သက်ထိုက်တန်ကြောင်း, အသိ လင်း အမြင်ရှင်းရန် အရေးကြီးသည်။

ကျွန်ုပ်သည် 'လူသားအတ္တ' လူသား အတ္တကြွံသန သဘောနှင့် ရေးသားနေသည် မဟုတ်ပါ။ အတူးသတိပြု၍ ပညာစက္ခုနှင့်ဘာဝေတဗ္ဗ ပြုစေလိုသည်မှာ၊ ခေတ်ကြီးလေးပါး လျှင် အရင်းခံရှိသော၊ (၃၁) ခေတ်ကြီးလေးပါး၏ မသယာ ဖြစ်သောသတ္တလောကမှ, သတ္တဝါများတို့တွင်, လူသားဆိုသည့် (သတ္တဝါ) သည် ဝေဘန်စူးစမ်း, လေ့လာတတ်သည့်၊ 'ဝိမံ သနဉာဏ်' ဝိစာရဏာ ဉာဏ်အရင့်သန်ဆုံး, ဦးနှောက်အကောင်း ဆုံး, အချိုးအစားအကျဆုံး, အကောင်းဆုံး, အသာဆုံးအမြတ်

ဆိုး, ဖြစ်သောကြောင့် ဤသည့် လူသားသာလျှင် နိဗ္ဗာန်ပိုင်ရှင် နိဗ္ဗာန်နှင့် ထိုက်တန်သည်လို့ ရဲဝန့်စွာဆိုခြင်းဖြစ်ပါသည်။ (၀ါ) နိဗ္ဗာန်ဆိုတာ, စူးစမ်းဝေဘန်မှု (ဝိမံသနဉာဏ်, ဝိစာရဏာဉာဏ်) အခြေခံသည့်, အသိမှန် မဂ်ဉာဏ်ဖြင့် အာရုံ ပြုရသော, အာရုံပြုခံ မျက်မှောက်ပြုခံ အမြတ်ဆုံး, အသာဆုံး, တရားဖြစ်ကြောင်း 'ဝိမံသနဉာဏ်၊ ဝိစါရဏာဉာဏ်ပိုင်ရှင် လူသားမှာသာ ရှိသည်ဖြစ်သည်လို့ ဆိုအပ်ပါသည်။ အချုပ်ကိုဆိုသော် နိဗ္ဗာန်သည်လူသား ခန္ဓာကိုယ်တိုင်းမှာ ရှိပါသတည်း။

လူသားခန္ဓာတိုင်းမှာရှိသည့် နိဗ္ဗာန်ကို, လူသားတိုင်း ဘာကြောင့် မျက်မှောက်မပြုရပါသနည်းဟူမူ။

'ပဌမံ ဝိဇ္ဇာ ပစ္ဆာ အဝိဇ္ဇာသမ္ဘဝိ'

'ပဌမံ၊ ရှေးဦးစွာ၊ ဝိဇ္ဇာ၊ အတ္တသမုဒယမရှိ, မဖြစ်ရာ ဝိဇ္ဇာဆိုသည့်နိဗ္ဗာန်သည်။ အတ္ထိ၊ သန္တိံ ဌာံကအားဖြင့် ထင်ရှားရှိပါ၏။ ပစ္ဆာ၊ နောက်မှ။ အဝိဇ္ဇာ၊ ပင်ကိုယ်ပကတိ မူလကရှိသည့် 'ဇာတိ' 'မဖြစ်ရာ' ဒုက္ခမရှိရာ၊ နိဗ္ဗာန်ကို မသိမှုအဝိဇ္ဇာသည်။ သမ္ဘဝိ၊ အစဉ်အလာစွဲ၊ ဓမ္မတာစွဲ အယူအလွဲများ ဒိဋ္ဌိများနှင့်တွဲကာ ဖြစ်ပေါ်လာ၏။

နိဗ္ဗာန်ဆိုတာ' အရှိတရား၊ မူလကရှိပြီးသား၊ ကံသင်္ခါရတို့ မရှိမဖြစ်၊ ပြုပြင်မှုငြိမ်းနေသည့်အသင်္ခတတရားကား' မူလကရှိပြီးသား၊ ပင်ကိုယ်ကငြိမ်းနေသည့်၊ ပင်ကိုယ်ငြိမ်းနိဗ္ဗာန်ကိုနိဗ္ဗာန်ပါလားလို့ မသိတော့၊ ထိုမသိမှုအကြောင်းခံပြီး၊ နိဗ္ဗာန်ကိုရအောင် ရောက်အောင်ဆိုပြီး၊ ကောင်း မကောင်း သင်္ခါရအပေါင်းတို့ပြုလုပ်ပါတော့သည်။ ထိုသို့ကံသင်္ခါရတို့ကိုပြုလုပ်

လေ ကံသင်္ခါရမဖြစ်ရာ နိဗ္ဗာန်နှင့်ဝေးလေ၊ နိဗ္ဗာန်ကိုကြောခိုင်းသွားသည့်သူလို နိက္ခသံသရာခရီးရှည် ဖြစ်နေပေသည်။

ကာမစ္ဆန္ဒံ နပဿန္တိ၊ နိဗ္ဗာနံကာမ မန္တရ၊
ပဿန္တိ ဂတောအန္တံ၊ တသ္မာဆန္ဒံ ဝိကောပယေ။

ကာမစ္ဆန္ဒံ၊ ဝတ္ထုကာမဂုဏ်၊ ကိလေသာ ကာမဂုဏ်တို့သည် ကွယ်ကာဖုံးထားသည်ဖြစ်၍။ ကာမ မန္တရေ၊ ကာမဂုဏ်တို့၏ အကြား ကိုယ့်အနား၌ရှိသော။ နိဗ္ဗာနံ၊ ဖြစ်သဘော၊ လက္ခဏာမရှိသော 'ဇာတိနိရောဓ' နိဗ္ဗာန်ကို။ နပဿန္တိ၊ ဉာဏ်မျက်စိကင်းသဖြင့် အရှင်းမမြင်နိုင်ကြကုန်။ ပဿ၊ အမှန်အားဖြင့်တံ၊ ထိုဖြစ်သဘောတို့ ကင်းရာဖြစ်သော နိဗ္ဗာန်ကို ပဿံပဿန္တော၊ သိမြင်သောသူသည်။ အန္တံ၊ ဆင်းရဲကင်းဘို့၊ ချမ်းသာခြင်းသို့ရောက်ဘို့၊ အမှုကိစ္စ၏အဆုံးသို့။ ဂတော၊ ရောက်ပြီ။ တသ္မာ၊ ထို့ကြောင့်။ ဆန္ဒံ၊ မသိမှောက်မှားမှုအကြောင်းပြု၍ ဖြစ်ပေါ်လာသော၊ အလိုဆန္ဒ ကိလေသာကာမကို။ ဝိကောပယေ၊ ပယ်စွန့်ဖျက်ဆီးရာ၏။

ဤသည့်ဗုဒ္ဓဟောချက် ဓမ္မစက်ကို ထောက်ခြင်းအားဖြင့်လည်း၊ နိဗ္ဗာန်သည် မိမိခန္ဓာမှာရှိကြောင်း၊ နိဗ္ဗာန်နှင့်ခန္ဓာ တခြားစီမဟုတ်ကြောင်း အသိရှင်းလောက်ပေပြီ။ အမှန်ကာဘာ့ သင်္ခတနှင့်အသင်္ခတ လောကီနှင့် လောကုတ္တရာ ဆိုကာ၊ အခုပ်နှင့် အရိပ်ပမာ၊ အမှောင်နှင့်အလင်းပမာ၊ သစ်တောနှင့် ကွင်းပြင်ပမာ၊ နေ့နှင့်ညပမာ၊ တစပ်ထည်း တသားထည်းဖြစ်ပါသည်။ ပုံပြင်ပြောင်းလဲမှု သင်္ခတကြီးသည်ပင်၊ အမြင်ရှင်း၍အသိလင်းသူတို့အဘို့၊ အသင်္ခတနယ်ကြီးဖြစ်၍နေပါ၏။ သင်္ခတလောက

ဆိုတာလည်း’ လူ့လောကကိုဆိုပါသည်၊ နယ်ကြီး နှစ်နယ်’ တခြားစီမရှိပါ။ လူ့လောကအကြောင်း ဟုတ်တိုင်း မှန်စွာ အရင်းခံကျကျ ကုန်စင်အောင်သိမှုသည် ‘အသင်္ခတလောကုတ္တရာ’ လို့၊ သိမြင်ခံယူရာ၏။ လူ့အကြောင်း ဟုတ်တိုင်းမှန်စွာမသိ၊ လွဲမှားစွာသိမှုသည်၊ သင်္ခတလောကလို့ ဆိုပါသတည်း။

တနည်းအားဖြင့်ဆိုသော်၊ လူတကိုယ်သည်၊ တကမ္ဘာ’ တသံသရာမည်၏။ (ဝါ) သံသရာဆိုတာ ထိုထိုဤဤ အလီလီ သော တက်အောက် ဒီသာမှာမရှိ။ လူမှာသာလျှင်ဖြစ်၏။ ဤ သည့်လူခန္ဓာကိုယ်မှာ မျက်စေ့၊ နား၊ နှာ၊ လျှာ၊ကိုယ်၊ဟာဒယ၊ တို့ ရှိကြကုန်၏။ ၎င်းခြောက်ဒွါရ ခြောက်ဌာနကို’ အတွင်းရုပ် လောကဟုခေါ်၏။ လူခန္ဓာကိုယ်၏ဝန်းကျင် (ဗဟိဒ္ဓ)မှာ’ အ ဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အတွေ့အထိ၊ အဟောင်းတရား ခြောက်ပါးအာရုံ ရှိကြကုန်၏။ ၎င်းခြောက်ပါး အာရုံများကို၊ အပြင်ရုပ်လောကဟုခေါ်၏။ ဤသည့်အတွင်းရုပ်လောကနှင့်အ ပြင်ရုပ်လောက အကြောင်းစုံလို့’ ပေါင်းဆုံသည့် အခါ အ ကြောင်းအားလျော်စွာ မြင်သိစိတ်၊ ကြားသိစိတ်၊ နံသိစိတ်၊ စားသိစိတ်၊ ထိသိစိတ်၊သိ,သိစိတ်ဆိုငြား၊ ညွှ့သည်အာဂန္တုက အဖြစ်ဓာတ်များ ဖြစ်ပေါ်ကြကုန်၏။ ထိုသို့ အဖြစ်ဓာတ်များ ဖြစ်ပေါ်ဆဲခဏမှာ၊ ၎င်းအဖြစ် ဓာတ်များ မူလ သဘောကို ဉာဏ်ကုန်နှောကာ အသိမှန်ဖြစ်ပါက၊ လောကုတ္တရာ နယ်သား အသင်္ခတနယ်ဘွား’ အရိယာလူသားလို့ ခေါ်ဆိုကြပါ၏၊အသိ မမှန်’မိစ္ဆာဉာဏ်နှောက်က’ လောက နယ်သား၊ သင်္ခတဘွား၊ ပုထုဇဉ်လူသားလို့’ ခေါ်ဆိုသမုတ်ကြရာ၏။

အချုပ်အားဖြင့်ဆိုသော်၊ လူခန္ဓာကိုယ်အတွင်း ရုပ်လောကနှင့်၊ အပြင်ရုပ်လောကကို အသိအမြင်မှန်က၊ လောကုတ္တရာ' အသင်္ခတဖြစ်၍ သံသရာပြတ်သည့် ပုဂ္ဂိုလ်လို့ ဆိုရာ၏။ ထိုတွင်း ပြင်ရုပ်တရားတို့ကို၊ အသိအမြင်မှားက လောက သင်္ခတတရား ဖြစ်၍၊ သံသရာလည်သည့် လူလို့ ဆိုရာ၏။ အမှန်ကတော့၊ ထိုထိုတွင်းပြင် ရုပ်တရားတို့သည်ပင်လျှင်လောက၊ သင်္ခတသံသရာဖြစ်၍၊ ထိုတွင်းပြင်ရုပ်တရားတို့သည်ပင်လျှင်' လောကုတ္တရာ' အသင်္ခတသံသရာပြတ်ကြောင်း ဖြစ်ပါသတည်း။

လိုရင်းကတော့' နိဗ္ဗာန်သည်'ဘယ်မှာရှိသနည်းဆိုပါက နိဗ္ဗာန်သည်၊ မိမိခန္ဓာကိုယ်မှာရှိသည်။ (ဝါ)ကိလေသာ ကာမဂုဏ်တို့၏ အကြား ကိုယ့်အနားမှာရှိသည်လို့ သိရာမြင်ရာ၏။

နိဗ္ဗာန်သည် အရှိတရားဖြစ်ကြောင်း၊ မိမိတို့၏ ခန္ဓာမှာရှိကြောင်းပြပြီး၍၊ ယခုအခါ မည်သို့မည်ပုံ ရှိသည်ကို တိုတိုကျဉ်းကျဉ်းနှင့် လိုရင်းကိုပြပါအံ့။

နိဗ္ဗာန်သည် ခန္ဓာမှာ မည်သို့ မည်ပုံရှိ သနည်းဟူမူ....

'သိခဏ္ဍ နိဗ္ဗာနမတ္တနော'

အတ္တနော၊ မိမိ၏။ နိဗ္ဗာနံ၊ နဂိုမူလ ပင်ကိုယ်သဘောသဘာဝ အားဖြင့် အဖြစ်ကင်းရာ ဖြစ်သော နိဗ္ဗာသည်(ဝါ) အာယူဟနသင်္ခါရတို့မဖြစ်ရာ၊ မဖြစ်သဘောနိဗ္ဗာန်သည်။သိက္ခေ၊ အကျင့်၌(ဝါ)နဂိုမူလ ပင်ကိုယ် သဘာဝအားဖြင့် အဖြစ်ကင်းရာဖြစ်သည့်နိဗ္ဗာန်ကို သိမြင်မျက်မှောက်ပြုမူ အကျင့်၌။တိဋ္ဌတိ တည်၏။ (ဝါ)ကောင်းဆိုး' မှ ိး' ချစ်နှစ်ပါး' အနှစ်မရှိငြားသည့် အမျိုးဖြစ်ကြောင်း အသိကောင်း အမြင်မှန်ပါက၊ အား

ထုတ် ပြုပြင်မှုမပြုတော့ပါ။ ထိုသို့ အားထုတ်ပြုပြင်မှု မပြုတော့ အပြုကင်း အပြုရှင်း' အဖြစ်ကင်း အဖြစ်ရှင်းသည့် သဘောကြီး သည်မဖောက်မပြန် အမှန်တည်နေပါသည်။ (ဝါ)သင်္ခတ၊ သင်္ခါ ရတို့နှင့် ဆန့်ကျင်ဘက်ဖြစ်သည့် 'အနိမိတ္တသမာဓိအသင်္ခတနိဗ္ဗာန် ကား' မြဲသဖြင့် တည်ရှိပါ၏တည်း။

အဖြစ်ကင်းရာ အပြုအပြင်မရှိ ပကတိအားဖြင့် ငြိမ်းနေ သည့်နိဗ္ဗာန်သည် အမှန်ရှိ၏။ ဤသည့်နိဗ္ဗာန်သည် မည်သည့်အ ရပ်မှာရှိသနည်းဆိုသော်၊ လူသားမှာရှိသည်ဆိုတာ အသိရှင်းခဲ့ ပြီ။ လူသားမှာ မည်သို့ ရှိပါသနည်းဟူမူ လူသားမှာ ကောင်း ကောင်းဆိုးဆိုး အမျိုးမျိုးသော အာယူဟန' က°သင်္ခါရတို့မဖြစ် ရာမရှိရာ၊ ချုပ်ရာငြိမ်းရာအနေနှင့် ပင်ကိုယ်ပကတိအားဖြင့်တည်ရှိ နေပါသည်လို့ အရင်းခံကျကျ အဓိကအားဖြင့် သိထား ရပါ မည်။ (ဝါ)အာယူဟန က°သင်္ခါရ၊ စိတ်သင်္ခါရ၊ ဥတုသင်္ခါရ၊ အာဟာရသင်္ခါရတို့ပြုပြင်စီရင်မှု မရှိမဖြစ်'ပင်ကိုယ် ပကတိအား ဖြင့် အပြုအပြင်ကင်းနေသည့်'အသင်္ခတနိဗ္ဗာန်' အနိမိတ္တနိဗ္ဗာန် ကား လူသားမှာ မူလကရှိပြီး ဖြစ်ပါ၏တည်း။

လူသားမှာရှိသည့် နိဗ္ဗာန်ကို လူသားတော့ကြောင့် မျက် မှောက်မပြုရ' မသိရပါသနည်း ဟူမူ၊ သိတတ် မျက်မှောက်ပြု တတ်သည့် အလေ့အကျင့် မရှိခြင်းကြောင့်ဖြစ်ပါလည်း။

အမှန်ကတော့ နိဗ္ဗာန်ကို သိတတ် မျက်မှောက် ပြုတတ် သည့် အလေ့အကျင့်ကလည်း လွယ်လွယ်ပါဘဲ။ လူ့လောက လူ့ကမ္ဘာလူ့ခန္ဓာမှာ အတ္တါနိစ္စ၊ ထာဝရ၊ နိမိတ္တဆိုသည့်၊ အမြဲ ဖြစ်နိုင်သည့် သဘော၊ အမြဲဖြစ်နေသည့်သဘော၊ အစဉ်တည်

နိုင်သည့်သဘော၊ အသက်လိပ်ပြာ စသြား' ထင်မှတ်စရာ အရိပ် နိမိတ်များကား အမှန်အားဖြင့် မရှိပါ။ မဖြစ်ပါ။ထိုမရှိမဖြစ် သဘောကြီးကား ဘယ်မှမပြောင်း မဖေါက်မပြန် ကေန်အမှန် အားဖြင့် မူလကရှိပြီးဖြစ်သည်။

ထိုသို့ အတ္တ၊ နိစ္စ၊ နိမိတ္တစသြား ထင်မှတ်မှ အရိပ်နိမိတ်မှ မူလကကင်းဆိတ်နေသည့် သဘောကြီးကို သမုတိသစ္စာစကားအ လိုပြောတော့'အနိမိတ္တအနတ္တလို့' ပြောကြ သိကြတာပါ။ ဤ သည့်မူလက မရှိမဖြစ်သည့်'အရှိ'အဖြစ်ကင်းနေသည့် သဘော 'အနိမိတ္တအနတ္တ'ကို စက္ခုဥဒပါဒိ၊ ဉာဏံ ဥဒပါဒိ၊ ဉာဏ်မျက် စေ့နှင့် ထင်ရှားပြတ်သားစွာသိမြင်ပါ။ ဤသို့ မြင်သိခြင်းပင် လျှင် ဒုက္ခနိရောဓ ဂါမိနီ ပဋိပဒါအကျင့်ဖြစ်ပါသည်။ ဤသည့် အနိမိတ္တအနတ္တကိုသိမြင်ခြင်းပင်လျှင် နိဗ္ဗာန်ကို သိသည်၊ မြင် သည်၊မျက်မှောက်ပြုသည်မည်ပါ၏တည်း။

'အနတ္တ လက္ခဏော ဒိဋ္ဌေ နိဗ္ဗာနံ ဒိဋ္ဌံ နာမ'

'အနတ္တလက္ခဏော၊ အနိတ္တစ္စနိမိတ္တစသြား ထင်မှတ်မှားမှု အစားဘေးတို့ မရှိမဖြစ်ရာဖြစ်သော၊ အနိမိတ္တ အနတ္တလက္ခဏာ ကို။ ဒိဋ္ဌေ၊ မိမိကိုယ်တိုင် ကိုယ်ပိုင်ဉာဏ်နှင့် သိသည် မြင်သည်ရှိ သော်။ နိဗ္ဗာနံ၊ မိမိခန္ဓာကိုယ်၌ ရှိသော အနိမိတ္တ နိဗ္ဗာန်ကို။ ဒိဋ္ဌံ နာမ၊ ကိုယ်တိုင်ကိုယ်ပိုင်သိမြင်သည်မည်၏။

အနိမိတ္တ အနတ္တကို သိမြင်လျှင်၊ နိဗ္ဗာန်ကိုသိမြင်သည် မည်၏။ အမှန်ကတော့၊ အနတ္တသည်ပင်လျှင်၊ နိဗ္ဗာန်။ နိဗ္ဗာန် သည်ပင်လျှင် အနတ္တဖြစ်သည်။ အနတ္တဆိုတာလည်း မိမိခန္ဓာမှာ အတ္တ၊ နိစ္စ၊ နိမိတ္တလက္ခဏာများ မရှိမဖြစ်ကြောင်းပြ,လက္ခဏာ

တပါးပါပေ။ နိဗ္ဗာန်ဆိုတာလည်း လူသားခန္ဓာမှာ အတ္တ၊ နိစ္စ၊ နိမိတ္တများမရှိမဖြစ်ကြောင်း လက္ခဏာတပါးပါပေ။ အဆုံးစွန် လမ်းဆုံးကဲ သိမှတ်ရမှာကတော့ သဗ္ဗေဓမ္မာ အနတ္တာလို့ သိရမည်သာ။

အားလုံးကောင်းကောင်း၊ သောင်း ပြောင်း တွေ့ လာထင်မှတ်မှုအစားစား၊ ကုသိုလ်တရား၊ အကုသိုလ်တရား၊ လောကတရား၊ လောကုတ္တရာတရား၊ မဂ်တရား ဖိုလ်တရား၊ နိဗ္ဗာန်တရားတို့သည်၊ အတ္တ၊ အတ္တနိယသတ္တိမရှိ၊ ကင်းဆိတ်ကြကုန်၏။ ဆိုလိုသည်မှာ၊ ကုသိုလ်၊ အကုသိုလ်၊ လောကီတရားတို့လည်းအတ္တ၊ အတ္တနိယ လုပ်လို့မရကုန် အတ္တ အတ္တနိယ သတ္တိမှကင်းဆိတ်ကုန်၏၊ မဂ်၊ ဖိုလ်၊ နိဗ္ဗာန်ဆိုငြား လောကုတ္တရာ တရားတို့လည်း အတ္တ၊ အတ္တဗ္ဗယ သတ္တိမရှိကင်းဆိတ်ကြကုန်၏။ မဂ်ဖိုလ်နိဗ္ဗာန်ဆိုငြား လောကုတ္တရာ တရားတို့လည်း၊ အတ္တ၊ အတ္တနိယ လုပ်လို့မဖြစ်ကုန်၊ အတ္တအတ္တနိယသတ္တိကင်းဆိတ်ကြကုန်၏၊ ထို့ကြောင့် ဘုရားပြီး ငြိမ်းဖျက် 'ဥတ္တရိနတ္ထိ ကိစ္စံ ကရဏီယန္တိ' နယ်မှ ပြောမည်ဆိုလျှင် (၀၁) ဝိမုတ္တိရသဆိုသည့် လွတ်မြောက်သည့်နယ်မှပြောမည်ဆိုလျှင် 'သဒ္ဒါရေပရတောပဿ' လို့ အသိလင်း အမြင်ရှင်းရာ၏။

ဤသို့လူသားခန္ဓာမှာ၊ အတ္တ၊ နိစ္စ၊ နိမိတ္တ တရားများနဂိုမူလ ပင်ကိုယ်သဘာဝက၊ မရှိမဖြစ်ကြောင်း နဂိုငြိမ်းအလိုလို ငြိမ်းဖြစ်ကြောင်းကို ဟုတ်တိုင်းမှန်စွာ ကိုယ်တိုင်သိ၍ ကိုယ့်မှာ၊ အတ္တ၊ နိစ္စ၊ နိမိတ္တလို့ထင်မှတ်မှုများ မဖြစ်တာကို ဒုက္ခနိရောဓ

ဂါမိနိ ပဋိပဒါလမ်းစဉ်ပေါ်မှ မဇ္ဈိမ ပဋိပဒါအကျင့်နှင့်နေသူ မည်ပါ၏တည်း။

မိမိခန္ဓာကိုယ်မှာ မူလကမပြုမပြင် ပင်ကိုယ်ငြိမ်းဖြစ်သည့် အသင်္ခတ နိဗ္ဗုတခေတ်ကို၊ ကိုယ်ပိုင်ဉာဏ်နှင့်ပေါင်းစပ်ပေးခြင်း သည်ပင်လျှင် တရားအလုပ်မည်ပါ၏တည်း။

ဤနေရာမှာ တရားအလုပ်နှင့်ပတ်သက်၍ အထူးသတိပြု စေလိုသည်မှာ၊

တရားအလုပ်ဆိုသည်မှာ (၁) လုပ်ပြီးမှ သိရမှာလား သို့မဟုတ် သိပြီးမှ လုပ်ရမှာလား (၂) ကိလေသာတွေကုန်လို့ နိဗ္ဗာန်ကိုသိတာ မျက်မှောက်ပြုတာလား၊ သို့မဟုတ် နိဗ္ဗာန်ကိုသိ၍ မျက်မှောက်ပြုရ၍ ကိလေသာတွေကုန်တာ မဖြစ်တာလား ဆိုတာအလေးအနက်ထား၍ ဝေဘန်အပ်ပါသည်။

ထိုအဓိကကျသည့် အချက်နှစ်ချက်ကို တိုက်ကျဉ်းကျဉ်း နှင့် လိုရင်းကို သိစေလိုတာကတော့။

တရားအလုပ်ကို လုပ်သည်ဆိုရာမှာ၊ သိပြီးမှလုပ်ရပါ မည်၊ အကြောင်းကိုဆိုသော် တရားဆိုတာကကို၊သိစရာဖြစ်သော ကြောင့်တည်း၊ (ဝါ) နိဗ္ဗာန်တရားဆိုတာအသိမှန်မဂ်ဉာဏ် ဖိုလ်ဉာဏ်တို့၏ အာရုံအာရမ္မဏိကတရားဖြစ်သောကြောင့်တည်း၊ နိဗ္ဗာန်တရားကို မျက်မှောက်ပြုလိုသောသူသည်၊ နိဗ္ဗာန်တရား ကို အသိမှန်အောင် လုပ်မှုသာလျှင် ပဓါနဖြစ်သည်၊ နိဗ္ဗာန်သည် အသိမှန် အသိဉာဏ်အရာသာဖြစ်သည်။ မည်သည့် ကံသင်္ခါရ အရာမျှ မဟုတ်သည်ကို အလေးအနက်သတိပြု နိဗ္ဗာန်ကို မျက် မှောက်ပြုလိုသူသည်၊ နိဗ္ဗာန်ကို မျက်မှောက်ပြုရန် မည်သည့်ကံ

သခ်ါရနှင့်မှ အစားထိုးမရပါ၊ မည်သည့်ကံသခ်ါရနှင့်မှလဲလို့မရပါ၊ ထို့ကြောင့်နိဗ္ဗာန် သိအောင်လုပ်ပါ၊ အသိမှာလမ်းဆုံးပါသည်။

'နိဗ္ဗာနံအာဂမ္မရာဂါဒယောခီယန္တိ'

နိဗ္ဗာနံ၊ မိမိခန္ဓာမှာ မူလကရှိသည့် မဖြစ်သဘောနိဗ္ဗာန်ကို။ အာဂမ္မ၊ မိမိကိုယ်တိုင်ဉာဏ်ဖြင့်ရောက်ရမျက်မှောက်ပြုရပါ၍။ ရာဂါဒယော။ မသိမှောက်မှား ကိလေသာအစားစား ထင်မှတ်မှုများတို့သည်ခီယန္တိ၊ကုန်ပြီးခမ်းပြီးဖြစ်ကြကုန်၏။

ကိလေသာဆိုတာလည်း၊ အရှိတရားမဟုတ် ရှိပြီးသားမဟုတ်မှုကို အတူးသတိပြု၊ ကိလေသာဆိုတာ၊ အတ္တ၊အတ္တနိယသတ္တိမရှိ၊ ပါတ်ဝန်းကျင် အကြောင်းတရားတွေ ပေါင်းဆုံမှ၊ အကြောင်းအားလျော်စွာဖြစ်ပေါ်လာသည့်ဒြေသည် အာဂန္တုကတရားဖြစ်သည်၊ ဖြစ်ပြန်တော့လည်းမြဲသဖြင့် ရှိသည့်တရားမဟုတ်၊ ဤသို့မြဲသဖြင့် မရှိသည့်တရားကြီးကိုအမြဲမရှိပါကလားလို့သိလိုက်ရမှာအမြဲမရှိသည့် တရားကြီးသာလျှင် အမြဲရှိသည်လို့၊ ဉာဏ်ကစားကြည့်အသိပြောင်းပြန် လုပ်ကြည့်။ ပုထုဇဉ်နှင့်အရိယာဆိုသည်မှာ ထိုသို့အသိပြောင်းပြန်ဖြစ်သည့် အပေါ်မှာထူးတာ ပုံပန်းသဏ္ဍာန်ကတော့ဘာမျှမထူး ပင်ကိုယ်အတိုင်းသာလျှင်ဖြစ်သည်။

ယနေ့မျက်မှောက်ကာလမှာ၊ ယေဘုယျအားဖြင့် တရားအလုပ်သမားတို့သည်၊ အမြဲမရှိသည့် ကိလေသာကို (ဝါ) မိမိမိမိတို့က အားထုတ်ပြုလုပ်မှ ဖြစ်ပေါ်လာသည့် ဧည့်သည်အာဂန္တုက အဖြစ်ဓာတ် ကိလေသာကို အစဉ်အရှိထား အမြဲအရှိထားပြီးကုန်အောင် လုပ်နေမှုကြောင့် လုပ်လေမဟုတ်လေ၊ ဒုက္ခသံသရာ ခရီးရှည်ဖြစ်နေကြပေသည်။

အမှန်ကတော့ ကိလေသာကုန်လို့ နိဗ္ဗာန်ကိုရသည်ရောက်သည်မဟုတ်၊ နိဗ္ဗာန်ကိုသိ၍ မျက်မှောက်ပြုရ၍ မသိမှုအစားစားကိလေသာများကုန်ပြီး ခမ်းပြီးဖြစ်ရသည်သာ။

'အဝိဇ္ဇာဂတာသ ဘိက္ခဝေ အဝိဒ္ဒသုနော' မိစ္ဆာဒိဋ္ဌိ ပဟောတိ။

အသိမှန် အမြင်မှန်ဝိဇ္ဇာဉာဏ်မရှိပါဘဲ၊နိဗ္ဗာန်ရလိုမှုအလိုတခုနှင့် လူပြောသူပြော ဟောသံကြား ပြောသံကြားနှင့်၊ ပြောတိုင်းယုံ ခိုင်းတိုင်း လုပ်ပါက၊ ကံသင့်ရသာဖြစ်မည်။ မိစ္ဆာအယူသာဖြစ်မည်၊ မိစ္ဆာအယူပြန့်ပွားအောင် လုပ်သည်နှင့် တူကြောင်းဗုဒ္ဓက အလေးအနက် သတိပေးခဲ့သည်။

ထို့ကြောင့် ကျွန်ုပ်တို့ကလည်း၊ သိအောင်လုပ်ပါ၊သိပြီး မှလုပ်ပါလို့ အလေးအနက် သတိပေးခြင်းဖြစ်ပါသည်။

နံပါတ် (၂) ဖြစ်သည့် ကိလေသာတွေလွန်ကုန်လို့ နိဗ္ဗာန် သိတာရောက်တာလား၊ နိဗ္ဗာန်သိလို့ ကိလေသာမဖြစ်တာလား ဆိုသည့် ပြဿနာလည်း' အထက်တွင်ပြအပ်သော၊ နိဗ္ဗာနံအာဂမ္မ ရာဂါဒယော ခီယန္တိစသည့်၊ ဗုဒ္ဓစကားဖြင့် သိလောက်ပေပြီ။ ကျမ်းလေးမည့် အရေးကြောင့် အကျယ်ကို မရေးတော့ပြီ၊ နောင်အခါအခွင့်သင့်၍ အကြောင်းပြည့်စုံပါက 'သစ္စာကထာ ကိုယ်ကျင့်အဘိဓမ္မာ နိရောဓ နိဗ္ဗာန ဝိနိစ္ဆယ' ကျမ်းကိုရေးသား ၍ ဗုဒ္ဓဝါဒီဖြစ်လိုသူ လူသားများထံတင်ပြပါအံ့။

ဤမျှရေးသားမှုဖြင့် 'နိဗ္ဗာန်မြင်သိ၊ ကိုယ်ကျင့်အဘိဓမ္မာ' ရေးသားမှု နိဂုံးပြုလိုက်ပါသည်။ ဤသည့်ကျမ်းကိုလေ့လာ ကြည့်ရှုသည့်လူသားသည်၊ မိမိမှာရှိသည့် မဖြစ်သဘော နိဗ္ဗာန် ကို မိမိဉာဏ်ဖြင့်မျက်မှောက်ပြု၍ မသိမှုအစားစား ကိလေသာ များမဖြစ်ကြောင်း၊ အသိကောင်း အမြင်မှန် မဂ္ဂင်ဉာဏ်နှင့် ပြည့်စုံလိမ့်မည်ဟု ယုံကြည်ပါသတည်း၊ (ဝါ) မိမိမှာရှိသည့် နိဗ္ဗာန်ကို မိမိဉာဏ်ဖြင့် ဝိရာဂါနုပဿနာ ·နိရောဓာနုပဿနာ ပြုနိုင်ကြပါစေကုန်သတည်း။

# နိဂုံး စကား

ဤမျှရေးသားမှုဖြင့် ဗုဒ္ဓဝါဒအာဂါရလမ်းစဉ် ပညာစခမ်း ဝိပဿနာကျမ်း တတိယ တွဲကို နိဂုံးချုပ်လိုက်ပါသည်။

ဤသည့် ဗုဒ္ဓဝါဒ အာဂါရလမ်းစဉ် ပညာစခမ်း ဝိပဿနာကျမ်း တတိယတွဲပါ၊ သဘောတရား အချက်အလက်တို့ကို လေ့လာကြသူ ဃရာဝါသ အိုးအိမ် ထည်ထောင်ပြု၍ နေကြကုန်သော များပြည်သူတို့သည်၊ ဘုရား မကြိုက်သည့် များစရိုက်၊ ခေတ်ကာလနှင့် မကိုက်ညီသည့်၊ အယူမှား အလွဲမှား အစွဲတရားတို့ကို၊ တွန်းလှန် ပါယ်ဖျက်နိုင်၍ ‘စိတ်ကျွန်’ ‘ဘာသာရေးကျွန်’ အဖြစ်မှ လွတ်မြောတ် နိုင်လိမ့်မည်ဟု၊ လေးနက်စွာ ယုံကြည်ပါသည်။

ဤဗုဒ္ဓဝါဒ အာဂါရလမ်းစဉ် ပညာစခပ်း ဝိပဿနာကျမ်း တတိယတွဲသည် ‘ဃရာဝါသ အိုးအိမ်တည်ထောင်ပြု၍ နေကြ ကုန်သော’ ‘အာဂါရမု’ များအတို့’ ရည်ညွှန်းပြီး လမ်းဆုံးသဘာဝနယ်မှ အရင်းခံကျကျ ရေးသားခြင်း ဖြစ်ပါသည် ထိုသို့သဘာဝနယ်မှ။ အရင်းခံကျကျ သန်သန်နှင့်မှန်မှန် ရေးသားမှုကို၊ မိမိအသိနှင့်မကိုက်ညီ၍ဖြစ်စေ၊ သဘောမပေါက်၍ဖြစ်စေ၊ ဒေသနာနှင့်မကိုက်ညီဘူး ထင်၍ဖြစ်စေ၊ ဆန့်ကျင်ဘက်ဖြစ်သည်ထင်ပါက၊ ကြီးသောပုဂ္ဂိုလ် ဖြစ်ပါက ခေါ်ပါ၊ ငယ်သောပုဂ္ဂိုလ်ဖြစ်ပါက ပင့်ပါ၊ အချိန်အခါမရွေး၊ နူးညွှတ်သောစိတ်ထားဖြင့်’ ကြေကြေလည်လည်’ သဘောကျပြေလည် အောင် ‘သာဓကယုတ္တိ’ ‘သဘာဝယုတ္တိ’ ‘ဒေသနာယုတ္တိ’ ထုတ်ညှိ၍၊ ဝေဘန်ဆွေးနွေးမည် ဖြစ်ပါကြောင်း နှိမ်ချသော စိတ်ထားဖြင့် ဘိတ်ကြားအသိပေးအပ်ပါသည်။

**ဓမ္မဝေပုလ္လ အသျှင်ဥဂ္ဂံသ**

# 'သတိ'

★ ဘာသာကျွန်အဖြစ်မှ လွတ်မြောက်လိုပါသလား ?

★ စိတ်ကျွန်အဖြစ်မှ လွတ်မြောက်လိုပါသလား ?

★ အယူသီး ဘာသာဝင်အဖြစ်မှ လွတ်မြောက်လိုပါသလား ?

★ တိုးတက်သောအမြင် သစ်လွင်သော အသိရှိလိုပါသလား ?

☆ ခေတ်, ကာလ, ပုဂ္ဂလ နှင့် အံဝင်ခွင်ကျ ဖြစ်လိုပါသလား ?

☆ သိပ္ပံနည်းကျ ဗုဒ္ဓဝါဒကို သိလိုပါသလား ?

အသျှင်ဥက္ကံသ
ရေးသားပြုစုသည့်

## 'သစ္စာကထာ ကိုယ်ကျင့် အဘိဓမ္မာ'

ကို

လေ့လာပါ

မကြာမီထွက်ပါမည်။